လာဘ်မိုးရွာ ... ဖြစ်သည်။

မဂ္ဂပစ္စယော

# ဗောဓိမြိုင်

မဂ္ဂဇင်း




ဘိုးတော်သိကြား ‘မ’ လေပြီ (စာ - ၁၁၂)

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘဝါဘဝေ။

မင်္ဂလပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၆-ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၂၇၂)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ာတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင် အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

BURMESE CLASSIC

ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ န်မြို့မှ ပုံနှိပ်သည်။
- ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
ချုပ် - ရုကီး။ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ စံလွင်မောင်၊ ဖိုးအောင် တို့က ပန်းချီဆွဲ၍ ဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် ကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း ယာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော ဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက် ကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၂၇၂)

## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်ခင်မိုး(ချောက်)၊ ကေမင်းညီ၊ ဘုန်းလျှံ၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ တိုးဝေ၊ မြစိုးလွင်၊ မင်းနီနိုင်(မောင်တော)၊ နန်းကြေးသျှင်

### ရောင်ပြန် အခန်းဆက်ရသ

ထောင်မှူးများ အလိုရှိသည်(၁၁၁)
ဗဟိုစော ——— ၁၂၂
မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၃)
ကျော်မြသန်း ——— ၁၃၆
ဂန္ဓီရုပ်ကောင်းကင်မှ ကြယ်စင်(ဇာတ်သိမ်း)
မြနန်းရှင် ——— ၁၄၈
တောကြီးတစ္ဆေ(၅)
တာတေကြီး ——— ၁၆၀
တေဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(ဇာတ်သိမ်း)
မောင်ဟိန်းကျော် ——— ၂၀၄
ဘဝအသေချ(၃)
မင်းသိခ် ——— ၂၃၈



စာ-၇၄

## ပဥ္စလောဟာ ဝရုမ္မနီ ရုပ်ရှင်တော်မြတ်သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဦးသန့်ဇင်(B.A)



စာ-၂၈

## အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နှင့် တွေ့ဆုံခဲ့ခြင်း

ရှယ်လီသိန်းအောင် (စိန်ပိုက်ကယ်)



စာ-၈၆

## အာဟာရပြည့် ဆေးဖက်ဝင် အသီးအနှံများ

■ သုတေသီဆရာငြိမ်း



စာ-၂၇၁

www.burmeseclassic.com




စာ - ၂၅၂

## ရောင်ပြန် ရသ


ပင်လယ်၏ လျှို့ဝှက်ချက်
မြမျက်ရှင် ------------------------ ၇၄
နန်းဒေဝီသခင်မ
ကျော်မင်းနိုင် ------------------------ ၁၀၀
အလင်းဆောင်သူ
မနုဿကျော်ဝင်း ------------------------ ၁၀၄
ရွှေမြင်တင်ဆီ ပြန်လည်ရည်၍
ဝင်းသောင်(ရမည်းသင်း) ------------------------ ၁၂၈
ရွှေဖွေးဖွေးနှင့် ပျူကျိန်စာ
မနှင်းပွင့်(ပြည်) ------------------------ ၂၅၂



**အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)

၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉-၄၂၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


## မြန်မာ့ရေးရာ



ဗုဒ္ဓအကြောင်း ကြည်ညိုဖွယ်ရာနှင့် သိမှတ်ဖွယ်ရာများ
ပထမံဆရာကြီးဦးအောင်သူ ------------------------ ၁၇
ပဲခူးမြို့က ထူးကဲအောင်ကြောင်း မြတ်ရှင်သာလျောင်းဘုရားကြီးများ
မော်တင်သိန်းဇော်ဇ ------------------------ ၂၂
ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိုပ်ရှစ်ဆူသော
ဘုရားရှင်တို့ကို ရှိခိုးပူဇော်၍ အဓိဋ္ဌာန်ပြုမည်
မြမဥ္ဇူဝေ(ကျုံမငေး) ------------------------ ၂၅
ပဋ္ဌလောက ဝေမှုနီ ရုပ်ရှင်တော်မြတ်သမိုင်း
ဦးသန့်ဇင်(B.A) ------------------------ ၂၈
ထူးထွေဆန်းပြား ကျားတစ်ရာ ကြောင်တစ်ရာဘုရား
မင်းရွှေသိန်း(ဇင်းကျိုက်) ------------------------ ၃၁


**မြန်မာသမိုင်းမှ တစ်ပါးတည်းသော ဝေဒဂ်ပညာရှင် မိဖုရားခေါင်ကြီး**

မောင်သန်းဆွေ(ထားဝယ်)

စာ - ၈၇






www.burmeseclassic.com

www.burmeseclassic.com





## လောကီရေးရာ

မိစ္ဆာဒိဋ္ဌိတရားတော်(၁)
အရှင်ဝိမလ ---------- ၃၆
တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၄၁
ထိုင်းနိုင်ငံနက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်၏ . . .
ဦးတိုး(တက္ကသိုလ်) ---------- ၄၃
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ . . .
ကေတီ-အောင်သိန်း ---------- ၄၆
ရောင်ပြန်မဂ္ဂဇင်းပြကွဒိန်
အင်ကြင်းမြမြ(တောင်ငူ) ---------- ၅၀
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၅၁
သည်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၅၂
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၅၃
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၅၄
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၅၅
ကန်တော့ပွဲ ဘယ်လိုထိုးမလဲ
ဂမ္ဘီရဆြာအံ့ ---------- ၅၇
အကဲ့ရဲ့မြေဆေး
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---------- ၅၉
ဥစ်ဂြိုဟ်တို့ အကျိုးပေးပုံ ဟောကိန်းများ
ညွန့်လွင်(စက်မှုတက္ကသိုလ်) ---------- ၆၁
နိဗ္ဗာန်သည် နာမ်တရားမည်၏
ချောယဉ်သာမြင့် ---------- ၆၅
ကုန္တာသယပုဏ္ဏကအင်းနှင့် အင်းဆံဂါထာ
မောင်မောင်မိုးအောင် ---------- ၆၉
သေမင်းတမန်ပြတိုက်မှ အတွေးစများ
လေးသူစံ ---------- ၇၀
မြန်မာ့သမိုင်းမှ တစ်ပါးတည်းသော
ဝေဒင်ပညာရှင် မိဖုရားခေါင်ကြီး
မောင်သန်းဆွေ(ထားဝယ်) ---------- ၇၃
အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် တွေ့ဆုံခဲ့ခြင်း
ရှယ်လီသိန်းမောင် ---------- ၇၆
မြန်မာ့ရိုးရာ ထန်းဖူးဇာတာ
ဝသုန်ဟိန်းထက် ---------- ၇၉





www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ


အမေ့ဆုတောင်း
ရွှေမြိတ်သောင်းတင် ------------------------ ၉၂
ကျီး ကြောင်၊ ခို၊ ခွေး အစာကျွေး မနေးချမ်းသာမည်
သစ္စာဝါဒီဆရာမြတ်စောလင်း ------------------------ ၉၅
နိမ္မာန်ဘဝ
နတ်ထီးလှိုင် ------------------------ ၉၇
သာသနာ့ဂန္ထဝင်မြောက်တိုင်ကြီးများ
မုံရွာနေဇာ ------------------------ ၁၀၈
သူခိုးအန္တရာယ်မှ ကင်းဝေးစေသည့် ယတြာ
ဝင်းဇော်(သုံးဆယ်) ------------------------ ၁၁၂
ဘဝအမောစင်မယ့် လုတောတစ်ခွင်ပဟာသများ
ဦးကောင်းထူး ------------------------ ၁၁၆
သီလစင်ကြယ်ရောဂါပယ်
နွေဦးမောင် ------------------------ ၁၃၀
ကြွေးပူကိစ္စ အေးငြိမ်းရအောင်
သုတေသီဆရာငြိမ်း ------------------------ ၁၃၅
မိုးသက်လေပြင်းများနှင့်အတူ
မောင်မိုးဦး ------------------------ ၁၄၄
ယုံကြည်ရင်
မောင်ပုတ်စည် ------------------------ ၁၇၄
သင့်လက်မှာ ဒါမျိုးပါလား
ဒေါက်တာစောယုနွယ် ------------------------ ၁၇၅
ဗာကျိုးနီးယားမှ ဗို(တ်)ဝိန်းသို့
မောင်ကောင်းမြင့် ------------------------ ၁၇၉
ဘဝအတွက် အရေးပါသော ဂဏန်း
တက္ကသိုလ်သခ် ------------------------ ၁၈၁
အယူတော်မင်္ဂလာ ဥယျာဉ်ထဲက အမေ
ကျော်ဇင်သွေး ------------------------ ၁၈၉
ကျွန်တော်တို့ မြေးအဘိုး
ဆရာညီညီ(အမေ့သား) ------------------------ ၁၉၄
တရုတ်ရှေးထုံးစဉ်လာ တွဲစလေ့များ
သုတေသီမြင့်ထွန်း ------------------------ ၁၉၉
လောကပြိုတ္တာ ဖြစ်ကြပါလျှင်
သောင်းညာထ(ပန်းထော်ကျွန်း) ------------------------ ၂၅၆
ငရဲကြီးရှစ်ထပ်ဟူသည်
ကိုမောင်သန်းဝင်း ------------------------ ၂၅၇
အယူမသီးတတ်သော်လည်း
မောင်မောင်စန်းထွေး ------------------------ ၂၆၂


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ဆာမူရိုင်းနဲ့ တက်တဲ့ပြဿနာ

စောရန်နှင်း(မရမ်းတလင်း) ―――――――――― ၁၁၁

ဘိုးတော်သိကြား "မ" လေပြီ

မောင်မောင်မြင့်အေး ―――――――――― ၁၁၂


## ရောင်ပြန် လူ့ရှုက်ဆန်းကြယ်


ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ


လုတိုး(စိတ်ပညာ) ―――――――――― ၂၃၁

ကိုလိုနီခေတ်သွေးစွန်းသော လုပ်ကြံမှု

လုမိုး(ပညာရေး) ―――――――――― ၂၃၃








## ရောင်ပြန် တိုင်းရင်းဆေး


ဖြူချထုပ်၊ ပိစပ်ပွင့်ဝါနှင့် စပါးကြီးသည်းခြေ

မင်းဇော်ထွန်း(ဘူးသီးတောင်) ―――――――――― ၂၂၈

တိရစ္ဆာန်များမှ လူသားများအား အကျိုးပြုပုံများ

ဒေါက်တာသက်ဆွေ ―――――――――― ၂၆၅

မြေတစ်ရာ၊ သစ်ဝါးတစ်ရာ ပန်းမျိုးစုံ နှစ်ရာပိုင်မှ

လေဖြတ်ရောဂါ ပျောက်ကင်းမည်

ကျော်ဇေယာဟိန်း(နံ့သာ) ―――――――――― ၂၆၉

အာဟာရပြည့် ဆေးဖက်ဝင် အသီးအနှံများ

သုတေသီဆရာငြိမ်း ―――――――――― ၂၇၁

ဆေးစွမ်းထက်သော ဆေးခါးကြီး

အောင်ဘုန်းမြင့်(ကချင်မြေ) ―――――――――― ၂၇၅


ရေအငွေ့မှာတပ်ပျံ၏အစွမ်း

ကျော်ဇေယာဟိန်း(နံ့သာ) ―――――――――― ၂၇၉


**လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀:၀၀)နာရီမှ မွန်းလွဲ(၂:၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။**

www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------------------------- ၂၈၅

## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------------------------- ၂၉၄

## လှူတွေသိ နတ်တွေကြားစေ

လှူတွေသိ၍ နတ်တွေကြားစေ -------------------- ၂၉၆









အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com



# သိကြားမင်း သက်စောင့်ဂါထာ

ဝေဒါသာကု ကုသာဒါဝေ၊
ဒါယသာဒ ဒသာယဒါ၊
သာသာဒိကု ကုဒိသာသာ၊
ကုဒကုဘု ဘုကုဒကု

အထက်ပါ သိကြားမင်း သက်စောင့်ဂါထာတော်ကို ယုံယုံကြည်ကြည် စွဲမြဲစွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ကျန်းမာရေး ကောင်းမွန်ခြင်း၊ ငွေကြေးပြည့်စုံ ဖူလုံခြင်း၊ အသက်ရှည်ခြင်း···စသော အကျိုးများ ရရှိခံစားရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



# မသေဆေး

မောင်ခင်မိုး(ချောက်)

■ အသက်ဘေးက
လွတ်မြောက်ရေးတွက်
ထွက်ပြေးဖို့ကို
သူ ငြင်းဆိုရင်း...

■ အမှန်တရားတွက်
မျက်နှာမပျက်
အဆိပ်ခွက်ကို
ဆိုကရေးတီး သောက်ခဲ့တယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# တောထုတ်ပွဲ

## ကောမင်းညို

■ စိန်နားတောင်း ရောင်စဉ်သွေးနဲ့
ပါးဖွေးဖွေး ပြောင်ချင်သူ။
ရွှေရည်စိမ် အယောင်ဆောင်မို့
နေရောင်မှာ မာန်သည်ပွား
ကြွားတလူလူ။
စိတ်အဘင် ဆရာတစ်ဆူ
သူ့မှုနဲ့ စိတ်ကူး။
အဆိုးမြင် ဉာဉ်စရိုက်နဲ့
ဆူးပင်ကို အရင်စိုက်တယ်
မိုက်တဲ့အရူး။

■ အဆံချောင် လူအရှုပ်မို့
လှုပ်လိုက်တိုင်း အသံမြည်၊
ရေပေါ်ဆီ အကြံဆိုးက
ချိုးမရပြီ။
မြင်မြင်ရာ လက်ညွှန်သည်
စံမမီစိတ်ထား။
အဝေးမြင် အဖြူခေါ်ပေမဲ့
မသူတော် လူအရော်မို့
မသင့်တော် လူအယုတ်ကို
ဖယ်ထုတ်စို့လား။ ။



www.burmeseclassic.com

www.burmeseclassic.com



# လူ့ငရဲကာ

## ဘုန်းလျှံ

- မသေခင်မှာ
  ဘာ • • •ပန်းတစ်ပွင့်မျှ
  လာ • • •မကာမ်းလင့်ကြလည်း • • •

- ကြည့်စမ်းပလေ • • •
  သေပြီဆိုမှ၊ ကြေကွဲလှစွာ
  ချလာမဆုံး • • •
  ပန်းကုံး,ပန်းခွေ,ပန်းခြင်းများ။ ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီအောင်နိုင်လတ်

# ကံတက်ချိန်နဲ့ ကံပျက်ချိန်

## ကျော်လွင်ဦး(ပျဉ်းမနား)

■ လောဘ,ဒေါသ,မောဟနဲ့ရှာဖွေ
ပစ္စည်းဥစ္စာတွေဟာ
ကံတက်နေချိန်ခိုက်သာ
တည်တံ့ချေပြီး
ကံလည်းမွဲလာတဲ့အခါ
လူမှာကံပျက်လာတဲ့အချိန်
အသက်အိုးအိမ်စည်းစိမ်
ဂုဏ်ရှိန်လည်းပျက်လျှောကြသက်ကြ။

■ ကံတက်အောင်လုပ်တာလည်းလူ
ကံပျက်အောင်လုပ်တာလည်းလူ
ဘယ်သူမပြု မိမိမှုပင်
ကိုယ်ပြုတဲ့ကံ ပစ္စုပ္ပန်မှာ
ကောင်းအောင်ဖန်တီးလို့
ပစ္စည်းဥစ္စာတရိပ်ရိပ်တက်ပေမဲ့
အတိတ်ကံက ဖျက်ဖို့ဖန်လာတဲ့အခါ
ကံကို ကံက ဖျက်တဲ့အတွက်
ကံတက်ချိန်နဲ့ ကံပျက်ချိန်
ကံအရှိန်အဟုန်နဲ့ လူ့ဘုံမှာ
တွေ့ကြုံခံစားရမည်သာ
ကံကိုယုံကြည်ကြလူတွေ။ ။

www.burmeseclassic.com

www.burmeseclassic.com




# မိုးတစ်နေ့

## တိုးဝေ

■ အိမ်ရှေ့ကမြောင်း
ရေစီးကြောင်း ပိတ်၊ ထိပ်ကဆို့ကျပ်
ညစ်ပတ်ပုပ်အီ၊ နံစော်ညှီပေါ့။

■ အဲဒီမြောင်းပုပ်၊ အကြောင်းလုပ်ပြီး
တစ်ပုဒ်ကဗျာ ဖွဲ့ဖို့ကြံ။

■ စရိုက်မကောင်း။ အမှိုက်တောင်းမထား
သွားပစ် လာပစ်၊ စနစ်စည်းကမ်း
ဘာမှန်းမသိ၊ သတိမမှု
သူရော ငါပါ။ ရှက်စရာပဲ
ကာရန်စာသား။ အသာထားလို့
ပေါက်ပြားထမ်းပြီး ထွက်ခဲ့တယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# ပြုရုပ်

## မြစိုးလွင်




■ ဝေဒနာကို
ဘယ်လိုခြေရာကောက်ရှာရမှာလဲ
ငိုခြင်း,ရယ်ခြင်း,ပြုံးခြင်း,မဲ့ခြင်းနဲ့
ရင်းနှီးစွာပွေ့ဖက်
လောကခံလက်ထဲက ငါ···။

■ တစ်ခါတစ်ရံ ငိုလျက်ရယ်
ရယ်လျက်နဲ့ မဲ့ကာပြုံး
နှလုံးသားအလိုလိုက်
ငါကြိုက်ခဲ့တာလည်းရှိ
ငါမိုက်ခဲ့တာလည်းရှိ···။

■ အဖြူနဲ့အမည်း တိကျမသဲကွဲ
ရစ်ဝဲဖွဲ့အတ္တ,မာနတွေနဲ့
လောကရဲ့ဇာတ်ရုပ်
သရုပ်မမှန်ကန်တဲ့ စိတ်မနော
စစ်ကြောဖို့ဖြင့် လိုပါပြီ···။ ။

www.burmeseclassic.com

www.burmeseclassic.com




# ချမ်းမြေ့ရိပ်

**မင်းနိုခိုင်(မောင်တော)**

- အပြုံးတစ်စ
  ခဏာတွေ့ဆုံ
  အာရုံမငြိ။
- စကားတစ်ခွန်း
  ပျားရည်စွန်းထင်
  ဘဝင်မကျ
- အကြည့်တစ်ချက်
  လျှို့ဝှက်ပုန္နာ
  ဖြေရှာမရ။
- မာယာလောက
  နှီးထစွန့်ခွာ
  နေရာတစ်ခု
  ငြိမ်းချမ်းမှုသာ
  ရင်မှာချမ်းမြေ့
  စိတ်ပျော်မွေ့၏။ ။

www.burmeseclassic.com

www.burmeseclassic.com




# ယပ်တောင်

**နန်းကြော့သျှင်**

■ ချွေးအက်ဆစ်တွေက ရေပိုက်ခေါင်းဖွင့်ချလိုက်သလို
တသွင်သွင်
ရှိန်းဆာယာကိုယ်ပျောက် မြေလျှိုးမိုးပျံ
ရေငုပ်နိုင်စွမ်းရှိတဲ့
သိဒ္ဓိမြောက်ဓာတ်လုံး ငုံထားချင်တယ်
မီးခဲတွေငုံထားမျိုထား
သေသူက ရှင်လူတွေအတွက်
လေပြည်လေးတနော့နော့တနန နွဲ့ဆဲကို • • •။

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓအကြောင်း ကြည်ညိုဖွယ်ရာ |နှင့်| သိမှတ်ဖွယ်ရာများ

## ဘုရားဖြစ်ရန်ခဲယဉ်းခြင်း

### အခန်း (၁)

လောကဣ မြတ်စွာဘုရားသခင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရန်မှာ ခဲယဉ်းလှပေသည်။ ''ဗုဒ္ဓုပ္ပါဒေါဒုလ္လဘော'' ဟူ၍ ဆိုသည်။ ''ဂင်္ဂါဝါဠုသဲစုမက'' ပွင့်တော်မူကြသည် ဆိုသော စကားအရ ကမ္ဘာလောကဣ ဘုရားရှင်တို့ ပွင့်တော်မူကြသည်မှာ များပြားလှသည် မှန်သော်လည်း ရှည်လျားလှသော သံသရာကြီးနှင့် နှိုင်းစာပါလျှင် များပြားလှသည်ဟု မဆိုနိုင်တော့ပါ။

ယခုကာလ မိမိတို့ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်လျက်ရှိသော ဘုရားရှင်မှာ ဂေါတမဘုရား ဖြစ်သည်။ ဂေါတမလောင်းလျာ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်တော်ထံဣ နိယတဗျာဒိတ်ဆု ရရှိတော်မူခဲ့သည်မှာ လွန်ခဲ့ပြီးသော ကမ္ဘာပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းက ဖြစ်ပေသည်။

ထိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပွင့်တော်မူခဲ့သော မြတ်စွာဘုရားတို့မှာ ဒီပင်္ကရာဘုရားရှင်မှ ဂေါတမဗုဒ္ဓဘုရားရှင်အထိ ၂၅ ဆူသာ ရှိ၏။

**လေးသင်္ချေမှာ**

(က) သေလအသင်္ချေ၊ (ခ) ဘာသအသင်္ချေ၊ (ဂ) ဇလအသင်္ချေ၊ (ဃ) ရုစိယအသင်္ချေတို့ ဖြစ်သည်။

ကမ္ဘာအသင်္ချေဆိုသည်မှာ ကမ္ဘာပေါင်း မရေမတွက်နိုင်အောင် များပြားသည်ဟု အဓိပ္ပာယ်ရှိပါသည်။ ထိုသို့ ကမ္ဘာပေါင်း မရေမတွက်နိုင်အောင် ကြာသည့် ကာလအတွင်း၌ ဘုရားတစ်ဆူမျှ ပွင့်တော်မမူဘဲ ရှိရာမှ ဘုရားတစ်ဆူ ပွင့်ထွန်းတော်မူသည့် ကာလအတွင်းကို သတ်မှတ်ခေါ်ခြင်း ဖြစ်ရာ ဗုဒ္ဓန္တရ အသင်္ချေဟု ခေါ်ဆိုပါသည်။ ဘုရားတစ်ဆူနှင့် တစ်ဆူအကြား မရေမတွက်နိုင်အောင် ကြာမြင့်သည့်ကာလကို တစ်အသင်္ချေဟု မှတ်ယူရပေမည်။

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်သော သာရမဏ္ဍကမ္ဘာတွင် တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရားနှင့် ဒီပင်္ကရာဘုရားဟူ၍ ဘုရားလေးဆူ ပွင့်တော်မူပါသည်။ ထိုလေးဆူအနက် ဒီပင်္ကရာမြတ်စွာဘုရားထံတော်တွင် ဂေါတမလောင်းလျာ သုမေဓာသည် နိယတဗျာဒိတ်ကို ပန်ဆင်ရသည်။ ဒီပင်္ကရာဘုရား ဖြစ်တော်မူသည့် သာရမဏ္ဍကမ္ဘာ ကုန်ဆုံးပြီးနောက် သေလအသင်္ချေကာလပတ်လုံး ဘုရားမဖြစ်တော့ဘဲ ဘုရားဆိတ်သုဉ်းခဲ့သည်။ နောက်ထပ်ဘုရားတစ်ဆူ ပွင့်တော်မူမှသာ အသင်္ချေတစ်ခု ပြောင်းသွားသည်။

သေလအသင်္ချေ ဆုံးပြီးနောက် သာရကမ္ဘာန်ကောဏ္ဍဘုရားတစ်ဆူ ပွင့်တော်မူပါသည်။ ထိုကမ္ဘာတွင် ဘုရားတစ်ဆူသာ ပွင့်တော်မူခဲ့ပြီး ယင်းသာရကမ္ဘာကုန်ဆုံးသည်နှင့် ဘာသအသင်္ချေသို့ ရောက်ခဲ့သည်။ ကမ္ဘာပေါင်း မရေမတွက်နိုင်အောင် ကြာမြင့်သည်။ ယင်းဘာသအသင်္ချေ၌လည်း ဘုရားပွင့်တော်မမူခဲ့သေး။ ထိုဘာသအသင်္ချေလွန်သောအခါ သာရမဏ္ဍကမ္ဘာဟုခေါ်သော ကမ္ဘာ၌ မင်္ဂလဘုရား၊ သုမနဘုရား၊ ရေဝတဘုရား၊ သောဘိတဘုရားဟူသော ဘုရား

✦ ပထမံဆရာကြီး ဦးအောင်သူ ✦

www.burmeseclassic.com

လေးဆူ ပွင့်တော်မူပါသည်။

ထိုကမ္ဘာနိဘုရား လေးဆူပွင့်တော်မူပြီးနောက် ကမ္ဘာပေါင်း မရေမတွက်နိုင်အောင်ကြာသည့် ဘာသအသင်္ချေ ဘုရားပွင့်တော်မူခြင်း မရှိတော့ပေ။ ထိုဘာသအသင်္ချေလွန်၍ ဝရကမ္ဘာရောက်သည့်အခါ အနောမအသီဘုရား၊ ပဒုမဘုရား၊ နာရဒဘုရားဟူသော ဘုရားသုံးဆူ ပွင့်တော်မူပါသည်။ ထိုဝရကမ္ဘာအဆုံး ရှုဓိယအသင်္ချေတစ်ခုလုံး ဘုရားပွင့်တော်မမူတော့ပေ။ ထိုရှုဓိအသင်္ချေ လွန်မြောက်ပြီးနောက် သာရကကမ္ဘာအဆုံး၌ ဘုရားပွင့်တော်မမူဘဲ ဆိတ်သုဉ်းပြန်လေသည်။

ဖော်ပြခဲ့သည်မှာ လေးအသင်္ချေအတွင်း ပွင့်တော်မူသော ဘုရား ၁၂ ဆူသာ ရှိကြောင်းနှင့် ဒီပင်္ကရာ မြတ်စွာဘုရားမှ နာရဒမြတ်စွာဘုရားအထိ ကိုးဆူသာရှိကြောင်း ပေါ်လွင်စေရန် ဖြစ်သည်။

လေးအသင်္ချေအလွန် ကမ္ဘာတစ်သိန်းကာလတွင် ပွင့်တော်မူသော ဘုရားများမှာ ပဒုမုတ္တရမြတ်စွာဘုရားမှ ဂေါတမမြတ်စွာဘုရားအထိ ၁၅ ဆူ ပွင့်တော်မူခဲ့သည်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ဒီပင်္ကရာမြတ်စွာဘုရားမှ ဂေါတမမြတ်စွာဘုရားအထိ ၂၅ ဆူသာ ပွင့်တော်မူခဲ့သဖြင့် ဘုရားတစ်ဆူပွင့်တော်မူဖို့ရန် အလွန်ပင်ခဲယဉ်းကြောင်း သိသာလှပေသည်။

ကမ္ဘာကိုအမည်ပေးရာ၌ ဘုရားပွင့်တော်မူသော အရေအတွက်ကိုမူတည်၍ အမည်ပေးခြင်းဖြစ်သည်။ ဘုရားတစ်ဆူသာ ပွင့်သောကမ္ဘာကို သာရကမ္ဘာဟု ခေါ်သည်။ နှစ်ဆူပွင့်သောကမ္ဘာကို မဏ္ဍကမ္ဘာဟု ခေါ်သည်။ သုံးဆူပွင့်သောကမ္ဘာကို ဝရကမ္ဘာဟုခေါ်သည်။ လေးဆူပွင့်သောကမ္ဘာကို သာရမဏ္ဍကမ္ဘာဟု ခေါ်သည်။ ငါးဆူပွင့်သောကမ္ဘာကို ဘဒ္ဒကမ္ဘာဟု ခေါ်သည်။ ဘုရားငါးဆူထက် ပို၍ပွင့်သောကမ္ဘာဟူ၍ မရှိပေ။ ဘုရားတစ်ဆူမျှမပွင့်သော ကမ္ဘာကို သုညကမ္ဘာဟု ခေါ်သည်။

သံသရာလောကတွင် ကမ္ဘာပေါင်း မရေမတွက်နိုင်အောင် များပြားလှသော်လည်း ဘုရားမပွင့်သော သုညကမ္ဘာကသာများ၍ ဘုရားပွင့်သောကမ္ဘာမှာ အလွန်နည်းပါးလှပေသည်။ ထို့ကြောင့် တစ်ဆူတစ်ဆူ ပွင့်တော်မူရန် ခဲယဉ်းလှသည့် ဒုလ္လဘကြီး ဖြစ်ပေသည်။

## အခန်း (၂)
## ဂေါတမဘုရား ပွင့်တော်မူခြင်း

ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် သိဒ္ဓတ္ထသာကီဝင် မင်းမျိုးဖြစ်သည်။ ခမည်းတော်က ကပိလဝတ္ထုပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီးနှင့် မယ်တော်မာယာဒေဝီတို့မှ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ ဥတ္တရာသာနက္ခတ်နှင့်ယှဉ်လျက် နေတက်အခါတွင် လုမ္ဗိနီဥယျာဉ်တွင် ဖွားမြင်တော်မူသည်။

၁၆ နှစ်အရွယ်တွင် ယသော်ဓရာဒေဝီကို မိဖုရားကြီးမြှောက်ကာ ထီးနန်းစည်းစိမ်ကို ရရှိသည်။ ယသော်ဓရာဒေဝီမိဖုရားမှ သားတော် ရာဟုလာကို ဖွားမြင်တော်မူခဲ့သည်။ သက်တော် ၂၉ နှစ် အရွယ်တွင် အလောင်းတော် သိဒ္ဓတ္ထသည် ထီးနန်းကိုစွန့်၍ တောထွက်တော်မူသည်။ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်ကြာ ကျင့်တော်မူပြီးနောက် သက်တော် ၃၅ နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ညဉ့်မိုးသောက်ယံ အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ပူဇော်လျက်ရှိသော မြတ်စွာဘုရားသည် ထာဝရဘုရားမျိုး မဟုတ်၊ နတ်ဘုရားမျိုး မဟုတ်၊ လူသားစစ်စစ်က ပါရမီတော်များ ဖြည့်ကျင့်တော်မူသဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာသော ဗုဒ္ဓဘုရားစစ်စစ်ဖြစ်သည်။

ဘုရားဖြစ်တော်မူပြီးနောက် .. သံဃာ့အဖွဲ့အစည်းကို တည်ထောင်တော်မူ၍ ၄၅ ဝါကာလပတ်လုံး တရားတော်များ ဟောကြားတော်မူကာ သတ္တဝါဝေနေယျတို့အား ကယ်ချွတ်တော်မူသည်။ လူနတ်ပြဟ္မာ သတ္တဝါများ မရေမတွက်နိုင်အောင် အမြိုက်တရား ရရှိခဲ့ကြသည်။ ဘုရားရှင်တို့ ပွင့်ထွန်းလာခြင်းသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအတွက်ဖြစ်သည်။

ထို့ကြောင့် "ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ" ဟူ၍ မိန့်ဆိုကြလေသည်။ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူပြီးနောက် သက်တော် ၈၀ ဝါတော် ၄၅ ဝါအရ မဟာသက္ကရာဇ် ၁၄၈ ခုကဆုန်လပြည့်၊ အင်္ဂါနေ့ ညဉ့်မိုးသောက်ယံအခါ ရောင်ဖြူမလာမီအချိန်တွင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

www.burmeseclassic.com

## အခန်း (၃)
### စေတီထိုက်သော ပုဂ္ဂိုလ်လေးပါး

မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံမီကာလတွင် အရှင်အာနန္ဒာ၏ မေးလျှောက်ချက်အရ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စေတီတည်ထားရန် မိန့်ကြားတော်မူခဲ့သည်။ ထိုစေတီ၌ ပန်းနံ့သာ စသည်ကို တင်လှူခြင်း၊ ရှိသေစွာ ရှိခိုးခြင်း ပြုလုပ်ပူဇော်ပါလျှင် ပူဇော်သူတို့အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ အကျိုးငှာ ဖြစ်လတ္တံ့ဟု မိန့်တော်မူခဲ့သည်။ စေတီထိုက်သော ပုဂ္ဂိုလ်လေးပါးရှိကြောင်းကိုလည်း အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့သည်။

(၁) မြတ်စွာဘုရား၏ ဓာတ်တော်ကို စေတီပြုလုပ် ကိုးကွယ်ထိုက်သည်။ (၂) ပစ္စေကဗုဒ္ဓဘုရား၏ ဓာတ်တော်ကို စေတီပြုလုပ် ကိုးကွယ်ထိုက်သည်။ (၃) ဘုရားတပည့်သား ရဟန္တာတို့၏ ဓာတ်တော်ကို စေတီပြုလုပ် ကိုးကွယ်ထိုက်သည်။ (၄) စကြဝတေးမင်း၏ ဓာတ်တော်ကိုလည်း စေတီပြုလုပ် ကိုးကွယ်ထိုက်သည်။

ထိုစေတီလေးပါးကို ကြည်ညိုသူ ပူဇော်သူတို့ နတ်ရွာသုဂတိသို့ လားရောက်နိုင်ကြောင်း ဟောကြားတော်မူခဲ့သည်။

## အခန်း (၄)
### ရှေးကျသော စေတီများ

#### စူဠာမဏိစေတီ

ဘုရားအလောင်းတော် သိဒ္ဓတ္ထ တောထွက်တော်မူရာ အနော်မာမြစ်အရောက်တွင် ရဟန်းပြုလို၍ ဆံတော်ကို ကိုယ်တော်တိုင် ရိတ်ပယ်လေသည်။ ဘုရားအလောင်းသည် ဦးသျှောင်နှင့်တကွ ဆံကျင်ကိုကိုင်၍ ''အကယ်၍ ငါသည် ဘုရားဖြစ်ပါလတ္တံ့၊ ဤဆံတို့သည် ကောင်းကင်၌ တည်စေကုန်သတည်း။ အကယ်၍ ဘုရားမဖြစ်လတ္တံ့ မြေ၌ ကျစေကုန်သတည်း''ဟု အဓိဋ္ဌာန်ပြုတော်မူ၍ ကောင်းကင်သို့ ပစ်မြှောက်တော်မူသည်။ ထိုပတ္တမြား ဦးသျှောင်ဦးယဉ်းကို တစ်ယူဇနာမျှရှိသော ရတနာပန်းတောင်းဖြင့်ခံ၍ တာဝတိံသာ နတ်ပြည်၌ ဌာပနာပြုကာ ခုနစ်ယူဇနာမြင့်သော စူဠာမဏိစေတီကို တည်ထားကိုးကွယ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ သိကြားမင်းသည် လက်ျာစွယ်တော်ကို စူဠာမဏိစေတီ၌ ဌာပနာပူဇော်သည်။ နောက်ပိုင်းကာလတွင် စွယ်တော်မြတ်စေတီဟုလည်း ဆိုနိုင်ပါသည်။ (တထာဂတဥဒါနဒီပနီ)

#### ဒုဿစေတီ

ဆံတော်ကိုဖြတ်ပြီးနောက် ဤအဖိုးများစွာထိုက်သော အဝတ်ပုဆိုးတို့သည် ငါ့အား ရဟန်းအဖြစ်သို့ မရောက်နိုင်ဟူ၍ စိတ်အကြံ ဖြစ်ပေါ်တော်မူသည်။ ထိုအခါ ဃဋီကာရ ဗြဟ္မာကြီးသည် သိရှိ၍ သင်္ကန်းသုံးထည်၊ သပိတ်၊ ပဲခွပ်၊ အပ်၊ ခါးပန်း၊ ရေစစ်၊ ဤရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်ယူလှူဒါန်းလေသည်။

ထိုပရိက္ခရာတို့ဖြင့် ရဟန်းအဖြစ်ကို ယူပြီးနောက် ဝတ်လဲတော်ပုဆိုးကို လက်ဖြင့်ကိုင်၍ ''ငါသည် ဘုရားစစ်စစ် ဖြစ်လတ္တံ့ ဤပုဆိုးသည် ကောင်းကင်၌တည်စေသတည်း။ ဘုရားမဖြစ်လတ္တံ့ မြေ၌ ကျစေသတည်း''ဟု အဓိဋ္ဌာန်တော်မူ၍ ကောင်းကင်သို့ ပစ်မြှောက်လိုက်၏။ ထိုပုဆိုးကို ဗြဟ္မာကြီးယူ၍ ဗြဟ္မာပြည်၌ ၁၂ ယူဇနာရှိသော ဒုဿစေတီတည်၍ ကိုးကွယ်လေသည်။ ဗြဟ္မာဘုံ ၂၀ ရှိရာတွင် အကနိဋ္ဌဗြဟ္မာဘုံ၌ တည်ရှိကြောင်း သမန္တစက္ခုဒီပနီတွင် ဆိုလေသည်။

ထိုစေတီနှစ်ဆူမှာ ဘုရားမဖြစ်မီကတည်းကတည်ထားခြင်းဖြစ်၍ အစောဆုံးစေတီများဖြစ်သည်ဟု ဆိုနိုင်သည်။

### ဘုရားရှင်ကိုယ်တော်တိုင် တည်ထားသော စေတီများ

ဘုရားရှင်လက်ထက်တွင် အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီးများသည် ဘုရားရှင် ပရိနိဗ္ဗာန်မစံမီ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ကြသည်။ ထိုရဟန္တာမထေရ်မြတ်ကြီးများ၏ ဓာတ်တော်တို့ကို ဘုရားရှင်ကိုယ်တော်တိုင် စေတီတည်ထားခဲ့ပေသည်။

လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို အရှင်နန္ဒမထေရ်က ရေစစ်ပဝါဖြင့် ထုပ်၍ယူလာပြီး ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားအား ဆက်ကပ်ရာ မြတ်စွာဘုရားသည် ဓာတ်တော်တို့ကိုယူ၍ အရှင် သာရိပုတ္တရာ၏ ကျေးဇူးတို့ကို မိန့်ဆိုတော်မူပြီး အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို ဇေတဝန်ကျောင်းတော် မြောက်တံခါးအနီး၌ ဌာပနာ၍ စေတီတည်ထားပေးတော်မူလေသည်။ အလားတူပင် အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ဓာတ်တော်တို့ကို မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသည် ဝေဠုဝန်ကျောင်းတော် တံခါးမုခ်အနီး၌ စေတီတည်ထားခဲ့သည်။

ထို့အတူပင် အရှင်ကောဏ္ဍည မထေရ်၏ ဓာတ်တော်တို့ကိုလည်း ဝေဠုဝန်ကျောင်း တံခါးမုခ်ဝအနီး၌ စေတီတည်ထားတော်မူခဲ့သည်။ ဘုရားရှင်လက်ထက်တော်တွင် မြတ်စွာဘုရား၏ဓာတ်တော်များ မရှိသေး၍ ဘုရားရှင်၏ဓာတ်တော်စေတီများ မရှိနိုင်သေးသော်လည်း ရဟန္တာအရှင်မြတ်ကြီးများ၏ ဓာတ်တော်များကို ဌာပနာတည်ထားသော စေတီများရှိကြောင်း ထင်ရှားပါသည်။ ထို့ပြင် ဥဒ္ဒိဿစေတီဖြစ်သည့် ရုပ်ပွားတော်များနှင့် ပရိဘောဂစေတီများလည်း ရှိပါသည်။

## မြတ်စွာဘုရားရှင်၏ ရှေးဦးစေတီတော်များ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓာတ်တော်များကို ဒေါဏပုဏ္ဏားက ခွန်စ်ပြည်ထောင်မင်းများအား ဝေပေးခဲ့သည်။ ဓာတ်တော်ရရှိသောမင်းများသည် မိမိတို့ဒေသ၌ ဘုရားဓာတ်တော်များကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်း ဓာတုစေတီတော်များ (သာရီရိကစေတီ)မှာ ရှစ်ဆူရှိသည်။

(၁) ကုသိနာရုံပြည်၌ တစ်ဆူ၊ (၂) ရာဇဂြိုဟ်ပြည်၌ တစ်ဆူ၊ (၃) ဝေသာလီပြည်၌ တစ်ဆူ၊ (၄) ကပိလဝတ်ပြည်၌ တစ်ဆူ၊ (၅) အလ္လကပ္ပတိုင်း၌တစ်ဆူ၊ (၆) ဝေဋ္ဌဒီပတိုင်း ပုဏ္ဏားတို့ရွာ၌တစ်ဆူ၊ (၇) ရွာမရွာ၌ တစ်ဆူ၊ (၈) ပါဝါပြည်၌ တစ်ဆူတို့ ဖြစ်သည်။

ထို့ပြင် ဒုဏ္ဏာဝတ္ထုပုဏ္ဏားရွာ၌ ဓာတ်တော်ချန်အိုးကို ဌာပနာ၍ တည်ထားသော စေတီတစ်ဆူနှင့် မောရိယပြည်၌ မီးသွေးကိုဌာပနာ၍ တည်ထားသော စေတီများပါဆိုလျှင် ရှေးဦးစေတီ ၁၀ ဆူရှိကြောင်း တွေ့ရသည်။

ဘုရားရှင်လက်ထက်တော်၌ မည်သည့်စေတီ အစောဆုံးဖြစ်သည်ကို ကျိုးကန်ရှင်ကြီးက ဘုရားဘုန်းစည် လက်ထက်သည်မည်စေတီကား အဦးနည်းဟူ၍ အမေးပုစ္ဆာထုတ်ခဲ့သည်။

ကျိုးသဲလေးထပ် ဆရာတော်က "ဥက္ကလာပ ဇနပုဒ်သိင်္ဂုတ္တရကုန်း၌ တည်သော ဒဂုန်စေတီတော်သည် အဦးဆုံးပင်ဖြစ်သည်"ဟု ဖြေဆိုထားပေသည်။

### အခန်း (၅)
### စေတီလေးမျိုး

စေတီလေးမျိုးမှာ ...

(၁) ဓာတုစေတီ (သာရီရိကစေတီ)၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿစေတီ၊ (၄) ဓမ္မစေတီတို့ဖြစ်သည်။

(၁) ဓာတုစေတီဆိုသည်မှာ မြတ်စွာဘုရားရှင် ဓာတ်တော်များကို ဌာပနာ၍ တည်ထားသော စေတီများဖြစ်သည်။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် ရှေးဦးစေတီ ရှစ်မျိုးကဲ့သို့သော စေတီများဖြစ်သည်။

(၂) ပရိဘောဂစေတီ ဆိုသည်မှာ မြတ်စွာဘုရား၏ အသုံးအဆောင်များ၊ ယင်းအသုံးအဆောင် ပရိက္ခရာများကို ဌာပနာထားသော စေတီများ၊ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်တို့ဖြစ်သည်။ ဘုရားရှင်၏ ခြေတော်များလည်း ပရိဘောဂစေတီတွင်ပါရှိသည်။

(၃) ဥဒ္ဒိဿစေတီ ဆိုသည်မှာ ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်များဖြစ်သည်။ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသည် ဥဒ္ဒိဿစေတီတွင် အကျုံးဝင်သည်။ ထူးခြားသည်မှာ ဤရုပ်ပွားတော်မြတ်ကြီး၏ ဦးသျှောင်တွင် ပါရှိသော နတ်ထွင်းပေါက်၌ မြတ်စွာဘုရားရှင်၏ ဓာတ်တော်များ ထည့်သွင်းဌာပနာထားသဖြင့် သရီရိကစေတီ၊ ဓာတ်စေတီမျိုးအနေဖြင့်လည်း ကြည်ညိုပူဇော်နိုင်ကြပေသည်။

(၄) ဓမ္မစေတီဆိုသည်မှာ မြတ်စွာဘုရား ဟောဖော်ညွှန်ပြတော်မူသည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပိဋကတ်တော်တို့ ဖြစ်သည်။ ယင်းဓမ္မက္ခန္ဓာများကို ရွှေချပ်ငွေချပ်တွင် ရေးသား၍လည်း စေတီများတွင်ဌာပနာကြသည်လည်းရှိသည်။

### အခန်း (၆)
### ရုပ်ပွားတော်များ

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးနှင့် စပ်လျဉ်း၍ ရုပ်ပွားတော် ကိုးကွယ်မှု သမိုင်းကြောင်းကိုလည်း အကျဉ်းအားဖြင့် လေ့လာမှတ်သားသင့်ပေသည်။ ဘုရားရှင်လက်ထက်တော်က ရုပ်ပွားတော်မြတ် ရှိမရှိကိုလည်း သုတေသီများ လေ့လာခဲ့ကြသည်။ စာပေအမှတ်အသား၊ ဘုရားသမိုင်းမှတ်တမ်းများနှင့် သုတေသီတွေ့ရှိချက်များ မတူကွဲပြားသည်ကိုလည်း တွေ့ကြမည်သာဖြစ်သည်။ စာပေအမှတ်အသားအရလည်း လေ့လာမှတ်သား၍ သုတေသီတို့၏ အဆိုအမိန့်ကိုလည်း လေ့လာမှတ်သားသင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မဟာမုနိဘုရား

မဟာမုနိ ရုပ်ပွားတော်မြတ်ကြီး ဘုရားသမိုင်းအရ မြတ်စွာဘုရားသခင် ဝါတော် ၂၀ အရတွင် သွန်းလုပ်ပူဇော်ခဲ့ကြောင်း တွေ့ရသည်။

မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ဓညဝတီ ရခိုင်ပြည်နယ်၌ စန္ဒသူရိယမင်းကြီး စိုးစံသည်။ ထိုမင်းကြီးသည် မနောစိတ်ဓာတ်ဖြင့် အဓိဋ္ဌာန်၍ မြတ်ဘုရားကို ပင့်လျှောက်ခဲ့ရာ မြတ်စွာဘုရားသည် ဝါတော် ၂၀ တွင် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူရာမှ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့တွင် ဓညဝတီ ရခိုင်ပြည် ကျောင်းတော်သို့ ကြွရောက်တော်မူခဲ့သည်။ ရက်သတ္တတစ်ပတ်မျှ သီတင်းသုံးတော်မူပြီး ပြန်ခါနီးတွင် မင်းကြီးက နိမ္မိတ ရုပ်ပွားတော်တစ်ဆူ ထားရှိပါမည့်အကြောင်း ခွင့်တောင်းလျှောက်ထားခဲ့ရာ ဘုရားရှင်က ဆိတ်ဆိတ်နေ၍ ခွင့်ပြုခဲ့သည်။

ဘုရားရှင် ပေးသနားတော်မူသော ဘွဲ့တော်မှာ 'မဟာမုနိ'ဖြစ်သည်။ အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် သားတော်အိမ်ရှေ့စံမင်းသား သီဟသူနှင့် အိမ်ရှေ့မင်း၏ညီတော် စကုမြို့စားတို့ကို တာဝန်ပေးပင့်ဆောင်ခဲ့သည်။ ရေကြောင်းဖြင့် ပင့်ဆောင်ခဲ့ကြရာ ကဆုန်လတွင် ပြန်လည်ရောက်ရှိကြသည်ဟူ ဆိုပါသည်။

ရခိုင်မင်း အဆက်ဆက်တို့သည် မဟာမုနိဘုရားကို ကိုးကွယ်ခဲ့ကြသည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ် မဟာသမ္မတအမည်ရှိသော မင်းလက်ထက်တွင် မင်းကျင့်တရား ပျက်ကွက်သောကြောင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ဝိသုဒ္ဓါရုံ ထေရုပ္ပတ္တိကထာတွင် ဖော်ပြထားသည်။ ဤသည်မှာ ဘုရားရှင်လက်ထက်ကတည်းက သွန်းလုပ်ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်ဖြစ်သည့်ပြင် ယနေ့အထိ ထင်ပေါ်ကျော်ကြားသော ရုပ်ပွားတော်မြတ်ကြီးလည်း ဖြစ်သည်။

## စန္ဒနသာရ ရုပ်တုတော်

သာဝတ္ထိပြည့်ရှင် ကောသလ္လမင်းကြီးသည် ဘုရားရှင်ထံခွင့်တောင်း၍ စန္ဒကူးနံ့သာနှစ်ဖြင့် ထုလုပ်သော 'စန္ဒနသာရ' ရုပ်တုတော်ကို ထုလုပ်ကိုးကွယ်ကြောင်း ဝင္ကဂုံလီဇာတ်တွင် ဆိုသည်ဟု မောင်းထောင် သာသနာပိုင်ပြုစုသည့် အလေးတော်ဖြေကျမ်းတွင် တွေ့ရသည်။ ဤသည်မှာလည်း ဘုရားရှင်လက်ထက်တော်က ရုပ်ပွားဆင်းတုတော် ကိုးကွယ်မှုကို ခွင့်ပြုခဲ့သည့် အစဉ်အလာအထောက်အထား တစ်ရပ်ပင်ဖြစ်သည်။ ဝင္ကဂုံလီဇာတ်သည် သင်္ဂါယနာတင်ကျမ်းမဟုတ်၊ ဇင်းမယ် မဏ္ဍာသလာ ဇာတ်ဖြစ်သည်ဟု အလေးမပြုဘဲနေရန် မသင့်ချေ။ အဘယ်ကြောင့်ဆိုသော်- သမန္တစက္ခုကျမ်းတွင် မုံရွေးဇေတဝန်ဆရာတော်က ဘုရားရုပ်တုတော်ကို ဘုရားကိုယ်တိုင်ထင်ရှားရှိစဉ်ကပင် လုပ်ဆောင်ကိုးကွယ်ကြောင်း သိသာာည်ဟု သာဓကများစွာဖြင့်မိန့်ဆိုထားပေသည်။

## မန္တာဂီရိတောင်ရှိ ရုပ်ပွားတော်

ဟိမဝန္တာအရပ်တွင် မန္တာဂီရိတောင်ရှိသည်။ ထိုတောင်တွင် မဟောသရနတ်မင်းက မြတ်စွာဘုရားထံ ခွင့်ပန်၍ ရုပ်တုတော်တစ်ဆူ တည်ထားကိုးကွယ်ကြောင်း ဇမ္ဗူဒီပစာတမ်းတွင် ဖော်ပြထားသည်။ မဟောသရနတ်သည် တန်ခိုးကြီးသောနတ်ဖြစ်ကြောင်း၊ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်ပြီးလျှင် ငါးယောက်မြောက် တန်ခိုးကြီးသော နတ်ဟုဆိုသည်။ မန္တာဂီရိတောင်မှ အလွန်မွေ့ပျော်ဖွယ်ရှိသောအရပ်၌ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော မှန်ထွတ်မှန် စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ရွှေတောင်၏အနှစ်နှင့် အလွန်တူသော ကျောင်းတော်ကြီးကို ပြုလုပ်သည်။ ကျောင်းတော်ကြီးအတွင်း၌ ရှုချင်စဖွယ် တင့်တယ်သော ဂန္ဓကုဋိတိုက်ကို ဖန်ဆင်းသည်။ ထိုဂန္ဓကုဋိတိုက်မြေအပြင်ကို ဖန်ပတ္တမြားတို့ဖြင့် ခင်းထားသည်။ ဂန္ဓကုဋိတိုက်၏ အတွင်း၌ လက္ခဏာတော်ကြီးငယ်တို့ဖြင့် တင့်တယ်လှစွာသော ဘုရားသခင်၏ ရုပ်သွင်ဆင်းတုကို သက်တော်ထင်ရှားရှိသကဲ့သို့ ပြုလုပ်ကိုးကွယ်သည်။ ဤသည်တို့မှာ စာပေလာအရ ဖော်ပြခြင်းပင် ဖြစ်သည်။

**စာကြွင်း** ။ ။ အထက်ဖော်ပြပါ အကြောင်းအရာများသည် မှတ်သားဖွယ်ရာနှင့် ကြည်ညိုဖွယ်ရာများ ဖြစ်ပါကြောင်း တင်ပြလေ့လာ ရေးသားလိုက်ရပါတော့သည်။

## ပထမံဆရာကြီးဦးအောင်သူ

**ကျမ်းကိုး**။ ။ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသမိုင်းမှ ထုတ်နုတ်ဖော်ရေးသားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးမြို့က

# ရှေးကဲအောင်ကြောင်း

# မြတ်ရှင်သာလျှောင်းဘုရားကြီးများ

မော်တင်သိန်းဇော်ဇ

မြန်မာပြည်နှင့် ကမ္ဘာတွင် အကျော်ဒေးယျ အထင်ကရမျှ ဖြစ်တော်မူကြကာ ရှေးဟောင်းသမိုင်းဝင်လျက် အလွန်အထူးမျှ သပ္ပာယ်တော်မူကြသည့် "မဟာသာလျောင်း ဖုဒ္ဓရုပ်ပွားတော်မြတ်ကြီး သုံးဆူတို့သည် ပဲခူးမြို့တွင် သီတင်းသုံးစံပယ် တည်ရှိနေတော်မူကြပါသည်။ ထိုမဟာသာလျောင်း ဖုဒ္ဓရုပ်ပွားတော်မြတ်ကြီး သုံးဆူတို့မှာ နောင်တော်ကြီး မြသာလျောင်းဘုရားကြီး၊ ရွှေသာလျောင်းဘုရားကြီးနှင့် မဟာဗုဒ္ဓရူပ စိန်သာလျောင်း ဖုဒ္ဓရုပ်ပွားတော်ဘုရားကြီးတို့ ဖြစ်ပါသည်။

ကော်ရော်ရှိခိုး ရိုကျိုးပူဇော် တင်




ရှေးဟောင်းသမိုင်းဝင်

(ပဲခူးမြို့၊ နောင်တော်ကြီး မြသာလျောင်းဘုရားကြီး)



www.burmeseclassic.com

www.burmeseclassic.com



ရွှေသာလျောင်းဘုရားကြီး

ပြုရသော် နောင်တော်ကြီး မြသာလျောင်းဘုရား ရုပ်ပွားတော်မြတ်ကြီးမှာ ဉာဏ်တော်မြတ် ၂၇၀ ပေ၊ အမြင့်တော် ၆၃ ပေ ရှိတော်မူအပ်ကာ ပဲခူးမြို့၏ အနောက်ဘက်တွင် သီတင်းသုံးစံပယ် တည်ရှိတော်မူနေပါသည်။ ဘုရားကြီး၏ သာသနိက ပရိဝုဏ်တော်မြတ်အကျယ်အတွင်းတော်၌ နဂါးရုံဘုရား၊ မင်္ဂလာကန်တော် ဝတ်ပြုတရားထိုင်ရာ ကွန်းရိပ်သာဆောင် ကိုးဆောင်၊ ပတ်လည်တော်ရှိ ရွှေအရံစေတီတော်မြတ်များ၊ ထွက်ရပ်မြန်း ဝိဇ္ဇာမိုရ်ကြီးများ ဓာတ်နန်းတော်အတွင်း၌ ရသေ့ကြီး ဦးခန္တီ၊ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ဘုရားဒါယကာတော်မင်းမြတ် ဓမ္မစေတီမင်း၊ သူရဿတီနတ်မိမယ်၊ မယ်တော်ရုပ်ပုံတော်မြတ်တို့နှင့်အတူ နားနေဆောင်၊ ရိပ်သာဆောင် အသီးသီးတို့ တည်ရှိတော်မူအပ်ကြပါသည်။ ထို့အပြင် မုခ်ဦးတော်၊ ဝင်းခြံတော်၊ သစ်ပင်ပန်းမန်များလည်း ရှိကြကာ ဘုရားပွဲတော်ကြီးကို တန်ဆောင်မုန်းလတွင် ခမ်းနားစည်ကား ကြီးကျယ်သိုက်မြိုက်စွာ ကျင်းပကြောင်းကို လေ့လာမှတ်သားရပါသည်။ ဘုရားရုပ်ပွားတော်မြတ်ကြီးတွင် "အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဘုရားဒါယိကာ အလှူ့အမကြီး ဒေါ်ခင်ကြည်" မှ လှူဒါန်းအပ်ကြောင်းကိုလည်း ဖတ်ရှုမှတ်သား သိရှိရပါသည်။ ဇရပ်ကြီး၊ လောကနတ်ရုပ်နှင့် ဘုရားခြံစည်းရိုး အုတ်တံတိုင်းအကာများ ဖြစ်ပါသည်။

ရွှေသာလျောင်းဘုရား ရုပ်ပွားတော်မြတ်ကြီးမှာ ဉာဏ်တော်မြတ် ၁၈၀ ပေ၊ အမြင့်တော် ၅၂ ပေ ရှိတော်မူအပ်ကာ ပဲခူးမြို့၏ အနောက်ဘက်တွင် သီတင်းသုံးစံပယ် တည်ရှိတော်မူနေပါသည်။ ဘုရားရုပ်ပွားတော်မြတ်ကြီးကို မိဂါဒိပ္ပမင်းက အေဒီ ၉၉၄၊ မဟာသက္ကရာဇ် ၃၅၆ ခန့်တွင် တည်ထားကိုးကွယ် ပူဇော်ခဲ့ပြီး ဘုရင့်နောင်မင်းက အေဒီ ၁၅၅၅ ခန့်တွင် ဆက်လက်မွမ်းမံတော်မူခဲ့ကြောင်းကို လေ့လာ မှတ်သား သိရှိရပါသည်။ ဘုရားပွဲတော်ကြီးကို နတ်တော်လတွင် ခမ်းနားစည်ကား ကြီးကျယ်သိုက်မြိုက်စွာ ကျင်းပကြောင်းကိုလည်း လေ့လာမှတ်သားရပါသည်။


မဟာဗုဒ္ဓရူပခေါ် သမိုင်းဝင် စိန်သာလျောင်းဘုရား ရုပ်ပွားတော်မြတ်ကြီးမှာ ပဲခူးမြို့၏ အရှေ့ဘက်တွင် သီတင်းသုံးစံပယ် တည်ရှိတော်မူနေပါသည်။ ဉာဏ်တော်မြတ် အလျား ၁၃၄ ပေနှင့် ခြောက်လက်မ၊ အံမြင့်တော် ၂၈ ပေနှင့် ၉ လက်မ ရှိတော်မူပါသည်။ ဘုရားရုပ်ပွားတော်မြတ်ကြီးကို မိဂါဒိပ္ပမင်းက မြန်မာသက္ကရာဇ် ၃၅၆-၃၆၆၊ ခရစ်သက္ကရာဇ် ၆၆၄-၁၀၀၄ ခုနှစ်အတွင်းတို့၌ တည်ထားကိုးကွယ် ပူဇော်ခဲ့ပြီး ဘုရားကြီး၏ သာသနိက ပရိဝုဏ်ရင်ပြင်ကျယ်တော်မြတ်အတွင်း၌ ဘုရင်မကြီးရှင်စောပုတည်ခဲ့သော သက္ကရာဇ် ၈၁၄-၈၃၃ အတွင်းရှိ ဇိနဗိမာန်စေတီတော်မြတ်ကြီးနှင့် စိန်သာရွှေကြာ အနန္တမြတ်စွာဘုရား၊ ဂန္ဓကုဋိတိုက်တော်၊ သိကြားမင်း၊ ခေါင်းလောင်းတော်၊ မင်္ဂလာဗောဓိညောင်ပင်တော်မြတ်၊ ရပ်တော်မူ၊ ထိုင်တော်မူ ဘုရားရုပ်ပွားတော်မြတ်များ၊ နားနေဆောင်၊ ဧည့်ရိပ်သာမွန်များ တည်ရှိတော်မူနေကြပါသည်။ ဘုရားပွဲတော်ကြီးကို တပေါင်းလတွင် ခမ်းနားစည်ကား ကြီးကျယ်သိုက်မြိုက်စွာ ကျင်းပကြောင်းကိုလည်း လေ့လာမှတ်သားရပါသည်။

မဟာမြတ်ရှင်သာလျောင်း ဘုရားကြီးတို့မှာ ရှေးဟောင်းသမိုင်းဝင်တော်မူခြင်း၊ အလွန်အထူးမျှ ကြည်ညိုဖွယ်ပြ ရှိနိုးဖွယ်ကောင်းလှကာ အထူး



www.burmeseclassic.com

www.burmeseclassic.com



စိန်သာလျောင်းဘုရားကြီး

တလည်မျှ သပ္ပာယ်တော်မူအပ်ကြခြင်း၊ ဖူး၍မဝ စေတီရုံ၊ ရုပ်တော်မူ၊ ထိုင်တော်မူ ဘုရားရုပ်ပွားတော်အစုံအလင်တို့ တည်ရှိကိန်းဝပ်တော်မူကြခြင်း။ ရှေးဘုရင်မင်းမြတ်နှင့် ဘုရင်မကြီးတို့ တည်ထားကိုးကွယ်ခဲ့ကြခြင်း။ စိန်၊ ရွှေ၊ မြ ဟူသော မွန်မြတ်တန်ဖိုးအနဂ္ဃ ကြီးမြတ်လှသည့် မင်္ဂလာကျောက်မျက်တော်တို့၊ ရတနာတို့နှင့် ဘွဲ့မြတ်တော်ကြီးတို့ ကိန်းဝပ်တည်ရှိ ပေါက်မြောက်ကမ္ပည်းတွင်နေကြ၍ ကြီးမြတ်လှသော မင်္ဂလာအောင်ဩဘာ ဟိတ်တော်ဝိသေသမွန်တို့ ခညောင်းနေတော်မူကြခြင်း၊ ရှေးဟောင်းမော်ကွန်း သမိုင်းဝင်ကျောက်စာ၊ သမိုင်းဂန္ထဝင် မှတ်တမ်းမှတ်ရာမွန်များ ရှိကြခြင်း၊ မြန်မာပြည်နှင့် ကမ္ဘာတွင်ပင် အထင်ကရ အကျော်ဒေးယျမျှ ထင်ရှားကျော်ကြား တန်ခိုးတော်ကြီးမားကာ ဆုတောင်းပြည့်ကြခြင်း၊ သွားရောက်ဖူးမြော်ရန် လမ်းကြောင်း ယာဉ်၊ ရထားတို့ အဆင်သင့်အစုံအလင်ရှိကာ ပြေပြစ်လွယ်ကူလှခြင်း။ ပြည်တွင်းရှိသူများသာမက ပြည်ပဖြစ်ရာ ကမ္ဘာ့တိုင်းတစ်ပါး နိုင်ငံခြားသားများစွာတို့ကပင် ရာသီမပြတ်တမ်းမျှ လာရောက်ဖူးမြော် လေ့လာကြည်ညို မှတ်တမ်းတင်အလေးထားကြခြင်း။ စာရေးသူ ကိုယ်တွေ့များအရလည်း ကော်ရော်ရှိခိုး ရိုကျိုးပူဇော် တင်ပြကန်တော့ပန်းဆင်အပ်ရပါသော တင်ပြပါ "ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်တန်ခိုးတော်ကြီး မဟာသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" သုံးဆူတို့ကို သွားရောက်ဖူးမြော် ကြည်ညိုဆုတောင်းရပြီးနောက်တွင် အထင်ကရ အဆန်းတကြယ်မျှ ထူးကဲလှသော ကံကုသိုလ်အကျိုးရလဒ် လာဘ်လာဘအထူးနှင့် ဖြစ်အင်များကို ခံစားရခြင်းတို့ကြောင့် ရှေးဟောင်းနှင့် ယခုလက်ရှိဘုရားစေတီပုထိုး ရုပ်ပွားဆင်းတုတော်များ ထပ်တိုး၍ ပွင့်လန်းပေါ်ထွန်း စည်ကားနေရာ သာသနာ့နယ်မြေတော်ကြီးတစ်ရပ် အပါအဝင်ဖြစ်သော ပဲခူးမြို့ရှိ တင်ပြပါ မဟာသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သုံးဆူသို့ သွားရောက်ကြည်ညို ဖူးမြော်လှူဒါန်းကြပါမည့်အကြောင်းကို ကြီးမြတ်သော နှစ်ဖြာအကျိုးမျှော်၍ ဂါရဝမွန်တို့ဖြင့် လေးမြတ်စွာ တင်ပြအပ်ပါသည်။ ရိုကျိုးစွာ အကြံပြုအပ်ပါသည်။ ကြည်ညိုဖူးမြော် လှူဒါန်းဆုပန်ကြခြင်းများဖြင့် ကြီးမြတ်ထူးကဲသော ' အောင်ကြောင်းအဖြာဖြာတို့ကို ခံစားနိုင်ကြရမည် ဖြစ်ပါကြောင်းကိုလည်း ကိုယ်တွေ့များအရလည်း ပန်ကြားအပ်ပါသည်။ လေးမြတ်စွာ အသိပေးအပ်ပါသည်။

## ဘုရားဖူးသွားလမ်းညွှန်

(၁) မြသာလျောင်းဘုရားရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေသာလျောင်းဘုရားရုပ်ပွားတော်မြတ်ကြီး နှစ်ဆူကို ပဲခူးမြို့အဝင်နှင့် အထွက်ဖြစ်ရာ မဇင်းတံတားဘေးမှတစ်ဆင့် ယာဉ်သွားလမ်းကြော။

(၂) စိန်သာလျောင်းဘုရား ရုပ်ပွားတော်မြတ်ကြီးကို ပဲခူးနှင့် သနပ်ပင်မြို့သွား ကားယာဉ်သွားလမ်းကြောတို့မှ သွားရောက်ဖူးမြော်နိုင်ကြပါသည်။ အငှားယဉ်များ၊ တုတ်တုတ်ယာဉ်၊ ဆိုက်ကား၊ လိုင်းကား အစုံအလင်တို့ ရှိကြပါသည်။

လေးစားအပ်ပါသော ကျေးဇူးကြီးအပ်သော ဆိုင်ရာ ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ပညာရှင် ဆရာကြီးများအား လေးမြတ်စွာ ဂါရဝပြုလျက်. . .

**မော်တင်သိန်းဇော်ဇ**

***ဝန်ခံချက်*** ။ ။ *ဗုဒ္ဓါနုဿတိ ဓမ္မာဒါနမွန်လှူပါတို့နှင့် လေ့လာမှတ်သားရချက်တို့ကို ကိုးကားမှီငြမ်း စုစည်းတင်ပြခြင်းဖြစ်ပါသည်။ လိုအပ်၊ မပြည့်စုံ၊ လွဲမှားမှုများ ရှိက လေးမြတ်စွာ အနူးအညွတ်မျှ တောင်းပန်အပ်ပါသည်။*

www.burmeseclassic.com

# ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသော

# ဘုရားရှင်တို့ကို

## ရှိခိုးပူဇော်၍ အဓိဋ္ဌာန်ပြုကြမည်

မြမဥ္ဇူဝေ(ကျုံမငေး)

သမ္ဗုဒ္ဓေဂါထာနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူများ မစိမ်းကြပါ။ နှုတ်တက် ဖွဖွရွတ်ပွားကြသူလည်း များပါသည်။ ခရီးသွား၊ လမ်းသွားသူများလည်း အရေအတွက်များစွာ ရွတ်ကြပွားကြနှင့် ခါးဝတ်ပုဆိုးထက်ပင် မြဲစွာရွတ်ပွားနေသော ဂါထာ၊ သို့မဟုတ် ဂုဏ်တော်ပင် ဖြစ်ပါသည်။

ရှေးလူကြီးများက စကားတစ်ခွန်းပြောလေ့ရှိသည်မှာ ဂါထာပေး တေးဖြစ်ဆိုသော စကားပင်ဖြစ်ပါသည်။ ရွတ်ရ ဖတ်ရ မှတ်ရလွယ်ကူစေရန် စေတနာရှင်များက ဗုဒ္ဓအမွေခံ ဂါထာမန္တန် အတော်များများကို တေးသွား(သီချင်း)အဖြစ် ဖန်တီးလိုက်ကြသောအခါ အလွယ်တကူဖြစ်သွားပြီး ပို၍ပင် ရွတ်ရ မှတ်ရ လွယ်သွားရပါသည်။ ထိုတေးသွားများတွင် သမ္ဗုဒ္ဓေဂါထာလည်း ပါဝင်ပါသည်။

စာရေးသူ ကျွန်မလည်း ထိုများလှစွာသော ဗုဒ္ဓဘာသာဝင်ထဲက လူတစ်ဦးဖြစ်သောကြောင့် မိမိဘဝ၏ အထွေထွေသော အရေးအခင်းများ ပြေပြေစင်းစင်းဖြစ်စေရန် အားကိုးအားထားပြုရန် ရာချီ၊ ထောင်ချီ ရွတ်မိသည်က သမ္ဗုဒ္ဓေဂါထာပင် ဖြစ်ပါသည်။

စာပေနယ်ကို ရောက်ရှိလာသည့်အခါမှ ရပ်တည်မိသည့် စာပေအရေးအသားက ဗုဒ္ဓဝင်ရသ၊ ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်တော်များဖြစ်၍ ပီပီသသ လေ့လာလိုက်စားလိုက်သောအခါ အကျိုးပွားများစွာ သိရှိလာရသော ဗုဒ္ဓဝင်ရေးရာအဖြာဖြာအပြင် ဥုံ၊ မန္တန်၊ မန္တရား၊ ဂါထာများ၏ အဓိပ္ပာယ် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းနည်းလမ်းများကို သိသင့်သိထိုက်သ၍ သိခဲ့ရ၊ မှတ်ခဲ့ရပါသည်။

အမှန်စင်စစ် သမ္ဗုဒ္ဓေဂါထာဟု သိထားသော သမ္ဗုဒ္ဓေဂါထာသည် ဂါထာမဟုတ်ကြောင်းနှင့် ဘုရားရှင်ကိုရည်မှန်းရှိခိုးခြင်းဟု ခပ်လွယ်လွယ်သိလိုက်ရပါသည်။ သို့ပါ၍ စာရေးသူအဖို့ မည်သည့်စာပေမဆို အလွယ်မမှတ်သင့်ကြောင်း မိတ်ဆွေစာရေးဖော်ဆရာကြီးများ၏ သင်ကြားမှုကြောင့် ရှေးစာပေများတွင် ရှာဖွေခြင်း၊ ရဟန်းသံဃာ အရှင်မြတ်များထံ လျှောက်ထားမေးမြန်းခြင်းများဖြင့် အားထုတ်လိုက်သောအခါ သိခဲ့ရပါပြီ။ ထို့ကြောင့် စာဖတ်သူများလည်း စာရေးသူကျွန်မကဲ့သို့ ခပ်ရေးရေးသိနေပါလျှင် မှတ်မှတ်ထင်ထင် သိရှိမှတ်သားနိုင်ပါရန် ရေးသားပူဇော်ဖော်ပြအပ်ပါသည်။

သမ္ဗုဒ္ဓေဂုဏ်တော်သည် ဤသတ္တလောကကြီး၌ ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပြီးသော ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ကို ရှိခိုးပူဇော်ခြင်းပင်ဖြစ်ပါသည်။

ထို ငါးသိန်းတစ်သောင်းနှစ် ထောင်နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့သည် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းကာလတွင် ပွင့်တော်မူခဲ့သော ဘုရားရှင်များပင် ဖြစ်ပါသည်။ သင်္ချေဆိုသည်မှာ အသင်္ချေဆိုသော စကားစုနှင့် တူပါသည်။ မရေမတွက်နိုင်အောင် များပြားသည့် နှစ်ကာလအပိုင်းအခြားတစ်ခုဟု မှတ်သားရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဂေါတမဘုရားရှင်သည် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းကာလက စပြီး ဘုရားဆုပန်ခြင်းကို အကြောင်းပြုပြီး သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းဟု ကိန်းဂဏန်းအမည် တပ်ယူထားခဲ့ခြင်းဟုလည်း မှတ်ယူရမှာဖြစ်ပါသည်။

ဂေါတမဘုရားရှင်၏ ဘုရားဆုပန်မှုကိုလည်း သိရှိမှတ်သားနိုင်ရန် ဖော်ပြအပ်ပါသည်။ ကျွန်ုပ်သတ္တလောကတွင် ဘုရားရှင်စစ်စစ် ဖြစ်ရပါလို၏ဟူသော အဓိဋ္ဌာန်ပြု ဆုတောင်းခြင်းကို

၁။ စိတ်ထဲမှ ရည်မှန်း၍ ဆုပန်ခြင်း။

၂။ နှုတ်မှရွတ်ဆို၍ ဆုတောင်းခြင်း။

၃။ စိတ်နှင့်နှုတ်သာမက ကိုယ်ဥ္စပါတည်သော ဆုတောင်းခြင်းများဖြင့် သုံးကြိမ်တောင်းဆုပြု အဓိဋ္ဌာန်ထားခဲ့ပါသည်။

ဒီပင်္ကရာမြတ်စွာဘုရားရှင်က ဂေါတမမြတ်စွာဘုရားအလောင်းတော်ကို နောင်သောအခါ ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်တော်ပေးတော်မူခဲ့ပါသည်၊ ဂေါတမဘုရားရှင်အဖို့ ဤကဲ့သို့ သုံးကြိမ်ဆုပန်ခြင်းကို သေချာစွာမှတ်သားလိုက်သောအခါ ဤသို့ မှတ်သားရပြန်ပါသည်။

သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းကာလတွင် ဂေါတမဘုရားလောင်းသည် ဗြဟ္မဒေဝဘုရားရှင်ထံတွင် စိတ်ကရည်မှတ်၍ ဘုရားစင်စစ် ကေန်ဖြစ်ရပါလို၏ဟု ဆုတောင်းရင်း ကောင်းမှုအလှူကိုပြုခဲ့၏။ ဤသို့ရည်မှန်းပြီး ပါရမီဖြည့်ကျင့်ခဲ့ရသော ကာလသည် ခုနစ်သင်္ချေကြာခဲ့ပြီး ပွင့်ထွန်းတော်မူခဲ့သော ဘုရားရှင်အရေအတွက်သည် တစ်သိန်းနှစ်သောင်းငါးထောင် ၁၂၅၀၀၀ ဖြစ်ပါသည်။

ထို့နောက် ခုနစ်သင်္ချေကာလ ကုန်ဆုံးသောအခါ ပေါရာဏဂေါတမဘွဲ့တော်နှင့် ဘုရားတစ်ဆူပွင့်တော်မူချိန်တွင် ကျောင်း၊ သင်္ကန်း၊ ပစ္စည်းလေးပါး အလှူကိုပေးပြီး ပေါရာဏဂေါတမဘုရားရှင်ထံတွင် နှုတ်မှဖွင့်ဟ၍ ဘုရားစင်စစ် ကေန်ဖြစ်ရပါလို၏ဟု ဆုတောင်းကာ ပါရမီဖြည့်ခဲ့သည့်ကာလမှာ ကိုး သင်္ချေကြာခဲ့ပါသည်။ ထိုကာလတွင် ဘုရားရှင်ပေါင်း သုံးသိန်းရှစ်သောင်းခုနစ်ထောင် (၃၈၇၀၀၀) ပွင့်တော်မူခဲ့ပါသည်။

ကိုးသင်္ချေကာလ ကုန်ဆုံးပြီးသောအခါ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာဆိုသော ဘွဲ့တော်များနှင့် ဘုရားရှင်လေးဆူ အစဉ်အတိုင်းပွင့်ခဲ့ရာ နောက်ဆုံးပွင့်သော ဒီပင်္ကရာဘုရားရှင်ထံတွင် သုမေဓာရှင်ရသေ့ဘဝနှင့် ဘုရားကြွမည့်လမ်းတွင် မိမိကိုယ်ကိုကျောခင်းပြီး ကိုယ်ရော၊ နှုတ်ရော၊ စိတ်ပါ ဘုရားရှင် ကေန်မလွဲ ဖြစ်ရပါလို၏ဟုဆိုပြီး ပါရမီတော်များဖြည့်ဆည်းရင်း စောင့်ခဲ့ရသည့်ကာလမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာခဲ့ပါသည်။ ထိုကာလများတွင် ပွင့်ထွန်းတော်မူခဲ့သော ဘုရားရှင်ပေါင်းမှာ တောင်းဆုပြုဆုပန်ခဲ့သူ ဂေါတမဘုရားလောင်း အပါ အဝင် နှစ်ကျိပ်ရှစ်ဆူ ၂၈ ဆူ ပွင့်တော်မူခဲ့ပါသည်။

ထို့ကြောင့် ရှင်းလင်းလွယ်ကူစွာ မှတ်သားနိုင်ကြရန် အချိန်ကာလ ကိန်းဂဏန်းအမှန်ဖြင့် မှတ်သားရသော် -

(၁) ၇ သင်္ချေတွင် ပွင့်တော်မူခဲ့သော ဘုရားရှင် ၁၂၅၀၀၀ ဆူ၊

(၂) ၉ သင်္ချေတွင် ပွင့်တော်မူခဲ့သော ဘုရားရှင် ၃၈၇၀၀၀ ဆူ၊

(၃) (၄) သင်္ချေနှင့် ကမ္ဘာတစ်သိန်း ထွန်းပွင့်တော်မူခဲ့သော ဘုရားရှင် ၂၈ ဆူ၊

ပေါင်းလိုက်သောအခါ - သင်္ချေအားဖြင့် နှစ်ဆယ်၊ ကမ္ဘာအားဖြင့် တစ်သိန်း။ ဘုရားရှင်ပေါင်း ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ။

သို့ပါ၍ သမ္ဗုဒ္ဓေဂါထာခေါ် သမ္ဗုဒ္ဓေဂုဏ်တော်သည် ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့အား ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်ပါသည်။

ထိုသို့ဆိုလျှင် သမ္ဗုဒ္ဓေဂါထာတော်၏ အနက်ပြန်ဆိုမှုကို အသေအချာ ပူဇော်ကြည့်မည်ဆိုလျှင် ပိုအကျိုးရှိသော ကုသိုလ်တရားများပွားများနိုင်မှာ ဖြစ်ပါ၍ အနက်ပြန်ဆိုမှုကိုလည်း ဖော်ပြအပ်ပါသည်။

**အဋ္ဌဝီသံ** - သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်ဖြင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊

**သမ္ဗုဒ္ဓေစ** - တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန်မြတ် မုနိန်တို့ကိုလည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

[illegible] -
မွေ့လျော်ချင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊

**သမ္ဗုဒ္ဓေစ** - လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။

**ပဉ္စသတသဟဿာနိ** - သောင်းထိုက်စကြဝဠာ ဂုဏ်ဝါရောင်ဟိန်း ငါးမာန်ငြိမ်းသည့် ငါးသိန်းအရေအတွက်ရှိကုန်သော၊

**သမ္ဗုဒ္ဓေစ** - နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။

**အဟံ** - တပည့်တော်သည်၊

**သိရသာ** - ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊

**နမာမိ** - ရှိခိုးပါ၏ အရှင်ဘုရား။

**ဝါဠုကာ ဂင်္ဂါ** - ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်၊

**အပ္ပာ** - နည်းကုန်၏

**နိဗ္ဗုတာ** - ခန္ဓာဇာတ်သိမ်း ငြိမ်းတော်မူကုန်ပြီးတသော၊

**ဇိနာ** - ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်၊

**အနန္တ** - သိန်းသန်းကုဋေ တွက်ရေများပြား ဂဏန်းအားဖြင့် အပိုင်းအခြားရှိတော်မမူကြကုန်။

**တေသံ** - ထိုနှစ်ကျိပ်ရှစ်ဆူ နိဗ္ဗူမြတ်ကိန်း ငါးသိန်းအပေါင်း တစ်သောင်းနှစ်ထောင်ကုန်သော မြတ်စွာဘုရားတို့အား။

**အဟံ** - တပည့်တော်သည်၊

**နမာမိ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**တေသံ** - ထိုဘုရားရှင်တို့၏၊

**ဒေသိတံ** - ဟောတော်မူအပ်သော၊

**ဓမ္မဉ္စ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်ဆယ်ပါးသော တရားတို့ကိုလည်းကောင်း။

**သံဃဉ္စ** - မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်သော အရိယာသံဃာအပေါင်းကိုလည်းကောင်း။

**အဟံ** - တပည့်တော်သည်၊

**အာဒရေန** - ရိုသေစွာ၊

**နမာမိ** - ရှိခိုးပါ၏

**နမက္ကာရာနုဘာဝေန** - ရတနာမြတ်သုံးပါးကို မပြတ်ပူဇော်ရှိခိုးရသော အာနုဘော်ကြောင့်၊

**သဗ္ဗေ** - ခပ်သိမ်းကုန်သော၊

**ဥပဒ္ဒဝေ** - ဘေးရန်မှန်သမျှကို၊

**ဟိတွာ** - မြူမှုန့်မကပ် ချိုးနှိမ်တတ်၍၊

**အနေကအန္တရာယာပိ** - တစ်ပါးမက များလှသောင်းကြောင်း အန္တရာယ်အပေါင်းတို့သည်လည်းကောင်း။

**အသေသတော** - အကြွင်းအကျန် မရှိသောအားဖြင့်

**ဝိနဿန္တု** - ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေကုန်သတည်း။

ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈) ဆိုသည့် အရေအတွက်ကိန်းများကို ပေါင်းသော် (၅ + ၁ + ၂ + ၀ + ၂ + ၈ + = ၁၈) ပေါင်းခြင်း ၁၈ ကို ပေါင်းပြန်လျှင် (၁ + ၈ =၉) ၉ ဆိုသော ဂဏန်းတစ်ခုကို ရမှာဖြစ်၏။ ထို့ကြောင့် ဂန္ဓာရီအတတ်ပညာအတွက် ပွားများနေကြသူများသည် သမ္ဗုဒ္ဓေဂါထာကို ၉ ခေါက်၊ ၁၈ ခေါက်၊ ၂၇ ခေါက်ဆိုသော ကိုးနဝင်းလိုက် ရွတ်ပွားလေ့ရှိကြပါသည်။

ဤသို့ဆိုသော် ၉ ခေါက်ထက် ပိုသော ၁၈ ခေါက်သည် ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူဆိုသော ဘုရားရှင်များအား နှစ်ခါနှစ်ဆ ရှိခိုးပူဇော်ကြပြီး ဖြစ်သလို ၂၇ ခေါက်နှင့် ထိုထက်မက ရွတ်ပွားသူများလည်း အဆတိုး၍ နေမှာဖြစ်ပြီး အကျိုးတရားများ ဆပွားနေမှာလည်း သေချာနေပါသည်။ သို့ပါ၍ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို နေ့စဉ်မပြတ်ဂရုထား၍ ပွားများနိုင်ကြပါစေသတည်း။

**မြမဥ္ဇူဝေ(ကျုံမငေး)**

www.burmeseclassic.com

# ပဉ္စလောဟာ ဝရမုနိ ရုပ်ရှင်တော်မြတ်သမိုင်း

နမောတဿ ဘဂဝတော အရဟာတော သမ္မာသမ္ဗုဒ္ဓဿ

## ဦးသန့်ဇင်(B.A)



ရှင်တစ်ထောင် သုံးကြိမ်တီတိ ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာတွင် မင်္ဂလာဆင်တော်ဖြင့် ပဉ္စလောဟာဝရမုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီးအား ပင့်ဆောင်၍ ရှင်တစ်ထောင်သံဃာများ မြို့တွင်းလှည့်လည် ပါဝင်အပူဇော်ခံရာတွင် သံဃာတော်တန်းရှေ့မှ ပါဝင်အပူဇော်ခံခဲ့ကြောင်း ထိုဘုရား၏ အတ္ထုပ္ပတ္တိသမိုင်းကို သီးခြားဖော်ပြပါမည်ဟု ပြောခဲ့သည့်အတိုင်း ယခု ရေးသားဖော်ပြအပ်ပါသည်။

သတ္တုမပြောက် ကျော်အောင်စံထားဆရာတော်ဘုရားကြီးသည် ရန်ကုန်သို့ သာသနာပြုကြွမြန်းတော်မူတိုင်း ညစဉ် ၇ နာရီမှ ၉ နာရီအတွင်း ရွှေတိဂုံဆံတော်ရှင် မြတ်စွာဘုရားကြီး၏ အရှေ့ဘက်မုခ်(ဗဟန်းမုခ်) ဒေါ်ငွေဇင် ကောင်းမှုရေကြည်တော်တန်ဆောင်း၌ ပုတီးစိပ်တော်မူလေသည်။ ၁၃၃၈ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၇ နာရီအချိန် ရေကြည်တော်တန်ဆောင်းသို့ ကြွလာတော်မူသောအခါ တန်ဆောင်းဝမှစ၍ ဆရာတော်ဘုရားဝတ်ပြုသောနေရာထိတိုင်အောင် တဘက်များ သွူထက်ငါခင်းကြပြီး ပန်းမွှေ့ရာများ ကြဲဖြန့်ထားလေသည်။ ပန်း၊ တံခွန်၊ ကုက္ကား၊ နံ့သာတိုင်၊ အလင်းတိုင် စသည့် လှူဖွယ်ဝတ္ထုများတို့ကို တိုးဝှေ့လှူဒါန်းကြလေသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် လက်ဖြင့် ပန်းနံ့သာများကို ရှေ့အခင်းပေါ်တွင် ဘုရားလှူပြီး ချထားတော်မူလေသည်။ ပန်းပုံမှာ တစ်တောင်ခန့်မြင့်နေပါသည်။

ဆရာတော်ဘုရားက ပရိက်ပြုပြီး ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်၍ သုဂတော သိဒ္ဓိဂုဏ်တော် ၂၇ ပတ် ပုတီးစိပ်ရန်

www.burmeseclassic.com

www.burmeseclassic.com

မိန့်ကြားသဖြင့် အားလုံးပုတီးစိပ်၍နေကြသည်။ ဆရာတော်၏ လက်ဝဲဘက်ဘေးတွင် ဦးခင်မောင်ချော+ဒေါ်ချောချောတို့၏ သမီး အသက်ငါးနှစ်အရွယ်ရှိ မချောကလျာမိုး ထိုင်လျက်ရှိနေပါသည်။ ည ၇ နာရီ ၄၅ မိနစ်လောက်တွင် ပုတီးစိပ်ပြီးကြသောအခါ မေတ္တာခံယူ၊ မေတ္တာပို့ အမျှဝေပြီးနောက် ဆရာတော်ဘုရားရှေ့တွင် အများလှူထားသော ပန်းပုံပေါ်မှ အရာဝတ္ထုတစ်ခုကို ဆရာတော်ဘုရားသည် လက်ကိုင်ပုဝါအဖြူဖြင့် ဖုံးအုပ်၍ယူထားပြီး ဆရာတော်ဘုရား၏ဘေးတွင် ထိုင်လျက်ရှိသည့် ချောကလျာအား ဘာမြင်သလဲဟု အမိန့်ရှိသောအခါ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ထားသော သျှောင်ထုံးကြီးနှင့် အဘိုးကြီးတစ်ယောက် စိပ်ပုတီးနှင့် တောင်ဝှေးကိုင်ထားပြီး မတ်တတ်ရပ်နေတာ မြင်လိုက်ရပါသည်ဟု ဆရာတော်ဘုရားကို လျှောက်ထားသည်။

တန်ဆောင်းအတွင်း ဒကာ၊ ဒကာမ ဘယ်နှဦးရှိသည်ကို ရေတွက်စေရာ ၃၂ ဦးရှိကြောင်း လျှောက်ထားသည်။ "အားလုံး ရွှေတောင်တန်းဦးအေး အိမ်ကို လိုက်ခဲ့ကြ" ဟု ဆရာတော်က မိန့်ကြားသည်။ အားလုံး ဦးအေးအိမ်သို့ လိုက်သွားကြသည်။ ဦးအေးအိမ်သို့ရောက်သောအခါ ဆရာတော်က ဒကာ၊ ဒကာမ ဘယ်နှဦးရှိသလဲဟု တစ်ဖန်အမိန့်ရှိ၍ ပြန်လည်ရေတွက်သည့်အခါ အားလုံး ဒကာ၊ ဒကာမ ၃၀ ယောက်ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဒေါက်တာဦးချစ်ဆွေအား ဖန်းဆက်ခေါ်ရန်နှင့် ကလာပ်တစ်ခုယူခဲ့ရန် ဆရာတော်က အမိန့်ရသဖြင့် ကြွေကလာပ်ကိုယူလာသည်။ လက်ကိုင်ပုဝါအဖြူနှင့် ဆရာတော်ကိုင်ယူလာသော အရာဝတ္ထုကို ထိုကြွေကလာပ်ပေါ်တွင် ဖွင့်၍တင်လိုက်သောအခါ ဘုရားဆင်းတုတော် ဖြစ်နေပြီး အလွန်သပ္ပာယ်သဖြင့် ပရိတ်သတ် ဒကာ၊ ဒကာမများ သဒ္ဓါကြည်ညိုစွာ ဖူးမြော်မဝဖြစ်နေကြ၏။

ဆရာတော်ဘုရားက မိန့်တော်မူသည်မှာ ၇-၁၂-၁၉၇၄၊ အင်္ဂါနေ့က ဦးချစ်ဆွေရဲ့နေအိမ်မှာ သီတင်းသုံးနေတုန်း လာဇာဒေဝီနတ်သမီး ရောက်လာပြီး အရှင်ဘုရားပူဇော်လို့ ဘုရားတစ်ဆူလှူဒါန်းပါမည်ဘုရားဟု လျှောက်ထားတယ်။ မဟိဒ္ဓိပုဂ္ဂိုလ်ကြီးများက ဘုရားဆင်းတုတော် ပဉ္စလောဟာ ဝရမုနိဓာတ်သေငါးပါးဘုရားကို ကမ္ဘာသူ၊ ကမ္ဘာသား မြန်မာပြည်သူ၊ မြန်မာပြည်သားအပေါင်းတို့ ကပ်ကြီးသုံးပါးမှ ကျော်လွှတ်စေရန်အတွက် ကိုးကွယ်ရန် ပေးလှူလာမယ်ဆိုတာကို လာဇာဒေဝီနတ်သမီးက လျှောက်ထားတယ်။

နတ်သမီးက ဘယ်နေ့လှူမယ်၊ ဘယ်နေရာမှာလှူမယ်လို့ မပြောဘူး။ လာဇာဒေဝီနတ်သမီးရဲ့ အသွင်သဏ္ဌာန်က ဦးခေါင်းမှာ အလီဇာဘတ်ဘုရင်မဆောင်းတဲ့ သရဖူမျိုးဆောင်းထားတယ်။ သူ့ဝတ်ရုံဟာ နောက်မှာ လေးငါးလံလောက်ရှည်တဲ့ ပုဝါအဖြူရောင်ဖြစ်တယ်။ ဒီအကြောင်းကို ဦးချစ်ဆွေအား ပြောတော့ထားတယ်။ ဒါပေမယ့် ဘုရားတစ်ဆူ လှူမယ်ဆိုတာတော့ မပြောဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးချစ်ဆွေက တပည့်တော်ကို စွန့်ခဲ့ပါဘုရားလို့ လျှောက်လို့ရှိလျှင် ဆရာတော်အနေနဲ့ အငြင်းရခက်တယ်။ ဒါကြောင့်မို့ ဘာပစ္စည်းလှူမယ်ဆိုတာ အတိအကျ မပြောခဲ့ဘူး။

ဆရာတော်ရဲ့ ပုတီးစိပ်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ထူးထူးခြားခြား ပစ္စည်းတွေ့ရရင် ဆရာတော်ရဲ့ မွေ့နေနဲ့ ဘုရားများပေါ်မှာ ရတတ်တယ်။ ဒီနေ့လည်း မနေ့က လာဇာဒေဝီနတ်သမီး လျှောက်ထားတဲ့အတိုင်း ဘုရားပေါ်မှာ ပုတီးစိပ်နေတုန်းမှာ ဘုရားတစ်ဆူကို လာရောက်လှူဒါန်းသွားတယ်။ ဘုရားဘွဲ့တော်က ဝရမုနိလို့ခေါ်တယ်။ ပောဒီကလာပ်ပေါ်မှာ တင်ထားတဲ့ဘုရားပဲ။ ဦးချစ်ဆွေကိုယ်တိုင် ပထမကြည့်ရှုစေလိုတယ်။

ဉာဏ်တော်မှာ သုံးလက်မခွဲခန့် ရှိသည်။ အလေးချိန်ချိန်ကြည့်ရာ ၆၀ ကျပ်သားခန့်ရှိသည်။ အရောင်တော်မှာ ငှက်ခါးရောင်သန်းပြီး နီ-ဝါ-ဖြူဖြစ်၏။ ဤဘုရားဟာ ပဉ္စလောဟာဆိုတဲ့ သံ-သွပ်-ဘော်-ပြဒါး-ရွှေ(ဓာတ်သေငါးပါး)တို့ဖြင့် သွန်းလုပ်တဲ့ ဘုရားဖြစ်တယ်။

ဝရမုနိဘုရားဘွဲ့တော်၏ အဓိပ္ပာယ်မှာ ဘဝဆက်ပဋ္ဌာန်းဆက်မှာ ရစရာရှိပစ္စည်းဥစ္စာ အမွေဟောင်းအကြွင်းဟောင်းများ ရှိစေသည်ဟု အဓိပ္ပာယ်ရသည်ဟု သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မှတ်တမ်းအကျဉ်း

ဘုရားဘွဲ့တော် - ဝရမုနိ ရုပ်ရှင်တော်မြတ်။

သွန်းလုပ်သည့် ဓာတ်သေငါးပါး - ပဉ္စလောဟာ (သံ-သွပ်-ဘော်-ပြဒါး-ရွှေ)

ပေးလှူရန် အကြောင်းကြားသူ - လာဇာဒေဝီနတ်သမီး။ (ထိုနတ်သမီး၏အတ္ထုပ္ပတ္တိကို သီးခြားဖော်ပြပါမည်။)

ပေးလှူလာသောပုဂ္ဂိုလ် - မဟိဒ္ဓိရှင်ပုဂ္ဂိုလ်ကြီးများ မှတစ်ဆင့် ဘိုးသစ္စာ။

အလှူခံပုဂ္ဂိုလ် - သတ္တမမြောက် ကျော်အောင်စံထားဆရာတော် အရှင်ဝါယာမာဘိဝံသ

ပေးလှူမည်ဟု ပြောသည့်နေ့ - ၇·၁၂·၁၉၇၉၊ အင်္ဂါနေ့ ညသန်းခေါင်ယံအချိန်

ပေးလှူသည့်နေ့ - ၈·၁၂·၁၉၇၆၊ ဗုဒ္ဓဟူးနေ့ ၁၃၃၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ည ၇ နာရီ ၄၅ မိနစ်။

ပေးလှူသည့်နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက် ဒေါ်ငွေဇင်ကောင်းမှု ရေကြည်တော်တန်ဆောင်းအတွင်း ၃၂ ယောက်သော ကောင်းမှုရှင်များ လှူဒါန်းသော ပန်းမွှေ့ရာပုံကြီးပေါ်။

### ဝရမုနိရုပ်ရှင်တော်မြတ် စတင်ရရှိစဉ်က တွေ့ရှိသူများစာရင်း

၁။ ဦးအေး+ဒေါ်ကြည် မိသားစု
၂။ ဦးသန်းတင်+ဒေါ်ထွေး မိသားစု
၃။ ဦးညွန့်လှိုင် မိသားစု
၄။ ဦးစန်းမောင်+ဒေါ်မမလေး မိသားစု
၅။ ဦးစိန်မောင် မိသားစု
၆။ ဦးခင်မောင်ချော+ဒေါ်ချောချော မိသားစု
၇။ ဗိုလ်မှူးထွန်းတင် မိသားစု
၈။ ဦးမောင်မောင်လွင် မိသားစု
၉။ ဦးမြင့်ဦး+ဒေါ်တင်အေး မိသားစု
၁၀။ ဗိုလ်မှူးအောင်ကြည်+ဒေါ်ချစ်ချစ် မိသားစု
၁၁။ ဗိုလ်မှူးမြသိန်း+ဒေါ်နွဲ့နွဲ့စန်း မိသားစု
၁၂။ ဦးတင်ကြည်+ဒေါ်မြမြ မိသားစု
၁၃။ ဒေါ်သိန်းသိန်း မိသားစု
၁၄။ ဦးရန်ရှင်း မိသားစု
၁၅။ ဦးစိန်လွင် မိသားစု
၁၆။ ဦးလှရွှေ မိသားစု
၁၇။ ဗိုလ်ကြီးရဲအောင် မိသားစု
၁၈။ ဦးဘာသာ မိသားစု
၁၉။ ဦးကြည်လင် မိသားစု
၂၀။ ဦးသိန်းမောင် မိသားစု
၂၁။ ဦးကြည်ဝင်း
၂၂။ ဦးထွန်းမြင့်
၂၃။ ဦးစိန်သန်း+ဒေါ်နီနီ မိသားစု
၂၄။ ဦးအေးမောင်။
၂၅။ ဦးဓမ္မိက (ခ) ဦးတင်လှိုင်
၂၆။ ဦးကျော်ငြိမ်းမိသားစု။
၂၇။ ဦးသန့်ဇင်+ဒေါ်ဌေးဌေးဇင် မိသားစု
၂၈။ ဦးမြသီး+ဒေါ်သန်းလှ မိသားစု
၂၉။ ဦးရွှေစိန်
၃၀။ ဒေါ်လီလီသာ မိသားစု
၃၁။ ဒေါက်တာချစ်ဆွေ+ဒေါ်မိမိ မိသားစု
၃၂။ ဒေါ်အမာ မိသားစု

ဒေါက်တာချစ်ဆွေရောက်ရှိလာသောအခါ ဒကာ၊ ဒကာမများ စုစုပေါင်း ၃၁ ဦးဖြစ်သွားပြီး ၃၁ ဘုံသားလုံး အကျိုးများကြစေရန် တစ်ဦးလျှင် ၃၁ မတ် (၇/၂၅ ပြား) လှူဒါန်းစေလျက် တစ်ဦးလျှင် သုံးရက်တာ မိမိအိမ်တွင် ဝရမုနိရုပ်ရှင်တော်မြတ်အား ပူဇော်ခွင့်ရရှိကြပါသည်။

ဝရမုနိ ရုပ်ရှင်တော်မြတ်သည် အနှစ် ၃၀ မြောက် အထိမ်းအမှတ်ဖြင့် ရန်ကုန်သို့ ၁၃·၁၀·၂၀၀၆ နေ့မှ ၁၀·၁·၂၀၀၇ နေ့ထိ ရက်ပေါင်း ၉၀ အိမ် ၉၀ သို့ အပူဇော်ခံကြွချီတော်မူခဲ့ပါသည်။

ဦးသန့်ဇင်(B.A)



www.burmeseclassic.com


www.burmeseclassic.com

# ထူးထွေဆန်းပြား
# ကျားတစ်ရာ ကြောင်တစ်ရာဘုရား

မင်းရွှေသိန်း[ဇင်းကျိုက်]

ကျားတစ်ရာ ကြောင်တစ်ရာဘုရား ဆိုသောနာမည် ကြားလိုက်စဉ်ကပင် မိမိစိတ်ဝင်စားသွားရသည်မှာ ကြာလှပေပြီ။ အစပထမ၌ တစ်ဆူတည်းလားဟု ထင်မိသော်လည်း အသေအချာ စုံစမ်းလေ့လာကြည့်လိုက်မှ ကျားတစ်ရာဘုရားနှင့် ကြောင်တစ်ရာဘုရား ဆိုကာ သီးခြား တစ်ဆူစီဖြစ်ကြောင်း သိရသည်။


မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းဒေသ၌ အရှေ့အနောက်တန်းလျက်ရှိသော ကေလာသတောင်တန်းအား အဝေးမှပင် ထီးထီးတည်းမြင်နိုင်ပါသည်။ ၎င်းတောင်တန်း၏ အပေါ်နှင့် တောင်ခြေနေရာတို့တွင် ရှေးသုဝဏ္ဏဘူမိခေတ်ကပင် စေတီများ၊ သာသနိက အဆောက်အဦးတို့ဖြင့် သာသနာတော်ရောင် ထွန်းလင်းတောက်ပခဲ့ကြောင်း သမိုင်းအစောင်စောင်၌ တွေ့ရှိမှတ်သားဖူးပါသည်။ ကေလာသတောင်၏ အမြင့်ဆုံးတောင်ထိပ်ပေါ်၌ တည်ထားသော သမိုင်းဝင် ကေလာသဆံတော်ရှင်စေတီအား ဗဟိုပြု၍ အရှေ့ဘက်တွင် ဖောင်တော်ဦးစေတီ၊ ရွှေစည်းခုံစေတီ၊ ကြက်မင်းတောင်စေတီ၊ ကျိုက်ဒေးယျုစေတီ၊ ကျိုက်ထပ်ဆံတော်စေတီများ တည်ရှိပြီး အနောက်ဘက်၌ မြဘိတ်စေတီ၊ ဝေပုလ္လတောင်စေတီ၊ ကျိုက်တလန်းစေတီနှင့် အထက်ပါ ကျားတစ်ရာ၊ ကြောင်တစ်ရာဘုရားတို့ တည်ရှိပါသည်။ ၎င်းစေတီများသို့ အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ရန်အတွက် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးဆောက်လုပ်ပေးထားသည့် ကွန်ကရိကားလမ်းများအား တောင်ပေါ် အနှံ့အပြားတွေ့ရမည်ဖြစ်သည်။



ကြောင်တစ်ရာဘုရား ပလ္လင်သုံးဆင့်မှ
ကြောင်ဦးခေါင်းရုပ်တုများ

မိမိသည် သုဝဏ္ဏဘူမိမြို့ဟောင်းနှင့် ပတ်သက်၍ အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းအလုပ်တို့ဖြင့် ကေလာသတောင် နေရာအနှံ့အပြားသို့ မကြာခဏရောက်ရှိသဖြင့် တောင်တန်းတစ်

www.burmeseclassic.com



ကျားတစ်ရာဘုရားပလ္လင်မှ ကျားခေါင်းပုံများ

လေ့လာက်မှ စေတီများအကြောင်းကိုလည်း ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်တို့၌ ဓာတ်ပုံများနှင့်တကွ ရေးသားခဲ့ပြီးဖြစ်သည်။ သို့သော် ရေးသားရန်စေတီများ များစွာကျန်ရှိနေပါသေးသည်။ ၎င်းကျန်ရှိသော စေတီများထဲတွင် ကျားတစ်ရာ ကြောင်တစ်ရာဘုရားလည်း ပါဝင်သည်ဟု ဆိုရမည်ပင်။ လွန်ခဲ့သော ဇန်နဝါရီလထဲ ရောက်မှ ကင်းရွာတွင်နေထိုင်သော ကိုအောင်သန်းဦး၏ ကျေးဇူးဖြင့် ကျားတစ်ရာ ကြောင်တစ်ရာဘုရားသို့ မိမိရောက်ဖြစ်သွားရပါသည်။ သုတေသီများ ဘုရားဖူးများအတွက် လမ်းညွှန်ရမည်ဆိုလျှင် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းအတိုင်း သွားလျှင် ကျိုက်ထိုမြို့ အထကကျောင်း လွန်သည်နှင့် ညာဘက်လမ်းထဲချိုးဝင်၍ ဆက်လက်သွားပါက မိနစ် ၃၀ မျှနှင့် ရောက်ရှိနိုင်ပါသည်။ ကျိုက်ထိုမြို့နယ်ရေိယာလွန်၍ ကွင်းကူးနေရာသို့ ဖြတ်ပြီးဆိုလျှင်ပင် စိမ်းမှောင်မှိုင်းညို့လျက်ရှိသော ကေလာသတောင်တန်းအား ထီးထီးမားမား လှမ်းတွေ့ရမည်ဖြစ်သည်။ တောင်စွယ်၏ အနောက်ဘက်အစွန်တွင် ရှေးခေတ်ကာလ သုဝဏ္ဏဘူမိမြို့ နေရာဖြစ်ပြီး ဟံသာဝတီခေတ်တွင်မူ တိုက်ကုလားမြို့ဟု တွင်ခဲ့သည်။ တစ်ဖန် ကိုလိုနီခေတ်သို့ရောက်ရှိစဉ်က အရက်သမရွာဟု သမုတ်ခဲ့ပြန်ရာ ၁၉၇၄ ခုနှစ် အခြေခံဥပဒေရေးဆွဲရာတွင် ဒေသခံတို့၏ တောင်းဆိုချက်အရ ရက်ကန်းသည်မရွာဟု ပြောင်းလဲခဲ့သည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။

"အေးဗျာ···မွန်သူရဲကောင်း လဂွန်းအိမ်ကို အဓိကဇာတ်ကောင်ထားပြီး ကျွန်တော်ရေးခဲ့တဲ့ နှင်းကေသရာ ချစ်သောသူရဲကောင်း ဝတ္ထုဟာ တိုက်ကုလားမြို့ကို အခြေခံထားပေမယ့် ကျွန်တော် မရောက်ဖူးခဲ့ဘူးဗျ။ ခု···ဆရာလှမ်းပြမှ တိုက်ကုလားမြို့ဆိုတာ သိရတာပါ။ ဘုရင်ရာဇာဓိရာဇ်က သူရဲကောင်း မသံလုံကို အရက်မူးအောင် တိုက်၊ ခေါင်ငါး ဆက်အိမ်ကြီးပေါ်တင်ပြီး နှင်းကေသရာနဲ့ လက်ထပ်ပေးတဲ့အပြင် လဂွန်းအိမ် ဘွဲ့ပါ ချီးမြှင့်လိုက်တာ ဒီနေရာမှာကိုး"

၂၀၁၃ ခုနှစ် ကင်းရွာစာပေ ဟောပြောပွဲခရီးစဉ်တွင် မိမိနှင့်အတူ ဆရာချစ်ဦးညို၊ ဆရာမောင်သာချိုတို့ ကားစီးလာကြရာမှ တိုက်ကုလားမြို့ နေရာဟောင်းအား မိမိပြသလိုက်ချိန်နှင့် တစ်ပြိုင်တည်း ဆရာချစ်ဦးညိုက အမှတ်မမေ့မှတ်ရာအသံဖြင့် မှတ်ချက်ပြုလာခြင်းဖြစ်သည်။ ၎င်းဒေသ




www.burmeseclassic.com

www.burmeseclassic.com

မှ ရက်ကန်းသည်မရွာ၊ ဝင်းကရွာ၊ ကင်းရွာ ရေဝယ်ကို သုဝဏ္ဏဘုမ္မိမြို့နေရာဟု သတ်မှတ်ခဲ့ရာတွင် အငြင်းပွားမှု အမျိုးမျိုး ရှိခဲ့သော်လည်း သမိုင်းပညာရှင် ဆရာကြီးများ ဖြစ်သော ဒေါက်တာသန်းထွန်း၊ ဒေါက်တာသန်းထွန်း(ရွှေဘို) နှင့် ကိုယ်တိုင်သုတေသနလုပ် ဖော်ထုတ်ခဲ့သော ဒေါက်တာ နိုင်ပန်းလှတို့၏ အထောက်အထားများနှင့်တကွ ခိုင်လုံစွာ ထုတ်ဖော်ပြသလာသည့် အချက်အလက်များအရ ရာသီဥတု အခြေအနေနှင့် အခြားအကြောင်းအရာတို့ကြောင့် တစ်ပြန် တစ်လဲ ပြောင်းရွှေ့ခဲ့ရသော သုဝဏ္ဏဘုမ္မိသည် လက်ရှိသထုံ မြို့နေရာနှင့် ကေလာသတောင်ခြေမှ ရက်ကန်းသည်မရွာ၊ ဝင်းကရွာနေရာတို့ဖြစ်ကြောင်း မိမိလက်ခံယုံကြည်ထားပြီး ဖြစ်ပါသည်။ ရေးဟောင်း သုတေသနဦးစီးဌာနမှ ပညာရှင် ဦးစံဝင်း(အမျိုးသားစာပေဆုရ)၏ အကူအညီယူ၍ ၂၀၁၂- ၂၀၁၅ ခုနှစ်များအတွင်း ခွင့်ပြုဘတ်ဂျက်ငွေဖြင့် တူးဖော် ကြရာ သုဝဏ္ဏဘုမ္မိ၏ မြို့ရိုးပျက်များ၊ အဆောက်အဦပျက် များ၊ သာသနိကအဆောက်အအုံ နေရာပျက်များ၊ ပျူနှင့် ခေတ်ပြိုင် လက်ရေးစင်းအုတ်ချက်များ၊ အနုလက်ရာအပိုင်း အစများ ထင်ရှားစွာ ပေါ်ထွက်လာသည်မှာ အလွန်ခိုင်လုံ သော အထောက်အထားများအဖြစ် တွေ့ရှိရသဖြင့် မိမိ၏ ယုံကြည်ချက်အား ဝံ့ရဲခိုင်မာစေလျက်ရှိပါသည်။ (ဓာတ်ပုံ အချို့ ဖော်ပြထား)။

မိမိအနေနှင့် ယခုကဲ့သို့ သုဝဏ္ဏဘုမ္မိ မြို့ဟောင်း အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြရခြင်းမှာ မိမိရေးသား နေသည့် ကျားတစ်ရာ ကြောင်တစ်ရာ ဘုရားသည်လည်း ဤဒေသအတွင်း၌ ထင်ရှားစွာ တည်ရှိနေသဖြင့် သုဝဏ္ဏ ဘုမ္မိသမိုင်းနှင့် ဆက်စပ်အကျုံးဝင်လိမ့်မည်ဟု ထင်ခဲ့၍လည်း ဖြစ်ပါသည်။ မှန်ပါသည်။ ခရီးစဉ်အရ ရက်ကန်းသည် မရွာနှင့် ဝင်းကရွာတို့ လွန်သည်နှင့် ကျောက်လုံးကြီးကျေးရွာသို့ ရောက်ပြီဆိုလျှင်ပင် ကျားတစ်ရာ ကြောင်တစ်ရာ ဘုရား သို့တက်ရန် မုခ်ဦးဝနှင့် ကွန်ကရစ်ကားလမ်းအား တွေ့ရှိရပါ သည်။ ၎င်းလမ်းအတိုင်း ပေ ၂၀၀ ခန့် တက်လိုက်ပါက ဦးစွာပထမ ကြောင်တစ်ရာဘုရားသို့ ရောက်ရှိသွားရသည်။ ဉာဏ်တော် ၃၀ တောင်ခန့်ရှိမည့် စေတီတစ်ဆူက တောင် စွယ်၏အထွတ်၌ စံပယ်လျက်ရှိပြီး ၎င်းတောင်စွယ်မှ လှမ်း ကြည့်လိုက်မည်ဆိုလျှင် သစ်ပင်ကြီး၊ ဥယျာဉ်ခြံတို့ဖြင့် စိမ်းမှောင်အုပ်ဆိုင်းနေသော ရွာတန်းရှည်များ၊ ထိုမှနေ၍ မြကတ္တီပါခင်းထားသကဲ့သို့ ကျယ်ပြောလှသော လယ်ကွင်း ကြီး၊ ၎င်းလယ်ကွင်းပြင်ကြီးအဆုံး အနားသတ်မျဉ်းနေရာ၌



ကြောင်တစ်ရာဘုရား
ပလ္လင်ထောင့်ချိုးများမှ
ကြောင်ရုပ်တုများ



www.burmeseclassic.com


www.burmeseclassic.com

မုတ္တမပင်လယ်ကွေ့ ကမ်းရိုးတန်းမှုန်ဝါးဝါးကို လှမ်းမြင်ရမည် ဖြစ်သည်။

ကြောင်တစ်ရာဘုရားဟူသော ဘွဲ့နာမနှင့်အညီ စေတီ အုတ်ခုံ ပလ္လင်သုံးဆင့်၌ လေးထောင့်ကွက်များ အခန်းလိုက် တစ်ညီတစ်ညာတည်း ပုံဖော်ထားပြီး အကွက်ထဲတွင် ကြောင် ဦးခေါင်းပုံများ ထုဆစ်ထားသည်မှာ အကွက်တိုင်းတော့ မဟုတ်ပေ။ တစ်ကွက်ကျော်၊ နှစ်ကွက်ကျော်၍ အလွတ် ချန်လုပ်ထားသောကြောင့် ဖူးမြော်သူတိုင်းအား ပဟေဠိ သဖွယ် ခံစားစေခဲ့ခြင်းဖြစ်သည်။ ပလ္လင်ထောင့်ချိုး အဆင့် များတွင်လည်း ကြောင်ရုပ်များကို တစ်ချို့ဝပ်လျက်၊ တစ်ချို့ ရှေ့လက်နှစ်ဖက်ထောက်လျက် ထုဆစ်ထားပါသေး သည်။ ကြောင်တစ်ရာဘုရားနှင့် ပတ်သက်သော အချက်အလက် အချို့တို့အား သိရှိလိုသဖြင့် လိုက်လံစုံစမ်းမေးမြန်းကြည့်ရာ တိကျရေရာခြင်းမရှိဘဲ ပါးစပ်ပြော ဒဏ္ဍာရီများသာ ကြားသိ ခဲ့ရ၍ ရေးသားဖော်ပြခြင်း မပြုတော့ပါ။

မိမိတို့သည် ကြောင်တစ်ရာဘုရားမှနေ၍ လာလမ်း အတိုင်း ပြန်ဆင်းလာကြရာ ပေတစ်ရာခန့်အရောက်တွင် လက်ျာဘက်သို့ခွဲထွက်သော ကွန်ကရစ်လမ်းအတိုင်း ဆက်၍ သွားလိုက်လျှင်ပင် အုပ်ဆိုင်းလျက်ရှိသော သစ်တောကြီး အရိပ်အောက်တွင် ကျားတစ်ရာဘုရားအား ဘွားခနဲ ဖူးမြော် လိုက်ရသည်။ ကျားတစ်ရာဘုရား၏ ဥဏ်တော်ကလည်း ကြောင်တစ်ရာဘုရားနှင့် မတိမ်းမယိမ်းရှိကြောင်း သတိပြုမိ သည်။ စေတီ၏ အုတ်ခုံပလ္လင် သုံးဆင့်၌လည်း လေးထောင့် ကွက်မှာ တစ်ညီတစ်တန်းတည်းရှိပြီး အကွက်ထဲ၌ ကျား ခေါင်းပုံများ ထုဆစ်ထားသည်မှာ ကြောင်တစ်ရာဘုရားမှာကဲ့ သို့ ကွက်ကျော်ထုဆစ်ထားသည်ကို တွေ့ရသည်။ ပလ္လင် ထောင့်ချိုး သုံးဆင့်လုံးတွင်လည်း ကျားရုပ်တုများက တချို့ ဝပ်လျက်၊ တချို့ ရှေ့လက်နှစ်ဖက်ထောက်၍ထိုင်လျက် ထူး ခြားစွာတွေ့ရှိရသည်မှာ ဝပ်နေသော ကျားရုပ်တုကြီးဘေး၌ ရပ်လျက်ရှိသော တောစောင့်ဘိုးဘိုးကြီး၏ ဦးခေါင်းတွင် ကျားခေါင်းပုံ ဆောင်းထားခြင်းပင်ဖြစ်သည်။

ကျားတစ်ရာ ဘုရားသည် တစ်ဖက်၌ နက်ရှိုင်းသော လျှိုနှင့် တစ်ဖက်တွင် တောင်ကမ်းပါးကြား ကျဉ်းမြောင်း သော မြေကွက်လပ်တွင် တည်ထားသဖြင့် ရင်ပြင်တော်



ကျားတစ်ရာဘုရား တောင်ပိုင်ဘိုးဘိုးကြီး

လည်း ကျဉ်းသလို ဖြစ်နေပါသည်။ ရင်ပြင်တော်ထဲတွင် တံခွန်တိုင်တစ်တိုင်ရှိပြီး ထိပ်၌ ဟင်္သာရုပ်တု၊ ဥဒေါင်းရုပ်တု တို့ကို တွေ့ရသည်။ တံခွန်တိုင်အောက်ခြေ လေးဖက်၌ နတ်မင်းကြီးလေးပါး ရံထားကာ တံခွန်တိုင်၏ အလယ် လောက်နေရာတွင် ကြေးကမ္ပည်းပြား ကပ်ထားလျက်ရှိသည်။ ကြေးကမ္ပည်းပြားပေါ်၌ ရေးထိုးထားသော စာအရ ဤကျား တစ်ရာစေတီအား ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး ကို အမှူးထား၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်မှ ထီးတော်တင်လှူခဲ့ကြောင်း သိရှိရပါသည်။ ကျား တစ်ရာဘုရားအနီး တိုက်ကျောင်းကလေးတွင် သီတင်းသုံး လျက်ရှိသော ရဟန်းတစ်ပါး မိန့်ကြားခဲ့သည်မှာ ကြောင် တစ်ရာဘုရားသည် နှစ်ပေါင်းကြာရှည်ကပင် တည်ရှိနေသော စေတီဖြစ်ပြီး ဤကျားတစ်ရာဘုရားမှာမူ လွန်ခဲ့သော ၁၀



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကျော်ခန့်ကမှ ကျိုက်ထီးဆောင်းဆရာတော်ဘုရားမှ တည်ခဲ့ပြီး ဦးခင်ညွန့်ကိုယ်တိုင် ထီးတော်တင်ခဲ့ကြောင်း၊ ကြောင်တစ်ရာဘုရား၏ ဘွဲ့တော်အား လွှမ်းမိုးစေရန် ကျားတစ်ရာဘုရားဟု ဘွဲ့တော်ဆက်ကပ်သည်ထင်ကြောင်း ရှင်းပြခဲ့ပါသေးသည်။ မိမိ၏အတွေးထဲ၌မူ ကျားဆရာကြောင်ဆိုသော ဝေါဟာရသည်သာ စွဲမြဲလျက်ရှိသည်ဟု ဆိုရမည်ပင်။

ကျားတစ်ရာ ကြောင်တစ်ရာဘုရားနှင့် ပတ်သက်၍ တိကျသော သမိုင်းအချက်အလက်များ မသိရှိခဲ့ရသဖြင့် မိမိအနေနှင့် အားမလိုအားမရ ဖြစ်နေသည်မှာ ကြာလှပေပြီ၊ ဒေသခံ သက်ကြီးရွယ်အိုများ ပြောကြားသည့်အထဲတွင် ဘုရားပလ္လင်သုံးဆင့်မှ ကျားခေါင်း၊ ကြောင်ခေါင်းရုပ်များကို ရေတွက်ကြည့်ပါက တစ်ခါတစ်ရံ တစ်ရာမပြည့်ဘဲ၊ တစ်ကောင်လို၊ နှစ်ကောင်လိုပြီး တစ်ခါတစ်ရံတွင်လည်း တစ်ကောင်ပို၊ နှစ်ကောင်ပိုနှင့် တစ်ရာအတိအကျမဖြစ်ကြောင်း အဆိုများကလွဲ၍ အခြား ထူးခြားမှုများအား မကြားသိခဲ့ရပေ။ သို့သော် ဤဆောင်းပါးအကြောင်းရေးသားသည်နှင့် တိုက်ဆိုင်လျက် လွန်ခဲ့သောအပတ်က-သုတေသနပညာရှင် ဦးစံဝင်းနှင့် အစည်းအဝေးတစ်ခုတွင် ဆုံကြစဉ် သုဝဏ္ဏဘုမ္မိမြို့ဟောင်းတူးဖော်ရာတွင် အဓိကပါဝင်နေသောသူအား ကျားတစ်ရာ ကြောင်တစ်ရာ သမိုင်းကြောင်းများကို မေးမြန်းဖြစ်ခဲ့ပါသည်။



သုဝဏ္ဏဘုမ္မိမြို့ဟောင်း

"ကြောင်တစ်ရာဘုရားက အဓိကလို့ ပြောရမှာပါ။ ကျားတစ်ရာက ကြောင်တစ်ရာကို မှီပြီး နောက်မှတည်တဲ့ဘုရားလို့ ဆိုနိုင်ပါတယ်။ အမှန်တော့ ကြောင်တစ်ရာဘုရားလည်း သုဝဏ္ဏဘုမ္မိခေတ်နဲ့ ဘာမှပတ်သက်မှု မရှိပါဘူး။ ဒီလိုဗျ၊ ကြောင်တစ်ရာဘုရားကုန်းကနေ ဟိုအနောက်ဘက်လယ်ကွင်းထဲကြည့်လိုက်ရင် ကုန်းတစ်ကုန်းတွေ့ရလိမ့်မယ်။ အဲဒီကုန်းကနေ ကောင်းကင်မြေပုံအတိုင်း ကြောင်တစ်ရာဘုရားထိ မျဉ်းဖြောင့်ဆွဲထားတာ။ အဲဒါ သုဝဏ္ဏဘုမ္မိမြို့ရိုးတစ်ဖက်ပဲ ဆိုပါတော့။ ကြောင်တစ်ရာဘုရား နေရာဟာလည်း မြို့ရိုးပျက်အပိုင်းအစတစ်ခုပါပဲ။ အင်္ဂလိပ်ခေတ်တုန်းက ကျောက်လုံးကြီးရွာဖြစ်လာပြီး ရွာသားတွေက သမိုင်းသိတာမဟုတ်တော့ မြို့ရိုးပျက်နေရာက အုတ်အကျိုးအပဲ့တွေကိုကြည့်ပြီး စေတီပျက်ထင်လို့ အဲဒီအုတ်တွေနဲ့ စေတီတစ်ဆူတည်ခဲ့ကြတာပါဗျာ။ အုတ်အပိုင်းအစ အတော်များများမှာ ခြသေ့်ဦးခေါင်းပုံတွေ တွေ့တာကို နှစ်ကြာပြီဖြစ်တော့ ခြသေ့်ခေါင်း ပုံပြတ်ပြီး မထင်ရှားတော့တာကို ကြောင်ခေါင်းထင်ပြီး ကြောင်တစ်ရာဘုရားလို့ ခေါ်ခဲ့ကြတာဖြစ်မယ်ထင်တယ်။ ခြသေ့်ခေါင်းပုံ အုတ်ချပ်လေးငါးချပ်တောင် အဲဒီနားက ဘုန်းကြီးကျောင်းမှာ ကျွန်တော်အပ်ထားတာ လမ်းကြုံရင် ဝင်ကြည့်သွားပေါ့ဗျာ။ ဒါပေမယ့် ကြောင်တစ်ရာဘုရားဟာလည်း နှစ်တစ်ရာကျော်ပြီဆိုတော့ သမိုင်းဝင်ဘုရားလို့ဆိုလည်း မမှားပါဘူးဗျာ"

ဦးစံဝင်း ပြောပြချက်အရ ကျားတစ်ရာ ကြောင်တစ်ရာဘုရား၏ သမိုင်းကြောင်းပဟေဠိကို အတွေးထဲ အဖြေထုတ်ပြီးသား ဖြစ်သွားရသည်။ မည်သို့ပင်ဆိုစေ မည်သည့်စေတီပုထိုးပင် ဖြစ်ပါစေ သမိုင်းဝင်ခြင်း၊ မဝင်ခြင်းသည် ပဓာနမဟုတ်ပဲ မြတ်စွာဘုရားအား ရည်စူး၍ တည်ထားခြင်းဖြစ်ရာ ဖူးမြော်သူများအနေနှင့် သက်ရှိထင်ရှား မြတ်စွာဘုရားအဖြစ် အာရုံပြုကာ ဖူးမြော်ခြင်းဖြင့် ကုသိုလ်အကျိုးများ ထပ်တူထပ်မျှ ရရှိလိမ့်မည်ဖြစ်ကြောင်း မိမိယုံကြည်လျက်ရှိပါတော့သည်။

**မင်းရွှေသိန်း(ဇင်းကျိုက်)**



www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာဒိဋ္ဌိတရားတော်

## အပိုင်း(၁)

## အရှင်ဝိမလ

စာရေးသူအား ဝါဆိုသင်္ကန်းကပ်ရန် ဖိတ်ကြား၍ ပဲခူးမြို့ ဥသာမြို့သစ်နေ ဒကာမကြီးဒေါ်ညွန့်ရီနေအိမ်သို့ ဂ-၇-၂၀၁၅ နေ့က ကြွရောက်သွားခဲ့ပါသည်။ ဝါဆိုသင်္ကန်း ကပ်ပြီး နေ့ဆွမ်းကို ကပ်ပါသည်။ ထို့နောက် ဒေါ်ညွန့်ရီနှင့် သမီးသဉ္ဇာလွင်၊ စန္ဒာလွင် ညီအစ်မတို့က တရားတစ်ပုဒ်ဟော ကြားပေးပါရန် လျှောက်ထား၍ စာရေးသူလည်း စဉ်းစားရင်း

"လောကမှာ အပြစ်အကြီးဆုံးက ဘယ်ဟာလဲ သမီး သဉ္ဇာလွင်"

"ပဉ္စာနန္တရိယကံ အပြစ်အကြီး ဆုံးပါဘုရား။ ပဉ္စဆို တာ ငါးပါး။ အနန္တရိယဆိုတာက သေသည်၏ အခြားမဲ့၌ အကျိုးပေးတဲ့ကံ အဲဒါကြောင့် ငါးပါးရှိတယ်ဆိုတာ သိရပါ တယ်ဘုရား"

"သမီးစန္ဒာလွင်က အဲဒီပဉ္စာနန္တရိယကံငါးပါးကို တစ်ခု ချင်းပြောပါဦး သိကောသိရဲ့လားကွဲ့"

"သိပါတယ်ဘုရား။ (၁)က မာတုဃာတက-အမေကို သတ်တဲ့ကံ၊ (၂)က ပိတုဃာတက-အဖကိုသတ်တဲ့ကံ၊ (၃) က အရဟန္တဃာတက-ရဟန်းကိုသတ်တဲ့ကံ၊ (၄)က လောဟိ တုပ္ပါဒက-ဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ကံ၊ (၅) နံပါတ် ကျတော့ သံဃဘေဒက သံဃာသင်းခွဲတဲ့ကံဆိုပြီး ကံကြီး ငါးပါးကို ခေါ်ပါတယ်ဘုရား"

"ဒေါ်ညွန့်ရီ့သမီးတွေက အလာကြီးပဲ"

"သူတို့က တရားနာတယ်။ တရားစာပေတွေလည်း ဖတ်ပါတယ်ဘုရား"

"ဪ . . . ဒီလိုကိုး။ ဒီကံကြီးငါးပါးမှာ တစ်ပါးပါး ကျူးလွန်ရင် ဒီပုဂ္ဂိုလ်သေပြီးနောက် အဝီစိကျရတယ် ဟုတ် လား သမီးသဉ္ဇာလွင်"

"မှန်လှပါဘုရား"

"ဒီကံငါးပါးက သိပ်အပြစ်ကြီးတယ်လို့ အားလုံးက သိထားကြတယ် မဟုတ်လား"

"မှန်လှပါဘုရား"

"ဘုရားကိုယ်တော်မြတ်ကြီးက ဒီကံကြီးငါးပါးဟာ သိပ် အပြစ်အကြီးဆုံးလို့ မပြောခဲ့ဘူးသမီးတို့ရဲ့"

"ဟုတ်လားဘုရား။ တပည့်တော်တို့က ကံကြီးငါးပါး ဟာ အပြစ်အကြီးဆုံးလို့ မှတ်ယူထားပါတယ်ဘုရား။ ဒါဆိုရင် လောကမှာ ဘယ်ဟာက အပြစ်အကြီးဆုံးပါလဲဘုရား"

"မှတ်ထားကြကွယ့်။ လောကမှာ အပြစ်အကြီးဆုံး ဟာ မိစ္ဆာဒိဋ္ဌိခေါ်တယ်"

"မှန်လှပါဘုရား။ အရှင်ဘုရားမိန့်ကြားလို့ ခုမှသိရပါ တယ်ဘုရား"

"ဟုတ်တယ် ဒကာမကြီး ဒေါ်ညွန့်ရီ။ ဒီမိစ္ဆာဒိဋ္ဌိအယူ မှားမျိုး စွဲပြီပေါ့ဆိုရင် သေပြီးနောက် အဝီစိ ကေန္တကျရ တယ်။ ဘုန်းကြီးတို့တစ်တွေ သိနေတာက လောကမှာ အပြစ် အကြီးဆုံးဟာ ကံကြီးငါးပါးပဲ။ ခုတော့ မဟုတ်တော့ဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လောကမှာ အပြစ်အကြီး ဆုံးက မိစ္ဆာဒိဋ္ဌိရှိတဲ့ မိစ္ဆာဆိုတာ မှားမှားယွင်းယွင်း၊ ဒိဋ္ဌိဆိုတာ အယူစွဲတာ။ မှားမှားယွင်းယွင်း အယူစွဲတာကို မိစ္ဆာဒိဋ္ဌိခေ တယ်။ အဲ . . . သေပြီးနောက် အဝီစိငရဲကျရတယ်။ ကံကြီးငါးပါး ကလည်း တစ်ပါးပါးကျူးလွန်ရုံနဲ့ သေပြီးနောက် အဝီစိငရဲ ကျရတယ်နော်။ မှတ်မိတယ်နော်"

"မှန်လှပါဘုရား"

"အေး . . . မိစ္ဆာဒိဋ္ဌိနဲ့ ကံကြီးငါးပါးတို့ရဲ့ ကွာခြားပုံကို ဘုန်းကြီးပြောပြမယ်။ ဘယ်လိုကွာခြားသလဲဆိုတော့ ကံကြီး



www.burmeseclassic.com

www.burmeseclassic.com

ငါးပါးထဲက တစ်ပါးပါးကျူးလွန်လို့ ဒီကနေသေ၊ အဝီစိငရဲကျ သွား နက်ဖြန်ခါ ကမ္ဘာကြီးပျက်စီးသွားတယ်ဆိုရင် အဝီစိကြီး ပါ ရောပါသွားရောတဲ့။ အဲဒီအခါ ဒီပုဂ္ဂိုလ်လွတ်သွားတယ်"

"မှန်လှပါဘုရား"

"မိစ္ဆာဒိဋ္ဌိစွဲတဲ့သူက ဒီကနေသေ အဝီစိငရဲကျသွား တယ်။ နက်ဖြန်ခါ ကမ္ဘာကြီးပျက်သွားတယ်ဆိုရင် မပျက်တဲ့ ကမ္ဘာ ရွှေ့ခံရတယ်။ ဒီတော့ မိစ္ဆာဒိဋ္ဌိစွဲတဲ့သူက ကံကြီး ငါးပါးထက်တောင် ပိုအပြစ်မကြီးဘူးလား သမီးသဉ္စာလွင်"

"ပိုအပြစ်ကြီးပါတယ်ဘုရား"

"ဘုရားကိုယ်တော်မြတ်ကြီးပြောတာနော် ဘုန်းကြီး ပြောတာ မဟုတ်ဘူး"

"မှန်လှပါဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲ သမီးစန္ဒာလွင်"

"မှားမှားယွင်းယွင်း ယူစွဲတဲ့ အယူပါဘုရား"

"မိစ္ဆာဒိဋ္ဌိအကြောင်း မသိချင်ကြဘူးလား"

"သိချင်ပါတယ်ဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတာ အဝေးမှာမရှိဘူး။ အနီးမှာရှိကြတယ်။ မိစ္ဆာဒိဋ္ဌိအယူအဆတွေဟာ ကိုယ့်ရင်ထဲ ကိုယ့်ဝမ်းထဲမှာ ရှိနေ တတ်ကြတယ်။ အဲဒါသိရင် မြန်မြန်ဖယ်ရှားပစ်ကြကွဲ့"

"မှန်လှပါဘုရား"

"ဘုရားကိုယ်တော်မြတ်ကြီးက ဥပမာပေးပြီး ဟော ကြားထားတာရှိတယ်။ ပါဠိတော့ မပြောတတ်ဘူး။ အဓိပ္ပာယ်ပဲ ပြောမယ်။ လူတစ်ယောက်က လှံကြီးနဲ့ ရင်ဝကို ပစ်ထိုးလိုက် ပြီဆိုပါစို့။ အထိုးခံရတဲ့သူဟာ ရင်ဝမှာ လှံကြီးတန်းလန်းနဲ့ အေးအေးဆေးဆေးနေမှာလား"

"ဆေးရုံပို့မယ်။ ရင်ဝက လှံကြီးတန်းလန်းကို ဦးစား ပေး နုတ်ယူကုသပါ့မယ်ဘုရား"

"ဟုတ်တယ် သမီးသဉ္စာလွင်။ မိစ္ဆာဒိဋ္ဌိဆိုတဲ့ လှံကြီး ကို အရေးတကြီး ဦးစားပေးနုတ်ယူရမယ်ကွဲ့။ နောက် ဥပမာ တစ်ခုက လူတစ်ယောက်က နောက်ကနေ ဦးခေါင်းပေါ် မီးရှို့ ရင် ဆံပင်တွေလောင်ကုန်မယ်။ အဲဒါ မီးရှို့ခံရသူက အေးအေး ဆေးဆေး သွားလာနေမလား"

"မနေဘူးဆရာ။ မီးကို မြန်မြန် အရင်ငြိမ်းသတ်ပါ့မယ် ဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတဲ့ မီးကို မြန်မြန်ဖယ်ရှားပစ်ရမယ် သမီး စန္ဒာလွင်"

"မှန်လှပါဘုရား"

"ဒါဆို သမီးတို့ရင်ထဲမှာ မိစ္ဆာဒိဋ္ဌိတွေရှိလာရင် အရေး တကြီး ဖယ်ရှားပစ်ရမယ့်သဘောကို သိကြပြီနော်"

"မှန်လှပါဘုရား"

"ကဲ…မိစ္ဆာဒိဋ္ဌိအကြောင်း ပြောရအောင်။ အချိန်ရ ကြရဲ့လား"

"ရပါတယ်ဘုရား"

"သဉ္စာလွင်က ကလေးကျောင်း ကြိုရဦးမယ်ဆိုပြီး လာဦးမယ်"

"အချိန်ရပါတယ် ဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားတွေရှိလာပြီဆိုရင် ဒီပုဂ္ဂိုလ် ဟာ မဖြစ်ပွားသေးတဲ့ အကုသိုလ်တရားတွေ ဖြစ်ပွားတော့ တာပဲ။ ဖြစ်ပွားပြီးတဲ့ အကုသိုလ်တရားတွေ တိုးပွားလာ ကုန်ရော။ ဒီတော့ မိစ္ဆာဒိဋ္ဌိဆိုတဲ့ တရားတွေကို ရင်ထဲမှာ ဝမ်းထဲမှာ သိမ်းထားလှောင်ထားလို့ ကောင်းပါ့မလား ဒကာမ ကြီး ဒေါ်ညွန့်ရီ"

"မတော်ပါဘူး"

"အေး…မိစ္ဆာဒိဋ္ဌိဆိုတာ အင်မတန် အပြစ်ကြီး တယ်ကွဲ့။ ဘုရားလက်ထက်မှာ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ပွားတာ ၆၂ ပါးတောင်ရှိတယ်တဲ့။ အဲ…အဲဒီ ၆၂ ပါးထဲက အဓိက ကျ အရေးကြီးဆုံး သုံးမျိုးရရင် တော်လောက်ပါပြီ။ အဲဒီ သုံးမျိုးက ဘာတွေလည်းဆိုတော့ ကဲ…သမီးသဉ္စာလွင်ကိုပဲ မေးကြည့်မယ်"

"သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေပါဘုရား"

"ဒါလည်း သိနေပါလား။ ဒါဆို သမီးသဉ္စာလွင်ပဲ ဆက်ပြီးဟောပြတော့"

"ဟာ…ဘုန်းဘုန်းကလည်း သမီးက ဒါပဲသိတာ။ တစ်ခုချင်းက ဘာတွေလဲတော့ မသိဘူး"

"သိပါဘူး။ သမီးသဉ္စာလွင်မှာသိနေပြီလားလို့၊ ကဲ… သမီးစန္ဒာလွင်ကော"

"သမီးက ဘာဆိုဘာမှ မသိပါဘူးဘုရား။ ကြားဖူးတာ ပဲရှိတယ်"

"ဒါဆို သဿတဒိဋ္ဌိအကြောင်း စပြောရအောင်။ သဿတဆိုတာ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ အယူအဆပဲကွယ့်။ ဘယ်သူတွေ ဘယ်ကစသလဲဆိုတော့ ဖြဟ္မာ့ပြည်က လူကြီး တွေ စတီထွင်လာတာက စတာပဲ။ ဗြဟ္မာ့ပြည်က လူ့ပြည်သို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတဲ့ လူကြီးတွေပေါ့။ ဒီလူကြီးတွေအကြောင်း မပြောခင် ဗြဟ္မာ့ပြည်ကအကြောင်း ပြောပြရအောင်။ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာသုံးမျိုးရှိကြတယ်။ ရုပ်ခြည်းပဲ သက်သက်ရှိတဲ့ ဗြဟ္မာ၊ နာမ်ချည်းပဲသက်သက်ရှိတဲ့ဗြဟ္မာ၊ ရုပ်ရော နာမ်ရော ရှိတဲ့ ဗြဟ္မာဆိုပြီး သုံးမျိုးရှိတယ်။ သူတို့တစ်တွေဟာ အကြောင်းအားလျော်စွာစုတေတော့ လူ့ပြည်ရောက်လာကြတယ်။ ဗြဟ္မာ့ပြည်ကလာတော့ ကာမဂုဏ်အာရုံက နည်းကြတယ်။ အဲ . . ပြောရဦးမယ်။ သမီးတို့ ဘုရားရှိနိုးတဲ့အခါ ရုပ်ပြစ်ရုစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဖျသသနတရားငါးပါးတို့မှာ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ စသည်ဖြင့် ဆိုကြတယ် မဟုတ်လား"

"မှန်လှပါဘုရား"

"ရုပ်ပြစ်ရုစ်ပါးကော သိကြရဲ့လား သမီးသဥ္ဇာလွင်"

"ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ဗြဟ္မာ၊ ပစ္စန္တရာဇ်အရပ်၊ အဆွံ့အအ၊ တိတ္ထိအယူရှိသူ၊ သာသနာပဖြစ်ပါတယ်ဘုရား"

"သမီးသဥ္ဇာလွင်ကို ချီးကျူးရမလိုဖြစ်နေပြီ။ အဲဒါ လူတိုင်းမသိဘူး။ ဘုရားဆီမှာ ဆုတောင်းနေကြတာပဲ။ ရုပ်ပြစ်ရုစ်ပါး မသိသူတွေ အများကြီးပဲ"

"မှန်လှပါဘုရား"

"ရုပ်ပြစ်ရုစ်ပါးထဲက ဗြဟ္မာတွေဆိုတာ ရုပ်ခန္ဓာသက်သက်ရှိတဲ့ အသညသတ်ဗြဟ္မာရယ်၊ နာမ်ခန္ဓာသက်သက်ရှိတဲ့ အရူပဗြဟ္မာရယ် ဒီနှစ်မျိုးကို ပြောတာကွယ့်။ အသညသတ် ဗြဟ္မာတွေက ရုပ်သက်သက်ပဲရှိနေတော့ နားရုပ်တော့ရှိတယ်။ ကြားစိတ်မပေါ်တော့ အသိဉာဏ်မရှိနိုင်ဘူး။ ဘယ်လိုပဲ တရားဟောဟော သူမကြားနိုင်ဘူးတဲ့။ မကြားတော့ တရားမကျင့်နိုင်ဘူး။ တရားမကျင့်တော့ တရားမရနိုင်ဘူး။ သူ့မှာ သိနိုင်တဲ့ နာမ်ဓမ္မမရှိလို့ ဆိုတာမှတ်"

"မှန်လှပါဘုရား"

"အရူပဗြဟ္မာကြီးတွေကျပြန်တော့ နာမ်သက်သက်သာရှိပြီး ရုပ်ဓမ္မ မရှိပြန်ဘူး။ သူတို့က နားရုပ်မရှိတော့ ဘယ်လိုလုပ်ပြီး ကြားနိုင်တော့မှာလည်း။ နားရှိမှ အသံကိုတိုက်လို့ရတာမဟုတ်လား။ မရှိတော့ ကြားစိတ်မပေါ်လာတော့ဘူး။ ကြားစိတ်မပေါ်တော့ သိစိတ်ဘယ်ပေါ်နိုင်ပါ့မလည်း။ ဒါဆို မသိမှမသိဘဲ တရားဘယ်လိုကျင့်မလဲ။ အဲဒါကြောင့် တရားမရနိုင်ဘူး။ တရားမရနိုင်လို့ နာမ်သက်သက်ရှိတဲ့ ဗြဟ္မာမျိုးတွေနဲ့ အရူပဗြဟ္မာမျိုးတွေကို ရုပ်ပြစ်ရုစ်ပါးထဲ ထည့်ထားတာပဲ။ သဘောပေါက်ကြရဲ့လား"

"မှန်လှပါဘုရား"

"ကဲ . . . သသသဟာဒိဋ္ဌိအကြောင်း ပြောရအောင်။ ဗြဟ္မာတွေဟာ အကြောင်းအားလျော်စွာ လူ့ပြည်ရောက်လာကြတယ်။ သူတို့တစ်တွေက ကာမဂုဏ်အာရုံကလည်း နည်းကြတော့ နောက်ကြောင်းပြန်ကြည့်ကြတယ်။ ဟား . . . ကြာလှပါလား။ တစ်ဘဝ၊ နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝနဲ့ စလိုက်တာ ဆယ်ဘဝ၊ ဘဝနှစ်ဆယ်၊ ဘဝတစ်ရာ၊ ဘဝတစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေနဲ့ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာကနေ စလိုက်တာ ကမ္ဘာလေးဆယ်ထိအောင် နောက်ကြောင်း ပြန်မြင်ကြတယ်တဲ့။ ကာမဂုဏ်အာရုံကလည်းနည်း၊ သမာဓိအားကောင်းကြတော့ နောက်ကြောင်းပြန်မြင်တာ ကမ္ဘာပေါင်း လေးဆယ်ထိဆိုပဲ။ အဲဒီမှာ ပုဂ္ဂိုလ်ကြီးက ဟိုး . . . လွန်ခဲ့တဲ့ ကမ္ဘာလေးဆယ်ကနေစပြီးတော့ ဒီကနေ့တိုင်အောင် ငါလာခဲ့တာပဲ။ ကမ္ဘာလေးဆယ်တုန်းက ငါကလေးဟာ တရွေ့ရွေ့နဲ့ ဖြတ်သန်းလာခဲ့တာ ဒီကနေ့လည်း ငါကလေးပဲ။ ဒီတော့ တွေးတယ်။ ဟိုတုန်းက ငါကလေးဟာ ဒီအထိအောင် ရောက်လာတာဆိုတော့ ငါကလေးဟာ မြဲတယ်ပေါ့။ ဟိုတုန်းက ငါကလေးဟာ ဒီကနေ့တိုင်အောင်ရှိတယ်။ ဒါဆိုရင် ငါကလေးမြဲသလို သူလည်းမြဲမှာပဲ။ အခြားခြားဥစ္စာတွေလည်း မြဲမှာပဲ။ အားလုံးပေါင်းပြောလိုက်တာက လောကကြီးတစ်ခုလုံး မြဲတယ်ပေါ့။ သူက အဲဒီလိုစပြီး တီထွင်လိုက်တာနဲ့ သူ့ပတ်ဝန်းကျင်က လူတွေကလည်း မြဲတယ်ဖြစ်ကုန်ရော။ လောကကြီးက မြဲတယ် မြဲတယ်ပေါ့။ အမှန်တကယ်မြဲလား သမီးသဥ္ဇာလွင်"

"မမြဲပါဘူးဘုရား"

"အေး . . . သသသတဒိဋ္ဌိဆိုတဲ့ အယူရှိသူတွေက နိုင်တယ်၊ မြဲတယ်လို့ ယူစွဲလိုက်ကြတယ်၊ လောကမှာ ဒီလိုမျိုးလူပုဂ္ဂိုလ်တွေ ရှိကြတယ်ကွဲ့"

"မှန်လှပါဘုရား"

"သသသတဒိဋ္ဌိပြီးတော့ ဥစ္ဆေဒဒိဋ္ဌိအကြောင်း ပြောရအောင်"

"မှန်လှပါဘုရား"

"မပြောခင် ဖျော်ရည်လေးသောက်ဦးမယ်"

စာရေးသူလည်း စားပွဲပေါ်က လိမ္မော်ရည်တစ်ခွက်ကို သောက်အပြီးမှာ -



www.burmeseclassic.com

www.burmeseclassic.com

"ပြဟ္မာ့ပြည်က လူ့ပြည်ရောက်လာတဲ့သူကပဲစတာ။ သူက ရုပ်ခြည်းသက်သက်ရှိတဲ့ ပြဟ္မာ့ပြည်က လာတာပဲ။ ပြဟ္မာသုံးမျိုးသိကြတယ်နော်"

"သိပါတယ်ဘုရား။ ရုပ်ချည်း သက်သက်ရှိတဲ့ပြဟ္မာ၊ နာမ်ချည်းသက် သက်ရှိတဲ့ပြဟ္မာ၊ ရုပ်ရောနာမ်ပါရှိတဲ့ ပြဟ္မာတွေပါဘုရား"

"ဟုတ်ပြီ သမီးစန္ဒာလွင်ရေ။ အခုဟာက ရုပ်ခြည်းသက်သက်ရှိတဲ့ ပြဟ္မာကလာတဲ့သူပဲ။ နာမ်တရားမရှိတဲ့ ပြဟ္မာပေါ့။ မြင်တယ်ဆိုတာ နာမ်ကမြင်တာလေ။ မြင်စိတ်၊ ကြားစိတ်မရှိတဲ့ ဘဝကနေ လာတာပဲ။ ရုပ်ခြည်းသက်သက်ရှိတဲ့ ပြဟ္မာ့ပြည်မှာ ကမ္ဘာနဲ့ချီပြီး နေလာခဲ့တဲ့ပုဂ္ဂိုလ်ပဲ။ အဲ . . . စတော့ လူ့ပြည်ကို ရောက်လာတယ်။ တရားအားထုတ်ပြီး နောက်ကြောင်းပြန်ကြည့်ပြန်တယ်။ ဘာမှုမမြင်ဘူး။ မမြင်ဆို ဘာမှု မမြင်တာ။ သူမြင်တာက ဒီဘဝတစ်ခုပဲမြင်တယ်။ သူနေလာခဲ့တဲ့ ပြဟ္မာက ရုတ်ခြည်းသက်သက်ရှိတဲ့ အသညသတ် ပြဟ္မာဆိုတော့ ဘာမှုမသိဘဲ ကမ္ဘာပေါင်းများစွာနေလာတာ ခုကျမှ အဲဒီစိတ်တွေနဲ့ ခုမှပြန်ကြည့်တော့ မြင်ရပါ့မလား"

"မမြင်ရပါဘူးဘုရား"

"တကယ်မြင်တာက ဒီဘဝတစ်ခုပဲ။ ဒီတော့ သူက ပါလည်း ဒီဘဝတစ်ခုပဲမြင်ရတာ။ လောကကြီးဟာ ဟိုဘက်နဲ့ဒီဘက် ဆက်စပ်တယ်ဆိုတာ မဟုတ်ဘူး။ ဒီလိုဖြစ်လာတယ်။ ဪ . . . မေ့နေလိုက်တာ။ ဥစ္ဆေဒဆိုတာ ပြတ်တယ်။ အဆက်အစပ်မရှိတဲ့ သဘောလည်းမှတ်ဦး သမီးတို့"

"မှန်လှပါဘုရား"

"တရားတော်မှာ သန္တတိ ရုပစ္စယာ ဝိညာဏဆိုထားတယ်။ သင်္ခါရဆိုတဲ့ ရှေးအတိတ်အစွမ်းသတ္တိကြောင့် ဒီဘက်ပဋိသန္ဓေကာလ ဝိညာဏ ဒီလိုအစွမ်းသတ္တိလေးတွေနဲ့ ဆက်သွယ်တယ်လို့ ပြောတယ်မဟုတ်လား"

"မှန်လှပါဘုရား"

"သူကတော့ အဲသလိုမယုံဘူး။ ဒီဘက်ဘဝမှာ ပေါ်လာတယ်။ ငါ ဒီဘက်ဘဝမှာ ပေါ်လာသလို သူများတွေလည်း ဒီလိုရှိမှာပဲ။ အတိတ်ကဥစ္စာနဲ့ ဘာမှု အဆက်အစပ်မရှိဘူး။ ဒီတော့ လောကကြီးဟာ ဟိုဘက်နဲ့ဒီဘက်နဲ့ ဆက်စပ်တယ်ဆိုတာ မဟုတ်နိုင်ဘူး။ ပြတ်တယ်တဲ့။ ပြတ်တယ်ကို ပါဠိလို ဥစ္ဆေဒယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ ဒိဋ္ဌိ ပေါင်းလိုက်တော့"

"ဥစ္ဆေဒဒိဋ္ဌိပါဘုရား"

"လောကကြီးဟာ ဟိုဘက်နဲ့ဒီဘက်နဲ့ အဆက်အစပ်ရှိတာ မဟုတ်ဘူးတဲ့။ ဘုန်းကြီးတွေကလည်းဟောတယ်။ လူကြီးတွေကလည်း ဟောတယ်။ ကောင်းကောင်းနေကြ၊ ဒါနလုပ်ကြ၊ သီလစောင့်တည်ကြလို့ ပြောတယ်။ ဟိုဘက်ဘဝကောင်းအောင်လေ့။ သူက ဒီလိုမဟုတ်ဘူး။ ဟိုဘက်နဲ့ဒီဘက်ဘာ ကျေးဇူးရှိတာမှတ်လို့၊ ဒီတစ်ဘဝတစ်ခုပဲ ပေါ်လာတယ်။ ဒီဘဝကသေပြတ်၊ နောက်ဘဝဝိဒီတာ အသစ်သပ်သပ်တည်ထောင်တာတဲ့။ ဟိုဘက်လည်း တစ်ဘဝလုံးသေပြတ်၊ တစ်ဘဝစာပဲရှိတယ်။ ဟိုဘက်ဒီဘက် ကျေးဇူးပြုတယ်ဆိုတာ မဟုတ်နိုင်ဘူးလို့ သူက ယူဆတယ်။ ပြောပါဦး သမီးစန္ဒာလွင် ကြားထဲက ပြတ်မနေဘူးလား"

"ပြတ်နေပါတယ်ဘုရား"

"အဲဒါဟုတ်လား သမီးသဥ္ဇာလွင်"

"မဟုတ်ပါဘူးဘုရား"

"အမှန်က တစ်ဘဝပြီးတစ်ဘဝ ကျေးဇူးပြုနေတာပါဘုရား"

"ဥစ္ဆေဒဒိဋ္ဌိအယူကြီးက ကြောက်စရာမကောင်းဘူးလား ဒကာမကြီး ဒေါ်ညွန့်ရီ"

"ကြောက်စရာ ကောင်းပါတယ်ဘုရား"

"ဒီအယူက မှန်လား"

"မမှန်ပါဘူး ဘုရား"

"ပြဟ္မာ့ပြည်က လာတဲ့လူက ဒီလိုစပြောတော့ လူအများကလည်း ဟုတ်တယ်၊ လောကကြီးက ပြတ်တယ် ပြတ်တယ်နဲ့ လုပ်ကြရောဆိုပါတော့။ အဲသလို ဖြစ်ကုန်ကြရောပဲ"

"မှန်လှပါဘုရား။ မိစ္ဆာဒိဋ္ဌိဆိုတာ ဟိုတုန်းက ကြားဖူးတဲ့အဆင့်ပဲရှိတယ်။ အခုဆိုရင် အတော်လေး နားလည်လာတယ်ဘုရား"

"သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအကြောင်းတွေ သဘောပေါက်တယ်ဆိုရင် ပြီးတာပဲ"

"ပေါက်ပါတယ်ဘုရား"

"ကဲ . . . နောက်ဆုံးဖြစ်တဲ့ သက္ကာယဒိဋ္ဌိအကြောင်း ပြောရင်း နားကြမယ် ဟုတ်လား"

"မှန်လှပါဘုရား"

"သက္ကာယဒိဋ္ဌိမှာ သက္ကာယ-ထင်ရှားရှိတဲ့ ရုပ်နာမ်-



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအစု၌ ဒိဋ္ဌိထင်မှတ်သောအားဖြင့် မှတ်ခြင်းယူခြင်းပဲ။ အဲဒီတော့ သက္ကာယဒိဋ္ဌိဆိုတာ ထင်ရှားသော၊ အမှန်ရှိသော ရုပ်နာမ်အပေါ်မှာ မှားသောမှတ်ခြင်း၊ သိခြင်းယူတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကြည့်လေ…တို့တစ်တွေမှာ ထင်ရှားရှိတာက ရုပ်နဲ့နာမ်ပဲ။ အကြောင်းအကျိုးထင်မြင်နေတာက ငါသူတစ်ပါး ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ထင်မြင်စွဲမှတ်နေတာ မဟုတ်လား"

"ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ရုပ်နာမ် လောက ငါထင်က၊ ယူကြသက္ကာယတဲ့။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးက တကယ်အစစ် အမှန်ရှိတဲ့တရား၊ ထင်ရှားရှိတော့ သက္ကာယပဲပေါ့။ အဲ…အဲဒီအပေါ်မှာ အမြင့်မှား၊ အထင်မှားတွေက ဒိဋ္ဌိတကယ်အစစ်ရှိတဲ့ ရုပ်နာမ်အပေါ်မှာ တကယ်အစစ်မရှိတဲ့ ပညတ်တွေတင်စားပြီး ထင်မှားတာက ဒိဋ္ဌိ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ပေါင်းတော့"

"သက္ကာယဒိဋ္ဌိပါဘုရား"

"ဒီတော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဆိုတဲ့ ဒီသုံးမျိုးအကြောင်းကို သိကြပြီနော်"

"မှန်လှပါဘုရား"

"ဒါဆိုရင် သမီးသဥ္စာလွင်ကိုမေးမယ်။ လူတွေသေပြီးရင် ရှေ့ဆက် ဖြစ်သေးတယ်။ အသက်ကလေးတွေ ရှေ့ဆက် ရှေ့ဆက်…ရှေ့ဆက်ဖြစ်သေးတယ်ဆိုရင် ဘာဒိဋ္ဌိသံနဲ့ ပြောသလဲ"

"သဿတဒိဋ္ဌိသံနဲ့ ပြောတာပါဘုရား"

"လူတွေသေပြီးရင် ရှေ့ဆက်မဖြစ်တော့ဘူး။ ပြတ်သွားတာပဲလို့ ပြောရင်ကော ဘာဒိဋ္ဌိသံနဲ့ ပြောတာလဲ"

"ဥစ္ဆေဒဟိဋ္ဌိသံနဲ့ ပြောတာပါ ဘုရား"

"သမီးသဥ္စာလွင်က အတော်မှတ်မိသားပဲ။ ဒီ ၂၀၁၅ ခု၊ ဇူလိုင်လဟာ ၁၈ ရက်ဟာ သမီးသဥ္စာလွင်မွေးနေ့နော်"

"အဲဒီနေ့မှာ မွေးနေ့လက်ဆောင်တစ်ခုခုတော့ ဆုချမယ်"

"သမီးလည်း သိပါတယ်ဘုန်းဘုန်းရဲ့"

"ငါ့သမီးတွေ ဉာဏ်ရည်ထက်မှန်း နမူသိရတယ်။ သမီးလည်း သိပါတယ်ဆိုတဲ့ စန္ဒာလွင်ရဲ့မွေးနေ့ကကော"

"သမီးက ၅-၄-၁၉၈၈ မှာ မွေးတာ ဘုန်းဘုန်း"

"ကောင်းပြီ ငါ့သမီးနှစ်ယောက်ကို မွေးနေ့လက်ဆောင်ပေးရမယ်။ ဒီသမီးလေးတွေကြောင့် ဘုန်းဘုန်း ဖုန်းကိုင်ရတာ သတိရပါတယ်"

"တပည့်တော်တို့က လှူခွင့်ကြုံလို့ လှူရတာပါဘုရား"

"ဒါလည်း ဟုတ်တာပဲ သမီးသဥ္စာလွင်။ သမီးတို့ ညီမလေး ထက်ဝါလွင်ကိုတော့ ဟိုတလောက ဓာတ်ပုံမှန်ဘောင်လေးပေးလိုက်တော့ ပျော်နေလေရဲ့။ ကလေးဆိုတော့ ဒီလိုပဲ။ ကဲ…ဟိုစကား ဒီစကားမပြောပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကစ္စာနအနွယ်ရှိတဲ့ ရဟန်းကို ဟောတဲ့ တရားလေးပြောချင်တယ်"

"မှန်လှပါဘုရား"

"ကစ္စန လောကမှာလေ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးဟာ အများအားဖြင့် ရှိတတ်ကြတယ်။ ဘယ်လိုလုပ်ပြီး သူတို့ကို ခွဲခြားသိမလဲဆိုတော့ ဟို…နိဗ္ဗာန်ဆိုတာ ဘဝတွေချုပ်ငြိမ်း ရုပ်သိမ်းကုန်တာ။ ရုပ်တွေနာမ်တွေ မရှိတော့ဘူး။ ရုပ်တွေနာမ်တွေ ချုပ်ငြိမ်းကုန်တယ်။ အဲဒီလိုတရား ဟောလိုက်ရင် သဿတဒိဋ္ဌိတွေက တွန့်သွားတယ်။ အချို့ ဥစ္ဆေဒသမားတွေက လွှန်ထွက်သွားရောပဲ။ သဿတသမားတွေက တွန့်သွားတယ်။ ဥစ္ဆေဒသမားတွေက လွှန်ထွက်သွားတယ်။ အဲဒီလို ခွဲခြားရင် ရတယ်တဲ့"

"မှန်လှပါဘုရား"

"သဿတသမားက ဘယ်လိုတွန့်သွားတယ်၊ ဥစ္ဆေဒသမားက ဘယ်လို လွှန်ထွက်သွားတယ်ဆိုတာ နောက်မှ ဟောတော့မယ်။ သမီးတို့ ဘုန်းကြီးကျောင်းကို ပန်းလာလှူတဲ့အခါ ဟောကြားရင်ကောင်းမယ်။ ဘုန်းကြီးပင်ပန်းလာတယ်။ အဲဒီအခါ ဒကာမကြီးဒေါ်ညွန့်ရီပါ လိုက်ခဲ့ရမယ်နော်"

"မှန်လှပါဘုရား"

"ဒါဆိုရင် ဒီမှာ တစ်ခန်းရပ်ကြဦးစို့"

"သာဓု သာဓု သာဓုပါ ဘုရား"

(မှတ်ချက် ။ ။ ပဲခူးမြို့ ဥဿာမြို့သစ်ရပ်က ဒကာမကြီး ဒေါ်ညွန့်ရီနှင့် သမီးသဥ္စာလွင်၊ စန္ဒာလွင်တို့အတွက် အမှတ်တရ)

အရှင်ဝိမလ

မိုဂြမ်း

ဆရာတော် ဦးယောသိတ၏ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ တရားတော်



www.burmeseclassic.com

www.burmeseclassic.com

# တော်သလင်းလပြည့်

# ဂရုစမ္မအခါတော်နေ့

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

တော်သလင်းလသို့ ရောက်ခဲ့ပြီ။

အင်းဝခေတ် ရဟန်းစာဆိုတော် အရှင်မဟာရဋ္ဌသာရ ရေးဖွဲ့သည့် 'အခါတော်ပေး မေတ္တာစာ'၌ "နယုန်နွယ်တာ၊ နံကာရေပြင်း၊ တော်သလင်းဟု သစ်ဆင်းသဘင်"ဟူ၍ တွေ့ရသည်။ သို့ဖြစ်လေရာ တော်သလင်းလသည် သစ်ဆင်းလ ဖြစ်ကြောင်း မှတ်သားရသည်။ ဆီသည်ရွာစား ဦးအောင်ကြီး၏ လူးတားတစ်ပုဒ်၌ "မြစ်တွင်းရတု၊ ပန်းလှသဘင်၊ သစ်ဆင်းရင်လျက်"ဟူ၍ တွေ့ရှိရရာ ဤတော်သလင်းလတွင် ပန်းလှသဘင်နှင့် သစ်ဆင်းပွဲများ ကျင်းပကြောင်း မှတ်သားရပါသည်။

ပန်းလှသဘင် ဆိုသ်ညကား လှေပြိုင်ပွဲကို ဆိုလိုခြင်းဖြစ်ပါသည်။ လှေပြိုင်ပွဲကို ရှေးက 'မြစ်ယံပွဲ'ဟူ၍လည်းကောင်း၊ ပန်းလှသဘင် ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။ ရှေးမြန်မာမင်းတို့သည် လှေပြိုင်ပွဲကို နှစ်သက်မြတ်နိုးစွာဖြင့် 'တော်သလင်း မြစ်တွင်းသင်ဖြူးခင်း'သည့် ကာလကို ရွေးချယ်ကျင်းပလေ့ရှိစမြဲ ဖြစ်ပါသည်။ တော်သလင်းလသည် လှိုင်းလေများ ကင်းစင်သဖြင့် ရွေးချယ်ကျင်းပခဲ့ခြင်းဖြစ်ပေသည်။ ပြည်သူပြည်သားတို့မှာလည်း ဤကန်ရာသီတော်သလင်းလ၌ လှေပြိုင်ပွဲကို ကြည့်ရှုရင်း ပျော်ရွှင်ကြည်နူးကြရသည်။

မြန်မာတို့ ရိုးရာဒလေ့အတိုင်း ပြိုင်လှေများကို အမည်အမျိုးမျိုး ပေးလေ့ရှိကြသည်။ ပုဂံခေတ် အလောင်းစည်သူမင်းမှသည် ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်တိုင်အောင် လှေပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။ အမရပူရခေတ် ကောင်းစားစဉ်အခါက ပြိုင်လှေများမှာ နာမည်ကျော်လှသည်။ ရွှေခဲလှေတော်၊ ရွှေလောင်းကြီးလှေတော် စသဖြင့် အတိတ်နိမိတ်ကောင်းသည့် နာမည်များ ပေးကြသည်။

"လောင်း ... ကနက်ကျော်၊ စကြာတော် လွှမ်းတယ်လေလေ့၊ ထက်အာကာ နန်းမှာလ၊ တိမ်တန်းတွေစီလို့၊ တိမ်နီ တိမ်ပြာ တိမ်ဝါ ဆန်းတယ်လေ့၊ တိမ်ပန်းတွေဆိုင်း ..."

အစရှိသည့် လှေတေးသံ၊ လှေချင်းသံများ စပ်ဆိုသီဖွဲ့ခဲ့ကြသည်။ တစ်သင်းနှင့်တစ်သင်း စောင်းချိတ်သီဆိုကြသည်မှာလည်း လှေစွမ်းရည်သာမက သီချင်းစွမ်းရည်ပါ ပြိုင်ယှဉ်ကြသည့် သဘောပင်ဖြစ်သည်။ တော်သလင်းလတွင် လှေပြိုင်ပွဲနှင့်အတူ သစ်ဆင်းပွဲများကိုလည်း ပြုလုပ်ကြသည်ဟု ရှေးက စာဆိုကြီးများ မှတ်သားခဲ့ကြသောကဗျာ၊ လက်ာမှတ်စုများကို တွေ့ရပါသည်။ 'သစ်ဆင်းပွဲ'ဟု ဆိုရာ၌ မြစ်ညာမှ သစ်ဝါးများကို ခုတ်ထွင်၍ မြစ်ကြောသို့ မျှောချသဖြင့် မြစ်တွင်းမှာ သစ်များဆင်းခြင်းဟု သဘောပေါက်ရပါသည်။ မင်းဇေယျရန္တမိတ်၏ မင်းရဲနရာချင်း၌ 'ပတ်လွှံ့,ပတ်လွှံ့ ရှမ်းဆော်ညှံ့လျက်၊ ကျူးပုံ့ကျူးခုန်၊ စက်အဟုန်ဖြင့်၊ ပဇ္ဇုန်မြခဲ၊ ခွင်ရေးနွဲသော်၊ ပြုမြဲသစ်ဆင်း၊ တော်သလင်းဟု၊ ငါးစင်းရော၊ ဆင်ကဖြာသား ဘာသာယဉ်သွား၊ လှော်ကားလှေလောင်း၊ ပဲပေါင်းမြူး

www.burmeseclassic.com

ဝိတ်''ဟူ၍ တွေ့ရပါသည်။

တော်သလင်းလကား လောကီရေးရာအရ ပျော်ပွဲရွှင်ပွဲများ လရာသီအလိုက် လုပ်ဆောင်ဖွယ်ရာများကို လုပ်ဆောင်ကြသကဲ့သို့ လောကုတ္တရာအရလည်း တော်သလင်းလပြည့်နေ့သည် ဝိသေသအားဖြင့် ထူးခြားလှပါသည်။ အကြောင်းမူ တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ ဖြစ်နေသောကြောင့်ပါပေ။ တော်သလင်းပြည့်နေ့ ကျရောက်ပါပက ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ဂရုဓမ္မအခါတော်နေ့ကို ကျင်းပကြလေသည်။

ဤသို့ ဂရုဓမ္မအခါတော်နေ့ ဖြစ်ပေါ်လာပုံကို တင်ပြစရာ ရှိပါသည်။

ဂေါတမဘုရားရှင် နစဉ်အခါက အိန္ဒိယနိုင်ငံ၊ ကုရုတိုင်း၌ နေထိုင်ကြသူများသည် ၎င်းတို့ကိုယ် ၎င်းတို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြဲစွာ စောင့်ထိန်းကြလေသည်။ သည့်အတွက် တိုင်းပြည်တစ်ဝှမ်းလုံး မိုးလေဝသများ မှန်ကန်ပြီး ကပ်ကြီးသုံးပါးဘေးမှ ကင်းလွတ်ကြလေသည်။

ထိုသို့ ကုရုတိုင်း၌ မိုးလေဝသကောင်းမွန်၍ မိုးရာသီရောက်လျှင် မိုးများ ရွာသွန်းဖြိုးသော်လည်း ကလိင်္ဂတိုင်းပြည်၌မူ မိုးရာသီရောက်လာသည့်တိုင်အောင် မိုးခေါင်ကာ ကပ်ကြီးသုံးပါးဘေးနှင့် ကြုံတွေ့နေကြရလေသည်။ ရှေးဘုရင်မင်းများ၏ ဓလေ့ထုံးစံအရ မိုးရွာသွန်းရလေအောင် အလှူပေးပြီး ဘုရင်မင်းမြတ်ကိုယ်တိုင် ဥပုသ်ဆောင်ဝင်၍ ဥပုသ်စောင့်သည့်တိုင်အောင် မိုးက ရွာသွန်းခြင်းမရှိပါပေ။

ဤသို့ ကုရုတိုင်းအဖို့ မိုးလေဝသ မှန်ကန်ကောင်းမွန်နေရခြင်းမှာ 'အဥ္စနဝဏ္ဏ'မည်သော ဆင်တော်ကြီးရှိနေ၍သာ မိုးရွာခြင်းဖြစ်မည်ဟု ယူဆပြီး အဆိုပါဆင်ကြီး ရရှိအောင် ကိုယ်စားလှယ်များ၊ သံတမန်များအား ရွှေတုံးရွှေခဲများပေး၍ လဲလှယ်စေ၏။ ဤတွင် ကုရုဘုရင်သည် ကလိင်္ဂတိုင်းပြည်၏ ဒုက္ခကို စာနာသနားသွားမိပြီး ကလိင်္ဂတိုင်းပြည်အဖို့ အဥ္စနဝဏ္ဏဆင်တော်ကြီး ရရှိပါမှ မိုးရွာမည်မှန်လျှင် ဆင်တော်ကြီးအား အခမဲ့ မေတ္တာလက်ဆောင်ပေးလိုက်ပါမည်ဟု ဆိုကာ မည်သည့် ရွှေတုံးရွှေခဲမျှ လက်မခံဘဲ ပေးအပ်လိုက်လေသည်။ ကလိင်္ဂတိုင်းပြည်သို့ ဆင်တော်ကြီး ရောက်လာသည့်တိုင် မိုးက မရွာ။ ခေါင်မြဲခေါင်နေဆဲပင်။

သည့်တော့မှ မိုးခေါင်ရခြင်းမှာ အဥ္စနဝဏ္ဏ ဆင်တော်နှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း၊ ကုရုတိုင်းသားတို့ ကျင့်သုံးဆောက်တည်နေကြသည့် ဂရုဓမ္မသီလကြောင့်သာ ဖြစ်ရမည်ဟု သဘောပေါက် နားလည်ပြီး အဆိုပါ တရားကို ပေးအပ်ပါရန် ကုရုတိုင်းသို့ စေလွှတ်ရပြန်သည်။

ဤသို့ ကုရုတိုင်းပြည်တစ်ပြည်လုံး ငါးပါးသီလ မြဲကြသည့်အနက် -

၁။ ရှင်ဘုရင်
၂။ ဘုရင့်မယ်တော်
၃။ မိဖုရားကြီး
၄။ အိမ်ရှေ့မင်း
၅။ ပုရောဟိတ်
၆။ မြေတိုင်းအမတ်
၇။ ရထားထိန်း
၈။ လယ်ပိုင်ရှင်
၉။ တံခါးမှူး
၁၀။ ဝင်းမှူး
၁၁။ ပြည့်တန်ဆာ စသည့် ပုဂ္ဂိုလ် ၁၁ ဦးမှာ ငါးပါးသီလအား ထူးထူးခြားခြား စောင့်ထိန်းကြ၍ ဖြစ်ကြောင်း ရွှေပြားပေါ်၌ မှတ်သားလာခဲ့ကြသည်။ ကုရုဓမ္မဟုခေါ်သော ငါးပါးသီလကို ကလိင်္ဂတိုင်းပြည်၌ ဘုရင်မှစ၍ ပြည့်တန်ဆာတိုင်အောင် အထူးစောင့်ထိန်းကြလေရာ မကြာမီမှာပင် မိုးလေဝသများ မှန်ကန်ပြီး ကပ်ကြီးသုံးပါးဘေးရန်မှ လွတ်ကင်းသွားကြလေတော့သည်။ ဂရုဓမ္မဇာတ်တော် ပေါ်ပေါက်လာရခြင်း၌ မိုးတွင်းကာလကို အခြေခံသည်မို့ တော်သလင်းလပြည့်နေ့၌ ဂရုဓမ္မအခါတော်နေ့ကို အထွတ်အမြတ်ထားကာ ငါးပါးသီလအခါတော်နေ့အဖြစ် ကျင်းပခြင်း ဖြစ်လေသည်။

သို့ဖြစ်၍ တော်သလင်းလပြည့်နေ့၊ ဂရုဓမ္မအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တိုင်း ငါးပါးသီလကို အထွတ်အမြတ်ထားရှိရန် နှိုးပင့်နေပါသတည်း။

**တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)**



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်

ရဲ့

# ၂၀၁၆ မျှောက်နှစ် ၁၂ လရာသီဖွားများအတွက် တစ်လချင်းစီအဟော

## ဩဂုတ်လ

■ ဦးတိုး(တက္ကသိုလ)

*(ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ဟောပြောထားသည်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကိုရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။)*

### မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)
### ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်

သင်သည် ငွေရေးကြေးရေးအတွက် ခေါင်းခဲစရာရှိနေသည်။ သင့်ထံမှ ငွေချေးထားသူများမှ ပြန်မဆပ်ဘဲနေကြလိမ့်မည်။ သင်၏ ပိုက်ဆံအိတ်၊ မိုဘိုင်းဖုန်းနှင့် အဖိုးတန်ပစ္စည်းများ ပျောက်ရတတ်သဖြင့် သတိပြုနေပါ။ သင်၏ လုပ်ငန်းခွင်တည်ဆောက်မှု ပြောင်းလဲလာနိုင်သဖြင့် သင့်အပေါ် အနည်းငယ် ထိခိုက်လာမည်ဖြစ်သည်။ သို့သော်ငြားလည်း ညည်းညူမနေဘဲနှင့် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟုသာ ယူဆလိုက်ပါ။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)
### ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်

အလုပ်လုပ်ရသည်မှာ စိတ်မောလူမော ဖြစ်စေသော်လည်း အကျိုးအမြတ်ရှိနေမည်။ သင့်တွင် စေ့စပ်ဆွေးနွေး ညှိနှိုင်းရမည့် တစ်စုံတစ်ရာရှိနေသည်။ သို့တည်းမဟုတ် ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုရပါလိမ့်မည်။ ထိုသို့လုပ်ဆောင်ရန် ရှိနေပါက လကုန်ပိုင်းလောက်တွင်မှ ဆောင်ရွက်လိုက်ပါ။ သင်၏ ချစ်မေတ္တာရေးတွင် အနည်းငယ် တောက်ပြောင်အောင်လုပ်၍ အနည်းငယ်ခန့် ပြောင်းလဲမှုလုပ်လိုက်ပါ။


### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)
### မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်

အလုပ်တွင် ပင်ပင်ပန်းပန်းလုပ်ကိုင်ရသော်လည်း အကျိုးရလဒ် ကောင်းမည်။ စေ့စပ်ဆွေးနွေး ညှိနှိုင်းလင့်ကစား အောင်မြင်မှုရမည်မဟုတ်ပါ။ တစ်စုံတစ်ယောက်မှ သင့်အား ငွေရေးကြေးရေး အကူအညီပေးရန် တောင်းခံလာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



**မိဿရာသီဖွား (သိုးထီးရုပ်) (Aries)**

**ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်**

သင်သည် အလုပ်တွင် ပိုမိုကျွမ်းကျင်မှုရှိလာမည်။ သင်၏ အလားအလာကောင်းနေမှုအား သက်သေထူပြရန် စီမံချက်သစ်တစ်ခု စတင်လုပ်ဆောင်ရန် အချိန်ကောင်းဖြစ်သည်။ စီးပွားရေးဆောင်ရွက်နေကြသူများမှ အမြတ်ထုတ်မည်ဟု သင့်အပေါ် မြင်နေလိမ့်မည်။

**ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)**

**မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်**

သင်၏လုပ်ငန်းခွင်တွင် ပိုမိုသတ္တကောင်းနေမည်။ သို့သော်ငြားလည်း သင့်၏ လက်အောက်ငယ်သားများအတွက် ခေါင်းကိုက်စရာများ ရှိလာမည်။ စတော့ရှယ်ယာမှနေ၍ အထူးသဖြင့် ငွေအမြောက်အမြား ဝင်လာလိမ့်မည်။ တစ်ကိုယ်တည်းသမားများသည် ဆွဲဆောင်မှုရှိနေမည့် လတစ်လဖြစ်ပြီး ချစ်သူတစ်ဦးကို လွှဲပြောင်းလက်ခံရရှိတတ်သည်။ အိမ်ထောင်ရှင်များအနေဖြင့် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ရလိမ့်မည်။

**မေထုန်ရာသီဖွား (အမြွှာရုပ်) (Gemini)**

**ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်**

သင်၏လုပ်ငန်းခွင်တွင် အခက်အခဲ အတားအဆီးများရှိပြီး သင့်ထက်အသက်ကြီးသူတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက်များဖြင့် ပဋိပက္ခကြုံရတတ်သည်။ မျှိုသိပ်မထားနိုင်ရလောက်အောင် စိတ်ခံစားမှုမဖြစ်သင့်ဘဲ လွှန်လွှန်ကဲကဲ ခွန်အားမသုံးသင့်ပေ။ သို့တည်းမဟုတ်ပါက သင်၏ စီမံကိန်းကြီး ပြိုလဲသွားပါလိမ့်မည်။ မနာလိုဝန်တိုမှုကြောင့် ကွဲပြဲကြရလိမ့်မည်။

**ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)**

**ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်**

ယခုလဆန်းမှစ၍ လလယ်လောက်အထိ စီးပွားရေးကိစ္စ ပြောဆိုခဲ့ကြရင်း နောက်ဆုံးတွင် အောင်မြင်မှုကို ရရှိမည်။ လုပ်ငန်းခွင်တွင် စဉ်းစားရာ၌ မြန်ဆန်သူဖြစ်သောကြောင့် သင်၏ သူဌေးများထံမှ ယုံကြည်ကိုးစားမှုကို ရရှိမည်။ သင်၏နောက်ကျောကို သတိပြုနေပါ။ သင်နှင့် ယှဉ်ပြိုင်နေကြသူများမှ သင့်အား ထောင်ချောက်ဆင်ခြင်း ခံရတတ်သည်။

**သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)**

**ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်**

သင်အလုပ်ကို ကြိုးစားလုပ်ဆောင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလုပ်အများကြီး ရှိနေသောကြောင့် ဖြစ်သည့်အပြင် ယှဉ်ပြိုင်သူ အများအပြားရှိနေသောကြောင့်လည်း ဖြစ်သည်။ သင်၏လုပ်ငန်းဘဝသည် ထင်ပေါ်မှုရှိပြီး သင့်အား လစာမြှင့်တင်ပေးရန် ထည့်သွင်း





www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားပေလိမ့်မည်။ တစ်ကိုယ်တည်းသမားများသည် သူတို့အား ချစ်မေတ္တာသက်ဝင်နေကြောင်း ဖွင့်ဟဝန်ခံလိမ့်မည်။ ချစ်မေတ္တာသက်ဝင်နေကြပြီးသူများသည် လက်ထပ်ထိမ်းမြားခွင့် ကြုံလာပါလိမ့်မည်။



## ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်


သင်၏ လုပ်ငန်းသည် ဆက်လက်အဆင်ပြေနေမည်။ သင့်အိတ်ထောင်ထဲသို့ ပိုက်ဆံတွေ အများကြီးဝင်လာလိမ့်မည်။ ချစ်ရေးချစ်ရာတွင် စန်းပွင့်နေမည်။ တစ်ကိုယ်တည်းသမားများ အံ့သြစရာကောင်းလောက်အောင် ချစ်ကြောင်း။ ကြိုက်ကြောင်း ပြောလာပါလိမ့်မည်။ သင်၏ လက်ချောင်းပေါ်တွင် လက်စွပ်တစ်ကွင်း ဝတ်ဆင်ရန် အချိန်ကျနေပါပြီ။

## ပြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)
## နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

အတူတူလုပ်နေကြသော အလုပ်သမားများနှင့် ပဋိပက္ခမှု ကြုံရတတ်၍ သင်၏သူဌေးမှလည်း ရှောင်လွှဲရန် ခက်ခဲလိမ့်မည်။ သင်၏ဒေါသကို မျိုသိပ်ထားသည်မှာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။ သင်သည် ဝင်ငွေရှာရသည်တွင် တော်သကဲ့သို့ သုံးစွဲရာတွင်လည်း တော်သူဖြစ်ပါသည်။ အိမ်ထောင်ရှင်များအနေဖြင့် အသေးအဖွဲ့ကိစ္စရပ်များအပေါ် စကားများရန်ဖြစ်ကြရတတ်သည်။ တစ်ကိုယ်တည်းသမားများသည် လေထဲတွင် တိုက်အိမ်ဆောက်နေရဦးမည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)
## အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

အဆက်အသွယ်ပြတ်တောက်မှုကြောင့် သင့်လုပ်ငန်းခွင်တွင် နားလည်မှုလွဲသည့် ရလဒ်များ ရှိလာတတ်သည်။ အလုပ်သစ်တစ်ခုမှ ကမ်းလှမ်းလာတတ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းလိမ့်မည်။ ရွေးချယ်စရာများ ရောက်ရှိလာမည်ဖြစ်သော်လည်း သင်၏စကားအပြောအဆိုကို ဆင်ခြင်ပါ။ အိမ်ထောင်ရှင်များ နှလုံးသားလေလွင့်မှုများဖြင့် ကြုံတွေ့ရတတ်ပြီး အငယ်လေးများနှင့်လည်း ကြုံရဆုံရတတ်သည်။



## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်) (Sagittarius)
## ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

မဆုံးနိုင်သည့် ပဋိပက္ခမှုများမှာ သင်၏ ငွတ်တရွတ်နိုင်မှုကြောင့် ဖြစ်ပေလိမ့်မည်။ တစ်ကိုယ်တည်း အောင်မြင်မှုရရှိရန် ခက်ခဲမည်ဖြစ်ကြောင်း မမေ့ပါနှင့်။ ယခုလတွင် သင်သည် အသေးအဖွဲ့ပစ္စည်းလေးများအပေါ် ကုန်ကျနေမည်ဖြစ်သော်လည်း သင့်တွင် ငွေလုံးငွေရင်း ရှိနေပါဦးမည်။ သင်၏ ချစ်မေတ္တာရေးမှာလည်း စန်းပွင့်လျက် စိုပြည်နေပေလိမ့်မည်။

ဦးတိုး(တက္ကသိုလ)

*Reference:*
**BKK Post, Life-Feature Khatha Chinnabanchorn ၏ Here's what awaits in 2016.**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## တ ရု တ် နှ စ် မွေ း သူ မျာ း အ တွ က်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ရှီးရာကန်တော့ပွဲ၊ ဆုတောင်းပွဲများ ပြုလုပ်နိုင်ပါသည်။ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ခရီးထွက်သင့်၏။ ၂၅ ရက်နေ့တွင် မိတ်ဆုံနိုင်၏။ လက်ထပ်ထိမ်းမြားနိုင်၏။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးရှိမည်။ မိတ်ဆုံပေးပါ။ မိမိ၏ နေအိမ်ခြံဝင်း သန့်ရှင်းမှုလုပ်နိုင်ပါသည်။ ကောင်း၏။ အနောက်ဘက်ခရီးအကျိုးထူးရှိမည်။ သွားပါ။

### ရှောင်ကြဉ်ရန်အချက်များ

ယခုလတွင် စီးပွားရေးလုပ်လျှင် နဂါးနှစ်မွေးသူနှင့် ဖက်စပ်တွဲဖက် မလုပ်ကိုင်ရ။ အကျိုးရှိမည်မဟုတ်ပါ။ အကျိုးဆုံးယုတ်တတ်၏။ သတိထားပါ။ အရှေ့ဘက်သို့ ခရီးမထွက်ရ။ ဘေးအန္တရာယ်များလှလေသည်။ ဧပြီလတွင် ကံနိမ့်နေ၏။ ဈေးဆိုင်သစ်၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းသစ် မတည်ထောင်ကြရ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရှီးရာကန်တော့ပွဲ ဆုတောင်းပွဲ လုပ်နိုင်၏။ ခရီးထွက်နိုင်၏။ စက်တင်ဘာလ ၂ ရက်၊ ၁၄ ရက်နေ့ ၂၆ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ မိတ်ဆုံနိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်လျှင် ကောင်း၏။ ၂၆ ရက်နေ့တွင် ပြောင်းရွှေ့ပါလေ။ မြောက်ဘက်သို့ ခရီးထွက်သင့်၏။

### ရှောင်ကြဉ်ရန်အချက်များ

ယခုလတွင် မြွေနှစ်မွေးသူနှင့် စီးပွားရေး ဖက်စပ်တွဲဖက် မလုပ်ကိုင်ကြပါ။ အကျိုးရှိမည်မဟုတ်ပါ။ တောင်ဘက်သို့ ခရီးမထွက်ကြရ။ အကျိုးယုတ်တတ်ပါ၏။ ဩဂုတ်လနှင့် ဒီဇင်ဘာလတွင် ကံအလွန်နိမ့်ကျနေတတ်သဖြင့် စီးပွားရေးလုပ်ငန်း မတည်ထောင်ရ။ ဈေးဆိုင်သစ် မတည်ရ။ ရှောင်ရ။ တောင်ဘက်ခရီးကို လုံးဝရှောင်ရှားပါလေ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရှီးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲများ ပြုလုပ်နိုင်ပါသည်။ လမ်းရှင်း၊ တံတားခင်း ပြုလုပ်နိုင်၏။ အိမ်ပြင်ဆင်နိုင်၏။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မိတ်ဆုံနိုင်လေသည်။ စက်တင်ဘာလ ၆ ရက်၊ ၁၅ ရက်နှင့် ၂၇ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

မြင်းနှစ်မွေးသူနှင့် စီးပွားရေး ဖက်စပ်ပူးတွဲ မလုပ်ကိုင်ရ။ ရှုံးနိမ့်တတ်လေသည်။ ၆ ရက်နေ့တွင် တောင်ဘက်သို့ မသွားရ။ ၁၅ ရက်နေ့တွင် အနောက်ဘက်တွင် စီးပွားမရှာကြရ။ ၂၇ ရက်နေ့၌ မြောက်ဘက်သို့ ခရီးမထွက်ရ။ ဘေးအန္တရာယ်ဒုက္ခများ ကြုံတွေ့ရတတ်၏။ သတိနှင့် ဆင်ခြင်ပါ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ရှောင်ပါလေ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံကောင်းနေ၏။ တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ သားကောင်များ ရရှိပါလိမ့်မည်။ စိုက်ပျိုးရေးလုပ်ငန်း အကျိုးပေးမည်။ လုပ်ပါ။ မိတ်ဆုံနိုင်လျှင် အကျိုးရှိမည်။ ခရီးထွက်ပေးပါ။ စက်တင်ဘာလ ၄ ရက်နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။ ကောင်း၏။

### ရှောင်ကြဉ်ရန်အချက်များ

ယခုလတွင် သင်စီးပွားရေးလုပ်လျှင် ဆိတ်နှစ်မွေးသူနှင့် စီးပွားရေးကိစ္စ ပူးပေါင်းမလုပ်ပါနှင့်။ အရေးရှုံးနိမ့်တတ်ပါသည်။ အရှေ့အရပ်၊ တောင်အရပ်နှင့် အရှေ့တောင်အရပ်သို့ မသွားနှင့်။ စီးပွားရေးမရှာရ။ အရှုံးပေါ်ပေါက်ပါလိမ့်မည်။ စေ့စပ်နိုင်ပါသော်ငြား လက်ထပ်ထိမ်းမြားခြင်း မပြုရ။ ခဏခေတ္တဆိုင်းပါဦး။ မရွှေ့ဆိုင်းနိုင်လျှင်၊ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ ထို့ပြင် ဈေးဆိုင်သစ် တည်ခြင်း၊ ဖွင့်ခြင်းတို့ကိုလည်း ခဏဆိုင်းပါဦးလေ။ တောင်ဘက်ခရီးကို လုံးဝရှောင်ရှားပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်္ကာနိမ့်နေရာ၏။ ကုသိုလ်ကောင်းမှုများများလုပ်ပေးပါ။ စီးပွားရေးခဏခေတ္တ အနားထားပြီး ဘာသာရေးကိစ္စဆောင်ရွက်ပေးရမည်။ ဘုန်းတော်ကြီးဆွမ်းကျွေးပါ။ အလှူအတန်းများများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

မျောက်နှစ်မွေးသူနှင့် စီးပွားရေး ဖက်စပ်ပူးတွဲ မလုပ်ကိုင်ကြရ။ ရှောင်နိုင်လေ အကျိုးရှိလေ။ ယခုလ ၅ ရက်နေ့တွင် အရှေ့အရပ်သို့ရှောင်ပါ။ ၁၇ ရက်နေ့၌ တောင်အရပ်သို့ မထွက်ရ။ ၂၉ ရက်နေ့တွင် အရှေ့တောင်အရပ်သို့ စီးပွားရေးမရှာရ။ ဘေးအန္တရာယ်များတတ်လေသည်။,

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာပူဇော်ပွဲ၊ ဆုတောင်းပွဲ လုပ်နိုင်၏။ စေ့စပ်နိုင်၏။ ဤလ ၆ ရက်နေ့ တစ်ရက်တည်းသာ နေ့ကောင်းနေ့မြတ် ဖြစ်ပါသည်။ ဘုန်းကြီးဆွမ်းကျွေးပါ။ အလှူအတန်းများများ လုပ်ပေးပါ။ ပိုမိုကံမြင့်လာဖွယ်ရှိ၏။ ကြက်နှစ်မွေးသူမှလွဲ၍ ကျန်နှစ်မွေးသူ ကျန်နေ့နံများနှင့် စီးပွားရေးဖက်စပ်လုပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ကြက်နှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေး ဖက်စပ်လုပ်လျှင် အရှုံးပေါ်နိုင်၏။ စေ့စပ်နိုင်သော်လည်း လက်ထပ်ခြင်းကို ရွှေ့ဆိုင်းထားပါ။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ သတိနှင့် ဆင်ခြင်နိုင်ပါစေ။ စက်တင်ဘာလ ၆ ရက်နေ့မှတစ်ပါး ကျန်ရက်နေ့များတွင် ခရီးထွက်လျှင် ကံဆိုးမိုးမှောင်ကျနိုင်သဖြင့် အထူးသတိနှင့်ဆင်ခြင်ပါ။ ထို့ပြင် ရေတွင်း၊ ရေကန် မတူးဖော်ရ။ အိမ်နှင့် ဗီးဗိုဆောင် မပြုပြင်ရ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်လေသည်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ သင်တန်းတစ်ခုခုတက်ပါ။ အကျိုးရှိ၏။ ထူးထူးချွန်ချွန် အောင်မြင်ဖွယ်ရှိ၏။ ငွေပိုရှိလျှင် ထုတ်ချေးပါ။ အကျိုးအမြတ်ရှိ၏။ အိပ်ရာနှင့်အလုပ် ပြောင်းရွှေ့လျှင် အကျိုးထူးမှုရှိမည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အိမ်ရွှေ့နိုင်ပါသည်။ အလုပ်သစ်ရှာနိုင်၊ လက်ခံနိုင်ပါသည်။ တစ်ရွာမပြောင်း မကောင်းစားနိုင်ပါချေ။ မြန်မြန်သာပြောင်းပါ။ ရွှေ့ပါ။ တောင်အရပ်၊ အရှေ့တောင်အရပ်သို့ စီးပွားရှာပါလေ။ ပြောင်းရွှေ့ပါ။

## ရှောင်ကြဉ်ရန်အချက်များ

ခွေးနှစ်မွေးသူနှင့် မပေါင်းနှင့်။ စီးပွားရေး ဖက်စပ်မလုပ်ပါနှင့်။ ကြီးပွားမည်မဟုတ်ပါ။ အကျိုးယုတ်တတ်၏။ မြောက်အရပ်၊ အနောက်အရပ်သို့ ခရီးမထွက်ကောင်း။ ဘေးအန္တရာယ်များလှလေသည်။ အထူးသတိနှင့် ရှောင်ကြဉ်ရမည်။ မရှောင်ကြဉ်နိုင်လျှင် ကံဆိုးမိုးမှောင်ကျတတ်၏။ ကြပ်ကြပ်ရှောင်နိုင်ပါစေ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးမှုရှိမည်။ ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ လုပ်နိုင်၏။ ဝက်နှစ်မွေးသူနှင့် မပေါင်းရ။ စီးပွားရေး ဖက်စပ်မလုပ်ရ။ အကျိုးမဲ့ဖြစ်တတ်၏။ အရှုံးပေါ်မည်။ သတိနှင့်ဆင်ခြင်ပါ။ အရှေ့တောင်အရပ်၊ အနောက်အရပ်သို့ စီးပွားရှာပါ။ အကျိုးထူးမှုရှိမည်။ သွားသာသွားပါလေ။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ဝက်နှစ်မွေးသူကို ကြပ်ကြပ်ရှောင်ပါလေ။ ခရီးထွက်နိုင်ပါသော်လည်း အရှေ့အရပ်သို့သော်လည်းကောင်း၊ အရှေ့မြောက်အရပ်သို့လည်းကောင်း ခရီးမထွက်ရ။ စီးပွားလည်း မရှာကြရ။ ရှုံးနိမ့်တတ်လေသည်။ အချည်းနှီးဖြစ်တတ်သဖြင့် အထူးသတိနှင့် မရရအောင် ရှောင်ပါ။ ရေကြောင်းခရီးနှင့် လေကြောင်းခရီးတို့ကို ရှောင်ပါ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ပါနှင့်ဦး။ ခဏခေတ္တရွှေ့ဆိုင်းပါဦး။ ဈေးဆိုင်သစ်မတည်ရ။ မဖွင့်ရ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲလုပ်ပါ။ လက်ထပ်ထိမ်းမြားနိုင်၏။

www.burmeseclassic.com

စက်တင်ဘာလ ၉ ရက်နေ့ တစ်နေ့တည်းသာ ရက်ကောင်း ဖြစ်ပါသည်။ အရှေ့တောင်အရပ်သို့သော်လည်းကောင်း၊ အနောက်စူးစူးအရပ်သို့သော်လည်းကောင်း ခရီးထွက်နိုင်၏။ စီးပွားရှာနိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးထူးမှ ရှိမည်။ တွေးမနေနှင့်၊ ဝေးမနေပါနှင့်။ လုပ်သာလုပ်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

ကြွက်နှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေး ဖက်စပ်ပူးတွဲ မလုပ်ရ။ ရှုံးနိမ့်တတ်လေသည်။ ကြပ်ကြပ် ရှောင်နိုင်လေ အကျိုးရှိလေ ဖြစ်သည်။ အရှေ့အရပ်သို့သော် လည်းကောင်း၊ မြောက်အရပ်သို့သော်လည်းကောင်း၊ တောင် အရပ်သို့သော်လည်းကောင်း ခရီးမထွက်ရ။ ရေကြောင်းခရီး မသွားကြရ။ လေယာဉ်ဘော်မစီးကြရ။ သတိထားပါလေ။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်တန်းတစ်ခုခု တက်ဖြစ်အောင်တက်ပါ။ အကျိုး ထူးရှိပါလိမ့်မည်။ ထူးချွန်မည်။ ဂုဏ်ထူးတက်မည်။ မိတ်ဆုံ ပေးပါ။ အကျိုးရှိပါသည်။ စက်တင်ဘာလ ၁၀ ရက်နေ့ နှင့် ၂၂ ရက်နေ့များသည် ရက်ကောင်းရက်မြတ်ဖြစ်ပါသည်။ ထိုရက်နေ့များတွင် ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ ရေကြောင်းခရီးထွက်ပါ။ ကောင်း၏။ ဘေး ကင်းရန်ကင်းလေသည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်သော်လည်း လေကြောင်းခရီးကို ရှောင် နိုင်လေ အကျိုးရှိလေဖြစ်သည်။ အနောက်အရပ်သို့သော် လည်းကောင်း၊ တောင်အရပ်သို့သော်လည်းကောင်း ခရီး မထွက်ရ။ စီးပွားမရှာရ။ စီးပွားရှာလျှင် အကျိုးယုတ်တတ် သေသည်။ ငွေထုတ်မချေးရ။ အလိမ်ခံရမည်။ စေ့စပ်ခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းတို့ကို ရှောင်ကြရပါမည်။ ထို့ပြင် ဈေးဆိုင်သစ်မတည်ရ၊ မဖွင့်ရ။ အရှုံးပေါ်တတ်လေသည်။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ အနောက်အရပ်သို့သော်လည်း ကောင်း၊ မြောက်အရပ်သို့သော်လည်းကောင်း ခရီးထွက်ပါ။ ကောင်း၏။ အိမ်ပြင်ဆင်နိုင်၏။ မီးဖိုဆောင်လည်း ပြင်ဆင် နိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ ကုမ္ပဏီ၊ စီးပွား ရေးလုပ်ငန်းသစ်လုပ်လျှင် စက်တင်ဘာလ ၁၁ ရက်နေ့မှာ နေ့ကောင်းနေ့မြတ် ဖြစ်ပါသည်။ လုပ်ဖြစ်အောင်လုပ်ပါလေ။

## ရှောင်ကြဉ်ရန်အချက်များ

ကျားနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေး ဖက်စပ် မလုပ်ကြရ။ အထူးရှောင်ပါ။ ရှောင်ကြဉ်နိုင်လေ ကောင်းလေ ဖြစ်၏။ ခရီးထွက်နိုင်သော်လည်း ရေကြောင်းခရီးကို ရှောင် ပါ။ လေယာဉ်ဘော်မစီးကြရ။ အထူးရှောင်ကြဉ်ရလေသည်။ အရှေ့အရပ်သို့သော်လည်းကောင်း၊ တောင်အရပ်သို့သော် လည်းကောင်း မသွားရ။ စီးပွားရေးမရှာကြရ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သစ်အရောင်းအဝယ်လုပ်ငန်း၊ ထင်းခုတ်သစ်ခွဲလုပ် ငန်း၊ သစ်ဖောင်မျှောခြင်းလုပ်ငန်း လုပ်နိုင်၏။ လုပ်လျှင် ကြီးပွားမည်။ နိုင်ငံခြားကုန်သွယ်ရေးလုပ်ပါ။ အထူးအကျိုး ရှိလေမည် ဖြစ်သည်။ နေအိမ်ခြံဝန်း သန့်ရှင်းရေးလုပ်ပါ။ ကောင်း၏။ ဘေးရန်ကင်းရှင်းမည်။ မကောင်းဆိုးဝါး ကင်း ရှင်းမည်။ ခရီးထွက်၊ စီးပွားရှာလျှင် မြောက်အရပ်သို့သော် လည်းကောင်း၊ အရှေ့အရပ်သို့သော်လည်းကောင်း သွားပါ။ အကျိုးများလေသည်။

## ရှောင်ကြဉ်ရန်အချက်များ

ယုန်နှစ်မွေးသူများနှင့် မပေါင်းကြရ။ စီးပွားရေး မလုပ်ရ။ အကျိုးပေးမည်မဟုတ်ပါ။ တောင်အရပ်သို့သော် လည်းကောင်း၊ အနောက်အရပ်သို့သော်လည်းကောင်း ခရီး မသွားရ။ စီးပွားရေးမရှာရ။ အထူးကြပ်ကြပ်ရှောင်နိုင်လေ ကောင်းလေဖြစ်သည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ၂၀၁၆ ခုနှစ်၊
တရုတ်မျောက်နှစ်၊ ဆရာကြီးမစ္စတာလင်ကြင်း
(ခေါ်) လီကော့ကျူ Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈-ခုနှစ်၊ ဝါခေါင်လ - တော်သလင်းလ

## 2016 SEPTEMBER

| | | |
|---|---|---|
| ကြာသပတေး Thursday | 1 ● ဝါခေါင်လကွယ် | |
| သောကြာ Friday | 2 ၁ အမြိတ္တစုတ်ရက် | |
| စနေ Saturday | 3 ၂ ရက်ရာဇာ | |
| တနင်္ဂနွေ Sunday | 4 ၃ | 18 ၂ မဟာရက်ကြမ်း |
| တနင်္လာ Monday | 5 ၄ | 19 ၃ အမြိတ္တစုတ်ရက် |
| အင်္ဂါ Tuesday | 6 ၅ | 20 ၄ |
| ဗုဒ္ဓဟူး Wednesday | 7 ၆ | 21 ၅ |
| ကြာသပတေး Thursday | 8 ၇ ရက်ရာဇာ | 22 ၆ ရက်ရာဇာ |
| သောကြာ Friday | 9 ၈ | 23 ၇ |
| စနေ Saturday | 10 ၉ ရက်ရာဇာ | 24 ၈ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 11 ၁၀ | 25 ၉ |
| တနင်္လာ Monday | 12 ၁၁ | 26 ၁၀ |
| အင်္ဂါ Tuesday | 13 ၁၂ | 27 ၁၁ |
| ဗုဒ္ဓဟူး Wednesday | 14 ၁၃ | 28 ၁၂ |
| ကြာသပတေး Thursday | 15 ၁၄ ရက်ရာဇာ | 29 ၁၃ ရက်ရာဇာ |
| သောကြာ Friday | 16 (၁၅) တော်သလင်းလပြည့် | 30 ၁၄ |
| စနေ Saturday | 17 ၁ ရက်ရာဇာ | |



၁. ၉. ၂၀၁၆    စန်းပြောင်းရက်စွဲ    ၁၆. ၉. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၉. ၂၀၁၆ သောကြာနေ့ ည ၇ နာရီ ၂၁ မိနစ်တွင် ကန်ရာသီသို့ပြောင်းသည်။

အင်္ဂါသည် - ၁၈. ၉. ၂၀၁၆ တနင်္ဂနွေနေ့ နံနက် ၇ နာရီ ၆ မိနစ်တွင် နေ့ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၉. ၉. ၂၀၁၆ သောကြာနေ့ ည ၇ နာရီ ၂၀ မိနစ်တွင် ကန်ရာသီသို့ပြောင်းသည်။

သောကြာသည် - ၁၉. ၉. ၂၀၁၆ တနင်္လာနေ့ နံနက် ၀ နာရီ ၄၆ မိနစ်တွင် တူရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် မနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၁၄. ၉. ၂၀၁၆)ဗုဒ္ဓဟူးနေ့၊ နံနက် ၁၁ နာရီ ၂ မိနစ် ၂၃ စက္ကန့်။

(၂. ၉. ၂၀၁၆)ရက်နှင့် (၁၉. ၉. ၂၀၁၆)ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

***တနင်္ဂနွေသားသမီးသည်*** မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

***တနင်္လာသားသမီးသည်*** အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

***အင်္ဂါသားသမီးသည်*** အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီးသည်*** အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

***ကြာသပတေးသားသမီးသည်*** အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

***သောကြာသားသမီးသည်*** အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

***စနေသားသမီးသည်*** တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

**မဟာဒိဗ္ဗကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

စက်တင်ဘာလ (၆)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၃)၊ (၂၇)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

စက်တင်ဘာလ (၈)၊ (၉)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၁၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၅)၊ (၆)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

စက်တင်ဘာလ (၄)၊ (၅)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၉)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

စက်တင်ဘာလ (၄)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၅)၊ (၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၇) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

သို့ဖြစ်၍ စက်တင်ဘာလအတွင်း၌ မိမိတို့မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် ဘိုးတက်ကြီးပွားအောင် ကြံစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

■ မဟာဒိဗ္ဗကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

နေမျိုးထွဋ်ခေါင်

၁။ စက်တင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၂၁)၊ (၂၆) စသောရက် များသည် "နန္ဒာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ၊ကျောင်း၊ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်း များကို လုပ်ကိုင်နိုင်ပါသည်။

၂။ စက်တင်ဘာလ (၂)၊ (၈)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ စက်တင်ဘာလ (၃)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ စက်တင်ဘာလ (၄)၊ (၁၀)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်၊ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ့ကျင့်ထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ စက်တင်ဘာလ (၅)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ စက်တင်ဘာလ (၂) နှင့် (၁၉) ရက်တို့သည် "အမြိတ္တစုတ်"တွင် ကျရောက်လေရာ မည်သည့် အနှောင့်အယှက်၊ အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ စက်တင်ဘာလ (၃)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) စသော ရက်များသည် "ရက်ရာဇာ"တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်ရွယ်ကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးရာကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ စက်တင်ဘာလ (၃)၊ (၄)၊ (၅)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၉) ကျရောက်သော ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူး ခိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ စက်တင်ဘာလ (၂)၊ (၁၂)၊ (၁၇)၊ (၂၅)၊ (၃၀) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးခြင်းနှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ စက်တင်ဘာလ (၂)၊ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅) ကျရောက်သော ရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း။ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း။ ပေါင်းပင်၊ ချုံနွယ် အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း။ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း ဥ၊ အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ စက်တင်ဘာလ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၂)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များ၌ သီးနှံမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

● တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

အနုပညာလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ လက်ထပ်မင်္ဂလာကိစ္စများ ဆောင်ရွက်ရတတ်သည်။ ပညာရေးအဆင်ပြေမည်။ ရည်မှန်းချက် ကြီးမားသည်နှင့်အမျှ ပေါက်ရောက်အောင်မြင်လိမ့်မည်။ ငွေချေးလုပ်ငန်းများ၊ အပေါင်ခံသောလုပ်ငန်းများ အကျိုးပေးပါလိမ့်မည်။ ဦးလေး၊ ဦးကြီးတို့အတွက် စိတ်သောကရောက်ရတတ်သည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင်သွားရောက်ရတတ်သည်။ ဂုဏ်ထူး၊ ရာထူးများ ရရှိမည်။ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်ရတတ်သည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ သည်းခြေဖောက်ပြန်သောရောဂါများ ခံစားရတတ်သည်။ အိမ်နီးနားချင်းများနှင့် စကားအပြောအဆို ရှိမည်။ ဖခင်ထံမှ အမွေပစ္စည်းများ (သို့မဟုတ်) ငွေကြေးများ ရရှိတတ်သည်။ မျက်စိအားနည်း၍ ဒီဂရီတိုးရတတ်သည်။ ခရီးသွားရင်း ပြဿနာတစ်စုံတစ်ရာ တက်ရတတ်သည်။ လူကြီးသူမများ၏ ချီးကျူးဂုဏ်ပြုခြင်းကို ခံရတတ်သည်။ အိမ်မြေကိစ္စများ အောင်မြင်မည်။ ဝင်လာသမျှ ပြန်ထွက်သွားတတ်သည်။

မိတ်ဆွေများ၏ ကူညီဆောင်မမှုကြောင့် ရည်မှန်းထားသော ကိစ္စများ အောင်မြင်လိမ့်မည်။ ဘာသာရေးကိစ္စရပ်များကို ဆောင်ရွက်ရတတ်သည်။ အလုပ်လုပ်ကိုင်ရာ၌ ရာထူးအဆင့်အတန်း မြင့်မား၍ ထင်ပေါ်ကျော်ကြားမှု ရရှိတတ်သည်။ အဖိုးတန်ဥစ္စာပစ္စည်းများ ရရှိတတ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အကျိုးအမြတ်ရတတ်သည်။ ဖခင်ဖြစ်သူ၏ ကျန်းမာရေးညံ့တတ်သည်။ အစာများ၊ ဆေးများ ဖြစ်တတ်သည်၊ တစ်ပါးသူ တစ်ဦးဦးအား အယုံလွယ်၍ စာချုပ်စာတမ်းဖြင့် မဟုတ်ဘဲ ငွေချေးငှားပါက ဆုံးရှုံးတတ်သည်။ အမှုအခင်း ဖြစ်ပါက အမှုတာရှည်တတ်သည်။

လုပ်ငန်းလုပ်ဆောင်ရာ၌ စပ်တူလုပ်ငန်း အကျိုးပေးတတ်ပါသည်။ မိခင်ဘက်မှ ဆွေမျိုးများ၏ အမြင်မှား၊ အထင်မှားမှုများကို ခံရတတ်သည်။ အနုပညာလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများ အကျိုးပေးတတ်သည်။ မမျှော်လင့်ဘဲ နိုင်ငံရပ်ခြား၌ သွားရောက်နေထိုင်ရခြင်းမျိုး ကြုံရတတ်သည်။ မြို့သစ်၊ အိမ်သစ်များသို့ ပြောင်းရွှေ့ရတတ်သည်။ သားသမီးများကြောင့် စိတ်ချမ်းသာမှု ရရှိမည်။ အလုပ်တွင် ဘွဲ့ထူးဂုဏ်ထူးများ ရရှိတတ်သည်။ အစာမကြေရောဂါ ရတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေပါမည်။

အိမ်နေရာအပြောင်းအရွှေ့ ရှိမည်။ လူကြီးမိဘများကို ပူဇော်ကန်တော့ရတတ်သည်။ ရာထူးအဆင့်အတန်း မြင့်မားပြီး ထင်ပေါ်ကျော်ကြားလိမ့်မည်။ စီးပွားရေးသမားများ စီးပွားရေး ပြန်လည်ဦးမော့လာပါလိမ့်မည်။ အိမ်ထောင်ဘက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့ လိုမည်။ စားကောင်းသောက်ဖွယ်ရာများ သုံးဆောင်ရတတ်သည်။ ရွှေငွေလက်ဝတ်ရတနာပစ္စည်းများ ဝင်လာတတ်သည်။ ကားယာဉ်များ ရရှိတတ်သကဲ့သို့ နေအိမ်ဖောက်ထွင်းခြင်း ခံရတတ်သည်။ ခရီးသွားရတတ်သည်။ လမ်းခရီး၌ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်သည်။ ချစ်သူမရှိသေးသူများ ချစ်သူရတတ်သည်။ မောင်နှမသားချင်းများနှင့် စကားအချေအတင်ပြောရတတ်သည်။

*ယတြာပြုလုပ်ရန်မှာ* ကောင်းမှုကုသိုလ်ပြု၍ ဥသဘုံသားများကို အမျှပေးဝေပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

**နွယ်သာကီအောင်**

လရာသီ၏ လက်တံကား တရွေ့ရွေ့နှင့် အချိန်မှန်စွာ ရွေ့လျားလျက်ရှိနေသည်။ အချိန်နှင့် ဒီရေကို မည်သို့မျှ တားဆီး၍ မရစကောင်း။

ယခုလည်း စက်တင်ဘာလအတွင်း ရောက်ရှိလာခဲ့ပေပြီ။ မြန်မာလအလိုအရ ဝါခေါင်နှင့် တော်သလင်းလအတွင်း ကာလဖြစ်ပေရာ ထနောင်းကြောင်ခြစ်၊ ဆူးရစ်တို့ ပွင့်သည်သာမက တောမြိုင်တစ်ခွင်၌ ယင်းမာပန်းတို့က ကြိုင်လှောက်နေပြီကော။ ထိုကာလသမယ၌ သာယာမှုအပေါင်း ဝေစည်ခညောင်းလျက် လောကီရေးရာ လုပ်ငန်းဆောင်တာများ ပြုလုပ်ကြရာတွင် အစစအရာရာ အဆင်ပြေချောမွေ့စေရန်အလို့ငှာ သည်လအတွက် ကောင်းသောရက်များကို ရွေးချယ်တင်ဆက်လိုက်ရပါသည်။

**၁။ နေအိမ်/တိုက်တာ ဝယ်ဖို့ရာ**

စက်တင်ဘာလ (၂)၊ (၈)၊ (၁၁)၊ (၁၉)၊ (၂၆)၊ (၂၉) စသော ရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဉ်စုံစွာဝယ်ယူဖို့ရာ**

စက်တင်ဘာလ (၆)၊ (၁၅)၊ (၁၇)၊ (၂၂) စသော ရက်များသည် ကားများ၊ ယာဉ်များဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

စက်တင်ဘာလ (၂)၊ (၄)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၉) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်မျက်ရတနာတွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ၄။ ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ

စက်တင်ဘာလ (၃)၊ (၄)၊ (၈)၊ (၁၈)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅) စသော ရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ကျောင်း/အိမ်ဆောက်လုပ်ရန်

စက်တင်ဘာလ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၆။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်

စက်တင်ဘာလ (၃)၊ (၈)၊ (၁၂)၊ (၁၉)၊ (၂၂)၊ (၂၉) စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၇။ အမည်ပေး၊ ဆိုင်းဘုတ်တင်ရန်

စက်တင်ဘာလ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၂)၊ (၁၉)၊ (၂၂) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၈။ ခရီးသွားလာကောင်းဖို့ရာ

စက်တင်ဘာလ (၄) (၆)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၉) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၉။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

စက်တင်ဘာလ (၃) (၄)၊ (၆)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၀။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ

စက်တင်ဘာလ (၃) (၄)၊ (၆)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၉) စသော ရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၁။ သီးနှံမျိုးစေ့ကြဲဖို့ရာ

စက်တင်ဘာလ (၃) (၄)၊ (၆)၊ (၈)၊ (၁၂)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၂။ ရေတွင်းရေကန် တူးဖို့ရာ

စက်တင်ဘာလ (၂)၊ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၉) စသော ရက်များသည် ရေတွင်းရေကန်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၃။ ရေသတ္တဝါဖမ်းဖို့ရာ

စက်တင်ဘာလ (၈)၊ (၁၅)၊ (၁၇)၊ (၂၅)၊ (၂၆) စသော ရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်အတွင်းရှိ ရေသတ္တဝါများကို ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၄။ ရှင်ပြုမင်္ဂလာကျင်းပရာ

စက်တင်ဘာလ (၂)၊ (၆)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇) စသော ရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း မင်္ဂလာများ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၁၅။ ပညာသင်ဖို့ ရက်မြတ်မဟာ

စက်တင်ဘာလ (၄)၊ (၆)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၄)၊ (၂၅) စသော ရက်များသည် ပညာသင်ကြားဖို့ရာ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

### ၁၆။ မင်္ဂလာအခါပေးဖို့ရာ

စက်တင်ဘာလ (၁)၊ (၂)၊ (၄)၊ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀) စသော ရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**နွယ်သာကီအောင်**



www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပွဲ ဘယ်လိုထိုးမလဲ

■ ဂမ္ဘီရဆြာအံ့

ဘာသာတရားအရသော်လည်းကောင်း၊ လောကီအစီအရင်အရသော်လည်းကောင်း ကန်တော့ပွဲထိုးသည့် အလေ့အထများသည် ရှေးမဆွမှစ၍ ယခုကာလတိုင် ရှိနေခဲ့ကြပါသည်။ ရှိနေကြသည်။ နောင်လည်း ရှိနေပေဦးမည်။ ကန်တော့ပွဲအမျိုးမျိုးကို လေ့လာကြည့်လျှင် -

**(၁) အနန္တောအနန္တငါးပါးပွဲ**

ကျေးဇူးရှင်အပေါင်းကိုရည်စူးပြီး လှူဒါန်းသောကန်တော့ပွဲဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး ၁ လုံး၊ ငှက်ပျောသီး ၅ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ပါဝင်၏။

**(၂) သာသနာပွဲ**

သာသနာကို စောင့်ရှောက်လျက်ရှိသည့် နတ်မင်းကြီးများကို ရည်စူးလှူဒါန်းသည့် ကန်တော့ပွဲဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော ၃ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ပါဝင်ရပါသည်။

**(၃) နတ်ကြီးပွဲ**

ဝေဘရဋ္ဌ အစရှိသော စတုမဟာရာဇ် နတ်မင်းကြီးလေးပါးအားရည်စူးသော ကန်တော့ပွဲဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော ၄ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ပါဝင်ရပါသည်။

**(၄) သူရဿတီပွဲ**

သူရဿတီမယ်တော်အား လှူဒါန်းသော ကန်တော့ပွဲဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော ၃ ဖီး၊ ပန်း၊ အမွှေးနံ့သာနှင့် ပဝါ ၁ ပိုင်းတို့ ပါဝင်ရပါသည်။

**(၅) ဒါနပွဲ**

အလှူအတန်းများက လှူဒါန်းသော ကန်တော့ပွဲဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော ၃ ဖီး၊ အမွှေးနံ့သာများ ပါဝင်ရပါသည်။

**(၆) ရှင်ဥပဂုတ္တပွဲ**

ရှင်ဥပဂုတ္တ ကိုယ်တော်မြတ်ကြီးအား လှူဒါန်းသည့်ပွဲဖြစ်ပါသည်။ ဓမ္မသဘင် ဆင်ယင်ကျင်းပရာ၌ အနှောင့်အယှက်များ မတွေ့မကြုံရလေအောင် ကန်တော့ပွဲထိုးခြင်းဖြစ်ပါသည်။ ထိုကန်တော့ပွဲ၌ အုန်းသီး ၁ လုံး၊ ငှက်ပျော ၃ ဖီး၊ အမွှေးနံ့သာ၊ ပန်းများဖြင့် ကန်တော့ပွဲပြင်ပြီး ပွဲစသည်မှ ဆုံးသည့်အချိန်အထိ ဆီမီးနှင့် ဖယောင်းတိုင်များ အဆက်မပြတ် ထွန်းညှိပေးထားရ၏။ ပွဲထိုးသူများမှာ ရေမချိုးရပါ။ ပွဲသဘင်ပြီးသောအခါမှ ပွဲကိုစွန့်ပြီး ရေချိုးရပါသည်။

**(၇) မင်္ဂလာကန်တော့ပွဲ**

မင်္ဂလာဆောင်၌ နှစ်ဖက်သောမိဘတို့ကို ကန်တော့ပွဲဖြင့် ကန်တော့ခြင်းဖြစ်၏။

ထိုကန်တော့ပွဲကို နှစ်ပွဲပြင်ရပါသည်။ ကန်တော့ပွဲတစ်ခုစီတွင် အုန်း သီး ၁ လုံး၊ ငှက်ပျော ၃ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ သပြေပန်း၊ သစ္စာပန်းများဖြင့် စီရင်ပြီး နှစ်ဖက်သောမိဘများ ရှေ့မှောက်ထားလျက် ကန်တော့ရပါသည်။

**(၈) အစီအရင်ပွဲ**

လောကီအတတ်ပညာများကို စီရင်သောအခါ လှူရသော ကန်တော့ပွဲဖြစ်ပါသည်။ ထိုပွဲ၌ အထက်ပွဲနှင့် အောက်ပွဲဟူ၍ ပွဲနှစ်ပွဲလုပ်ရပါသည်။ အထက်ပွဲသည် အနှောင့်အယှက်ကင်းဖအောင် လုပ်ဆောင်ရသော ပွဲဖြစ်သည်။ ထိုပွဲတွင် ဖျင်ဖြူ ဖျင်နီတို့ကိုခင်းလျက် အုန်းသီး ၁ လုံး၊ ငှက်ပျော ၃ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် အမွှေးနံ့သာများ ထည့်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အောက်ပွဲသည် ၃၇ မင်းတို့ကို ရည်စူးလှူဒါန်းသည့် ပွဲဖြစ်၏။ အုန်းသီး ၁ လုံး၊ ငှက်ပျော ၃ ဖီး၊ ဆိုင်ရာနတ်တို့အတွက် အစားအသောက်၊ အဖျော်၊ ယမကာများ ပါဝင်ရပါသည်။

## (၉) လမိုင်းပွဲ

တောလမိုင်း၊ တောင်လမိုင်း၊ ကုန်းလမိုင်း၊ ရေလမိုင်း၊ ဒေသလမိုင်း စသည်ဖြင့် လမိုင်းများ ရှိကြသည်။ ဖျင်ဖြူ ဖျင်နီခင်းပြီး အုန်းသီး ၁ လုံး၊ ငှက်ပျော ၂ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အမွှေးနံ့သာနှင့် ဖယောင်းတိုင်များ ပါဝင်ရသည်။

## (၁၀) အထက်ဆရာကြီးပွဲ

တရားကျင့်အားထုတ်ပြီး ထွက်ရပ်ပေါက်သွားသော သူတော်စင်ပုဂ္ဂိုလ်ကြီးများအား ရည်စူးလှူဒါန်းသည့်ပွဲဖြစ်၏။ ထိုကန်တော့ပွဲ၌ အုန်းသီး၊ ငှက်ပျော ၃ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးနံ့သာများ ပါဝင်ရသည်။

## (၁၁) ရိုးရာပွဲ

မိမိတို့၏ ရိုးရာနတ်များကို ရည်စူး၍ လှူဒါန်းသော ကန်တော့ပွဲဖြစ်သည်။ ထိုကန်တော့ပွဲ၌ အုန်းသီး ၁ လုံး၊ ငှက်ပျော ၃ ဖီး၊ ဆိုင်ရာ စားသောက်ဖွယ်ရာများ ပါဝင်ရပါသည်။

## (၁၂) အိမ်တွင်းပွဲ

အိမ်တွင်း မင်းမဟာဂီရိကို ရည်စူးပြီး လှူဒါန်းသော ပွဲဖြစ်၏။ ထိုကန်တော့ပွဲ၌ တချို့က ဖျင်ဖြူ ဖျင်နီခင်းကြသည်၊ အချို့ကလည်း အုန်းသီးပေါ်၌ ဖျင်ဖြူ ဖျင်နီ ပတ်ကြ၏။ အုန်းသီး ၁ လုံး၊ ငှက်ပျော ၂ ဖီး၊ သို့မဟုတ် ၃ ဖီး၊ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် ယပ်တောင်တို့ပါရ၏။ အချို့က အုန်းသီးကို အုန်းဆိုင်းနှင့် ချိတ်ဆွဲကြ၏၊ အချို့ကလည်း ပွဲနှင့်ထားကြ၏။

ဤ၌ ကန်တော့ပွဲကို မည်သည့်ပွဲအတွက်ဖြစ်စေ ထိုးကြသည့်သကာလ အုန်းသီးကြွက်မြီးအား မည်သည့်ဘက်သို့ လှည့်ရမည်ကို မသိကြ၊ ဝေဝေဝါးဝါးဖြစ်ကြ၏။ မခက်ပါ။

အုန်းသီး၏ ကြွက်မြီးအား ကန်တော့ပွဲထိုးသူက မိမိ၏မွေးနံ့ကျရောက်သောအရပ်သို့ လှည့်ပေးရပါမည်။

ရှင်းပါဆိုလျှင် -

**တနင်္ဂနွေသားသမီး**

အုန်းသီး၏ကြွက်မြီးအား အရှေ့မြောက်အရပ်သို့ လှည့်ပေးရပါမည်။

**တနင်္လာသားသမီး**

အုန်းသီး၏ကြွက်မြီးအား အရှေ့အရပ်သို့ လှည့်ပေးရပါမည်။

**အင်္ဂါသားသမီး**

အုန်းသီး၏ကြွက်မြီးအား အရှေ့တောင်အရပ်သို့ လှည့်ပေးရပါမည်။

**ဗုဒ္ဓဟူးသားသမီး**

အုန်းသီး၏ကြွက်မြီးအား တောင်အရပ်သို့ လှည့်ပေးရပါမည်။

**ကြာသပတေးသားသမီး ကန်တော့ပွဲထိုးပါက**

အုန်းသီး၏ကြွက်မြီးအား အနောက်အရပ်သို့ လှည့်ပေးရပါမည်။

**သောကြာသားသမီး ကန်တော့ပွဲထိုးပါက**

အုန်းသီး၏ကြွက်မြီးအား မြောက်အရပ်သို့ လှည့်ပေးရပါမည်။

**စနေသားသမီး ကန်တော့ပွဲထိုးပါက**

အုန်းသီး၏ ကြွက်မြီးအား အနောက်တောင်အရပ်သို့ လှည့်ပေးရပါမည်။

**ရာဟုသားသမီး ကန်တော့ပွဲထိုးပါက**

အုန်းသီး၏ကြွက်မြီးအား အနောက်မြောက်အရပ်သို့ လှည့်ပေးရပါမည်။

■ ဂမ္ဘီရဆြာအံ့



www.burmeseclassic.com

www.burmeseclassic.com



# အကဲ့ရဲ့ပြဿနာ

**အောင်မြင့်မြတ် (ပြည်ရွှေဘို)**

လူသားမှန်သမျှသည် ပတ်ဝန်းကျင်နှင့် မကင်းကောင်းသည်မှာ အမှန်။ ပတ်ဝန်းကျင်ဆိုသည်မှာလည်း အကျိုးကိုလိုလားသော ပတ်ဝန်းကျင်နှင့် အကျိုးကိုမလိုလားသော ပတ်ဝန်းကျင်ဟူ၍ ရှိပြန်သည်။ ထိုတွင် အကျိုးကိုလိုလားသော ပတ်ဝန်းကျင်အတွက် ကောင်းကျိုး ဆိုးကျိုးစသော စကားများကို ထိုပတ်ဝန်းကျင်တို့ထံမှ ကြားရတတ်သော်လည်း အကျိုးကိုမလိုလားသော ပတ်ဝန်းကျင်မှ ကဲ့ရဲ့ရှုံ့ချ အပြစ်တင်သောစကားများကိုမူ မကြားခဏဆိုသလို ကြုံရတတ်ပါသည်။

ထိုသို့ ကြုံလာကြရသောအခါ မိမိမှာ ခံနိုင်ရည်ရှိမှုလိုအပ်ပါသည်။ မိမိ၏ဂုဏ်သတင်းကို ချီးမွမ်းတတ်သော ပတ်ဝန်းကျင်နှင့် ကြုံရသောအခါ အလွန်အကျွံဝမ်းမြောက်ပြီး မနေမိရန် သတိမူဖို့ လိုအပ်ပါသည်။ မိမိ၏ ကျေးဇူးမဲ့ကိုဖြစ်စေတတ်သော၊ ကဲ့ရဲ့ရှုတ်ချပြစ်တင်စကားကို ဆိုလေ့ရှိသော ပတ်ဝန်းကျင်များနှင့် ကြုံတွေ့ရသောအခါမှာလည်း အလွန်အကျွံတုန်လှုပ်ပြီး စိတ်ဓာတ်မကျဖို့ လိုအပ်ပါသည်။ ကြံ့ကြံ့ခံနိုင်ရည်ရှိဖို့ရန်သာ ကြိုးစားသင့်ပါသည်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းသည် လောကလူသားမှန်သမျှ ရှောင်လွှဲ၍မရသော တစ်သဝေမတိမ်း ကြုံတွေ့ရင်ဆိုင်ရမည့် လောကနိယာမတရားပင် ဖြစ်ပါသည်။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့တွင် များသောအားဖြင့် ရင်ဆိုင်တွေ့ကြုံရသည်ကား ကဲ့ရဲ့ခြင်းပင်ဖြစ်သည်။ ကဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှ လွတ်ကင်းအောင် နေတတ်ဖို့ကား မလွယ်ကူလှပါ။ စကားနည်းပြီး အေးအေးဆေးဆေးနေတတ်သောသူကျပြန်တော့လည်း စကားပြောနည်းသည့်အတွက် အွံ့အသူရယ်လို့ပင် သတ်မှတ်ပြီး အပြစ်ပြောတတ်ကြသည်။ စကားများများပြောတတ်သည့်သူဆိုပြန်တော့ ပြောချင်ရာပြောတတ်သည့် အရှုးရယ်လို့ အပြစ်ပြောကြပြန်သည်။ နှိုင်းချိန်ပြီး ပြောတတ်သူကိုကျတော့ ရွှေရောင်းသမားကဲ့သို့ အပိုအလိုကလေးတောင် ပြောဖော်မရဘူးဆိုပြီး အပြစ်တင်လာပြန်သည်။ အပြစ်တင်ခြင်းမှလွတ်အောင် အသို့နေရမည်နည်း။

ထိုပတ်ဝန်းကျင် အသိုင်းအဝိုင်းအချို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်စကားကြောင့် စိတ်ညစ်ပြီး ကြံမှိုင်နေသော မိတ်ဆွေတစ်ဦး၏ ပတ်ဝန်းကျင်၏ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်လာသောစကားကို ဖြေသိမ့်စရာအဖြစ် စပ်ဆိုထားသော ကဗျာလေးတစ်ပုဒ်ကို အကဲ့ရဲ့ဖြေဆေးအဖြစ် တင်ပြရလျှင်

ရယ်ရယ်မောမော ဝင်ကာနှောတော့
လူ့ပေါ်ရယ်လို့ ဆိုကြတယ်။
ရောနှောမဝင် တည်ပြန်လျှင်လည်း
ဘဝင်မြင့်သည်ဟု ဆိုပြန်တယ်။
ခေါ်ထူးဆက်ဆံ မှန်မှန်နေက
ဆိုလေအတင်း ကုပ်ကမြင်းတဲ့။
သို့ပတ်ဝန်းကျင် ဝေဖန်ရှင်ရယ်
သင့်ကိုပြောကြား ထိုစကားကို
ငါကားကြည်သာ ခွင့်လွှတ်ပါ၏
ပြောသာပြောပါ ပြောကြပါတဲ့။

ဤကဗျာသည် ပတ်ဝန်းကျင်တို့၏ ကဲ့ရဲ့ခြင်းကို ခံရလွန်း၍ ပတ်ဝန်းကျင်က မည်သို့ပင် ကဲ့ရဲ့စေကာမူ ကြည်သာစွာ ခွင့်လွှတ်ပါတယ်ဆိုသည့် ဖြေဆေးတစ်ခုပင်ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူခဲ့သော အကဲ့ရဲ့ဖြေဆေးတစ်လက်ကို ထပ်မံတင်ပြရမည်ဆိုလျှင် အတုလဥပါသကာအကြောင်းကိုပင် တင်ပြရပေမည်။

အတုလဥပါသကာသည် ဘုရားရှင်အား တရားနာလာသည့်အကြောင်း လျှောက်ထားသည့်အခါ ဘုရားရှင်က တရားနာပြီးပြီလောဟု မေးတော်မူသော် အတုလ ဥပါသကာက အရှင်ရေဝတထံ ရောက်သွားတုန်းက အရှင်ရေဝတက စကားမပြောဘဲနေ၏။ အရှင်သာရိပုတ္တရာထံ ရောက်သွားပြန်တော့လည်း အဘိဓမ္မာတရားတွေ အများကြီး ဇွတ်ဟောပါသည်။ အရှင်အာနန္ဒာထံ ရောက်သွားတဲ့အခါကျပြန်တော့လည်း တရားနည်းနည်းလေးပဲ ဟောလိုက်ပါသည်။ ထိုအရှင်များကိုစိတ်ဆိုးပြီး တပည့်တော် အရှင်ဘုရားထံ ရောက်ရှိလာရပါသည်ဟု လျှောက်ထားပါသည်။

ထိုအခါ ဘုရားရှင်က ဒါယကာအတုလ…လောကဋ္ဌ ဘုရားကိုလည်း အချို့ ချီးမွမ်းကြသလို ကဲ့ရဲ့မှုလည်းရှိ၏။ နေ၊ လ၊ မြေကြီးတို့ကိုလည်း အချို့ ချီးမွမ်းကြ၊ ကဲ့ရဲ့ကြ၏။ ငါဘုရားကိုတောင်မှ ကဲ့ရဲ့သူကဲ့ရဲ့ကြ၊ ချီးမွမ်းသူချီးမွမ်းကြသေး၏။ လူမိုက်တို့ အကဲ့ရဲ့ခံရသည်မှာ အကြောင်းမဟုတ်ပါ။ ပညာရှိသူတော်ကောင်းများ အကဲ့ရဲ့မခံရအောင် ချီးမွမ်းခံရလေအောင် ဂရုစိုက်ဖို့လိုပါသည်။

ဤကဲ့ရဲ့ခြင်းဆိုသော သဘောတရားသည် ယခုမှ ပေါ်ပေါက်လာသော ခေတ်ပေါ်တရားမဟုတ်။ ရှေးရှေး အစဦး အလာကတည်းက ရှိခဲ့သော လက်ဟောင်းသဘောတရားပင်ဖြစ်သည်။ ဆိတ်ဆိတ်နေတတ်သောသူကိုလည်း ကဲ့ရဲ့ကြ၏။ နှိုင်းချိန်၍ပြောတတ်သူကိုလည်း ကဲ့ရဲ့ကြ၏။ လောကဋ္ဌ အကဲ့ရဲ့မခံရသူဟူ၍မရှိ။ တကယ်အချီးမွမ်းခံရသူဟူ၍လည်း ရှေးကလည်း မရှိခဲ့ဖူး။ နောင်တွင်လည်းရှိမည်မဟုတ်။ ယခုလည်း မရှိဟု ဟောကြားတော်မူလေသည်။

ဤတရားကိုသုံးသပ်၍ ဆင်ခြင်ကြည့်မည်ဆိုပါက အကဲ့ရဲ့ခံရမည်ကို တွေးပို၍ ကြောက်နေဖို့မလို။ အကဲ့ရဲ့ခံရမည်ကို တွေးပိုပြီး ကြောက်နေခဲ့ပါလျှင် မည်သည့်အရာကိုမျှ လုပ်ဖြစ်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် လူ့လောကမှာ မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်း အောင်မြင်ရာအောင်မြင်ကြောင်း နည်းလမ်းကောင်းများကို တွေးတောကြံဆရင်း လုံးပန်းနေကြသော လောကလူသားမှန်သမျှသည် ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်းဘေးမှ ဖြေသိမ့်နိုင်ခြင်းအကျိုးကို မျှော်ကိုးလျက် ဤကဲ့ရဲ့ဖြေဆေးကို စေတနာကောင်းဖြင့် တင်ပြလိုက်ရပေသည်။

အောင်မြင့်မြတ်(ပြည်ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# ဥစ်ဂြိုဟ်တို့ အကျိုးပေးပုံ ဟောကိန်းများ

## ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဂြိုဟ်တို့သည် မိမိတို့၏ ဥစ်ရာသီမှာ ရပ်တည်သောအခါ ဥစ်အံသာ မိမိကို သတိပြု၍ ကြည့်ရှုရန် လိုအပ်လေသည်။ ဥစ်အံသာ မကျော်လွန်မီ အကျိုးမယုတ်စေဘဲ သာမန်အနေဖြင့် အကျိုးပေးတတ်၏။

ဥစ်အံသာကို ကျော်လွန်သွားခဲ့သော် နိစ်သို့ ဆင်းလာသည်ဟူ၍ အပြစ်ဖြစ်လာသောကြောင့် အကျိုးအပြစ် လုံးဝပေးသိမ့်မည်မဟုတ်ချေ။ အကယ်၍ အပြစ်ပေးတတ်သည့် ဂြိုဟ်နှင့် အဆက်အသွယ်တစ်ခုခုရှိခဲ့သော် ဥစ်အံသာမှ လွန်သောဂြိုဟ်သည် အပြစ်ပေးသောဂြိုဟ် ဖြစ်လာလိမ့်မည်။

ဥစ်အံသာပေါ် တိတိကျကျရှိသော ဂြိုဟ်သည် မည်သည့်ဂြိုဟ်၏ အဖျက်အဆီးမှ မခံရဘဲ မိမိ၏သဘာဝ အားရှိနေသောကြောင့် အောက်ပါဟောချက်များတွင် ဆိုင်ရာဂြိုဟ်၏ အကျိုးပေးများကို တိတိကျကျ ခံစား၊ စံစားရမည်ဖြစ်လေသည်။

### တနင်္ဂနွေဂြိုဟ်ဥစ်ရသော်

ပညာရပ်အမျိုးမျိုးတွင် တတ်သိနားလည်နိုင်သော ဉာဏ်ရှိသည်။ သူတော်ကောင်းအကျင့်နှင့် နေတတ်သည်။ အေးချမ်းသောစိတ်ဓာတ်ရှိသည်။ ဘာသာတရားကို ကြည်ညိုကိုင်းရှိုင်းသည်။ ကျန်းမာသန်စွမ်း၍ တောင့်တင်းခိုင်မာသော ကိုယ်ခန္ဓာရှိသည်။ မြောက်များစွာသော လူတို့၏အကျိုးကို ဆောင်ရွက်တတ်သည်။ ပေးကမ်းစွန့်ကြဲမှုနှင့် ပြည့်စုံ၍ အောက်လက်ငယ်သား တပည့်များကို စောင့်ရှောက်တတ်သည်။ မင်းနှင့်တူသော စည်းစိမ်သုခကိုလည်း ခံစားရတတ်၏။ အဖွဲ့အစည်းတို့၏ ခေါင်းဆောင်ဖြစ်ရတတ်သည်။ ဘုန်းတန်ခိုးလည်း ကြီးတတ်လေသည်။

တနင်္ဂနွေဂြိုဟ်၏ ဥစ်ရာသီသည် မိဿရာသီ (ဧပြီလ ၁၄ ရက်မှ မေလ ၁၄ ရက်) ဖြစ်၏။ တနင်္ဂနွေဂြိုဟ်သည်

| ဂြိုဟ် | ကသစ် | | ဥစ် | | နိစ် | | မူလတြိကုဏ်း | |
|---|---|---|---|---|---|---|---|---|
| | ရာသီ | အံသာ | ရာသီ | အံသာ | ရာသီ | အံသာ | ရာသီ | အံသာ |
| ၁ | ၄ | ၂၀ မှ ၃၀ | ၀ | ၁၀ | ၆ | ၁၀ | ၄ | ၂၀ |
| ၂ | ၃ | × | ၁ | ၃ | ၇ | ၃ | ၁ | ၄ မှ ၁၆ |
| ၃ | ၀ | ၁၃ မှ ၃၀ | ၉ | ၂၈ | ၃ | ၂၈ | ၀ | ၁၂ |
| ၄ | ၅ | ၂၅ မှ ၃၀ | ၅ | ၁၅ | ၁၁ | ၁၅ | ၅ | ၁၆ မှ ၂၅ |
| ၅ | ၈ | ၁၁ မှ ၃၀ | ၃ | ၅ | ၉ | ၅ | ၈ | ၁၀ |
| ၆ | ၆ | ၁၆ မှ ၃၀ | ၁၁ | ၂၇ | ၅ | ၂၇ | ၆ | ၁၅ |
| ၇ | ၁၀ | ၂၀ မှ ၃၀ | ၆ | ၂၀ | ၀ | ၂၀ | ၁၀ | ၂၀ |
| ၈ | ၅ | × | ၂ | ၂၀ | ၈ | ၂၀ | ၁၀ | ၂၀ |
| ၉ | ၁၁ | × | ၈ | ၆ | ၂ | ၆ | ၄ | ၆ |



www.burmeseclassic.com

www.burmeseclassic.com

ရာသီဇာတာ၌တွင် ၀ ရာသီ၊ ၁၀ အံသာရှိလျှင် ဥစ်ရ၏။ တိတိကျကျ ဆိုရလျှင် ဧပြီလ ၂၃ ရက်နေ့ ဖွားမြင်သူဖြစ်၏။ မည်သည့်ခုနှစ်တွင်မဆို ဧပြီလ ၁၈ ရက်နေ့မှစ၍ ၂၃ ရက်အတွင်း မွေးဖွားသူများကို တနင်္ဂနွေဥစ်ရသည်ဟု ဆိုနိုင်သည်။ ဥစ်အိမ်၌ ရပ်တည်သောဂြိုဟ်သည် အပြည့်အ၀ အားရှိ၏။

တနင်္ဂနွေဂြိုဟ်၏ မူလတြိကောဏ်ရာသီမှာ သိဟ်ရာသီဖြစ်၏။ တနင်္ဂနွေဂြိုဟ်သည် ၄ ရာသီ၊ ၂၀ အံသာတွင် ရောက်ရှိနေပါက မူလတြိကောဏ်ရသည်ဟုဆိုနိုင်သည်။ မူလတြိကောဏ်အိမ်တွင် ရပ်တည်သောဂြိုဟ်သည် လေးပုံသုံးပုံမျှ အားရှိ၏။ မည်သည့်ခုနှစ်တွင်မဆို စက်တင်ဘာလ ၆ ရက်နေ့တွင် မွေးဖွားပါက တနင်္ဂနွေဂြိုဟ် မူလတြိကောဏ်ရသည်။ စက်တင်ဘာလ ၃ ရက်မှစ၍ ၆ ရက်အတွင်း မွေးဖွားပါက မူလတြိကောဏ်ရသည်ဟု ဆိုနိုင်သည်။

တနင်္ဂနွေဂြိုဟ်၏ ကသစ်ရာသီမှာ သိဟ်ရာသီဖြစ်၏။ တနင်္ဂနွေဂြိုဟ်သည် ၄ ရာသီ၊ ၂၁ အံသာမှ ၃၀ အံသာအတွင်း ကျရောက်နေပါက တနင်္ဂနွေဂြိုဟ် ကသစ်ရသည်။ ကသစ်အိမ်၌ ရပ်တည်သောဂြိုဟ်သည် တစ်ဝက်မျှ အားရှိ၏။ မည်သည့်ခုနှစ်တွင်မဆို စက်တင်ဘာလ ၇ ရက်မှ ၁၇ ရက်အတွင်း မွေးဖွားသူများသည် တနင်္ဂနွေဂြိုဟ် ကသစ်ရ၏။

တနင်္ဂနွေဂြိုဟ်၏ နိစ်ရာသီမှာ တူရာသီဖြစ်၏။ တနင်္ဂနွေဂြိုဟ်သည် ၆ ရာသီ၊ ၁၀ အံသာတွင် ကျရောက်နေပါက နိစ်ဖြစ်၏။ ကသစ်၏ ဆန့်ကျင်ဘက်ကို ပြဟုခေါ်သလို ဥစ်၏ ဆန့်ကျင်ဘက်ကို နိစ်ဟုခေါ်သည်။ နိစ်ခံသော ဂြိုဟ်သည် အားနည်း၏။ မကောင်းကျိုးကိုသာ ပေးသည်။ တစ်နည်းအားဖြင့် ၆ ရာသီ၊ ၁၀ အံသာသည် အောက်တိုဘာ ၂၆၊ ၂၇ ရက်တွင် ကျရောက်ရာ တနင်္ဂနွေဂြိုဟ်နိစ်ဖြစ်၏။

## တနင်္လာဂြိုဟ် ဥစ်ရသော်

နေရာဌာနတိုင်း၌ စည်းစိမ်သုခ ခံစားရမည်။ မြင့်မြတ်သည်။ စီးသော ယာဉ်ရထားရှိတတ်သည်။ မည်သည့် ပညာရပ်ကိုမဆို လေးလေးစားစား လိုက်စားတတ်သည်။ မိတ်ဆွေ အပေါင်းအသင်း ပေါများတတ်သည်။ ကြိုက်နှစ်သက်သော အရသာကို အမြဲခံစားတတ်သည်။ ထင်ပေါ်ကျော်ကြားတတ်သည်။ ဥစ္စာပစ္စည်း ပေါများချမ်းသာတတ်သည်။ ကြယ်အပေါင်းတို့၏အလယ်၌ တင့်တယ်သော လမင်းကဲ့သို့ တင့်တယ်ပေမည်။

တနင်္လာဂြိုဟ်၏ ဥစ်ရာသီသည် ပြိဿရာသီဖြစ်၏။ ၁ ရာသီ၊ ၃ အံသာတွင် တနင်္လာဂြိုဟ်တည်ရှိပါက တနင်္လာဥစ်ရ၏။ ဥစ်ရလျှင် အားအပြည့်အ၀ရရှိသည်။

တနင်္လာဂြိုဟ်၏ မူလတြိကောဏ်ရာသီမှာလည်း ပြိဿရာသီပင်ဖြစ်၏။ တနင်္လာဂြိုဟ်သည် ၁ ရာသီ၊ ၄ အံသာမှ ၁၆ အံသာအတွင်း၌ တည်ရှိပါက တနင်္လာဂြိုဟ် မူလတြိကောဏ်ရ၏။ မူလတြိကောဏ်ရလျှင် ဂြိုဟ်၏ လေးပုံသုံးပုံမျှ အားရှိ၏။

တနင်္လာဂြိုဟ်၏ ကသစ်ရာသီမှာ ကရကဋ်ရာသီဖြစ်၏။ ၃ ရာသီအတွင်း မည်သည့်အံသာတွင်မဆို တနင်္လာဂြိုဟ် ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏တစ်ဝက်မျှအားရှိသည်။ တနင်္လာဂြိုဟ်၏ နိစ်ရာသီမှာ ဗြိစ္ဆာရာသီဖြစ်၏။ ၇ ရာသီ၊ ၃ အံသာ တွင် တနင်္လာဂြိုဟ်ကျရောက်ပါက နိစ်ဖြစ်သည်။ နိစ်ခံသောဂြိုဟ်သည် အားနည်း၏။

## အင်္ဂါဂြိုဟ် ဥစ်ရသော်

အတတ်ပညာရှင် ဖြစ်ပေမည်။ ထင်ပေါ်ကျော်ကြားရတတ်၏။ မင်းစိုးရာဇာကဲ့သို့ ဘုန်းတန်ခိုးကြီးတတ်သည်။ ပတ္တမြား၊ ပုလဲစသော ရတနာတို့၏ ပိုင်ရှင်ဖြစ်မည်။ သူရဲကောင်း ပုဂ္ဂိုလ်ဖြစ်မည်။ ကြမ်းကြုတ်ရက်စက်သော ဒေါသရှိတတ်သည်။ သည်းခံခြင်းစိတ်ဓာတ် နည်းပါးသည်။ ဓားလှံ၊ သေနတ်စသော လက်နက်တို့ကို အသုံးချတတ်သည်။ လျှင်မြန်ဖျတ်လတ်သည်။ ဇွဲလုံ့လဝီရိယ ရှိတတ်သည်။ ခွန်အားဗလကြီးသည်။

အင်္ဂါဂြိုဟ်၏ ဥစ်ရာသီသည် မကာရရာသီဖြစ်၏။ ၉ ရာသီ ၂၈ အံသာတွင် အင်္ဂါဂြိုဟ်တည်ရှိပါက အင်္ဂါဥစ်ရ၏။ ဥစ်ရလျှင် အားအပြည့်အ၀ ရရှိသည်။

အင်္ဂါဂြိုဟ်၏ မူလတြိကောဏ်ရာသီမှာ မိဿရာသီပင်ဖြစ်၏။ အင်္ဂါဂြိုဟ်သည် ၀ ရာသီ၊ ၁၂ အံသာ၌ တည်ရှိပါက အင်္ဂါဂြိုဟ်မူတာတြိကောဏ်ရ၏။ မူ လတြိကောဏ်ရလျှင် ဂြိုဟ်၏ လေးပုံသုံးပုံမျှ အားရှိ၏။

အင်္ဂါဂြိုဟ်၏ ကသစ်ရာသီမှာလည်း မိဿရာသီဖြစ်၏။ ၀ ရာသီအတွင်း ၁၃ အံသာမှ ၃၀ အံသာအတွင်း အင်္ဂါဂြိုဟ် ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏ တစ်ဝက်မျှ အားရှိသည်။

အင်္ဂါဂြိုဟ်၏ နိစ်ရာသီမှာ ကရ ကဋ်ရာသီဖြစ်၏။ ၃ ရာသီ ၂၈ အံသာတွင် နိစ်ဖြစ်သည်။ နိစ်ခံသောဂြိုဟ်သည် အားနည်း၏။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးဂြိုဟ် ဥစ်ရသော်

သားသမီး ပရိဝါရနှင့် ပြည့်စုံတတ်သည်။ မိမိ၏ကျော်ကြားမှုနှင့် ကြီးပွားချမ်းသာမှုအတွက် ကြိုးစားအားထုတ်တတ်သည်။ မင်းအစိုးရ၏ ကြည်ညိုလေးစားမှုကို ခံစားရတတ်သည်။ ကြီးမားသော တိုင်းရေးပြည်ရွာ တာဝန်တစ်ခုခု ထမ်းဆောင်ခြင်းဖြင့် လူအများ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန် ဆောင်ရွက်တတ်သည်။ ပညာအရပ်ရပ်ကို လိုက်စားတတ်မြောက်တတ်သည်။ ထာဝစဉ် ပျော်ရွှင်မှုနှင့် ပြည့်စုံစွာနေရတတ်သည်။ မိမိအဖို့ ကံကောင်းထောက်မ၍ အရာရာတွင် အောက်တန်းမကျဘဲ နေထိုင်ရတတ်သည်။ ပင်ကိုဉာဏ်ကောင်းသည်။ အာဝဇ္ဇန်းရွှင်သည်။ ရယ်ရွှင်ဖွယ်စကားတို့ကို စိတ်ဝင်စားအောင် ပြောတတ်လေသည်။

ဗုဒ္ဓဟူးဂြိုဟ်၏ ဥစ်ရာသီသည် ကန်ရာသီဖြစ်၏။ ၅ ရာသီ ၁၅ အံသာတွင် ဗုဒ္ဓဟူးဂြိုဟ်တည်ရှိပါက ဗုဒ္ဓဟူးဂြိုဟ်ဥစ်ရ၏။ ဥစ်ရလျှင် အားအပြည့်အဝ ရရှိသည်။

ဗုဒ္ဓဟူးဂြိုဟ်၏ မူလတြိကုဏ်ရာသီမှာလည်း ကန်ရာသီပင်ဖြစ်၏။ ဗုဒ္ဓဟူးဂြိုဟ်သည် ၅ ရာသီ ၁၆ အံသာမှ ၂၅ အံသာ၌ တည်ရှိပါက ဗုဒ္ဓဟူးဂြိုဟ် မူလတြိကုဏ်ရ၏။ မူလတြိကုဏ်ရလျှင် ဂြိုဟ်၏လေးပုံသုံးပုံမျှ အားရှိ၏။

ဗုဒ္ဓဟူးဂြိုဟ်၏ ကသစ်ရာသီမှာလည်း ကန်ရာသီဖြစ်၏။ ၅ ရာသီအတွင်း ၂၅ အံသာမှ ၃၀ အံသာအတွင်း ဗုဒ္ဓဟူးဂြိုဟ်ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏တစ်ဝက်မျှအားရှိသည်။

ဗုဒ္ဓဟူးဂြိုဟ်၏ နိစ်ရာသီမှာ မိန်ရာသီဖြစ်၏။ ၁၁ ရာသီ ၁၅ အံသာတွင် နိစ်ဖြစ်သည်။ နိစ်ခံသောဂြိုဟ်သည် အားနည်း၏။

## ကြာသပတေးဂြိုဟ် ဥစ်ရသော်

ညှိနှိုင်းရာတွင် တိကျသော အဆုံးအဖြတ်ပေးနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံခြင်း။ လူအများထဲတွင် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။ ကြီးမားသော ခွန်အားဗလနှင့် ပြည့်စုံခြင်း။ လူအကာတို့၏ ကြည်ညိုလေးစားမှုကို ခံရခြင်း။ ရုတ်တရက် ပြေငြိမ်းမှုမရှိသော ဒေါသရှိတတ်ခြင်း။ စီးသောယာဉ်ရထား ပေါများခြင်း။ ဂုဏ်ကျက်သရေနှင့် ပြည့်စုံသောသူကို လက်ထပ်ရခြင်း။ လူတန်းစားမရွေးဘဲ မိမိတတ်နိုင်သောဘက်မှ ကူညီဆောင်ရွက်တတ်ခြင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ရပေမည်။

ကြာသပတေးဂြိုဟ်၏ ဥစ်ရာသီသည် ကရကဋ်ရာသီဖြစ်၏။ ၃ ရာသီ၊ ၅ အံသာတွင် ကြာသပတေးဂြိုဟ်တည်ရှိပါက ကြာသပတေးဂြိုဟ်ဥစ်ရ၏။ ဥစ်ရလျှင် အားအပြည့်အဝရရှိသည်။

ကြာသပတေးဂြိုဟ်၏ မူလတြိကုဏ်ရာသီမှာ နေရာသီပင်ဖြစ်၏။ ကြာသပတေးဂြိုဟ်သည် ၈ ရာသီ၊ ၁၀ အံသာ၌ တည်ရှိပါက ကြာသပတေးဂြိုဟ် မူလတြိကုဏ်ရ၏။ မူလတြိကုဏ်ရလျှင် ဂြိုဟ်၏လေးပုံသုံးပုံမျှ အားရှိ၏။

ကြာသပတေးဂြိုဟ်၏ ကသစ်ရာသီမှာလည်း နေရာသီဖြစ်၏။ ၈ ရာသီအတွင်း ၁၁ အံသာမှ ၃၀ အံသာအတွင်း ကြာသပတေးဂြိုဟ် ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏တစ်ဝက်မျှ အားရှိသည်။

ကြာသပတေးဂြိုဟ်၏ နိစ်ရာသီမှာ မကာရရာသီဖြစ်၏။ ၉ ရာသီ ၅ အံသာတွင် ကြာသပတေးဂြိုဟ် နိစ်ဖြစ်သည်။ နိစ်ခံသောဂြိုဟ်သည် အားနည်း၏။

## သောကြာဂြိုဟ် ဥစ်ရသော်

ကြိုက်နှစ်သက်သော အရာကိုသာ အမြဲခံစားတတ်သည်။ ဂုဏ်ကျက်သရေနှင့်ပြည့်စုံခြင်း၊ မည်သည့်လုပ်ငန်းကိုမဆို အောင်မြင်မှုရှိခြင်း၊ မင်းတိုင်ပင်ခံ အမတ်အဆင့်သို့ တက်နိုင်သော အရည်အချင်းနှင့် ပြည့်စုံခြင်း။ အသက်ရှည်လျားစွာနေရခြင်း။ ပေးကမ်းစွန့်ကြဲရာတွင် နှမြောတွန့်တိုမှုမရှိခြင်း၊ ဘာသာတရား ကြည်ညိုကိုင်းရှိုင်းခြင်း။ တရားအားထုတ်မှုပြုခြင်း။ ဂုဏ်အားဖြင့် အသက်အားဖြင့် ကြီးမြတ်သော ပုဂ္ဂိုလ်တို့ကို ရိုသေလေးစားခြင်း။ ဂီတအနုပညာ၌ ဝါသနာပါ၍ ထူးချွန်စွာ တတ်မြောက်ခြင်း။ ကာမရာဂ၌ စိတ်ပါဝင်စားတတ်ခြင်း။ အလှအပမက်မောခြင်း။ စာပေကျမ်းဂန်ရေးသားခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံရပေမည်။

သောကြာဂြိုဟ်၏ ဥစ်ရာသီသည် မိန်ရာသီဖြစ်၏။ ၁၁ ရာသီ၊ ၂၇ အံသာတွင် သောကြာဂြိုဟ်တည်ရှိပါက သောကြာဂြိုဟ်ဥစ်ရ၏။ ဥစ်ရလျှင် အားအပြည့်အဝ ရရှိသည်။

သောကြာဂြိုဟ်၏ မူလတြိကုဏ်ရာသီမှာ တူရာသီပင်ဖြစ်၏။ သောကြာဂြိုဟ်သည် ၆ ရာသီ၊ ၁၅ အံသာ၌ တည်ရှိပါက သောကြာဂြိုဟ် မူလတြိကုဏ်ရ၏။ မူလတြိကုဏ်ရလျှင် ဂြိုဟ်၏ လေးပုံသုံးပုံမျှ အားရှိ၏။

သောကြာဂြိုဟ်၏ ကသစ်ရာသီမှာလည်း တူရာသီ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ၆ ရာသီအတွင်း ၁၆ အံသာမှ ၃၀ အံသာအတွင်း သောကြာဂြိုဟ် ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏ တစ်ဝက်မျှ အားရှိသည်။

သောကြာဂြိုဟ်၏ နိစ်ရာသီမှာ ကန်ရာသီဖြစ်၏။ ၅ ရာသီ ၂၇ အံသာတွင် သောကြာဂြိုဟ်နိစ်ဖြစ်သည်။ နိစ်ခံသောဂြိုဟ်သည် အားနည်း၏။

## စနေဂြိုဟ် ဉစ်ရသော်

သူတစ်ပါး၏ မယားကို ကြိုက်နှစ်သက်တတ်ခြင်း၊ ထင်ပေါ်ကျော်ကြားတတ်ခြင်း၊ ကောင်းသတင်းဖြင့်ဖြစ်စေ၊ မကောင်းသတင်းဖြင့်ဖြစ်စေ ထင်ပေါ်ကျော်ကြား လူသိများခြင်း၊ စီးပွားချမ်းသာမှုနှင့် ပြည့်စုံခြင်း၊ အသက်ရှည်ခြင်း၊ မြို့ရွာတို့တွင် အုပ်ချုပ်ရခြင်း၊ ပညာရှိခြင်း၊ ပေးကမ်းစွန့်ကြဲတတ်ခြင်း၊ အာရုံအမျိုးမျိုး ခံစားတတ်ခြင်း၊ မိမိမလိုလားသူကို လျှို့ဝှက်သောနည်းဖြင့် မသေမချင်း လုပ်ကြံသတ်ဖြတ်တတ်ခြင်း၊ အပါယ်ငရဲကို ကြောက်လန့်မှုမရှိခြင်း၊ အရှုံးအမှုး ဒေါသဖြစ်တတ်ခြင်း၊ မိမိအကျိုးဖြစ်ထွန်းစေရန်အတွက် အသက်သေးကို ရင်ဆိုင်၍ စွန့်စားတတ်ခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံတတ်လေသည်။

စနေဂြိုဟ်၏ ဉစ်ရာသီသည် တူရာသီဖြစ်၏။ ၆ ရာသီ ၂၀ အံသာတွင် စနေဂြိုဟ်တည်ရှိပါက စနေဂြိုဟ်ဉစ်ရ၏။ ဉစ်ရလျှင် အားအပြည့်အဝ ရရှိသည်။

စနေဂြိုဟ်၏ မူလတြိကောဏ်းရာသီမှာ ကုမ်ရာသီပင်ဖြစ်၏။ စနေဂြိုဟ်သည် ၁၀ ရာသီ ၂၀ အံသာ၌ တည်ရှိပါက စနေဂြိုဟ် မူလတြိကောဏ်းရ၏။ မူလတြိကောဏ်းရလျှင် ဂြိုဟ်၏ လေးပုံသုံးပုံမျှ အားရှိ၏။

စနေဂြိုဟ်၏ ကသစ်ရာသီမှာလည်း ကုမ်ရာသီဖြစ်၏။ ၁၀ ရာသီအတွင်း ၂၁ အံသာမှ ၃၀ အံသာအတွင်း စနေဂြိုဟ်ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏ တစ်ဝက်မျှ အားရှိသည်။

စနေဂြိုဟ်၏ နိစ်ရာသမီမှာ မိဿရာသီဖြစ်၏။ ၀ ရာသီ၊ ၂၀ အံသာတွင် စနေဂြိုဟ်နိစ်ဖြစ်သည်။ နိစ်ခံသော ဂြိုဟ်သည် အားနည်း၏။

## ရာဟုဂြိုဟ် ဉစ်ရသော်

ရာဟုဂြိုဟ်ဉစ်ရပါက ဇာတာရှင်သည် ဘုန်းကံပါရမီနှင့် ပြည့်စုံပြီး အလွန်အကျွံ အသက်ရှည်ပေမည်။

ရာဟုဂြိုဟ်၏ ဉစ်ရာသီသည် မေထုန်ရာသီဖြစ်၏။ ၂ ရာသီ ၂၀ အံသာတွင် ရာဟုဂြိုဟ်တည်ရှိပါက ရာဟု ဂြိုဟ်ဉစ်ရ၏။ ဉစ်ရလျှင် အားအပြည့်အဝ ရရှိသည်။

ရာဟုဂြိုဟ်၏ မူလတြိကောဏ်းရာသီမှာ ကုမ်ရာသီပင်ဖြစ်၏။ ရာဟုဂြိုဟ်သည် ၁၀ ရာသီ၊ ၂၀ အံသာ၌ တည်ရှိပါက ရာဟုဂြိုဟ်မူလတြိကောဏ်းရ၏။ မူလတြိကောဏ်းရလျှင် ဂြိုဟ်၏ လေးပုံသုံးပုံမျှ အားရှိ၏။

ရာဟုဂြိုဟ်၏ ကသစ်ရာသီမှာ ကန်ရာသီဖြစ်၏။ ၅ ရာသီအတွင်း မည်သည့်အံသာတွင်မဆို ရာဟုဂြိုဟ် ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏တစ်ဝက်မျှ အားရှိသည်။

ရာဟုဂြိုဟ်၏ နိစ်ရာသီမှာ ဓနု ရာသီဖြစ်၏။ ၈ ရာသီ ၂၀ အံသာတွင် ရာဟုဂြိုဟ်နိစ်ဖြစ်သည်။ နိစ်ခံသောဂြိုဟ်သည် အားနည်း၏။

## ကိတ်ဂြိုဟ် ဉစ်ရသော်

ကိတ်ဂြိုဟ် ဉစ်ရပါကလည်း စနေဂြိုဟ် ဉစ်ရသကဲ့သို့ပင် အကျိုးကျေးဇူးခံစားရပေမည်။

ကိတ်ဂြိုဟ်၏ ဉစ်ရာသီသည် ဓနုရာသီဖြစ်၏။ ၈ ရာသီ ၆ အံသာတွင် ကိတ်ဂြိုဟ်တည်ရှိပါက ကိတ်ဂြိုဟ်ဉစ်ရ၏။ ဉစ်ရလျှင် အားအပြည့်အဝ ရရှိသည်။

ကိတ်ဂြိုဟ်၏ မူလတြိကောဏ်းရာသီမှာ ပိတ်ရာသီပင်ဖြစ်၏။ ကိတ်ဂြိုဟ်သည် ၄ ရာသီ ၆ အံသာ၌ တည်ရှိပါက ကိတ်ဂြိုဟ်မူလတြိကောဏ်းရ၏။ မူလတြိကောဏ်းရလျှင် ဂြိုဟ်၏လေးပုံသုံးပုံမျှ အားရှိ၏။

ကိတ်ဂြိုဟ်၏ ကသစ်ရာသီမှာ မိန်ရာသီဖြစ်၏။ ၁၁ ရာသီအတွင်း မည်သည့်အံသာတွင်မဆို ကိတ်ဂြိုဟ်ရောက်ရှိနေပါက ကသစ်ဖြစ်၏။ ကသစ်ရလျှင် ဂြိုဟ်၏တစ်ဝက်မျှ အားရှိသည်။

ကိတ်ဂြိုဟ်၏ နိစ်ရာသီမှာ မေထုန်ရာသီဖြစ်၏။ ၂ ရာသီ ၆ အံသာတွင် ကိတ်ဂြိုဟ်နိစ်ဖြစ်သည်။ နိစ်ခံသော ဂြိုဟ်သည် အားနည်း၏။

ညွန့်လွင်(စက်မှုတက္ကသိုလ်)
၀၉-၃၃၂၁၁၃၀



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်သည် နာမ်တရားမည်၏

ချောယဉ်သာမြင့် (B.A., B.Ed)

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလထုတ် ရောင်ပြန် မဂ္ဂဇင်းတွင် "ဗုဒ္ဓ၊ စကြဝဠာနှင့် လူ့ဘဝ"ဟူသော ကျွန်မ၏ ဆောင်းပါးကို ဖတ်ရှုခဲ့သော ရင်းနှီးသော မိတ်ဆွေကျောင်း ဆရာကြီးတစ်ဦးက -

"ဆရာမဆောင်းပါးမှာ နိဗ္ဗာန်သည် နာမ်တရား၌ ပါဝင် သည်ကို (ရုပ်+နာမ်)နှစ်ပါးမှ အလွတ်ဟု ထင်နေတတ်ကြ၏လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ ကြားဖူး၊ နာဖူး၊ သိဖူးတာက တော့ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်။ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်လို့ သိထား တော့ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်မရှိတော့ဘူးလို့ မှတ်ယူထားပါ တယ်။ အဲဒါ ဆရာ မရှင်းမှုဖြစ်မယ်"ဟု ဆိုလေသောစကား ကြောင့် ဤဆောင်းပါး ရေးဖြစ်ပါတော့သည်။

ကျွန်မ၏ဆောင်းပါးတွင် "နိဗ္ဗာန်သည် နာမ်တရား၌ ပါဝင်သည်ကို ရုပ်+နာမ်နှစ်ပါးမှ အလွတ်ဟုထင်နေတတ် ကြ၏။ ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာအစု ရုပ်တရား ၂၈ ပါးသည် 'ရုပ်' ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တည်းဟူသော နာမ်ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တစ်ပါး ပေါင်းငါးပါး သည် အရူပနာမ်တရားအစု နာမ်ဖြစ်၏။ သို့ရာတွင် နိဗ္ဗာန်ကား ခန္ဓာမှလွတ်သော ခန္ဓာဝိမုတ်တရားတည်း။ ခန္ဓာနှင့် နိဗ္ဗာန် ကို အကြောင်းအကျိုးဆက်စပ်၍ သိတတ်သော သုတမယ ဉာဏ်၊ စိန္တာမယဉာဏ်တို့နှင့် ပြည့်စုံသော ဉာဏ်အမြင်ရှိမှသာ နိရောသစ္စာတည်းဟူသော နိဗ္ဗာန်နာမ်တရားကို မျက်မှောက် ပြုနိုင်ပေမည်"ဟူ၍ ဖော်ပြထား၏။

ကျောင်းဆရာကြီးမေးသော မေးခွန်းတွင် အဖြေသည် ပါပြီးဖြစ်၏။ "ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ငြိမ်းနိဗ္ဗာန် မှတ်။ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်"ဟု ဆိုထားရာ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်၍ သိမြင်သော မဂ် သည် နာမ်တရားမဟုတ်ပါလား၊ ခန္ဓာဖွဲ့နိုင်သော နာမ်ရုပ်တို့ ချုပ်ခြင်းဖြစ်၏။

ဝိပဿနာအကျင့်မှန်ကို ကျင့်ကုန်၍ မဂ်ဖိုလ်ဉာဏ်နှင့် ပြည့်စုံသော ပညာရှိတို့သည်သာလျှင် မနောဝိညာဏ်ဖြင့် မျက်မှောက်သိမြင်အပ်သော အသင်္ခတပရမတ်အာရုံတရား ဖြစ်သော နိဗ္ဗာန်တရားကို သုတမယဉာဏ်၊ စိန္တာမယဉာဏ် တစ်စတစ်ပိုင်းဖြင့် ပိုင်းခြား၍ ပြနိုင်ရန် ခဲယဉ်းလှပါ၏။ သို့ရာ တွင် မိမိလေ့လာမှတ်သားတွေ့ရှိသမျှ ရှင်းပြရန် တာဝန်သာရှိ တော့သည်။

နာမ်ဟူသည် "နမ နလက္ခဏံ နာမံ" ညွတ်တတ် သောကြောင့် နာမ်မည်၏။ စေတသိက်နာမ်တို့၏ ညွတ်ပုံ သဘောဖြစ်လေသည်။ ဤသို့ သင်္ခတနာမ်တို့ ညွှန်ပုံသဘော ကား -

(၁) အာရမ္မဏံ နမတီတိနာမံ = အာရုံသို့ ညွတ်တတ် သောကြောင့် နာမ်မည်၏။

အိမ်၌နေသော ပင့်ကူသည် မိမိနယ်တွင်းသို့ ဝင် ရောက်ကပ်ငြိလာသော ယင်စသော သတ္တဝါတို့ကို သွား၍ဖမ်း ယူသကဲ့သို့ စက္ခုဒွါရ စသည်ကိုမှီသော စိတ်ဝိညာဉ်သည် မိမိနယ်သို့ ဝင်ရောက်ကပ်ငြိသော ရူပါရုံစသည်ကို ညွတ်တတ် သည်။ စိတ်သည် အိမ်၏အလယ်၌ အိပ်သော ပင့်ကူနှင့်တူ၏။ ဤသို့ နာမ်တရားညွတ်ပုံ တစ်မျိုးရှိလေသည်။ စိတ်နာမ့် ညွတ်ပုံဖြစ်၏။

(၂) အညမညံ နာမေတီတိနာမံ = အချင်းချင်း ညွတ်တတ်သောကြောင့်လည်း နာမ်မည်၏။ နာမ်ခန္ဓာ လေးပါး သည် အချင်းချင်း ညွတ်တတ်သည်။ မိမိကလည်း သူ့ကိုညွတ် သည်။ သူ့ဘက်ပါးကိုလည်း ညွတ်စေသည်၊ မိမိကလည်း ညွတ် စေသည်။ မိမိကိုညွတ်သောသူအား ညွတ်တုံ့ညွတ်ရာ၏။ မိမိ အား ဆည်းကပ်သောသူကို ဆည်းကပ်တုံ့ဆည်းကပ်ရာ၏။ ဤသို့ နာမက္ခန္ဓာတရားလေးပါးကား ညွတ်လေသည်။

အသင်္ခတဓာတ် နိဗ္ဗာန်နာမ်သည်ကား သင်္ခတနာမ် ညွတ်ပုံ လက္ခဏာချင်း မတူပေ။ အဘယ်ကြောင့်ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်သည် ဖောက်ပြန်ထိပါးခြင်း၊ ကလာပ်အစုအားဖြင့်ဖြစ်ခြင်း၊ အရပ်ဒေသနှင့် စပ်ခြင်းဟူသော ရုပ်သဘောကို လွန်သောကြောင့် အရူပနာမ်မည်၏။ ထိုနိဗ္ဗာန်နာမ်၏သဘောကား

(၃) အတ္တနိ အနဝဇ္ဇ ဓမ္မေ နာမေတီတိနာမံ = မိမိ၌ အပြစ်မရှိသော တရားတို့ကို ညွတ်စေတတ်သောကြောင့် နာမ်မည်၏။ ဆိုလိုသည်မှာ အပြစ်မရှိသော အနဝဇ္ဇတရားတို့ကို မိမိအားသာ ညွတ်စေသည်။ မိမိကပြန်၍ ညွတ်ရိုးမရှိ။ ပမာဆိုရသော် -

"ပုရံဟိတွာ နသရိ သောမိရော" (အလင်္ကာဋီကာ ပပေါဌ္ဌိအရာ) ထိုသိဒ္ဓတ္ထမင်းသား ဘုရားအလောင်းပညာရှိသည် ဆင်မြင်းရထား ထွေပြားမချို့ ကပိလမြို့တော်ကို စွန့်၍သာလျှင် သဗ္ဗညုဓလေ့ ဉာဏ်တော်တွေ့အောင် အောက်မေ့တော်မမူ။ ဘုရားအလောင်းတော်သည် ပြည်သူပြည်သားတို့ကသာ အောက်မေ့စေသည်။ ညွတ်စေသည်။ အလောင်းတော်ကား ပြန်၍မညွတ်။

အခြားသော ဥပမာတို့ဖြင့်ကား ပြည့်ရှင်မင်းမြတ်သည် ခြွေရံပရိသတ် မှူးမတ်သေနာပတိတို့၏ ဦးညွတ်ရာဖြစ်၏။ မင်းမြတ်ကလည်း ဦးညွတ်စေ၏သို့လည်းကောင်း၊ နေရုတောင်မင်းသည် ရွှေဟင်္သာတို့၏ ဦးညွတ်ရာဖြစ်၏။ နေရုတောင်မင်းကလည်း ဦးညွတ်စေ၏သို့လည်းကောင်း။ ဥတ္တရကူနေမင်းသည် နေကြာပန်းတို့၏ ဦးညွတ်ရာဖြစ်၏ နေမင်းကလည်း ညွတ်စေ၏သို့လည်းကောင်း။ ထို့အတူသာလျှင် နိဗ္ဗာန်သည် အနဝဇ္ဇတရားတို့၏ ညွတ်ရာဖြစ်သည်။ နိဗ္ဗာန်ကလည်း အနဝဇ္ဇတရားတည်းဟူသော မိမိ၌အပြစ်မရှိသော တရားတို့ကို ညွတ်စေသည်။ မိမိက ပြန်၍ကား ညွတ်ရိုးမရှိချေတည်း။

ထို့ကြောင့် "စတ္တာရောဟိခန္ဓာ အာရမ္မဏေ အညမညံ နာမေန္တိ၊ နိဗ္ဗာန အာရမ္မဏာဓိပတိ ပစ္စယတာယ အတ္တနိ အနဝဇ္ဇဓမ္မေနာမေတိ"ဟု အဋ္ဌသာလိနီ နိက္ခေပကဏ္ဍ၌ ဖွင့်ဆိုထားသည်။

- ထင်၍ ထင်ရှားစွာပြဆိုသော် လေးပါးသော နာမက္ခန္ဓာတို့သည် အချင်းချင်းညွတ်စေကုန်၏။ အာရုံသို့လည်း ညွတ်တတ်၏။

နိဗ္ဗာနံ-နိဗ္ဗာန်တရားမြတ်သည်၊ အာရမ္မဏာဓိပတိပစ္စယတာယ-လောကုတ္တရာစိတ်ရှစ်ပါး မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်လေးပါး၊ မဟာကြိယာဉာဏ သမ္ပယုတ်စိတ်လေးပါး ပေါင်းတစ်ဆယ့်ခြောက်ပါးအား အာရမ္မဏာဓိပတိပစ္စည်း တပ်သည်၏အဖြစ်ကြောင့် အတ္တနိ-မိမိဟုဆိုအပ်သော နိဗ္ဗာန်တရားမြတ်၌၊ အနဝဇ္ဇဓမ္မေ-အပြစ်မရှိသော တရားတို့ကို၊ နာမေတိ ညွတ်စေ၏။ ဤသည်ကား နိဗ္ဗာန်နာမ်မည်ကြောင်း ဖြစ်လေသည်။ နိဗ္ဗာန်နာမ်ညွတ်ပုံဖြစ်၏။

ဤတွင် အတ္တနိ မိမိဟု ဆိုအပ်သော နိဗ္ဗာန်တရားမြတ်၌ အတ္တနိဟု ဆိုအပ်သောကြောင့် နိဗ္ဗာန်သည် မပျက်မစီး အမြဲတည်နေသော တစ်ခုတည်းသော အနှစ်သာရအမာခံသဘောတရား အတ္တတည်းဟူ၍ကား မကြံဆ မယူဆရာချေ။ နိဗ္ဗာန်ဟူသည် စင်စစ် အနဝဇ္ဇတရားအစုပင်တည်း။ ယင်းအစုသည် အနဝဇ္ဇဖြစ်သည့်အားလျော်စွာ ဖြစ်ခြင်းမရှိသဖြင့် ပျက်စီးခြင်းမရှိ။ နိစ္စသုခသာ မှန်သည်။ သောပါဒိသေသ နိဗ္ဗာန် အရိယာမဂ်ဖြစ်ဆဲ ပစ္စုပ္ပန်အခါ မဂ်၏မှီရာ ရုပ်နာမ်ခန္ဓာရှိသည်ဟုဆိုရာ၌ ရုပ်လည်း အနဝဇ္ဇဓမ္မသာ အပြစ်မရှိသော တရားသာဟူ၍ မှတ်ယူရမည် ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်လည်း အနတ္တတရားဖြစ်သောကြောင့်ပင်တည်း။

ဘုရားရှင်တို့ ပွင့်ပေါ်တော်မူခြင်းသည် အနတ္တဝါဒကို သိမြင်အောင်ဟော ကြားတော်မူရန်ပင် ဖြစ်လေသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာသုံးပါးတွင်ပင် သဗ္ဗေဓမ္မာ အနတ္တာသည်ပင် အဓိကတရားဖြစ်လေသည်။ ဗုဒ္ဓ၏ စကြဝဠာပညာအဘိဓမ္မာတွင် နာမ်ဓာတ်နှင့် ရုပ်ဓာတ် နာမ်ရုပ်နှစ်ပါးသည်သာ ဖြစ်၍ဖြစ်၍ ချုပ်၍ချုပ်၍နေသည်။ သတ္တဝါကား မဟုတ်ကြောင်း ဓမ္မအနတ္တဖြစ်ကြောင်း ဟောတော်မူခဲ့သည်။ သို့ဖြစ်၍ နိဗ္ဗာနဓာတ်ဖြစ်သော နိဗ္ဗာန်နာမ်တရားသည်လည်း နာမ်ဓမ္မဖြစ်သောကြောင့် နိဗ္ဗာန်လည်း အနတ္တတရားဖြစ်လေ၏။

အနတ္တဝါဒအတွက် ပရိယတ္တိဉာဏ်ထက် ပဋိပတ္တိဉာဏ်က သာလွန်အသုံးဝင်သော ဉာဏ်ဖြစ်လေသည်။ လူသားတို့ ငြီးငွေ့ကြောက်ရွံ့သော ပဋိသန္ဓေ၊ အို၊ နာ၊ သေတို့နှင့် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့သည် အကြောင်းတရား အစိုအစွဲပြု၍ ဖြစ်ကြရသော သင်္ခါရသဘောသာဖြစ်၏။ ပညတ်သဘောတို့၏ ဖြစ်၊ အို၊ နာ၊ သေ မဟုတ်ကြပေ။ သင်္ခါရတို့ မဖြစ်ပေါ်ဘဲ ငြိမ်းအေးကြောင်းသဘောတရားသည်သာ သန္တိသုခ နိဗ္ဗာန်တရား ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်သောကြောင့် သင်္ခါရဒုက္ခနှင့် သန္တိသုခသဘော နှစ်မျိုးကို နှိုင်းယှဉ်လေ့လာရပေမည်။ သင်္ခါရအစုတို့၏ ဒုက္ခသဘော ဥပစယအဟောင်းအသစ်လဲနေသော အာရုံ၌ သင်္ခါရသဘောများ ထင်ရှားနေကြလေရာ ထိုသင်္ခါရတို့၏ အမှန်ဒုက္ခဟူသော သစ္စာသဘောတရား သစ္စာအနက် ၁၆ ချက်ကို သုတမယဉာဏ် စိန္တာမယဉာဏ်၊ ဘာဝနာမယ ဉာဏ်တို့ဖြင့် ရှင်းရှင်းလင်းလင်း သဘောပေါက်လျှင် အရိယာသစ္စာတို့၏ သဘောမှန်အနက်သို့ အသိရောက်ပေမည်တည်း။ ထိုအရိယာသစ္စာသည် ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ သစ္စာမဟုတ်။ သုဒ္ဓါသင်္ခါရဖြစ်သော သင်္ခါရတရားတို့၏ အသိကျက်စားရာ သင်္ခါရလောကကို အစွဲအမှီပြုကာ ထင်ရှားသော သစ္စာလေးပါးဖြစ်သည်ဟု သိမြင်လာပေမည်။

ကျွန်ုပ်၏ ဆောင်းပါးအစတွင် ဖော်ပြထားသော နိဗ္ဗာန်နာမ်သည် ခန္ဓာမှလွတ်သော ခန္ဓာဝိမုတ်တရားတည်း။ ခန္ဓာအနတ္တနှင့် နိဗ္ဗာန်အနတ္တကို အကြောင်းအကျိုး ဆက်စပ်သိတတ်သော သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့နှင့် ပြည့်စုံသော ဉာဏ်အမြင်ရှိသူ ဘာဝနာမယဉာဏ်နှင့် အားထုတ်မှသာ နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်နာမ်တရားကို မျက်မှောက်ပြုနိုင်ပေမည်ဟု ဖော်ပြထားရာတွင် နိဗ္ဗာန်ဖြတ်ထုံးကျမ်းအလိုအရ အမှန်မဆုံးဖြတ်မဝေဖန်နိုင်။ ဝိစိကိစ္ဆာနယ်ထဲမှာသာ တဝဲလည်လည် သဿတဒိဋ္ဌိမှိုင်းကြီးမိ၍ သဿတိဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့သည် သက္ကာယဒိဋ္ဌိအတ္တစွဲကြီး မချုပ်ငြိမ်းသေးသမျှ တတန်းလန်းလန်းပါနေသမျှ ခန္ဓာနှင့် နိဗ္ဗာန်အကြောင်း အကျိုးစပ်၍ သိတတ်သော ဉာဏ်မဖြစ်နိုင်။ ထိုဉာဏ်ဖြစ်ပေါ်နိုင်ရေးအတွက် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်နှင့် ပြည့်စုံရပေမည်။ ဤသို့ဆိုလျှင် ခန္ဓာ၊ အနတ္တနှင့် နိဗ္ဗာန်အနတ္တကို အကြောင်းအကျိုး ဆက်စပ်၍ သိတတ်သော ဉာဏ်အမြင်ရ၍ နိဗ္ဗာန်သို့ရောက်နိုင်သည်။ နိဗ္ဗာန်ရောက်သည်ဆိုခြင်းမှာ အသိဉာဏ်နာမ်တရားရောက်သဖြင့် မျက်မှောက်ထင်ထင် အာရုံပြုနိုင်သည်ကို နိဗ္ဗာန်ရောက်သည်ဟု ပြောဆိုရခြင်းဖြစ်သည်။

ဤသို့ နိဗ္ဗာန်သို့ အဘိဉာဏ်မရောက်မီ ရှေးဦးစွာ အတ္တလောက အဆုံးသို့ အသိဉာဏ်ရောက်၏။ ဖြစ်ပျက်မှုနှင့်တကွဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားများကို အတ္တသညာဆိတ်သုဉ်းပြီး အနတ္တသညာတစ်လုံးတည်းသာလျှင် မျက်မှောက်ထင်ထင် တွေ့မြင်ရ၏။ ဤသို့ ခန္ဓာငါးပါး (ရုပ်၊ နာမ်နှစ်ပါး)တို့ အတ္တပျောက်၍ အနတ္တပေါက်အောင် သိမြင်လိုက်ရသော အခိုက်အတန့်မှုကိုပင် အတ္တလောကအဆုံးဟု ခေါ်သည်။ ဤသို့ အတ္တလောကအဆုံးသို့ အသိဉာဏ်ရောက်သွားသော ယောဂီသည် ခန္ဓာအနတ္တကို ကိုယ်တွေ့ထင်ထင် သိမြင်သဘောပေါက်သွားတော့ သည်။ ဤသို့ ခန္ဓာအနတ္တကို သိမြင်သွားသော ယောဂီသည် ခန္ဓာအနတ္တနှင့် နိဗ္ဗာန်အနတ္တကို ကြောင်းကျိုးစပ်၍ သိတတ်သော သုတမယ၊ စိန္တာမယ ဘာဝနာမယ ဉာဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် လောကအဆုံးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် လောကဆုံးရာ နိဗ္ဗာန်သို့ ရောက်တော့မည်ဆိုခြင်းကို ကြိုတင်သိလိုက်နိုင်သည်။ တစ်သံသရာလုံး စွဲယူခိုင်မြဲလာသော သက္ကာယဒိဋ္ဌိ အတ္တစွဲကြီးသည် သင်္ခါနိရောဓနှင့် ချုပ်ငြိမ်းသွားခြင်းဟူသော အကြောင်းကြောင်း ဖြစ်ပေါ်မှုမရှိ အမြဲနိစ္စဓုဝ ချုပ်ငြိမ်းနေသော အနုပ္ပါဒနိရောဓနိဗ္ဗာန်ကို တွေ့မြင်ရတော့မည်ဟု သိလိုက်နိုင်ခြင်း အကြောင်းကြောင့် နိဗ္ဗာန်ကိုအာရုံပြုလိုသော ဆန္ဒဖြစ်ပေါ်လာသည်။

အကယ်၍ အတ္တလောက အဆုံးသို့ရောက်သဖြင့် အတ္တပျောက်၍ အနတ္တပေါက်သော ယောဂီသည် ခန္ဓာအနတ္တနှင့် နိဗ္ဗာန်အနတ္တကို အကြောင်းအကျိုးစပ်၍ သိတတ်သော သုတမယ၊ စိန္တာမယ၊ ဘာဝနာမယ ဉာဏ်တို့ နဂိုကလည်း ပြည့်စုံမှုမရှိ၊ အတ္တလောကအဆုံးသို့ ရောက်ခိုက်မှာလည်း ကြိုတင်သိတတ်သော ဉာဏ်မပေါ်လာပါက ထိုယောဂီသည် နိဗ္ဗာန်ကို အာရုံမပြုတတ်။ အာရုံမပြုတတ်ခြင်းကြောင့် နိဗ္ဗာန်ကိုလည်း အာရုံမပြုနိုင်။ အာရုံမပြုနိုင်ခြင်းကြောင့် နိဗ္ဗာန်သို့လည်း မရောက်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော်···

သစ္စာနုလောမဉာဏ်တည်းဟူသော ဤမှာဘက်ကမ်းလောကအဆုံးသို့ရောက်လျှင် ရှေ့တစ်လှမ်းတိုး၍ ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တော့သည်ဟု သုတမယဉာဏ်ဖြင့် အသိရောက်မထား



www.burmeseclassic.com

www.burmeseclassic.com

၍ နိဗ္ဗာန်ကို အာရုံပြုလိုသော ဆန္ဒမရှိခြင်းကြောင့်ပင် ဖြစ်လေသည်ဟူ၍ ပျားစည်ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန်ဖြတ်ထုံးကျမ်းတွင် ဖြေဆိုပြထားသည်။

ထို့ပြင် မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်ဟူသော ဤဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ချုပ်ကုန်သနည်းဟု စိတ်အကြံဖြစ်ပေါ်သော ဘူတနိရောဓသေကဘိက္ခုဝတ္ထု(သီလက္ခန်ကေဝဋ္ဋသုတ်)မှ ထိုရ ဟန်း၏အမေးကို ဘုရားရှင်က "ရဟန်း ဤပြဿနာကို ဤသို့မမေးသင့်။ ဤသို့သာမေးသင့်၏။

(၁) အဘယ်အရပ်၌ ရေ၊ မြေ၊ မီး၊ လေသည် မတည်ပါသနည်း။

(၂) အဘယ်အရပ်၌ အရှည်၊ အတို၊ အငယ်၊ အကြီး အကောင်း၊ အဆိုးသည် မရှိပါသနည်း။

(၃) အဘယ်အရပ်၌ နာမ်ရုပ်သည် အကြွင်းမဲ့ချုပ်ပါသနည်းဟု ပြဿနာကို ဤသို့မေးသင့်၏ဟု ပြောဆိုညွှန်ပြကာ အဖြေကိုလည်း ဟောကြားညွှန်ပြလေ၏။

(မျက်စိဖြင့်) မမြင်ကောင်းသော "ဉပါဒ် ဌီ ဘင်" အပိုင်းအခြားမရှိသော ထက်ဝန်းကျင်ဆိပ်ကမ်းရှိသော၊ ဉာဏ်အထူးဖြင့်သိအပ်သော နိဗ္ဗာန်သည်ရှိ၏။ (နိဗ္ဗာန်ဟူသည် မျက်မှောက်ပြု၍ သိအပ်သော အာရုံ(ဓမ္မာရုံ) တရားတည်း။ မျက်မှောက်ပြုတတ်သောတရားကား မဂ်စိတ္တုပ္ပါဒ်တည်း။) ဤသို့ ဉာဏ်အထူးဖြင့် သိအပ်သော ဤနိဗ္ဗာန်၌ ရေ၊ မြေ၊ မီး လေသည် မတည်ပေ။ သို့ရာတွင် နိဗ္ဗာန်အာရုံကား ရှိသည်သာတည်း။ ယင်းအာရုံတွင် ဖွဲ့မှယ့်လက္ခဏာ အာပေါဓာတ်၊ ခက်မာမှုလက္ခဏာ ပထဝီဓာတ်၊ ပူမယ့်လက္ခဏာ တေဇောဓာတ်၊ ထောက်ကန်တောင့်တင်းမှုလက္ခဏာ ဝါယောဓာတ်ဟု ဆိုအပ်သော မဖြစ်ငြိမ်း၊ ချုပ်ငြိမ်းနေကြသော ဓာတ်သဘောအစုတည်း။ မဂ်စိတ္တုပ္ပါဒ်ဖြစ်ဆဲခဏ၌ အဝိဇ္ဇာတဏှာသည်သောတာပတ္တိမဂ် စိတ်မှာပင် အကြွင်းမဲ့ ချုပ်ဆုံးနေသောကြောင့် တဏှာဉပါဒါန်တို့သည် ထိုဓာတ်တို့နှင့် မဆက်မသွယ် မကိန်းမတွယ်ရှိရကား ထိုဓာတ်တို့သည် မဖြစ်ငြိမ်းချုပ်ငြိမ်းနေသော အာရုံဓာတ်များ ဖြစ်နေကြလေသည်။

(၁) ဤနိဗ္ဗာန်၌ ရေ၊ မြေ၊ မီး၊ လေတို့သည် မတည်လာခြင်းကြောင့် မရှိခြင်းပေတည်း။

(၂) ဤနိဗ္ဗာန်၌ အရှည်အတို၊ အငယ်အကြီး၊ အကောင်းအဆိုးသည် မရှိပေ။

(၃) ဤနိဗ္ဗာန်၌ နာမ်ရုပ်သည် အကြွင်းမဲ့ချုပ်ပေ၏။ မဖြစ်သည်ကိုပင် ချုပ်သည်ဟု ဆိုသည်။ မရှိဟုဆိုခြင်း မမည်။

ဤနိဗ္ဗာန်၌ ဝိညာဏ်၏ ချုပ်ခြင်းကြောင့် ဤ(နာမ်နှင့်ရုပ်)သည် ချုပ်ပေ၏။ သို့ရာတွင် နိဗ္ဗာန်၏ နိစ္စ၊ ဓုဝ၊ သန္တိသုခ ဂုဏ်များကား ထင်ရှားမျက် မှောက်ပြုနိုင်၏။ မျက်မှောက်ပြု၍ သိအပ်သော ဤနိဗ္ဗာန်အာရုံမှာ ဝိညာဏ်နာမ်ရုပ် (ဘူတ)ဟူသော အာရုံမဟုတ်။ မဖြစ်မပေါ် ချုပ်ငြိမ်းနေပြီဖြစ်၏။ မဂ်စိတ္တုပ္ပါဒ်မှာလည်း မျက်မှောက်ပြုစရာ အာရုံမရှိက တည်ရှိနိုင်သော သဘောမရှိသောကြောင့် အခါခပ်သိမ်း မဖြစ်ငြိမ်းရှိသော ဘူတအာရုံကို မျက်မှောက်ပြု၍ သိနိုင်ခြင်းဖြစ်ပေ၏။

ထို့ကြောင့် ကျေးဇူးတော်ရှင် မူလ မင်းကွန်းဆရာတော်ကြီးက -

"အနိစ္စကိုထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်လို့ဆို၊ ဒုက္ခကိုထင်၊ သုခကိုမြင်မှ မဂ်ဝင်တယ်လို့ဆို။ အနတ္တထင်၊ ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်လို့ဆို" ဟူ၍ မိန့်ဆိုတော်မူခဲ့သည်။

သို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ အနတ္တဝါဒကို လက်တွေ့သိမြင်လာအောင် ကြိုးစားကြရာတွင် အနတ္တဝါဒသည် အလွန်သိမ်မွေ့နက်နဲသော ဝါဒဖြစ်သောကြောင့် သုတမယဉာဏ် အခြေခံ၍ ဦးစွာစတင်ရရှိသော သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် ခန္ဓာနှင့် နိဗ္ဗာန်ကို အကြောင်းအကျိုးစပ်တတ်သော ဉာဏ်ရင့်သန်စေ၍ သန္တိသုခနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေသတည်း။

ခန္ဓာအနတ္တနှင့် နိဗ္ဗာန်အနတ္တကို အကြောင်းအကျိုးစပ် သိတတ်သော ဉာဏ်မရှိခဲ့သဖြင့် နိဗ္ဗာန်သို့မရောက်နိုင်ဘဲ ဉာဏ်မျက်စိလည်နေသော ဆန္ဒရဟန်းအကြောင်း ဆက်လက်ဖော်ပြပါအံ့။

ချောယဉ်သာမြင့် (B.A., B.Ed)

ကျမ်းကိုး -

(၁) နိဗ္ဗာန်ဖြတ်ထုံးကျမ်း။

(၂) ဗုဒ္ဓနည်းကျသြဝါဒရိက သုခုမ ဓာတ်ကျမ်း။

(၃) ကျိုးကြောင်းဆက်ဓာတ်ကျမ်း။

(၄) သံယုတ်ပါဠိတော် မြန်မာပြန်။



www.burmeseclassic.com

# ကစ္ဆာသယပုဏ္ဏာကအင်းနှင့် အင်းဆံဂါထာ

မောင်မောင်မိုးအောင်

အငြိမ်းစားယူခဲ့ပြီးဖြစ်၍ ဝါသနာပါရာ စာရေးခြင်းအလုပ်ကို အချိန်ပြည့်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ အခါအားလျော်စွာ တရားစခန်းဝင်ခြင်း၊ ရေးဖော်များနှင့် ခရီးသွားခြင်းများလည်း ဆောင်ရွက်လာနိုင်ပြီ ဖြစ်သည်။ တစ်ခါတစ်ရံ ကပ္ပိယကြီးရွှေမိုး အဓိဋ္ဌာန်ခရီးထွက်ရာသို့ လိုက်ပါသွားနိုင်ခဲ့ပြီဖြစ်သည်။ ကပ္ပိယကြီးရွှေမိုးမှာ ကျွန်တော်နှင့် လွန်စွာခင်မင်ရင်းနှီးသူဖြစ်သည်။ ကပ္ပိယကြီးရွှေမိုးမှာ ဗေဒင်၊ ယတြာ၊ လောကီအစီအရင်များ ကျွမ်းကျင်သူဖြစ်သည်။ အချို့က ကပ္ပိယကြီးသည် အကြားအမြင်ရနေသည့် ပုဂ္ဂိုလ်ဟု ဆိုကြသည်။

တစ်နေ့ ညနေစောင်း ဈေးသိမ်းချိန် အိမ်ပြန်လာသော ကျွန်တော့်ဇနီး မျက်နှာ မရွှင်မလန်းဖြစ်နေသည်ကို သတိထားမိလိုက်သည်။ ဈေးစာရင်းစာအုပ်၊ သော့များ၊ ငွေများထည့်ထားသည့် လက်ဆွဲအိတ်ကို ဘုတ်ခနဲပစ်ချလိုက်ပြီး သက်ပြင်းချလိုက်သည်ကို တွေ့လိုက်ရသည်။ ကျွန်တော် မနေသာတော့ဘဲ ဇနီးသည်ကို မေးလိုက်သည်။

"ခုတလော မင်းကိုကြည့်ရတာ ရွှင်မလန်းဖြစ်နေပါလား။ ဘာလဲ... အကြွေးရောင်းထားတဲ့ငွေတွေ ပြန်မရလို့လား။ ဈေးရောင်းမကောင်းလို့လား"

"အကြွေးရောင်းထားတဲ့ ငွေတွေ မဆုံးပါဘူး။ ဈေးရောင်းမကောင်းလို့ပါ"

"ဩော်... ဈေးရောင်းမကောင်းတာလား။ စီးပွားရေးမကောင်းကြတော့ အဝတ်အထည် ခဏခဏ ဘယ်ဝယ်နိုင်ကြမလဲ"

"အစ်ကိုက အိမ်မှာပဲ တကုပ်ကုပ်နဲ့ စာရေးနေတာ။ ကျွန်မလုပ်ငန်းအကြောင်း မသိပါဘူး။ ခုတလော ဈေးရောင်းမကောင်းတာက အပြိုင်အဆိုင်တွေ ပေါ်လာလို့ပါ။ ကျွန်မဆိုင်နဲ့ မလှမ်းမကမ်းမှာ ဆိုင်အသစ်တစ်ဆိုင် တိုးလာတယ်။ သူက ကျွန်မလိုပဲ လပေးနဲ့ အထည်တွေ အကြွေးနဲ့ရောင်းတယ်။ ပြီးတော့ ကျွန်မထက် ဈေးလျှော့ရောင်းတယ်။ တချို့ ကျွန်မဖောက်သည်တွေတောင် သူ့ဆိုင်ရောက်သွားကြပြီ။ ဒါကြောင့် စိတ်မကြည်မလင်ဖြစ်နေတာ"

"ဒါကတော့ကွာ... သူတောင် လျှော့ရောင်းနိုင်သေးရင် မင်းလည်း လျှော့ရောင်းပေါ့"

"ကိုယ့်အတွက် မကျန်တဲ့အထိတော့ မလျှော့နိုင်ပါဘူး။ ကြည့်ရတာ ကျွန်မဆိုင်ပြုတ်သွားအောင် လုပ်နေတာလားမသိဘူး"

"အဲဒီလိုတော့ ဖြစ်မယ်မထင်ပါဘူး"

ကျွန်တော်တို့ဇနီးမောင်နှံ အထည်ဆိုင်အကြောင်း စကားပြောနေစဉ် အိမ်အောက်ဘက်မှ ကျွန်တော့်ဇနီးအမည်ကိုခေါ်ကာ မဝင်းဆိုသူ အိမ်ပေါ်တက်လာသည်။

"အစ်မကြီး... အစ်မကြီး ဆိုင်သိမ်းလာပြီလား"

"အေး... ခုပဲပြန်လာတာ။ အဝင်း ဘယ်ကလည်လာတာလဲ"

"အစ်မဆီလာတာ။ အစ်မဆိုင်သိမ်းချိန် မှန်းပြီးလာခဲ့တာ"

"ကိစ္စရှိလို့လား"

"အစ်မဆီ အကူအညီတောင်းမလို့ပါ"

"ပြော ဘာကူညီရမလဲ။ အစ်မတတ်နိုင်တာ ကူညီမှာပေါ့"

မဝင်းဆိုသူမှာ ကျွန်တော့်ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက် ကျော်ဇော၏ ဇနီးဖြစ်သည်။ ဌာနဆိုင်ရာမှ နေခွင့်ပြုခဲ့သော လိုင်းခန်းတွင် နေခဲ့စဉ်က အခန်းချင်းကပ်လျက် နှစ်များစွာ နေခဲ့သူများဖြစ်သည်။ ဝန်ထမ်းဘဝကတည်းက မဝင်း၏ခင်ပွန်း ကျော်ဇောမှာ အသောက်အစားဖက်သူ ဖြစ်သည်။ အသောက်အစားကြောင့်လည်း လစာနှင့် မလောက်မငဖြစ်ကာ မဝင်းက ဈေးရောင်း၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com

ရှာခဲ့ရသည်။ ကျော်ဇောက ကျွန်တော့် ထက်စော၍ ဆေးပင်စင်ယူသွားခဲ့သည်။ ကျွန်တော် အငြိမ်းစားယူပြီးနောက် မဝင်းမှာ သာကေတ (၇)ရပ်ကွက်ဈေးတွင် ဈေးရောင်းနေကြောင်း သိရသည်။ ယခု ကျွန်တော်တို့နေထိုင်ရာ ဒေါပုံမြို့နယ်ရှိ ကျွန်တော့်နေအိမ်သို့ ရောက်လာခြင်းဖြစ်သည်။

"ဒီလိုပါ အစ်မ၊ အခု အစ်မဈေးရောင်းနေတဲ့ ဒေါပုံဈေးထဲမှာ ဈေးလာရောင်းချင်လို့ပါ။ အစ်မဆိုင်ဘေးမှာ နေရာလွတ်ရှိတယ်လေ။ အဲဒီနေရာမှာ ကျွန်မ လာရောင်းလို့ရမလား"

"လာရောင်းလို့ရပါတယ်။ ဒါနဲ့ နေပါဦး။ (၇)ဈေးမှာ ရောင်းနေရာက ဘာဖြစ်လို့ အစ်မဘေးမှာ လာရောင်းချင်ရတာလဲ"

"ခု ကျွန်မရောင်းနေတဲ့ ဆိုင်ခန်းပိုင်ရှင်က ဖယ်ခိုင်းနေလို့ပါ။ မတန်တဆ ဆိုင်ခန်းလခတိုးတောင်းတော့ မပေးနိုင်လို့ပါ။ ဖယ်ပေးမယ်လို့လည်း ကတိပေးထားပြီးပြီ။ ခုလကုန်ရင် ဖယ်ပေးရတော့မယ်။ ဒါကြောင့် အစ်မကူညီပါနော်"

"ကူညီတာတော့ ဟုတ်ပါပြီ။ အဝင်းက အပေါင်းထည်တွေရောင်းနေတာ မဟုတ်လား"

"ဟုတ်ပါတယ် ဘာဖြစ်လို့လဲ"

"အစ်မဆိုင်နားမှာ အပေါင်းထည်ရောင်းတဲ့ဆိုင် နှစ်ဆိုင်တောင်ရှိနေတာ။ ပစ္စည်းချင်းတူနေတော့ ငါ့ညီမ ရောင်းလို့ ဖြစ်ပါ့မလား။ ပြီးတော့ ငါ့ညီမက လူသစ်လေ"

"အစ်မသာ ခွင့်ပြုပါ။ ကျွန်မကြိုးစားပြီးရောင်းပါ့မယ်"

မဝင်းစကားအဆုံးတွင် ဇနီးသည်က ကျွန်တော့်ဘက်လှည့်ပြီး ပြောလိုက်သည်။

"ဘယ်လိုလဲ အစ်ကို။ အဝင်းကို ရောင်းခွင့်ပြုလိုက်ရမလား။ ကျွန်မဆိုင်နံဘေးမှာ နေရာလွတ်ရှိနေတယ်"

"အေးပါကွာ။ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေပဲ။ ကူညီနိုင်ရင် ကူညီလိုက်ပေါ့"

"ကဲ...အဝင်း နင့်အစ်ကိုစကားကြားတယ်မဟုတ်လား။ အစ်မကူညီမယ်။ ဒါပေမယ့် အထည်ပေါင်းဆိုင်တွေများတယ်နော်"

"ကိစ္စမရှိပါဘူး။ လကုန်ရင် ကျွန်မလာခဲ့မယ်။ ခုလိုကူညီလို့ ဆရာ့ကိုရော၊ အစ်မကိုရော ကျေးဇူးတင်ပါတယ်။ ယောက်ျားက ဝင်ငွေဘာမှမရှိလို့ ကျွန်မ ဒုက္ခခံနေရတာ"

ကျေးဇူးတင်ကြောင်း ပြောပြီး မဝင်း နှုတ်ဆက်ပြီး ပြန်သွားသည်။ လမကုန်မီတစ်ရက် မဝင်းရောက်လာပြီး သူဈေးရောင်းမည့်နေရာကို လိုအပ်သလို ပြင်ဆင်သည်။ နောက်နှစ်ရက်ခန့်တွင် အထုပ်ကြီးများဖြင့် ရောက်လာပြီး အပေါင်းထည်များ စတင်ရောင်းချပါတော့သည်။ ညနေဆိုင်သိမ်းချိန် ပစ္စည်းထုပ်များဖြင့် ကျွန်တော်တို့နေအိမ်ရောက်လာသည်။ အထုပ်များ ကျွန်တော့်အိမ်တွင်ပင်ထားကာ ပြန်သွားပါတော့သည်။ ပထမတစ်ပတ်ခန့်သာ အဆင်မပြေလှဘဲ နှစ်ပတ်၊ သုံးပတ်အတွင်း ဈေးရောင်းသည်မှာ အဆင်ပြေသည်ဟု သိရသည်။ တစ်နေ့ညနေ အထုပ်အပိုးများလာထားရင်း သူတို့နှစ်ယောက်ပြောနေသည့်စကား ကျွန်တော်ကြားလိုက်ရသည်။

"ဟဲ့...အဝင်း၊ နင့်အပေါင်းထည်ဆိုင်က မဆိုးဘူး။ ရောင်းကောင်းသားပဲ။ ဟိုဘက်မှာဝတ်နေကျသူတွေတောင် နင့်ဆိုင်ဘက် ရောက်လာကြပြီ။ ငါတော်တော် အံ့ဩသွားတယ်။ နင့်ဆိုင်က ရောင်းကောင်းပေမယ့် ငါ့ဆိုင်က ရောင်းအားတော်တော်ကျနေတယ်"

"အစ်မရဲ့အထည်ဆိုင် အရောင်းအားနေ့တာ ကျွန်မကိုယ်တွေ့ပဲ။ ဘယ်လိုဖြစ်လို့လဲ အစ်မ"

"ငါ့ညီမ အမြင်ပဲလေ၊ ငါ့လို အထည်ဆိုင်နှစ်ဆိုင်တောင် ထပ်တိုးလာတယ်။ ပြီးတော့ အဲဒီဆိုင်တွေက ငါရောင်းတဲ့ဈေးထက် လျှော့ရောင်းကြတယ်။ ငါ့ဆိုင်ပြုတ်သွားအောင် ကြံစည်နေတာလားလို့တောင် ထင်မိတယ်"

"ဟင်...ဒီလိုလား။ အစ်မတို့က ကျွန်မရဲ့ကျေးဇူးရှင်တွေပါ။ အစ်မဆိုင်ရောင်းကောင်းအောင် ကျွန်မကူညီမယ်"

"ငါ့ညီမ မတတ်နိုင်ပါဘူးလေ။ အခြေအနေအရပေါ့။ ဒါပေမယ့် ငါ့ညီမ အထည်တွေ ရောင်းအားကောင်းတာကိုတော့ အစ်မ အားကျမိတယ်"

"ဒါကြောင့် အစ်မကို ကူညီမယ်လို့ ပြောတာပေါ့"

"လုပ်စမ်းပါဦး ဘယ်လိုကူညီမှာလဲ"

"အစ်မက တနင်္လာသမီးနော်"

"အေး...ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲ"

"မနက်ဖြန် ကျွန်မပြောမယ်၊ ဆိုင်ရောင်းကောင်းမယ့်ကိစ္စပေါ့"

နောက်တစ်နေ့နံနက်တွင် အဝင်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်မက တနလ်ာသမီး သေချာတယ်ဆိုရင် တရုတ်စကားသား တစ်မိုက်လောက် ရှာပေးနိုင်မလား"

"တရုတ်စကားသား ဘာလုပ်ဖို့လဲ"

"အစ်မ ဈေးရောင်းကောင်းဖို့ပါ။ ကျွန်မကို ကူညီမယ့်သူရှိတယ်၊ အဲဒီကူညီမယ့်သူမှာ ဆရာကောင်းရှိတယ်။ ကျွန်မဈေးရောင်းကောင်းတာ အဲဒီသူလုပ်ပေးထားတာပါ။ အစ်မဈေးရောင်းမကောင်းတော့ ကျွန်မလည်း စိတ်မကောင်းပါဘူး။ တရုတ်စကားသားသာ ရှာခဲ့ပါ"

"အေးပါ. . .နင့်အစ်ကိုကို ငါရှာခိုင်းလိုက်ပါ့မယ်"

ကျွန်တော့်ဇနီးက ကျွန်တော့်ဘက်သို့လှည့်၍ ပြောလိုက်ခြင်းဖြစ်သည်။

"မင်းနဲ့ မဝင်းနဲ့ပြောတာ ကိုယ်အားလုံးကြားတယ်။ မနက်ဖြန်မနက် တရုတ်စကားသားကို ရှာပေးမယ်"

"တရုတ်စကားသား ရှာရတာ ခက်ပါဘူး။ နောက်တော့ အစ်မကြီး ဈေးရောင်းကောင်းလာတာ ဆရာတွေ့ရမယ်"

"သိပ်ကောင်းတာပေါ့။ မနက်ဖြန် တရုတ်စကားသား ဆက်ဆက်ရပါစေ နော်"

ကျွန်တော် တာဝန်ထမ်းဆောင်ရာမှာ ဌာနအဆောက်အအုံဝင်း အတွင်း တရုတ်စကားပင်များရှိသည်ကို ကျွန်တော်အမှတ်ရလိုက်သည်။ နောက် တစ်နေ့နံနက်တွင် ယခင်က တာဝန် ထမ်းဆောင်ခဲ့သည့်ဌာနသို့ သွားရောက်၍ တရုတ်စကားပင်မှ တစ်မိုက်ခန့် ဖြတ်ယူခဲ့သည်။ ညနေ ဆိုင်သိမ်းချိန် မဝင်းရောက်လာစဉ် ကျွန်တော်ပေးလိုက်သည်။ မဝင်းကို တရုတ်စကားသားပေးပြီးနောက်ပိုင်း ကျွန်တော် မေ့မေ့ပျောက်ပျောက်ပင်ရှိနေခဲ့သည်။ ကျွန်တော်ရေးနေသည့် ဝတ္ထုထဲတွင်သာ မြှုပ်နှံထားခဲ့သည်။ တရုတ်စကားသား ရှာပေးခဲ့သည့်အဖြစ်ကိုလည်း သတိမထားမိတော့ပါ။ ကျွန်တော့်ဇနီး ဈေးသိမ်းချိန် ပြန်ရောက်လာလျှင်လည်း ယခင်လို မကြည်မသာ ဖြစ်မနေတော့သည်ကို သတိထားမိလာသည်။ တက်ကြွပျော်ရွှင်နေသည်ကို သတိထားမိလာသည်။ တရုတ်စကားသားရှာပေးပြီး နှစ်လခန့်ကြာမှ ထိုကိစ္စ ကျွန်တော်မေးကြည့်မိသည်။

"လွန်ခဲ့တဲ့ နှစ်လလောက်က မဝင်းကို တရုတ်စကားသား ပေးလိုက်တယ်။ မင်းဈေးရောင်းကောင်းအောင် မဝင်းက လုပ်ပေးမယ်လို့လည်း ပြောသွားတယ်။ ပြီးတော့ ခုတလော မင်းပုံစံက ရွှင်လန်းနေသလိုပဲ၊ ဘာတွေထူးခြားနေလို့လည်း ကိုယ့်ကိုလည်း ပြောပါဦး"

"ခုတလော ဈေးရောင်းကောင်းလာတာကတော့ အံ့သြလောက်ပေတယ်။ ကျွန်မဆိုင် ပြုတ်သွားအောင် ဈေးလျှော့ရောင်းတဲ့နှစ်ဆိုင်အနက် တစ်ဆိုင်တောင် ဈေးမထွက်တော့ဘူး။ သူတို့ဖောက်သည်တွေတောင် ကျွန်မဆီ ရောက်လာပြီ"

"ဟော··ဟုတ်လား။ ဒါနဲ့ တရုတ်စကားသားတောင်းပြီး မဝင်းက ဘာလုပ်တာလဲ"

"အဲဒီအကြောင်း · ·အစ်ကို့ကို ကျွန်မပြောမလို့ဘဲ။ အဝင်းက မပြောနဲ့ဆိုလို့ပါ။ ကျွန်မအထည်ဆိုင် ဈေးရောင်းကောင်းလာတာ အဝင်းလုပ်ပေးတဲ့ တရုတ်စကားသားနဲ့ အင်းကွက်တစ်ခု ဂါထာတစ်ပုဒ်ကြောင့်ပါ"

"တယ်ဟုတ်ပါလား။ ကိုယ်လည်း စာရေးနေတာပဲ။ တကယ်အအကျိုးဖြစ်ထွန်းတာဆိုရင်တော့ စာဖတ်သူတွေကို ဝေငှပေးချင်တယ်"

"အဝင်းကိုလုပ်ပေးတဲ့သူသာ သိလိမ့်မယ်။ တရုတ်စကားသားပေါ်မှာ အင်းကွက်တစ်ကွက်ပါတယ်။ ပြီးတော့ ဂါထာတစ်ပုဒ်ရွတ်ရတယ်။ ဂါထာက နှစ်ကြောင်းလောက်ပဲရှိတယ်။ တိုတိုလေးပါ။ ပြီးတော့ အဲဒီတရုတ်စကားသား ဆောင်ထားရတယ်။ အဲဒီလိုလုပ်ပြီးကတည်းက ကျွန်မဆိုင် အရောင်းအဝယ်ကောင်းလာတယ်။ ပြိုင်ဆိုင်လာတဲ့သူတွေလည်း နောက်ဆုတ်သွားကြတယ်"

"မင်းပြောတာနဲ့ပဲ တော်တော်စိတ်ဝင်စားလာပြီ။ အဲဒီတရုတ်စကားသားနဲ့လုပ်ထားတဲ့ အင်းကွက်က ဘယ်လိုလည်း၊ ဘယ်မှာလည်း၊ မင်းဆောင်ထားတယ်ဆို"

"ကျွန်မဆိုင်မှာ ရှိပါတယ်။ အမြဲတမ်းဆောင်ထားရတာ၊ ဆိုင်မှာရှိတယ်။ မနက်ဖြန်ညနေ ဈေးသိမ်းတော့ ကျွန်မယူခဲ့မယ်။ အသေးစိတ်သိချင်ရင် အဝင်းကိုသာ မေးကြည့်ပေရော့"

နောက်တစ်နေ့ညနေ ဈေးသိမ်းချိန်တွင် မဝင်းနှင့် ကျွန်တော့်ဇနီးတို့ နှစ်ယောက်အတူ ရောက်လာကြသည်။ ကျွန်တော့်ဇနီးက ပိတ်စအဖြူရောင်ဖြင့် တရိုတသေပတ်ထားသော အထုပ်တစ်

www.burmeseclassic.com

ထုပ် ကမ်းပေးသည်။ အထုပ်ကို ကျွန်တော် ဖြေလိုက်သည်။ တစ်မိုက်ခန့် တရုတ်စကားသားမှာ အခေါက်အကြော မရှိတော့ဘဲ ပြောင်ချောအောင်သွေးထားသည်ကို တွေ့ရသည်။ ကျွန်တော် ခုတ်ပေးခဲ့၍ သိနေခြင်းဖြစ်သည်။ ထိုအပေါ်တွင် အင်းကွက်တွေ့ရသည်။ အင်းကွက် အကွက်ကိုးကွက်ရှိသည်။ အကွက်တိုင်းတွင် စာများရှိသည်။

"ဒါကိုဆောင်ထားလို့ အရောင်းအဝယ်ကောင်းလာတာ။ ပြိုင်ဆိုင်မယ့်သူတွေလည်း နောက်ဆုတ်သွားကြတယ်"

ကျွန်တော်က သိချင်စိတ်ဖြင့် မဝင်းကိုမေးလိုက်သည်။

"မဝင်းရေ ဒီအင်းက ဘာအင်းလို့ခေါ်လဲ"

"ဣစ္ဆာသယ ပုဏ္ဏကအင်းတဲ့။ ဂါထာကတော့ အင်းဆံဂါထာတဲ့"

"ဘာ・・・ဣစ္ဆာသယ ပုဏ္ဏကအင်း ဟုတ်လား။ ဒီအင်းက ဈေးရောင်းကောင်းဖို့တစ်ခုတည်းမဟုတ်ဘဲ တခြားအကျိုးသက်ရောက်မှုတွေ ရှိဦးမယ်ထင်တယ်။ ခုနစ်ရက်သားသမီးတွေအတွက် ရေးပြချင်တယ်။ မဝင်းကိုလုပ်ပေးတဲ့ဆရာကိုပြောပြီး အသေးစိတ်သိချင်လို့ တောင်းခဲ့ပါလား"

"ရနိုင်မယ်ထင်တယ်။ ကျွန်မကို အဲဒီအင်းလုပ်ပေးတဲ့သူကို မေးပေးပါ့မယ်"

"မဝင်းကိုပေးတဲ့သူက ကိုယ်တိုင်လုပ်တာ မဟုတ်ဘူးလား"

"ကိုယ်တိုင်မဟုတ်ဘူး။ သူ့ဆရာလုပ်ပေးတာတဲ့။ ကျွန်မကိစ္စ ပြောပြတော့ သူ့ဆရာက လုပ်ပေးမယ်ဆိုလို့ ကျွန်မလက်ခံခဲ့တာ။ အဆင်ပြေရင် ကန်တော့ပါဆိုလို့ တနင့်တပိုးပေးခဲ့ရတယ်။ ကန်တော့တယ်ပဲထားပါတော့။ ဒါပေမယ့် ကန်တော့ရတာတန်ပါတယ်"

"ဟုတ်ပါပြီ။ ဘယ်သူလုပ်ပေးတာလဲ မဝင်းမသိဘူးလား"

"ကျွန်မကို ဆက်သွယ်ပေးတဲ့သူပြောတော့ မှော်ဘီဘက်က ဆရာတဲ့။ ကပ္ပိယရွှေမိုးလို့တော့ ပြောသံကြားမိတယ်"

"ဘာ・・・ကပ္ပိယရွှေမိုး ဟုတ်လား။ မှော်ဘီမှာနေတဲ့ ကပ္ပိယရွှေမိုးလား"

"ဟုတ်တယ်။ ကျွန်မ မှော်ဘီလိုက်သွားရသေးတယ်။ ဘာဖြစ်လို့လဲ"

"အဲဒီကပ္ပိယရွှေမိုးက ကျွန်တော်နဲ့ တော်တော်ရင်းနှီးတာ။ အစက မသိခဲ့ရဘူး။ ကျွန်တော်ပဲ ဆက်သွယ်လိုက်တော့မယ်။ ဒါနဲ့ ကပ္ပိယကြီး အဓိဋ္ဌာန်ခရီး ထွက်နေတယ်မဟုတ်လား။ သထုံဘက် မြသပိတ်တောင်လား၊ ကေလာသတောင်လားတော့ အတိအကျ မသိဘူး။ အဲဒီဘက် အဓိဋ္ဌာန်ခရီးသွားနေတယ်လို့ သိထားတာ"

"ကေလာသတောင်လို့ ကြားရတယ်။ ပြန်ရောက်နေပါပြီ"

"ကျေးဇူးပဲ မဝင်း။ ကျွန်တော် သွားတွေ့လိုက်မယ်။ ပြီးတော့ တရုတ်စကားသားနဲ့လုပ်ထားတဲ့ အင်းကွက်အကြောင်းလည်း မေးခဲ့မယ်။ ခုနက ပြောတာ ဘာအင်းလဲ"

"ဣစ္ဆာသယ ပုဏ္ဏကအင်းတဲ့"

"ဂါထာကရော ဘယ်လိုခေါ်လဲ"

"ဂါထာက အင်းဆံဂါထာတဲ့"

"ကောင်းပါပြီ။ အဲဒီအင်းနဲ့ ဂါထာကြောင့် မဝင်းတို့ အရောင်းအဝယ်အဆင်ပြေခဲ့ကြတာကို။ ဒါနဲ့ တနင့်တပိုးပေးရတာတော့ မဟုတ်သေးဘူး"

"ကျွန်မက တစ်ဆင့်ဆက်သွယ်ရတာဆိုတော့ ဆက်သွယ်ပေးတဲ့သူက တောင်းသလောက် ပေးခဲ့ရတာပေါ့"

"ကပ္ပိယကြီးက ပန်းဖိုး ဖယောင်းတိုင်ဖိုးလောက်သာ လက်ခံတာ။ ထားပါတော့လေ"

ကျွန်တော့်ဇနီးနှင့် မဝင်းတို့ အရောင်းအဝယ် အဆင်ပြေနေသည်မှာ ကပ္ပိယကြီးရွှေမိုး၏ အစီအရင်ကြောင့်ဖြစ်ကြောင်း ယခုမှကျွန်တော်သိရသည်။

ကပ္ပိယကြီးရွှေမိုး၏ အင်းနှင့်ဂါထာက အစွမ်းထက်လှကြောင်း ကျွန်တော့်လက်ဆွေ့ပင်ဖြစ်သည်။ နောက်တစ်နေ့တွင် ကပ္ပိယကြီးရှိရာ မှော်ဘီ ဓာတ်စခန်းသို့ ကျွန်တော်လိုက်သွားသည်။ ကပ္ပိယကြီးကို အဆင်သင့်တွေ့ရသည်။ ကျွန်တော့်ကို တွေ့သည်နှင့် ကပ္ပိယကြီးက ဝမ်းသာအားရ နှုတ်ဆက်သည်။

"ပျောက်ချက်သား ကောင်းလှချေလား မောင်မိုးရဲ့။ ဘယ်ကဘယ်လိုရောက်လာတာလဲ"

"ကပ္ပိယကြီးဆီ လာခဲ့တာပဲ။ အဓိဋ္ဌာန်ခရီးထွက်နေတာ ပြန်မရောက်သေးဘူးထင်လို့ ကျွန်တော် မလာဖြစ်တာပါ"

"ဒါနဲ့ ခုရောက်လာတာ ကိစ္စရှိလို့လား မောင်မိုး"

"ကိစ္စ အထူးအထွေတော့ မရှိပါဘူး။ တရုတ်စကားသားနဲ့ လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဣန္ဒာသယပုဏ္ဏကအင်းနဲ့ အင်းဆံဂါထာအကြောင်း သိချင်လို့ လာခဲ့တာပါ"

"ဟေ..တလောကပဲ အဲဒီ အင်းနဲ့ဂါထာ တနင်္လာသမီးအတွက် လုပ်ပေးလိုက်ရသေးတယ်"

"အဲဒီတနင်္လာသမီးက ကျွန်တော့်ဇနီးပါပဲ"

"ဩော်...မောင်မိုးရဲ့ဇနီးလား။ အရောင်းအဝယ်မကောင်းဘူး။ ပြီးတော့ အတိုက်အခံတွေလည်း ရှိနေတယ်ဆိုလို့ လုပ်ပေးလိုက်တာ။ အဆင်ပြေတယ် မဟုတ်လား"

"ကပ္ပိယကြီးကို ကျွန်တော်ယုံပါတယ်။ ကပ္ပိယကြီးဆောင်ရွက်ပေးရင် အဆင်မပြေတာ မရှိခဲ့ပါဘူး"

"ဘာလဲ..မောင်မိုးက စာရေးဆရာဆိုတော့ ဣန္ဒာသယပုဏ္ဏကအင်းအကြောင်း ရေးမလို့လား"

"အများအကျိုးဖြစ်မယ့် ကိစ္စပဲ။ ရေးချင်ပါတယ်။ ကျွန်တော့်ကို ပြောပြပါလား"

"အင်းကိုတော့ တရုတ်စကားသားပေါ်မှာ မောင်မိုးတွေ့ခဲ့ပြီးပြီပဲ။ ဂါထာအကြောင်းတော့ မသိသေးဘူးမဟုတ်လား။ မောင်မိုးဇနီး ရွတ်နေတဲ့ဂါထာပါ။ ဂါထာနဲ့အင်းကွက် ရေးပေးလိုက်မယ် ခဏစောင့်"

ချက်ချင်းပင် ကပ္ပိယကြီးက စာရွက်တစ်ရွက်ပေါ်တွင် ဣန္ဒာသယပုဏ္ဏက အင်းပုံနှင့် အင်းဆံဂါထာကို ရေးချလိုက်သည်။ အင်းကွက်များလည်း တွေ့ရသည်။

"ပြီးပြီ။ ရော့...မောင်မိုး ဖတ်ကြည့်။ အင်းအစီအရင်ပြုလုပ်ပုံနည်းပါ ရေးထားတယ်။ ဂါထာလည်းပါတယ်။ မောင်မိုးဇနီး နေ့စဉ်ရွတ်နေတဲ့ ဂါထာပါပဲ။ အင်းကိုဆောင်ထားပြီး ဂါထာကို ရွတ်ရတာကွဲ့"

ကပ္ပိယကြီးပေးသည့် စာရွက်ကို ကျွန်တော် ကြည့်လိုက်သည်။ အောက်ပါအတိုင်း အင်းပုံနှင့် ဂါထာကို တွေ့လိုက်ရသည်။ အောက်တွင် အစီအရင် ပြုလုပ်ပုံကိုလည်း တွေ့ရသည်။

**ဣန္ဒာသယပုဏ္ဏကအင်းပုံ**

| | | |
|---|---|---|
| ပု | ဟံ | ရာ |
| ဣ | | ဏ္ဏ |
| ကော | ဇာ | ယ |

**အင်းဆံဂါထာ**

ပုဏ္ဏကောဟံ ယက္ခရာဇာ။

အလယ်တွင် လိုသူ၏နံကိုသွတ်။

အဟံ-ငါသည်၊ ပုဏ္ဏကော-ပုဏ္ဏကအမည်ရှိသော၊ ယက္ခရာဇာ-ဘီလူးမင်းတည်း။

**စီရင်ပုံ** ။ ။ ဤအင်းကို ရွှေပြားတွင်ဖြစ်စေ၊ ငွေပြားတွင်ဖြစ်စေ နက္ခတ်ခါးပတ်ရွေးချယ်၍ လက်ဖွဲ့ထိုးရမည်။ လက်ဖွဲ့လိပ်ပြီးသော် တောင်ထိပ်သို့တက်၍ အင်းဆံဂါထာနှင့် တစ်ထောင်စုတ်ရမည်။ ပြီးလျှင်ဆောင်၊ ရန်ဟူသမျှ ပြေပျောက်၏။ အဟန့်အတားကောင်းလှ၏။ အပြိုင်အဆိုင် အနိုင်အရှုံးဟူသမျှ၌ ရေကောင်းရေသန့်တွင် ၎င်းလက်ဖွဲ့ကိုစိမ်ပြီးလျှင် အထက်အင်းဆံဂါထာနှင့် ခုနစ်အုပ်စုတ်၍ ၎င်းရေကို မျက်နှာသစ်။ သောက်လည်းသောက်၊ ပြီးလျှင် စိတ်ကို စင်ကြယ်အောင်ထားရမည်။ အလုံးစုံပြီး၏။

ပီယလိုသော် ၎င်းလက်ဖွဲ့ကို နံ့သာရည်နှင့်စိမ်၍ အထက်နည်းအတိုင်း စီရင်လေ။ စီးပွားရေးနှင့်စပ်လျဉ်းသော အပြိုင်အဆိုင် အနိုင်အရှုံးများမှာ တရုတ်စကားသားတွင် အကြောပြတ်အောင်သွေး၊ အင်းချပြီးမှ ဟင်္သာပြဒါးနှင့် ထပ်မံ၍ရေးပြီးလျှင် အထက်ပါအတိုင်း စီရင်ဆောင်လေ။ မိမိလိုရာအောင်မြင်၏။ မယုံမရှိလင့်။ ဂါထာမန်းသောအခါ ဦးထပ်မန်းပါ။ သစ္စာကိုထိန်းပါ။ ဉာဏ်ရှိတိုင်းသုံး အကျိုးများလှ၏။

ကပ္ပိယကြီးရွှေမိုးက ဣန္ဒာသယပုဏ္ဏကအင်းနှင့် အင်းဆံဂါထာစီရင်နည်း အသေးစိတ်ရေးပေးခဲ့သည်။ အင်းနှင့်ဂါထာ အစွမ်းထက်ပုံ ကျွန်တော့်ကိုယ်တွေ့ပင်ဖြစ်သည်။

"ခုနစ်ရက်သားသမီးများအတွက် မောင်မိုးရေးချင်တယ်မဟုတ်လား။ ရေးနိုင်အောင် အပြည့်အစုံ ရေးပေးထားတယ်"

"စိတ်ချ ကပ္ပိယကြီး။ ကျွန်တော်ရေးပါ့မယ်။ ကပ္ပိယကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး"


ကပ္ပိယကြီးကို နှုတ်ဆက်ပြီး မော်ဘီမှ ကျွန်တော်ပြန်လာခဲ့သည်။ အင်းနှင့် အင်းဆံဂါထာ အစွမ်းထက်ပုံ အကြောင်း ရေးရန် ဆုံးဖြတ်ချက်ချပြီး ဖြစ်နေပါတော့သည်။

**မောင်မောင်မိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပင်လယ်၏ လျှို့ဝှက်ချက်

မြမျက်ရှင်

နေ့ခင်း ၁ နာရီအချိန်မို့ ထင်ပါရဲ့။ နေပူရှိန်က တော်တော်ပြင်းတယ်။ နားနေဆောင်မှာထိုင်နေတဲ့ ကျွန်မရဲ့ မျက်နှာမူရာမှာ ပင်လယ်ပြင်ကြီးကို အဆုံးအစမရှိ မြင်နေရပါတယ်။ နေရောင်အောက်မှာ တဝုန်းဝုန်းမြည်သံပေးပြီး ရိုက်ခတ်နေတဲ့ လှိုင်းလုံးကြီးတွေက အပြေးတက်လာလိုက်၊ ပြန်ကျသွားလိုက်နဲ့ တော်တော် ကြည့်လို့ကောင်းနေတယ်။ ငွေဆောင်ကိုရောက်နေတာ နှစ်ရက်ရှိပါပြီ။ ချောင်းသာကမ်းခြေကို ခဏခဏရောက်ပေမယ့် ငွေဆောင်ကို မရောက်ဖူးသေးပါဘူး။ ဒီတော့ ကျောင်းပိတ်ရက်လေးရခိုက် မိသားစုတွေတိုင်ပင်ပြီး ငွေဆောင်ထွက်လာကြတာပါ။ ရောက်ကတည်းက တန်းပြီးရေချိုးဆင်းလိုက်ကြတာ ညနေ ငါးနာရီမှ တည်းခိုဆောင်ပေါ် ပြန်ရောက်တော့တယ်။ ညနေစာစားပြီးရင်လည်း ကမ်းစပ်ဆင်းပြီး လမ်းလျှောက်ကြပြန်ရော။ ကျွန်မတို့တစ်ဖွဲ့လုံး ရေထဲဆင်းပြီဆိုရင် လက်တွေ ပဲကြီးခွံပွသလို အရေခွံတွေတွန့်နေမှ ကမ်းပေါ် ပြန်တက်ကြတယ်။ ဒီလည်း နောက်တစ်နေ့ ၈ နာရီထိုးရင် ရေထဲရောက်နေကြပြီ၊ ကျွန်မတို့တည်းခိုတဲ့ Hotel ဝန်ထမ်းတွေက ရေသူရဲအဖွဲ့လို့တောင် ခေါ်ယူရပါတယ်။ ကျွန်မက ပင်လယ်ကိုချစ်တယ်။ ပင်လယ်ရောက်ရင် ရေဆင်းစိမ်လိုက်၊ လှိုင်းပုတ်ခံလိုက်နဲ့ ရေထဲမှာသာ နေချင်ပေမယ့် ကျွန်မက ရေကြောက်တယ်ရှင့်။

သံလွင်မြစ်မှာတစ်ခါ၊ မြို့တော်စည်ပင်ဂေါက်ကွင်းက ရေကူးကန်မှာ တစ်ခါ နှစ်ခါတိတိ ရေနစ်ဖူးလို့ ကျွန်မက ရေကြောက်ပါတယ်။ ခါးလယ်အထိရှိတဲ့ နေရာလောက်ကလွဲပြီး ရှေ့ကိုတိုးပြီး ရေမကူးပါဘူး။ လှိုင်းပုတ်လိုက်ရင် ကမ်းစပ်ကိုပြန်ရောက်ရော။ အဲဒီတော့ ကျွန်မရဲ့မိသားစုက ကျွန်မကို "တို့မေမေ ခြေမျက်စိဖုံးရုံ ကမ်းစပ်မှာပဲ ရေကူးနေတာလား"လို့ အပြောခံရတဲ့ အထိပါပဲရှင်။

ခုလည်း ရေထဲဆော့လို့ မောကုန်တဲ့ ကလေးတစ်စု အိပ်ပျော်နေကြပေမယ့် ကျွန်မက နေ့ခင်း အိပ်ကျင့်မရှိဘူးလေ။ ဒီတော့ တစ်နေကုန် ပင်လယ်ကြီးကို ထိုင်ကြည့်နေတော့တာပေါ့။ အမှန်တော့ ပင်လယ်ကို ညအချိန်ကြည့်တာ ပိုပြီးသဘာဝကျတယ်။ လရောင်မလင်းတဲ့အချိန်ဆို ပင်လယ်ပြင်ပေါ်မှာ မီးမှိန်မှိန်လေးတွေ ရွေ့ရွေ့သွားနေတာ ကြည့်လို့ကောင်းမှကောင်း။ ပင်လယ်ပြင်ဆီသွားတော့မယ်ဆိုရင် ကျွန်မ သယ်ယူသွားတဲ့ ပစ္စည်းတစ်မျိုးကတော့ အမွှေးတိုင်ခွက်တွေပါပဲ။ ညနေခင်း ရေဆော့ပြီး ညနေစာ စားပြီးပြီဆိုရင် ကလေးအဖွဲ့ကတော့ ပင်လယ်ကမ်းစပ်ကို မဆင်းကြတော့ဘူး။ စောစောစီးစီး အိပ်ရာဝင်ကြပြီ။ ကျွန်မရယ်၊ သမီးအလတ်မရယ်ကတော့ ကမ်းစပ်ကိုဆင်းကြတယ်။ အမွှေးတိုင်ထုပ်ကြီးကိုသယ်ပြီး အထုပ်ကိုဖောက်လို့ မီးညှိပြီးတာနဲ့ ကမ်းစပ်တစ်လျှောက် အမွှေးတိုင်လိုက်စိုက်ကြတော့တာပဲ။ အမှန်တော့ အမွှေးတိုင်ထွန်းပြီး အရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီးကို ပူဇော်တာပါ။ အမွှေးတိုင်မစိုက်ခင် "သမုဒ္ဒရာအတွင်း စံမြန်းနေတော်မူသော အရှင်ဥပဂုတ္တ မထေရ်မြတ်အား ပူဇော်ပါ၏"လို့ ရွတ်ဆိုကန်တော့ပါတယ်။ ပြီးမှ အမွှေးတိုင်လိုက်စိုက်ကြတာပါ။ တစ်မိုင်ကျော်ကျော် စိုက်ပြီးပြီဆိုရင် လမ်းလျှောက် ပရိတ်ရွတ်ဆိုပြီး မေတ္တာပို့ကြပါတယ်။ ကမ်းစပ်မှာ အမွှေးတိုင်မီးလေးတွေ တန်းစီပြီး လင်းနေပုံက ကြည်ညိုသဒ္ဓါပွားစရာကောင်းလှပါတယ်။ လပြည့်ချိန်ပဲဖြစ်ဖြစ် လဆုတ်ရက်ပဲဖြစ်ဖြစ် ကမ်းစပ်တစ်လျှောက် မီးတိုင်လေးတွေ တန်းစီလင်းနေတာကို မြင်ရတာ ကြည်နူးစရာ။ နိုင်ငံခြားသားအဖွဲ့တွေကလည်း ညလမ်းလျှောက်တာကို နှစ်သက်ပုံရပါတယ်။ ကမ်းစပ်မှာ မြန်မာဆိုလို့ ကျွန်မရယ်၊ သမီးရယ်နဲ့ ခပ်ဝေးဝေးမှာ သုံးလေးဦးလောက်သာ တွေ့ရပြီး နိုင်ငံခြားသား အသက်ခပ်ကြီးကြီး အတွဲတစ်တွဲ၊ အသက်အလတ်ပိုင်း အတွဲနှစ်တွဲ လမ်းလျှောက်နေကြပါတယ်။ အသက်ကြီး

www.burmeseclassic.com

ကြီး အမျိုးသား၊ အမျိုးသမီးကတော့ "ဘာလုပ်နေကြတာလဲ"လို့ လာမေးပါတယ်။ သမီးဖြစ်သူက သူတို့ဘာသာစကားနဲ့ အနီးစပ်ဆုံး နားလည်နိုင်လောက်အောင် ရှင်းပြတော့ သူတို့မှာ ပြုံးပြုံးလေးနားထောင်ကြပြီး ပင်လယ်ပြင်ကြီးဆီကြည့်လိုက်၊ အမွှေးတိုင်ထွန်းတာကိုကြည့်လိုက်လုပ်ပြီး သူတို့လည်း ကူညီချင်ပါတယ် ပေးပါလို့ တောင်းဆိုတဲ့အတွက် မီးညှိပြီးသားအမွှေးတိုင် သုံးလေးတိုင် ထုတ်ပေးလိုက်ပါတယ်။ သူတို့နှစ်ဦး ကမ်းစပ်မှာလျှောက်ပြီး အမွှေးတိုင် စိုက်တော့တာပါပဲ။ နှုတ်ကလည်း ပါဝါ ပါဝါလို့ ရွတ်ကြသေးတယ်။ ယုံကြည်ချက်ဆိုတာ လူမျိုးနဲ့ မဆိုင်ပါဘူး။ ရေပြင်ပေါ်မှာ ပါဝါရှိတဲ့ပုဂ္ဂိုလ် စံနေတယ်ဆိုတာ သူတို့အတွက် ဒဏ္ဍာရီလို၊ ပုံပြင်တစ်ပုဒ်လို ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် မြန်မာလူမျိုးတွေရဲ့ ဘာသာရေးကိုတော့ သူတို့ လေးစားတာကို တွေ့ရပါတယ်။ ကျွန်မကတော့ ပင်လယ်ပြင်ဆီသွားတိုင်း လုပ်ဆောင်နေကျ အလုပ်ဖြစ်ပါတယ်။ နံနက်စောစောထပြီး ပါလာတဲ့သပိတ်ထဲမှာ သစ်သီးတွေထည့်မယ်။ ကမ်းစပ်ကိုဆင်းပြီး "အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဤသစ်သီးဆွမ်းကို ဆက်ကပ်လှူဒါန်းပါသည်ဘုရား"ရွတ်ဆိုပါတယ်။ ပြီးတာနဲ့ ရေထဲမျှောလိုက်ပါပြီ။ ကမ်းစပ်မှာ ထီးတွေစိုက်ပြီး ထီးအောက်မှာ သစ်သားကုလားထိုင်တွေရှိပါတယ်။ ကုလားထိုင်မှာပြန်ထိုင်ပြီး ဘုရားကန်တော့၊ ပရိတ်ရွတ်၊ မေတ္တာပို့အမျှဝေ၊ အမွှေးတိုင်တွေ ထွန်းညှိပူဇော်ပြီးချိန်ဟာ နံနက်စာစားမယ့် ၇ နာရီ တိတိပါပဲ။ ဒါဟာ ပင်လယ်ကမ်းစပ်ရောက်တိုင်း ကျွန်မလုပ်ဆောင်နေကျ အလုပ်တစ်ခုပါ။

ညကျရင်လည်း ဒီအတိုင်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်နဲ့ ပတ်သက်လာရင် ထူးဆန်းတဲ့ အကြောင်းအရာတွေနဲ့ မကြုံစဖူး ကြုံခဲ့ဆုံခဲ့ရတာ ကျွန်မတို့ကိုယ်တွေ့ဖြစ်နေလို့ပါ။ ကျွန်မတို့ တာဝန်ထမ်းဆောင်စဉ်ကာလက ကျွန်မတို့ထက် အသက်ကြီးတဲ့ ပုဂ္ဂိုလ်လည်းဖြစ်၊ အရာရှိတာဝန်လည်း ထမ်းဆောင်တဲ့ အစ်ကိုကြီးလည်းဖြစ်တဲ့ ပုဂ္ဂိုလ်နဲ့ ကျွန်မနဲ့ အပြန်အလှန်အငြင်းပွားခဲ့ဖူးပါတယ်။ ဒါလည်း တာဝန်အရ ရေလမ်းခရီးကို စက်လှေတစ်စီးနဲ့ ခရီးသွားခဲ့စဉ်ကပါ။

"ပင်လယ်သွားတဲ့ လူတွေက အရှင်ဥပဂုတ္တမထေရ်မြတ် ရှိတယ်လို့ လှေသမားတွေပြောတာ မကြာမကြာ ကြားခဲ့ဖူးပါတယ်။ ကိုယ်တော့ မယုံဘူး။ တကယ်ရှိတာဖြစ်နိုင်လာ ညီမ ဘယ်လိုထင်လဲ"လို့ မေးပါတယ်။

"ကျွန်မကတော့ ရှိတယ်လို့ ယုံကြည်သလို၊ ပင်လယ်ပြင်မှာ ဒုက္ခရောက်ရင် ဘေးကင်းအောင် ကူညီပေးတယ်လို့လည်း ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်က ကျွန်မတစ်သက်တာလုံး ယုံကြည်ချက်ပါ။ သက်သေပြဆို ကျွန်မကိုယ်တွေ့ သက်သေပြောပြပါမယ်"

အဲဒီလို အဖြေပေးလိုက်တဲ့အခါ အဲဒီပုဂ္ဂိုလ်ကြီးက ဘာမှဆက်မပြောတော့ပါဘူး။ ဒါပေမယ့် သူ့မျက်နှာမှာ ယုံကြည်မှုမရှိဘူးဆိုတာ သိသာနေပါတယ်။ သူက ပင်လယ်ပြင်ကို တစ်ခါမှ ခရီးသွားဖူးသူမဟုတ်သလို ကျွန်မတို့ကလည်း ပင်လယ်ပြင်မှာ ခဏခဏ ခရီးသွားနေရသူတွေ ဖြစ်လို့ပါပဲ။ ကျွန်မရဲ့ ကိုယ်တွေ့မှာတော့-

ကျွန်မတို့ဟာ ဘုတ်ပြင်းမြို့ကို အလုပ်တစ်ခုကြောင့် ရောက်နေတာ ခြောက်ရက်ရှိပါပြီ။ နောက်နေ့ဆို ပြန်ကြရပါမယ်။ ဒါကြောင့် နောက်တစ်နေ့ နံနက်စာစားပြီးတာနဲ့ စက်လှေနဲ့ ခရီးစထွက်ကြပါတယ်။ ကျွန်မတို့ တာဝန်ကျချိန်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ နီးပါးလောက်ကပါ။ အခုချိန်လောက် ဆက်သွယ်ရေးတွေ မတိုးတက်သေးပါဘူး။ ကျွန်မဘဝမှာလည်း ပထမဦးဆုံး ပင်လယ်ပြင်ကို သွားဖူးတာမို့ ပင်လယ်နဲ့ ပတ်သက်ရင် ဘာဗဟုသုတမှ မရှိခဲ့ပါဘူး။ ခရီးသွားရင် ရေဒီယိုဆောင်သွားဖို့ မိုးလေဝသသတင်း နားထောင်ဖို့ဆိုတာ မသိလေတော့ ခရီးတစ်ခုကို ဒီအတိုင်း ကောက်ထွက်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ ထွက်လာလို့ နှစ်နာရီနီးပါး ကြာလာတဲ့အခါမှာ စက်လှေက ဘယ်ညာလူးတာ အရှိန်ပြင်းလာပါရော။ ကျွန်မမှာ ဘယ်လူးညာလူးနဲ့ ခေါင်းတွေမူးလာပြီး တစ်ဝေါ့ဝေါ့ အန်ပါတော့တယ်။ အန်လိုက်၊ ရေသောက်လိုက်၊ နားလိုက်၊ ထပ်အန်လိုက် လူလည်း စကောထဲ ဆီးဖြူသီးလှိမ့်နေသလိုပါပဲ။ ဘာလုပ်ရမှန်းကို မသိတော့။ အန်လိုက်တာမှ အာခေါင်ထဲမှာ ခါးနေအောင် အန်တော့တာပါပဲ။ တစ်ကိုယ်လုံး နုံးခွေပြီး မျက်ရည်တွေကျ နှာရည်တွေကျ၊ ဗိုက်ကလည်း အစာမရှိနဲ့။ စက်လှေပေါ်က အခန်းထဲမှာ ကျွန်မ တစ်ယောက်တည်း ငိုနေမိပါတယ်။

အံ့ဩစရာ ကောင်းလောက်အောင် စက်လှေသမားတွေက ရေတာသီးထောင်းပြီး ဟင်းချက်နေကြတယ်။ မောင်းသမားကလည်း ပုံမှန်ပဲ မောင်းနေတာလေ။ ဒါပေမယ့် ပြင်ပကရေလှိုင်းက စက်လှေကိုလာပုတ်တာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

အခန်းရဲ့ ပြတင်းပေါက်အထိ ရေရောက်လာတယ်။

"ဒီလောက် လှိုင်းကြီးတာ ဘာဖြစ်လို့ ဆက်မောင်းနေသေးတာလဲ" မေးတော့ - -

"အစ်မရဲ့ ဒါက လေးပေလှိုင်းပဲ ရှိသေးတာ။ ဘာမှမဖြစ်ဘူး။ ကျွန်တော်တို့က ဆယ်ပေလှိုင်းအထိ မောင်းဖူးတာဆိုတော့ ဒါ သာမန်ပဲ။ အစ်မတို့က ပင်လယ်ပြင်မထွက်ဘူးလို့ ဒီလှိုင်းကို ကြီးတယ်ထင်နေတာ။ ဒါ သာမန်ပဲ အစ်မရဲ့"

သူတို့စကားကြားရတော့ ကျွန်မ ဆက်ငိုမိတော့တယ်။ ဘယ်တော့မှ ဒီလှိုင်းထဲကလွတ်ပါ့မလဲတွေးလေ မျက်ရည်ကျလေပါပဲ။ ငိုရင်းကနေ ကျွန်မ မောမောနဲ့ အိပ်ပျော်သွားပါတော့တယ်။ ကျွန်မနိုးတော့ ပင်လယ်ပြင်မှာ မှောင်ရိပ်သန်းလာပြီး စက်လှေသမားတွေက ကျွန်မကို အချိုရည်တိုက်ပါတယ်။ လှေက ငြိမ်ငြိမ်သက်သက်လေးတော့ ရှိနေပါပြီ။ ဒီလိုနဲ့ လာရာက ပင်လယ်ပြင်လည်း တဖြည်းဖြည်း မှောင်လာပါတယ်။ အဲဒီမှာ လေကြမ်းက စတိုက်ပါပြီ။ ရေသံကလည်း တဝုန်းဝုန်း။ လေသံကလည်း တဝေါဝေါနဲ့။ ဘုရား ဘုရား ကျွန်မရင်တွေ တုန်နေပါပြီ။ ကျောက်သောင်းဆိပ်ကမ်းကို ဘယ်တော့ကပ်ပါ့မလဲလို့ တွေးပြီး ဘုရားတနေမိပါတယ်။ [illegible]ဂုံသုံးပါးကို ရွတ်ပွားပူဇော်ရင်း အရှင် ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီး သာငြိမ်ငြိမ်သက်သက် စက်လှေကမ်းကပ်နိုင်အောင် ကူညီတော်မူပါဘုရား ဆိုပြီး ဆက်တိုက်ရွတ်ဆိုနေမိပါတယ်။ [illegible] ၉ နာရီအချိန်မှာပဲ လေငြိမ်သက်သွားပြီး ကျောက်သောင်းဆိပ်ကမ်းကို ကပ်သွားနိုင်ပါပြီ။ ဆိပ်ကမ်းမှာ ကျွန်မတို့ မိတ်ဆွေတွေ စောင့်နေကြပါတယ်။ ကမ်းပေါ်တက်လာတဲ့ ကျွန်မတို့ကို စိုးရိမ်တကြီး ကြည့်နေကြပြီး အစ်မတို့ ဘာဖြစ်သွားကြသေးလဲဟင် မေးကြပြီး ပြေးဆွဲကြပါတယ်။

"ဘာဖြစ်လို့လဲ ဦးကျော်ဝင်းရဲ့"

ကျွန်မကလည်း သူတို့ ဘာများဖြစ်လို့ ဒီလောက် စိုးရိမ်တကြီးဖြစ်နေကြပါလိမ့်ဆိုပြီး ပြန်မေးလိုက်တာပါ။

"အမှန်တော့ ဒီလိုရာသီဥတုမျိုးမှာ ဘယ်လှေသမားမှ လှေမထွက်ဘူး အစ်မ။ ကျွန်တော်တို့က အစ်မတို့ ဒီည ပြန်မှရောက်တော့ပါ့မလား ဆိုပြီး ရင်တမမဖြစ်နေကြတာ"

"ဟင် · · ကျွန်မ · · · ဟင် · · · အခြေအနေက ဒီလောက်ဆိုးလား"

"ဆိုးတာပေါ့အစ်မ။ ရေပြင်လေက ဆယ့်နှစ်ပေနှုန်းရှိတယ်လို့ သိထားတာ။ ဒါကြောင့် ထွက်မလာဖို့ ကြေးနန်းပို့တော့ အစ်မတို့စက်လှေက ထွက်သွားပြီတဲ့။ ဒါကြောင့် ကျွန်တော်တို့ စိတ်ပူပြီး ညနေ ၆ နာရီကတည်းက ဆိပ်ကမ်းကို ရောက်နေတာ။ စက်လှေအကူတွေ သုံးလေးစီးခေါ်ထားတယ်။ ကျွန်တော်တို့အချင်းချင်း အလောင်းအစားလုပ်ထားကြသေးတယ်။ ဒီတစ်ခေါက် ပြန်လာပြီး အစ်မ နောက်တစ်ခေါက် ပင်လယ်ပြင် ထွက်ရဲ မထွက်ရဲ တစ်သိန်းကြေး လောင်းထားတယ်"

"ဦးကျော်ဝင်းက ဘယ်ဘက်ကလဲ"

"ကျွန်တော်က မထွက်ရဲဘူးလို့ ဒီရုံးကအဖွဲ့ကလည်း မထွက်ရဲဘူးပဲ"

"ထွက်ရဲတယ်လို့ လောင်းတာ ဘယ်သူလဲ"

"ကျွန်တော့်မိန်းမတို့အဖွဲ့ အစ်မ"

"ဒါဆို မိန်းမအဖွဲ့ကို ငွေတစ်သိန်းပေးလိုက်တော့။ နောက်တစ်ခေါက် ကျွန်မ ထပ်ထွက်ဦးမယ်"

အမှန်ပါပဲ။ ကျွန်မဘဝမှာ ကြောက်စရာ ကမ်းကုန်သွားအောင် တွေ့ကြုံခဲ့ရပြီမို့ နောက်ထပ် မကြောက်တတ်တော့ပါဘူး။ ကျွန်မရဲ့ ခင်ပွန်းဖြစ်သူက ဒီပင်လယ်ပြင် လမ်းတစ်လျှောက်လုံး အရှင်ဥပဂုတ္တမထေရ်မြတ်ကို တပြီး စောင့်ရှောက်ပေးပါလို့ ရွတ်ဆိုခဲ့တာပါတဲ့။ အရှင်ဥပဂုတ္တမထေရ်မြတ်ကြီး လိုက်ပါ စောင့်ရှောက်ခဲ့တယ်လို့ သူခံစားသိရှိခဲ့တဲ့အတွက် သမုဒ္ဒရာပင်လယ်ပြင်ကြီးမှာ အရှင်ဥပဂုတ္တမထေရ်မြတ်ရှိတယ်လို့ လုံးဝယုံကြည်ပါတယ်လို့ဆိုတဲ့ အကြောင်း ပြောပြလိုက်ပါတော့တယ်။

ဒီအကြောင်းအရာတွေ အားလုံးဟာ ပထမဦးဆုံး ပင်လယ်ပြင်ကြီးပေါ်မှာ ခရီးသွားရင်း ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေပါ။ အဲဒီအချိန်ကစလို့ အရှင်ဥပဂုတ္တမထေရ်မြတ် ကြေးသွန်းရုပ်တုတော်ကို ကျွန်မတို့မိသားစု လှူခဲ့တာ ရုပ်တုတော် ၁၀၀ ကျော်ရှိခဲ့ပါပြီ။ ပင်လယ်ပြင်ရဲ့လှိုင်းဂက်ချက်ကို ပထမဦးစွာ သိရှိခွင့်ရခဲ့ရတဲ့ အတွေ့အကြုံတွေပါရှင်။ ငွေဆောင်ကမ်းခြေမှာနေပြီး ပင်လယ်ပြင်ကြီးရဲ့ အကြောင်းတွေကို ပြန်လည်အမှတ်တရ တွေးမိလို့ ရေးချလိုက်တဲ့ ပင်လယ်ရဲ့လှိုင်းဂက်ချက် အမှတ်(၁)နဲ့ မိတ်ဆက်ပေးလိုက်ရပါတယ်ရှင်။

မြမျက်ရှင်



www.burmeseclassic.com

www.burmeseclassic.com

# သေမင်းတမန်ပြတိုက်မှ အတွေးစများ

## လေးသူစံ

**ထိုင်းခရီးသွားများ**

၃-၅-၁၆ နေ့ထုတ် ဒီမိုကရေစီ တူဒေးသတင်းစာတွင် ဖတ်လိုက်ရသည့် သတင်းတစ်ပုဒ်ကြောင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုင်းနိုင်ငံသား ခရီးသွားဦးရေ ၂၀ တို့သည် ဆိုင်ကယ်တစ်စီးစီဖြင့် မြဝတီနယ်စပ် ဂိတ်ပေါက်မှတစ်ဆင့် မေ ၆ ရက်မှာ ရောက်လာကြပြီး သံဖြူဇရပ်မြို့ရှိ သေမင်းတမန်ရထားလမ်းနှင့် စစ်သင်္ချိုင်းများသို့ လာရောက်လေ့လာကြပေမည်။

ထို့နောက် မော်လမြိုင်နှင့် ကျိုက်ထီးရိုးသို့ လှည့်လည်ကြပြီး မေ ၈ ရက်တွင် မြဝတီနယ်စပ်ဂိတ်ပေါက်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် သတင်းဖြစ်ပါသည်။

**သေမင်းတမန်ပြတိုက်**

နိုင်ငံခြားသားများ တကူးတက လေ့လာရေး လာရောက်နေကြသည့် သံဖြူဇရပ်မြို့ရှိ ဤနေရာသို့ ပြီးခဲ့သည့် တန်ခူးလပြည့်နေ့က ရောက်ရှိခဲ့ရပါသည်။ ဇင်းကျိုက်ဆံတော်ရှင်၏ ၂၀ ကြိမ်မြောက် မဟာပဋ္ဌာန်းအောင်ပွဲအပြီးမှာ ခရီးဆက်ခဲ့ကြခြင်းပင်။ The DEATH RAILWAY MUSEUM မြန်မာထိုင်း သေမင်းတမန်မီးရထား လမ်းပြတိုက်ဟူသည့် စာကို ဖတ်လိုက်ရကတည်းကပင် ရင်ထဲမှာ တစ်မျိုးကြီး ခံစားသွားမိ၏။ ပြတိုက်ဝင်ခက တစ်ဦးကို ရှစ်ရာကျပ်ဖြစ်၏။

ပြတိုက်ဝင်းအတွင်းမှာ ဆီးကြို နေသည့်မြင်ကွင်းကလည်း ရင်ထဲဆို့နင့်ကြေကွဲစရာ။ နံရိုးပြိုင်းပြိုင်းထနေကြသည့် ကျွန်မတို့လူမျိုး သုံ့ပန်းအကျဉ်းသားတွေများ ပေါက်တူးတွေပေါက် ချွန်းတွေနှင့် ရထားလမ်း ပေါက်လုပ်ေ ကြပုံ ရုပ်တုတွေဖြစ်ပါသည်။





ပြတိုက်၏ မြေညီထပ်ကြမ်းခင်းတွင် 3D ဓာတ်ပုံ ဗီနိုင်းကြီး ဖြန့်ခင်းထားပါသည်။ နက်ရှိုင်းလှသည့် တောတောင်လျှိုမြောင် ချောက်ကမ်းပါးများတွင် ဖြတ်သန်းခုတ်မောင်းလာသည့် ရထားတစ်စီးပုံ။ တောင်ကမ်းပါးနံရံတွင် နာမည်ကြီး ဘုရားသုံးဆူစခန်း



www.burmeseclassic.com

www.burmeseclassic.com




သည်းပါ၏။ ဩော်…ကျွန်မတို့လူမျိုးစုတွေ၏ သွေးချွေးတွေ၊ အသက်တွေစတေး၍ ဖောက်လုပ်အောင်မြင်ခဲ့သည့် မီးရထားလမ်း။

ခရီးအတူ ထွက်ခဲ့ကြသူတွေက 3D ဓာတ်ပုံကြီးနှင့် အမှတ်တရဓာတ်ပုံတွေ ရိုက်နေခဲ့ကြသည်။ ယနေ့ခေတ်၏ တီထွင်မှု အဆန်းအပြားတွေကို ကျွန်မတို့ လိုက်မမီနိုင်ပေတော့။ 3Dနှင့် ဓာတ်ပုံထွက်လာသည့်အခါ တကယ့်ကိုပဲ တောတောင် လျှိုမြောင်တွေထဲ ရောက်ရှိသွားသူကဲ့သို့ ထင်မှတ်မှားရပါတော့သည်။




ကျွန်မကတော့ ချွေးတွေ၊ သွေးတွေ အသက်တွေ ရင်းနှီးပေးဆပ်ထားခဲ့ရသည့် ဤသေမင်းတမန်ရထားလမ်းရှုခင်းပေါ်မှာ အပျော်သဘောမျိုး ဓာတ်ပုံမရိုက်ရက်။ ပျော်ရမည့်နေရာလည်း မဟုတ်။

## မှတ်တမ်းတင်သူ

ရထားလမ်းဖောက်ခဲ့စဉ်က မှတ်တမ်းဓာတ်ပုံတွေကို နှစ်ထပ်လုံးမှာ ပြထားပါသည်။ စိတ်ဝင်စားစရာကောင်းသကဲ့သို့ ရင်နင့်စရာလည်း ကောင်းလှပေသည်။ ဤကဲ့သို့သော အကျဉ်းအကျပ် ကာလမျိုးထဲတွင် ယခုကဲ့သို့ မှတ်တမ်းဝင် သမိုင်းဝင်ဓာတ်ပုံတွေကို ဘယ်သူများ ရိုက်ခဲ့ပါလိမ့်။ ယခုလို ပြတိုက်မှ ပြသထားနိုင်စေရန် သေချာစနစ်တကျ သိမ်းဆည်းထားသူတွေကိုလည်း ကျေးဇူးတင် ချီးကျူးရပါ၏။


ကျွန်မသိချင်သည့် အဖြေကို တစ်နေရာမှာ တွေ့လိုက်ရပါသည်။ မှတ်တမ်းတင်သူဆိုသည့် စာတမ်းအောက်ဘက်တွင် ဆာဆာကီမင်နိဆုကဲ့ တပ်ရင်းမှူး (မြန်မာဆိုဒ်) ဆောက်လုပ်ရေး တပ်မှူး ဖေဖော်ဝါရီလရဲ့ နေ့ကောင်းလေးတစ်နေ့ဟု ရေးထားသည်ကို ဖတ်ရှုရပါသည်။ သူမှတ်တမ်းတင်ထားသည့် အကြောင်းအရာမှာ **"ထိုင်းမြန်မာ မီးရထားလမ်းတည်ဆောက်မှု ဆောက်လုပ်ရာတွင် ကျဆုံးခဲ့သော မြန်မာသုံ့ပန်းများအတွက် ကျောက်စာတိုင်၊ ထိုင်း-မြန်မာဆက်သွယ်သော မီးရထားသည် ဒီနှစ်ဆောင်းဦးမှာ သံဖြူဇရပ်၌ ပြီးမြောက်ခဲ့ပါသည်၊ ရထားလမ်းဖောက်လုပ်စဉ် သေဆုံးသွားခဲ့သော မြန်မာဘက်ခြမ်းမှ သုံ့ပန်းများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်တိုင်"** ဟု ရေးထားပါသည်။

အခုလို အမှတ်တရ ကျောက်စာတိုင်ထူပြီး ရေးတတ်တဲ့သူဖြစ်တာကြောင့် မှတ်တမ်းဓာတ်ပုံတွေ ရိုက်ခဲ့သူဟာ ဆာဆာကီမင်နိဆုကဲ့သာ ဖြစ်နိုင်မယ်လို့ တွေးမိခဲ့ပါ၏။ သူတို့လူမျိုးတွေ၏ အောင်မြင်မှုအတွက် ဖေဖော်ဝါရီလရဲ့ နေ့ကောင်းလေးတစ်နေ့ဟု အမွှမ်းတင်ရေးသားချက်ကို သတိထားမိခဲ့ပါ၏။ ဩော်…ကျွန်မတို့၏ လူမျိုးတွေအတွက် နောက်ဆုံးအဖြေကတော့ မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်း ပြတိုက် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



A photo taken in secret of three men selected by the Japanese as fit to w at Shimo Songkurai camp on the Burma-Thailand Railway in 1943.

## မှတ်တမ်းများ

မှတ်တမ်းဓာတ်ပုံများမှ စာသားအချို့ကို ဖော်ပြထားလိုက်ပါသည်။

(၁) ထိုင်းနှင့် မြန်မာတို့၏ ရထားသံလမ်းအား ချိတ်ဆက်နေပုံ။ (ရှော၁၈ နှစ်၊ Oct ၁၇ ရက်)

(၂) အောက်တိုဘာ ၂၅ ရက် ရထားစက်ခေါင်း၏ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ခဲ့တာက C 5631 ရထားစက်ခေါင်း။ ယခုအခါတွင် ရာစုစုနီ ဘုရားကျောင်း၌ ပြသထားခြင်းဖြစ်ပါသည်။

(၃) ဤလမ်းတစ်လျှောက်တွင် မဟာမိတ်တပ်ဖွဲ့များ ဖြစ်ကြသည့် သတ္တိရှိသော ရဲဘော်ရဲဘက်များ၏ အိပ်စက်ရာနေရာတို့ကို သင်တွေ့ရှိရပါမည်။

(၄) မဟာမိတ်တပ်ဖွဲ့ဝင်များ ထိုင်းနိုင်ငံရှိ ရွှန်စီအရပ်တွင် သံလမ်းခင်းနေကြစဉ်။

(၅) Pows in their camp.

(၆) သံဖြူဇရပ်မြို့မှ ကီလိုမီတာ ၄၀ အကွာအဝေးခန့်တွင် စစ်သုံ့ပန်းများ ဇလီဖားတုံးများကို သယ်ဆောင်ကြရပုံ။ ၁၉၄၃ ခုနှစ်။

(၇) စစ်တောင်းမြစ်ကူးတံတားတည်ဆောက်အပြီး ရထားစမ်းသပ်မောင်းနှင်ပုံ။


(၈) ရထားလမ်းဖောက်လုပ်စဉ်က သေဆုံးခဲ့သည့် မြန်မာအလုပ်သမားများအတွက် ရည်စူးပြီး တည်ထားခဲ့သည့် စေတီ။

ဓာတ်ပုံအားလုံးတို့မှ စာတွေက် သာ ဖော်ပြရပါလျှင် မဂ္ဂဇင်းတစ်အုပ် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်…။

## စစ်အနိဋ္ဌာရုံများ


မြန်မာပြည် လွတ်လပ်ရေးရ မှ မွေးဖွားလာခဲ့ရပါသော ကျွန်မတို့မ ဒုတိယကမ္ဘာစစ် အတွေ့အကြုံများန ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်တွေမှ အမျိုးမျိုးသော ဆင်းရဲဒုက္ခ ကြုံဆုံ တို့ကို လူကြီးသူမတို့၏ ပြောပြချက်မ နှင့် စာအုပ်စာတမ်းများကို ဖတ်ရှု အားဖြင့် သိခဲ့ကြရပါသည်။ ဂျပန်စစ် ဘီလူးတို့၏ ညှဉ်းပန်းနှိပ်စက်မှု အ တွေတို့ကို နားထောင်ဖတ်ရှုရင်း ကြက်သီးထခဲ့ရပါ၏။ ဒေါသတွေထွက် ရပါ၏။ ငယ်စိတ်နှင့် မုန်းခဲ့ရပါ၏။

သို့သော် အရွယ်နှင့် ဘဝ အကြုံတွေအရ ဆင်ခြင်စဉ်းစားတ လာသည့်အချိန်မှာတော့ စစ်ဓါ်သော



www.burmeseclassic.com

www.burmeseclassic.com




သဘာဝအရသော်လည်းကောင်း၊ တူမြစ်တုန်း ထုလိုက်မပဲ့ဆိုသည့် အချို့သော ပုထုဇဉ်တို့၏ မနောဓာတ်ခံတို့ကြောင့်လည်းကောင်း ဆိုသည်ကို နားလည်လာပါသဖြင့် မုန်းတီးစိတ်တွေ ပျက်သွင့်ခဲ့ရပါသည်။ ဗုဒ္ဓဘာသာပီပီ ကြမ္မာကံကိုသာ ယိုးမယ်ဖွဲ့မိတော့၏။

စင်စစ်မူ မြန်မာတို့၏ နှလုံးသား အတွင်းသို့ ဂျပန်ရောက်ရှိလာခဲ့ရခြင်းမှာ မြန်မာ့လွတ်လပ်ရေးနှင့် မြန်မာ့တပ်မတော် ပေါ်ပေါက်လာခဲ့ရခြင်းတို့နှင့် ယှဉ်တွဲလျက်ရှိနေ၏။ ဂျပန်က စိတ်ပြောင်းသွားသဖြင့်သာ မြန်မာတို့က တိုက်ထုတ်ခဲ့ရခြင်းဖြစ်ပါသည်။

**စံနမူနာ**

ဂျပန်တို့ဘက်သို့ ကြည့်သည့်အခါ ဒုတိယကမ္ဘာစစ်၏ဒဏ်ကြောင့် သူတို့နိုင်ငံသည်လည်း ပြာပုံအတိ ဖြစ်သွားခဲ့ရရှာသည်ရော။ သို့သော် ယနေ့ ဂျပန်နိုင်ငံသည် အာရှနိုင်ငံများ၏ ရှေ့မှာ ရှိနေခဲ့ပေပြီ။ ဂျပန်လူမျိုးတို့၏ အားမာန်တွေ၊ အဇာုပ်လုပ်ရာမှုကိုမကြောက်တာတွေ၊ စည်းကမ်းရှိတာတွေကြောင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတွေမှာ လူးလွန့်နိုးထသွားခဲ့ရခြင်းပင်။

အထူးအားဖြင့် ဂျပန်လူမျိုးတို့၏ ထူးခြားသော စိတ်ပိုင်းဆိုင်ရာစွမ်းရည်မှာ ရန်သူဖြစ်သော အမေရိကန်ကို မိတ်ဆွေပြု၍ ဖြစ်ခဲ့ပြီးသမျှတို့ကို ခဝါချလိုက်ပါသည်။ တိုင်းပြည်အတွက်အကျိုးရှိစေရန် ဆရာတင်ကာ ပေါင်းဖော်ခဲ့ပါသဖြင့် ဂျပန်၏စီးပွားရေး ဖွံ့ဖြိုးမှုမှာ





www.burmeseclassic.com

www.burmeseclassic.com

စံနမူနာယူ စရာဖြစ်ခဲ့ရ၏။

## ဝိရောဓိတရား

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်က ကမ်းကုန်အောင် ကြမ်းကြုတ်ရက်စက်ခဲ့ကြသည့် ဂျပန်တွေရှိသကဲ့သို့ပင် ရထားလမ်းဖောက်လုပ်စဉ်က အကြောင်းအမျိုးမျိုးနှင့် သေဆုံးသွားခဲ့ရသည့် မြန်မာအလုပ်သမား ချွေးတပ်သား (သို့) သုံ့ပန်းတွေအတွက် ရည်စူးပြီး ဘုရားစေတီတည်ပေးသည့် ဂျပန်တွေ၊ ဝမ်းနည်းကြောင်း အထိမ်းအမှတ်တိုင်တွေ စိုက်ပေးသွားသည့် ဂျပန်တွေ ရှိနေခဲ့ကြပါသေးသည်။ ဤလောကကြီး၏ အကောင်းအဆိုးတို့ ဒွန်တွဲနေမှုပြယုဂ်ပင်။

## အထိမ်းအမှတ်

ပြတိုက်အတွင်းမှနေ မွန်းကျပ်ဝိတ်လျောင်သော နှလုံးသားနှင့် နွမ်းယဲ့စွာ ထွက်လာခဲ့သော ကျွန်မတို့သည် ပဒုမ္မာကြာဖူးငုံသဏ္ဍာန် ရှိသော လက်အဖြူတစ်စုံထိပ်မှာရှိနေသည့် ကျောက်တိုင်တစ်ခု၏ရှေ့သို့ ရောက်သွားခဲ့ရပါ၏။ ကြာဖူးငုံပုံသဏ္ဍာန်ရှိနေသော လက်ဖဝါးနှစ်ခုအတွင်းမှာ ရွှေရောင်အလုံးတစ်လုံး မည်သို့ အဓိပ္ပာယ်ဖော်ရမည်မသိနိုင်။ ကျောက်တိုင်မှာ ဂျပန်စာတွေ ရေးထားပါသည်။ မြန်မာဘာသာ ပြန်ဆိုရေးသားချက်လည်း ဖတ်ခဲ့ရပါ၏။ ဖတ်ရင်းနှင့်ပင် ဂျပန်လူမျိုးတို့၏ စိတ်စွမ်းရည်မြင့်တက်မှုအဖြေကို တွေ့လိုက်ရသလိုလို၊ သိလိုက်ရသလိုလို ရှိ၏။ ကျောက်တိုင်မှစာတို့ကို ဖော်ပြပေးလိုက်ပါသည်။

## ကမ္ပည်းစာ

ကျောက်တိုက်၏ ကမ္ပည်းကို မိမိနှင့်အခြားသူ တန်းတူညီမျှအထိမ်းအမှတ်ကျောက်တိုင်ဟု ရေးထိုးထားပါသည် ကျောက်စာတိုင်မှ စာတို့မှာ -

"မိမိသည် ခန္ဓာကိုယ်ကို ဗဟိုပြု၍ ထိုခန္ဓာကိုယ်နှင့် ထိတွေ့ဆက်စပ်မှုပေါင်းများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ကြီးမားသော ပန်းချီကားတစ်ချပ်ကို သရုပ်ဖော်ရင်း မြတ်စွာဘုရား၏ တရားတော်များကို နားစွင့်ကြည့်ပါ။ ဤကြီးမားသော ပန်းချီကားချပ်၏ အပြင်စာမျက်နှာရှိ ပန်းချီကားသည် ကျောကပ်စာမျက်နှာမရှိလျှင် မရပ်တည်နိုင်သည့်အရာဖြစ်သည်။ ကျောကပ်စာမျက်နှာရှိ၍ အပြင်စာမျက်နှာရှိသည်။ ကျောကပ်စာမျက်နှာမရှိလျှင် အပြင်စာမျက်နှာမရှိနိုင်ပါ။ မိမိရှိ၍ အခြားသူရှိသည်။ မိမိမရှိလျှင် အခြားသူလည်း မရှိနိုင်ပါ။

(ခန္ဓာကိုယ်သည် "မိမိ"မဟုတ်ဘဲ အခြားသူသာဖြစ်သည်။ ခန္ဓာကိုယ်ကို မိမိဟု အထင်မှားမှုကြောင့် အားလုံးအမှောင်ကျကာ အမှန်တရားကို မမြင်နိုင်ခြင်းသာဖြစ်သည်။)

စိတ်ရှိ၍ အရာဝတ္ထုရှိသည်။ စိတ်မရှိလျှင် အရာဝတ္ထုလည်းမရှိနိုင်ပါ။ အနိစ္စရှိ၍ နိစ္စရှိသည်။ အနိစ္စမရှိလျှင် နိစ္စလည်း မရှိနိုင်ပါ။

မိမိနှင့် စိတ်နှင့် အနိစ္စသည် အကြောင်းတရား၏ အခြားအမည်ဖြစ်ပြီး အခြားသူနှင့် အရာဝတ္ထုနှင့် နိစ္စသည် အကျိုးတရား၏ အခြားအမည်ဖြစ်၏။

စာရွက်၏ အပြင်စာမျက်နှာ တွင် ပုံဖော်ထားသော ခန္ဓာကိုယ်ကို ဗဟိုပြုသည့်အရာအားလုံးသည် စာရွက် ၏ ကျောကပ်စာမျက်နှာတွင် ရှိသော မိမိ (မိမိ၏စိတ်)အား အကြောင်းအကျိုး အတွေးအခေါ်အတိုင်း ထပ်တူထပ်မျှ ပုံဖော်စေပါသည်။ ခန္ဓာကိုယ်ပတ်ဝန်းကျင်ကံတရားအားလုံးကို ဖြစ်စေပါသည်။ ဤသည်မှာ မြတ်စွာဘုရား၏ တရားတော်သာဖြစ်သည်။

ဤသည်မှာ ဝိညာဉ်အသီးသီး၏ ပြောင်းလဲတိုးတက်မှုကို ရရှိစေနိုင်သည့် မြတ်စွာဘုရား၏ မေတ္တာတော်သာ ဖြစ်သည်။ ထို့ပြင် ဤသည်မှာ တစ် တည်းသော အမှန်တရားသာလျှင် ဖြစ်သည်။

## ဆုတောင်း

မြတ်စွာဘုရား၏ မေတ္တာတော် နှင့်အတူ သေမင်းတမန် မီးရထားလမ်းမှာ အသက်စွန့်လွှတ်သွားကြသူများ၏ ဝိညာဉ်တို့ကို ကျွန်မတို့၏ ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ်တို့အား အမျှပေးဝေ ပါသည်။ မကျွတ်မလွတ်သေးသူများ ရှိ ပါက ကျွတ်လွတ်စံစားနိုင်ကြပါစေ သတည်း။

**လေးသုံ**

၀၉-၂၅၀၆၇၉



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့သမိုင်း၌ တစ်ပါးတည်းသော ဝေဒင် ပညာရှင် မိဖုရားခေါင်ကြီး

မောင်သန်းဆွေ(ထားဝယ်)



မြန်မာ့သမိုင်းမှ တစ်ပါးသော ဝေဒင်ပညာရှင် မိဖုရားခေါင်ကြီး ဆိုသူမှာ ရတနာပုံမြို့တည်နန်းတည် မင်းတုန်း ရားကြီး၏ မိဖုရားခေါင်ကြီး စကြာဒေဝီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စကြာဒေဝီ(ခရစ်နှစ်-၁၈၀၉-၁၈၇၆)သည် မိဖုရားခေါင်ကြီး၏ ဘွဲ့မည်ရင်း မဟုတ်ပါ။ သူ၏ ဘွဲ့မည်ရင်းမှာ 'သီရိပဝရ အတုလ တိလောက မဟာရာဇိန္ဒအဓိပတိရတနာဒေဝီ' ဟု ဖြစ်ပါသည်။ သို့သော် လူအများက မိဖုရားခေါင်ကြီးသည် ဝေဒင်္ဂပညာ ဗေဒင်အရာတွင် စကြာရသည်ဟုဆိုကာ 'စကြာဒေဝီ' ဟု ခေါ်ကြခြင်းဖြစ်ပါသည်။

သူသည် သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ သမီးတော်ဖြစ်၏။ ပုဂံမင်း၏ နှမတော်အရင်းလည်းဖြစ်ပါသည်။ သူသည် ဉာဏ်ပညာ ကြီးမားထက်မြက်သည်။ စာပေပညာကိုသာမက ဗေဒင်ကိန်းခန်းမှစ၍ ခေတ်သစ်နက္ခတ္တပညာရပ်များကိုလည်း လေ့လာလိုက်စားခဲ့သည်။ ပါဠိသက္ကတနှင့် နာဂရီ စာပေတို့ကိုလည်း လေ့လာလိုက်စားခဲ့သည်။ သူ၏ ဉာဏ်ပညာအစွမ်းအစ မြင့်မားထက်မြက်သည့်အကြောင်းကို နိုင်ငံခြားသားများပင် သိကြပါသည်။

ခရစ်နှစ် ၁၈၅၅ ဖယ်ရာသံအဖွဲ့ လာရောက်ရာတွင် စကြာဒေဝီအတွက် နက္ခတ်တာရာများကို ကြည့်ရန် အဝေးကြည့်မှန်ပြောင်းတစ်လက်နှင့် နက္ခတ္တဗေဒကျမ်းများ၊ ပထဝီဆိုင်ရာ မြေပုံများ စာအုပ်များကို ဆက်သခဲ့ကြသည်ဆို၏။

မင်းသမီးဘဝကတည်းကပင် ထိုပညာရပ်များကို လိုက်စားခဲ့သဖြင့် ခမည်းတော် သာယာဝတီမင်းက နောင်တော် စစ်ကိုင်းမင်းကို ခြားနားရာတွင် အခါပေးခဲ့သော သမီးတော် ဖြစ်လေသည်။ သို့အတွက်ကြောင့် ခမည်းတော်နှင့် နောင်တော် ပုဂံမင်းတို့ကပါ စကြာဒေဝီ၏ အကြံဉာဏ်များကို လက်ခံတော်မူ၍ လေးစားကြရသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး ဦးမောင်မောင်တင်(K.S.M,A.T.M)၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင်...

"လောကီဗေဒင်ကျမ်းဂန်တို့၌ လေ့လာတတ်ကျွမ်း သိမြင်တော်မူသော သမီးတော်နှင့် ဆွေးနွေးတိုင်ပင်တော်မူရာ မင်းဖြစ်တော်မူအံ့သော အကြောင်းများကို ကာလ-သမယ စသည့်ဖြင့် ပိုင်းခြား၍ ငါ့သမီးတော် လျှောက်ထားဖူးသည့် ယခု တိုင်ပင်တော်မူပြန်ရာလည်း အထက်လျှောက်ထား ပိုင်းခြားရင်းအတိုင်း၊ ခတ်ပန်း၊ ကိန်းခန်း စသော ကောင်းမြတ်သော အခါသမယလည်း စုံညီ ကြိုက်လတ်သည်၊ ယခုထင်မြင်သည့် နိမိတ်မှာလည်း ကိုယ်လုပ်တော် သောင်တင်းတိုက်စား အဆောင်က ခုနစ်လအရွယ် သူငယ်ယောကျ်ားသည် စကားမပြောမဆိုတတ်မည်ဖြစ်လျက် တစ်အိမ်တော်လုံး ကြားသိအောင် 'အောင်ဘာလေ သပြေပန်းနှင့် ရေချမ်းလောင်း' ဆိုပြီးလျှင် စကားမပြော ပကတိနေမြဲနေသည်ဖြစ်၍ အထူးသဖြင့် ကောင်းမြတ်သော နိမိတ်ထင်မြင်သည် ဖြစ်သောကြောင့် ရည်ရွယ်တော်မူသမျှ အလိုတော်အတိုင်း ပြီးပြည့်စုံသဖြင့် မင်းအဖြစ်သို့ မချွတ်ရောက်တော်မူမည့်အကြောင်းနှင့် ငါ့သမီးတော် လျှောက်ထားပြန်သည်"

ဟု သာယာဝတီမင်းက မိန့်တော်မူကြောင်း အတိအလင်း ရေးပြထားသည်။

မောင်တော် မင်းတုန်းမင်းသား နန်းရမည့်အရေးတွင်လည်း သူပင် အခါပေးခဲ့သည် ဆိုပါသည်။ ဤသို့ပြုခြင်းသည် နောင်တော်ရင်း ပုဂံမင်းအပေါ် သစ္စာမဲ့ရာကျ၍ မိဖုရားခေါင်ကြီး ဖြစ်ချင်သော အတ္တစိတ်ကြောင့် မဟုတ်ပါ။ အရည်အချင်းမဲ့သော နောင်တော်အရင်း၏ လက်ထက်ဝယ် တိုင်းပြည်ကို ကယ်တင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

(မင်းတုန်းနှင့် ကနောင်ညီနောင် နန်းရ၍ သူ မိဖုရားခေါင်ကြီး ဖြစ်မည်ဟု မသိရရှိးအမှန်ဖြစ်သည်၊ မင်းတုန်းမင်းသားက ငယ်ချစ် မယ်သဲကိုသာ တောင်နန်း တင်မည်ကို ညီတော် ကနောင်မင်းသားက အစ်မတော် စကြာဒေဝီကိုသာ မိဖုရားခေါင်ကြီးအဖြစ်နှင့် ဦးချနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆို၍သာ မိဖုရားခေါင်ကြီးဘဝ ရောက်ရခြင်း ဖြစ်ပါသည်)

မောင်တော် မင်းတုန်းမင်းလက်ထက်တစ်လျှောက် မိဖုရားခေါင်ကြီး စကြာဒေဝီ၏ အခါပေးမှုကြောင့်ပင် အခက်အခဲများကို ကျော်လွှားခဲ့ရသည်။ မြင်ကွန်းမြင်းခုံတိုင် အရေးတွင် စကြာဒေဝီ၏ အခါပေးချက်အရ နန်းမြေဘုံသာ ယာယီစံနန်းတွင် သွားရောက်စံတော်မူခြင်း ဖြစ်သည်ဟု အချို့က ဆိုသည်။ ထိုသို့ ယာယီစံနန်းတွင် သွားရောက်စံနေခြင်းကြောင့် မင်းတရားကြီး အသက်ဘေးမှလွတ်ပြီး အိမ်ရှေ့စံ ကနောင်မင်း ဆုံးပါးရသည်ကို ကြိုတင်တွက်ချက်၍ မသိလော၊ ကနောင်မင်းကို ရှင်းရန် တမင်ပြုခြင်းလောဟုပင် အချို့က စွပ်စွဲရေးသားခဲ့သည်။

မဟုတ်ရပါ။ ကနောင်မင်းသား၏ ကျေးဇူးကြောင့်ပင် သူ မိဖုရားခေါင်ကြီး ဖြစ်လာရသည်။ ဤမျှ သစ္စာမဲ့မည် မဟုတ်။ အိမ်ရှေ့စံ ကနောင်မင်းကို ရှင်း၍လည်း သူ၏သားတော် အိမ်ရှေ့စံ မဖြစ်လာနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် စကြာဒေဝီတွင် သားတော်ရင်း၊ သမီးတော်ရင်း မထွန်းကားခဲ့သောကြောင့် ဖြစ်ပါသည်။

မြင်ကွန်းမြင်းခုံတိုင်အရေးနှင့် တစ်ဆက်တည်း ပတိမ်းအရေးတော်ပုံ ဖြစ်ပွားခဲ့သည်။ တစ်လခန့်ကြာ၏။ အိမ်ရှေ့စံ ကနောင်မင်း ကျဆုံးသောအခါ အိမ်ရှေ့မင်း၏ သားတော်များက မကျေနပ်၍ ဘကြီးတော် မင်းတုန်းမင်းတရားကြီးကို ခြားနားထောင်ထားသည်။ နောင်တော် ပတိမ်းမင်းသားကြီးက မလွှဲသာ၍ ညီငယ်များကို ထိန်းရာမှ ပတိမ်းအရေးတော်ပုံဟု ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။ ရှေ့ပိုင်းတွင် ပတိမ်းအရေးက အသာစီးရနေသည်။ စိတ်ထားပျော့ပျောင်းနူးညံ့သော မင်းတုန်းမင်းတရားကြီးသည် တူတော် ပတိမ်းမင်းသားအရေးကို အလျှော့ပေးမည်ဟု ကြံသည်ကိုပင် စကြာဒေဝီ မိဖုရားခေါင်ကြီးက ဇာတာတော်များကို တွက်ချက်ပြီး...

"မင်းတရားကြီးတွင် နန်းသက် မကုန်သေး၊ ပတိမ်းမင်းသားတွင်လည်း မင်းဖြစ်မည့်ဇာတာ မပါ"

ဟု အခါပေး လျှောက်ထားသောကြောင့်သာ ဆက်တိုက်သဖြင့် ပတိမ်းအရေးတော်ပုံကို အောင်မြင်ခဲ့ရသည်ဟု ဆိုပါသည်။

မြန်မာ့သမိုင်းတွင် ဝေဒင်ပညာကို လိုက်စားသည့် ရခိုင်ဘုရင် နရပတိကြီး၊ ဟံသာဝတီပါမင်းမဟာဓမ္မရာဇာဓိပတိ၊ ပဒုံမင်း ခေါ် ဘိုးတော်ဘုရားတို့ကဲ့သို့ စကြာဒေဝီ မိဖုရားခေါင်ကြီးသည် အစွန်းမရောက်ခဲ့ပါ။ နန်းတွင်းအရေးကိုလည်း မရှုပ်ထွေးစေခဲ့ပါ။ သူ၏ ဝေဒင်ပညာနှင့် လူ့တကာကိုသာ အကျိုးပြုခဲ့သည်။ သူ၏ ဝေဒင်ပညာ၊ နက္ခတ္တဗေဒပညာများအရ အကျိုးရှိသည်များကိုသာ ဆောင်ရွက်ခဲ့သည့် မိဖုရားခေါင်ကြီး ဖြစ်ပါသည်။ နန်းတွင်း၌လည်း မိဖုရားခေါင်ကြီး ပီသစွာ သဘောထားကြီးစွာဖြင့် နန်းတွင်းသူ နန်းတွင်းသားတို့အား ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်ဆက်ဆံခဲ့သဖြင့် တစ်နန်းတော်လုံးက ရိုသေချစ်ခင်လေးစား ကြည်ညိုကြပါသည်။ တိုင်းသူပြည်သားများကလည်း မိဖုရားခေါင်ကြီးကို ရိုသေမြတ်နိုး လေးစားချစ်ခင် ကြည်ညိုကြသည်။

**မောင်သန်းဆွေ(ထားဝယ်)**

***ကိုးကားချက်***

*Noel F Singer, The Sorcerer-King and The Great Abortion at Mingun.*



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နှင့် တွေ့ဆုံခဲ့ခြင်း

ရှယ်လီသိန်းမောင် (စိန်မိုက်ကယ်)



၂၅-၃-၂၀၁၆ ခုနေ့က နန်းဦးလှိုင်ဘုရားဖူးယာဉ်ဖြင့် စာရေးသူ ညီအစ်ကိုမောင်နှမ မိသားစုတို့အပြင် အမကာ-၂ တာမွေမှ ဆရာများဖြစ်ကြသော ဆရာမ ဒေါ်ခင်သန်းထွေး၊ ဒေါ်ခင်ညိုဦး၊ ခင်မိမိချို၊ ဒေါ်ကြည်မိသားစု၊ ဒေါ်ဖြူဖြူ၊ မအေးသက်ခိုင်မိသားစု၊ ဦးခင်မောင်အေး၊ ဇနီးဆရာမကြီးဒေါ်ခင် (လသာ-၂ အုပ်ငြိမ်း)အပြင် သူငယ်ချင်း ဒေါ်လှလှကြည်အပါအဝင် ဘုရားဖူးအဖွဲ့များအားလုံး မြဝတီ၊ မဲဆောက်၊ မြန်မာ-ထိုင်း နယ်စပ်သို့ ဘုရားလည်း ဖူးရင်း၊ ဒေသန္တရ လေ့လာရေး ခရီး ထွက်ခဲ့ကြပါတယ်။ ည ၈း၀၀ နာရီတွင် စတင်၍ ခရီးထွက်ခဲ့ပါသည်။

ဘုရားဖူးယာဉ်သည် ၁၁း၀၀ နာရီအချိန်တွင် ရှမ်းလေးစားသောက်ဆိုင်သို့ ရောက်ရှိလာပြီး ခရီးသည်များ ညစာစားသောက်ကြပြီးနောက် ခရီးဆက်လက်ထွက်ခွာခဲ့ရာ မြဝတီမြို့သို့ နံနက် ၁၀း၀၀ နာရီတွင် ကောင်းမွန်စွာ ရောက်ရှိခဲ့ပါသည်။

ရောက်ရောက်ချင်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မြဝတီမြို့သူမြို့သားများ၏ စုပေါင်းရှင်ပြုပွဲ ကြီးစည်ကားသိုက်မြိုက်စွာ လှည့်လည်ကျင်းပနေခြင်းဖြင့် ရန်ကုန်ရွှေမြို့တော်မှ ဘုရားဖူးများအား ကြိုဆိုလိုက်ပါသဖြင့် စိတ်နှလုံး အေးချမ်းခြင်း၊ ကြည်နူးခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကား မြန်မာငွေလဲ့ထုံးစံ၏ အငွေ့အသက်များပင် ဖြစ်ပါသည်။

ထို့နောက် ခရီးသည်များ ရွှေ တံတားတည်းခိုခန်းတွင် နေရာယူကြပြီး နံနက်စာအား မိမိအစီအစဉ်ဖြင့် မြဝတီမြို့ ပေါ်ရှိ စားသောက်ဆိုင်တွင် ဝယ်ယူစားသောက်ကြပါသည်။ မြဝတီမြို့တွင် ယိုးဒယားဘတ်ငွေဖြင့်လည်းကောင်း၊ မြန်မာ ကျပ်ငွေဖြင့်လည်းကောင်း နှစ်မျိုးစလုံး အသုံးပြု၍ ရပါသည်။ ဘတ်ငွေ ၁၀၀ လျှင် မြန်မာကျပ်ငွေ ၂၉ ကျပ်ဖြင့် လဲလှယ် ကြပါသည်။

နေ့လယ် ၁း၀၀ နာရီတွင် မြဝတီမြို့ပေါ်ရှိ ထင်ရှား ကျော်စောသော ရွှေမြင်းဝန်ဘုရား၊ မိဋ္ဌာန်အောင်ဘုရား၊ ကျောက်လုံးကြီးဘုရား၊ မိကျောင်းကုန်းဘုရားသို့ သွားရောက် ဖူးမြော်ကြပြီး ညနေတွင် မြဝတီရှိ ဘုရင့်နောင်ဈေး၊ ည ဈေးများသို့ သွားရောက်၍ ဈေးဝယ်ထွက်ကြပါသည်။ ထိုနေ့ ၌ပင် မြဝတီ၌ ပထမနေ့အဖြစ် အနားယူအိပ်စက်ကြပါသည်။

၂၇-၃-၂၀၁၆ နေ့တွင် နံနက် ၅း၀၀ နာရီထကြ၍ ရေမိုးချိုး နံနက်စာ လက်ဖက်ရည်နှင့် မိမိကြိုက်နှစ်သက် သော အာဟာရများကို သုံးဆောင်ပြီး နံနက် ၈း၀၀ နာရီတွင် မြန်မာ-ထိုင်းနယ်စပ်သို့ ခရီးနှင်ခဲ့ကြပါသည်။

ဘုရားဖူးယာဉ်မှ စီစဉ်ပေးသော ဒေသခံကားလေး သုံးစီးဖြင့် မြန်မာ-ထိုင်း နယ်စပ်အား သောင်ရင်းမြစ်ကို ကျော် ဖြတ်၍ လာခဲ့ကြပါသည်။ တစ်ဖက်ကမ်းကူးရန် နန်းဦး လှိုင်ဘုရားဖူးယာဉ်မှ အစစအရာရာ ကူညီဆောင်ရွက်ပေး ပါသဖြင့် အဆင်ပြေလှပါသည်။ သောင်ရင်းမြစ်ကို ဖြတ် ကျော်ပြီး မြန်မာလူမျိုးနှင့် အမိနိုင်ငံကိုချစ်၍ ရှုပ်ရှုပ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့သော အလောင်း မင်းတရားကြီးအား ဂါရဝပြုရန် ယာဉ်မောင်းလေးမှ ဦးထုပ်ချွတ်၊ ဖိနပ်ချွတ်၍ အရိုအသေ ပေးရန် ပြောလိုက်သဖြင့် မိမိစိတ်ဝယ် ဝမ်းနည်းသလို ခံစား မိပါတော့သည်။

ထို့နောက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ အား ပူဇော်ပသထားသော ခြံထဲတွင် ကြက်ရုပ်ကလေးများ ကြီး၊ ငယ်၊ လတ် ဆေးရောင်စုံခြယ်သ၍လည်းကောင်း။ ဆင်၊ မြင်းများ ရုပ်တုများအား တွေ့ရ၍ ကလေးများနှင့် ဘုရားဖူး ခရီးသည် ပျော်ရွှင်ကြ၍ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးကြပါ သည်။ ၎င်းဝင်းထဲ၌ပင် ဘုရားတစ်ဆူအား ဘုံကျောင်းကဲ့သို့



ထယ်ဝါလှသော အဆောက်အဦတစ်ခုတွင် ကိန်းဝပ်စေပြီး ၎င်းနှင့် မနီးမဝေး၌ အလောင်းမင်း တရားကြီး ဦးအောင်ဇေယျ ရုပ်တုအား ရွှေအတိချကာ ဒေသခံများ ဖိမ့်ဖိမ့်တုန်အောင် ပူဇော်ပသ ကိုးကွယ်ထားသည်ကို တွေ့ရ၍ ကြက်သီးမွေးညင်း များပင် ထမိပါတော့သည်။

ဒေသခံများက အလောင်းမင်း တရားကြီး ဦးအောင် ဇေယျထံ ကျန်းမာရေး၊ စီးပွားရေး၊ ဘေးအန္တရာယ်ကင်းရှင်း စေရန် အဓိဋ္ဌာန်ပြု၍ အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ၎င်းတို့ရိုးရာအရ ဝက်ခေါင်းများ၊ အချိုရည်၊ အမွှေးနံ့သာ၊ ပန်းများအပြင် ဗျောက်အိုးများဖောက်၍ အောင်ပွဲအဖြစ် လာ ရောက်ပူဇော်ပသကြသည်ကို တွေ့ရသည်မှာ အလောင်း မင်းတရားကြီး၏ အသက်ဝိညာဉ်ကား ရှင်သန်နေဆဲပင်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါလောဟု တွေးတောမိပါသည်။

ထို့ကြောင့် စာရေးသူလည်း အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဘုရား၊ မြန်မာပြည်သူပြည်သားများ အေးချမ်းသာယာရှိစေရန် ပြည်ချမ်းသာကြီးမှ ဆောင်မကြည့်ရှု စောင့်ရှောက်တော်မူပါဟု ဆုတောင်းခဲ့ပါသည်။

ထို့မှတစ်ဖန် နဂါးလိုဏ်ဂူတော်သို့ သွားရောက်ဖူးမြော်ကြပါသည်။ လိုဏ်ဂူပေါက်ဝရှိ နဂါးရုပ်တုကြီး နှစ်ကောင်မှာလည်း အလွန်ပင် အသက်ဝင်လှပါသည်။ ဂူအတွင်း၌ အေးချမ်းလှပသော ကျောက်ခက်ပန်းဆွဲများကလည်း ရေစက်လေးများ တွင်တောက် တောက် စီးကျလျက်ရှိပါသည်။ ဘုရားပုထိုးစေတီများမှာလည်း ရှေးလက်ရာများဖြစ်ပါသဖြင့် အထူးပင် ကြည်ညိုဖွယ်ကောင်းလှပါသည်။ လိုဏ်ဂူထွက်ပေါက်၏ မလှမ်းမကမ်းတွင် နဂါးစင်စစ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သွားသော နဂါးရုပ်တုတစ်ခုကိုလည်း ထူးခြားစွာ မြင်တွေ့လိုက်ရပါသည်။ ဒေသခံယာဉ်မောင်းကလေး၏ ပြောချက်အရ သိရပါ၏။

နဂါးလိုဏ်ဂူတော်မှတစ်ဆင့် သံလိုက်တော်ရွှေကျောင်းသို့ သွားရောက်ဖူးမြော်ကြပါသည်။ ရွှေရောင်တဝင်းဝင်းဖြင့် ခန့်ငြားလှသော ရွှေကျောင်းကြီးဖြင့် ဗုဒ္ဓရုပ်ပွားတော်များကလည်း အလွန်ပင် သပ္ပာယ်လှပါသည်။ ဘုရားဖူးယာဉ်မှာ ဂီယာမထိုးဘဲ သံလိုက်၏ စွမ်းအားဖြင့် တရွေ့ရွေ့ သွားနေသည်မှာ အမှတ်တရပင် ဖြစ်ပါသည်။

နေ့လယ် ၁း၀၀ နာရီတွင် မဲဆောက်ဈေး၊ ဟုံလုံကုန်တိုက်သို့ သွားရောက်၍ နံနက်စာစားခြင်း၊ ဈေးဝယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ကုန်ကျငွေပစ္စည်းများ၏ ကျသင့်ငွေကိုလည်း ဈေးနှုန်းကပ်ထား၍လည်းကောင်း တချို့မှာ မြန်မာစကား အနည်းငယ်တတ်သော အရောင်းဝန်ထမ်းလေးများကြောင့် ဈေးဝယ်ရသည်မှာ အခက်အခဲ မရှိ ပျော်စရာကောင်းလှပါသည်။ အတွေ့အကြုံအသစ်လေးတစ်ခုပင် ဖြစ်ပါသည်။ တစ်နေကုန်တစ်နေခမ်း မဲဆောက်မြို့၌ လျှောက်လည်ကြပြီးနောက် ညနေ ၅း၀၀ နာရီတွင် မြဝတီမြို့ရှိ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာပါသည်။

၂၈-၃-၂၀၁၆ ခုနေ့ နံနက် ၅း၀၀ နာရီတွင် မြဝတီမြို့ကြီးအား ဝမ်းနည်းစွာ နှုတ်ဆက်လျက် ဘားအံမြို့သို့ ခရီးထွက်ခဲ့ကြပါသည်။ ဘားအံမြို့သို့ ရောက်သော် တစ်ချိန်က ဘုန်းတန်ခိုးအရာ ထွန်းတောက်လှသော သာမညဆရာတော်၏ တောင်ပေါ်သို့ အလွမ်းပြေ တက်ရောက်ခဲ့ကြပါသည်။ ဆရာတော်ကြီးရှိစဉ်က ကြက်ပျံမကျ စည်ကားလှသော ဤနေရာလေးအား အသက်ဝိညာဉ်ကင်းမဲ့လျက် ခြောက်သွေ့နေသည်ကို တွေ့ရပါ၍ စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့မိပါသည်။ လှ သဘော လှသဘာဝအား လက်တွေ့ကျကျ မြင်တွေ့ရခြင်းသည် တကယ့်ပင် သံဝေဂရစရာပင် ဖြစ်ပါသည်။

နေ့လယ် ၁၂း၀၀ နာရီအချိန်တွင် ကော့ကရိတ်မြို့၌ နံနက်စာ အားပါးတရစားသောက်ပြီးနောက် ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင်ညီဂူနှင့် ရေပူစမ်းသို့ သွားရောက်လည်ပတ် ဘုရားဝတ်ပြုကြပါသည်။

ညနေ ၃း၀၀ နာရီတွင် ဆက်လက်၍ ခရီးထွက်ခွာခဲ့ရာ ည ၈း၀၀ နာရီအချိန်၌ ရန်ကုန်ရွှေမြို့တော်သို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ရောက်ရှိလာပါသည်။

ဤခရီးစဉ်လေးသည် ပျော်ရွှင်စရာလည်းကောင်းပြီး အမှတ်တရများလည်း အများကြီးရရှိခဲ့သည့်အပြင် မြန်မာလူမျိုးနှင့် နိုင်ငံအတွက် ရှုပ်ရှုပ်ချွန်ချွန် တိုက်ပွဲဝင်အသက်ပေးခဲ့သော အလောင်းမင်းတရားကြီး၏ ပုံတော်ကြီးအား ထွားထွားထုံထုံဖြင့် တိုင်းတစ်ပါးတို့၏ ပူဇော်ပသမှုဖြင့် တွေ့မြင်ရ၍ ဂုဏ်ယူမိခြင်း ဖြစ်ပါသည်။ အသက်ပင်ကင်းမဲ့သော်လည်း မြန်မာ့သွေးကား နီရဲလျက်ပင် မဟုတ်ပါလော။

သို့ပါ၍ ဤခရီးစဉ်လေးအား စီစဉ်ပေးသော နန်းဦးလှိုင်ဘုရားဖူးယာဉ်၊ ဦးခင်မောင်သန်း၊ မပီးပီးနှင့် အဖွဲ့သားအားလည်းကောင်း၊ လိုက်ပါရန် အထပ်ထပ်အခါခါ ခေါ်ယူကြသော အမက-၂ မှ ဆရာမများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် စာဖတ်ပရိသတ်များလည်း သွားရောက်လည်ပတ်သင့်ပါကြောင်း သတင်းကောင်းပါးလျက် ရေးသားတင်ပြလိုက်ပါသည်။

*(မြဝတီရောက် အမှတ်တရ)*

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**



www.burmeseclassic.com

# မြန်မာ့ရိုးရာ ထန်းဖူးစာတာ

ဝသုန်ဟိန်းထက်

မြန်မာလူမျိုးတို့သည် စာရွက်မပေါ်မီက မွေးဇာတာများကို ပေ၊ ပုရပိုက်၊ ဝါး၊ ထန်းဖူး စသည်တို့တွင် ရေးဆွဲမှတ်သားသော အလေ့အထရှိခဲ့ပါသည်။ ဇာတာများကို ဤသို့ရေးဆွဲ မှတ်တမ်းတင်ကြရာတွင် ထန်းဖူးဇာတာသည် ယနေ့တိုင် မရိုးနိုင်အောင် ရှိနေခဲ့ပါသည်။

ထန်းဖူးဖြင့် ဇာတာဖွဲ့ခြင်းသည် အသုံးများဆုံး၊ အတွင်ကျယ်ဆုံးလည်း ဖြစ်ခဲ့၏။ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့တစ်ခုအဖြစ်လည်း မှတ်တမ်းဝင်ပေသည်။ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းဟူသည် မပစ်ပယ်ကောင်း၍လည်း စာဖတ်သူတို့ ဗဟုသုတအလို့ငှာ ဖော်ပြအပ်ပါသည်။

သက္ကရာဇ် ၉၆၁ ခုနှစ်တွင် နန်းတက်သော ရတနာပူရအင်းဝဒုတိယမြို့တည် ညောင်ရမ်းမင်းတရားကြီးလက်ထက်တွင် ထန်းဖူး၊ ထန်းညွန့်တို့ဖြင့် စာပေရေးသားခြင်း၊ မှတ်တမ်းပြုခြင်း၊ ပန်းချီအလှဖန်တီးခြင်းများကို တွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့ပါသည်။

ထန်းဖူး၏ အသုံးတွင်ကျယ်မှုကြောင့် နန်းတော်အတွင်း ထန်းလုပ်သားများကိုပင် ထားရှိခဲ့လေ၏။ ထန်းလုပ်သားတို့သည် နန်းတွင်းပြတိုက်တော်၊ လွှတ်ရုံးငါးရပ်တွင် နေ့စဉ်ရေးသားသုံးစွဲရန် ထန်းဖူးထန်းညွန့်များကို အမြဲဆက်သွင်းကြရကြောင်း ရာဇဝင်မှတ်တမ်းများတွင် လေ့လာတွေ့ရှိနိုင်ပေသည်။

တစ်ကြောင်းစာချွန်၊ နှစ်ကြောင်းစာချွန် စသော အမိန့်တော်ချ စာချွန်များ၊ တိုးနယားတံဆိပ်ပါ ကျေးရွာသူကြီးကလန်ခန့်မိန့် ထန်းဖူးစာ ချွန်များ၊ ဒေါင်းတံဆိပ်ရိုက်နှိပ်သော စာချွန်များ စသော အထောက်အထားများကိုလည်း တွေ့ရှိရပါသည်။

ထို့အတူ ကျေးရွာသုံး ဆေးမြီးတိုများ၊ စာပေအတိုအစများ၊ ဇာတာများ၊ ရက်ချုပ်များကိုလည်း ထန်းဖူးပေါ်တွင် စနစ်တကျ ရေးမှတ်ထားကြသော ဓလေ့လည်းရှိခဲ့၏။

သို့သော် ထိုခေတ်ထိုကာလ ဓလေ့ထုံးတမ်းအရ ဇာတာရှင်တစ်ဦး သေဆုံးသွားသောအခါ ရုပ်အလောင်းနှင့်အတူ ၎င်း၏ဇာတာကိုပါ အတူထည့်သွင်း၍ ရေမျှောခြင်း၊ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း စသည်တို့ကြောင့် ရှေးကျသော ထန်းဖူးဇာတာများကို တွေ့နိုင်ရန် ခဲယဉ်းခဲ့ရပါသည်။

သို့ရာတွင် မြန်မာ့ထန်းဖူးဇာတာများကို ရှေးဟောင်းယဉ်ကျေးမှု ပြယုဂ်တစ်ခုအဖြစ် လန်ဒန်မြို့ ဗြိတိသျှပြတိုက်တွင် ထားရှိပြသထားပေရာ မြန်မာတို့အတွက် ဂုဏ်ယူစရာတစ်ရပ်လည်း ဖြစ်ပေသည်။

ထိုဇာတာများမှာ သက္ကရာဇ် ၁၂၁၀ ခုပါ မနှင်း၏ဇာတာ၊ သက္ကရာဇ် ၁၂၃၇ ခုပါ ဦးဝဏ္ဏ၏ဇာတာ၊ လန်ဒန်မြို့ ဗိတိုရိယပြတိုက်ရှိ သက္ကရာဇ် ၁၂၀၉ ခုပါ ရှင်ထွန်းလှနှင့် အခြားအမည်မပါသော သက္ကရာဇ် ၁၂၀၆၊ ၁၂၀၉၊ ၁၂၂၅၊ ၁၂၄၂ ခုနှစ်ပါ ထန်းဖူးဇာတာများကို ထားရှိပြသထားပေသည်။

လန်ဒန်မြို့ မြန်မာမှုသုတေသီ မစ္စတာဆင်းဂါး၏ ကျေးဇူးကြောင့် ယခုကဲ့သို့ ပြသထားနိုင်ခြင်းလည်း ဖြစ်ပေသည်။ တစ်ခေတ်တစ်ခါက မြန်မာတို့၏ လက်လုပ်အနုပညာပစ္စည်းတစ်ခုအဖြစ်လည်း ကမ္ဘာက အသိအမှတ်ပြုထားခြင်း ဖြစ်ပေရာ မြန်မာတို့အတွက် ဂုဏ်ယူဝမ်းမြောက်စရာပင် ဖြစ်ပေသည်။

ဤဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် ထန်းပင်သည် အသက်ရှည်သော မင်္ဂလာအပင်များတွင် တစ်ပင်အပါအဝင် ဖြစ်၏။ ဆယ့်နှစ်ရာသီပတ်လုံး ရွက်သစ်များ အသီးအဖူးများ ဝေဝေဆာဆာရှိလှသည့် ကျက်သရေမင်္ဂလာရှိသည့် ထန်းပင်ဖြစ်၏။ ထန်းတစ်ပင်လုံးရှိ အမြစ်မှသည် အဖျားသို့တိုင် လိုရာအသုံးပြုနိုင်သော အပင်လည်းဖြစ်ပေသည်။

ရှေးက ပေရွက်များပေါ်တွင် ရေးသားမှတ်သားခဲ့ကြသော်လည်း ပေရွက်တို့သည် အရွက်ပေါင်းများစွာထပ်၍ အသားနှစ်ချပ်ဖြင့် ထိပ်နှစ်ဖက်အုပ်ပြီးလျှင် ပလ္လင်တိုင်ခေါ် ဝါးချောင်းသပ်လျှိုခြင်းဖြင့် ပေရွက်များကို စုစည်းထားလေ့ရှိသည်။

ပေတစ်ရွက်တည်းဖြစ်မူ ပေရွက်သည် မာကျောမှုကင်း၍ ပျော့ပျော့ပျောင်းပျောင်းရှိပေရာ ကိုင်တွယ်အသုံး ပြု၍မကောင်းလှ၍ ပေရွက်အစား ထန်းရွက်၊ ထန်းဖူးများကို အသုံးပြုခဲ့ဟန်ရှိပေသည်။

www.burmeseclassic.com

ထို့ပြင် ပေပင်ဟူသည် အသက်တိုသော အပင်မျိုးဖြစ်ပြီး သက်တမ်းအားဖြင့် နှစ် ၅၀၊ ၆၀ ခန့်သာ အသက်ရှင်၏။ အပွင့်တစ်ခါပွင့်ပြီး အသီးတစ်ခါ သီးပြီးနောက် သေဆုံးသွားတတ်သော အပင်မျိုးလည်း ဖြစ်ပေသည်။

မွေးဖွားခြင်းဆိုင်ရာ ဇာတာတစ်စောင်တွင် မွေးဖွားချိန်နှင့် သက်ဆိုင်ရာ အကြောင်းရပ်ကိန်းဂဏန်းများကို မှတ်သားထားခြင်းဖြစ်ပေရာ မင်္ဂလာရှိရန် လိုအပ်ပေသည်။ စတင်မွေးဖွားလာသော အမှတ်အသားများကို မင်္ဂလာကျက်သရေနှင့်ပြည့်စုံသော ထန်းပင်ထွက်ပစ္စည်းအား အောက်ခံထား၍ မင်္ဂလာအတိတ်နိမိတ်ယူခြင်းလည်း ဖြစ်၏။

ထို့ကြောင့်လည်း အသက်တိုသော ပေပင်မှ အရွက်တွင် ရေးမှတ်သားခြင်းထက် အသက်ရှည်သော ထန်းပင်ထွက်ပစ္စည်းများအား အသုံးပြုခြင်းက ပို၍မင်္ဂလာရှိသလို မှန်ကန်သင့်လျော်လှ၏ဟုလည်း ဆိုနိုင်ပေသည်။

ထန်းပင်သည် ရုက္ခဗေဒအလိုအရ "ပါမီ"အမျိုးအစား သစ်ပင်များတွင် ပါဝင်လေသည်။ ပါမီအမျိုးအစားဝင် သစ်ပင်များမှာ ထန်းပင်၊ အုန်းပင်၊ ခနဲပင်၊ စလူပင်၊ ပေပင်၊ ကွမ်းပလွံပင် စသော အပင်မျိုးများ ဖြစ်ပေသည်။ အပူပိုင်းဒေသများတွင် အတွေ့များသော အပင်များလည်း ဖြစ်၏။

ထိုအပင်များသည် ပင်စည်ရှည်လျား၍ အမြင့်ပေ ၁၀၀ ခန့်အထိ ရှိနိုင်သည်။ အကိုင်းအခက်များက ပင်စည်မှ ဖြာထွက်ခြင်းမရှိဘဲ အပင်ထိပ်တွင် အကိုင်းအခက်များ စုပြုံ၍ ထွက်တတ်သည်။ အရွက်များမှာ နှစ်မျိုးရှိပြီး တစ်မျိုးမှာ ငှက်မွေးပုံရှိပြီး နောက်တစ်မျိုးမှာ ယပ်တောင်ပုံဖြစ်၏။ ပေပင်နှင့် ထန်းရွက်သည် ယပ်တောင်ပုံဖြစ်ကြသည်။

သရေခေတ္တရာ ပျူတို့ခေတ်ကာလကပင် ပေရွက်၊ ထန်းရွက်များပေါ်တွင် စာပေရေးသားခြင်းပြုခဲ့သည်ဟု ပညာရှင်များက အဆုံးအဖြတ်ပြုခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် ထိုသို့ ရေးသားနိုင်ရန်အတွက် အသုံးဝင်သော ထန်းပင်သည် အပင် ၁၀၀ ခန့်တွင် ၁၀ ပင်ပင် မရှိတတ်ပေ။ ထိုထန်းပင်မျိုးသည် အခြားထန်းပင်များနှင့်မတူဘဲ ပို၍ကြီးထွားကြပြီး ပေထန်းဟု ခေါ်ကြ၏။

## ထန်းဖူးဇာတာပြုလုပ်ပုံ

ထန်းပင်မှ ထန်းဖူးတစ်ခုကို ဇာတာတစ်စောင် ဖြစ်လာစေရန် အဆင့်ဆင့် ပြုလုပ်ကြရသည်။

ထန်းဖူးများကို တန်ခူးလမှစ တင်၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းလအထိ နောက်ဆုံးထား၍ ခူးကြရသည်။ နတ်တော်လမှ တပေါင်းလအထိ မခူးကြဘဲ ထန်းလျက်ချက်ရန်အတွက် အနားပေးကြခြင်းဖြစ်သည်။

ထိုသို့ခူးပြီး အဖူးများကို အခြောက်ခံကြရ၏။ ခြောက်သွားသောအခါ တစ်ရွက်စီခွဲစိတ်ပြီး ညအချိန်များတွင် နှင်းထဲသို့ လေးညခန့် နှပြီးပျော့ပျောင်းအောင် ထားကြရသည်။

ပျော့ပျောင်းသောအခါ အရွက်ရှည်များကို ညှပ်ကြမ်းတွင် ဖိထားကြရ၏။ ထိုသို့ ပြုလုပ်ရခြင်းမှာ အရွက်များ ကော့ခြင်း၊ ကောက်ခြင်းမရှိဘဲ ညီညာပြန့်ပြူးစေရန် ဖြစ်သည်။ အနားများကို ညီညာစွာတိပြီးသောအခါတွင်မှ သုံးပိုင်းပိုင်းဖြတ်ကြသည်။

အရင်းပိုင်းကို အရိုးပြုလုပ်ရန်၊ အလယ်ပိုင်းကို ဇာတာရေးရန်၊ ထိပ်ပိုင်းကို အတွင်းအစာထည့်ရန် ဇာတာရေးရန် စသဖြင့် ဇာတာအရိုင်းတစ်စုံ ပြုလုပ်ရသည်။ ထိုအရိုင်းအစုံပေါင်း ၅၀ ကို စုပေါင်းပြီး ထန်းဖူးအရိုင်းတစ်ထုပ် ပြုလုပ်ကာ စည်းထားရသည်။ ၎င်းအထုပ်များကို ဒေသအခေါ် တောထုပ်များဟု ခေါ်ပြီး အရိုင်းထုပ်များကို ထန်းတောများတွင် ပြုလုပ်ကြသည်။

ထို့နောက် ထန်းလုပ်သားများက ထန်းဖူး(တောထုပ်)များကို ပန်းချီ ဆရာများ၊ ဗေဒင်ဆရာများထံ ပို့ကြသည်။ ရောင်းကြသည်။ ဇာတာပြုလုပ်ရန်အတွက် ဗေဒင်ဆရာများက ထို အရိုင်းထုပ်များကို ပျော့အိအောင် ငါးမိနစ်မှ ဆယ်မိနစ်အထိ ရေစိမ်ထားကြရ၏။

ထိုသို့ ရေစိမ်ပြီးသော ထန်းဖူးများကို ထန်းဖူးညှပ်တွင် နှစ်ရက်ခန့် ညှပ်ထားရပြန်သည်။ ကြာကြာညှပ်ထားနိုင်လေ ပိုကောင်းလေဖြစ်၏။ ထို့နောက် ညှပ်မှထုတ်၍ နှုတ်ခမ်းသားများ ညီညာအောင် ဖြတ်ခြင်း၊ တိခြင်းတို့ ပြုကြရ၏။ အတွင်းသား အစာမပြည့်စုံသည်များကိုလည်း ပြည့်စုံအောင် ညှိပြီး အတွင်းတွင်ညီအောင် နေရာမလပ် အလွှာပေါင်းကိုးလွှာ၊ အတွင်းအစာငါးလွှာ၊ အရိုးနှစ်လွှာ၊ ပုံဆွဲဇာတာရေး နှစ်လွှာတို့ ပြုလုပ်ကြသည်။

ပြီးလျှင် ဆယ်မိနစ်ခန့် ရေထပ်စိမ်ကာ ညှပ်တွင် ငါးရက်ခန့် ညှပ်ကြရပြန်သည်။ ထိုအဆင့်ထိပြီးသော် အတွင်းသားများကို တမာစေးကော်ဖြင့် ကပ်ကြရသည်။ တမာကော်သုံးရခြင်းမှာ အားတတ်ပိုပြင်း၍ ပိုးစားခြင်းမှကာကွယ်ရန်ဖြစ်၏။

ကော်ကပ်ပြီးသောအခါ နှစ်ရက်ခန့် ညှပ်စင်တွင် ထပ်ညှပ်ရ၏။ ထိုအခါမှ ထန်းဖူးများသည် မူလအရောင် ပျောက်



www.burmeseclassic.com

www.burmeseclassic.com

သွားကာ အဝါရောင်သန်း၍ အလွန်ချောမွေ့လာသည်။ ထိုထန်းဖူးများကို ညီညာ၍ နိုင်မြဲစေရန် သင့်လျော်သောကြိုးဖြင့် တိုင်းထွာချုပ်ကြရသည်။

ထို့နောက်တွင်မှ ထန်းဖူးအကြီးအသေးရွေးပြီး စိတ်ကြိုက်ပုံစံအမျိုးမျိုးကို မျဉ်းသားရန် မျဉ်းဆွဲ ပုံဆွဲသူထံ အပ်နှံရသည်။ မျဉ်းဆွဲပြီးသော ထန်းဖူးကို ဇာတာရှင်၏ စိတ်ကြိုက် အမျိုးအစား တန်ဖိုးအနည်းအများအလိုက် ရွေးချယ်ကာ ဇာတာများ ပြုလုပ်ပေးကြသည်။

ထိုသို့ ရေးဆွဲရာတွင် သံမဏိချောင်းဖြင့် ပြုလုပ်ထားသော ကညစ်တံဖြင့် ရေးဆွဲကြ၏။ ဇာတာပြုလုပ်ပြီးသောအခါ ပိုးမစားနိုင်ရန် ရေနံဆီ၊ သို့မဟုတ် ရေနံချေး (နနွင်းသန့်သန့်ရော၍) သုတ်လိမ်းပေးရသည်။ ထိုအခါ လုပဝါဝင်း၍ ပီပြင်သပ်ရပ်သော ဇာတာတစ်စောင် ဖြစ်လာပေသည်။

ရေးထားသော စာလုံးများ၊ ပုံစံဒီဇိုင်းများသည်လည်း ရေနံကြီးအရောင် နနွင်းအရောင်ကြောင့် ပီပြင်ထင်ရှားစွာ ထင်ပေါ်လာပါတော့သည်။


သုတေသီများ၏ အဆိုအရ ပေစာများကို ရေနံသုတ်လိမ်းသော အလေ့အထသည် အနော်ရထာမင်းစော လက်ထက်ကပင် စတင်ခဲ့သည်ဟု သိရ၏။ ပိဋကတ်တော်များကို ပေအက္ခရာတင်တော်မူပြီးလျှင် နမ်းဆီ၊ နနွင်းသုတ်လိမ်း၍ ထားခြင်းဖြင့် ပိုးပုရွက်တို့ရန်မှ ကာကွယ်နိုင်သည်ဟု ရှင်အရဟံ၏ မိန့်ကြားချက်အရ ဆိပ်သာကျွန်းထောက်ဒေသမှ နံ့သာမြေဆီများဖြင့် သုတ်လိမ်းကြကြောင်းကိုလည်း သိရသည်။

လေ့လာလိုသူ ဝါသနာရှင်များအတွက် ထန်းဖူးဇာတာ ဥပမာပုံစံတစ်ခုကို ဖော်ပြအပ်ပါသည်။

## ထန်းဖူးဇာတာဖွဲ့ထားပုံ

ဥပမာ - ဇာတာရှင်မှာ မန္တလေးမြို့ မတ္တရာနယ်ဇာတိ ဖြစ်ပြီး ၁၂၆၄ ခုနှစ်တွင် ဖွားမြင်သော ဇာတာဖြစ်ပါသည်။

“ဝေယျာတု သက္ကရာဇ် ၁၂၆၄ ခု ဒီယ ၄၆၆ ရဿ သတင်းကျွတ်ဆန်း ၁၁ ရက်၊ ၁ နေ့နေ့ ၁ ချက်တီးကျော် ၁ နာရီ ၃ ပါဒ် ၁၃ ဗိဇနာ ၂ ပြန် ၃ ခရာ ဗြိဿာလက်မကာရစန်း ပထမ ဟောရတ် ၂ လံကြင်း ၄ ဟူးနဝင်း သင်္ကြန်းနက္ခတ် ၁၆ လုန်း ၁ ပါဒ် ၄ ယဋ္ဌိ အာနယဋ္ဌိ ၄၁ ပရမာနယဋ္ဌိ ၂၄ ထက် လက်ကျိုးလျက် ထိုနာရီ၏ ဘွား




သော်ကား ၇ ဘွားပြည့်တွင် ကြည်လင်သန္ဒါ ရတနာသုံးစုံ ကြာငုံအသွင် ဦးထိပ်တင်၍ ဝင်သည်ရောဂါ ဖျားနာလည်းကင်း ရန်တားရှင်း၍ ဘုံးပညာ လက္ခဏာနှင့် ပြည့်စုံစွာသော သတို့သားကို မာတာမိခင် ဖွားသန့်စင်သည် မည်ပင်သာယာ ထွန်းအောင်ကျော်ကာ ၁၂၀ ရှည်”

အထက်ပါဇာတာတွင် ရဿဟု ဖော်ပြထားပြီး အဓိပတိနက္ခတ် ၁၀ လုံး ၀ ပါဒ် ၁၄ ယဋ္ဌိ ၁၀ အနုယဋ္ဌိ ၃၀ ပရမာနုယဋ္ဌိအထိ ငါးဆင့်ဖော်ပြ ထားသည်။

ဤသို့လျှင် ထန်းဖူးဇာတာဓလေ့သည် ရှေးခေတ်ကာလမှစ၍ အဆက်ဆက်ဖြင့် ယနေ့တိုင်အောင် မတိမ်ကောသေးသော ရိုးရာဓလေ့ယဉ်ကျေးမှု ပြယုဂ်တစ်ခုဖြစ်ခဲ့ပါသည်။

ထိုဇာတာများသည် တစ်နေရာနှင့်တစ်နေရာ၊ တစ်ဒေသနှင့်တစ်ဒေသ အဆင်တန်ဆာပုံစံများ ယေဘုယျအားဖြင့် တူညီသည်ထင်ရသော်လည်း ကွဲလွဲချက်များလည်း ရှိကြပါသည်။

ဇာတာတွင်ပါရှိသော ၁၂ ရာသီ စက်ဝိုင်း၊ အဓိပတိတိုင်၊ ကိန်းဇယား စသည်တို့ကို လုပသော ပန်းချီအနုပညာဖြင့် ဖော်ပြတန်ဆာဆင်ကြရာတွင်လည်း ပုံစံတစ်ခုနှင့်တစ်ခု မတူညီဘဲ ကွဲပြားကြပါသည်။

မည်သို့ ဆိုစေကာမူ မြန်မာ့လက်မှုအမွေအနှစ်လည်းဖြစ်၊ ရိုးရာဓလေ့ ယဉ်ကျေးမှုထုံးတမ်းတို့ ပါဝင်ပေါင်းစပ်နေသော ထန်းဖူးဇာတာများအကြောင်းကို မှတ်သားလေ့လာဖွယ်ရာအဖြစ် တင်ပြလိုက်ရပါတော့၏သတည်း။

**ဝသုန်ဟိန်းထက်**


**ကိုးကား:**
- မြန်မာ့ဇာတာ (တင်မမခိုင်-မန်းတက္ကသိုလ်)၊
- ဇာတာဖွဲ့နည်းကျမ်း (ဆရာမောက်)။




www.burmeseclassic.com

www.burmeseclassic.com



# အမေ့ဆုတောင်း

ရွှေမြို့တ်သောင်းတင်

စာမေးပွဲနီးပြီဖြစ်၍ ကျွန်တော် စောစောထရသည်။ ခါတိုင်း ၅ နာရီခွဲမှ ၆ နာရီမှ အိမ်ရာမှနိုးထလေ့ရှိသော ကျွန်တော် ယခု နံနက် ၄ နာရီနိုးရန် အမေ့ကိုမှာရသည်။ အမေက နံနက် ၃ နာရီခွဲလောက်မှ စထပြီး အရုဏ်ဆွမ်းကိစ္စ၊ အဖေ့ထမင်းချိုင့်၊ သားသမီးများထမင်းချိုင့်၊ နံနက်စာများအတွက် ဆောင်ရွက်ရမြဲပင်။

အဖေနှင့် ကျွန်တော်တို့ သုံးယောက်အတွက် အမေက နံနက်စာအဖြစ် ကော်ဖီနှင့် မုန့်၊ သို့မဟုတ် ထမင်းကြော် ပြင်ထားသည်။ အဖေ ရုံးယူသွားဖို့ ထမင်းချိုင့်၊ ကျွန်တော် ကျောင်းတွင် နေ့လယ်စာစားဖို့ ထမင်းဘူး၊ အမေက ဘုရားခန်းမဝင်ခင် အားလုံးပြင်ဆင်ထားသည်။

အမေက ၅ နာရီခွဲမှစ၍ ဘုရားခန်းဝင်ပြီး သန့်ရှင်းမှုပြု၊ ပြီးနောက် ဆွမ်း၊ ပန်း၊ ရေ၊ ဆီမီးကပ်ကာ ဘုရားဝတ်ပြု ပုတီးစိပ်ပြီးနောက် အမေက ဝေနေယျသတ္တဝါများအား အမျှပေးဝေပါသည်။

ပြီးနောက် အမေက ပြုပြုသမျှကုသိုလ်ကောင်းမှုကြောင့်ဟု အကြောင်းပြုပြီး ဆက်၍ဆုတောင်းနေသည်မှာ ကမ္ဘာကြီး အေးချမ်းပါစေ၊ ငြိမ်းချမ်းဆုတောင်းပါစေ၊ ကမ္ဘာကြီးမှာ ဒေါသမီး၊ လောဘမီး၊ မောဟမီးတွေ ဟုန်းဟုန်းတောက်လောင်ပြီး တိုက်ခိုက်သတ်ဖြတ်မှုများနေသည့် ကမ္ဘာကြီး ငြိမ်းချမ်းအောင် ကယ်မတော်မူပါဘုရားဟူ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမေ၏ ဆုတောင်းဝတ်ပြုပြီးသည်နှင့် အဖေနှင့်ကျွန်တော်တို့ မောင်နှမတို့ နံနက်စာ လက်ဖက်ရည်ဝိုင်း၌ စုစည်းကြသည်။

"မြိုင်လေးကလည်းကွာ မင်းဆုတောင်းတာ များလွန်းတယ်။ ကမ္ဘာနဲ့ မြန်မာနဲ့ လုပ်မနေနဲ့။ တို့မိသားစု၊ တို့ရပ်ကွက် အေးချမ်းဖို့ ဆုတောင်းပါဦးကွာ"

အဖေကပြောလျှင် အမေကလည်း တုံ့ပြန်လျက်ရှိပါသည်။

"ဒီမှာ ကိုနိုင် . . . မြိုင်ကတော့ မိသားစုလည်း အေးချမ်းစေချင်တယ်။ ရပ် ရွာမြို့နယ်တိုင်းပြည်မြန်မာ တစ်ကမ္ဘာလုံး ငြိမ်းချမ်းအေးချမ်းစေချင်တာပဲ။ အခု ဘယ်လောက် စိတ်ဆင်းရဲစရာကောင်းသလဲ ကြည့်စမ်းပါဦး။ ကမ္ဘာကြီးပူနွေးပြီး ရာသီဥတုဖောက်ပြန်လို့ ကမ္ဘာနဲ့အဝှမ်း ရာသီဥတုဖောက်ပြန်မှု ခံစားနေကြရတယ်။ ဒီအထဲ ဟိုတိုင်းပြည်က အသေခံသမား ဗုံးခွဲလို့ လူငါးယောက်သေ၊ ခုနစ်ဆယ်လောက် ဒဏ်ရာရ၊ ဒီတိုင်းပြည်က လူတစ်ဦးက သေနတ်နဲ့ပစ်လို့ ကလေးလူငယ် ဆယ်ဦးသေရ အို . . . စုံလို့စုံလို့ပါပဲ။ စိတ်ချမ်းသာစရာ နှားမချမ်းသာစရာတွေ သေ"

သည်တော့ ဖခင်ဖြစ်သူ ဦးနိုင်ဦးသည် ဘာမှပြန်၍ မပြောနိုင်တော့ပါ။ အမှန်လည်း ဟုတ်နေသည်မဟုတ်ပါလား။

နေရာအနှံ့ ကမ္ဘာအနှံ့ ငြိမ်းချမ်းမှုမရှိ ဆူပူမှုတွေ လွှန်ကဲနေသည်။ အစုလိုက်အပြုံလိုက် လူသတ်နေကြသည်။ ပစ်ခတ်တိုက်ခိုက်နေကြသည်။ ရာသီဥတုဖောက်ပြန်ပုံကလည်း ကြောက်ခမန်းလိလိ။

> အဖေက ကျွန်တော့်အတွက် အားမရပါ။ ကျွန်တော့်ကို ကျူရှင်မထားနိုင်၍ စာမေးပွဲအောင်ရန် မလွယ်ဟု အဖေ ယုံကြည်ထားဟန်ရှိသည်။ အမေကတော့ ကြိုးစားပါသားရယ်။ ကြိုးစားမှုဟာ အောင်မြင်မှုရဲ့ပန်းတိုင်ပါ။

"အမေမြိုင် ဈေးလိုက်ဦးမှာလား"

သည်အချိန်ဆို အိမ်နီးချင်း ခင်မမက ဒေါ်မြိုင်လေးကို ဈေးသွားဖို့ခေါ်နေကြ။ ယခုလည်း အချိန်မှန်ရောက်လာပြီ။

"အေး . . . အေး လိုက်မယ် ခင်မရေ။ ကိုနိုင် ကျွန်မ ဈေးသွားမလို့ ဈေးဖိုးလေး"

"အေးပါကွာ။ ငါ မနေ့က ရုံးမှာ ငွေတစ်သောင်း ခထားခွဲခဲ့တယ်။ အဲဒီငွေနဲ့ လကုန်တဲ့အထိ ကြည့်လုပ်ဦးပေါ့"

ဦးနိုင်ဦးက ထိုင်နေရာကထကာ ချိတ်ထားသော တိုက်ပုံအင်္ကျီလှမ်းယူ၍ အကျအနထည့်ထားသော ငွေတစ်သောင်းကို ဇနီးဖြစ်သူ ဒေါ်မြိုင်လေးက ဦးနိုင်ဦးလှမ်းပေးသောငွေကိုယူကာ -

"လကုန်ဖို့ ငါးရက်တောင်လိုသေးတယ်နော်"

ဒေါ်မြိုင်လေးက ဦးနိုင်ဦးဆီမှ ငွေယူ၍ ဈေးခြင်းတောင်းလေးဆွဲကာ ခင်မမရှိရာသို့ ဆင်းသွားတော့သည်။ ထိုစဉ် ညီမငယ်ချိုချို ရုတ်တရက်ထကာ အခန်းတွင်းသို့ ဝင်သွားသဖြင့် ကျွန်တော် လိုက်သွားပြီး -

"ညီမလေး ဘာဖြစ်လို့လဲ"

ချိုချိုက ကျွန်တော့်ကို ငေးမောကြည့်ရင်းက -

"ညီမလေး ဒီနေ့ ကျောင်းမှာ စာအုပ်ဖိုးသွင်းစရာရှိတယ် ကိုကိုရယ်။ အမေ့ဆီက ဘယ်လိုတောင်းရမှန်း မသိတော့ပါဘူး။ ဟိုတစ်ပတ်တုန်းကလည်း ဖေဖေက ညီမလေးတို့ကျောင်းစရိတ်အတွက် ငွေကြိုထုတ်ခဲ့သေးတယ်လေ"

ချိုချိုက ခေါင်းကုတ်ရင်းပြောသဖြင့် ကျွန်တော်က ညီမငယ်ချိုချိုကို နှစ်သိမ့်မှုပေးရသည်။

"စိတ်မပူပါနဲ့ ညီမလေး။ ကိုကို့မှာ စုထားတဲ့ပိုက်ဆံရှိတယ် ယူသွားညီမလေး စာကြိုးစားနော်"

□

"သား မနေ့က ညီမလေးကို စာအုပ်ဖိုး စိုက်ပေးလိုက်တယ် မဟုတ်လား"

"ဟင် . . . မေမေ့ကို ဘယ်သူပြောလဲ"

"သားဖေဖေပေါ့ သားရယ်။ သားဖေဖေက အားလုံးသိတယ်။ သားသမီး



www.burmeseclassic.com

www.burmeseclassic.com

တွေကို အရိပ်တကြည့်ကြည့်နေတာပါ သား။ မနေ့က သားက ညီမလေးစိတ်ချမ်းသာအောင် လုပ်ပေးလို့ သားဖေဖေက သားကို ကျေးဇူးတင်နေတာ"

"အို···မေမေကလည်း ဖေဖေက သားကို ဘာလို့ကျေးဇူးတင်ရမှာလဲ။ ကျေးဇူးတင်ရမှာက ဖေဖေ့ကိုပါ။ သားမှာရှိတဲ့ပိုက်ဆံက ဖေဖေ့ပိုက်ဆံလေ။ ဖေဖေ မုန့်ဖိုးပေးတဲ့အထဲက သားက စုထားလို့ အခုလို အရေးကြီးတဲ့အခါ···"

"တော်တော့ သား၊ မေမေတို့သိပါတယ်။ သားတို့ သမီးတို့ လိမ္မာကြပါတယ်။ အဖေ၊ အမေတို့ အခက်အခဲတွေ့နေတဲ့အချိန်မှာ သားတို့သမီးတို့ နားလည်ပေးကြလို့လေ။ ဒါနဲ့သား မောင်ကျော်ခိုင်"

"ဟုတ်ကဲ့အမေ"

"သား ဒီနှစ်ပေါက်ဖို့ အရေးကြီးတယ် သားရယ်"

"ကျွန်တော် ကြိုးစားနေပါတယ် မေမေ"

ကျွန်တော်သည် မေမေ့ကို အဖြေပေးပြီး စာဖတ်ခန်းသို့ ဝင်ခဲ့၏။ ကျွန်တော်က သည်အိမ်မှာ သားကြီးဖြစ်ပါသည်။ ညီမငယ်နှစ်ယောက်မှာ ညီမချိုချိုနှင့် ညီမငယ်လေး ဝင်းဝင်း။ ညီမချိုချိုသည် သည်နှစ် ရှစ်တန်းရောက်၍ ညီမငယ်ဝင်းဝင်းက ငါးတန်းကျောင်းသူ။

ဆယ်တန်းကျောင်းသား ကျွန်တော်သည် ကျောင်းမှ ဆရာ၊ ဆရာမတို့ သင်ကြားပေးသော ရသမျှပညာကို ဆည်းပူးရသည်။ ကျွန်တော် ကျူရှင်မတက်နိုင်ပါ။ ဖေဖေနဲ့ မေမေကတော့ ကျွန်တော့်ကို ကျူရှင်တက်ဖို့ တိုက်တွန်းသည်။

အိမ်တွင် မိသားစုငါးယောက်။ အဖေတစ်ယောက်တည်း အလုပ်လုပ်နေရသည်။ စားစရိတ်၊ ကျောင်းစရိတ်။ လူငါးယောက်စားသည်။ သုံးယောက်က ပညာသင်ကြားသည့်အရွယ်။ ကျွန်တော် အဖေနှင့်အမေအတွက် စဉ်းစားရသည်။ စာမေးပွဲတော့ အတတ်နိုင်ဆုံး ကြိုးစားဖြေဖို့ ကျွန်တော် အားထုတ်ရပါမည်။ စာမေးပွဲဖြေပြီးလျှင် ကျွန်တော် အလုပ်ရှာရမည်။

"သား···ကျော်ခိုင်"

ကျွန်တော် အတွေးလွန်နေစဉ် အမေ့အသံကြောင့် အတွေးရပ်သွားပါသည်။

"ဟုတ်ကဲ့အမေ လာပါပြီ"

အမေက လက်ထဲ ပိုက်ဆံတစ်ထောင်တန်တစ်ရွက်ကိုင်၍ ရပ်နေသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ မေမေ"

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး။ သား စာမေးပွဲနီးနေပြီ စာကိုသာကြိုးစား။ ရော့···ပိုက်ဆံတစ်ထောင် မနေ့က သားညီမလေးအတွက် စာအုပ်ဖိုး သားစိုက်ပေးထားတယ် မဟုတ်လား"

"သားမလိုပါဘူး မေမေလိုရာ သုံးပါ။ မေမေ့မှာ အိမ်စားရိတ်ပြတ်တော့မှာမဟုတ်လား။ သားမှာ စုထားတာ ရှိပါသေးတယ် မေမေရယ်"

"သားယူထား။ သားစာမေးပွဲနီးတော့ လိုတာကို ဝယ်ရတာပေါ့။ မေမေ့သားက ကျူရှင်မှမတက်နိုင်တာ"

"ရပါတယ်မေမေရယ် သား ကြိုးစားမှာပါ"

□

ညက ခဏအိပ်၊ ခဏနိုးနှင့် စာကျက်ရသည်။ မနက်ဖြန် စာမေးပွဲဖြေရတော့မည်။

အမေက ကျွန်တော့်အတွက် အားမရပါ။ ကျွန်တော့်ကို ကျူရှင်မထားနိုင်၍ စာမေးပွဲအောင်ရန်မလွယ်ဟု အဖေ ယုံကြည်ထားဟန်ရှိသည်။ အမေကတော့ ကြိုးစားပါသားရယ်။ ကြိုးစားမှုဟာ အောင်မြင်မှုရဲ့ပန်းတိုင်ပါ။ အမေက သည်လိုအားပေးသည်။

"ဒေါင်···ဒေါင်···ဒေါင်··· ဒေါင်···ဒေါင်"

အရုဏ်ဦး လင်းကြက်တွန်သံနှင့်အတူ နာရီသံချောင်းခေါက်သံ ငါးချက်ပေါ်လာပါသည်။

"သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ။ လူနတ်ဗြဟ္မာအပေါင်းတို့ ကျန်းမာချမ်းသာကြပါစေ။ ကမ္ဘာကြီး ငြိမ်းချမ်းပါစေ။ လောဘမီး၊ ဒေါသမီး မောဟမီးတွေ ကင်းငြိမ်းပါစေ။ ခင်ပွန်းသည်လည်း ရာထူးတက်ကာ လစာတိုးပါစေ။ သားကြီးလည်း စာမေးပွဲအောင်ပါစေ"

"ဟော့···ဟော့ မြိုင်လေး မင်းဆုတောင်းဟာ ပတ်ဝန်းကျင်ကကြားရင်···"

"အို···ကိုခိုင်ရယ်၊ ရင်ထဲရှိတာ တောင်းပါရစေရှင်"

ရွှေမြိတ်သောင်းတင်



www.burmeseclassic.com

www.burmeseclassic.com

# ကျီး၊ ကြောင်၊ ခို၊ ခွေး အစာကျွေး

# မနေ့းချမ်းသာမည်

## သစ္စာဝါဒီဆရာမြတ်စောလင်း

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က သက်န်းဝတ်ရန် မန္တလေးမြို့၏ အရှေ့တောင်ဘက်တွင်ရှိသော မင်းဂံဘုတ် ကျေးရွာအနီးတွင်ရှိသော ဇီးတော၊ ရွာဦးကျောင်းဆရာတော် ဦးဩဘာသထံသို့သွားရာ မန္တလေးမြို့မှ မတ္တရာသို့သွားသော အမှတ်-၉ ကားဖြင့် စီးနင်းလိုက်ပါလာပြီး ကြာနီကန်ရွာသို့ ရောက်သောအခါ ကားပေါ်မှဆင်းပြီး ကြာနီကန်ရွာမှ အရှေ့ဘက် နှစ်မိုင်သုံးမိုင်ခန့်ဝေးသော ဇီးတောရွာသို့ ခြေလျင် လျှောက်၍လာခဲ့ရာ မရွှေဥနတ်နန်းရှိသော သခင်မတောင် တန်းသို့ အရောက်တွင် တောင်ခြေတစ်နေရာ၌ ထန်းရွက် မိုး ထန်းရွက်ကာ အဆောက်အုံငယ်လေးတစ်ခုကို တွေ့ရှိရ၏။ ကျွန်ုပ်သည် ညောင်းညာမောပန်းခြင်းကို အနားယူရန်အတွက် ထိုတဲလေး၏ အရှေ့တွင်ရှိသော တမာပင်အရိပ်နှင့် ထနောင်း ပင်အရိပ်၏အောက်သို့ နားခိုရန် ဝင်ရောက်လိုက်၏။ ထိုအခါ တဲအတွင်းမှ ရသေ့ကြီးတစ်ပါးထွက်လာပြီး တဲအရှေ့တွင်ရှိ သော ထန်းလက်များဖြင့်ပြုလုပ်ထားသော ကုလားထိုင်ပေါ်သို့ ထိုင်လိုက်၏။ ထိုအခါ ကျွန်ုပ်က လက်အုပ်ချီ၍ မြေပြင်မြက် ခင်းပေါ်သို့ ဒူးထောက်ပြီး လက်အုပ်ချီရှိခိုးလိုက်၏။

"လူလေး ဘယ်မှာနေသလဲ"

"မန္တလေးမြို့မှာ နေပါတယ်"

"ဘာလုပ်ငန်းလုပ်သလဲ၊ စီးပွားရေးကော ဘာလုပ် သလဲ"

"ဆေးကု၊ ဆေးရောင်း၊ ဗေဒင်ဟော အလုပ်လုပ်ပါ တယ်"

"အဲဒီအလုပ်နဲ့ အကျိုးပေးရဲ့လား"

"စားရရုံတော့ ရှိပါတယ်။ အကျိုးပေးလောက်ရုံ မဟုတ်ပါဘူး"

"လူကလေး ဗေဒင်ဆရာဆိုတော့ ယတြာကို ယုံမှာ ပေါ့။ ယတြာဆိုတာ ယုံမှ ကြည်တယ်၊ ကိုးမှကွယ်တယ်။ အဲဒါကြောင့် မေးတာပါ။ လူလေးယုံကြည်တယ်ဆိုရင်တော့ လုပ်ပေါ့"

"ဟုတ်ကဲ့ ဘုရသေ့ပြောပါ ကျွန်တော်လုပ်ပါ့မယ်"

"သိပ်မခဲယဉ်းပါဘူး။ ဒီပစ္စုပ္ပန်မှာလည်း အကျိုးရှိ၊ နောင်သံသရာမှာလည်း အကျိုးရှိပါတယ် လူလေးရယ်။ တနင်္လာနံ့ သတ္တဝါလေးမျိုးကို တနင်္လာနံ့အစာကိုကျွေးရမယ်"

"ဟုတ်ကဲ့ ဘုရသေ့။ တနင်္လာနံ့ သတ္တဝါလေးမျိုးနှင့် တနင်္လာနံ့အစာဆိုတာ ဘာတွေများလဲ ရှင်းပြပါဦး ဘုရသေ့"

"လူလေး ကျီးကန်းသိလား"

"ဟုတ်ကဲ့ သိပါတယ်"

"ကြောင်ကတော့ အထူးမေးစရာ မလိုပါဘူး။ သိနေ မှာပါ။ ဘုရားတွေမှာရှိတဲ့ ခို၊ ငှက်ကလေးတွေကိုကော သိရဲ့လား"

"ဟုတ်ကဲ့ သိပါတယ် ဘုရသေ့"

"လူလေးတို့အိမ်မှာ၊ ဒါမှမဟုတ် အိမ်နီးချင်းတွေမှာ ပြီးတော့ ဘုန်းကြီးကျောင်းတွေမှာ၊ အချို့ဘုရားတွေမှာ ခွေး ဆိုတာ ရှိနေတာပဲ။ ဒါကြောင့် ကျီးရယ်၊ ကြောင်ရယ်၊ ခိုရယ်၊ ခွေးရယ် အဲဒါကို ငါးဟင်း၊ ကြက်သားဟင်းတစ်ခုခုနှင့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွေးတာမျိုး၊ ကြာဆံကြော်ကျွေးတာမျိုး၊ တနင်္လာနေ့ နံနက်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် အနည်းဆုံး ခုနစ်ရက်ဆက်တိုက် ကျွေးနိုင်ရမယ်။ ၁၈ ကြိမ် ကျွေးနိုင်ရမယ်။ နေ့စဉ်ကျွေးနိုင်ရင်တော့ ပိုအကောင်းဆုံးပေါ့။ တစ်နေ့တည်းမှာ အကောင်လေးမျိုးစလုံးကျွေးနိုင်ရင် လျင်လျင်မြန်မြန် အကျိုးပေးမှာပေါ့။ အကယ်၍ တစ်နေ့တည်း လေးမျိုးစလုံး မကျွေးနိုင်ဘူးဆိုလျှင် တစ်နေ့တစ်ကောင်ကျွေးရင်လည်း ရပါတယ်။ အကျိုးပေးချင်းတော့ မတူဘူးပေါ့ လူလေးရယ်။ လျင်လျင်မြန်မြန်အကျိုးပေးနိုင်ရင်တော့ ကျီး၊ ကြောင်၊ ခို၊ ခွေး လေးမျိုးလုံးကိုကျွေးနိုင်အောင် ကြိုးစားဦးပေါ့။ ကျီးကန်းတွေကိုကျွေးတဲ့အတွက် စီးပွားတက်မယ်။ အမှောင့်ပယောဂတွေ ကင်းရှင်းမယ်။ ကြောင်ကိုကျွေးတဲ့အတွက် ရန်တွေကင်းမယ်။ စီးပွားရေးကောင်းမယ်။ ခိုကိုကျွေးတဲ့အတွက် မိမိရဲ့အရိပ်အောက်မှာ မှီခိုလောက်အောင် ကြီးပွားချမ်းသာတိုးတက်မယ်။ မိမိအတွက်လည်း မှီခိုအားထားလောက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ နီးစပ်မယ်။ ခွေးကို အစာကျွေးတဲ့အတွက် အပြင်ရန်တွေကင်းမယ်။ အဲဒီလို သတ္တဝါလေးကောင်ကို အစာကျွေးခြင်းအားဖြင့် စီးပွားတက်ခြင်း၊ အတွင်းရန်၊ အပြင်ရန်ကင်းခြင်း၊ အပေါင်းအသင်းများခြင်း၊ အခြွေအရံများခြင်း၊ အစာအာဟာရပေါများခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ ဝန်ထမ်းများရာထူးတိုးခြင်း၊ အရောင်းအဝယ်သမားများ ဝယ်သူပေါများ၍ လာဘ်လာဘရွှင်ခြင်း စသော အကျိုးတရားများကို ရနိုင်တာပေါ့ လူလေးရယ်"

ဤသို့ဖြင့် ကျွန်ုပ်သည် အဘရသေ့ပြောစကားများကို စိတ်ထဲမှာ မှတ်သားလိုက်ပြီး ဆရာတော်ဦးဩဘာသ ကျောင်းကို ဆက်လက်ထွက်ခွာလာခဲ့သည်။ ကျွန်ုပ်သည် အဘရသေ့ပြောသော ယတြာကိစ္စများကို တစ်ဝါတွင်းလုံး သက်နံးဝတ်လိုက်သဖြင့် မေ့ပျောက်သွားတော့၏။ ထိုမှ လူထွက်လာသော အခါ၌လည်း မန္တလေးတွင်ရှိနေခိုက် ဤယတြာကို မလုပ်ဖြစ်ခဲ့ပေ။ ရန်ကုန်သို့ ရောက်သောအခါ၌လည်း ထိုယတြာကို မလုပ်ဖြစ်ခဲ့ပေ။ လွန်ခဲ့သော ငါးနှစ်ခန့်က မန္တလေးတွင်အတူနေခဲ့သော သူငယ်ချင်းတစ်ယောက် ရောက်ရှိလာပြီး ထိုသူငယ်ချင်းက သူစား၍ပိုနေသော ထမင်းများကို ကျီး၊ ကြောင်၊ ခို၊ ခွေး လေးမျိုးလုံးကို နေ့စဉ် **အစာကျွေးသည့်** အကြောင်း ပြောလာ၏။ ထိုအခါ သူနေသောနယ်တွင် နာ... ဘာဝနှင့် အတိုက်အခိုက် ပယောဂများ လွန်စွာပေါ်နေသော်လည်း သူ့အား မတိုက်ခိုက်နိုင်ဘဲ သူ့ကိုယ်စား သူ့အား... ရန်ရှာသော ပုဂ္ဂိုလ်များကို ကြောက်လန့်လျက် ထွက်ပြေး... အောင် ပြုလုပ်ကြသဖြင့် တစ်ဖက်လူများ၏ အကြံအစည်... ပျက်စီးကြောင်းကို ပြောပြခဲ့၏။ ထိုအခါမှ သခင်မတော... ခြေတွင် နားခိုစဉ်က ဇေယျသိဒ္ဓိ ဘရသေ့ပြောခဲ့သော တနင်္လာနံ အကောင်လေးမျိုးကို အမှတ်ရတော့၏။ ထိုအခါ... တွင် ကျွန်ုပ်သည် ကျိုက္ကဆံဘုရားအရှေ့ဘက်မုခ်တွင်ရှိသော ဗေဒင်ဆိုင်ခန်းတွင် ဗေဒင်ဟောပြောနေသော အချိန်ဖြစ်၏။ အရှေ့ဘက်မုခ်သည် တနင်္လာနံအရပ်ဖြစ်ခြင်း၊ ခွေးလည်း... ခြင်း၊ ကြောင်လည်းရှိခြင်း၊ ခိုလည်းရှိခြင်း၊ ကျီးကန်းလည်း... ရှိသည်။ ကျွန်ုပ်၏ဇနီးသည် ဗေဒင်ဆရာမကြီး ဒေါ်နန်းကေ... က ဤအကောင်လေးမျိုးကို နေ့စဉ်ကျွေးနေသူဖြစ်၏... ဘရသေ့ပြောသည့် တနင်္လာနေ့ တနင်္လာ အချိန်မဟုတ်ခြင်း... ကြက်သား၊ ငါး တနင်္လာနံအစာမဟုတ်ခြင်းကြောင့်လား ... တာ မပြောတတ်။ တစ်ရှိန်ထိုး ထူးထူးကဲကဲ များစွာသော... သိန်းဂဏန်း တိုးတက်ခြင်းမျိုးမဟုတ်ဘဲ တဖြည်းဖြည်း တိုး... တက်လာခြင်း၊ ကြီးပွားခြင်း၊ အတိုက်အခိုက်ရန်များ ပျက်စီး... သွားခြင်း စသော အကျိုးအာနိသင်များကို လက်တွေ့ခံစား... ခဲ့ရ၏။ အကယ်၍သာ ဇေယျသိဒ္ဓိဘရသေ့ပြောသော တနင်္လာနံ၊ တနင်္လာအချိန်၊ တနင်္လာအစာဖြင့် ကျွေးခဲ့မည်ဆိုလျှင် သိန်းဂဏန်းကြီးများ ရရှိလိမ့်မည်ဟု ယုံကြည်ရပေသည်။ ထို့ကြောင့် ရှေးလာမည့်အပတ် တနင်္လာနေ့တွင် ကျွန်ုပ်ကိုယ်တိုင် ကျီး၊ ကြောင်၊ ခို၊ ခွေး အစာကျွေး မနေးချမ်းသာအောင် ဆောင်ရွက်လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်လိုက်ရပေသတည်း။

*ကျေးဇူးရှင်အား ရှိခိုးပါ၏*

**သစ္စာဝါဒီဆရာမြတ်စောလင်း**



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်ဘဝ

နတ်ထီးလှိုင်

နိဗ္ဗာန်သည် ဘဝမဟုတ်။ ဘဝ မရှိခြင်းသည် နိဗ္ဗာန်ဖြစ်၏။ သို့သော် လက်ရှိဘဝကို မဒိုး၊ မနာ၊ မသေပြီဟု ယူဆထားသူများ ရှိခဲ့ဖူးပြီ။ ပထမစျာန်ဘုံ၏ ဗြဟ္မာမင်း ဗကမည်သော ဗြဟ္မာကြီးနှင့် အနီးအပါးဖြစ်သော ၇၂ ယောက်သော ဗြဟ္မာတို့တည်း။

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နံနက်စောစော ဗုဒ္ဓကိစ္စကိုပြုတော်မူ၏။ ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကြီးကို ကြည့်ရှုလေသော် ဗကမြဗြဟ္မာနှင့် အနီးအပါးဗြဟ္မာများ၏ ဉာဏ်ရင့်ကျက်ပြီး သစ္စာလေးပါး သိမြင်နိုင်ကြောင်း မြင်တော်မူ၏။

## ရေမျက်နှာပြင်ညီ ကြာမျိုး

မြတ်ဗုဒ္ဓသည် ဗြဟ္မာပြည်သို့ ရုတ်ခြည်းကြွ၍ ထင်ရှားရပ်တော်မူပါသည်။ ဗကဗြဟ္မာကြီး မြင်လတ်သော် "အရှင်ဂေါတမ・・・ဗြဟ္မာ့ရွာသို့ လာခြင်းကား ကောင်းသောလာခြင်းတည်း။ လှံ့လပြု၍ ကျင့်တော်မူပါ။ ကျွန်ုပ်တို့ ဗြဟ္မာ့ရွာ၌ဖြစ်လျှင် စင်စစ် ဆင်းရဲခြင်းကင်းပါတော့သည်"ဟု လျှောက်၏။ ဘုရားရှင်ကလည်း ထက်ဝန်းကျင်မှ လာကြကုန်သော ဗြဟ္မာအပေါင်းတို့အား သက်သေထား၍ "အို・・・များစွာကုန်သော ဗြဟ္မာအပေါင်းတို့ ဤဗကဗြဟ္မာသည် အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်သို့ဝင်ဘိ၏တကား။ မြုံးတွင်း၌ရှိသောငှက်သည် လွတ်ထွက်ပြီးသောသတ္တဝါကို ချမ်းသာလိုလျှင် ငါ့ထံလာလှည့်ဟု ခေါ်ဘိသကဲ့သို့ ချော်ချွတ်သောမိစ္ဆာဉာဏ်ဖြင့် ဗြဟ္မာသဏ္ဌာန်ကို နိဗ္ဗာန်ထင်မှတ်ဘိ၏တကား။ မိမိအား ဖြစ်လတ္တံ့သောဘေးကို မမြင်။ အနိစ္စကိုပင် နိစ္စ။ အသုခကိုပင် သုခဟု ပြောရှာ၏တကား။ ဝဋ်တရား၏ကင်းရာဖြစ်သော နိဗ္ဗာန်သည် ကေန်ရှိလျက် မသိရှာလေတကား"ဟု မိန့်တော်မူပါသည်။

ထိုအခါ ဗကဗြဟ္မာကြီးသည် ဤအယူဝါဒကို သူတစ်ယောက်သာ ယူသည်မဟုတ်။ သူနှင့် ရှေးကောင်းမှုပြုဖော်ဖြစ်သည့် ဗြဟ္မာ့ဇာတ် ၇၂ ယောက်တို့ပင် ဗြဟ္မာ့ဘဝသည် ဇာတိဇရာ ဗျာဓိမရဏ လွတ်ကြသောကြောင့် နိစ္စထာဝရတည်သော နိဗ္ဗာန်ဟုထင်ကြောင်း လျှောက်ထားရာ -

မြတ်ဗုဒ္ဓက "ချစ်သားဗက ဤဗြဟ္မာ့ရွာ၌ သင်ကြားသောကာလကား အန္တရကပ်အရေအတွက်အားဖြင့် ၁၃၆-၄၃၂ ကပ်သာဖြစ်သည်။ နှစ်အရေအတွက်အားဖြင့် နိရဗ္ဗုဒ တစ်သိန်းမျှသာ ရှိသေးသည်။ ဇာတိဇရာ မရဏကိုလည်း မလွန်သေး။ စုတေရမည်မချွတ်ဟု ငါမြင်တော်မူသည်။ သင်ပညာကင်းသောကြောင့် အသက်အကြွင်းကို မမြင်သတည်း" ဟု မိန့်တော်မူသော် -

ဗကဗြဟ္မာက "ကျွန်ုပ်တို့ ရှေးကောင်းမှုနှင့် ကျွန်ုပ်တို့အကြောင်းကို အမှန်ဟောဆိုနိုင်လျှင် ဘုရားဟု ယုံကြည်ပါမည်"ဟု လျှောက်ထား၏။ ထိုအခါ ဘုရားသခင်က ကေသဝမည်သော ပုဏ္ဏားသူကြွယ်ဖြစ်စဉ်ဘဝမှစ၍ ဗကဗြဟ္မာကြီး၏ ရှေးဘဝဖြစ်စဉ်ကို အစဉ်အတိုင်း ဟောတော်မူ၏။

## ဘဝတထော

ဗကဗြဟ္မာကြီးသည် ရှေးအခါက တစ်ခုသော ကမ္ဘာဝယ် လူတို့နေရာ ဗာရာဏသီပြည်၌ ကေသဝမည်သော ပုဏ္ဏားသူကြွယ်ဖြစ်၍ ယရာဝါသ၌ အပြစ်ကိုမြင်သဖြင့် မရကန္တာရ၏အနီး တောအုပ်ကြီးတစ်ခုသို့ဝင်၍ ရသေ့ပြုပြီးသော် စတုတ္ထကသိဏ်းဝန်းကိုမှီလျက် လောကီဖြစ်သော စျာန်သမာပတ်တို့ကို မပြတ်လေ့လာသည်။

ထိုစဉ် လှည်းကုန်သည် ၅၀၀ သည် သဲကန္တာရကို ဖြတ်ကူးရာ ခနစ်ရက်ပတ်လုံး မျက်စိလည်လမ်းမှား၍ ရိက္ခာပြတ်လပ်ကာ ပင်ပန်းကြီးစွာ ရောက်နေသည်ကိုမြင်သော် ငါ့အပါး၌ မပျက်ပြားစေသတည်းဟုကြံ၍ အဘိညာဉ်တန်ခိုးဖြင့် သောက်ချိုးမကုန်သော ဂင်္ဂါမြစ်ရေကို စီးစေ၍ အသီးအပွင့်နှင့် ပြည့်စုံသော တောအုပ်ကို ဖန်ဆင်းပေး၏။ ထိုအခါမှ ကုန်သည်တို့ အလိုဆန္ဒပြည့်ဝကာ လိုအပ်သောခရီးသို့ ချမ်းသာစွာ



www.burmeseclassic.com

www.burmeseclassic.com

အသီးသီးသွားနိုင်ကြသည်။

တစ်ခါလည်း ကေသဝရသေ့ဖြစ်စဉ် ဇော်မည်သော မြစ်ဘေးပဗ္ဘရာဝ်ရွာကိုမှီ၍နေစဉ် ရွာသူရွာသားတို့အား နို့သားတို့ လုယက်တိုက်ခိုက် ခေါ်ဆောင်သွားရာ ရွာသူရွာသားတို့ ငိုကြွေးသံကို ကြားရသဖြင့် မိမိသင်္ကန်းကိုဖျောက်၍ ဆင်မြင်းရဲမက်၊ လက်နက်ကိုင်ကာ ဗိုလ်ပါအရံနှင့်တကွသော မင်း၏သဏ္ဌာန်ကို ဖန်ဆင်း၍ ခိုးသားတို့အား ထွက်ပြေးစေသဖြင့် ရွာသူရွာသားတို့ ချမ်းသာခဲ့ရဖူးသည်။

တစ်ခါကလည်း မြစ်အတွင်းသို့ စားကြွင်းစားကျန် စွန့်ပစ်သည့် အမတ်မင်းချင်း ၅၀၀ အား ဂင်္ဂေယျနဂါးမင်း အမျက်ကြီးစွာထွက်၍ ကြီးစွာသောကိုယ်ကို ဖန်ဆင်းလျက် ပါးပျဉ်းဖြန့်ကာ ဖောင်ရှိရာသို့ ရှေ့ရှုလာသော် လူတို့ ထိတ်လန့်ကြသဖြင့် ကေသဝရသေ့သည် ဂဠုန်ဟန်ဖန်ဆင်းပြီးလျှင် နဂါးကြီးအားခြိမ်းခြောက်၍ ပြေးစေကာ လူတို့အား ဘေးကင်းအောင် ကယ်ခဲ့ဖူးသည်။ ထိုစဉ်က ဂေါတမဘုရားလောင်းသည် ကေသဝရသေ့၏ အန္တေဝါသိက တပည့်ဖြစ်သော ကပ္ပရသေ့ ဖြစ်လေသည်။

ယင်းသို့လျှင် ကြီးစွာသော ဇီဝိတဒါနကို အခါခါပြုခဲ့ရုံမက အနစ်တစ်သိန်းမျှလောက် ရသေ့ရဟန်းပြု၍ လောကီဈာန်သမာပတ်တို့ကို မပြတ်လေ့လာသဖြင့် ခန္ဓာကြွေလတ်သော် ဝေဟပ္ဖလ်ဘုံဟုခေါ်သော စတုတ္ထဈာန်ဘုံ၌ဖြစ်၏။

ထိုဘုံ၌ မဟာကပ် ၅၀ ပတ်လုံး ဖြဟ္မာတို့၏ချမ်းသာကို ခံစားခဲ့ပြီးနောက် စုတေခဲ့သော် ဇတိယဈာန်သုံး ဘုံတွင် ၆၄ ကမ္ဘာအသက်ရှည်သော သုဘကိဏှာဘုံ၌ဖြစ်၏။ ထိုမှ စုတေပြန်သော် ဒုတိယဈာန်သုံးဘုံတွင် ရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရာဘုံ ဖြစ်၏။ ထိုဘုံမှစုတေသော် ပထမဈာန် သုံးဘုံတွင် မဟာဗြဟ္မာဘုံ၌ဖြစ်၍ အသင်္ချေယျတစ်ကပ် ပတ်လုံး အသက်ရှည်၏။

ယင်းသို့ တစ်ဆင့်ထက်တစ်ဆင့် အသက်တိုသောဘုံ၌ ဖြစ်လာရသော်လည်း အထက်ထက်ဘုံမှ စုတေရသော နာမ်ရုပ်အစဉ်ကိုလည်း မမှတ်မိ။ ပဋိသန္ဓေကိုလည်းမထင်။ လက်ရှိဘဝအတိုင်းပင် တည်သည်ဟု မှတ်ရကား "ငါတို့၏ ဗြဟ္မာဇာတ်ကား မြဲသော၊ မြဲသော နိစ္စဓုဝချမ်းသာပင်တည်း။ ဤအဖြစ်ထက်လွန်၍ရှာရန် နိဗ္ဗာန်မည်သည်မရှိပြီ။ ဤဗြဟ္မာ့ကိုယ်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဆင်းရဲမရှိ။ အတိသုခဖြစ်သော နိဗ္ဗာန်ပင်တည်း"ဟု အယူရှိကြ၏။

တူတူပုန်းတမ်း

ထိုသို့ မြတ်ဗုဒ္ဓက ဗကဗြဟ္မာမေးတိုင်း ဖြေဆိုနိုင်လေသော် ဗကဗြဟ္မာသည် တစ်စုံတစ်ခုမေးမြန်းဖွယ် မမြင်သော ကြောင့် ကစားကျီစယ်ခြင်းကို ပြုလိုရကား "အချင်း··· ငါသည် ပုန်းအံ့ရှာကြည့်လော့"ဟု ဆိုရာ မြတ်ဗုဒ္ဓက "ဗကစွမ်းနိုင်လျှင်ပုန်းလော့"ဟု မိန့်တော်မူ၏။

ဗကဗြဟ္မာသည် ဘုရားသခင် မျက်မှောက်တော်မှ ပျောက်ကွယ်ရန် အားထုတ်ကြိုးပမ်းသော်လည်း မမြင်အောင် ပုန်းခြင်းငှာ မစွမ်းနိုင်ချေ။ တစ်ဖန် မြတ်ဗုဒ္ဓက "ငါပုန်းအံ့ သင်ရှာကြည့်လော့"ဟုဆိုလေလျှင် "စွမ်းနိုင်က ပုန်းလော့"ဟု ဆို၏။ ထိုအခါ မြတ်ဗုဒ္ဓက ဗကဗြဟ္မာနှင့်တကွ ဗြဟ္မာပရိသတ်၊ ဗြဟ္မာအခြံအရံတို့၏ မျက်မှောက်မှ ပျောက်ကွယ်ရန် တန်ခိုးဖြင့် ဖန်ဆင်းပြီး ပုန်းနေလျက်

"ဘဝေ ဝါဟံ ဘယံဒိသွာ ဘဝံစ ဝိဘဝေသိနံ၊
ဘဝံ နာဘိ ဝဒိံ ကိဉ္စိ နန္ဒိဉ္စ နဥပါဒိယိံ။
ဟူသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား ဘဝ၌ ငါသည် ဘေးမြင်သည်။ ဘဝအတွက် ငါသည် မတပ်မက်။ စွဲလမ်းချက် တစ်ကွက်မျှ မထားဟူ၍ ဖြစ်သည်။

ယင်းသို့ ဘုရားသခင်၏ ရွတ်ဆိုသော ဂါထာသံကြား၍ မြတ်ဗုဒ္ဓ၏ကိုယ်ကို မမြင်ကြရသော် ဗကဗြဟ္မာနှင့်တကွ ပရိသတ်အခြံအရွေတို့သည် အံ့သြချီးကျူးခြင်းကြီးစွာ ဖြစ်ကြ၏။ မြတ်ဗုဒ္ဓအား လောကသုံးပါးတွင် အတုမရှိ အလုံးစုံသော ဘုန်းပညာနှင့် ပြည့်စုံပါပေသည်ဟု ဆိုပြီးသော် မိစ္ဆာအယူကို ပယ်၍ သမ္မာအယူသို့ပြောင်းလဲလျက် မြတ်ဗုဒ္ဓ၏ တရားတော်လာအတိုင်း လိုက်နာကျင့်ကြံပါတော့မည်ဟု ဝန်ခံသောကြောင့် မြတ်ဗုဒ္ဓလည်း သစ္စာလေးပါးကိုပြ၍ ပြန်လည်ကြွသွားတော်မူလေသည်။

ဗကဗြဟ္မာအား ချွတ်တော်မူခြင်းကား မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး အနက် တစ်ပါးဖြစ်ပါသည်။

နိဗ္ဗာန်သည် ဘဝမဟုတ်။ ဘဝမရှိခြင်းသာ နိဗ္ဗာန်ဖြစ်၏။ မြတ်ဗုဒ္ဓနှင့် ရဟန္တာတို့သည် ဘဝဟူသမျှဘေးဟု မြင်တော်မူကြ၏။ ဘဝအပေါ်တွင် တွယ်တာတပ်မက်မှုကင်းကြ၏။ ဘဝများကို စွဲလမ်းချက် တစ်ကွက်မျှမထားကြ။ ဝိဘဝတဏှာမှ ကင်းဆိတ်ကြ၏။

နတ်ထီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

# ကုသိုလ်ပြု လှူဒါန်းရန် မိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနှစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဂွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နန်းဒေဝီသခင်မ

■ ကျော်မင်းနိုင်

မြန်မာနိုင်ငံ၏မြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းဒေသသည် တောင်တန်းကြီးများ၊ တောနက်ကြီးများဖြင့် စိမ်းစိမ်းစိုစို ညို့ညို့မှိုင်းမှိုင်း။

ပတ်ဝန်းကျင် ကြည့်လေရာမြင်ကွင်းမှာ တောင်မြင့်ကြီးတွေ မိုးယံသို့တိုင် ထိုးထွက်အုပ်မိုးထား၏။ တောင်မြင့်ကြီးတွေအကြား မြေပြန့်လွင်ပြင်၌ စိုက်ခင်းကြီးအချို့ ရှိနေပြီး၊ ထိုစိုက်ခင်းကြီးတွေအစပ် တောင်ဆင်ခြေလျှောတွင် ရွာကလေးတစ်ရွာကို မြင်ကြရမည်ဖြစ်သည်။

ရွာကလေး၏ အမည်မှာ "ကုန်းကြမ်းရွာ"။

နာမည်နှင့်လည်း 'လိုက်လျောညီထွေ ရှိလှပါပေသည်။ တောင်ကုန်း ဆင်ခြေလျှောတွင် တည်ထားပြီး စရိုက်ကြမ်း၊ လူကြမ်းများနှင့် သဘာဝ၏ကြမ်းတမ်းမှုကို အန်တုဖက်ပြိုင်ကာ အသက်ရှင်ရပ်တည်နေကြရသူများ ဖြစ်၏။

သူတို့ဒေသကို သက်ဦးစံပိုင်ဘုရင်များ အုပ်ချုပ်ခဲ့သည်ကို မသိသလို၊ ယခုလိုအချိန်တွင် အင်္ဂလိပ်မင်း၏ ကိုလိုနီကွန်မြူနစ်အုပ်ချုပ်ထားရာ ပိုင်နက်အတွင်း ကျရောက်နေသည်ကိုလည်း မသိ။

သူတို့သိတာက လူမျိုးအုပ်စုကြီးအကဲ ရွာလူကြီးနှင့် ကုန်းကြမ်းရွာ၏ အရှေ့ဖျား တောင်ခြေရင်းတွင် သီးခြားခွဲပြီးနေသော "နန်းဒေဝီသခင်မ"ပင် ဖြစ်၏။

ရွာလူကြီး၏အမည်မှာ ဦးကြာမုံ။

ဦးကြာမုံသည် စိတ်ကြမ်း၊ လူကြမ်း။ ရွာသားအချို့လို စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းမပြု။ သူ၏မျိုးနွယ်အလုပ်ဖြစ်သော မုဆိုးအလုပ်နှင့် အသက်မွေးသည်။ ဆွေမျိုးအင်အား အသင့်အတင့်ရှိသည်။

တစ်ချိန်က ဤဒေသတစ်ဝိုက်တွင် မင်းမူသောင်းကျန်းလာသော ကိုးတောင်ကျားတစ်ကောင်ကို တစ်ဦးတည်း နှိမ်နင်းသတ်ဖြတ်နိုင်ရာက နာမည်ကြီးလာသည်။

ဦးကြာမုံ သတ်ဖြတ်ခဲ့သော ကျားသည် နှယ်နှယ်ရရ မဟုတ်။ ထိုဒေသ၊ ထိုပတ်ဝန်းကျင်မှ တောလိုက်မုဆိုး သုံးယောက်ကို စားသောက်မျိုဖြတ်ပြီးသား ဖြစ်၏။ တောတောင်အတွင်း ပျားဖွပ်၊ အင်တွဲရှာ ရွာသူရွာသား ငါးယောက်ခန့်ကိုလည်း ပွဲတော်တည်ပြီးသား။

ရှေးရိုးဓလေ့ အစွဲကြီးသော ဒေသဖြစ်၍ ကိုးတောင်ရှိသော ကျားဆိုးကြီးကို 'နတ်ကျား'အဖြစ် ယူဆကြောက်ရွံ့နေကြရာမှ မုဆိုးကြီး ဦးကြာမုံ အသက် ၂၅ နှစ်သားအရွယ်မှာ သတ်ဖြတ်နှိမ်နင်း နိုင်ခဲ့ခြင်းပင်။ ထိုနယ်တစ်ဝိုက်တွင် ကျားကိုသတ်နိုင်သူမှာ သူရဲကောင်းဖြစ်၏။

အရွယ်ကောင်း မုဆိုးကြီးကြာမုံ နာမည်ကြီးသွားသည်။ ထိုဒေသတွင် ထင်ပေါ်သည်ထက် ထင်ပေါ်သွားသည်။ သူ့အဖေ ရွာသူကြီး သေဆုံးသွားသောအခါ ရွာလူကြီးဖြစ်လာသည်။

စီးပွားဥစ္စာအားဖြင့် နွားနောက်အကောင် ၅၀ ခန့်ပိုင်ဆိုင်သည်။ သူတို့ဒေသ၏ထုံးစံအတိုင်း မယားခုနစ်ယောက် ယူထားသည်။ ရွှေတွင်းကိုတွေ့သော်လည်း ရွှေကိုဝတ်ရကောင်းမှန်းမသိ။

ကျောက်စိမ်းလက်ကောက်၊ ကျောက်စိမ်းပုတီးများကိုမူ ပက်ပက်စက်စက် ဝတ်ဆင်ထားတတ်ကြသည်။ မယားခုနစ်ယောက်တွင် ပထမဆုံးမယားကြီးကမွေးသော ကြာယုံဆိုသော သားကြီးကို အချစ်ဆုံး။ သားကြီး ကြာယုံသည် အသက် ၁၇ နှစ်ရှိပြီ။ နောင်တစ်ချိန်သူ၏ ရွာလူကြီးအရိုက်အရာကို ဆက်ခံရမည့်သူဟု ဖခင်ဦးကြာမုံက မျှော်မှန်းထားသည်။

ကုန်းကြမ်းရွာ၏ ဓလေ့ထုံးစံအရ ဘုရားမသိ၊ တရားမသိဖြစ်ကြသော်လည်း ရွာအရှေ့ဖျား တောင်ခြေရင်း၌ တစ်ထီးတစ်နန်း တောင်ကုန်းအထက် စံအိမ်ကြီးတွင် စံမြန်းနေသော နန်းဒေဝီသခင်မ၏ အမိန့်သြဇာကို မပယ်ရှား ဝံ့ကြခြင်းပင်။

ထိုမှလွဲ၍ တစ်ယူသန်ဆန်တတ်



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ နေရာတကာ အယူသီး တတ်ကြသည်။ တစ်ခုခုဖြစ်လျှင် အပြု စားခံရသည်။ နတ်ဆရာ၊ မှော်ဆရာ တစ်ယောက်ယောက် ပညာနှင့်လုပ် သည်။ တစ္ဆေသရဲဖမ်းစားသည်ဟု အယူရှိကြသည်။

ယုတ်စွအဆုံး သာမန်ဖျားတာ၊ နာတာ၊ ဗိုက်အောင့်တာလောက်ပင် စုန်းကဝေတို့ အနှောင့်ပယောဂဟု အယူရှိကြသည်။

ဆေးဝါးသောက်ရကောင်းမှန်း မသိ။ သင့်တင့်လျော်ကန်သော ဆေး ဝါးတိုက်ကျွေးမည့် ဆေးဆရာလည်း ထိုရွာမှာ မနေနိုင်။ သူတို့ရွာသူ၊ ရွာ သားတွေ တလွဲအားကိုးနေကြသည်။

သူတို့အားထားကြသည်က နန်း ဒေဝီသခင်မပင် ဖြစ်၏။

နန်းဒေဝီသခင်မကို ရွာလူကြီး ဦးကြာမုံတို့ အဘိုး၊ အဘွားတွေလက် ထက်ကတည်းက ကိုးကွယ်အားထား ကြသည်မှာ အစဉ်အဆက်ဖြစ်၏။

ထိုနန်းဒေဝီသခင်မ၏ အသက် ကို မည်သူမျှ မခန့်မှန်းနိုင်။

အသက်ရာကျော်လည်း ဖြစ်နိုင် သည်။ ၁၈ နှစ်၊ ၁၇ နှစ်လည်း ဖြစ် နိုင်သည်။ နန်းဒေဝီသခင်မသည် အ သွင်အမျိုးမျိုးနှင့် ရုပ်ဆင်းသဏ္ဌာန်ကို ပြနိုင်စွမ်းသည်။

သူတို့ ယုံကြည်ထားကြသည်မှာ နန်းဒေဝီသခင်မသည် ဘယ်တော့မှ မသေဘဲ သူတို့ကုန်းကြမ်းရွာကြီးအား ကာကွယ်စောင့်ရှောက်ထားသည်ဟူ၍ ပင် ...။

* * *

တစ်ခုသော ညနေခင်းအချိန် နေကွယ်သွားပြီဖြစ်၍ ကုန်းကြမ်းရွာ ကြီးသည် ဝိုင်းပတ်နေသော တောင် ထွတ်ကြားတွင် အမှောင်ရိပ်က အလျှင် စလို စိုးမိုးထားခြင်း ခံလိုက်ရသည်။

ရွာလူကြီးဦးကြာမုံ သူ့မယား ခုနစ်ယောက်နှင့် ကျိစယ်ကလူနေစဉ် ရုတ်တရက် ဦးခေါင်းဝေဒနာ ခံစား လာရကာ ခေါင်းတစ်ခုလုံး ထိုးကိုက်၍ လာတော့သည်။ ဝေဒနာကိုခံစားနေ ရစဉ် အတောအတွင်းမှာပင် သူတို့ ယုံကြည်အားကိုးရာ နန်းဒေဝီသခင်မ ကို သတိရလိုက်သည်။

ထို့ကြောင့် သူ၏အားကိုးအား ထားပြုရသော သားအကြီးကောင် ကြာယုံကို ခေါ်လိုက်၏။

"ကြာယုံ ... အဖေ့ခေါင်းတွေ ရုတ်တရက် မခံသာအောင် ကိုက်နေ တယ်။ အဲဒါ နန်းဒေဝီသခင်မဆီသွား ပြီး အသိပေး လျှောက်တင်ပေးစမ်းပါ။ သခင်မက သူ့စံနန်းက နတ်ဘုရား တွေရှေ့မှာ မန်းမှုတ်ပေးရင်လည်း ခံ ယူခဲ့။ ဆေးမြစ်၊ ဆေးဝါးတစ်ခုခုပေး ရင်လည်း ယူခဲ့ကွာ"

"နေဝင်နေပြီ အဖေရဲ့။ မနက် စောစောသွားရင် မဖြစ်ဘူးလား"

"ငါ့ခေါင်းက မခံမရပ်နိုင်အောင် ကိုက်နေတာကွ။ မနက်ထိအောင်ဆို ရင် ငါသေမှာပဲ။ ငါ့ကို စုန်း၊ တစ္ဆေ တစ်ကောင်ကောင် ဖမ်းစားလိုက် သလား မသိဘူး။ နန်းဒေဝီသခင်မမှ သိမှာပဲ"

"ဟုတ်ကဲ့ အဖေ၊ ဒါပေမယ့် နန်းဒေဝီသခင်မက သူ့ဆီကို ဖူးတွေ့ ချင်လို့သွားရင် အပေါင်းအပါမပါ၊ တစ် ယောက်တည်း လာရမယ်လို့ အမိန့် ထုတ်ထားတယ် မဟုတ်လား"

"အေးလေကွာ၊ ဒီအမိန့်က ငါ တို့ငယ်ငယ်တုန်းကတည်းက ထုတ် ထားတဲ့အမိန့်ပဲ။ နှေကြီးရက်ကြီး သူ့ အပူဇော်ခံရမယ့် အခါဆိုရင်တော့ သူ့ စံနန်းကနေ စံနန်းရှေ့ရင်ပြင်ထွက်ပြီး ရွာသူရွာသားတွေရဲ့ အပူဇော်ခံလေ့ရှိ တာပဲဟာ။ ခုကိစ္စကငါ့ရဲ့ ကိုယ်ရေး ကိုယ်တာကိစ္စမို့လို့ မင်းကိုလွှတ်ရတာ ပေါ့"

"ကျွန်တော်က တစ်ခါမှ နန်းဒေ ဝီသခင်မဆီကို မသွားဖူးတော့ အဖော် တစ်ယောက်လောက် ခေါ်သွားချင် တယ်"

"ကိုယ်ရေးကိုယ်တာ ကိစ္စ အတွက် တခြားအဖော်ခေါ်လာတာမျိုး နန်းဒေဝီသခင်မက မကြိုက်ဘူးလေ သားရဲ့။ ဒါကြောင့် သတ္တိရှိပြီး အား ကိုးအားထားပြုရလောက်တဲ့ သားကြီး ကို အဖေရွေးပြီး လွှတ်ရတာပေါ့ သား ရယ်။ ဒီလိုလုပ်ကွာ၊ သားအတွက် သတ္တိတွေတိုးပြီး ရဲဆေးတွေတင်ပေး မယ့် အဖေ့ရဲ့အဆောင် ခေါင်းဆောင်း 'ကျားစွယ်သရဖူ'ကို ဆောင်းသွားပေါ့ ကွယ်"

ရွာလူကြီး ဦးကြာမုံက ပြောရင်း ခေါင်းရင်းစင်ပေါ်မှာ တင်ထားသည့် သူ၏ အဆောင်အယောင် ကျားစွယ် သရဖူကို ယူ၍ပေးသည်။

သားဖြစ်သူ ကြာယုံက ရိုသေ စွာလှမ်းယူပြီး သူ့ခေါင်းမှာဆောင်း လိုက်သည်။

ဒီကျားစွယ်သရဖူကို ယူဆောင် ချင်နေတာ ကြာပြီ။ ဖခင်ဆီက အခွင့်ပြု

www.burmeseclassic.com

ချက်မရသေး၍သာ ယူမဆောင်းဘဲ နေရခြင်းဖြစ်သည်။

ကျားစွယ်သရဖူကို သူတို့နယ်မှာ တော်ရုံတန်ရုံလူ မဆောင်းနိုင်။ ကျားစွယ်သရဖူသည် သတ္တိရှိခြင်းအမှတ်အသား။ ရဲရင့်ခြင်း သင်္ကေတ။ တော်ရုံလူမဆောင်းနိုင်။ သာမန်နေရာများတွင်လည်း ဆောင်း၍မရ။ ဆောင်းခွင့်မပြု။

အခမ်းအနားကြီးတွေနှင့် အရေးအကြောင်းရှိပါမှ ဆောင်းနိုင်သည်။

သို့သော် ကျားကို ကိုယ်တိုင်မသတ်ဖူးဘဲ ဆောင်းလို့မရ။ ကိုယ်တိုင် ကျားနှင့်ရင်ဆိုင်သတ်မှ ဆောင်းနိုင်သည်။ ကျားစွယ်သရဖူ ဆောင်းရသူမှာ ခေါင်းဆောင်အကြီးအကဲဆောင်း ကျားစွယ်သရဖူနှင့် ရိုးရိုးသာမန်သတ္တိရှင် သူရဲကောင်းဆောင်းသော ခေါင်းဆောင်း နှစ်မျိုးခွဲခြားထားပါသေးသည်။

နယ်ပိုင်ရွာလူကြီးက သူသတ်ခဲ့သော ကျား၏ဦးခေါင်းကို အရိုးထုတ်၍ ဦးခေါင်းလိုက်မပျက် ရိုးရာဆေးစိမ်ပြီး အခြောက်ခံကာ ဆောင်းလေ့ရှိသည်။ နယ်ပိုင်ရွာလူကြီးထက် နိမ့်သော သူ့ရဲကောင်းတွေကမူ ကျားသက်မှ အရိုးထုတ်၊ ကျားအရေခွံခေါင်းပတ်ပတ်ရသည်။

ထိုကျားလက်ရေခွံ ခေါင်းပတ်၏ ရှေ့တစ်ဖက်တစ်ချက်တွင် သူသတ်ခဲ့သော ကျား၏အစွယ်ကို တပ်ဆင်ကာ ဆောင်းတတ်ကြသည်။ ယနေ့အထိ နာမည်ကျော်ကြား ကုန်းကြမ်းရွာ အကျော် တစ်နယ်လုံးတွင် ကုန်းကြမ်းရွာလူကြီး ဦးကြာမုံဆောင်းလေ့ရှိသော ကျားစွယ်သရဖူမှ ကျားစွယ်လောက်ကြီးသည့် အစွယ်မပေါ်သေး၍ ကုန်းကြမ်းလူကြီး ဦးကြာမုံ ထိုနယ်တစ်ဝိုက်မှ အခြားရွာသူကြီးများကပင် လေးစားရိုသေသမှု ပြုကြရသည်။

ရွာတစ်ရွာတွင် သူရဲကောင်း ဘယ်နှယောက်ရှိသည်ကို ကျားလက်ဖျံရေခွံ ကျားစွယ်ခေါင်းပတ် ဘယ်နှဦးရှမရှိနှင့် တိုင်းတာပြသည်။ ထိုအထဲမှာ ကျားခေါင်းသရဖူ ဆောင်းထားသော ဦးကြာမုံက အချုပ်။

သို့သော် ထိုနယ်တစ်ဝိုက်တွင် တန်ခိုးထွားသော နန်းဒေဝီသခင်မ၏ ဩဇာအာဏာကိုမူ မကျော်လွှားနိုင်။

အစစအရာရာ နန်းဒေဝီသခင်မ၏ ဩဇာအာဏာက သက်ရောက်လွှမ်းမိုးထားနိုင်သည်။ ဖယ်ရှားတွန်းလှန်ခြင်းငှာ မစွမ်းကြ။ ဖယ်ရှားတွန်းလှန်ရန်လည်း မည်သူမျှ မတွေးရဲကြ။ နန်းဒေဝီသခင်မကိုသာ ယုံစားအားထားကြသည်။

ရွာလူကြီးဦးကြာယုံ သားကိုခေါ် ပြောရင်းက ခေါင်းကိုက်ဝေဒနာ စူးစူးနင့်နင့် ခံစားလိုက်ရ၍ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ် နှိပ်လိုက်လေသဖြင့် သူ့အနီးမှ မယားတွေက ဦးကြာယုံ၏ဦးခေါင်းကို ဝိုင်းဝန်း နှိပ်သူနှိပ်၊ ခြေထောက်ကို နှိပ်သူနှိပ်နှင့် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကုန်ကြသည်။

ထိုအဖြစ်ကိုကြည့်ပြီး သားဖြစ်သူ ကြာယုံ ဆိုင်းငံ့၍ မနေနိုင်တော့။

သူ့အဖေရွာလူကြီး စံမြန်းရာတဲနန်းကြီးမှ သူ့လက်စွဲ လုံတံကို ဆွဲ၍ အမြန်ထွက်လာခဲ့သည်။

တဲနန်းအပြင်မှာ မှောင်နေလေပြီ။

* * *

ကြာယုံသည် ဖခင်ကြီးဦးကြာမုံ၏ သွေးပါသူဖြစ်၍ ဘာကိုမျှကြောက်ရွံ့တတ်သူ မဟုတ်။ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် အားလုံးကိုရင်ဆိုင်ရဲသူ။ သူတို့ရွာ ကုန်းကြမ်းတစ်ဝိုက်တွင် ဘယ်လိုလူမျိုးနှင့်မဆို ရင်ဆိုင်တိုက်ခိုက်နိုင်ဝံ့သည်။

ထိုခေတ်ထိုအခါ ဤဒေသမှာ နိုင်ရာစား၊ ရဲသူမင်းမူ ဓလေ့လွှမ်းမိုးထားသည်။ လူကြီးလူငယ် သိပ်ရွေးနေခြင်းမရှိ။ လူမျိုးနွယ်တစ်ခုကို ကြီးစိုးအုပ်ချုပ်ထားသော လူကြီးကို အခွင့်သင့်လျှင် စိန်ခေါ်တိုက်ခိုက်နိုင်သည်။ အနိုင်ရသူသည် ရှုံးသွားသော မျိုးနွယ်စု၏ အကြီးအကဲနေရာကို ဆက်ခံအုပ်ချုပ်သည်။

ကြာယုံသည် သူ့ဖခင် ဦးကြာမုံကိုသာ စိန်ခေါ်တိုက်ခိုက်ခြင်း မပြုခဲ့ပေမယ့် တခြားရွာမှ ရွာသူကြီးများကို စိန်ခေါ်တိုက်ခိုက် အနိုင်ယူထားသူဖြစ်၏။ သူနှင့် ရွယ်တူတန်းတူ နောက်တက်လူတွေပင် ကြာယုံကို ကြောက်ကြသည်။ ယှဉ်ပြိုင်တိုက်ခိုက်မည့်သူမရှိ ဖြစ်နေသည်။ ကြာယုံသည် သူ့အဖေဦး ကြာမုံကဲ့သို့ ၁၇ နှစ်သားအရွယ်မှာပင် ကျားတစ်ကောင်ကို သတ်ဖြတ်နှိမ်နင်းခဲ့ဖူးသည်။ တစ်ကိုယ်တော် ရင်ဆိုင်သတ်ဖြတ်ခဲ့သော်လည်း သူ့အဖေကဲ့သို့ ကိုးတောင်ကျားမဟုတ်၍ သူ့အဖေ၏စံချိန်ကို မကျော်လွှားနိုင်ခဲ့။ ထိုဒေသမှ သူရဲကောင်း



www.burmeseclassic.com

www.burmeseclassic.com

များနည်းတူ ကျားလက်ဖျံရိုး အရေခွံကို ခေါင်းပတ်၍ ကျားစွယ်ထိုး ခေါင်းဆောင်း ဆောင်းထားနိုင်သည်။

သူတို့နယ်တစ်ဝိုက်မှာမူ ကြာယုံသည် ရဲစွမ်းသတ္တိအရာ၌ ကျော်ကြားသူဖြစ်၏။ မှတ်ကျောက်အတင်ခံထားပြီးဖြစ်၏။

ကြာယုံရွာအလယ်ပိုင်း သူ့အဖေရွာလူကြီး စံနန်းတဲအိမ်မှနေ၍ ရွာအနောက်ဘက် တောင်တန်းဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့သည်။

ရွာအနောက်ဘက်တွင် တောင်တန်းမြင့်ကြီးတွေရှိသည်။

ထိုတောင်တန်းမြင့်ကြီးတွေ ကြားမှာ နာမည်ကြီး ဟူးကောင်းတောင်ကြားလမ်းရှိသည်။ ထိုတောင်ကြားလမ်းမှ သူ့ဘေးဘိုးတွေ ဤတောင်ကြားလွင်ပြင်သို့ ဝင်ရောက်လာခဲ့ကြသည်ဟူ၍ သူ့အဖေ၊ သူ့ဘေးဘိုးတွေ ပြောစကားအရ သူသိထားခဲ့သည်။

တောင်ကြားလမ်းသို့ သူရောက်လာသည်။ တောင်ကြားလေသည် အေးစိမ့်စိမ့်ရှိသည်။

အမှန်တော့ သူတို့ဒေသမှာ ဟူးကောင်းချိုင့်ဝှမ်းဒေသဖြစ်၏။ ဘေးပတ်ဝန်းကျင်မှာ တောင်တန်းကြီးတွေ ပတ်လည်ဝိုင်းထားသည်။ 'ပန်သာ' တောင် တန်းနှင့် 'လျှော်တန်' တောင်တန်းကြီးတွေ ဝိုင်းပတ်ထားသည်။ စိမ့်မြေ၊ လျှိုမြောင်ချိုင့်ဝှမ်း အရပ်ဖြစ်၍ အလိုလိုနေရင်း အေးစိမ့်နေ၏။

ချိုင့်ဝှမ်းနေရာတွင် စူးထိုးတောင်ယာ စိုက်ပျိုးကြပြီး မြင့်တက်သွားသော တောင်တန်းနှင့် တောထဲတွင် အမဲလိုက်ကြသည်။

ရွာနှင့်အတော် ဝေးကွာလှမ်းသော တောင်ထွတ်ပေါ်တွင် နန်းဒေဝီသခင်မ၏ စံနန်းတော်ရှိသည်။

နန်းဒေဝီသခင်မစံနန်းသည် သူတို့ကုန်းကြမ်းရွာ၌ သီးခြားတည်နေသလို အခြားသော 'ပလောင်လန်ဘွယ်'၊ 'ပကော'၊ 'ကောင်းတင်'ရွာများနှင့် သီးခြားရှိနေလေသည်။

ယင်းကြောင့် နန်းဒေဝီသခင်မစံနန်းသည် ကုန်းကြမ်းရွာပိုင်နက်တွင် ရှိနေသည်ဟု ပြော၍မရသလို၊ အခြားသော ရွာပိုင်နက်နှင့် ကင်းလွတ်နေ၏။ သီးခြားရှိနေ၏။

သို့သော် နန်းဒေဝီသခင်မအား ကိုးကွယ်အားထားကြသူများမှာ ဤဒေသတစ်ကြောလုံးလုံးပင်။ နှစ်စဉ်နှစ်တိုင်း ကောက်သစ်စားချိန်၌ ရွာတွေအားလုံး တညီတညွတ်နှင့် ရွာသူရွာသားတွေ စုံစုံညီညီ နန်းဒေဝီသခင်မ ပူဇော်ပွဲကျင်းပ ပြုလုပ်လေ့ရှိကြသည်။

သည်တော့ နန်းဒေဝီသခင်မသည် ကြာယုံတို့ ကုန်းကြမ်းရွာကြီး တစ်ရွာနှင့်သာဆိုင်သည် မဟုတ်ဘဲ အနီးအနားရွာကြီးတွေနှင့်ပါ ဆိုင်နေသည်။ စပ်ဆက်လျက်ရှိနေသည်။ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်တစ်ဝှမ်း လွှမ်းမိုးကြီးစိုးထားသည်ဆိုက မမှား။

ထိုအချိန် ထိုဒေသမှာ နန်းဒေဝီသခင်မသာလျှင် အခရာ။

ဘာလေးဖြစ်ဖြစ် နန်းဒေဝီသခင်မကိုသာ အားကိုးအားထား ပြုကြသည်။ တစ်ဒေသနှင့် တစ်ဒေသ စစ်မက်ဖက်ပြိုင် တိုက်ခိုက်ကြမည်ဆိုလျှင်လည်း နန်းဒေဝီသခင်မ၏ အဆုံးအဖြတ်ကပင် အဓိကဖြစ်နေပြန်သည်။

ယခုလည်းကြည့်။

နန်းဒေဝီသခင်မ၏ အပြင်နတ်ကွန်းတွင် ကျားလက်ဖျံရေ ကျားစွယ်ထိုးခေါင်းပတ်နှင့် သူ့ရဲကောင်းသုံးယောက် လျှို့ဝှက်ရောက်ရှိနေသည်။

အပြင်နတ်ကွန်းဆိုတာက နန်းဒေဝီသခင်မနှင့် တိုက်ရိုက်တွေ့ဆုံရခြင်း မဟုတ်ဘဲ၊ မိမိတို့စစ်ရေးစစ်ရာကိစ္စအတွက် ဆုတောင်းဆုယူလုပ်ရာ နတ်ကွန်းဖြစ်၏။

နန်းဒေဝီစံနန်းသို့ တက်သွားရာ တောင်ခြေလေ့ကားထစ်တွင် ရှေး ခေတ်လက်ရာဖြင့် တည်ဆောက်ထား သော နတ်ကွန်ဖြစ်၏။ နတ်ကွန်း အတွင်းမှ ရုပ်တုမှာ နန်းဒေဝီသခင်မ သည် မာန်ဖီနေသော ကိုးတောင် ကျားကြီးကို စီးထားလေသည်။

ကျားကြီးက ကြောက်စရာ ကောင်းသလောက် နန်းဒေဝီသခင်မ က တင့်တယ်ချောမော ပြေပြစ်အဆုံး အဆစ်ကျနကာ အလှကြီးလှနေသော သည်။ နတ်မိမယ်တစ်ပါး အလှသွေး တွေကြွယ်ချင်တိုင်းကြွယ်လျက် ကိုယ် ထင်ပြနေသည့်နှယ်မခြား။ အသက်ဝင် လွန်းလှသည်။

နတ်ကွန်းရှေ့ ကျောက်သား ယဖ်ပလ္လင်ပေါ်တွင် ကြွပ်ရှနေသော ဝက်ပေါက်တစ်ကောင် တစ်ကိုယ် ကင်ကာ ဆက်ထား၏။ ကျောက် ယဖ်ပလ္လင် တစ်ဖက်တစ်ချက် ကျွန်းသားယဖ်တိုင်တစ်တိုင်စီ စိုက် ထား၏။ တိုင်ထိပ်၌ ဘီလူး သရဲသဘက်လိုလို ခေါင်းပြတ်ကြီး ခုစီ ထွင်းထုထားသည်။

ဝက်ပေါက်ကင်၏ရှေ့မှာ ချောင်းထောင်ထား၏။ လုံ ထောင်ထားရာမှာလည်း နှစ်မျိုး ရန်လုံထောင်ခြင်းနှင့် အေးလုံ

www.burmeseclassic.com

ခြင်း။ ရန်လုံထောင်ခြင်းက စစ်မက်ရေးရာ တိုက်ခိုက်ခြင်းမျိုး။ လုံသွားကိုမိုးပေါ်ထောင်ထားသည်။ ပစ်လွှတ်ထိုးသတ်တော့မည့်အသွင်။

အေးလုံထောင်ခြင်းက လုံသွားကို မြေပြင်၌ စိုက်ချထားသည်။ ရန်အန္တရာယ်မပြု။ မရှိတော့သည့်အသွင်မျိုး။ ယခု ထိုသုံးယောက်က လုံသွားမိုးပေါ်ထောင်ထားကြသည်။ ယှဉ်ပြိုင်တိုက်ခိုက် ရန်လိုသည့်သဘော။

သူတို့သုံးယောက်မှာ ရွာသုံးရွာကို ကိုယ်စားပြုထားသည့် ကျားလက်ဖျံ့အရေခွံခေါင်းဆောင်း သူရဲကောင်းများဖြစ်ကြသည်။

ဦးကြာမုံ၏ ကုန်းကြမ်းရွာကြီးနှင့်အပြိုင် လူဦးရေများပြားသော ပလောင်ဆွယ်ရွာ၊ ပကောရွာ၊ ကောင်းတင် ရွာသုံးရွာမှ တက်လူ ကျားလက်ဖျံ့ရေခေါင်းဆောင်း သူရဲကောင်းလူငယ်သုံးယောက်။

သူတို့သုံးယောက်ထဲမှာ အတက်ကြွဆုံး ကောင်းတင်သူရဲကောင်းက သူတို့၏လျှို့ဝှက်ကိစ္စကို စတင်၍ပြောသည်။

"ငါတို့ရွာ နတ်ဆရာကြီးရဲ့အလိုအရ အချိန်အခါကျတဲ့အချိန်မှာ နန်းဒေဝီသခင်မကို ပူဇော်ပသအမိဋ္ဌာန်ပြီး ဦးကြာမုံကို လုပ်ကြံဖို့ ကုန်းကြမ်းကို အခု လျှပ်တစ်ပြက်ဝင်ကြရမယ်"

သူတို့မျက်နှာတွေမှာ လောဘဇောတွေကြောင့် ခက်ထန်မာကျောနေသလို နန်းဒေဝီသခင်မရုပ်တုက ပြုံးနေသယောင်။ သူတို့ဆက်ကပ် ထွန်းညှိထားသော ဖယောင်းတိုင်မီးရောင်ကြောင့် မြင်နေရသည်။

"ဟုတ်တယ်ကွ။ လျှို့ဝှက်ကိစ္စဆိုတာ မြန်မြန်ဆန်ဆန် လျှပ်တစ်ပြက် အကောင်အထည်ဖော်နိုင်လေကောင်းလေလေပဲ။ ဒီညပဲ ရုတ်တရက်ကုန်းကြမ်းကိုဝင်စီးပြီး ဒီနယ်တစ်ဝိုက်မှာ တွင်ကျယ်နေတဲ့ ဦးကြာမုံကိုသတ်ပြီး သူ့မယားတွေ၊ သူ့စည်းစိမ်တွေကို အပိုင်သိမ်းရမယ်"

ပကောသူရဲကောင်း၏ စကားကို ပလောင်ဘွမ်သူရဲကောင်းက တွေးတွေးဆဆ ဝင်၍ပြောသည်။

"မင်းက ဦးကြာမုံတစ်ယောက်တည်းကိုချည်း တွက်ပြီး ပြောနေတာကိုး။ သူ့သား ကြာယုံဆိုတဲ့ကောင် ရှိသေးတယ်။ ကြာယုံဆိုတဲ့ကောင်လေးဟာ ငယ်သာငယ်တာနော်။ သူ့အဖေဦးကြာမုံလိုပဲ အဆိပ်ရှိတယ်။ လူသာငယ်ပေမယ့် မြွေပွေးလို ပိုပြီးအဆိပ်ပြင်းမယ့် ကောင်လေးကွ"

"ဒီအတွက် ဘာမှမပူပါနဲ့။ မင်းတို့နှစ်ယောက် ဦးကြာမုံရဲ့တဲနန်းကိုသွားတဲ့အချိန်မှာ သူ့သားကြာယုံရဲ့တဲကို ငါအရောက်သွားပြီး ကြာယုံကိုသတ်ပြီးသားအချိန် ဖြစ်နေရမှာပေါ့"

ပကောက ကောင်းတင်နှင့် ပယောင်ဘွမ်တို့ကို ကျိန်းသေဒက်ထိ သူ့အစီအစဉ်ကို အကွက်ကျကျ ပြောလိုက်သည်။

"ဝေါ . . . ဝရော . . . ဒေါက်"

ထိုစဉ် ငလျှင်မလှုပ်၊ တဲနန်းမယိုင်ဘဲ သူတို့ဆောင်ထားသော လုံတံသုံးချောင်းစလုံး ထောင်ထားရာက နေ လဲကျသွားလေ၏။

ရှေ့စဉ်နောက်ဆက် သူတို့သုံးယောက် ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်သုံးတိုင်မှာ မုန်တိုင်းမလာ၊ လေပြင်းမတိုက်ဘဲ ဟုတ်ခနဲ ဟုတ်ခနဲ ဟုတ်ခနဲ သုံးတိုင်စလုံး တစ်တိုင်ချင်း စီကာစဉ်ကာ ရုတ်တရက် ငြိမ်းလျက် မှောင်ကျသွားလေ၏။

သူတို့ သုံးယောက်သားအတွက် ထိုအဖြစ်ကား မယုံကြည်နိုင်စရာ၊ အံ့ဩစရာအဖြစ်။ မကောင်းသော အတိတ်နိမိတ်။

ထောင်ထားသော လုံတံများလဲကျလျှင် . . .

ပူဇော်ပသထားသော ဆီမီး ဖယောင်းတိုင် ရုတ်တရက်ငြိမ်းသွားလျှင် . . .

* * *

"တို့ရဲ့ တိုက်ပွဲဝင်လုံတွေ လဲကျပြီး အမိဋ္ဌာန်ဖယောင်းတိုင် ငြိမ်းသွားတာဟာ တို့အကြံအစည် မအောင်မြင်တော့မယ့် နိမိတ်ပဲ"

"ဗိုး . . ."

"ဒုတ် . . ."

"အား . . ."

လုံသွားက ပကော၏ရန်ညွန့်ကို ထုတ်ချင်းခတ် အရှိန်ပြင်းစွာ စူးဝင်သွားသလို ပကောနေရာမှာတင် ခွေလဲကျသွား၏။

မှောင်ထဲတွင် ရန်သူရောက်လာပြီကို ကောင်းတင်ကော ပလောင်တို့ပါ သိလိုက်သဖြင့် ကျောက်သား ယဖ်ပလ္လင်ရှေ့မှာ လဲကျသွားသော လုံတံများကို အမှောင်ထဲမှာပင် စမ်း၍ ကောက်ယူလိုက်ကြသည်။

"လုံတွေတွေ လဲကျသွားကတည်းက တို့အစီအစဉ် မအောင်မြင်ဘူးဆိုတဲ့ နိမိတ်လို့ ထင်လိုက်သား"

သူတို့နှစ်ယောက် ကောက်ယူနေချိန်မှာ ရန်သူ၏လုံသွားက ပကော



www.burmeseclassic.com

www.burmeseclassic.com

၏ခန္ဓာကိုယ်ကနေ နုတ်ယူပြီးဖြစ်သလို ကုန်းကောက်နေသောပလောင်၏ နောက်ကျောကို ဒုတိယအချက်အနေနှင့် ထိုးစိုက်ဝင်ပြီးသား။

"စွပ် ..."

"အိး ..."

ရှူးရှူးနစ်နစ် အော်ဟစ်သံနှင့်အတူ ပလောင်အသက်ပျောက်သွားစဉ် နောက်ဆုံးကျန်ရစ်သော ကောင်းတင်က သူ့လုံချက် မိမိရရနှင့် မှောင်ထဲမှပေါ်လာသော ရန်သူကို တုံ့ပြန်တိုက်ခိုက်နိုင်တော့သည်။

သို့သော် ကောင်းတင်၏ လုံချက် မှောင်ထဲက ရန်သူအတွက် လေထဲမှာ ဝှေ့ယမ်းသလို ဖြစ်သွားပြီး ကောင်းတင်၏လည်တိုင်ကို ရန်သူ၏ လုံ့သွားက ထုတ်ချင်းခတ်သွားလေသည်။

ထိုအခါကျမှ လျင်မြန်လွန်းသော မှောင်ထဲက ရန်သူမှာ မည်သူမည်ဝါဖြစ်သည်ကို ကောင်းတင် မသေဆုံးမီအချိန်ပိုင်းကလေးမှာ သိခွင့်ရသွားသည်။

"ဟား ... ဟား ... ဟား မင်းတို့က ငါ့အဖေကို လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်တိုင်ပင်နေတာကို ငါသခင်မနတ်ကွန်းအပြင်က ကြားပြီးသားကွ။ ဒီတော့ မင်းတို့လက်မဦးခင် ငါက မင်းတို့ကို အရင်ရှင်းပစ်ရတာပေါ့"

ကြာယံ၏ ကြောက်ခမန်းလိလိ အသံကို ကောင်းတင် နောက်ဆုံး ကြားလိုက်ရပြီး အသက်ပျောက်သွား၏။ သို့သော် ကြာယံအတွက် ရန်မီးက ငြိမ်းမသွားပါ။

"ဝှစ် ..."

"ဒေါက် ..."

ကြာယံခေါင်းမှာ ဆောင်းလျက်ပါလာသော သူ့အဖေ ဦးကြာမုံ၏ ကျားခေါင်းသရဖူကို မြားသွားတစ်ချက် ထိုးဖောက်ပြီး ကျားခေါင်းသရဖူ ပြုတ်ထွက်သွားကာ ယဇ်ပူဇော်ရာကျွန်းသားတိုင်ကြီးတွင် မြားတံနှင့်အတူ သွား၍စိုက်ဝင်နေသည်ကို အလင်းမှိန်မှိန်ကြားမှာ ကြာယံ တွေ့လိုက်ရ၏။ သူ့အတွက် ရန်သူမကုန်သေးပါလား။

ရန်သူက အဝေးပစ်လက်နက်များကို သုံးပြီဆိုတော့ ကျန်နေသော ရန်သူကို လျှော့တွက်လို့မဖြစ်တော့ပြီ။ ကြာယံ သူ၏လက်စွဲတော် လုံ့တံကို ဝှေ့ယမ်းလျက် မြားတံလာရာလမ်းကြောင်းဖြစ်သော အနောက်ဘက်သို့ လျင်မြန်စွာ လှည့်လိုက်သည်။

လက်ထဲမှလုံ့တံကို အသင့်ပစ်လွှတ်တော့မည့်အနေအထား။

ထိုအနိုက် အမှောင်ထုကြားအလင်းရောင် ခပ်ပါးပါးလေးကြားက ကြေ့ရှင်းလှပ အချိုးအစားကျနသော မိန်းမချောလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုမချောလေး သူမ၏ လှပချောမောလွန်းသော အလှတွေနှင့် ဆန့်ကျင်ဘက်ဖြစ်သော လူသတ်လက်နက် မြားညို့အသင့်ပစ်လွှတ်ရန် အနေအထား။

အမှန်က ခြေမြန်လက်မြန်ရှိလှသော ကြာယံက သူ့လက်ထဲမှ လုံ့တံကို နောက်မှရန်သူဖြစ်သူ မိန်းမချောလေးဘက်အလှည့် တစ်ပြိုင်နက် လက်ဦးမှုယူပြီး ပစ်လိုက်ရန်ဖြစ်၏။

သို့သော် ကြာယံမှာ ခါတိုင်းလို ခြေမြန်လက်မြန် မလုပ်လိုက်နိုင်ပါ။

မိန်းမချောလေး၏ သူမတု အောင် နတ်မိမယ်လေးတစ်ပါးလို ချောမောလှပလွန်းသောအလှကြောင့် သူ၏စွမ်းအားတွေကို ညို့ယူဖမ်းစားသလို ခံစားရပြီး တုံ့ပြန်တိုက်ခိုက်ရန် မေ့လျော့သွားချေပြီ။

"မင်း ... မင်း ဘယ်သူလဲ"

"ငါ ဘယ်သူဆိုတာ အရေးမကြီးပါဘူး။ မင်း ဒီနေရာကနေ မင်းရဲ့ရွာ ကုန်းကြမ်းကိုပြန်ဖို့ပဲ အရေးကြီးတယ်"

နတ်မိမယ် မိန်းမချောလေးမှာ ကြာယံနှင့် မတိမ်းမယိမ်း ငယ်နုသော အရွယ်မို့ ကြာယံ မင်းနဲ့ငါသာ ပြောလိုက်ရသည်။ စိတ်ထဲမှာတော့ မဝံ့မရဲကြီးဖြစ်နေ၏။

ဒါပေမယ့် ပြောဆိုသုံးနှုန်းမိပြီးမှ မထူးတော့ပြီ။

"မင်းက ငါ့ကို ကုန်းကြမ်းပြန်ဖို့ အမိန့်ပေးနေရအောင် ဘယ်သူလဲ။ အဲဒီလို အမိန့်ပေးနိုင်ခွင့် မင်းမှာ ရှိလို့လား"

"မင်းဆောင်လာခဲ့တဲ့ မင်းအဖေရဲ့ ကျားစွယ်သရဖူခေါင်းဆောင်းရဲ့ အခြေအနေကိုကြည့်ရင် မင်းကို ဒီလိုမေးခွင့် မကြုံကတည်းက ငါ့မြားချက်နဲ့ အသေသတ်လိုက်နိုင်တယ်လို့ မင်းမတွေးမိဘူးလား။ မင်းကို သတ်နိုင်ပါလျက်နဲ့ မသတ်ဘဲ ချမ်းသာပေးခဲ့ကတည်းက မင်းအသက်ကို ငါပိုင်ထားခဲ့ပြီဆိုတာ မင်းသိရမှာပေါ့"

မိန်းမချောလေး၏ စကားကြောင့် သူ့စိတ်ကိုသူ လျှော့ချလိုက်ရသည်။

ဟုတ်သည်လေ။ မိန်းမချောလေးက သူ့ကို ဒီနေရာမှာတင်ပဲ



www.burmeseclassic.com

www.burmeseclassic.com

လက်ဦးမှုသတ်မည်ဆိုက သတ်လိုက်နိုင်သည်။ သူ မိန်းကလေးကို အထင်မသေးရဲ။ လျှော့မတွက်ရဲတော့။

ဒါပေမယ့် သူက ပင်ကိုအားဖြင့် သတ္တိနည်းသူ မဟုတ်။

သို့သော် လေသံကတော့ ပြောင်းသွားလေပြီ။

"ကျုပ်အသက်ကို သတ်နိုင်ပါလျက်နဲ့ မသတ်တဲ့အတွက် ခင်ဗျား ကျုပ်အသက်ကို ပိုင်တယ်လို့ ပြောနေကတည်းက ကျုပ်မှာ ယောကျ်ားတစ်ယောက်ရဲ့ စွမ်းရည်သတ္တိတွေ ကျဆင်းသွားသလိုပဲ။ အဲဒီအတွက် ခင်ဗျားကို ကျေးဇူးတင်လိမ့်မယ်လို့ မအောက်မေ့လိုက်ပါနဲ့။ ကျုပ်ကို ခင်ဗျားလက်ထဲက နောက်ထပ်မြားတစ်ချောင်းနဲ့သာ အသေသတ်လိုက်တာကမှ ခင်ဗျားကို ကျုပ်က ကျေးဇူးတင်ဦးမယ်"

"ဩော် ... မင်းကလည်း မင်းအဖေလို သတ္တိခဲလေးပဲ။ ငါ့နယ်မှာ ဒီလိုသတ္တိခဲလေးပေါ်လာတော့ ငါ့အတွက် တအားပဲ။ ကဲ ... ရှိပါစေတော့။ မင်းကို ငါအမိန့် ပေးနေတယ်။ မင်း ဒီကနေပြန်ပေတော့"

"ဟော ... ပြောရင်းဆိုရင်း ခင်ဗျားစကားတွေက တစ်ဆင့်မြင့်လာပြန်ပြီ။ ခင်ဗျားက ကျုပ်ကိုအမိန့်ပေးနေရအောင် ခင်ဗျားက ဘယ်သူလဲ။ ကျုပ် နန်းဒေဝီသခင်မနဲ့ တွေ့ရအောင် လာခဲ့တာ။ ကျုပ်အဖေ ခေါင်းကိုက်တဲ့ဝေဒနာ ပျောက်ကင်းရေးအတွက် နန်းဒေဝီသခင်မနဲ့မတွေ့ဘဲ ကျုပ်မပြန်နိုင်ဘူး"

"ဒီမှာ မောင်ကြာယုံ၊ မင်းကို ပြန်ခိုင်းနေတာကို မင်းပြန်တော့လေ။ မင်းအဖေ ခေါင်းကိုက်ဝေဒနာ အပြင်းအထန်ခံစားရအောင် စောစောက မင်းသတ်လိုက်တဲ့ သုံးကောင်ရဲ့ အခါပေးနတ်ဆရာက စီရင်ပေးလိုက်တာ ငါသိတယ်။ ခုတော့ အဲဒီဝေဒနာ မင်းအဖေမှာ ပျောက်ကင်းသွားပါပြီ။ မင်း ရွာကို ပြန်ပေတော့"

မိန်းမချောလေး ပြောဆိုသုံးနှုန်းပုံ စကားရပ်အနေအထားကြောင့် ကြာယုံ၏နှုတ်မှ အံ့အားတသင့် စကားလုံးတွေ လွင့်ထွက်သွားရလေသည်။

"ဟင် ... ခင် ... ခင်ဗျား ဒါ[illegible]သိပြီး ဒီလိုတွေပြောနိုင်ရအောင် ခင်[illegible]. ခင်ဗျားဘယ်သူလဲ။ နန်း ... နန်းဒေဝီသခင်မ ... လား"

"မင်း ယူဆချင်သလို ယူဆပေတော့။ တစ်ခုတော့ မင်းသိဖို့က နန်းဒေဝီသခင်မဟာ ကိုယ်ပွားပေါင်းများစွာ ရှိတယ်ဆိုတာပဲ။ သူ့နယ်ပယ်မှာ မတရားမှုကို ဘယ်တော့မှ ကြည့်မနေတတ်ဘူးကွဲ့။ ကဲ ... ကဲ ... ကျွန်းသားယဖ်တိုင်မှာ မြားချက်နဲ့စိုက်ဝင်နေတဲ့ မင်းအဖေရဲ့ ကျားစွယ်သရဖူကို နုတ်ယူပြီး ပြန်ပေတော့"

အဲဒီစကားအဆုံး အရောင်ပါးပါးကြားမှ နတ်မိမယ်အချောအလှ မှုန်မှုန်ဝါးဝါး ခပ်ပါးပါးလေးကတစ်ဆင့် ပျောက်ပြယ်၍သွားသည်မှာ ကြာယုံ အဖို့ အိပ်မက်ပမာအလား။

ကျော်မင်းနိုင်

ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ

ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

—— ဆက်သွယ်ရန် ——


ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁



www.burmeseclassic.com

www.burmeseclassic.com



# သာသနာ့ဂန္ဓဝင်မြောက် တိုင်းကြီးများ

မုံရွာနေဇာ

(က)

ပြောင်းလဲခြင်းတရားသည် အရာရာပေါ်မှာ လွှမ်းမိုးဆဲပင်ဖြစ်၏။ သက်ရှိသတ္တဝါတွေသာ ပြောင်းလဲခဲ့ကြသည်မဟုတ်။ ပြုပြင်စီရင်နေသော သဘောသဘာဝဖြစ်သည့် သင်္ခါရတရားတို့သည်သာ ပြောင်းလဲကြသည်မဟုတ်။ လူတို့နေထိုင်ရာ ဩကာသလောကကြီးသည်လည်း အစဉ်ထာဝရ ပြောင်းလဲနေသည်သာ ဖြစ်ပါ၏။ ဟိုးယခင် နှစ်ပေါင်းများစွာက ကုန်းမြေသေများ ယခု ပင်လယ်ထဲငုပ်လျှိုးသွားကြသည်။ ဟိုတုန်းက ပင်လယ်ရေပြင်ဖြစ်ခဲ့သော ဒေသနေရာများမှာလည်း ယနေ့မျက်မြင် ကုန်းတွင်းလွင်ပြင် ဖြစ်နေလေသည်။

သဘာဝတရားတို့၏ ပြောင်းလဲမှုများဖြစ်သည်။ လက်တွေ့ မျက်မြင်အားဖြင့် ပြောရသော် စူနာမီခေါ် လှိုင်းကြီး လှုပ်ခဲ့စဉ်က ရေပြင်အချို့သည် ကုန်းမြေဖြစ်သွားပြီး ကုန်းမြေဒေသအချို့မှာ ပင်လယ်ပြင်ထဲ ရောက်ရှိသွားကြသည်ကို တွေ့ရသည်။ ဘာမျှကြာလိုက်သည်မဟုတ်ပါ။ နှစ်ပရိစ္ဆေဒတွေ မြောက်မြား စွာကြာရှည်လာသောအခါ ရေမြေသဘာဝ အနေအထားများ ပြောင်းလဲသွားတတ်ကြသည်မှာ မဆန်းပါ။ သဘာဝတရားပင်ဖြစ်ပါသည်။

ရေမြေဒေသအနေအထားသာ ပြောင်းလဲသွားကြသည် မဟုတ်သေး။ အခေါ်အဝေါ် ပညတ်တွေကလည်း ခေတ်အခြေအနေအရ ပြောင်းလဲသွားကြသည်။ အမည်နာမ ပြောင်းလဲကြရာ၌ ထိုတိုင်းပြည်၊ ထိုဒေသ၌ စိုးမိုးအုပ်ချုပ် မင်းလုပ်ကြသော မင်းစိုးရာဇာတို့၏ အပေါ်၌လည်း မူတည်လေသည်။ တစ်မင်းပြောင်း တစ်မည်ဖြစ်ခဲ့ရသော သာဓကများသည်း သမိုင်းတွင် အထင်အရှားရှိခဲ့ပါ၏။

ဂန္ဓဝင်မြောက် ဗုဒ္ဓစာပေတို့၌ တိုင်းကြီး သောဠသ

www.burmeseclassic.com

တိုင်းကြီး ကေဝီသဟူ၍ အထင်အရှားရှိခဲ့သည်၊ တိုင်းကြီး သောဠသဟူသည် တိုင်းကြီး ၁၆ တိုင်းကို ခေါ်ဆိုခြင်းဖြစ်ပြီး တိုင်းကြီး ကေဝီသဆိုသည်ကား တိုင်းကြီး ၂၁ တိုင်းကို ခေါ်ခြင်းဖြစ်ပါ၏။

## တိုင်းကြီး ၁၆ တိုင်း

အင်္ဂုတ္တိုရ်ပါဠိတော်လာ တိုင်းကြီး ၁၆ တိုင်းမှာ… (၁) အင်္ဂတိုင်း (၂) မဂဓတိုင်း။ (၃) ကာသိတိုင်း။ (၄) ကောသလတိုင်း။ (၅) ဝဇ္ဇီတိုင်း။ (၆) မလ္လတိုင်း။ (၇) စေတိယတိုင်း။ (၈) ဝံသတိုင်း။ (၉) ကုရုတိုင်း။ (၁၀) ပဥ္စာလတိုင်း။ (၁၁) မစ္ဆတိုင်း။ (၁၂) သူရသေနတိုင်း။ (၁၃) အဿကတိုင်း။ (၁၄) အဝန္တိတိုင်း။ (၁၅) ဂန္ဓာရတိုင်း။ (၁၆) ကမ္ဘောဇတိုင်းတို့ ဖြစ်သည်။

ဤတိုင်းကြီးတို့သည် ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာကြသူတိုင်း မလွဲမသွေ တွေ့ရှိရမည်ဖြစ်ပေသည်။ စာလာပေလာ တိုင်းကြီးများဖြစ်၍ သိသင့်သိထိုက်သဖြင့် ရှာဖွေတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဆက်လက်၍ ဆင်တူရိုးမှား၊ မူကွဲတိုင်းကြီးများကို လည်း ဆက်လက်ဖတ်ရှုကြည့်ပါဦး။

## တိုင်းကြီး ၁၇ တိုင်း

(၁) အင်္ဂတိုင်း။ (၂) မာဂဓတိုင်း။ (၃) ကလိင်္ဂတိုင်း။ (၄) ကာသိယတိုင်း။ (၅) ကောသလတိုင်း။ (၆) ဝိဇ္ဇီတိုင်း။ (၇) မလ္လတိုင်း။ (၈) စေတီယတိုင်း။ (၉) ဝံသတိုင်း။ (၁၀) ကုရုတိုင်း။ (၁၁) ပဉ္စာလတိုင်း။ (၁၂) မစ္ဆတိုင်း။ (၁၃) သူရသေနတိုင်း။ (၁၄) အဿကတိုင်း။ (၁၅) အဝန္တိယတိုင်း။ (၁၆) ယောနကတိုင်း။ (၁၇) ကမ္ဘောဇတိုင်းတို့ ဖြစ်သည်။ တိုင်းကြီး ၁၆ တိုင်းနှင့်တူသော တိုင်းများရှိသလို မတူသော တိုင်းများလည်း ပါဝင်နေသည်ကို သတိပြုပါ။

ဤတိုင်းကြီး ၁၇ (သတ္တရသ) တို့သည် တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိ ၂၃၁၊ အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိ ၈၁၊ ၈၅ နှင့် စူဠနိဒ္ဒေသပါဠိ ၁၅ တို့၌ လာရှိပါသည်။

ထို့ပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ်၊ စာ ၄၆ နှင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စာ ၂၅ တို့၌လည်း တိုင်းကြီး သတ္တရသ (တိုင်းကြီး ၁၇ တိုင်း) လာရှိသေးကြောင်း သိရပါသည်။

## တိုင်းကြီး ၂၁ တိုင်း

တိုင်းကြီး ကေဝီသခေါ်တိုင်းကြီး ၂၁ တိုင်းတို့မှာ (၁) ကုရုတိုင်း။ (၂) သက္ကတိုင်း။ (၃) ကောသလတိုင်း။ (၄) မဂဓတိုင်း။ (၅) သိဝိတိုင်း။ (၆) ကလိင်္ဂတိုင်း။ (၇) အဝန္တိတိုင်း။ (၈) မဇ္ဈာလတိုင်း။ (၉) ဝဇ္ဇီတိုင်း။ (၁၀) ဂန္ဓာရတိုင်း။ (၁၁) စေတီယတိုင်း။ (၁၂) ဝက်တိုင်း။ (၁၃) ဝိဒေဟတိုင်း။ (၁၄) ကမ္ဘောဇတိုင်း။ (၁၅) မဒ္ဒတိုင်း။ (၁၆) ဘဂ္ဂတိုင်း။ (၁၇) ဘင်္ဂတိုင်း။ (၁၈) သိဟတိုင်း။ (၁၉) ကသ္မီယတိုင်း။ (၂၀) ကာသိတိုင်း။ (၂၁) ပဏ္ဍဝတိုင်းတို့ဖြစ်၏။ (မဂမအဘိဓာန်ကျမ်း)

## (ခ)

ဗုဒ္ဓသာသနာ့ ဂန္ထဝင်၌ စံတင်ထိုက်သော တိုင်းကြီးများရှိသကဲ့သို့ မိမိတို့နေထိုင်ကြရာ ပြည်မြန်မာကြီး၌လည်း တိုင်းကြီး သုံးတိုင်း၊ တိုင်းကြီး ကိုးတိုင်း၊ တိုင်းကြီး ၁၀ တိုင်းတို့အပြင် တိုင်းနှင့်ပြည်နယ်ပေါင်း ၁၄ ခုအထိ ဖွဲ့စည်းတည်ရှိကြောင်း မှတ်သားအပ်ပေသည်။

## တိုင်းကြီး သုံးတိုင်း

မြန်မာ့သမိုင်း ရာဇဝင်တို့၌ ထင်ရှားခဲ့သော တိုင်းကြီး သုံးတိုင်းမှာ အောက်ပါတို့ဖြစ်သည်။

၁။ သုနာပရန္တတိုင်း (ဧရာဝတီမြစ်ရိုးတစ်လျှောက်ဖြစ်သော စကု၊ စလင်း၊ ဖောင်းလင်း စသည့်နယ်ပယ်များ၊ ဧရာဝတီမြစ်၏အနောက်ဘက် တောင်ဘက်အရပ်ဒေသများ ဖြစ်သည်။)

၂။ တမ္ဘဒီပတိုင်း (ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်းရှိ နယ်ပယ်ဒေသများ ပုဂံ၊ ပင်းယ၊ အင်းဝ၊ မန္တလေး စသော ဧရာဝတီမြစ်၏ အရှေ့ဘက်ဒေသများ ဖြစ်သည်။)

၃။ ကမ္ဗောဇတိုင်း (အရှေ့ရိုးမတစ်ကြော၊ ရှမ်းပြည်နယ် ဒေသများဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com

## တိုင်းကြီး ကိုးတိုင်း

နိုင်ငံတော်အုပ်ချုပ်ရေးတွင် လွယ်ကူစေရန် ရှေးမြန်မာ မင်းတို့သည် အောက်ဖော်ပြပါ မြန်မာတိုင်းကြီး ကိုးတိုင်း သတ်မှတ်ကာ တိုင်းမင်းကြီးများခန့်အပ်ထားပြီး အုပ်ချုပ်ခဲ့ကြသည်။

၁။ ချင်းဝိသေသတိုင်း (ဖလမ်းမြို့တွင် ရုံးစိုက်ခဲ့သည်။)

၂။ ကော်သူလေး အထူးတိုင်း (သံလွင်ခရိုင် ဖာပွန်မြို့တွင် ရုံးစိုက်ခဲ့သည်။)

၃။ တနင်္သာရီတိုင်း (တောင်ငူ၊ သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရိုင်တို့ ပါဝင်သည်။)

၄။ ဧရာဝတီတိုင်း (ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံခရိုင်တို့ ပါဝင်သည်။)

၅။ ရခိုင်တိုင်း (ပလက်ဝ၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်တို့ ပါဝင်သည်။)

၆။ ပဲခူးတိုင်း (ပဲခူး၊ အင်းစိန်၊ သာယာဝတီ၊ ရန်ကုန်ခရိုင်တို့ ပါဝင်ခဲ့သည်။)

၇။ မကွေးတိုင်း (မကွေး၊ သရက်၊ မင်းဘူး၊ ပခုက္ကူ၊ ကန်ပက်လက်ခရိုင်တို့ ပါဝင်သည်။)

၈။ မန္တလေးတိုင်း (မန္တလေး၊ ကျောက်ဆည်၊ ရမည်းသင်း၊ မိတ္ထီလာ၊ ခြင်းခြံတို့ပါဝင်သည်။)

၉။ စစ်ကိုင်းတိုင်း (စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ မော်လိုက်၊ မုံရွာခရိုင်တို့ ပါဝင်သည်။)

(ဤတိုင်းကြီး ကိုးတိုင်း သတ်မှတ်ချက်များမှာ လွတ်လပ်ရေးခေတ်၊ ဖဆပလခေတ်တွင် ဖြစ်သည်။)

## တိုင်းကြီး ၁၀ တိုင်း

(၁) သုနာပရန္တတိုင်း-လယ်ကိုင်း၊ ဖောင်းလင်း (ဖောင်းပြင်)၊ ကလေး၊ သောင်သွပ် စသည်တို့ တည်ရာဒေသ။ (၂) တမ္ဗဒီပတိုင်း-သီပေါ၊ ညောင်ရွှေ၊ မိုးနဲ စသော ဒေသ။ (၃) ဇိန်တိုင်း(စိန့်တိုင်း)-ဗန်း၊ ခွေးလုံ၊ စန္ဒာ စသောပြည်များရှိရာဒေသ။ (၄) သီရိခေတ္တရာ ရာမတိုင်း (သရေခေတ္တရာ)-ပန်းတောင်း၊ ဥဒေတရစ် စသောဒေသ။ (၅) ဇေယဝဒ္ဓနတိုင်း-ကေတုမတီ၊ ဇေယဝတီ(ဇေယျဝတီ) စသောဒေသ။ (၆) ရာမညတိုင်း-ဟံသာဝတီ၊ ဒဂုံ၊ ဒလ၊ ကုသိမ်(ပုသိမ်)၊ ရောင်မြ (မြောင်းမြ)၊ မုတ္တမ စသောဒေသ။ (၇) ဟရိဘုဥ္စတိုင်း-ဇင်းမယ်၊ ဇင်းကျိုက်၊ ကျိုင်း စသောပြည်များရှိရာဒေသ။ (၈) ခေမဝရတိုင်း (ခေမရဋ္ဌတိုင်း)- ကျိုင်းတုံ၊ မိုင်းစည် စသော ပြည်တို့၏ နေရာဒေသများဖြစ်၏။ (၉) မဟာနဂရတိုင်း - ကျိုင်းရုံ၊ မိုင်းစည် စသောပြည်တို့၏ နေရာဒေသများဖြစ်၏။

(ရှေးမြန်မာနိုင်ငံတော် မြန်မာဘုရင်များခေတ်က ရာဇဝင်တွင်ခဲ့သော တိုင်းကြီးများဖြစ်ပါသည်။)

## တိုင်းနှင့်ပြည်နယ် ၁၄ ခု

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မဆလ)အစိုးရမှ စတင်၍ ပိုင်းခြားသတ်မှတ်ခဲ့သော တိုင်းနှင့်ပြည်နယ်များဖြစ်ပါသည်။

၁။ ရန်ကုန်တိုင်း (မြို့တော်-ရန်ကုန်)၊ ၂။ ပဲခူးတိုင်း (မြို့တော်-ပဲခူး)၊ ၃။ ဧရာဝတီတိုင်း (မြို့တော်-ပုသိမ်)၊ ၄။ တနင်္သာရီတိုင်း (မြို့တော်-ထားဝယ်)၊ ၅။ မန္တလေးတိုင်း (မြို့တော်-မန္တလေး)၊ ၆။ စစ်ကိုင်းတိုင်း (မြို့တော်-စစ်ကိုင်း)၊ ၇။ မကွေးတိုင်း (မြို့တော်-မကွေး)၊ ၈။ ကရင်ပြည်နယ် (မြို့တော်-ဘားအံ)၊ ၉။ ကယားပြည်နယ် (မြို့တော်-လွိုင်ကော်)၊ ၁၀။ ကချင်ပြည်နယ် (မြို့တော်-မြစ်ကြီးနား)၊ ၁၁။ ချင်းပြည်နယ် (မြို့တော်-ဟားခါး)၊ ၁၂။ မွန်ပြည်နယ် (မြို့တော်-မော်လမြိုင်)၊ ၁၃။ ရခိုင်ပြည်နယ် (မြို့တော်-စစ်တွေ)၊ ၁၄။ ရှမ်းပြည်နယ် (တောင်ပိုင်းမြို့တော်-တောင်ကြီး၊ မြောက်ပိုင်းမြို့တော်-လားရှိုး)၊ ရှမ်းပြည်နယ်အရှေ့ပိုင်းလည်း သတ်မှတ်ထားသည်။

ဗဟုသုတ ကြွယ်ဝပြည့်စုံကြပါစေ။

နမော သမ္မာသမ္ဗုဒ္ဓဿ

---

**မိုးရွာဓနေဖော**

---



www.burmeseclassic.com

www.burmeseclassic.com

# ဆာမူရိုင်းနဲ့ တက်တဲ့ပြဿနာ

## စောရန်နှင်း(မရမ်းတလင်း)



အဲဒီနှစ် တစ်နှစ်လုံးကို ကျွန်တော်ကောင်းကောင်း မှတ်မိနေတာပေါ့။ ဘာကြောင့်လဲဆိုတော့ အလူးအလဲခံခဲ့ရတာကိုး။

ဒါပေမယ့်လည်း လူညံ့ဆိုတာမျိုးက ကိုယ်အဆင်ပြေလို့ ကောင်းစားသွားတဲ့အခါမျိုး၊ အခက်အခဲက လွန်မြောက်သွားတဲ့အခါမျိုးမှာ ကူညီခဲ့ဖူးတဲ့ သူတစ်ထူးရဲ့ကျေးဇူးကို တုံ့ပြန်ဖို့ သတင်းကောင်းလေး ပြန်ပြောဖို့ကို ဝန်လေးနေတတ်ကြတာမဟုတ်လား။

ကျွန်တော်လည်း အဲဒီခပ်ညံ့ညံ့ လူထဲမှာပါလို့ အခုမှပဲ ဒီအကြောင်းကို ပြောဖြစ်တော့တာပါ။

အဲဒီအချိန်တုန်းက ကျွန်တော်ဟာ ရုံးတစ်ရုံးမှာ တာဝန်ကျပါတယ်။ အမှန်အတိုင်းဆိုရရင် ရုံးရဲ့ပြင်ပက သက်သာချောင်ချိရေး အရောင်းဆိုင်မှာ စာရင်းတွေဘာတွေ လုပ်ရတယ်။

ဒါပေမယ့် ပြဿနာက သိပ်မရှိသေးပါဘူး။ ကျွန်တော်က အသောက်အစားနဲ့ လောင်းကစားကင်းတာရယ်၊ ရတဲ့အကျိုး ခံစားခွင့်တွေကို မိဘနှစ်ပါးကို ထောက်ပံ့နေတာကြောင့်နဲ့တူပါရဲ့ ကျွန်တော့်ကို အုပ်ချုပ်တဲ့လူကြီးတွေက သဘောကျကြပါတယ်။

'မြုန်း'ဆို ကျွန်တော့်ရဲ့ အထက်လူကြီးပြောင်းလို့ နောက်လူကြီးလည်း ရောက်လာရော ကျွန်တော့်အတွက် ပြဿနာစတော့တာပါပဲ။

ပိုဆိုးတာက ကျွန်တော်တာဝန်ယူထားရတဲ့ ဗီဒီယိုရုံတို့၊ သက်သာဆိုင်တို့နဲ့အပြိုင် ပြင်ပက စီးပွားရေးသမားတွေက အလျှိုအလျှို ပေါ်လာကြပါလေရော။ သူတို့မှာက ငွေကြေးတတ်နိုင်တော့ လိုတာကို ချက်ချင်းထည့်နိုင်တယ်။ နောက်ပြီး လုပ်ငန်းလည်းသွက်တယ်။ ကျွန်တော့်မှာကတော့ စာရင်းတွေ၊ ဖယားတွေနဲ့ အဆင့်ဆင့် တင်နေရတာဆိုတော့ ကြာလာလေ စိတ်အိုက်လာလေပါပဲ။ နောက်ဆုံး သတ်မှတ်ထားတဲ့ ငွေတွေ မပြည့်လို့ အိတ်စိုက်တွေက များလာတော့ မခံနိုင်တဲ့အဆုံး အဘဆရာကြီးမင်းသိခ်ရဲ့ ဗေဒင်ဆရာတွေ ကျိတ်သုံးနေကြတဲ့ ဆာမူရိုင်းအဆောင်တွေနဲ့ တွေ့မှ ကျွန်တော့်ရဲ့ ဒုက္ခသုခပြဿနာတွေအားလုံး အဆင်ပြေသွားခဲ့ရတယ်ဗျာ။

ဒါကြောင့်မို့လို့ ဓားလွတ်ကို မာန်ပါပါကိုင်ထားပြီး ပြဿနာတွေမှန်သမျှ၊ အတိုက်အခံတွေမှန်သမျှကို ဖြေရှင်းပေးမယ့် ဆာမူရိုင်းသူရဲကောင်း တစ်ဦးကို စာရှုသူလက်ထဲ အရောက်ပို့ပေးလိုက်ပါပြီ။

ချစ်စွာသော မိတ်ဆွေမှာ –

• အမှုအခင်း တစ်ခုခု ဖြစ်နေရင်၊

• မိမိဘက်က မှန်ကန်ပါလျက် တစ်ဖက်သတ် အနိုင်ကျင့်ခံရတာမျိုး၊ ပြဿနာအရှာခံရတာမျိုး၊ စွပ်စွဲခံရတာမျိုးဖြစ်နေရင် ဟောဒီဆာမူရိုင်းပုံလေးကို 'ကိုကာကိုလာ'အအေးဘူးသံဘူးမှာ ကပ်လိုက်ပါ။ ပြီးလျှင် ဘူးအပေါ်မှာ ဖယောင်းတိုင်ထွန်း ပူဇော်ပြီး အခက်အခဲကို တိုင်တည်လိုက်ပါ။

နောက်ပြီးတော့ အန္တရာယ်ရှိတဲ့ အလုပ်၊ မော်တော်ယာဉ်များမှာ ပလတ်စတစ်လောင်းကာ အဆောင်အဖြစ် ဆောင်နိုင်၊ ချိတ်ဆွဲနိုင်ပါသတဲ့ဗျာ။

စောရန်နှင်း(မရမ်းတလင်း)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်သိကြား "မ" လေပြီ

## မောင်မောင်မြင့်အေး

သာယာသော တစ်နေ့တွင် ကျွန်တော်၏အိမ်သို့ ကျွန်တော်နှင့် လွန်စွာခင်မင်သော ဦးအုန်းညွန့်ဆိုသူ မြိတ်သားကြီးတစ်ဦး ရောက်လာခဲ့သည်။

သူသည် ကျွန်တော်တို့အိမ်သားများနှင့် လွန်စွာ ရင်းနှီးသူဖြစ်၍ စားအိမ်သောက်အိမ်လိုလည်း ဖြစ်နေရာ သူ ရောက်လာသည်နှင့် ကျွန်တော်၏မွေးစားသမီးလေးများက ကော်ဖီမစ်ကို ဖျော် တိုက်ရ၏။ သူသည် ကော်ဖီကိုလည်း အလွန်ကြိုက်၏။ သောက်လျှင်လည်း ကောင်းသောကော်ဖီ ကိုသာ သောက်၏။

အိမ်လာလျှင်လည်း ကော်ဖီကောင်းကောင်း ဖျော်ပေးရ၏။ သူက ကျွန်တော်နှင့် ထွေရာလေးပါးစကားများ ပြောဆိုနေပြီးမှ ကျွန်တော့်အိမ်တွင် ချိတ်ထားသော ကျွန်တော်၏ ဓာတ်ပုံကို ကြည့်ပြီး မြိတ်သံဝဲဝဲဖြင့် -

"နေပါဦး ကိုမောင်မောင်မြင့်အေးရဲ့ ဒီပုံက ရောင်ပြန် မဂ္ဂဇင်းမှာ ထည့်ထားတဲ့ပုံမဟုတ်လား။ ခင်ဗျားဟိုနောက် ကအရုပ်က ဘာလဲ။ လက်ထဲမှာလည်း ခရုသင်းနဲ့ ရေလောင်း ထားတဲ့ပုံနဲ့။ အခု ဒီမှာချိတ်ထားတော့လည်း ဘာတဲ့ အောက် ကစာတန်းက တနင်္ဂနွေသား မောင်မောင်မြင့်အေး ဘိုးတော် သိကြား မလေပြီတဲ့။ ဟဲဟဲ…ခင်ဗျားတို့ကတော့ လုပ်ကြ ပါဦး။ အဲဒီအဓိပ္ပာယ်ကိုလည်း ရှင်းပြစမ်းပါဦး"

သူက ပြောပြောဆိုဆိုနှင့် ဓာတ်ပုံနားကို သွားကြည့် လေ၏။ ဓာတ်ပုံမှာ ကျွန်တော်နှင့်ဦးသန့် မန္တလေး၊ မုံရွာ၊ ပုဂံသို့ ခရီးထွက်စဉ်က မန္တလေးမဟာ မြတ်မုနိဘုရားတွင် ရိုက်ထားသောပုံဖြစ်၏။

မန္တလေး မဟာမြတ်မုနိဘုရား မဟာဗုဒ္ဓဝင်ပြခန်း အဝင် မုခ်ဝကြီးတစ်ဖက်တစ်ချက်တွင် သိကြားမင်းက ငွေ ခရုဖြင့် ရေသွန်းနေဟန်ဖြစ်၏။ ထိုပုံကို ကျွန်တော်က ရောင် ပြန်တွင် ဖော်ပြခဲ့ဖူး၏။

ဦးအုန်းညွန့်က ထိုဓာတ်ပုံကို သေသေချာချာကြည့် ပြီး "ဒါ ဆရာကြီး အစီအရင်ပဲမဟုတ်လား"ဟု မေးလေ၏။ ကျွန်တော်က -

"ဟုတ်တာပေါ့ ဦးအုန်းညွန့်ရယ်။ အရင်စာအုပ်တွေ ထဲမှာ ဝိဇ္ဇာရေဓာတ်ပန်းချီပုံတွေဖြစ်တဲ့ စိုင်ကော်လိုချုပ်ပေါ် ရောက်တို့ နောက်ပြီး ဆီရေချိုး ဆေးရိုးမီးလှုံ့တို့၊ ပျို့တိုင်း ကြိုက်တဲ့ နင်းဆီခိုင်တို့ဆိုပြီး ဓာတ်ပန်းချီကားတွေ ကျွန် တော် ဖော်ပြခဲ့ဖူးပါတယ်"

"ကျွန်တော်တို့ အိမ်မှာလည်း သမီးနွယ်နွယ်က တအားလုပ်တာပဲ။ ဆရာမက ဒါလုပ် ဒါချိတ်ဆိုရင် ချိတ်တာ ပဲ။ ဗျားစွဲသောမှတ်ဆိတ်ပုံလည်း ချိတ်ထားတာပဲ"

ဦးအုန်းညွန့်တွင် သမီးနွယ်နွယ်နှင့် မော်မော်ဆိုသော သမီးနှစ်ဦးရှိ၏။

ဦးအုန်းညွန့်နှင့် သူတို့သားအဖသည် လွန်စွာချစ်ခင် ကြ၏။ သူတို့သားအဖသည် ယတြာတော်တော်များများကို ယုံကြည်စွာလုပ်သူများဖြစ်၏။ လုပ်သမျှလည်း ထူးခြားသည် ကို တွေ့ရ၏။

"အခု ဒါကတော့ ဘာသဘောလဲ ရှင်းပြပါဦး"

ဟုပြောရာ ကျွန်တော်က -

"ဒါ ဆရာကြီး အစီအရင်ပဲလေ။ မဖတ်ဖူးဘူးလား။ သိကြားမကိန်းဆိုက် လေပြီဆိုတာ။ တစ်ခါ ရောင်ပြန်မှာ ထည့်ဖူးတယ်။ သိကြားမင်းက ကျွန်တော့်အပေါ် ရေစင်ဖျန်းနေ တဲ့ပုံလေ။ စာတွေထဲမှာ မဖတ်ဖူးဘူးလား။ ဒုက္ခရောက်ရင် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်းတယ်ဆိုတာ။ ဘာပဲ ဖြစ်ဖြစ် သိကြားမင်းသာ ကယ်နိုင်တယ်လေ။ အခု သိကြားမင်းက ရေစင်ဖျန်းထားတော့ ဘာပဲလုပ်လုပ် အေး



www.burmeseclassic.com

www.burmeseclassic.com

အေးချမ်းချမ်း အောင်မြင်တာပေါ့ဗျာ"

ကျွန်တော်က ရှင်းပြလိုက်ရာ ဦးအုန်းညွန့်က တဟဲဟဲ ရယ်ရင်း "ကျွန်တော်တို့လုပ်ချင်ရင်ကော ဘယ်လိုလုပ်ရမလဲ" ဟု ထပ်မေးရလေ၏။ ကျွန်တော်က -

"လွယ်ပါတယ်ဗျာ။ သိကြားမင်း ရေစင်သွန်းနေတဲ့ပုံမှာ ကိုယ့်ဇာတ်ပုံထည့်ထားပြီး ချိတ်ထားပေါ့။ ရေစင်သွန်းတဲ့အောက်မှာ ကပ်ထားရင် ပိုကောင်းတာပေါ့။ တနင်္ဂနွေသား မောင်အုန်းညွန့် သိကြားမင်္ဂလာနဲ့ဆိုက်လေပြီလို့ ရေးပေါ့။ သိကြားမင်းပုံကလည်း မခက်ပါဘူး။ ကျွန်တော့် ရောင်ပြန်မဂ္ဂဇင်းအဖုံးပုံကိုပဲ ဖြတ်ပြီး ဦးအုန်းညွန့်ပုံကပ်ပြီး ချိတ်ပေါ့"

"ဒီလိုချိတ်ရုံနဲ့ ပြီးရောလားဗျာ"ဟု ထပ်မေးရာ ကျွန်တော်က "ဇာတ်ပုံကို ကပ်ပြီးရင်တော့ အသက်ဝင်အောင်တော့ ထားရသေးတာပေါ့ဗျာ။ ဇာတ်ဘိ သိက်သွန်းတယ်လို့ ဆိုတာပေါ့။ ဘုရားခန်း၊ ဒါမှမဟုတ် ဘုရားစင်ရှေ့မှာ သိကြားပွဲတင်ရသေးတယ်ဗျ"

"သိကြားပွဲဆိုတာ ဘယ်လိုလဲဗျာ။ ကျွန်တော်မသိဘူးဗျ"

ဟု ထပ်မေးပြန်၏။ ကျွန်တော်က -

"အဲဒါလည်း ဆရာကြီးပြောထားတာပဲဗျာ။ ဒီလိုဗျ။ နံ့သာဖုင်ငှက်ပျောသီး ကိုးလုံးကို ပန်းကန်ပြားထဲထည့်ဗျာ။ ပြီးတော့ သကြားကို အဲဒီငှက်ပျောသီးလုံး အောင်ဖုံး။ အဲဒီအပေါ်က ဖယောင်းတိုင်ထွန်း။ ဖယောင်းတိုင်ကုန်တဲ့အထိပေါ့။ ဇာတ်ပုံရှေ့မှာ တံခွန်ကုက္ကားအစုံ ပုလင်းလေးနဲ့စိုက်ထားပြီး ကိုးရက်ထားပေါ့ဗျာ။ သိကြားမင်းကိုလည်း ကိုယ်လိုချင်တာ ဆုတောင်းပေါ့"

ကျွန်တော်က ပြောလိုက်ရာ ဦးအုန်းညွန့်က "ဒါလည်း ဟုတ်တာပဲ။ ဆရာမယောက်ျားက ဉာဏ်ချည်းပဲ။ ဒါနဲ့ အဲဒီဇာတ်ကြောင်းလေးလည်း ပြောပြပါဦး"ဟု ထပ်တွန့်တက်ပြန်၏။ ကျွန်တော်ကလည်း ဆရာကြီးရေးထားသော ဇာတ်ကြောင်းကို ပြန်ပြောရ၏။ သူကလည်း ကျွန်တော်ပြောပြသော ဇာတ်ကြောင်းများမှ မရှင်းသည်များမေးလိုက် ရယ်လိုက်နှင့် များစွာသဘောကျနေလေ၏။

မှတ်ချက် ။ ။ ထိုဇာတ်ကြောင်းကို ကျွန်တော်ပြောပြသည့်အတိုင်း ရေးသားခြင်းထက် မူရင်းစာသားများကို ဖတ်က ပိုကောင်းမည်ဖြစ်၍ မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။

စာရေးသူ

လွန်ခဲ့သော နှစ်အစိတ်ခန့်က ကျွန်ုပ်သည် မကြာခဏဆိုသလို ဥပုသ်ရက်ရှည် စောင့်တတ်လေ၏။ ထိုသို့ ဥပုသ်စောင့်သည့် အခါတိုင်း၌လည်း သမိုင်းရပ်ကွက်ရှိ ဘုန်းကြီးကျောင်းကြီးတစ်ကျောင်း၌ သွားရောက်စောင့်တတ်မြဲ ဖြစ်လေ၏။ ထိုဘုန်းကြီးကျောင်း၌ သီတင်းသုံးသော ဦးသုန္ဒရဘွဲ့အမည်ရှိသည့် ဦးပဉ္စင်းကြီးတစ်ပါးသည် ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီးသည့် အလျောက် ထိုဘုန်းကြီးကျောင်း၌ပင် ဥပုသ်စောင့်ရခြင်းဖြစ်၏။ ဥပုသ်မစောင့်သည့် အခါများ၌လည်း ထိုဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဦးပဉ္စင်း ဦးသုန္ဒရနှင့် စကားစမြည်ပြောရင်း ကျောင်း၌ပင် အိပ်စက်တတ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ဦးပဉ္စင်း ဦးသုန္ဒရနှင့် စကားစမြည်ပြော၍နေလေ၏။ ထိုအချိန်၌ ဥပမိရုပ်ခံ့ခံ့ညားညားရှိသော လူတစ်ယောက် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။ ထို့နောက် ထိုသူက ကျွန်ုပ်အား -

"ဒီမှာမိတ်ဆွေကြီး . . . ခင်ဗျား ကိုအောင်ထွန်း မဟုတ်လား"

ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ်။ ကျုပ်နာမည် အောင်ထွန်းလို့ခေါ်ပါတယ်။ ဘာကိစ္စရှိလဲ"

ဟု ကျွန်ုပ်က ထိုသူအား ပြန်၍မေးလိုက်လျှင် ထိုသူက -

"အင်းစိန် ကမ်းနားပိုင်းက ဦးမျိုးတင့်က ညွှန်လိုက်လို့ ကိုအောင်ထွန်းက လောကီပညာတွေလိုက်စားတာ တော်တော်လေးထိရောက်နေပြီလို့ သူကပြောပါတယ်။ ဒါကြောင့် ခင်ဗျားကို လိုက်ပြီးရှာတာပါ။ တိုတိုနဲ့လိုရင်းပဲ မေးမယ်ဗျာ။ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို သိကြားမင်္ဂလာဆိုက်အောင် ခင်ဗျားလုပ်တတ်သလား"

ဟု ပြောလေ၏။

ကျွန်ုပ်သည် အံ့သြ၍သွား၏။ ထို့ကြောင့် ကျွန်ုပ်က ကြားတောင်မကြားဖူးဘူး။ အဲဒီလိုလုပ်လို့ရသလား။ အံ့ဖွ



www.burmeseclassic.com

www.burmeseclassic.com

ဗျာ။ တကယ်လို့ လုပ်လို့ရတယ်ဆိုရင် ကျုပ်ဟာကျုပ် လုပ်ယူမယ်ဟု ပြန်၍ပြောလိုက်လေ၏။

"ရတယ်ဗျ။ ကျုပ်ဒုက္ခရောက်နေတုန်းက လူတစ်ယောက်က ကျုပ်ကို လုပ်ပေးဖူးတယ်ဗျ"

ဟု ထိုသူက ပြန်၍ပြောလေသည်။ ထိုအခါ ကျွန်ုပ်က -

"နေစမ်းပါဦး။ မိတ်ဆွေကြီးက ဘယ်ကတုံး။ ဘယ်သူတုံး"

ဟု မေးလိုက်လေ၏။ ထိုအခါ ထိုသူက -

"ကျွန်တော်က ကပ်စတန်က ပီအိုပါ။ နေတာက အင်းစိန်မှာ။ ကျွန်တော့်မိန်းမက ကျောင်းဆရာမ။ ပီအိုဆိုပေမယ့် အခု ပီအိုမဟုတ်တော့ပါဘူး။ အရင်က လုပ်ခဲ့တာကို ပြောတာပါ။ ကျွန်တော့်နာမည် စိုးမြင့်လို့ခေါ်ပါတယ်။ ကျွန်တော့်မိန်းမနာမည်က မမြိုင်တဲ့"

ဟု ထိုသူက ပြောလေ၏။

"အဲဒါတွေ ထားစမ်းပါဦးဗျာ။ ခင်ဗျားကို သိကြားမင်းဆိုက်ပုံကို ပြောစမ်းပါဦးဗျ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

ထိုအခါ ထိုသူက သူ့လက်တွင် ပတ်ထားသော သော့သီးသုံးလုံးပါ နာရီကို ငုံ၍ကြည့်လိုက်၏။ ထို့နောက် -

"အချိန်တော့ ရပါသေးတယ်"

ဟုဆိုကာ ကျွန်ုပ်၏ဘေး၌ စိတ်အေးလက်အေး ထိုင်လိုက်လေတော့၏။ ပြီးလျှင် ချောင်းတစ်ချက်ဟန့်လိုက်၏။

"ဒီလို ကိုအောင်ထွန်းရဲ့ ကျွန်တော်က ကပ်စတန်ဘက်မှာလုပ်ရင်း ခြေချော်လက်ချော်နဲ့ အမှုတစ်ခုဖြစ်တယ်ဗျ။ အဲဒီအမှုကြောင့် ကျုပ်ကို စပ်စပန်းချထားတယ်။ အဲဒီတော့ ကျုပ်က ဒုက္ခရောက်တာပေါ့ဗျာ။ ဝင်ငွေကလည်းမရှိ မိန်းမကလည်း တပူပူတဆူဆူနဲ့ဗျ။ အလုပ်ထိခိုက်နေတယ်ဆိုတော့ ဒုက္ခတွေများ ဖြစ်မလဲဆိုပြီး ရင်ပူတာပေါ့ဗျာ။ ရင်ပူတဲ့ သူတွေရဲ့ထုံးစံအတိုင်း ဗေဒင်မေး၊ နတ်မေး၊ ဘိုးတော်လိုလို သူတွေနဲ့ မေးရတော့တာပေါ့ဗျာ။ ဒါပေမယ့် တိကျတဲ့အဖြေ မရခဲ့ပါဘူးဗျာ။ အဲဒီလိုနဲ့ နေလာလိုက်တာ တစ်နေ့မှာ ကျွန်တော့်အိမ်ကို မေးမြန်းပြီး လူတစ်ယောက် ရောက်လာတယ်။ အင်းထိပ်မှာ ကျုပ်အိမ်ကိုသွားပြီး စုံစမ်းတဲ့အခါမှာ လမ်းထိပ်က ကလေးတစ်ယောက်က လိုက်ပို့ပြီးပြတာဗျ။ အဲဒီလူက ကျွန်တော့်ကို အဝေးကနေ လှမ်းမြင်တာနဲ့ တစ်ခါတည်း 'ဟော့…စိုးမြင့်၊ ဟော့…စိုးမြင့်'နဲ့ လှမ်းပြီးခေါ်တော့တာပဲ။ ကျွန်တော်က အဲဒီလူကို မမှတ်မိဘူးဗျ။ အနားရောက်တော့မှ ကျွန်တော် ကောင်းကောင်းကြီး မှတ်မိသွားတယ်။ ကောလိပ်တုန်းက ကျွန်တော်နဲ့ကျောင်းနေဖက် အေးမောင်ကြီး ဖြစ်နေတယ်။ အဲဒါနဲ့ ကျွန်တော်လည်း အားရဝမ်းသာနဲ့ ဟော့ အေးမောင်လို့ လှမ်းပြီးခေါ်လိုက်တယ်။ အဲဒီတော့မှ အေးမောင်ကြီးက ကျွန်တော့်ကို ဟိုတစ်နေ့ကမှ လှဖေနဲ့တွေ့လို့ သိရတယ်။ မင်းအလုပ်မှာ စပ်စပန်းရှင်းကျနေတယ်ဆို။ အဲဒါ ငါကယ်မလို့လာတာလို့ ဒီကောင်ကြီးက ပြောတော့တာပဲ။ အဲဒီအခါမှာ ကျွန်တော့်မိန်းမ မမြိုင်က ကျွန်တော့်ကို မဲ့ပြလိုက်တယ်။ ဘာကြောင့် မဲ့ပြသလဲဆိုတော့ ကျွန်တော့်ကို ကယ်ဖို့လာတဲ့ အေးမောင်ကြီးက ဂျပန်ဖိနပ် သဲကြိုးပြတ်ကို ချိတ်နဲ့တွယ်ပြီး စီးထားတယ်။ ပုဆိုးအကွက်ကလည်း အကွက်မပေါ်တော့ဘူး။ ဖာထေးထားတာတွေကလည်း မြင်လို့မကောင်းဘူး။ ရှပ်အင်္ကျီကလည်း ပြဲလို့၊ ချုပ်ထားတဲ့ ချုပ်ရာတွေဟာ ကင်းခြေများတွေတက်နေတဲ့အတိုင်းပဲ၊ ပြီးတော့ လွယ်ထားတဲ့ လွယ်အိတ်ကိုင်းကလည်း ပြတ်လုလုဖြစ်နေပြီ။ အမှန်ပြောရရင် အဲဒီ အေးမောင်နဲ့ ကျွန်တော်နဲ့ဟာ ဒိုင်အေတန်းကတည်းက တက်ခဲ့ကြတာ။ ဒီကောင်ကြီး ကျောင်းထွက်သွားတယ်။ ဘာကြောင့် ထွက်သွားသလဲတော့ မပြောတတ်ဘူး။ ကျွန်တော် ဘွဲ့ရပြီး ကပ်စတန်မှာ ဝင်လုပ်တာပဲ ၁၀ နှစ်ကျော်နေပြီဆိုတော့ ဒီကောင်ကြီးနဲ့ မတွေ့တာ အနည်းဆုံး ၁၂ နှစ်၊ ၁၃ နှစ်ရှိပြီပေါ့။ အမှန်အတိုင်းပြောရရင် ဒီကောင်ကြီးဟာ လူရိုးလူကောင်းကြီးပါ။ အခုလို အဝတ်အစားတွေ စုတ်နုပ်နံ့ချာနေပုံထောက်တော့ စီးပွားရေး မပြေလည်ရှာဘူးနဲ့တူပါရဲ့။ ဒါနဲ့ ကျွန်တော် အေးမောင်ကြီးကို အိမ်ပေါ်ခေါ်ပြီး နေရာထိုင်ခင်းပေးတယ်။ ပြီးတော့ ကျွန်တော်က 'မင်း ကလေးဘယ်နှယောက်လဲ'လို့ မေးလိုက်တယ်။ အဲဒီတော့ သူက 'ဝိဇ္ဇာလမ်းလိုက်နေတာ ဘယ့်နှယ်လုပ် မိန်းမရှိမှာတုံးကွ'လို့ ကျွန်တော့်ကို ပြန်ပြီး ပြောလိုက်တယ်။ အဲဒီတော့ ကျွန်တော်က 'မင်းရဲ့ နေရပ်လိပ်စာလေး ဘာလေး ပြောစမ်းပါဦးကွ'လို့ဆိုတော့ သူက 'ဝိဇ္ဇာမှာ လိပ်စာ



www.burmeseclassic.com

www.burmeseclassic.com

မရှိဘူးကွ လို့ ပြန်ပြီးပြောတယ်။ ပြီးတော့မှ သူက ဘာဆက်ပြောသလဲဆိုတော့ 'စကားတွေ အရှည်ကြီးမပြောချင်ပါဘူးကွာ။ မင်းဒုက္ခရောက်နေလို့ ငါလည်း ကယ်ခွင့်ကယ်ထိုက်လို့လာပြီးကယ်တာ။ အဲဒီတော့ မင်းရဲ့ခါတ်ပုံတစ်ပုံပေး။ ငွေငါးရာပေး'ဆိုပြီး တောင်းတယ်။ အဲဒီတော့ ကျွန်တော်က ကျွန်တော့်မိန်းမဘက်လှည့်ပြီး 'မြိုင်ရေ . . .ငွေငါးရာပေးပါကွယ်'လို့ တောင်းလိုက်တယ်။ အဲဒီအခါမှာ မြိုင်က ကျွန်တော့်ကို မျက်စောင်းတစ်ချက်ထိုးလိုက်တယ်။ သူ့ရဲ့မျက်စောင်းဟာ ကျွန်တော့်ရင်ဝကို ဒေါက်ခနဲ လာပြီးထိသလို ထင်ရတယ်။ ပြီးတော့ အခန်းထဲကို ဓောင့် ဓောင့် ဓောင့်ဆိုပြီး ခြေဆောင့်ဝင်သွားတယ်။ ဒါနဲ့ ကျွန်တော်လည်း လိုင်စင်ပုံလေးတစ်ပုံရှာပြီး အေးမောင်ကြီးလက်ထဲကို ပေးလိုက်တယ်။ အေးမောင်ကြီးလည်း ငွေနဲ့ခါတ်ပုံရတယ်ဆိုရင်ပဲ အချိန်သိပ်မရဘူး ငါသွားတော့မယ်ဆိုပြီး ထွက်သွားတော့တာပဲ။ အေးမောင်ကြီးလည်း ထွက်သွားရော ကျွန်တော်တို့ လင်မယားနှစ်ယောက် စကားများလိုက်ကြတာ မပြောပါနဲ့တော့။

'ရှင့်သူငယ်ချင်းဆိုတာကလည်း စုတ်လိုက်တာလွန်ပါရော။ မတွေ့တာလည်းကြာပြီ။ အဲဒါကိုများ ရှင်က ယုံယုံကြည်ကြည်နဲ့ ငွေငါးရာပေးလိုက်တယ်။ လွန်ပါရော။ ရှင့်ကို ကယ်မယ့်လူရဲ့ အခြေအနေကိုလည်း အကဲခတ်စမ်းပါဦး။ ဒီလောက် ဆင်းရဲနွမ်းပါးနေတဲ့လူက ရှင့်ကို ကယ်နိုင်မလား ကိုစိုးမြင့်ရယ်။ ဒီလောက် ရှင် အ,လို့ န,လို့ ရှင့်ရုံးမှာ စပ်စပင်းရှင်းကျတာပဲ'လို့ အပြစ်တင်တော့တာပဲ ကိုအောင်ထွန်းရေ"

ကိုစိုးမြင့်ဟာ ဒီနေရာအရောက်မှာ စကားကို ရပ်လိုက်ပါတယ်။ အဲဒီအခါမှာ ကျွန်ပ်က ရေနွေးခွက်ကို ငှဲပေးလိုက်တယ်။ ကိုစိုးမြင့်ဟာ ရေနွေးကို ကောက်ပြီးမော့လိုက်တယ်။ အဲဒီအခါမှာ ကျွန်တော်က -

"ခင်ဗျားမိန်းမ အပြစ်တင်မယ်ဆိုလည်း တင်စရာပဲ"

လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ ကိုစိုးမြင့်က သူ့ရဲ့စကားကို ဆက်ပြန်ပါတယ်။

"ဒီလိုလေ ကိုအောင်ထွန်းရေ။ အဲဒီအေးမောင်ဟာ ငွေယူသွားတဲ့နေ့က စပြီး ပေါ်မလာတော့ဘူးဗျို့။ ဒီကောင်လည်း ပေါ်မလာရော ကျုပ်မိန်းမက ကျုပ်ကို ဂျီတိုက်တော့တာပဲဗျို့။ နေ့တိုင်း ဂျီတိုက်တယ်။ ကျုပ်လည်း ဒီကောင့်ကို နေ့တိုင်းကျိန်ဆဲတယ်။ အဲဒီလိုနဲ့ အေးမောင်ကြီးသွားတာ တစ်ပတ်ပြည့်ရော ဆိုပါတော့ဗျာ။ အဲဒီနေ့ ညနေ ၅ နာရီလောက်မှာ အိမ်ရှေ့ကို ဆိုက်ကားသုံး စီးဆိုက်လာတယ်။ ဆိုက်ကားပေါ်မှာ ဒုံမင်းတွေရော၊ ခြောက်လုံးပတ်တွေရော စုံလို့။ ရှေ့ဆုံးက ဆိုက်ကားမှာတော့ အေးမောင်ကြီးပါလာတယ်။ အေးမောင်ကြီးက လက်နှစ်ဖက်နဲ့ ဘုတ်ပြားတစ်ခုကို ကိုင်ထားတယ်။ အဲဒီဘုတ်ပြားကလည်း မမြင်ရဘူးဗျ။ ကတ္တီပါလိုက်ကာလေးနဲ့ အုပ်ထားတယ်။ ကတ္တီပါလိုက်ကာကလေးက ခရမ်းရောင်ကလေးဗျ။ အေးမောင်ကြီးက အိမ်ရှေ့ကိုရောက်တာနဲ့ 'ဟော့…စိုးမြင့်၊ ဟော့…စိုးမြင့်၊ ဆိုက်ကားခလာရှင်းပါကွ'လို့ လှမ်းပြီးတော့ အော်တော့တာပဲ။ အဲဒါနဲ့ ကျွန်တော်လည်း ကပျာကယာပြေးဆင်းသွားပြီး ဆိုက်ကားတစ်စီးကို တစ်ဆယ်ကျပ်နဲ့ ငွေသုံးဆယ်လောက် ရှင်းလိုက်ရတယ်ဗျို့။ အဲဒီအခါမှာ အေးမောင်ကြီးက 'ဖျာတွေဘာတွေခင်းပါကွ။ တို့တီးဝိုင်းစမယ်'လို့ ပြောတယ်။ အဲဒါနဲ့ ကျွန်တော်လည်း အိမ်ပေါ်ပြေးတက်သွားပြီး ဖျာကို ကပျာကယာခင်းရတယ်။ ပြီးတော့ တီးဝိုင်းသမားတွေလည်း ဖျာပေါ်မှာ ထိုင်မိတာနဲ့ တစ်ပြိုင်နက် ဒေါင်ဒင်၊ ဒေါင်ဒင်နဲ့ ကြိုးညှိကြတော့တာပဲဗျို့။ ကျွန်တော့်ကို အေးမောင်ကြီးက ဘုရားစင်ရှေ့မှာ စားပွဲခုံတစ်လုံးခင်းခိုင်းတယ်။ ပြီးတော့ စားပွဲပေါ်မှာ စောစောက ကတ္တီပါလိုက်ကာနဲ့ ပိတ်ထားတဲ့ ဘုတ်ပြားကို ထောင်လိုက်တယ်။ ပြီးတော့ အေးမောင်ကြီးက ကျွန်တော့်ကို "ဟော့ကောင် စိုးမြင့်၊ ငါ့လူတွေအတွက် လက်ဖက်ရည်တွေဘာတွေ လုပ်ပါကွ။ သူတို့က မေတ္တာနဲ့လာပြီး ကူညီကြတာ"လို့ ပြောလိုက်တယ်။ အဲဒီတော့ ကျွန်တော်လည်း ကျွန်တော့်မိန်းမ မမြိုင်ဆီသွားပြီး လက်ဖက်ရည်တွေ၊ မုန့်တွေစီစဉ်ဖို့ ပြောရတော့တာပေါ့ဗျာ။ မမြိုင်လည်း တခွခွတဆောင့်ဆောင့်နဲ့ ပလီန်းကိတ်တွေ၊ သကြားတွေ နို့ဆီတွေ သွားဝယ်ရတော့တာပေါ့ဗျာ။ ပြီးတော့ တီးဝိုင်းကို လက်ဖက်ရည်တွေ၊ ပလီန်းကိတ်တွေ တိုက်ရကျွေးရတယ်။ တစ်လမ်းလုံးကလည်း စိတ်ဝင်စားနေတယ်။ တစ်လမ်းလုံး လည်း ကျွန်တော်ဟာ အလုပ်မှာ စပ်စမိုင်းကျနေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

လည်း သိကြတယ်။ အဲဒီအခါမှာ ကျွန်တော့်အိမ်က တီးဝိုင်းတွေဘာတွေတီးတဲ့အသံ ကြားကြတော့ ပိုပြီးစိတ်ဝင်စားကြတာပေ့ါ။ အဲဒီတော့ ပထမကလေးတွေ လွှတ်လိုက်တယ်။ ကလေးတွေရောက်လာတယ်။ ပြီးတော့မှ ကလေးကိုလိုက်သလို ဘာလိုလိုနဲ့ လူကြီးတွေရောက်လာကြတယ်။ လူကြီးတွေရောက်လာတော့ ကျွန်တော်လည်း မနေသာတော့ဘူးပေ့ါဗျာ။ အိမ်ပေါ်ကိုခေါ်ပြီး လက်ဖက်ရည် လေးဘာလေး တိုက်ရတော့တာပေ့ါဗျာ။ အဲဒီအချိန်မှာ အေးမောင်ကြီးက ကျွန်တော့်ရဲ့ဓာတ်ပုံကို ပန်ကာရွက်မှာကပ်တယ်။ ပြီးတော့ ပန်ကာရွက်ရှေ့တည့်တည့်မှာ တုတ်တစ်ချောင်းကိုထောင်ထားတယ်။ ပြီးတော့ ပန်ကာကိုလှည့်လိုက်တယ်။ ကျွန်တော်က ဘာလုပ်တာလဲလို့မေးတော့ -

'မင်းမှာ မင်္ဂနက်အားတွေ တော်တော်နည်းနေလို့ မင်္ဂနက်ဓာတ်တွေ သွင်းပေးနေတာ'

လို့ ပြန်ပြီးဖြေတယ်။ အဲဒီအချိန်မှာပဲ အေးမောင်ကြီးဟာ နာရီကိုကြည့်လိုက်ပြီး သူ့တီးဝိုင်းကို အချက်ပြလိုက်တယ်။ တီးဝိုင်းကစပြီး တီးတော့တာပဲဗျို့။ တီးတဲ့တီးလုံးကလည်း သိကြားမင်း မိုးပေါ်ကဆင်းတဲ့ တီးလုံးမျိုးဗျ။ အဲဒီအချိန်မှာ အေးမောင်ကြီးဟာ သူယူလာတဲ့ဘုတ်က ကတ္တီပါလိုက်ကာကြီးကို ကြိုးနဲ့ တဖြည်းဖြည်းချင်းဆွဲဖွင့်တယ်။ အောက်က ဆီဆေးနဲ့ရေးထားတဲ့ ပန်းချီကားလေးပေါ်လာတယ်။ တောတန်းလေးတစ်ခုရဲ့ပုံဗျ။ ထန်းပင်ကလေးတွေဘာလေးတွေလည်း တွေ့ရတယ်။ လူတွေအားလုံးလည်း ရှေ့ကိုတိုးလာကြတယ်။ တဖြည်းဖြည်းနဲ့ လိုက်ကာက အပေါ်ကိုတက်သွားတယ်။ အဲဒီမှာ ပုံကို ပြတ်ပြတ်သားသား တွေ့ရတော့တာပေ့ါဗျာ။ သိကြားမင်းက ကောင်းကင်ကနေပြီး ဆင်းလာပြီး လူတစ်ယောက်ကို ကုတ်ကနေဆွဲမြှောက်ထားတဲ့ပုံဗျ။ အဲဒီလူကလည်း လေထဲမှာ ခြေကားယား၊ လက်ကားယားဖြစ်နေတယ်။ အဲဒီ ခြေကားယား၊ လက်ကားယား ဖြစ်နေတဲ့ပုံကို ဘယ်သူလဲလို့ အနားကပ်ကြည့်လိုက်တော့ ကျွန်တော့်ပုံဖြစ်နေတယ်ဗျို့။ ပန်းချီဆရာကလည်း တော်လိုက်တာဗျို့။ ကျွန်တော်နဲ့ ချွတ်စွပ်တူအောင် ဆွဲနိုင်တယ်။ ကလေးတွေက 'ကိုစိုးမြင့်ကြီး...ကိုစိုးမြင့်ကြီး'လို့ ဝိုင်းပြီးအော်ကြတယ်။ လူကြီးတွေက ကျွန်တော့်မျက်နှာကို ကြည့်ပြီး ပြုံးကြတယ်။ ကျွန်တော့်မှာ ရှက်လိုက်တာ မပြောနဲ့တော့ဗျို့။ ပန်းချီကားရဲ့ထိပ်မှာလည်း စာတန်းတစ်ခု ပါသေးတယ်။ 'အဂ္ဂိသား မောင်စိုးမြင့်ကို သိကြားမကိန်းဆိုက်လေပြီ'ဆိုတဲ့ စာတန်းပဲဗျို့။ ကျွန်တော့်မှာ ငိုရခက်၊ ရယ်ရခက်ဗျာ။ လူတွေက ဘယ်လိုထင်ကြသလဲဆိုတော့ စိုးမြင့်ဟာ စပ်စပင်းရှင်းကျတာနဲ့ ရူးကြောင်မူးကြောင်ဖြစ်သွားတယ်လို့ ထင်ကြတယ်ဗျို့။ ကျွန်တော့်မှာ ငွေလည်းကုန်သေးရဲ့။ အရှက်လည်း အခွဲခံရဆိုသလိုဖြစ်နေတယ်။ ကျွန်တော့်မိန်းမ မမြိုင်ဆိုတာလည်း ဒေါပွလို့ ဝုန်းဒိုင်းကြဲနေတာပဲ။ ပြီးလည်းပြီးရော အေးမောင်ကြီးဟာ အဲဒီပုံကို ကျွန်တော့်ဧည့်ခန်းမှာ နေရာရွေးပြီး ချိတ်တော့တာပဲ။ ပြီးတော့ ဧည့်သည်တွေပြန်သွားတယ်။ အဲဒီအခါမှာ အေးမောင်နဲ့ တီးဝိုင်းသမားတွေလည်း ပြန်သွားကြတယ်။ ပြန်ခါနီးမှာ အေးမောင်ကြီးက ဒီပန်းချီကားဟာ မင်းပေးတဲ့ငွေငါးရာနဲ့ မရဘူးကွ။ နာမည်ကြီး ပန်းချီဆရာကြီးဆွဲတာ။ ဒါကြောင့် ဆိုင်းတော့မထိုးဘူး။ ရေးပေးပါ့မယ်ဆိုပြီး ရေးပေးလိုက်တာ။ ဒီပန်းချီကားတစ်ချပ်တည်းဟာ သုံးထောင်လောက်တန်တယ်။ ဟောဒီတီးဝိုင်းသမားတွေကလည်း ငါ့ကို မေတ္တာနဲ့ လာကူညီကြတာ။ အဲဒီတော့ မင်းငါ့ကို ဆိုက်ကားခပေးကွာ။ သူတို့ပြန်သွားတယ်ဆိုရင်ပဲ မမြိုင်ဟာ ကျွန်တော့်ကို ဆူတော့တာပဲ။ ရှင့်ဟာကလည်း ငွေလည်းကုန်သေး အရှက်လည်းကွဲသေးဆိုပြီး ကျွန်တော့်ကို ဆူပူတော့တာပဲဗျို့"

ကိုစိုးမြင့်သည် ထိုနေရာအရောက်၌ စကားကို ရပ်လိုက်ပြန်၏။ ကျွန်ုပ်သည် ရေနွေးကြမ်းငှဲ့ပေးလိုက်ပြန်၏။ ကိုစိုးမြင့်သည် ရေနွေးကြမ်းကိုသောက်၏။ ထိုအချိန်၌ ကျွန်ုပ်က -

"နောက် ဘာဖြစ်သေးလဲ"

ဟု မေးလိုက်ပြန်၏။

"နောက် ဘာဖြစ်ရမလဲ ကိုအောင်ထွန်းရယ်။ နောက်တစ်နေ့မနက် ၁၁ နာရီလောက်မှာ ကပ်စတန်ရုံးက စာပို့ရောက်လာတယ်။ ကျွန်တော့်နာမည်နဲ့ စာတစ်စောင်လာပေးတယ်။ ကျွန်တော်လည်း အဲဒီစာကိုလှမ်းယူပြီး ကပျာကယာဖောက်ကြည့်လိုက်တယ်"

ဟု ကိုစိုးမြင့်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တကာ ဘာစာလဲဗျ"

ဟု ကျွန်ုပ်က ဝင်၍မေးလိုက်လေ၏။

"ဘာစာရမလဲဗျာ။ ရုံးစာပေါ့။ ကျွန်တော့်ကို အလုပ်က တစ်ခါတည်း ထုတ်ပစ်လိုက်ပြီဆိုတဲ့ ဖြုတ်စာပေါ့။ ကျွန်တော် လည်း အဲဒီစာကို ဖတ်လိုက်ရတာနဲ့တစ်ပြိုင်နက် "ခွေးမသား အေးမောင်ကြီး။ မင်းကတော့ ငါ့ကိုသိကြားမပြီပေါ့ကွာ" အလုပ်က တစ်ခါတည်း ဖြုတ်ပစ်လိုက်တယ်။ အဲဒီမှာ ကျွန် တော့်မိန်းမ မမြိုင်လည်း ထွက်လာပြီး ကျွန်တော့်လက်ထဲ ကစာကို ဆွဲယူကြည့်လိုက်တယ်။ ပြီးတော့ ရှင့်သူငယ်ချင်း လုပ်ပေးတဲ့ သိကြားမင်းကတော့ ရှင့်ကို ကောင်းကောင်းကြီး မပြီပေါ့။ အခုတော့ အလုပ်ပြုတ်စာလာပြီ။ နောက်တစ်ခါ လာရင် ထောင်ကျမယ့်စာပဲဖြစ်မယ်"လို့ ပြောပြီး ခြေထောက် ကို တဒိုင်းဒိုင်းဆောင့်ပြီး အိမ်ထဲကိုဝင်သွားပါတယ်"

ဟု ကိုစိုးမြင့်က ပြောလေ၏။ ကျွန်ုပ်လည်း ရယ်ရ သေးတော့၏။ ကျေနပ်အောင် ရယ်ပြီးနောက် -

"နောက် ဘာဖြစ်သေးသလဲ ကိုစိုးမြင့်ရဲ့"

ဟု မေးလိုက်၏။ ထိုအခါ ကိုစိုးမြင့်က -

"လမ်းထဲကလူတွေဗျာ ကိုစိုးမြင့် သိကြားမကိန်း ဆိုက်ပြီလားလို့ မေးကြတယ်။ ကျွန်တော့်မှာ အခြောက်တိုက် အရှက်ရနေတော့တာပဲ။ အဲဒါကြောင့် ကျွန်တော်လည်း အိမ် ထဲကအိမ်ပြင်ကို မထွက်ဘဲ အိမ်ထဲမှာပဲ အောင်းနေရ တာ။ တစ်လလောက် အိမ်တွင်းအောင်းနေတယ်ဆိုရင်ပဲ ကျွန်တော့် မိန်းမက ကျွန်တော့်ကို မကြည်ဖြူတော့ဘူးဗျို့။ အဲဒီတော့ ကျွန်တော့်မိန်းမက "ရှင် ဒီလိုပဲ အိမ်တွင်းအောင်းနေလို့ ပြီးမလား။ အလုပ်လေးဘာလေး မရှာတော့ဘူးလား"ဆိုပြီး နားပူနားဆာလုပ်တော့တာပဲ ကိုအောင်ထွန်းရေ။ အဲဒီတော့ ကျုပ်လည်း ထီးလေးတစ်လက်ဆွဲပြီး အလုပ် ရှာမယ်ဆိုပြီး ထွက်လာလိုက်တာ ပဒီနီကားဂိတ်လည်းရောက်ရော ရန်ကုန် ဘက်ကိုထွက်မယ့်ကား အဆင်သင့် မရောက်သေးတာနဲ့ ကားစောင့်နေရတယ်ဗျို့။ အဲဒီအချိန်မှာပဲ ဒညင်းကုန်းဘက်က အဝေးပြေးကားကြီးတစ်စီး ကျွန်တော့်ရှေ့က ဖြတ်မောင်းသွား တယ်။ ဒီကားပေါ်က လူတစ်ယောက်က ကားပြတင်းပေါက် ကနေ ခေါင်းကြီးထွက်ပြီး 'ဟေ့ . . .စိုးမြင့်၊ ငါလာမယ် ငါလာမယ်'လို့ အော်တယ်။ ဒါနဲ့ အဲဒီလူကို လှမ်းကြည့် လိုက်တော့ ကျွန်တော့်ကို သိကြားမအောင်. လုပ်ပေးတဲ့ အေးမောင်ကြီးဖြစ်နေတယ်။ အဲဒါကြောင့် ကျွန်တော်က လည်း 'လာခဲ့လာခဲ့'လို့ လှမ်းပြီးခေါ်တယ်။ အေးမောင်ကြီးက ကားကိုရပ်ခိုင်းပြီး ကပျာကယာ ကားပေါ်ကဆင်းပြီး ကျွန်တော့် ဆီကိုလာတယ်။ ကျွန်တော့်အနားလည်းရောက်ရော အေးမောင်ကြီးက 'ဟေ့ . . .စိုးမြင့်၊ ထူးပြီလား'လို့ လှမ်းမေး လိုက်တယ်။ အဲဒီမှာပဲ ကျွန်တော်က 'သိပ်ထူးတာပေါ့ အေးမောင်ကြီးရာ။ မင်းရဲ့သိကြားမကိန်းလုပ်ပြီး နောက်တစ်နေ့ မှာပဲ အလုပ်ပြုတ်သွားတာပဲ'လို့ ပြောလိုက်တယ်ဆိုရင်ပဲ အေးမောင်ကြီးဟာ လက်ခုပ်လက်ဝါးတီးပြီး 'အောင်ပြီ အောင်ပြီ'လို့ အော်လိုက်တယ်။ အဲဒီလို အော်ပြီးတော့မှ အေးမောင်ကြီးက "ငါ မင်းကို မမှာခဲ့မိဘူး။ သိကြားမင်းက လခစားအလုပ်သမားကို မမနိုင်ဘူးကွ။ သိကြားမင်းက မသည်ဖြစ်စေ၊ မ,မသည်ဖြစ်စေ လကုန်ရင် ဒီလခကို ရမှာပဲလေကွာ။ သူက အပြင်လူမှမနိုင်တာကွ။ ဒါကြောင့် မင်းကို အလုပ်ပြုတ်အောင် လုပ်လိုက်တာ။ မင်းအနေနဲ့ ကျိန်းသေကြီးပွားပြီးမှတ်ပေတော့။ ကဲ . . .ငါသွားပြီဆိုပြီး နောက်ထပ် ဒညင်းကုန်းကားတစ်စီးကိုတားပြီး လိုက်သွားပါ လေရောဗျို့။ ကျွန်တော်လည်း ဒီကောင့်ကိုငေးပြီး ကျန်ရစ်ခဲ့ တယ်"

ဟု ပြောလိုက်ပြန်လေ၏။ ကျွန်ုပ်လည်း ရယ်ရသေး တော့၏။ ထို့နောက် ကျွန်ုပ်က -

"ပြီးတော့ ဘာတွေဖြစ်သေးသလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ ကိုစိုးမြင့်က -

"အေးမောင်ကြီးလည်း ထွက်သွားရော ကျွန်တော့်နား ကို စက်ဘီးနဲ့လူတစ်ယောက် ရောက်လာတယ်။ အဲဒီလူ ကို လှမ်းပြီးကြည့်လိုက်တယ်။ ကျွန်တော်နဲ့ ခင်မင်သိကျွမ်း တဲ့ မြူနီစပယ်အတွင်းရေးမှူးကလေးက ကျွန်တော့်ကို 'ကိုစိုး မြင့် စိတ်မဆိုးနဲ့နော်။ ကျွန်တော်က ရိုးရိုးမေးတာ။ အလုပ် ပြုတ်သွားပြီလို့ကြားတယ်။ အဲဒါအဟုတ်ပဲလား'လို့ မေး လိုက်တယ်။ ကျွန်တော်က 'အဟုတ်ပဲ။ အခု အလုပ်ရှာမလို့ ထွက် လာတာ'လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ မြူနီစပယ် အတွင်းရေးမှူးကလေးက 'အလုပ်မရှာပါနဲ့ဗျာ။ လက်ဖက်ရည် ဆိုင်ဖွင့်စမ်းပါ'လို့ သူက ပြောတယ်။ 'နေစမ်းပါဦး ငါလာ့ယ်။

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ နေရာမှမရှိဘဲ' ဟီးနိုးဂိတ်နားက ခွေးသေးပန်းပင်တွေ ပေါက်နေတဲ့ ကွက်လပ်ကြီးကို လက်ညှိုးထိုးပြလိုက်တယ်။ ပြီးတော့မှ 'အဲဒါ ကျုပ်တို့ မြူနီစပယ် ကပိုင်တဲ့ ကွက်လပ်ကြီးပဲ။ ခင်ဗျားဖွင့်ချင်ရင် ကျုပ်တို့အလုပ်သမားတွေနဲ့ အခုပဲရှင်းပေးလိုက်မယ်'လို့ ပြောရှာတယ်။ အဲဒီတော့လည်း ကျွန်တော်က 'မြေရှင်းပေးရုံနဲ့ လက်ဖက်ရည်ဆိုင်မဖြစ်သေးပါဘူး။ ဆိုင်တွေဘာတွေဆောက်ဖို့ လိုသေးတယ်မဟုတ်လား'လို့ မေးလိုက်တယ်။

'အဲဒါလည်း မခက်ပါဘူးဗျာ။ ကျွန်တော်နဲ့ခင်တဲ့ ဝါးခနီအသိဆိုင်တွေ ရှိပါတယ်။ ကျွန်တော်အကြွေးယူပေးပါ့မယ်။ ဆိုင်ဆောက်ဖို့ လက်သမားတွေလည်း ကျွန်တော့်မှာရှိပါတယ်။ ကျွန်တော်ပဲ ဆောက်ပေးပါ့မယ်။ နောက်တော့ ကြွေးပြန်ဆပ်တာပေါ့'လို့ ပြောလိုက်တယ်။ အဲဒီတော့လည်း ကျွန်တော်က 'ဒီမှာ မြူနီစပယ်အတွင်းရေးမှူးလေး။ လက်ဖက်ရည်ဆိုင်ဆိုတော့ စားပွဲတွေ၊ ကုလားထိုင်တွေ၊ မုန့်ထည့်ဖို့ မှန်ပုံးတွေလိုသေးတယ် မဟုတ်လား။ အဲဒီအတွက်လည်း မပူပါနဲ့ ကိုစိုးမြင့်ရယ်။ အခွန်မဆောင်နိုင်လို့ လမ်းဘေး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ကျွန်တော်တို့သိမ်းထားတယ်။ အဲဒါ ခုဖြတ်ပြီးပြီ။ ခင်ဗျားကို ကျွန်တော် အကြွေးနဲ့ ရောင်းမယ်'လို့ ပြောရှာတယ်။ အဲဒီတော့ ကျွန်တော်က 'စားပွဲတွေ၊ ကုလားထိုင်တွေ၊ မုန့်ပုံးတွေ၊ ပန်းကန်လုံးတွေ ရှိရုံနဲ့လည်း မပြီးသေးဘူး။ မြူနီစပယ်အတွင်းရေးမှူးလေးနဲ့ သကြားတွေ၊ လက်ဖက်ခြောက်တွေ၊ နို့ဆီတွေရှိရမယ်'လို့ ကျွန်တော်က ပြောလိုက်တယ်။ အဲဒီအခါ မြူနီစပယ်အတွင်းရေးမှူးလေးက အဲဒီအတွက်လည်း စိတ်မပူပါနဲ့။ မုန့်သမားကို အခုပဲ လွှတ်လိုက်ပါ့မယ်။ မုန့်တွေရောင်းပြီးမှ ပိုက်ဆံပေးရတာဗျ။ ပြီးတော့ နို့ဆီတို့၊ လက်ဖက်ခြောက်တို့ သကြားတို့က အကြွေးရပါတယ်ဗျ။ လက်ဖက်ရည်ဖျော်သမားလည်းရှိတယ်။ စားပွဲထိုးတွေလည်းရှိတယ်။ ခင်ဗျားကို ကြွေးနဲ့ရောင်းမယ့် ပစ္စည်းတွေထဲမှာ ပိုက်ဆံထည့်ဖို့ သစ်သားသေတ္တာလေးတောင် ပါသေးရဲ့'လို့ ပြောရှာတယ်။ အဲဒီတော့ ကျွန်တော်က 'ဒီမှာ မြူနီစပယ်အတွင်းရေးမှူးကလေး။ အဲဒါတွေရှိရုံနဲ့ မပြီးသေးဘူးဗျ။ ဆိုင်ဘုတ်က လိုသေးတယ်လေဗျာ'လို့ ပြောလိုက်တယ်။ မြူနီစပယ် အတွင်းရေးမှူးကလေးက 'ဟောဟိုက လမ်းဘေးမှာထိုင်နေတဲ့ ကားနံပါတ်ရေးတဲ့ ကောင်လေးဟာ ကျွန်တော့်ကိုသိပ်ကြောက်တယ်ဗျ။ ကျွန်တော် အခုပဲ ဆိုင်းဘုတ်သွားရေးခိုင်းလိုက်ပါ့မယ်။ စိုးမြင့်ကဖီးပေါ့ဗျာ'လို့ ပြောရှာတယ်။ အဲဒီတော့ ကျွန်တော်က တစ်ခုထပ်ပြောမယ်လို့လည်း ပါးစပ်ပြင်လိုက်ရော မြူနီစပယ်အတွင်းရေးမှူးလေးက 'ဘာမှပြောမနေနဲ့ ကိုစိုးမြင့်။ ကျွန်တော် အစအဆုံးလုပ်ထားမယ်။ မနက်ဖြန်မနက် ၅ နာရီလောက်ထလာပြီး ကောင်တာ လာထိုင်ရုံပဲ။ အခု အိမ်ပြန်ပြီး စောစောအိပ်တော့။ မနက်ဖြန်စောစော ထလာခဲ့'လို့ ပြောတော့တာပဲ။ အဲဒါနဲ့ ကျွန်တော်လည်း ဘာမှထပ်ပြီးမပြောတော့ဘဲ အိမ်ကိုပြန်လာတယ်။ ကျွန်တော့်မိန်းမကို ငါလက်ဖက်ရည်ဆိုင်ဖွင့်တော့မယ်လို့ ပြောတော့ ကျွန်တော့်မိန်းမက ရယ်တယ်။ ကျွန်တော်က မရယ်နဲ့။ မယုံရင် မနက်ဖြန်ကျမှကြည့်လို့ ပြောလိုက်တယ်။ နောက်နေ့မနက် ၅ နာရီလောက်မှာ ကျွန်တော်နဲ့ မမြိုင်ဟာ အင်းစိန် ဟီးနိုးကားဂိတ်ကို ထွက်လာခဲ့ကြတယ်။ ဟီးနိုးကားဂိတ်နားလည်းရောက်ရော မဒမတိုင်၊ ခနီမိုးနဲ့ စိုးမြင့်ကဖီးလို့ ဆိုင်းဘုတ်ကြီးတပ်ထားတဲ့ လက်ဖက်ရည်ဆိုင်ကြီးကို ဘွားခနဲမြင်ရပါလေရောဗျို့။ အဲဒီတော့မှ မမြိုင်လည်း ကိုစိုးမြင့်ပြောတာဟုတ်သားပဲလို့ ပြောရှာတယ်။ အဲဒီမှာ မြူနီစပယ်အတွင်းရေးမှူးလေးလည်း ရောက်နေတယ်။ သူက 'ကဲ···ကိုစိုးမြင့် ဟောဒီကောင်တာမှာထိုင်တော့။ စားပွဲထိုးတစ်ယောက်ကို တစ်နေ့သုံးကျပ် ရှင်းပေးရမယ်။ လက်ဖက်ရည်ဖျော်သမားကို တစ်နေ့ ခြောက်ကျပ်ရှင်းပေးရမယ်။ ကုလားမခြင်းဆွဲတံဆိပ် နို့ဆီဘူးတစ်ဘူးကို ဆယ့်ခြောက်ခွက်ကနေ ခွက်နှစ်ဆယ်အတွင်း ဖျော်လို့ရတယ်။ လက်ဖက်ခြောက်ကတော့ ရွှေနှင်းဆီနဲ့ ရွှေဒင်္ဂါးစပ်ထားတယ်။ အဲဒါက နှစ်ရည်အထိသုံးနိုင်တယ်။ အကြမ်းခြောက်ကတော့ ရွှေဖီမိုးလွတ်နဲ့ ရိုးရိုးအကြမ်းခြောက် စပ်ပြီးထားတယ်။ ကဲ···လက်ဖက်ရည်ဆိုင်ရှင်ကြီး လုပ်ပေတော့။ ကျုပ်သွားမယ်ဆိုပြီး ထွက်သွားရှာတယ်။ အဲဒီနေ့မှာပဲ ငွေသုံးထောင်ဖိုး ရောင်းရတယ်။ အဲဒီနေ့ကရတဲ့ အမြတ်ငွေနဲ့ပဲ မြူနီစပယ်အတွင်းရေးမှူးလေးကို အကြွေးဆပ်လိုက်နိုင်တယ်။ အနားကလည်း ဆိုင်ပြိုင်မရှိဘူးဗျ။ ခရီးသည်တွေ အရိပ်ခိုဖို့လည်း မရှိဘူးဆိုတော့ ကျွန်တော့်ဆိုင်ကို

www.burmeseclassic.com

*စွပ်ပြီးဝင်ကြတာပေါ့။ ရလိုက်တဲ့ပိုက်ဆံဆိုတာ မပြောပါနဲ့တော့ဗျာ။ တစ်နှစ်အတွင်းမှာပဲ အိမ်ဆောက်နိုင်တယ်။ ကားဝယ်စီးနိုင်တယ်။ အဲဒီအခါမှာ ကျွန်တော့်မိန်းမရော ကျွန်တော့်လမ်းထဲက လူတွေရော သိကြားမတယ်ဆိုတာ တကယ်ပဲနေ်လို့ ပြောကြတယ်ဗျို့"ဟု ကိုစိုးမြင့်က ရှည်လျားစွာ ကျွန်ုပ်အား ပြောပြလေ၏။*

*ကျွန်ုပ်သည် ကိုစိုးမြင့်သောက်ရန်အတွက် ရေနွေးတစ်ခွက် ငှဲ့ပေး၏။ ကိုစိုးမြင့်က ရေနွေးကိုယူပြီး သောက်လိုက်၏။*

*"နောက်တော့ ဘယ်လိုဖြစ်သလဲဗျ"*

*ဟု ကျွန်ုပ်က မေးလိုက်လေ၏။ အဲဒီအခါမှာ ကိုစိုးမြင့်က -*

*"အဲဒီနေရာမှာ သုံးနှစ်လောက် ကျွန်တော် ဆိုင်ဖွင့်ခဲ့တယ်။ သုံးနှစ်လည်းပြည့်ရော မြူနီစပယ်က အဲဒီနေရာမှာ ဈေးဆောက်မယ်ဆိုပြီး ကျွန်တော့်ကို မြူနီစပယ်ကဖယ်ခိုင်းတော့ ကျွန်တော်လည်း ဖယ်ပေးလိုက်ရတယ်။ အဲဒီလိုဖယ်ပေးပြီး တစ်ပတ်ကြာတဲ့အခါမှာ ကျွန်တော် ဆိုင်နေရာရှာမယ်ဆိုပြီး ဟီးနိုးဂိတ်ကို ထွက်လာခဲ့တယ်။ ကျွန်တော့်ကားကလည်း ပျက်နေတော့ ဟီးနိုးနဲ့သွားမလို့ပေါ့ဗျာ။ ကျွန်တော်က ကား စောင့်နေတုန်းမှာ ဒညင်းကုန်းကားတစ် စီးက ကျွန်တော့်ရှေ့က ဖြတ်သွားတယ်။ အဲဒီကားပေါ်က လူတစ်ယောက်ဟာ ခေါင်းကြီးထွက်လာပြီး ကျွန်တော့်ကို လှမ်းခေါ်တယ်။ "ဟေ့…စိုးမြင့်၊ နေဦး…နေဦး"ဆိုပြီး ကားပေါ်က လှမ်းပြီးအော်တာနဲ့ ကျွန်တော်လည်း ကြည့်လိုက်တယ်။ ကျွန်တော့်သူငယ်ချင်း အေးမောင်ကြီး ဖြစ်နေတယ်။ ကျွန်တော် ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ အေးမောင်ကြီးဟာ ကားကိုရပ်ခိုင်းပြီး ကျွန်တော့်ဆီကို လျှောက်လာတယ်။ ကျွန်တော့်ဆီကိုလည်းရောက်ရော သူက 'ဘယ်လိုလဲ'လို့ မေးလိုက်တယ်။ အဲဒီတော့ ကျွန်တော်ကလည်း သုံးနှစ်လောက် စီးပွားတက်ခဲ့ကြောင်း။ အဲဒီအတွက်လည်း ကျေးဇူးတင်ကြောင်း။ သိကြားမကိန်း ထပ်ပြီးလုပ်ပေးရန်လိုကြောင်း ပြောတာပေါ့ဗျာ။ အဲဒီတော့ အေးမောင်ကြီးဟာ ခေါင်းကို တွင်တွင်ခါတယ်။ ပြီးတော့ -*

*"ဒီမှာစိုးမြင့် သိကြားမင်းဆိုတာ တစ်သက်မှာ တစ်ကြိမ်ပဲ မတာကွ။ ထပ်ပြီးလုပ်လို့မရဘူး။ ငါသွားတော့မယ်လို့ဆိုပြီး ထွက်သွားတော့တာပဲ။ ကျွန်တော်လည်း သူ့နောက်ကျောကို ငေးပြီးကျန်ရစ်ခဲ့တယ်"*

*ဟု ပြောလေတော့၏။*

*ကျွန်တော်တို့ စကားဝိုင်းပြီး နောက် ဦးအုန်းညွန့်က "အိမ်ကျရင် သမီးနွယ်နွယ့်ကိုပဲ လုပ်ခိုင်းရမှာပဲ။ သူက ဒီကိစ္စတွေ စိတ်ချရတယ်ဟုပြောပြီး ဆိုင်ကယ်လေးစီးကာ ပြန်သွားလေတော့၏။*

***(သိကြားမင်း ရေစင်သွန်းနေရာ အောက်တွင် မိမိတို့၏ ပတ်စပို့ဓာတ်ပုံကိုကပ်ပြီး ချိတ်ထားခြင်းဖြင့် လုပ်ငန်းကိုင်ငန်းအဆင်ပြေနိုင်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။)***

**မောင်မောင်မြင့်အေး**

---

**သိကြားမင်းလောင်းကျင့်ဝတ် (၇)ပါး**

**(လူ့သူတော်ကောင်းကျင့်ဝတ် (၇) ပါး)**

၁။ မိဘတို့ကို ပြုစုလုပ်ကျွေးပါ။ (မာတာပေတ္တိဘရဂုဏ်)
၂။ ကြီးသူတွေကို ရိုသေပါ။ (ကုလေဇေဋ္ဌာပစာယီဂုဏ်)
၃။ နူးညံ့သိမ်မွေ့တဲ့စကား ပြောပါ။ (သဏှ, သခိလဂုဏ်)
၄။ ညီညွတ်ရေးစကားပြောပါ။ (ကုန်းတိုက်၊ ခွဲခြမ်းတဲ့စကားမဆိုရ) (အပိသုဏဝါစာဂုဏ်)
၅။ နှမြောစိတ်ဖယ်၍ အလှူဒါနရက်ရောပါ။ (သဝန်တိုမှုနည်းရမည်) (မစ္ဆေရဝိနယဂုဏ်)
၆။ မှန်တဲ့စကားပြောပါ။ (သစ္စာစောင့်ပါ) (သစ္စဝါစာဂုဏ်)
၇။ ဒေါသမထားနဲ့။ (အမျက်ဒေါသကို ထိန်းချုပ်ပါ ပယ်ဖျက်ပါ) (အက္ကောဓဂုဏ်)

မှတ်ချက်။ ။ ဤကျင့်ဝတ် ခုနစ်ပါးကို ကောင်းစွာ ကျင့်သုံးသူဟာ သေလျှင် သိကြားနတ်မင်းကြီး ဖြစ်နိုင်တယ်လို့ (မောင်မာယဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ၊ ပ-၁၇၂) မှာ မြတ်စွာဘုရားရှင် ဟောတော်မူတယ်။ သံယုတ်ပါဠိတော် ပထမတွဲ ၂၃၀ မှာလည်း ထိုအတူ ဟောတော်မူတယ်။ လူ့သူတော်ကောင်း ဖြစ်လိုသူများ ရိုသေလိုက်နာ ကျင့်သုံးကြရာ၏။



www.burmeseclassic.com

www.burmeseclassic.com

# သူခိုးအန္တရာယ်မှ ကင်းဝေးစေသည့် ယတြာ

ဝင်းဇော်(သုံးဆယ်)

အဘိုးဖြစ်သူ ဗေဒင်ဆရာကြီး၊ တိုင်းရင်းမြန်မာဆေးဆရာကြီး အဂ္ဂဝိဇ္ဇာဆရာသိန်းက ကျွန်တော့်ကို ဗေဒင်ပညာ၊ ဆေးပညာကို သင်ကြားပေးသည်။ သည်ပညာများကို သင်ကြားနေစဉ်ကာလမှာပင် အဘိုးဆရာသိန်းက လူကြီးရောဂါဖြင့် သေဆုံးသွားသဖြင့် ပညာတစ်ပိုင်းတစ်စသာ တတ်ခဲ့ရသည်။ အခြားဆရာများထံမှ ပညာကို ဆက်လက်ဆည်းပူးခဲ့ရသည်။

အသိမိတ်ဆွေများက ကျွန်တော့်ကို ဆိုင်ခန်းဖွင့်၍ ဗေဒင်ဟောရန် တိုက်တွန်းသည်။ တိုင်းရင်းမြန်မာဆေးခန်းဖွင့်ရန် ပြောကြသည်။ ကျွန်တော်က စာရေးခြင်းကို ဝါသနာပါသည်။ စာရေးခြင်းဖြင့်သာ ဘဝရပ်တည်ချင်သည်။

သို့သော်လည်း အသိမိတ်ဆွေများက အကူအညီတောင်းသည့်အခါ မိမိတတ်ထားသောပညာဖြင့် အကူအညီပေးခဲ့ဖူးသည်။ ကျွန်တော်ပေးသော ယတြာများသည် အစွမ်းထက်လှသည်ဟု ဆိုကြသည်။ ကျွန်တော် ကြုံတွေ့အကူအညီပေးခဲ့ရသော ဖြစ်ရပ်များကို ဂျာနယ်မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၎င်းဆောင်းပါးများကို အစွမ်းထက်သောယတြာများ အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးပါသည်။


တစ်နေ့တွင် ကျွန်တော်သည် အထက်အညာဒေသမှ မိတ်ဆွေတစ်ဦးထံသို့ အလည်အပတ်သွားမိသည်။ ထိုရွာတွင် ညတိုင်း သူခိုးခိုးခံရသည်။ သူခိုးကိုလည်းမမိ။ အိမ်ရှင်တိုင်းသည် ငါတို့ ဘယ်နေ့ သူခိုးခိုးခံရမလဲဟု တွေးပူကာ စိုးရိမ်နေကြသည်။ ကျွန်တော့်မိတ်ဆွေလည်း အပါအဝင်ဖြစ်သည်။


အန္တရာယ်ကင်းရှင်း၍ သူခိုးရန်မှ ကင်းဝေးစေသည့် ယတြာကို ကျွန်တော် သတိရသွားမိသည်။ အဘိုးဆရာသိန်းမြပေးထားသော ယတြာဖြစ်ပါသည်။

၎င်းယတြာမှာ ပထမဦးစွာ အပ်ချည်အဖြူကို ဝလုံးသဏ္ဌာန် ကျပ်ပြားဝိုင်းခန့် ပြုလုပ်ရပါသည်။ ဝကွင်းကို သုံးဖက်နေရာမှ၍ သုံးဖက်တွင် အပ်ချည်သုံးတန်း ပူးဆက်ချည်နှောင်ပါ။ ထိုအခါ ရေထမ်းသော ခိုင်းကြိုးပမာဖြစ်သွားပါသည်။

အပ်ချည်ဆိုင်းကြိုးနှစ်ခု ပြုလုပ်ပြီး အိမ်အဝင်အဝဘယ်ညာတံခါးထိပ် တည့်တည့်တွင် သံရိုက်ရပါမည်။ ဝဆိုင်းကြိုးနှင့် အနေတော် ကြက်သွန်ဥနီ(လုံးချင်းဥတစ်လုံး)ကို ရွေးချယ်ထားရပါမည်။

မှတ်ချက် ။ ။ ကြက်သွန်ဥနီသည် အပြစ်အနာအဆာကင်းရပါမည်။ အမြွာအကွဲများ မဟုတ်ရပါ။





ဝဆိုင်းကြိုးကွင်းပုံ

ထို့နောက် အထက်ပါပုံအတိုင်း အိမ်အဝင် ဘယ်ညာတွင် ကြက်သွန်ဥနီကို အမြစ်အား အပေါ်သို့ထောင်ထားပြီး အောက်တွင် အညွန့်ကိုထားကာ အိမ်အဝင်တံခါးဝတွင် ချိတ်ဆွဲထားပါ။

သူခိုး ↔ ကြက်သွန်


ကာကာကင်းအစီအရင်ယတြာ ဖြစ်ပါသည်။ အန္တရာယ်ကင်း၍ မည်သည့်အခါမှ သူခိုးခိုးခြင်း မခံရပါ။ ဤယတြာကို ဆောင်ရွက်ထားပြီး ဟုတ်မဟုတ် စောင့်ကြည့်နေလိုက်ပါ။ အစွမ်းထက်သော ယတြာဖြစ်ပါသည်။

ဝင်းဇော်သုံးဆယ်

www.burmeseclassic.com

# မြသော်မှုန်းချီးအရိပ်အာဝါသည်
ဇာတာခန့်လျက် အပိုင်း ၁၁၁
နိုင်ငံ့ကျလာမြို့ကျော်...

ပပတိုစော




www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၁၁၁)

### ဇာတာစန်းလဂ် နိမ့်ကျလာပြီဆိုလျှင်...

❑ ဗဟိုစော

တူးတူးတို့ရေ...

ဝန်ထမ်းသက်သာနဲ့ ပတ်သက်တဲ့ တိုင်စာတောစာဆိုလို့ ပြောရဦးမယ်။ ဒါဟာ တော်တော်များများမှာ မကြာခဏ ဖြစ်နေကြဖို့ သိပ်တော့ မဆန်းလှပါဘူး။ သူတို့ထောင်တွေမှာက အကျဉ်းသားဦးရေလည်း ရာချီရှိနေတော့ ဝန်ထမ်းသက်သာလည်း စည်ပင်ဖွံ့ဖြိုးတာပေါ့လေ။ ဒါဆို ဘာကြောင့်များ အတိုင်အတောခံနေကြရတာလဲ။ ဝန်ထမ်းတွေကို လုံလုံလောက်လောက် ထောက်ပံ့နိုင်နေတာပဲ မဟုတ်လား။

မှန်ပါတယ်၊ လုံလုံလောက်လောက် ထောက်ပံ့နိုင်တဲ့အပြင် ငွေတွေပုံလျှံနေလို့ ဘဏ်စာရင်းဖွင့်ပြီးတော့တောင် အပ်ထားကြရတာလေ။ ခုလိုအတိုင်ခံနေရတာက တခြားကြောင့် မဟုတ်ဘူး။ အဲဒီသက်သာငွေတွေကို သုံးစွဲရာမှာ လုပ်ထုံးလုပ်နည်းနဲ့ မညီညွတ်တော့ အလွဲသုံးစားလုပ်သလို ဖြစ်တတ်ကြလို့ပါပဲ။

အဲဒါကြောင့် ကိုယ်က လုပ်ဖော်ကိုင်ဖက် ထောင်ပိုင်(တူးတူးတွေကို) အလျဉ်းသင့်တိုင်း လှမ်းပြီးသတိပေးစကားတစ်ခွန်း ပြောခဲ့သေးတယ်။ ခင်ဗျားတို့ သက်သာရဲ့သားကောင် မဖြစ်မိကြပါစေနဲ့လို့လေ။

အခု အင်မတန်မှ ဆင်းရဲပြီး အကျဉ်းသားတစ်ရာတောင် မပြည့်တဲ့ ညောင်ဦးထောင်မှာ အတိုင်ခံခဲ့ရတာက ဝန်ထမ်းသက်သာကို အပြည့်အဝ မပေးနိုင်လို့တဲ့ဗျ။ ဒီလိုကိစ္စမျိုးနဲ့ အတိုင်ခံရတာ ထောင်လောကမှာ ကိုယ်တို့တစ်ထောင်ပဲ ရှိမယ်ထင်ပါရဲ့ဗျာ။

အမှန်တော့ ဒီထောင်ရဲ့ ဝန်ထမ်းသက်သာ အခြေအနေကို ဒီက ဝန်ထမ်းတွေ မသိကြလို့တော့ မဟုတ်ဘူး။ သူတို့ ကောင်းကောင်းကြီးကို ထဲထဲဝင်ဝင် သိကြပါလေရဲ့။ ဒါဆို ဘာကြောင့် စာတစ်တန်ပေတစ်တန် လုပ်နေကြသေးလဲ။ ဒါက အခြေခံအကြောင်းအချက်တစ်ခု ရှိနေလို့ပဲဗျ။

အဲဒါကတော့...တစ်လောကထောင်မှာ ဝန်ထမ်းမိန်းကလေး အပျိုတစ်ယောက်နဲ့ အိမ်ထောင်ရှင်ဝန်ထမ်းတစ်ဦး ငြိစွန်းမှုရှိနေတယ်ဆိုတဲ့ သတင်းထွက်လာတယ်။ အဲဒါကို ကိုယ်က သက်ဆိုင်တဲ့ဝန်ထမ်းတွေကို ခေါ်ယူသတိပေးခဲ့တယ်။ နောက်မဖြစ်စေရဘူးလို့လည်း ဝန်ခံကတိမှာ လက်မှတ်ရေးထိုးခဲ့ကြတယ်။

ဒါပေမယ့် နောက်ပိုင်းမှာ သူတို့ ကတိဖျက်ပြီး ဆက်လက်ကျူးလွန်နေကြတယ်။ အဲဒါကြောင့် ကိုယ်လည်း အုပ်စုညွှန်မှူးဆီ တရားဝင်စာထုတ်ပြီး တင်ပြလိုက်ရတယ်။ ဒါကြောင့် မကြာခင်မှာ ညွှန်မှူးရုံးက အမိန့်စာထွက်လာပါတယ်။ ဝန်ထမ်းအမျိုးသမီးကို တခြားထောင်တစ်ခု ပြောင်းရွှေ့မိန့်ပဲ။

အဲဒီမှာ မကျေနပ်ချက်တွေ စပါတော့တယ်။ အပြစ်ရှိတဲ့ အိမ်ထောင်ရှင်ဝန်ထမ်းကိုတော့ အရေးမယူဘဲ အပြစ်မဲ့တဲ့ ဝန်ထမ်းအပျိုလေးကိုမှ ပြောင်းရွှေ့ရသလားပေါ့လေ။ စောဒကတက်သံတွေ ကြားရတယ်။ ဒါပေမယ့် ဝန်ထမ်းအမျိုးသမီးကတော့ အမိန့်အတိုင်း ထောင်ပြောင်းရွှေ့သွားရတယ်။

အဲလိုဖြစ်ပြီး သိပ်မကြာခင်မှာပဲ ဝန်ထမ်းသက်သာ အပြည့်အဝ မရဘူးဆိုတဲ့ တိုင်စာတက်လာတော့တာပါပဲ။ ဒါကလည်း အဲဒီဝန်ထမ်းအမျိုးသမီးဘက်က မကျေနပ်ဖြစ်နေတဲ့ ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com

အုပ်စုရဲ့ အစီအစဉ်ပါပဲ။ ပါးရိုက်ရင် နားကိုက်မယ်ပေါ့လေ။

အဲဒီအမှုကို လာစစ်တဲ့ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ဝင်တွေကလည်း ထောင်ပိုင်ထောင်မှူးကြီးတွေဆိုတော့ ဒီထောင်ရဲ့ ဝန်ထမ်းသက်သာရာဖွေကြိုးပမ်းရမှု၊ အလျှင်မီအောင် မနည်းရုန်းကန် ဆောင်ရွက်နေရမှုတွေကို သူတို့ကောင်းကောင်းနားလည်သဘောပေါက်ကြပါတယ်။

ဝန်ထမ်းတွေကို သူတို့ရှေ့မှောက်ခေါ်စစ်ဆေးတဲ့အခါမှာလည်း ဘယ်ဝန်ထမ်းမှ ဝန်ထမ်းသက်သာ အပြည့်အဝမရဘူးလို့ မထွက်ဆိုကြပါဘူး။ သူတို့တညီတညွတ်တည်း ထွက်ဆိုကြတာက ထောက်ပံ့ငွေကို လစဉ် အချိန်မှန်မရဘူး။ အမြဲလိုလို နောက်ကျတယ်။ တစ်ခါတစ်ရံ တစ်လလောက်နောက်ကျပြီးမှ ရကြတယ်။ သူတို့ထွက်ဆိုတာဒီလောက်ပါပဲ။

ဒါ မှန်ကန်ပါတယ်။ တိုင်စာမှာပါသလို အပြည့်အဝမရတာမဟုတ်ဘဲ ရတဲ့ရထိုက်တဲ့အချိန်ထက် နောက်ကျပြီးမှရတယ်ဆိုတာ တကယ့်အမှန်တရားပါပဲ။ ဒီလို ဘာကြောင့်ဖြစ်ရတယ်ဆိုတာကိုလည်း ကိုယ်ရှင်းလင်းတင်ပြလို့ အဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ သဘောပေါက်နားလည်ကြပါတယ်။ ဒါကြောင့်မို့နောင်ဒီလို ထောက်ပံ့ငွေနောက်ကျမှု မဖြစ်အောင်ဆိုပြီး ပြစ်ဒဏ်အနေနဲ့ လစာနှစ်တိုး တစ်နှစ်ဆိုင်းငံ့ထားဖို့ကိုလည်း ထောက်ခံတင်ပြပေးကြဖို့ ဆုံးဖြတ်ထားကြပါပြီ။ ဒါဆို ပွဲပြီးပြီပေါ့ဗျာ။

ဒါပေမယ့် လုံးဝမမျှော်လင့်တဲ့ ပြဿနာတစ်ခုက ဝင်ရောက်လာပါတော့တယ်။ ဒီပြဿနာကို မီးမွှေးလိုက်သူကတော့ အုပ်စုညွှန်ကြားရေးမှူးကိုယ်တိုင် ဖြစ်နေကြောင်း မယုံကြည်နိုင်ဖွယ် တအံ့တဩ တွေ့လိုက်ရပါတော့တယ်။

အမှန်တော့ ဒီညွှန်မှူးဟာ သူ အကျဉ်းဦးစီးကိုရောက်လာပြီး ထောင်ပိုင်ဘဝထဲက ကိုယ်နဲ့ အတော်လေး ခင်မင်ရင်းနှီးခဲ့ကြတာလေ။ ဟိုတစ်ယောက်က သူ ဒီထောင်ကို လာစစ်ဆေးတုန်းကလည်း အရင်ကလိုပဲ ပြောဆိုရယ်မောနေခဲ့ကြပါသေးတယ်။ အဲဒါပေမယ့် သူညောင်ဦးထောင်မှာ ရှိနေတုန်းမှာ သူ့လက်အောက်က ထောင်တစ်ထောင်မှာ အကျဉ်းသားထွက်ပြေးမှုဖြစ်တယ်လေ။ အဲဒီတော့ သူက အဲဒီက ထောင်ပိုင်ကို တယ်လီဖုန်းထဲကနေဆဲပါလေရောလား။ ဆဲတာမှ သူ့ကိုယ်အင်္ဂါမှာရှိတဲ့ ပစ္စည်းတွေနဲ့ အယုတ္တအနတ္တစကားလုံးတွေသုံးပြီး မကြားဝံ့မနာသာ ဆဲဆိုလိုက်တာများ မိုးကိုမွှန်လို့ဗျာ။ ညွှန်မှူးဆိုတဲ့ ရာထူးကြီးကိုမှ အားနာရကောင်းမှန်း မသိ။ တကယ်တော့ သူဆဲနေတဲ့ထောင်ပိုင်က ကိုယ်တို့ တူးတူးအဖွဲ့ကပဲဗျ။ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး အဲဒီတုန်းကထိ ကိုယ်ကောင်းကောင်း သဘောမပေါက်မိခဲ့သေးဘူးလေ။

အဲ…ကိုယ်တို့ဦးစီးဌာနကို အသစ်ပြောင်းရွှေ့ရောက်ရှိလာတဲ့ ညွှန်ကြားရေးမှူးချုပ် အသစ်စက်စက် ညောင်ဦးထောင် လာစစ်တုန်းက အဲဒီညွှန်မှူးလည်း လိုက်ပါလာရတယ်ဗျ။ ညွှန်ချုပ်က ထောင်ကိုလှည့်ပတ်စစ်ဆေးရင်း သူမေးသမျှကိုဖြေနေတဲ့အချိန်မှာ အဲဒီညွှန်မှူး ကြားဖြတ်ပြောလိုက်တဲ့ စကားတွေကြောင့် ကိုယ်အတော်လေး တအံ့တဩဖြစ်သွားမိတယ်ဗျ။

သူက ထောင်သန္ဓေမဟုတ်ဘဲ တခြားဌာနက ပြောင်းရွှေ့ပြီး ထောင်ပိုင်ဘဝကတစ်ဆင့် ညွှန်မှူးဖြစ်လာသူဖြစ်နေတော့ ထောင်အကြောင်း အတော်လေး နောကြေနေပြီလေ။ ဒါပေမယ့် အံ့ဩစရာကောင်းတာက အဲဒီနေ့က ညွှန်ချုပ်ကို သူတင်ပြသမျှ စကားတွေဟာ ကိုယ့်ဘက်က ဖေးဖေးမမမဟုတ်ဘဲ ထောင်ကို အပုပ်ချတဲ့အသုံးအနှုန်းတွေ ဖြစ်နေသဗျ။

ဥပမာ ကိုယ်က ဗူးမျှော်စင်ပေါ်က သံဇကာပေါ်မှာ ဖောက်ထားတဲ့ အပေါက်ဟာ ထောင်ထဲမှာ အကျဉ်းသားဆူပူရင် ဟန့်တားခြောက်လှန့်လို့ရအောင်ဖောက်ထားတဲ့ သေနတ်ပစ်ပေါက်ဖြစ်တယ်လို့ ညွှန်ချုပ်ကို ရှင်းပြနေတယ်။

အဲဒါကို ညွှန်မှူးက ဒါ သေနတ်ပစ်ပေါက်မဟုတ်ဘူး။ ဗူးပေါ်က ဝန်ထမ်းတွေ ထောင်ထဲကို အကြံအဖန်တွေပစ်ပေးလို့ရအောင် ဖောက်ထားတာလို့ ဝင်ဖြေလိုက်သတဲ့ဗျာ။ အံ့ရော။ အဲဒီအချိန်အထိ ကိုယ် သူ့ကို နားမလည်နိုင်ခဲ့သေးဘူး။

ဟော…ခုလည်းကြည့်။

ဒီအီးအဖွဲ့က ကိုယ့်ကို ဝန်ထမ်းသက်သာအချိန် နောက်ကျပေးလို့ နှစ်

www.burmeseclassic.com

တိုးရပ်ဆိုင်းတဲ့ ပြစ်ဒဏ်ချဖို့ ဆုံးဖြတ်ပြီးလို့ ပြန်မယ်လုပ်ကာမှ ဒီအီးဥက္ကဋ္ဌ ထို ညွှန်မှူးက ဖုန်းနဲ့ညွှန်ကြားသတဲ့ဗျ။ အရင်ညွှန်မှူးလက်ထက်က ဝန်ထမ်းသက်သာအတွက် ရင်းနှီးမြှုပ်နှံဖို့ပေးခဲ့တဲ့ ငွေ ၁၅ သိန်းကို တစ်လဝင်ငွေ ထိသောင်းကျပ်ပဲရအောင်ရာနိုင်ပြီး တိုးပွားအောင် မလုပ်နိုင်ဘူးလို့ ထည့်သွင်းသုံးသပ်တင်ပြဖို့ ပြောသတဲ့ဗျာ။

အမှန်တော့ ညောင်ဦးမြို့မှာ ဒီငွေ ၁၅ သိန်းကို အသားထုတ်လုပ်ငန်းတစ်ခုမှာ တစ်လငါးသောင်းကျပ်နဲ့ ရင်းနှီးမြှုပ်နှံတာကလွဲပြီး အခြားမရှိနိုင်တော့ဘူးလို့ သုံးသပ်ပြီး အရင်ညွှန်မှူးကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ပြီး အမိန့်ချသွားပေးခဲ့တာလေ။

အဲဒါကို အခုမှလာပြီး တိုးပွားအောင်မလုပ်နိုင်လို့ဆိုပြီး သုံးသပ်တင်ပြဖို့ ဆိုတာကတော့ ပြဿနာကို ကြီးထွားအောင်၊ ကြမ်းပိုကို လိပ်မဖြစ်ဖြစ်အောင် တမင်ရည်ရွယ်ပြီး ဖန်တီးနေတာပဲ မဟုတ်ပါလားဗျာ။

ခုတစ်ကြိမ်တော့ ကိုယ် အံ့သြရမယ့်အစား ထူးခြားဖြစ်စဉ်တစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိတယ်ဗျ။ အဲဒါကတော့ နယ်အကျဉ်းထောင်တစ်ခုမှာ ထောင်တွင်း မဖွယ်မရာကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ကိုယ်တို့ တူးတူးတို့အဖွဲ့ဝင်တစ်ယောက် အဲဒီတုန်းက ထောင်ပိုင်ဖြစ်နေတဲ့ ခုညွှန်မှူးတို့ ထိပ်တိုက်တွေ့ခဲ့ကြတဲ့ ပြဿနာကိုပါ။

ကိုယ်တို့ တူးတူးတို့ အဖွဲ့ဝင်ကလည်း နယ်နယ်ရရတော့ မဟုတ်ဘူးဗျ။ တတယ့်ကို ဗိုလ်လေသော်ဗိုလ်ကိုတောင် ခေါ်ရမယ့် သဘောတရား ဆရာကြီးဗျ။ ပြောလိုက်တဲ့ စကားလုံးတွေကလည်း တစ်ခါတစ်ရံ လူ ရုတ်တရက် နားမလည်နိုင်အောင် အဲဆင့်မြင့်ပြောင်မြောက်တဲ့ စကားလုံးတွေပါ။ ဒါပေမယ့် သူကတော့ လက်မလျှော့ဘဲ တစ်ဖက်လူ သဘောပေါက်ပေါက်မပေါက်ပေါက် သူ့အာဘော်သူ့လေအတိုင်း ပြီးအောင် ဆက်ပြောလိုက်ရမှ ကျေနပ်တဲ့လူမျိုးလေ။

အဲလိုလူနဲ့မှ ထောင်ပိုင်နှင့် ရင်ဆိုင်တွေ့ကြတော့ ပထမတော့ အခြေအတင်ဖြစ်ရာကနေ စကားများတဲ့ အခြေအနေအထိ ရောက်သွားတယ်။ ဒီကိစ္စ ရုံးချုပ်အထိရောက်သွားလို့ အထက်လူကြီးတွေက ပြဿနာမကြီးထွားလာအောင် အတော်လေးဖုံးဖုံးဖိဖိနဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့ရတဲ့ကိစ္စပါ။

အဲဒီကိစ္စရယ်၊ စောစောက အကျဉ်းသားထွက်ပြေးတဲ့ ထောင်ပိုင်ကို နစ်ပြားမတန်အောင် ဒေါ်ပာစ်ဆဲဆိုတာရယ်၊ တခြား ကိုယ်တို့ တူးတူးတို့တွေလည်း အဲဒီညွှန်မှူးရဲ့လက်ချက်နဲ့ ဒုက္ခဖြစ်ခဲ့ကြတာတွေကို ဆက်စပ်တွေးကြည့်မိတော့မှ ဇာတိရုပ်က ထင်းကနဲ ပေါ်လာတော့တာကိုးဗျ။

လက်စသတ်တော့ . . . ကိုယ်တို့ တူးတူး ဗိုလ်လေသော်ဖာကြီးကို မကျေနပ်ခဲ့တဲ့ ကျောင်းတော်က ရန်စဟာ နောက်ပိုင်း တူးတူးမှန်ရင် အကုန်ရှင်းပစ်အထိ ရန်ငြိုးကြီးမားခဲ့တာပါလားဗျာ။ အဲဒါကြောင့်လည်း ဘာပြဿနာမှ သူနှင့်မဖြစ်ခဲ့ဖူးတဲ့အပြင် ရယ်ရယ်မောမောနဲ့ ခင်မင်ရင်းနှီးခဲ့တဲ့ ကိုယ့်ကိုယ်တောင် တူးတူးဖြစ်နေလေတော့ သူ့မဟာစီမံကိန်းအတိုင်း ရှင်းပစ်ချင်ခဲ့တာ ထင်ပါရဲ့။

တူးတူးတို့ရေ . . .

လူဆိုတာ ဇာတာစန်းလဂ် မေးမိုန်နိမ့်ကျလာပြီဆိုရင် ကယ်သူဝေးပြီသာမှတ်။ ယတြာတွေ ဘယ်လောက်ပဲချေချေ ရှေးဟောင်းတန်ခိုးကြီးဘုရားတွေမှာ ဘယ်လောက်ပဲ ဆုတောင်းတောင်း သူ့အချိန်ရောက်လာရင်တော့ ရင်ကော့ပြီး ခံပေတော့ပေါ့။ လူ့ကံနိမ့်ပါးချိန်ကို အကွက်ချောင်းနေတဲ့ အဖျက်အမှောင့်ဒေဝဒတ် ဆိုတာမျိုးကလည်း အချိန်ကိုက် ပေါ်လာတတ်စမြဲပဲလေ။

ဒါကြောင့်လည်း ခုဒေဝဒတ်ကြီးရဲ့ အကြံအစည်အောင်မြင်ခဲ့ပါတယ်။ ဖြစ်ချင်တော့ ညွှန်ချုပ်ကလည်း အသစ်၊ ပြည်ထဲရေးဝန်ကြီးကလည်း အသစ်ဖြစ်နေတဲ့အချိန်မှာ အဲဒီညွှန်မှူးရဲ့ ထိထိရောက်ရောက် အရေးယူဖို့ ထောက်ခံချက်က တက်လာတော့ ဝန်ထမ်းရေးရာအဖွဲ့လည်း မနေသာတော့ဘဲ သင့်တော်တဲ့ပြစ်ဒဏ်တစ်ခု ချမှတ်ခဲ့ရပါတော့တယ်။

ကိုယ်နဲ့ လက်အောက်က ထောင်မှူးကြီးကို မယူမနေရပင်စင် ပေးစေတဲ့ဗျာ။

(ဆက်လက်ဖော်ပြပါမည်)

ဗဟိုစော



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအာဂမောဇင်မှယ့်

# လှတောာတစ်ခွင်ဟာသများ

## ဦးကောင်းထူး

### ရှာတောင်တည်နိုင်လောက်ပါရဲ့

လှတောရွာရှိစျေးတန်းတွင် မိန်းမတစ်ယောက်သည် အတင်း ပြန်ကြားရေး ဌာနဖွင့်ထား၏။

ထိုကာလဝယ် ကားပေါ်မှ ဆင်းသွားသည့် အသက်နစ်ဆယ်ကျော်ကောင်မလေးသည် ပစ်မှတ်ဖြစ်သွားပါချေ၏။

"ရုပ်ကလေးကလှတယ၊တန် အကျင့်တန်ပုံများကတော့ တက်နင်းလည်းရှူး၊ နမ်းလည်းရှူးတဲ့ ဒူးရင်းသီးအခွံလားမှတ်ရ"

"အေးလေ . . . သူကွာခဲ့တဲ့ယောက်ျားတွေကို တင်းတောင်းနဲ့ လိုက်ကောက်ပြီး စုလိုက်ရင် ငါးတင်းဝင်ပုတ်ဆုံ့မှာတောင်မဟုတ်အုံး"

"ဒါတောင် ကလေးတွေမပါသေးလို့၊ ကလေးတွေပါ ထည့်တွက်ရင် ရွာတောင်တည်နိုင်မယ်ထင်ပ"

✿✿✿

### မြင်းတွေအကျီဝတ်ပေးထားသလို

တစ်နေ့သ၌ ဗီဒီယိုရုံထဲသို့ ကလေးများ၊ မိန်းမများကြား အသက်ခြောက်ဆယ်ကျော် လှတောသားကြီးသည် ကန့်လန့်ကားရား ပါသွားခဲ့၏။

ဗီဒီယိုမင်းသားက နာမည်ကြီးလွန်းသည့်မို့ မြင်ဖူးသည်ရှိအောင်- လိုက်ကြည့်ခြင်းဖြစ်၏။ ကြည့်ပြီးလေသော အခါ -

"အကျိုးနည်း တီးလိုက်တဲ့လက်ခုပ်၊ ဒိုးပတ်ဝိုင်းထဲ ရောက်နေသလား မှတ်ရဟော့။ လက်ခေါက်မှုတ်လိုက်တာကြတာများ မြွေတွေ တွန်တဲ့အတိုင်းပဲ"

ဤတွင် ဇာတ်ကားအပြီး၌ အတူပြန်လာသည့် ကလေးများက -

"အရမ်းမိုက်တာပဲနော် အဘ"

"မိုက်လိုက်လေကွာ၊ မိုက်သမှ အမြီးလေးတွေ တုငေါက်ငေါက် ဖြစ်ကုန်ကြတာပေါ့"

"ဖိုက်တင်ခန်းတွေ မကောင်းဘူးလား အဘရ"

"အေး . . . အေး . . . ခြေထောက်တွေနဲ့ ကန်လိုက်ကြတာများ အပြင်မှာဆို သွေးအတောင့်လိုက်ထွက်မယ်၊ အဟဲ ရုပ်ရှင်ထဲမှာတော့ ဆေးမန်းထုံးမန်းကောင်းသလို လူ့လဲထပြီး ပြန်ထိုးကြ၊ ကန်ကြတာပဲ၊ ကန်လိုက်ကြ ရာလေကွယ်လို့၊ ဟလိုလေး . . . မြင်းတွေများ အကျီဝတ်ထားသလား မှတ်တယ်"

✿✿✿

### အချိန်မှန်နာရီတွေ

လှတောသားတစ်ယောက်သည် မန္တလေးမှ လက်ပတ်နာရီများ ဝယ်လာခဲ့ပြီး ရွာဘုရားပွဲမှာ ချရောင်းလေ၏။ ရွှေပွဲလာများ ဝိုင်းလာအောင် အော်ပုံကလည်း ပညာပါလှ၏။

"နာရီတွေ . . . နာရီတွေ၊ အချိန်မှန်နာရီတွေနော်၊ မနက် ၉ နာရီကြည့်လည်း ဒီအချိန်ပဲ၊ အချိန်မှန်နာရီတွေ၊ လူကြီးဆို မရောင်းဘူး၊ ကလေးတွေမှရောင်းတာ၊ အထူးစျေးနှုန်း . . . အထူးစျေးနှုန်း၊ တစ်လုံးမှ သုံးကျပ်တည်း"

မှန်ပေတွ၊ သူ့နာရီလေးတွေက ကလေးကစားစရာ ပလတ်စတစ်နာရီတွေ ဖြစ်ကြ၏။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

## လုံမှ လုံပါ့မလားဘဲ

မိုးနည်းရသည့်အထဲ မိုးကုန်စောသည့်အတွက် စပါးတွေ သိပ်မအောင်ကြ။ အထွက်ကောင်းသည့် စပါးပင်ကို အငှားရိတ်မည့်လူ မရှားသော်လည်း ပလူမွှေး ပလူထောင်ကျတော့ အငှားရခက်နေ၏။

ဤတွင် လယ်ပိုင်ရှင်သမီးတွေလည်း တစ်စေ့ရရ၊ တစ်ပြည်ရရဆိုကာ လယ်ထဲဆင်းရိတ်ကြ၏။ ကျောင်းပိတ်ရက်လည်း ဖြစ်နေသည်။

လယ်ပိုင်ရှင်သမီးငယ်က ကျွဲချိုတပ် ရောမတံစဉ်ကြီးနှင့် ရိတ်ရင်းက -

"အစ်မရေ…တစ်ခါရိတ်မှ သုံးလေးပင်ပဲပါတယ်။ တံစဉ်တောင် အားနာဖို့ကောင်းနေပြီ"

"ညီမရယ်၊ ကိုယ့်ပစ္စည်းမို့ နမြောလို့သာ ရိတ်နေရ၊ တကယ်က ပေါက်ပြားနဲ့ရှပ်မှ သဘာဝကျမှာ"

"ကျွန်မကတော့ ကျကျနနဝမ်းလျားထိုးပြီး ဇာဂနာနဲ့သာ နုတ်လိုက်ချင်ရဲ့။ အလိုလေး…လူစဉ်မမီလိုက်တဲ့ စပါးပင်၊ ပုရွက်ဆိတ်အရိပ်ခိုလို့တောင် လုံမှလုံပါ့မလားဘဲ"

✿ ✿ ✿

## ဒဿဂီရိဘီလူးဆယ်ကောင်နဲ့

လှတောနှင့် ဝက်လက် ကားလမ်းဆိုးပုံမှာ လူပြောသူပြော များကြ၏။ ကျောက်ခဲစားသွားပါက မဝါးဘဲ အစာကြေသည့်လမ်းဟု တင်စားပြောဆိုကြ၏။

နောက်ပိုင်းတွင် လှတောသားတစ်ယောက်က လှတော-ဝက်လက်လမ်းကို ဖွဲ့နွဲ့ပြောဆို၏။

"ဟလိုလေး…ဆိုးလိုက်လေ လမ်း။ သူထက်ဆိုးတဲ့၊ ကြမ်းတဲ့လမ်းတောင် သူလောက်ဆိုးမယ်မထင်ပါဘူး။ နံရိုးနဲ့ ကားဘော်ဒီရိုက်တယ်၊ နောက်ထပ် အရိုက်မခံရအောင် သတိထားနေတုန်း မြီးညောင်းရိုးနဲ့ ခုံဆောင့်တယ်။ အား…နံရိုးဘယ်နချောင်း ကျိုးသွားပြီးလဲလို့ စမ်းနေတုန်းရှိသေး ကားအမိုးနဲ့ဆောင့်ပြန်ရော"

လှတောသားဗီဗီ စကားအရရော၊ ဟန်ပန်အမူအရာကပါ သရုပ်ဖော်ကောင်းသဖြင့် ကြားရသူများ အူနိပ်ရယ်ကြရ၏။

"အဲ…ခေါင်းကွဲပြီး ဦးနှောက်တွေ ထွက်ကုန်ပြီလားလို့ စစ်ဆေးကြည့်နေတုန်း ဒရိုင်ဘာက ဘရိတ်ကို ဆောင့်နင်းလိုက်ပြန်ရောဟေ့။ ခရီးသည်အချင်းချင်း နဖူးနဲ့ ချိုစောင်း ပြေးဆောင့်ကုန်တာ ဥသျှစ်သီးထုသံလို တခွပ်ခွပ်။ ဟလိုလေး…ငါဖြင့် ဒဿဂီရိဘီလူးဆယ်ကောင်နဲ့ ငါတစ်ယောက်တည်း သိုင်းချနေသလား အောက်မေ့ပါသကော"

✿ ✿ ✿

## ဆိုင်းဝိုင်းထဲ ရောက်သွားသလို

လှတောရွာ လယ်သူမတစ်စု ကောက်စိုက်ပြိုင်ပွဲ၊ သန်းရှာပွဲ ကျင်းပနေကြသည်မှာ တန်းစီလေ့လော့နေကြတာနှင့် မခြားပေ။

သူတို့သည် လက်မအားကြလင့်ကစား အားနေသည့် ပါးစပ်က အတင်းပြောဖြစ်အောင် ပြောကြပြန်သေး၏။

"ဟိုဘက်ရွာ ပြောင်းသွားတဲ့ ခင်နှင်းတစ်ယောက်ကော တွေ့သေးလား"

"အရင်တစ်လက တွေ့လိုက်ပါသေးတော်။ နောက်ဆုံးပေါ်မိုက်နဲ့"

"အေးဟယ်…သူကြည့်လိုက်ရင် မိုက်နဲ့ချည်းပဲ။ တစ်နှစ်မှာ ဆယ့်နှစ်မိုက်များ ကြီးနေသလားမသိဘူး"

"သနားပါတယ် အစ်မရယ်။ ဆင်းရဲရတဲ့အထဲ ကလေးက တပြွတ်ပြွတ်နဲ့။ ပဲကြီးရေစိမ်ကမှ သူ့ထက်စာ သက်သာဦးမယ်"

"ဟလိုလေး…ခင်နှင်းတို့ ကလေးမွေးသန်ပုံများ သူ့အိမ်တစ်ခါ ရောက်သွားပါတယ်။ ကလေးတွေ ဘုစုခရုတွေအေး…ဆိုင်းဝိုင်းထဲ ပတ်လုံးလေးတွေ ကြီးစဉ်ငယ်လိုက် စီထားသလိုပဲ။ ငါ့မလည်း ဆိုင်းဝိုင်းထဲရောက်သွားသလားမှတ်ရ"

✿ ✿ ✿

## အပ်ပေါက်နဲ့ စပါးကြီးမြွေ

လှတောသားနှစ်ယောက် စကားဝိုင်းဖွဲ့နေကြ၏။

"အောင်မယ်…မင်းက ဘာသိတုံး။ လယ်နဲ့အိမ်ပဲ တောင်ကူး မြောက်ကူးနဲ့ လူလောကအကြောင်း ဘာမှနား

www.burmeseclassic.com

မလည်းဘူး။ အခု ဆန်ကွဲတစ်ပြည်တောင် ငွေနှစ်ရာတဲ့ဗျ"

"ဆန်ကွဲအဖြုန်းဆုံးက မုန့်ဟင်းခါးပေကိုး။ မုန့်ဟင်းခါးဆိုင်တွေက ဝယ်နိုင်းတာနေမှာပေါ့"

"မုန့်ဟင်းခါးတင် ဘယ်ကမလဲ။ မုန့်ပေါင်း၊ မုန့်စလင်းထောင်၊ မုန့်စိမ်းပေါင်း၊ မုန့်ပျားသလက်...အကုန်လုံး ဆန်ကွဲနဲ့လုပ်ကြရတာပါဟာ။ ဒါပေမယ့် အခု ဈေးတက်သွားတာ မုန့်လုပ်တာကြောင့် မဟုတ်ဘူးဟ"

"ဆန်ကွဲနဲ့ မုန့်မလုပ်လို့ ဘာလုပ်ရဦးမှာလဲ"

"အဲဒါပြောတာပေါ့။ အ,တာမှ မောင်းကွဲကြီး တီးရသလိုပါလား။ အနောက်တောကလူတွေလေ ငါတို့ဆီမှာလို ဆည်မရှိ၊ ချောင်းမရှိနဲ့ မိုးခေါင်ရင်း မျိုးဆုံးမျိုးတုံးကုန်တာပေါ့"

"ဩော်ဟော့...လက်စသတ်တော့ ဆန်ကွဲကို သူတို့က မျိုးချဖို့ ဝယ်တာကိုး"

"အေး...မင်းက အစေ့မြင်ရင် အသီးသိတဲ့ကောင်၊ အဲဒီဘက်က လူတွေ ကျပ်တည်းပုံများ သနားစရာကွ။ အပ်ပေါက်ထဲ စပါးကြီးမြွေ ဝင်နေသလားမှတ်ရ"

✿ ✿ ✿

## အကွဲဘယ်လောက်မြန်တယ်မှတ်လဲ

ငယ်ငယ်ရွယ်ရွယ်နဲ့ ခိုးရာလိုက်ပြေးသည့် စုံတွဲတစ်တွဲသည် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြတော့မည့်ကိန်း ဆိုက်လာ၏။

ဤတွင် လုတောသားတစ်ယောက်က ဝေဖန်ချက်ချ၏။

"ဟလိုလေးရယ်..လင်ယူသားမွေးကိစ္စကို ပြဇာတ်ကတာများ မှတ်နေကြရော့သလား မသိဘူး။ စလယ်ဝင်ဖင်မည်းတာက ကြာဦးမယ်။ အခုများ မီးခဲပေါ် ယင်နားသလောက်မှမကြာ ကွဲကြတာကိုး"

✿ ✿ ✿

## စိန်စတင်းနဲ့ နင်လား ငါလား

မိခင်ဖြစ်သူက တစ်ဖက်ရွာသို့ ကိစ္စနှင့်သွားနေစဉ် ဖခင်နှင့်အစ်ကို ယာတဲက ထမင်းစားအပြန်ကို သားငယ်က ထမင်းပွဲပြင်ကာ ချူးကျွေးရလေ၏။

စားပွဲခုံပေါ်သို့ ပန်းကန်တွေချည်ချလေရာ မောမောနှင့် ဆာနေသည့် အစ်ကိုက -

"ဘယ်မလဲ ထမင်း၊ ဟလိုလေး ငါ့ညီရာ...ထမင်းချူးပါဆို ပန်းကန်တွေပဲ ယူလာရသလား။ ပန်းကန်ဆာ တာ မဟုတ်ဘူး။ ထမင်းဆာတာကွ"

"စိတ်ညစ်လိုက်တာ အစ်ကိုရာ။ ငရဲပြည်မှာရှိတဲ့ ဒယ်အိုးထဲက တစ်ကမ္ဘာကြာမှ တစ်ခါသာပေါ်တဲ့ 'ဒုသန္သော'ထက် စိတ်ညစ်သဗျာ"

ထမင်းဟင်းတို့ အလျင်အမြန်ချပေးပြီးသည့်အခါ ဖခင်က ဝင်၍စား၏။ သို့ရာတွင် ဟင်းက မစုံသေး။ ဖခင်က လှမ်းအော်၏။

"သားငယ်...မင်းဟင်းက ဒါအကုန်ပဲလား။ မီးဖိုချောင်နဲ့ အိပ်ရာနေရာမှားပြီး အိပ်နေရော့သလား"

"ပဲကြီးဟင်းလာပြီ အဖေရေ့"

"မင်းဟင်းကလည်း မေ့လောက်မှ တစ်မျိုးရောက်လာတော့ စောင့်ပြီးစားနေရတဲ့လူ့ရဲ့ဗိုက်ထဲ နာဂစ်ဝင်နေပြီ"

"အဖေကသာ ထိုင်အပြစ်တင်နေ၊ အမေ့မိန်းမထားခဲ့တဲ့ မီးဖိုချောင်လည်း ဝင်ကြည့်ဦး။ မဆေးဘဲ ရေစိမ်ထားတဲ့ ဟင်းအိုးတွေ ငုံ့ငုံ့နမ်းနေရတာ အကြိမ်တစ်သိန်းလောက်ရှိနေပြီ"

"လုပ်ကွာ 'မြန်မြန်"

အစ်ကိုကဝင်ပြောရာ ညီကပြန်ပြောသည့်စကားကြောင့် သားအဖနှစ်ယောက် ပါးစပ်ပိတ်သွားရတော့၏။

"မီးဖိုချောင်ဝင်နေကျ မိန်းမ မဟုတ်ဘူး အစ်ကိုရေ့။ စမ်းတဝါးဝါးနဲ့ ဟိုအိုးလှန်၊ ဒီအိုးဖွင့် အပြေးတစ်ပိုင်းလုပ်နေရပုံများ ဆိုင်းဗိုင်းထဲ စိန်စတင်းနဲ့ နင်လားငါလား အောက်မေ့ရတယ်"

✿ ✿ ✿

## နိုင်ခံ့ပုံများ ပြောပါတယ်

လုတောသားရောင်းသည့် သက်ငယ်ဆိုင်သို့ တောသားတစ်ဦး သက်ငယ်လာဝယ်သည်။

"ဈေးလျှော့ဦးဗျာ။ သုံးလေးရက်တုန်းက ဘယ်သွ



www.burmeseclassic.com

www.burmeseclassic.com

ဆဲ့ ခင်များသက်ငယ်တွေ ညံ့ချက်ကတော့ လဲမွှိုလွင့်လာ ဆာတောင် ပေါက်ထွက်တယ်"

လုတောသားအချင်းချင်း အကြောမခံ။

ထိုအခါ သက်ငယ်ဆိုင်ရှင် လုတောသားက လုံး ကြီးတင် ဆန်ခတ်လိုက်၏။

"ဟလိုလေး…မတော်တာတွေ လာမပြောနဲ့ ငါ့ ထူး ငါ့သက်ငယ်မိုးထားတဲ့ အိမ်မိုးတွေ နိုင်ခံ့ပုံများ စကိုင်း ထက်ဂြိုဟ်တုစခန်းတောင် တည်လို့ရသကွ"

✿ ✿ ✿

## ညံ့လိုက်ပုံများကတော့

လုတောသားနှစ်ဦး လက်ဖက်ရည်ဆိုင်၌ စကား ပြောနေကြ၏။

"ညက ငါ့ကောင် ဖဲရှုံးပစ်လို့ဆိုပြီး သူ့မိန်းမဆဲ လိုက်သံများ ညံ့ပလေကွယ်။ ကြေးလင်ပန်းထဲ ကျောက်ခဲ တွေ ကြဲနေသလားမှတ်ရ"

"ဒါနဲ့ ထသတ်ကြရောလား"

"မခံချင်အောင်ဆဲတော့ စစ်ခင်းကြတာပေါ့ကွာ။ ဘာတွေနဲ့ ပစ်ကြခတ်ကြ ရိုက်ကြတယ်မသိဘူး။ ဝုန်းဒိုင်း ကြဲနေလိုက်ပုံနယ် အရက်မူးနေတဲ့အရွှး ဒန်အိုးဆိုင်ထဲ ဝင်ရမ်းနေသလား မှတ်ရ"

✿ ✿ ✿

## ခုမှပဲ သွေးဆူတယ်

ချိုပါတောင် ရွာသားတစ်ယောက်သည် မိမိ၏သား မိန်းမခိုးလာသဖြင့် ထုံးစံလေ့အရ သမီးရှင်နှင့် ညှိနှိုင်း စေ့စပ်ရန် မြောက်ရွာသို့ လူကြီးစုံရာနှင့် လာကြလေ၏။

သမီးရှင်ဘက်က ဖော်ဖော်ရွေရွေ ညှိခံပြီး စကား တွေရှုန်းရှုန်းဝေအောင် ပြောနေသော်ငြား သားရှင်ဘက်က လူတွေကမူ ငြိမ်ကုပ်တိတ်ဆိတ်နေလေ၏။

အသံမထွက်လာကြသည့်အဆုံး သားရှင်လည်း သည်းမခံနိုင်တော့ဘဲ -

"ဟေ့…ငါ့လူတွေရေ။ မင်းတို့ကို ခေါ်လာတာက သတို့သားမိဘကိုယ်စား ပြောဖို့ဆိုဖို့ အားကိုးရမလား ခေါ် လာတာကွ။ ခုတော့ မင်းတို့ဖြစ်နေပုံက ကျောက်ရုပ်တွေ မေးနိုင်ရောဂါရနေကြသလားမှတ်ရ၊ ပြောကြပါဦးကွ"

ထိုအခါမှ တောင်ရွာသားများ သွေးဆူသွားပြီး အာ သွက်လျှာသွက်နှင့် စကားတွေဖောင်သွားကြလေသတည်း။

✿ ✿ ✿

## ဇေးသင်းပြီးသား ဖြစ်သွားမယ်

နွားလှည်းတစ်စီးသည် လယ်ကွင်းထဲဖောက်ထား သည့် လှည်းလမ်းအတိုင်း စွပ်ပြေးလျက်ရှိ၏။

ချိုင့်တွေကိုရှောင်၊ ကန်သင်းရိုးကို ကျော်တက်နှင့် တဝုန်းဝုန်း ဆောင့်နေ၏။

လူကြီးတစ်ယောက်သည် လှည်းရုံတိုင်ကို ဘုရား တ,ကိုင်ပြီး လိုက်လာရာက မတ်တတ်ရပ် လှည်းမောင်းနေ သည့် လှည်းဆရာ ချာတိတ်ကို အော်ပြောလေ၏။

"ဟဲ့…ကောင်လေး။ ထိုင်မောင်းစမ်း ထိုင်မောင်း"

လှည်းသမားလေးက ကြားသော်လည်း မထိုင်ပေ။

"ဟဲ့…ကောင်လေး။ ထိုင်ဆိုနေ။ ရပ်မောင်းရင် ဒုက္ခတွေ့သွားမယ်။ ဒီကြားထဲ မင်းမတ်တတ်ရပ်လိုက်ရင် တော့ မင်း'ဇေးသင်း'ပြီးသား ဖြစ်ပြီသာမှတ်ပေတော့"

✿ ✿ ✿

## ပေါင်းချောင်ထဲမှာ

ရန်ကုန်သို့ အလည်လာသည့် လုတောသား တစ်ယောက်သည် ထင်းရှူးပုံလေးများ ထောင်ထားသကဲ့သို့ စီနေပြီး ဟိုမလှည့်သာ၊ ဒီမလှည့်သာ တိုက်ခန်းကျဉ်းလေး ထဲ ပိတ်လှောင်နေသဖြင့် ပါလာသည့် အင်္ကျီတွေချွတ်၊ စွပ်ကျယ်စုတ်လေးနှင့်နေရလေ၏။ သူ့အဖို့ အိုက်တာပူတာ မသက်သာ။

သည်းမခံနိုင်သည့်အဆုံးတွင်ကား အော်ချက်ထုတ် လိုက်မိလေ၏။

"ပူလုအိုက်လုချည်လား ရန်ကုန်ရယ်။ ကောက် ညှင်းပေါင်း ပေါင်းနေတုန်းတန်းလန်းကြီး ပေါင်းချောင်ထဲ ဝင်နေမိတဲ့အတိုင်းပါပဲ"

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com

# သီလစင်ကြယ် ရောဂါပယ်

နွေဦးမောင်

ယနေ့ ကမ္ဘာပေါ်မှာရှိနေကြသော လူတွေဟာ ကုသိုလ်စိတ်တာ အဖြစ်နည်းနေကြတာပါ။ ဒါပေမယ့် ကောင်းကျိုးကို ကျတော့ အလုအယက် မျှော်လင့်တောင့်တတတ်ကြတာများပါတယ်။ အချို့ ကံတရားနဲ့ပတ်သက်ပြီး မျက်စိလည်လမ်းမှားနေလိုက်တာများ တန်ခိုးကြီးဘုရား နာမည်ကြီးပုဂ္ဂိုလ်ကျော်တို့ထံမှ ကံကောင်းစေရန် ဆုပန်နေကြတာများ ဘေးကကြည့်နေတဲ့သူတောင် နားငြီးမတတ်ပါဘဲ။

ဒီနေရာမှာ ပြောလိုတာကတော့ ကိုယ့်စိတ်က ကုသိုလ်စိတ်ဖြစ်နေရင် အလိုလိုကံကောင်းပြီးသားပါ။ ဆုတောင်းတောင်း၊ မတောင်းတောင်း အလိုလို ကောင်းကျိုးပြုပါလိမ့်မည်။ ကိုယ့်စိတ်က အကုသိုလ်ကံအပြည့်အသိပ်နဲ့ဆိုလို့ကတော့ တစ်နေကုန် ထိုင်ဆုတောင်းနေလည်း အပိုပါပဲ။ ဆုတောင်းပြည့်မှာတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုရင် အာစိဏ္ဏကံ ခံတွင်းပျက်ကြီးနဲ့ ကံကောင်းခြင်းတွေကို ချက်ချင်းဖြစ်နေကြပါတယ်။ ဒါပေမယ့် အာသာပြေမှာတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ အာစိဏ္ဏကံ ခံတွင်းပျက်နေကြလို့ပါပဲ။

ကံဆိုတာ ဘာမှန်းမသိဘဲနဲ့ ဆုတောင်းတတ်ရင် ပြီးရောတဲ့လား။ အာစိဏ္ဏကံခံတွင်းပျက်ကြီးနဲ့ ကံကောင်းခြင်းကို ချက်ချင်းဖြစ်နေလို့ရမတဲ့လား။ ဘာသာရေး သုညဒီဂရီကြီးနဲ့ ကံတရားကို ဆန်းစစ်ဝေဖန်ကြည့်လို့ အမှန်သိမည်တဲ့လား။ တစ်ခုခုတော့မှားနေပြီဆိုတာ အားလုံးသိဖို့ကောင်းနေပါပြီ။

လူသားတိုင်း လက်တွေ့အဖြစ်များနေတဲ့ စိတ်ကို ချပြရရင် ဘဝင်စိတ်၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်ဆိုပြီး အဲဒီလို အစဉ်အတိုင်း တွေ့ရပါလိမ့်မည်။ ထိုအထဲမှ ဘဝင်စိတ်ဆိုတာ လူသားတွေကို အကယ်အကျိုးမပြုနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ထိုဘဝင်စိတ်ကိုယ်တိုင်က အကြောင်းစိတ်မဟုတ်၊ အကျိုးစိတ်ဖြစ်နေသောကြောင့်ပါပဲ။

သတ္တဝါတိုင်း ကိုယ်တကာယ် အကျိုးပြုနေတဲ့စိတ်ဟာ အကုသိုလ်စိတ်နဲ့ ကုသိုလ်စိတ်ပါပဲ။ ထိုအထဲမှာလည်း အကုသိုလ်စိတ်ကသာ အဖြစ်များပြီး ကုသိုလ်စိတ်က အဖြစ်နည်းနေကြပါတယ်။ ဒါဟုတ်မဟုတ်ဆိုတာ လက်တွေ့အကျိုးတရားနဲ့ နှိုင်းယှဉ်ကြည့်ရင် သိသာထင်ရှားလှပါတယ်။

ယနေ့ သတ္တဝါတိုင်းမှာ ကောင်းကျိုးနဲ့ မကောင်းကျိုး ဘယ်ဟာက ပိုပြီး အဖြစ်များနေကြသလဲလို့ ရှာဖွေကြည့်ရင် မကောင်းကျိုးကသာ ပိုပြီး အဖြစ်များနေကြတာကို တွေ့ရပါလိမ့်မည်။ အဲဒါ သတ္တဝါတိုင်း အကုသိုလ်သာ အဖြစ်များခြင်းရဲ့ သက်သေသာကေပါပဲ။

လူလာဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကလည်း ကုသိုလ်များများပြုနိုင်ရေးနဲ့ အကုသိုလ်များများ ပယ်ဖျက်နိုင်ရေးပါပဲ။ ဒါကိုပဲ တလွဲဆံပင် ကောင်းနေကြသူများကတော့ ကုသိုလ် အမှုကိုလည်း မပြု၊ အကုသိုလ်အမှုကိုလည်း မပြုဘဲနဲ့ အေးဆေးစွာ နေထိုင်တတ်ကြပါတယ်။

အဲဒီလို နေနိုင်တာကိုပဲ အဟုတ်မှတ်ပြီး ငါတို့က အကုသိုလ်အမှုကို တစ်စက်ကလေးမှ မပြုပါဘူး။ ဒါကြောင့် နေ့စဉ်ကုသိုလ်တွေ အပြည့်အသိပ်ရနေပြီကွလို့ ကြွေးကြော်တတ်ကြပါတယ်။ အမှန်ကတော့ အကုသိုလ်ကို ရှောင်ကြဉ်နိုင်ရုံနဲ့လည်း မပြီးသေးပါဘူး။ ကုသိုလ်တရားတွေ တည်ဆောက်တတ်ကြဖို့လည်း အရေးကြီးပါတယ်။ အကုသိုလ်ရှောင်ကြဉ်နေရာမှာလည်း နည်းစနစ်တွေ သိထားဖို့လိုပါတယ်။

ဒီနေရာမှာ ဝိရတီဆိုတာ သမ္ပတ္တဝိရတီ၊ သမုစ္ဆေဒဝိရတီ၊ သမာဒါနဝိရတီ သုံးမျိုးရှိပါတယ်။ ထို့ပြင် ငါးပါးသီလ ရှစ်ပါးသီလ စသည်ကို ဆောက်တည် ထိန်းသိမ်းထားသည့် အလျောက် အကုသိုလ်အမှုမှ ရှောင်ကြဉ်နိုင်ခြင်းသည် သမာဒါနဝိရတီမည်၏။ ရှေးဦးစွာ ဆောက်တည်ထားပြီး အကုသိုလ်အမှုနဲ့ တွေ့ကြုံလာတဲ့အခါလည်း ရှောင်ကြဉ်နိုင်တဲ့ ဝိရတီမျိုးကို သမာဒါနဝိရတီလို့ ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အထင်ရှားဆုံးကတော့ သီဟိုဠ်ကျွန်းက ဥပသကာကြီးပါပဲ။ မဲထေရ်မြတ်တစ်ပါးထံ ချဉ်းကပ်၍ ဥပုသ်သီလခံယူဆောက်တည်ပြီးသည့်နောက် မိမိ၏ နွားပျောက်ကို ရှာဖွေလေရာ တောင်ပေါ်တစ်နေရာအရောက်၌ စပါးကြီးမြွေတစ်ကောင်က ညှို့ယူရစ်ပတ်ခြင်းကို ခံလိုက်ရလေ၏။

ထိုအခါ ဥပသကာသည် မိမိလက်ထဲမှ ဓားဖြင့် မြွေကို သတ်ရန် ကြံစည်ပြီးကာမှ ဆောက်တည်ထားသော သီလကို သတိရသဖြင့် သတ်ရကောင်းနိုး၊ မသတ်ရကောင်းနိုးနဲ့ ချီတုံချတုံဖြစ်ကာ နောက်ဆုံးမှာတော့ ငါ့ရဲ့အသက်ကို စွန့်မည်၊ သီလကိုတော့ အပျက်မခံနိုင်ဟု ဆုံးဖြတ်ပြီး ဓားကို လွှင့်ပစ်လိုက်လေ၏။ ထိုအခိုက်မှာပဲ မြွေသည်လည်း ကိုယ်မှ ခွာသွားလေတော့၏။

သီလကို ကြိုတင်ခံယူ ဆောက်တည်မထားသော်လည်း လွန်ကျူးစရာ အာရုံနှင့် တွေ့ကြုံရတဲ့အခါ၌ အကုသိုလ်မှ ရှောင်ကြဉ်နိုင်ခြင်းသည် သမ္ပတ္တဝိရတီမည်၏။ ကြိုတင်၍ ဆောက်တည်မထားသော်လည်း အကုသိုလ်အမှုနှင့် ကြုံကြိုက်ရာအခါ၌ ရှောင်ရှားနိုင်တဲ့ ဝိရတီမျိုးပါပဲ။

ထိုဝိရတီကို ထင်ရှားစေတာက သီဟိုဠ်ကျွန်းမှ စက္ကနသတို့သားဝတ္ထုပါပဲ။ ရောဂါသည် မိခင်ကြီးအတွက် အစ်ကိုလုပ်သူက ယုန်သားရှာဖွေခိုင်းလေရာ လယ်တောထဲအရောက်ထယ် စပါးနုံနုနုကိုစားရန်လာနေသော ယုန်သူငယ်တစ်ကောင်သည် စက္ကနကိုမြင်၍ အထိတ်တလန့် ထွက်ပြေးလေရာ ချုံနွယ်၌ငြိ၍ မပြေးနိုင်ဘဲရှိချေ၏။

ထိုအခြင်းအရာကို မြင်သော စက္ကနသည်လည်း မိခင်ကြီးအတွက် ဆေးရလေပြီဟု အားရဝမ်းသာဖြင့် ဖြုတ်ယူလေတော့၏။ ထို့နောက် စက္ကနသည် မိမိလက်ဝယ်ရောက်လာသော သနားစရာ ယုန်သတ္တဝါကိုကြည့်ပြီး အခုတော့လည်း စက္ကနခမျာ မပျော်နိုင်တော့ပါဘူး။ မိမိ၏မိခင်အတွက်ဟူသော အတ္တစိတ်ရိုင်းတို့သည်လည်း တစ်စတစ်စ လွင့်ပျောက်ကုန်ကြပါပြီ။ ခုတော့ စက္ကနရဲ့နှလုံးသားမှာ အကြင်နာလေညင်းလေး တသွင်သွင် တိုက်ခတ်လာပါတော့တယ်။

ကိုယ့်မိခင် အသက်ရှင်သန်ရဖို့အတွက် အခြားအပြစ်မဲ့တဲ့ သတ္တဝါတစ်ကောင်က အသက်သေပေးရမယ်ဆိုတာ လုံးဝ သဘောမကျလှပါဘူး။ အဲဒီလို သဘာဝဓမ္မ အတွေးအမြင်လေးတစ်ချက် ဝင်လိုက်ရုံနဲ့ ယုန်ကလေး၏ အသက်ဆက်လက်ရှင်သန်ရဖို့အတွက် နိုင်လုံတဲ့အကြောင်းပြချက် ရသွားပါပြီ။ ဒီတော့ ယုန်ကလေးရေ လွတ်လပ်စွာ သွားပေတော့ဟုဆိုပြီး စက္ကနက ချက်ချင်းပဲ လွှတ်ပေးလိုက်တော့၏။

သမ္ပတ္တဝိရတီရှင်စက္ကရဲ့ အိမ်အပြန်လမ်းဟာ ဝမ်းသာဝမ်းနည်းကြီးနဲ့ပါ။ အိမ်ပြန်အရောက်မှာပဲ အစ်ကိုလုပ်သူက ဆီးကြိုလို့မေးတော့ အကျိုးအကြောင်း သဘာဝဓမ္မအစုံအလင် ပြောပြလိုက်တော့ အစ်ကိုဖြစ်သူရဲ့ ဒေါသကျိန်စာက "ဘုရားဖြစ်မယ့် အုတ်နီခဲ"ပဲတဲ့။ ဘယ်သူသိမှာလဲ။ သူ့ရှိတယ် ကိုယ့်ရင်ထဲမှာ ဘုရားဟောခဲ့တဲ့ ကံဆိုတာလေဟု စက္ကနက အဲဒီလိုတွေး ကြည့်နေတော့၏။

တကယ်တော့ စက္ကနဟာ သစ္စာကံကို ထမ်းဆောင်လာခဲ့တယ်ဆိုတာ အစ်ကိုလုပ်သူက မမြင်နိုင်ခဲ့ရှာဘူး။ လုံ့ထမ်းလာတာကိုသာ မြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင်ဘူးဆိုတဲ့ ကမ္မနိယာမစကားဟာ စက္ကနရဲ့အစ်ကိုလို လူမျိုးတွေအတွက် တမင်ဖွဲ့ဆိုခဲ့တာလားတော့ မသိပါဘူး။ အခုတော့ စက္ကနရဲ့ ပါးစပ်ဖျားက ထွက်ကျလာခဲ့တဲ့ သစ္စာကံဆိုတဲ့ သဘာဝဓမ္မကို အစ်ကိုဖြစ်တဲ့သူကိုယ်တိုင် တွေ့မြင်ခဲ့ရလေ၏။

ငါသည် ဖွားမြင်သည်မှစ၍ ယနေ့ထက်တိုင်အောင် သတ္တဝါတို့၏အသက်ကို သေစေလိုသော စေတနာဖြင့် တစ်ခါမှ မသတ်ခဲ့ဖူးပေ။ ဤသစ္စာစကား မှန်ကန်ပါက မိခင်ကြီးခံစားနေရသော ရောဂါဝေဒနာတို့သည် ချက်ချင်းလက်ငင်း ပျောက်ကင်းပါစေသတည်းလို့ သစ္စာဆိုလိုက်တော့ ရောဂါသည်မိခင်ကြီးဟာ ချက်ချင်းအကောင်းပကတိ ဖြစ်သွားရလေတော့၏။

ဆေးဆရာရဲ့ ဓာတ်စာက အစွမ်းထက်မထက်တော့ မသိပါဘူး။ စက္ကနရဲ့သစ္စာစွမ်းအားထက် ပုံကတော့ ယနေ့ထက်တိုင် ပြောနေကြတုန်းပါပဲ။ ဒါကတော့ မိမိခံယူဆောက်တည်ထားခဲ့တဲ့ ဥပုသ်သီလကို တန်ဖိုးထားဆောက်တည်ခဲ့ရတဲ့ သီလရဲ့ တန်ခိုးစွမ်းအား ယုံကြည်မှုနဲ့ သဒ္ဓါတရားကြောင့် မိခင်ကြီးရဲ့ ရောဂါဝေဒနာ ပျောက်ကင်းရပုံကလေးပါပဲ။

နောက်ဆုံး ဝိရတီကတော့ သမုစ္ဆေဒဝိရတီပါပဲ။ ဒါကတော့ အရိယာပုဂ္ဂိုလ်တွေမှသာ ရှောင်ကြဉ်နိုင်တဲ့ ဝိရတီမျိုးပါ။ အရိယာပုဂ္ဂိုလ်တို့သည် မိမိ၏မဂ်အလိုက် အကုသိုလ်ကို အကြွင်းမဲ့ပယ်သတ်ပြီးခဲ့ကြပါပြီ။ ဒီဘဝတင်မဟုတ်ပါဘူး။ တစ်သံသရာလုံးစာအထိကို ကြိုတင်ပယ်သတ်ပြီးခဲ့ကြတာပါ။ ဒါကိုပဲ သမုစ္ဆေဒဝိရတီလို့ ခေါ်ပါတယ်။ အကုသိုလ်ကို အကြွင်း



www.burmeseclassic.com

www.burmeseclassic.com

မရှိ ပယ်သတ်နည်းပေါ့။ ဒီနည်းက အရိယာတွေမှ သိတာပါ။ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေနဲ့ ဘာမှမဆိုင်ပါဘူး။

ဒီနေရာမှာ ပုထုဇဉ်ပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်တာ သမာဒိနနှင့် သမ္မတ္တ ဝိရတီနှစ်မျိုးတည်းရယ်ပါ။ ဒီနေရာမှာ ပြောလိုတာကတော့ အကုသိုလ်ရှောင်ကြဉ်ရာ၌ ဆောက်တည်ပြီး ရှောင်ကြဉ်တာနဲ့ ကြုံကြိုက်လာမှ ရှောင်ကြဉ်တာမျိုး အကျိုးသွားချင်း မတူပုံပါပဲ။ ဆောက်တည်ပြီးမှ ရှောင်ကြဉ်တာက အကုသိုလ်နဲ့ ကြုံကြုံမကြုံကြုံ အချိန်ပြည့် ကုသိုလ်ရပါတယ်။ ကြုံကြိုက်လာမှသာ ရှောင်ကြဉ်တာက အကုသိုလ်နှင့် မကြုံလို့ကတော့ ကုသိုလ်ရစရာ အကြောင်းမရှိတော့ပါဘူး။

အဲဒါကြောင့် အကုသိုလ်ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်လိုသူတိုင်း ကြုံလာမှမဟုတ်ဘဲ ကြိုတင်ဆောက်တည်ပြီး ရှောင်ကြဉ်နိုင်အောင် ကြိုးစားအားထုတ်ကြရန် အားလုံးကို တိုက်တွန်း လိုပါတယ်။ ဒါဟာ အချိန်ပြည့်ကုသိုလ် ရနိုင်တဲ့နည်းပါပဲ။ နေ့စဉ် အကုသိုလ်သာ အဖြစ်များနေတဲ့ကြားထဲမှာ ကုသိုလ်အာစိဏ္ဏကံကွက်လပ်ကြီးကို ဖြည့်စွက်ပေးနေရာလည်း ရောက်ပါတယ်။

ပုထုဇဉ်နဲ့ အရိယာအကုသိုလ်ကို ပယ်သတ်ကြပုံ နည်းစနစ်ချင်း မတူကြပါဘူး။ ပုထုဇဉ်က သစ်ပင်ခုတ်တဲ့နည်း။ အရိယာက အမြစ်ဖြတ်တဲ့နည်းကို အသုံးပြုလေ့ရှိပါတယ်။ ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်ကို ခုတ်ထွင်ရှင်းလင်းပစ်တော့မည် ဆိုကြပါစို့။ ထိုသစ်ပင်၏ အကိုင်းအခက်ကိုပဲ ခုတ်ခုတ်၊ ပင်ရင်းကနေပဲလှဲလှဲ အပင်ကတော့ မသေနိုင်သေးပါဘူး။ ဘာလို့လည်းဆိုရင် ရေသောက်မြစ်ကျန်နေသေးလို့ အတက်ထွက်လာဦးမှာပါပဲ။ အမြစ်ကတိုင် တူးနုတ်ပစ်မှသာ ထိုအပင် အပြီးတိုင်သေဆုံးမှာဖြစ်ပါတယ်။

ဤဥပမာအတိုင်းပဲ ပုထုဇဉ်တွေ အကုသိုလ်ကို ပယ်သတ်ကြရာဝယ် အရိယာတွေလို အမြစ်ပြတ် ပယ်သတ်နည်းကို အသုံးမပြုနိုင်ကြသေးပါဘူး။ ဒါကြောင့် သစ်ပင်ခုတ်သလို အကိုင်းချိုင်သူကချိုင်၊ အခက်အလက် ခုတ်သူကခုတ်၊ အရင်းလှဲတဲ့သူကလှဲနဲ့ ဒီအဆင့်လောက်သာ ပယ်သတ်နိုင်ကြတာပါ။ အရိယာတွေလို အမြစ်ပြတ်အောင် အကုသိုလ်ကို များသောအားဖြင့် မတူးဖြိုနိုင်သေးပါဘူး။

ဒါကြောင့်လည်း ပုထုဇဉ်တွေဟာ အကုသိုလ်ကို ဘယ်လောက်ပယ်သတ်နေနေ အညွန့်အညှောက်ကတော့ ပြန်လည်ပေါ်ပေါက်လာစမြဲပါပဲ။ ဘာလို့လဲဆိုရင် အကုသိုလ်ရေသောက်မြစ်ကြီး ကျန်ရှိနေသေးလို့ပါပဲ။ ပုထုဇဉ်တွေအနေနဲ့ အကုသိုလ်ဘက်ကကြည့်ပြန်ရင်လည်း ကာမာဝစရကုသိုလ်ကံရှစ်ပါးကိုသာ သူ့ထက်ငါ အလုအယက် ပြုစုအားထုတ်နေကြတာပါ။ ဒီတော့ ကာမာဝစရကံကနေ တက်လာနိုင်တဲ့သူဆိုတာ မရှိသလောက်ရှားပါးနေကြပါပြီ။

ဒီလိုဆိုတော့ မျက်မှောက်ခေတ် ကာမသတ္တဝါအများစုရဲ့ ဘဝသံသရာဟာ ဝိုင်းကြီးပတ်ပတ်ဆိုသလို ကာမ ၁၁ ဘုံထဲကကို ထွက်မလာနိုင်ကြတော့ပါဘူး။ အပယ်ကျလိုက်၊ လူ့နတ်ဖြစ်လိုက်နဲ့ ကာမ ၁၁ ဘုံမှာပဲ ဝိုင်းကြီးပတ်လည်ဖြစ်နေကြတာပါ။ နိဗ္ဗာန်ဆိုတာကတော့ ဟိုး…ကမ္ဘာ ကမ္ဘာအဝေးကြီးမှာလို့ပဲ ဆိုရတော့မလိုပါဘဲ။

အဲဒါ ဘာကြောင့်လဲဆိုရင် ကာမသတ္တဝါအများစုဟာ ကာမဇောနှင့် ကာမအာရုံတွေကိုသာ စွတ်ခိုက်နေကြတာပါ။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာဆိုတာ ငါတို့ရဲ့ စိတ်စာမဟုတ်ဘူးလို့ အထင်ရောက်နေသောကြောင့်ပါပဲ။

ဒီနေရာမှာ ပြောလိုတာကတော့ ရှောင်ကြဉ်ရုံသက်သက်နဲ့လည်း ကုသိုလ်မဖြစ်သေးပါဘူး။ ကာမာဝစရကုသိုလ်ကံကို သူ့ထက်ငါ စွမ်းစွမ်းတမံ အားထုတ်နိုင်ရုံသက်သက်နဲ့လည်း ကာမဘုံမှ မထွက်နိုင်သေးပါဘူး။ သမထဘာဝနာသက်သက်နဲ့လည်း ၃၁ ဘုံမှ မထွက်နိုင်သေးပါဘူး။ လောကီတရားဆိုတာ ၃၁ ဘုံထဲမှာ ဘဝသံသရာနယ်ချဲ့ပေးရုံထက် မပိုနိုင်ပါဘူး။

လူတိုင်းရဲ့ အဓိကပန်းတိုင်က နိဗ္ဗာန်ပါ။ ထိုနိဗ္ဗာန်ဆိုတာ အမြင်နီးသလောက်၊ အပြောလွယ်သလောက် အလှမ်းဝေးလှပါတယ်။ ဒီတော့ ထိုနိဗ္ဗာန်သို့ စံမြန်းသွားကြသည့် ရှေ့ရှေ့သော အရိယာသာဝကတို့ကို ခြေရာခံကြည့်လိုက်တဲ့အခါ အဓိကာရောစဆန္ဒတာဆိုတဲ့ အင်္ဂါကိုတွေ့ရပေလိမ့်မည်။ ဘဝတစ်ခုခုတုန်းကလည်း ဝိပဿနာကို အားထုတ်ခဲ့ဖူးရမည်။ ဘယ်ကုသိုလ်ပြုပြု နိဗ္ဗာန်ကိုရောက်လိုတဲ့ ဆန္ဒကိုလည်း ရှေ့တန်းတင်ထားရပေလိမ့်မည်။ ဤအင်္ဂါနှစ်ပါးဟာ နိဗ္ဗာန်ကိုရဖို့ အရေး အတွက် ရှေးဦးစွာပြုကျင့်ထားရမည့် ဗုဒ္ဓကိစ္စတွေပါပဲ။

တကယ်တော့ အဓိကာရဆိုတာ ပုဗ္ဗေစကတပုည တာကို ပြောတာပါပဲ။ ရှေ့ဘဝအဆက်ဆက်က ပြုခဲ့သည့်

www.burmeseclassic.com

ကောင်းမှုအထူးရှိကြလို့ ကောင်းမှုအကျိုးဖြစ်တဲ့လူ၊ နတ်ချမ်းသာကို ရရှိခံစားနေရသလိုပါပဲ။ ရှေးဘဝအဆက်ဆက်က အားထုတ်ခဲ့ဖူးသည့် ဝိပဿနာဘာဝနာ အထူးရှိခဲ့ကြလို့သာ ဘုရားရှင်လက်ထက်မှာ အရိယာအဖြစ်နဲ့ ကျွတ်တမ်းဝင်သွားရတာပါ။

ဒါကိုကြည့်ခြင်းအားဖြင့် ဘယ်အရိယာသာဝကမှ အဓိကာရနှင့်ဆန္ဒ မလွတ်ကင်းခဲ့ကြဘူးဆိုတာ တွေ့မြင်ရပေလိမ့်မည်။ ထိုကျွတ်တမ်းဝင်သွားသူတွေထဲမှာလည်း အရှင်ကောဏ္ဍညက အစဦးဆုံးသာဝကဖြစ်ရပြီး သုဘဒ္ဒပရိဗိုဇ်က နောက်ဆုံးပိတ်သာဝကဆိုတာ လူတိုင်းသိပါတယ်။ အဲဒီလို အစနဲ့အဆုံး သာဝကဖြစ်ရတာဟာ အဓိကာရနှင့် ဆန္ဒဆိုတဲ့ ဗုဒ္ဓကိစ္စ ကွာခြားချက်ကြောင့်ပါပဲ။

ဒီနေရာမှာ ပထမသာဝက အညာသိကောဏ္ဍည အကြောင်းကတော့ လူတိုင်းလိုလို သိနေကြပါတယ်။ ဒါပေမယ့် အန္တိမသာဝက သုဘဒ္ဒပရိဗိုဇ်ကြီး၏ ဘုရားရှင်ကို ဖူးမြော်လိုတဲ့ သဒ္ဓါပသန္နစိတ်က အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့လေတော့၏။

အာစရိယပရမ္ပရ ဆရာအဆက်ဆက်ထံမှ သူကြားထားသည့် စကားကတော့ ဗုဒ္ဓုပ္ပါဒဒုလ္လဘပါပဲ။ ဤကဲ့သို့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနှင့် ကြုံသောခဏဝယ်. ထိုဘုရားသခင်ထံ ချဉ်းကပ်ခစား၍ လျှောက်တင်လိုက်ရရင်ဖြင့် မိမိရင်၌ ကိန်းသမျှ သံသယတွေ အပြီးတိုင် ငြိမ်းပျောက်ရလေတော့၏ဟူသော စကားကို ကြားထားတာတော့ ကြာလှပါပြီ။ ဒါပေသည့် ယနေ့ထက်တိုင် ဘုရားရှင်ကို တစ်ခါဖူးမျှ မဖူးမြင်ရသေးပါဘူး။ ယနေ့သာ မဖူးမြင်လိုက်ရရင်ဖြင့် ငါ့ရင်ထဲက သံသယတွေ တစ်သက်လုံး အရည်ပျော်ရတော့မည်မဟုတ်ဟု အံကြိတ်ကာ လျင်စွာလာပြီး အရှင်အာနန္ဒာထံ အကြောင်းစုံလျှောက်တင်၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ခွင့် တောင်းခံလေတော့၏။

ရှင်အာနန္ဒာ၏ အတွေးကလည်း တိတ္ထိကိုမည်သည်အယူသီးလှပေ၏။ ထိုအယူကိုပယ်ရှားအောင် တရားဟောရရင်ဖြင့် ဘုရားသခင် အထူးတလည် ပင်ပန်းကြီးစွာ ဖြစ်ချေရာ၏လို့ အောက်မေ့ပြီး "ငါ့ရှင်သုဘဒ္ဒ အကြောင်းမသင့်အခွင့်မသာလှပေပြီ။ ကိုယ်တော်မြတ်ကြီး ပင်ပန်းကြီးစွာ ခံစားနေရသည်။ ဘုရားရှင်ကို မညည်းဆဲလိုပါလင့်"ဟု မြင်းဆိုလေ၏။

ထိုအခါ သုဘဒ္ဒကလည်း ကိုယ့်မျှော်လင့်ချက်နဲ့ကိုယ်လာခဲ့သူဆိုတော့ လွယ်လွယ်နဲ့ အလျှော့မပေးဘဲ သုံးကြိမ်တိုင်တိုင် ခယတောင်းပန်လေတော့၏။ အရှင်အာနန္ဒာကလည်း သုံးကြိမ်စလုံး ခွင့်မပြုနိုင်ဘဲ ရှိချေရာ ထိုအချေအတင်စကားကို ဘုရားရှင်ကိုယ်တော်တိုင် ကြားသိသော် သုဘဒ္ဒကို ဖူးမြော်ခွင့်ပြုစေတော်မူ၏။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပြင်းစွာသော အားထုတ်ခြင်းဖြင့် ဤနေရာဒေသသို့ အရောက်ကြွမြန်းတော်မူခဲ့တာလည်း သုဘဒ္ဒရဲ့ ကျွတ်ချိန်တန်တဲ့ အကြောင်းတစ်ရပ်ပါပဲ။ ဒါ့ကြောင့် ခွင့်ပြုစေခဲ့တာပါ။

သုဘဒ္ဒကလည်း ခွင့်ပြုတယ်ဆိုတာနဲ့ အားရဝမ်းသာပဲ ဘုရားရှင်ထံ ချဉ်းကပ်ခစားပြီးနောက် သူ့ရဲ့ရင်ထဲက သံသယအကြိတ်အခဲတွေကို ဖွင့်ဟလျှောက်ထားတော့တာပါပဲ။ "အရှင်ဂေါတမ ဤလောက၌ ကိုယ့်ကိုယ်ကို ဘုရားဟု ကြွေးကြော်ထားကြသည့် တိတ္ထိဆရာကြီးခြောက်ဦးတို့သည် တကယ်သဗ္ဗညုအစစ် ဖြစ်နိုင်ပါသလော။ ထိုတိတ္ထိဆရာကြီးတို့၏ အကျင့်ကို ကျင့်သဖြင့် အကျိုးရှိနိုင်ပါသလော"ဟု လျှောက်ထားလေတော့၏။

ထိုအခါ ဘုရားရှင်က "အချင်းသုဘဒ္ဒ၊ သင့်စကားကို ဖြေကြားရန် အကြောင်းအသင့် အခွင့်မသာလှပေပြီ။ သင်သိအောင်သာ ငါဘုရား ဟောကြားအံ့။ စစ်မှန်သော အယူရှိသူတို့၏ သာသနာမှာ ဈာန်ရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်ဆိုတာ အခြင်းခပ်သိမ်း ဆိတ်သုဉ်းရလေ့မရှိပါဘူး။ ဈာန်၊ မဂ်၊ ဖိုလ်နဲ့ လျော်တဲ့အကျင့်ရှိဖို့ပဲ အရေးကြီးပါတယ်။ အချိန်ပြည့် တရားထူးရနိုင်တာချည်းပါပဲ။ အယူအကျင့် မစစ်မှန်လှတဲ့ သာသနာမှာတော့ အရိယာပုဂ္ဂိုလ်ဆိုတာ တစ်ဦးတလေပင် မြင်တွေ့ဖို့ခဲယဉ်းလှပေ၏"လို့ ဟောကြားလေ၏။

ဆက်လက်ပြီး ဘုရားရှင်က "အချင်းသုဘဒ္ဒ၊ ကောင်းကင်ပြင်၌ ခြေရာမထင်သကဲ့သို့ ငါဘုရား၏ သာသနာတော်မှအပ၌ အရိယာပုဂ္ဂိုလ်ဆိုတာ မရှိနိုင်ပေ။ ငါဘုရား သာသနာတော်၌သာလျှင် အရိယာပုဂ္ဂိုလ်တွေကို သင်မြင်တွေ့နိုင်ပေ၏"လို့ ဟောကြားလေရာ သုဘဒ္ဒသည်လည်း သံသယငြိမ်းပျောက်ရပြီး တစ်သက်လုံး လွဲမှားလာခဲ့ရသည့် မိမိ၏အမှားတို့အပေါ်၌ သံဝေဂကြီးစွာရ၍ ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းလေ၏။

ရဟန်းပြုပြီးနောက် ဘုရားရှင်က သင့်ရာက ကမ္မဋ္ဌာန်းကိုပေးပြီး အားထုတ်စေ၏။ သုဘဒ္ဒသည် ထိုအရပ်၌ပင် စင်္ကြံ



www.burmeseclassic.com

www.burmeseclassic.com

သွားလျက် တရားအားထုတ်သဖြင့် မကြာမီပင် ဆဋ္ဌာဘိညရဟန္တာအဖြစ်သို့ ဆိုက်ရောက်ရလေ၏။ ဒါကြောင့် အရှင်သုဘဒ္ဒသည် ဘုရားရှင်၏မျက်မှောက်တော်၌ နောက်ဆုံးပိတ်အရိယာသာဝကအဖြစ် စာရင်းဝင်ရလေတော့၏။

ဒီနေရာမှာ ပြောလိုတာကတော့ အခိကာရနဲ့ ဆန္ဒပါပဲ။ တကယ်တော့ ပထမသာဝက အရှင်ကောဏ္ဍညနှင့် အန္တိမသာဝက အရှင်သုဘဒ္ဒတို့သည် အတိတ်ဘဝက ဝိပဿီဘုရားရှင်လက်ထက်က မဟာကာလ၊ စူဠကာလ အမည်ရတဲ့ သူကြွယ်ညီနောင်အစ်ကို အရင်းကြီးတွေပါပဲ။ ဒါပေမယ့် ညီဖြစ်သူ စူဠကာလက နှစ်စဉ်နှစ်တိုင်း လုပ်ရသမျှ ဆန်စပါးထဲမှ ဘုရားရှင်နှင့် သံဃာတော်တို့အား မျိုးဦးမျိုးဖျား ကောက်ပဲသီးနှံများကို ဦးဦးဖျားဖျား အလှူကိုးပါးကို ပေးလှူလေ့ရှိလေ၏။ ထိုအလှူပွဲတိုင်းမှာလည်း စူဠကကာလရဲ့ အခိကာရနဲ့ ဆန္ဒကတော့ နောင်ဘုရားရှင်တို့၏ သာသနာမှာ တရားဦးရစေသားဆိုတဲ့ ဆုတောင်းပတ္ထနာပါဝင်ခဲ့တာချည်းပါပဲ။ ဒါ့ကြောင့် တရားဦးရတဲ့ အညာသိကောဏ္ဍညရယ်လို့ ဤလောကသာသနာတော်မှာ အမည်တွင်ခဲ့ရတာပါ။ အစ်ကိုလုပ်သူ မဟာကာလကတော့ နောက်ဆုံးကျမှ အလှူပေးလေ့ရှိခဲ့သလို တရားထူးရရပါလို၏ဟု သာမန်သာ အခိကာရဆန္ဒပတ္ထနာပြုခဲ့တာကြောင့်လည်း အန္တိမသာဝကလို့ အမည်တွင်ရတာပါပဲ။

ဒီနေရာမှာ ပြောလိုတာကတော့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရဖို့ဆိုတာ ‚ အခိကာရနဲ့ ဆန္ဒကင်းလို့ မရဘူးဆိုတာပါပဲ။ ဒါကို သိစေချင်လို့လည်း ပထမသာဝက အန္တိမသာဝကဖြစ်ရခြင်း အကြောင်းတို့ကို ဖော်ပြပေးခဲ့တာပဲ ဖြစ်ပါတယ်။

တကယ်တော့ ထိုအရှင်နှစ်ပါးသာ မဟုတ်ပါဘူး။ ဘုရားရှင်လက်ထက်က ကျွတ်တမ်းဝင်သွားခဲ့ကြတဲ့ အရိယာသာဝကတိုင်းမှာလည်း အခိကာရနဲ့ ဆန္ဒကိုယ်စီ ရှိကြတာချည်းပါပဲ။ ထိုသို့ အတိတ်ဘဝက အခိကာရနဲ့ ဆန္ဒပါရမီထူးရှိခဲ့ကြသောကြောင့်သာ ဘုရားရှင်လက်ထက်မှာ လွယ်လင့်တကူ ကျွတ်တမ်းဝင်ခဲ့ကြရတာပါ။

ဒီနေရာမှာ အခိကာရဆိုတာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အားလျော်သော ဝိပဿနာကုသိုလ်ထူးကို ပြောလိုတာပါပဲ။ ကိုယ်ကသာ အခိကာရထူးနဲ့ ကျွတ်တမ်းဝင်ခဲ့ကြရတာပါ။ ကိုယ်ကသာ အခိကာရထူးရှိခဲ့ရင် ဒီသာသနာအတွင်းမှာပဲ တရားထူးရနိုင်တယ်ဆိုတာ ဘုရားရှင်ကိုယ်တိုင် သုဘဒ္ဒကို ထုတ်ဖော်ဟောကြားတော် မူခဲ့ပါတယ်။

ကိုယ်တိုင် အားထုတ်ဖြစ်ဖို့ကသာ အဓိကကျတာပါ။ ဒီဘဝ တရားထူးမရနိုင်သေးလည်း အခိကာရကုသိုလ်ထူးတော့ ဖြစ်ရတာပေါ့။ ထိုအခိကာရကုသိုလ်ထူးက နောက်ဘဝတွေမှာ ပါရမီဆက်ပေးလိမ့်မယ်ဆိုတာ အားလုံးကို သိစေလိုပါတယ်။

နောက်တစ်ခါ နိဗ္ဗာန်ကိုရောက်လိုတဲ့ဆန္ဒ ဒါကတော့ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ ရင်ထဲမှာ အမြဲတေလို ကိန်းဝပ်နေတဲ့ ဆန္ဒအမှန်ပါပဲ။ သို့ပါသော်လည်း ထိုဆန္ဒအမှန်ကို လက်တွေ့အကောင်အထည်ဖော်ဖို့ အတွက်ကျတော့ ခက်ခဲနေကြသူတွေက များပါတယ်။

ဒီလိုဆိုတော့ အားလုံး ကိုယ့်ကိုယ်ကို ပြန်မေးကြည့်သင့်တာက နိဗ္ဗာန်သို့ရောက်လိုကြသည့် ကိုယ့်ဆန္ဒတွေထဲမှာ မာယာကင်းမကင်းဆိုတာကိုပါ။ ဒါကို ပေါ့ပေါ့လေး မတွေးလိုက်ကြပါနဲ့။ တရားထူးရခြင်း၏ အကြောင်းတွေထဲမှာ မာယာကင်းရမယ်ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။

မာယာကင်းတဲ့ ဆန္ဒရှိမှ အခိကာရအထူးသို့ ရှေးရှုဆောင်စေလိမ့်မည်။ မာယာမကင်းတဲ့ ဆန္ဒရှိလို့ကတော့ အခိကာရထူးကို တွန့်ဆုတ်စေလိမ့်ဦးမည်။ ဒါဟာ ကိုယ့်ဆန္ဒထဲမှာ မာယာကင်းမကင်းဆိုတာ ချိန်ကိုက်ကြည့်တဲ့နည်းပါပဲ။ အားလုံးမှတ်ကျောက်တင်ကြည့်ကြပါ။ အဖြေမှန်ပေါ်လာပါလိမ့်မည်။

နောက်ဆုံး ပြောလိုတာကတော့ အခိကာရခံတွင်းပျက်ကြီးနဲ့လည်း နိဗ္ဗာန်ကို ချက်ချင်းမဖြစ်နေကြပါနဲ့ဦး။ မာယာမကင်းတဲ့ ဆန္ဒကြီးတန်းလန်းနဲ့လည်း မဂ်၊ ဖိုလ်ကို ရည်မှန်းမနေကြပါနဲ့။ ကိုယ်တွေရဲ့ဘဝသံသရာဟာ ကာမ ၁၁ ဘုံမှာပဲ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ဖြစ်နေကြလိမ့်ဦးမယ်ဆိုတာ အားလုံးကို သိစေလိုပါတယ်။

**နွေဦးမောင်**

ကျမ်းကိုး

ကံကံ၏အကျိုး အဘိဓမ္မာစာအုပ်၊ ဗုဒ္ဓဝင်။



www.burmeseclassic.com

www.burmeseclassic.com

# ကြွေးပုကိစ္စ အေးငြိမ်းရအောင်

■ သုတေသီဆရာငြိမ်း

အကြွေးဆိုသည်မှာ လူတိုင်းလိုလိုပင် ကင်းကြသည် မဟုတ်။

အချစ်ကြွေး၊ အမုန်းကြွေး၊ မေတ္တာကြွေး၊ သံယောဇဉ်ကြွေး၊ ရာဇဝတ်ကြွေးတို့သည်လည်း ငွေရေးကြေးရေး မဟုတ်လင့်ကစား အကြွေးစာရင်းထဲ ပါနေသည်။ အကြွေးဟူက ပြန်ဆပ်ရမည့်သဘောရှိ၏။ သာမန်ပုထုဇဉ် မဆိုထားနှင့်၊ သုံးလောကထွတ်ထား ရှင်တော်ဘုရားသည်ပင်လျှင် ဝဋ်ကြွေးဟူသည် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ်ဖြစ်၏။ အကြွေးဆိုသော ဝန်ထုပ်ဝန်ပိုးကြီးပိနေပါက ထိုသူ၏ဘဝသည် နာလန်ထူဖို့ရာ လွန်စွာမှ ခက်ခဲပါလိမ့်မည်။

သည်တော့ လူတိုင်း အကြွေးကင်းရှင်းလိုကြသည်။ ဝန်ထုပ်ဝန်ပိုးကြီး၏ အပိကို မခံချင်ကြ။ သည်သို့ဖြစ်၍ အကြွေးကျေရန် နည်းလမ်းအမျိုးမျိုးရှာကြံပြီး ကြိုးစားဖြေရှင်းကြရသည်။ အကြွေးယူပြီး ပြန်မဆပ်က နောက်ဘဝ၌ ခြေခံရသော အဖြစ်အပျက်တွေ များစွာရှိပါသည်။ ထိတ်လန့်တုန်လှုပ်ဖို့လည်း ကောင်းပါသည်။ ကြွေးဆိုရာ၌ လောလောလတ်လတ် တောင်းခံလာသည့် ကြွေးပူဆိုတာရှိသည်။ အေးအေးဆေးဆေးမှ ပြန်ဆပ်ပါမည်ဆိုသည့် ကြွေးအေးရှိသည်။ ဤသို့ ကြွေးပူကိစ္စနှင့် ကြုံတွေ့လာပါက လတ်တလော အခက်အခဲ ပြေလည်စေသည့် နည်းလမ်းကလေးတစ်ခုကို တင်ပြလိုပါသည်။ ထိုနည်းလမ်းကလေးကို ယုံကြည်စွာ လုပ်ဆောင်ခြင်းဖြင့် ကြွေးပူကိစ္စပြေလည်စရာ အလုပ်အကိုင်တွေ ရလာနိုင်သလို တစ်ဦးတစ်ယောက်ထံမှလည်း အကူအညီတွေ ရလာနိုင်ပါသည်။

လုပ်ဆောင်ရမည်ကား လင်ပန်းတစ်ချပ်ထဲသို့ ငွေနံ့၏မိတ်ဖြစ်သော ရွက်လှရွက် ၄ ညွန့်၊ ငွေနံ့၏မိတ်ဓာတ်ဖြစ်သော ပေါင်မုန့်ငါးချပ်တို့ကိုထည့်၍ ဘုရားထံကပ်လှူပါ။ လိုရာဆုတောင်းပါ။ တစ်ပတ်တစ်ခါ ပုံမှန်လုပ်ပေးပါ။ ထိုသို့လုပ်ဆောင်ရာ၌ - - -

၁။ တနင်္ဂနွေသားသမီးသည် အင်္ဂါနေ့၌ လုပ်ဆောင်ရပါမည်။

၂။ တနင်္လာသားသမီးသည် ဗုဒ္ဓဟူးနေ့၌ လုပ်ဆောင်ရပါမည်။

၃။ အင်္ဂါသားသမီးသည် ကြာသာပတေးနေ့၌ လုပ်ဆောင်ရပါမည်။

၄။ ဗုဒ္ဓဟူးသားသမီးသည် သောကြာနေ့၌ လုပ်ဆောင်ရပါမည်။

၅။ ကြာသာပတေးသားသမီးသည် စနေနေ့၌ လုပ်ဆောင်ရပါမည်။

၆။ သောကြာသားသမီးသည် တနင်္ဂနွေနေ့၌ လုပ်ဆောင်ရပါမည်။

၇။ စနေသားသမီးသည် တနင်္လာနေ့၌ လုပ်ဆောင်ရပါမည်။

ကောင်းမှုကုသိုလ် နှယ်ယှက်သော အလှူယာကြာဖြစ်သည့်အားလျော်စွာ ကြုံတွေ့ရတတ်သည့် အကြွေးပူကိစ္စတို့မှာ တစ်နည်းနည်းဖြင့် အေးငြိမ်းသွားပါလိမ့်မည်။

သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

ကျော်မြသန်း

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ

ယခင်လမှအဆက်




www.burmeseclassic.com

www.burmeseclassic.com

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ

ကျော်မြသန်း

( ယခင်လမှအဆက် )

နောက်တစ်ရက် မွန်းလွဲပိုင်းတွင် အမေ့ အသုဘချသည်။ သည်းအူကြွေ ဖြတ်မတတ် ဝမ်းနည်းခံစားရသော် လည်း ကျွန်တော် မငိုနိုင်ခဲ့ပါ။ မျက်ရည်များ ကုန်ခန်းသွားပြီ ထင်ပါသည်။

ထိုနေ့ညနေ အသုဘချပြီးသွားသဖြင့် ကျွန်တော့်အိမ်နေရာတွင် လူသူ ရှင်းနေပါသည်။ ဖဲကစားမည့်သူများ ရောက်မလာတတ်သေးသည့် ညနေ ၄ နာရီခန့်တွင် ဦးကြီးခက သူသိသမျှ အကြောင်းစုံကို ပြောပြခဲ့သည်။

မီးမှာ မမျှော်လင့်ဘဲ လောင်သည်ဟု ထင်ရကြောင်း၊ မီးလောင်နေစဉ် ဒေါ်ငွေမယ်လည်း အိမ်ထဲတွင် ရှိနေသည်။ တကယ်တမ်းတွင် နှစ်ဦးစလုံး လွတ်မြောက်နိုင်ပါလျက်နှင့် အပြင်တံခါးဝရောက်မှ အမေသည် တစ်စုံတစ်ခုကိုယူရန် အတွင်းသို့ ပြေးဝင်သွားခဲ့ကြောင်း။ ပြန်ထွက်လာသောအခါ စာအိတ်လိုလို ပစ္စည်းထုပ်တစ်ခု ကိုင်လာသည်ကို မြင်ရသေးကြောင်း။ ထိုအချိန်တွင် မီးသည် အဲတွင်းခန်းသို့ ရောက်နေပြီဖြစ်ရာ လူအချို့က ဝင်ဆွဲကြမည်အလုပ်မှာ တစ်စုံတစ်ယောက်၏ အတွန်းအလှဲကို ခံလိုက်ရသည့်အလား အမေ ပက်လက်လန် လဲကျသွားကြောင်း။ အမေ့လက်ထဲမှ အထုပ်မှာလည်း မီးလောင်ပြာကျသွားကြောင်း။ အဖိုးတန် သတ္တုမဟုတ်ဘဲ စာရွက်များချည်းဖြစ်၍ အစအနပင် မကျန်ခဲ့ကြောင်း။

ထို့နောက် အိမ်ရှေ့တံခါးကို ဖျက်ဆီးပြီး အတွင်းဝင်ဆွဲကြသောအခါ အမေ့တစ်ကိုယ်လုံးမှာ မီးလောင်တိုက်သွင်းထားခံရသူလို လောင်ကျွမ်းနေပြီး အဝတ်အစားတို့ပင် မရှိ၊ လုံးဝ ခေါ်လို့မရတော့။

ဆေးရုံရောက်သည်အထိ သတိမရခဲ့။ အသက်မျှင်းမျှင်းသာ ရှူနိုင်တော့သည်။ ကျွန်တော့်ထံ ကြေးနန်းရိုက်ပြီးချိန် နံနက် ၆ နာရီတွင် အမေ သေဆုံးသွားခဲ့သည်။

ထိုအချိန်တွင် ရန်ကုန်မှ ကျွန်တော်သည် ဦးလာဘသတင်းတွေ့ရန်နှင့် သတင်းစာကို အလုအယက် ရှာဖတ်နေချိန်ဖြစ်သည်။

"မီးက ဘယ်အချိန်လောင်တာလဲ ဦးကြီးခ"

"မနက် ၄ နာရီလောက် ရှိမယ်ကွ။ လူတွေတောင် နိုးနေကြပါပြီ"

"မမျှော်လင့်ဘဲ လောင်တယ်ဆိုတော့ ရှို့မီးလားဗျာ"

"အဲဒါခက်တာပေါ့ကွ။ မလောင်ခင်ကဆိုရင် အိမ်မှာ မီးမွှေးရသေးတာမဟုတ်ဘူး။ နောက်ပြီး လောင်တာက ဒီတစ်အိမ်တည်း ကွက်ပြီးလောင်တယ်ဆိုတော့ စဉ်းစားစရာကြီးပဲ"

ဦးကြီးခ စကားကြောင့် ကျွန်တော့်မှာ စဉ်းစားစရာများရှိလာရသည်။

"ခက်တယ် ဦးကြီးခရယ်။ အမေ ဒီလောက်ချမ်းသာပါလျက်နဲ့ ဘာလို့ တိုက်မဆောက်တာလဲဗျာ။ တိုက်ဆောက်ရင် ခုလိုဖြစ်မှာမဟုတ်ဘူး"

"ဟုတ်တယ်၊ ငါလည်း တိုက်တွန်းပေါင်းများလှပါပြီကွာ။ ပြီးခဲ့တဲ့နှစ်ကတော့ ပြောသားကွ။ မင်းပြန်လာမှ ကြိုက်တဲ့ပုံစံ ဆောက်ပေစေတဲ့။ သူက ကြာကြာနေရမှာမဟုတ်ဘူး။ မင်းကသာ တစ်သက်လုံး နေသွားရမှာတဲ့ဗျာ"

အမေ့အတွေး မဆိုးခဲ့သော်လည်း အဖြစ်ကတော့ ဆိုးရချေပြီ။

"ဒီအရင်ကရော အိမ်မှာ အဝင်အထွက် ဘယ်သူတွေရှိသေးသလဲ"

"မရှိပါဘူးကွာ။ တို့ချည်းပါပဲ"

ကြားရသမျှ သတင်းစကားများသည် အကောင်းဟူ၍ မပါ။

"ဒါနဲ့ အမေက ကျောက်တွင်းတွေ ဘာလို့ရောင်းပစ်ရတာတဲ့လဲ၊ ကျွန်တော့်ကိုတောင် အသိမပေးဘူးဗျာ"

"အဲဒါလည်း စဉ်းစားစရာကြီးဖြစ်ပြန်ရောကွာ။ မင်းတောင်မသိဘူးဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ တို့ဖြင့်ဝေးရော”

“အမေဟာ တစ်ခါမှ ဒီလို လျှို့လျှို့ဝှက်ဝှက် မလုပ်တတ်ပါဘူးဗျား။ ဘာများ အကြံအစည်ရှိလို့ပါလိမ့် ဦးကြီးခရယ်”

“အပြောရတော့ ခက်သားကွ။ အခုတစ်ခေါက် မင်းအမေ ရန်ကုန်က ပြန်လာတော့ မင်းကို လွှတ်ထားလို့ မဖြစ်တော့ဘူးလို့လည်း ဆိုရဲ့။ နောက်ပြီး မင်းအတွက် စီစဉ်စရာရှိတာ စီစဉ်ထားဦးမှလို့လည်း ပြောတယ်ကွ”

“အမေ့ကိုကုသတဲ့ ဆရာဝန်ကတော့ အနေအထိုင်မဆင်ခြင်ရင် ရတ်တရက် သေနိုင်တယ်လို့ ပြောတယ် ဦးကြီးခရဲ့”

“အေး…ဟုတ်ပြီ။ ဒါကြောင့်များ မင်းအမေ ကျောက်တွင်းတွေရောင်းပြီး ရန်ကုန်မှာ ဆေးကုခံရင်း အေးအေးဆေးဆေးနေဖို့အစီအစဉ်များ ရှိသလားမှ မသိတာ”

“ဒီလိုဆို ကျွန်တော့်ကို အသိပေးရမှာပေါ့”

“မင်းကိုလည်း မင်းအမေက စိတ်မချဘူး ထင်ပါရဲ့ကွာ။ မင်းကလည်း မင်းပါပဲ မောင်သက်ရယ်။ သုံးလိုက်တဲ့ ငွေတွေ နည်းရော့လား”

“ဟုတ်ပါတယ် ဦးကြီးခရယ်။ ကျွန်တော့်လည်း အပြစ်မကင်းပါဘူး။ ခက်တာက အမေဟာ ဘာမှ ကျွန်တော့်ကို အသိမပေးခဲ့ဘူး”

ထို့နောက် အတန်ကြာမျှ ကျွန်တော်တို့ စကားပြတ်သွားကြသည်။

“ဒီအတောအတွင်း အမေ့အနေအထိုင် ထူးခြားတာများ မတွေ့မိဘူးလား။ သတိကော ထားမိကြရဲ့လား ဦးကြီးခ”

“မထူးခြားပါဘူးကွာ”

ဦးကြီးခက မထူးခြားပါဘူးကွာဟု ပြောပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် -

“ဩော်…အိမ်မီးမလောင်ခင် လေးရက်လောက်တုန်းကတော့… မန္တလေးကို တစ်ညအိပ်ဆင်းသွားသေးတယ်ကွ။ ဘဏ်ငွေသွားအပ်တာပဲ ဖြစ်မယ်။ ပစ္စည်းတွေကိုတော့ ဦးကျော်ခိုင်ဆီမှာ ထုခွဲမှာပေါ့။ အဲဒီအိမ်မှာပဲ အိပ်မှာပဲ”

“ဦးကြီးခနယ်ဗျား။ တိတိကျကျ ရယ်လို့ ဘာမှမသိပါလား”

“အဲဒါခက်တာပေါ့ကွ။ မင်းအမေက ခုတလော သိပ်လျှို့ဝှက်တာကွ။ တို့မှာ ဘယ်လိုဖြစ်နေရတယ်ဆိုတာ မင်းမသိဘူးနော်။ တစ်သက်လုံး တိုင်ငင်ဖော်တိုင်ပင်ဘက် ဖြစ်နေရာက သူစိမ်းလိုဆက်ဆံတာဆိုတော့ ဘယ်လောက် အနေရအထိုင်ရ ခက်တယ် မှတ်သလဲ”

“ဦးကျော်ခိုင်ဆိုတာ…ဘယ် ဦးကျော်ခိုင်လဲ ဦးကြီးခ”

“မန္တလေးက ကျောက်သူဌေး ဦးကျော်ခိုင်လေကွာ”

“အဖေဆုံးပြီးမှ ဦးကျော်ခိုင်နဲ့ အမေတို့ ဆက်ဆံတာ ကျွန်တော် မကြားမိပါဘူး”

“ဘာ…မင်းအဖေလက်ထက်တုန်းက စီးပွားဖက်ပဲကွ။ မင်းအမေဆီကိုလည်း တစ်ခေါက်၊ နှစ်ခေါက်တော့ လာဖူးသေးပါကော”

ယခုအချိန်ထိ ကျွန်တော် ဘာတစ်ခုမျှ ကောက်ချက်ဆွဲနိုင်လောက်အောင် ရှာမရသေးပါ။

“အမေက ကျောက်ထွက်ညံ့လို့ ရောင်းပစ်တယ်ဆိုတာကကော ဟုတ်နိုင်ပါ့မလား”

“ကျောက်ကောင်းကောင်း မရတာတော့ ကြာပါပြီကွ။ ဒါကြောင့် ရောင်းပစ်တာ။ ဟုတ်မဟုတ်တော့ ငါလည်း မပြောတတ်ဘူး။ အေး…တစ်ခုတော့ရှိတယ်။ မင်းအမေမှာ ကြွေးပတ်လည်ဝိုင်းနေတယ်ကွ။ ခုနေတဲ့အိမ်ကိုတောင် ပေါင်ထားတာ မင်းမသိဘူးမဟုတ်လား”

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

“ကျောင်းတွင်းရောင်းပြီးမှ ပြန်ရွေးနိုင်တာ”

ထိုစဉ် ဧည့်သည်များရောက်လာသဖြင့် ကျွန်တော်တို့ စကားပြတ်သွားရသည်။

အမေ့အသုဘ ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့တွင် ကျုပ်မြင်ရှိ ဦးစိုးရထံ ဦးကြီးခနှင့် ကျွန်တော် ရောက်သွားခဲ့သည်။ ဦးစိုးရမှာ အမေ့ထံမှ ကျောက်တွင်းနှစ်တွင်းကို ဝယ်လိုက်သူဖြစ်သည်။

ဦးစိုးရသည် ကျွန်တော်တို့ကို လိုလိုလားလားပင် ကြိုဆိုဧည့်ခံပါသည်။ သူက ကျောက်တွင်းဝယ်သည့် စာချုပ်ကို ထုတ်ပြပြီး သူ့ဘက်မှ ရိုးသားမှုကို သက်သေပြခဲ့သည်။

“မင်းတို့ကျောက်တွင်းက ကျောက်ကောင်းမထွက်တာကို ငါသိထားတယ်



www.burmeseclassic.com

www.burmeseclassic.com

ကွ။ ဒါပေမယ့် သမိုင်းကြောင်းက ကောင်းခဲ့လို့ ငါဝယ်တာ။ တစ်နေ့ ကျောက်ကောင်းထွက်လာနီးနဲ့ပေါ့ကွာ။ အရှင်တုန်းက ငါဝယ်တဲ့ကျောက်တွင်း ထည်း ဒီအတိုင်းပဲလေကွာ။ ဆယ်နှစ် ကြီးကြာမှ ကျောက်အောင်ခဲ့တာကွ"

"ဦးလေးဝယ်လိုက်တာ ဘယ် လောက်နဲ့လဲ။ တစ်ဆယ်လား။ ဆယ့် တစ်လား"

"ဆယ့်တစ်ကွ။ ဒါပေမယ့် မင်း အမေ ငါ့ခိုကချေးထားတာ ရှစ်သောင်း ရှိတယ်"

"အိမ်ပေါင်တာကို ပြောတာ မဟုတ်လား"

"အေး···ဟုတ်တယ်။ တိုးရင်း ပေါင်းပေါ့ကွာ"

"နေဦးဗျာ ဦးစိုးရ၊ ကျွန်တော်သိ ချင်တာတစ်ခု ရှိသေးတယ်"

"ဆိုလေကွာ၊ ငါသိတာဆိုရင် ပြောမှာပေါ့"

"ကျောက်တွင်းအရောင်းအဝယ် ကို ငွေနဲ့ပဲချေသလား။ ဟို··တခြား"

"ဩော် · · ·အဲဒါက ဒီလိုကွ။ အစွန်းထွက်ကိုသာ ငွေနဲ့ချေတာ။ ကျန် တာတွေကတော့ ပစ္စည်းနဲ့ပေါ့။ ငါက ပတ္တမြားပေးတယ်၊ မင်းအမေက မလို ချင်ဘူး။ ဒါကြောင့် စိန်နဲ့ ချေရတာ။ အားလုံး တစ်ရာရှစ်ဆယ့်ခြောက်လုံး ရှိတယ်။ ကိုတင်ကြွယ်က ရာဖြတ်လေ ကွာ။ မေးသာကြည့်တော့"

"မီးလောင်ပြင်ထဲမှာတော့ မီး ကျွမ်းစိန်ဆိုလို့ တစ်ပွင့်တလေတောင် မတွေ့တော့ဘူး ဦးစိုးရရဲ့"

ဦးကြီးခက ဝင်ပြောသည်။

"ဒါဆို ဒေါ်အေးသက် တစ်နေရာ ကို ပို့ထားလို့ဖြစ်မှာပေါ့။ မောင်သက် ထွန်း···ဦးအပေါ်တော့ သံသယကင်း တယ်နော်"

"ဟာ···ဦးကလည်း၊ ကျွန်တော် က အကျိုးအကြောင်းသိချင်လို့သာ လာမေးတာပါ။ အခုလောက်သိရတာ ကိုပဲ ကျေးဇူးတင်လှပါပြီ"

ကျွန်တော်က ပွင့်လင်းစွာ ပြော ပြရသည်။

"အေး· · ·ကောင်းပါတယ်ကွာ။ မင်းအမေ ရှိစဉ်တုန်းကလိုပဲ သဘော ထားပါကွာ။ အကူအညီလိုရင်လည်း ပြော။ တတ်နိုင်တာရှိရင် ရရစေမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးလေး။ ကဲ···ကျွန်တော်တို့ကို ခွင့် ပြုပါဦး"

BURMESE CLASSIC

ဦးကြီးခနှင့် ကျွန်တော် နှုတ်ဆက် ပြီး ပြန်ခဲ့ကြသည်။

မိုးကုတ်တွင် နောက်ထပ်သုံးရက် သာ ကျွန်တော်နေခဲ့သည်။ ဤရက် အတွင်း အမေနှင့် ပတ်သက်သမျှတို့ ကို မနားမနေ စူးစမ်းလေ့လာခဲ့ပါသေး သည်။

ဒါပေမယ့် ကျွန်တော်လိုချင်သည့် သတင်း တစ်စွန်းတစ်စပင် မရခဲ့ပါ။ အမေသည် သူ့အလောင်းကို မြေကြီး ထဲမြှုပ်လိုက်ရသလို သူ့နောက်ကြောင်း များကိုလည်း မြှုပ်လိုက်ချင်၍ ကြိုတင် စီစဉ်ခဲ့လေသလားဟု အထင်ရောက် စရာ ဖြစ်နေပါသည်။

တွေးကြည့်လျှင် အလွန်အသည်း နာစရာ၊ ရင်နာစရာ ကောင်းလှပါသည်။ ကျွန်တော်တို့မိသားစု ဓာတ်ပုံ၊ ဘုရား တန်ဆောင်း၊ အမှတ်တရပစ္စည်းသာမ က အမေ့မှတ်ပုံတင်လေးပင် မကျန် ရစ်ပါ။ ဤလောကတွင် အမေတစ် ယောက် အသက်ရှင်နေထိုင်ခဲ့ဖူးပါ သည်ဟု မည်သည့်သက်သေပစ္စည်းမျှ ပြစရာမရှိတော့ပါ။

သို့တစေ အမေနှင့်ပတ်သက်၍ တွေးဆစရာ နှစ်ခုကိုတော့ သဲလွန်စဟု မှတ်ယူထားမိသည်။

တစ်ခုမှာ အမေမသေမီ ဦးကျော် ခိုင်နှင့် မည်သို့ ကတိကဝတ်ပြုခဲ့ကြ သည်၊ အပေးအယူရှိခဲ့ကြသည်ဆိုသည့် အကြောင်းနှင့် အိမ်မီးလောင်စဉ်က အမေရရှိလိုက်သော နဖူးဆံစပ်က ဒဏ်ရာကြီးပင် ဖြစ်သည်။

မီးဟပ်၍ ပက်လက်လန် လဲကျ သူတစ်ဦးအဖို့ ရှေ့နဖူးတွင် မည်သို့ ဒဏ်ရာရရှိနိုင်ပါမည်နည်း။

ဤရက်အတောအတွင်း အသုဘ ကိစ္စ လုံးပန်းနေရသဖြင့် မဖတ်ဖြစ် သော သတင်းစာများကို စု၍ဖတ်ပစ် လိုက်သည်။ သည်တော့မှပင် ကျွန် တော် မိုးကုတ်ရောက်သည့် တနင်္လာ နေ့ထုတ် သတင်းစာတွင် "လမ်းမတော် ရှိ တရုတ်ပွဲရုံ ဖောက်ထွင်းခံရ၍ ငွေ တစ်သိန်းရှစ်သောင်းကျော်နှင့် စိန်ထည် အချို့ ပါသွားသောသတင်း"ကို ဖတ် လိုက်ရသည်။

ဤကိစ္စမှာ ဦးလာဘ၏ လက် ချက်ပင်ဖြစ်ကြောင်း ကျွန်တော်သိထား ပြီး ဖြစ်ပါသည်။ သတင်းစာထဲတွင် ဖောက်ထွင်းမှုကို အသေးစိတ်ရေးသား ထားသည်။ သတင်းစာတွင် တရားခံ ကို စုံစမ်းဆဲဟု ဖော်ပြထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဦးလာဘကို မမိသေးကြောင်း ထင်ရှားသည်။

ထို့ပြင် ငွေတစ်သိန်းရှစ်သောင်းကျော် ဆိုသည့်မှာလည်း ဟုတ်ချင်မှ ဟုတ်မည်။ တချို့သော သူဌေးဆိုသူများသည် တရားခံ အပြစ်ပိုရစေရန်နှင့် အများ၏ အထင်ကြီးမှုကို ခံယူလိုကြသဖြင့် ပိုမိုပြောတတ်ကြကြောင်း ကျွန်တော် သိရှိထားသည်။ ယခုလည်း ထိုအတိုင်းပင် ဖြစ်နိုင်ကောင်းသည်။

ဦးလာဘ ကျွန်တော့်အား ပေးသွားသည့် ငွေမှာ တစ်သိန်းပင် မပြည့်။

ဘာပဲဖြစ်ဖြစ် ဦးလာဘ အဖမ်းမခံရသေးသည်ကိုတော့ ကျွန်တော် ကျေနပ်မိသည်။ တစ်သက်လုံး ကိုယ်ရောင်ဖျောက်နိုင်ပါစေဟုပင် ကျိတ်၍ ဆုတောင်းမိပါသေးသည်။

လောလောဆယ်အားဖြင့်လည်း ဦးလာဘကို ကျေးဇူးတင်နေရသေးသည်။ ဘိုင်အမြဲကျနေတတ်သော သူဌေးသား ကျွန်တော့်မှာ ဦးလာဘ၏ ငွေများဖြင့် ဟန်မပျက်နေနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

အကြောင်းမသိသောသူများက ကျောက်တွင်းရောင်းရသမျှ ငွေများ ကျွန်တော့်လက်ထဲ ရောက်နေသည်ဟု အထင်ရောက်နေကြသည်။ ထို့ကြောင့် ကျွန်တော့်အနေအထိုင်၊ အသုံးအစွဲကို လျှော့ပစ်၍မရပါ။

ထို့ကြောင့်လည်း အသဘာအခမ်းအနားကအစ ဘာမဆို ကျွန်တော် ပေါပေါလောလော အကုန်အကျခံခဲ့သည်။ အိမ်ပြန်ဆောက်ရန်အတွက်ပင် ဦးကြီးခတို့လင်မယားကို ငွေတစ်သောင်း ထုတ်ပေးခဲ့သည်။ ရွှေတစ်ကျပ်သားကို ငွေသုံးရာကျပ်မျှပင် မပေးရသော ဤလိုခေတ်မျိုးတွင် ငွေတစ်သောင်းဆိုသည်မှာ သွပ်မိုးပျဉ်ထောင် အိမ်ကြီးရနိုင်ဆောက်နိုင်ပါသည်။

လောလောဆယ်အားဖြင့် ကျွန်တော့်အဖြစ်မှာ ပျောက်သောလမ်းတွင် စမ်းတဝါးဝါးပင်။ သို့တစေ လိုလျှင်ကြံဆ နည်းလမ်းရဟူသော စကားကို လက်ကိုင်ပြု၍ ကျွန်တော့်ဘဝခရီးလမ်းကြောင်းကို ဆက်ရတော့မည်ပါ။

× × ×

(နှစ်)

မိုးကုတ်တွင် ဆယ်ရက်တိတိ နေခဲ့ပြီးနောက် ကျွန်တော် မန္တလေးသို့ ဆင်းခဲ့သည်။ ဦးကျော်ခိုင်နှင့် တွေ့ရန်ဖြစ်သည်။ မသွားမဖြစ်၍သာ သွားရသည်။ စင်စစ် ကျွန်တော်မသွားလိုလှပါ။ ဆွေဆွေနှင့် တွေ့ရမည်ကို မျက်နှာပူလှသည်။ ပြဿနာတစ်ခုလိုလည်း ဖြစ်နေသည်။

ကျွန်တော် ကံကောင်းသည်ဟု ဆိုရပါမည်။

ကျွန်တော် သူတို့တိုက်သို့ရောက်သောအခါ ဆွေဆွေမရှိပါ။ မိတ္ထီလာသို့ သွားသည်မှာ လေးရက်ရှိပြီဟု သိရသည်။ ဆွေဆွေသည် သမီးဦးလေး မွေးပြီးကတည်းက အဆုတ်နာရောဂါ ရခဲ့သည်ဟု ဆိုသည်။ ယခုလည်း ဆေးစစ်ခံရန် မိတ္ထီလာ အဆုတ်ရောဂါကုဆေးရုံသို့ သွားခြင်းဖြစ်သည်။

ကျွန်တော်ရောက်သွားသော နေ့မှာပင် ဦးကျော်ခိုင်လည်း ကျောက်မဲမြို့မှ ပြန်ရောက်နေသည်။ ကျွန်တော့်ကိုကြို့ဆိုပုံမှာ သိပ်နွေးထွေးမှု မရှိ။ ကျွန်တော့်အမေဆုံးသည့်သတင်းကို သတင်းစာမှတစ်ဆင့် သူသိရှိခဲ့ကြောင်း။ သို့သော် ပင်လုံနှင့် ကျောက်မဲမှ လက်ဖက်ခြံကိစ္စများ အရေးကြီးနိုက်ဖြစ်နေ၍ အသုဘအမီ မလာနိုင်ခဲ့ခြင်းကို ဝတ်ကျေတန်းကျေ တောင်းပန်စကား ဆိုသည်။

နာရီဝက်အတွင်း ကျွန်တော် သိထားခဲ့သမျှကို ပြောပြပြီး သိလိုသမျှကို သူ့အားမေးခဲ့သည်။

ကျွန်တော် မန္တလေးဆင်းရာ၌ ကားဂိတ်သို့အသွား အတူလိုက်ပါလာသော ဦးကြီးခက သူတွေးမိသမျှကို ပြောပြခဲ့သေးသည်။

"ဒီလိုကွ မောင်သက်ရ၊ ဦးကြီးအထင်ကို ပြောရရင် မင်းအမေက ကျောက်တွင်းရောင်းရတဲ့ စိန်တွေကို ပိုက်ပြီး မန္တလေးသွားပါလိမ့်မယ်။ ဦးကျော်ခိုင်နဲ့တွေ့ တိုင်ပင်ပြီး ဘဏ်မှာအပ်မယ်ပေါ့ကွာ။ ဒါပေမယ့် အခုသူဌေးတွေက ဘဏ်ကို သိပ်အယုံအကြည်မရှိကြဘူးကွ။ ဒါကြောင့် မင်းအမေကိုလည်း အဲဒီအကြောင်း ပြောမှာပဲ။ ဒီတော့ . . . မင်းအမေလည်း သဘောတူပြီး စိန်တွေကို ဦးကျော်ခိုင်ဆီအပ်၊ လက်ခံရရှိကြောင်း စာချုပ်ကို ပိုက်ပြီး မိုးကုတ်ကိုပြန်လာ၊ ဒါပဲဖြစ်မှာပါ။ တပ်အပ်တော့ မဟုတ်ဘူးပေါ့ကွာ။ ထင်ကြည့်ရတာကို ပြောတာ"

မည်သို့ပင်ဖြစ်စေ ဦးကြီးခအထင်နှင့် ကျွန်တော့်အမြင်မှာ တစ်ထင်တည်းကျနေသဖြင့် ကျွန်တော် အလေး



www.burmeseclassic.com

www.burmeseclassic.com

အနက်ထားခဲ့ရသည်။

အခု ဦးကျော်ခိုင်ပြန်ပြောပုံက ကျွန်တော့်အမြင်နှင့် တက်တက်စင်လွဲနေသည်။

ကျွန်တော့်အမေကိစ္စ၊ အထူးသဖြင့် ကျောက်တွင်းရောင်းပစ်သည့်ကိစ္စနှင့် ပတ်သက်၍ သူဘာမျှမသိရပါဟု ဆိုနေသည်။ ထို့ပြင် ကျွန်တော့်အမေသည် သုံးလေးနှစ်အတွင်း သူ့ဆီသို့ တစ်ခါဖူးမျှ မလာခဲ့ပါဟုလည်း ဆိုသည်။

ကျွန်တော့်ရင်ထဲမှာမူ အမေမသေမီ လေးရက်က ဦးကျော်ခိုင်ထံ ရောက်ခဲ့သည်ဟု အခိုင်အမာယုံကြည်နေသည်။

ဦးကျော်ခိုင်နှင့်ပတ်သက်၍ ကျွန်တော် စုံစမ်းရရှိထားသမျှမှာ သူသည် လက်ဖက်ခြံ သုံးလေးခြံပိုင်သည်။ သိန်းပေါင်းများစွာ ချမ်းသာသည်။ ရှမ်းပြည်နယ်မှ စော်ဘွားဟောင်းများနှင့် စီးပွားပြိုင်ဘက်လည်းဖြစ်သည်။ သို့သော် အခွန်ဌာနကို လှည့်စားလိုသဖြင့် ဘဏ်တွင် ငွေအနည်းငယ်ကိုသာ အပ်ထားသည်။ အားလုံး သူပိုင်ငွေကြေးနှင့် အဖိုးတန်ရတနာများကို မီးခံသေတ္တာကြီးထဲတွင် သိမ်းဆည်းတတ်ကြောင်း တို့ပင် ဖြစ်သည်။

"အမေမဆုံးခင် လေးရက်အလိုမှာ ဦးဆီကို အမေရောက်လာသေးတယ်တဲ့"

"ဟေ…"

သူ့လေသံကြားရုံနှင့် ကျွန်တော် သဘောပေါက်ခဲ့သည်။ ငြင်းတော့မည်မှာ သေချာနေသည်။

"မင်းကို ဘယ်သူပြောသလဲ မောင်သက်ထွန်း"

ကျွန်တော်ကလည်း လူပါးပါ။ သူနှင့် ထိပ်တိုက်မတွေ့ဖြစ်အောင် ကြိုးစားလိုက်ရသည်။

"ကားစီးရင်း အသိတစ်ယောက်က နှုတ်ဆက်တာနဲ့ အမေက ပြောခဲ့တာပါဦး"

"မဟုတ်တာထင်တယ် မောင်သက်ထွန်း။ ဒါမျိုးက ခရီးသွားဟန်လွှဲ ပါးစပ်ထဲတွေ့ရာ ပြောတတ်တာမျိုးလည်း ရှိတယ်ကွ။ မန္တလေးလာတယ်ဆိုကတည်းက သူ့အသိဟာ ဦးပဲရှိတော့ လက်လွတ်စပယ် ပြောလိုက်တာ ထင်ပါရဲ့ကွာ"

"ဟုတ်ကဲ့၊ ဖြစ်နိုင်ပါတယ်။ ကျွန်တော်လည်း ကြားသမျှ မေးကြည့်တာပါ"

"နေဦးကွ။ ဦး ဒီမှာမရှိတာ နှစ်ပတ်တောင်ကျော်ပြီ။ ဒီနေ့ပဲ ပြန်ရောက်တာ။ ဩော်…နေဦး၊ မောင်ဝမ်းဖေများ သိမလားမပြောတတ်ဘူး"

သူက အတွင်းခန်းသို့ လှမ်းခေါ်သည်။

မကြာမီ ကိုဝမ်းဖေ ထွက်လာသည်။ သူ့လက်ထဲတွင် နှစ်ခါလည်သမီးလေးတစ်ယောက်ကို ချီပိုးထားသည်။ သူ့ကို ကျွန်တော် မရင်းနှီးသော်လည်း ကောင်းစွာသိပါသည်။ ဆွေဆွေ၏ခင်ပွန်း၊ ဦးကျော်ခိုင်၏သမက် ဖြစ်သည်။ ပြောကြစတမ်းဆိုလျှင် ဦးကျော်ခိုင်၏ ညာလက်ရုံးလည်းဖြစ်သည်။

အသက်မှာ သုံးဆယ်ငါးနှစ်ခန့်ရှိမည်။ အသားလတ်၊ ပေမီသော အရပ်အမောင်းနှင့် ပြည့်တင်းသော ကိုယ်လုံးတို့ကြောင့် ယောက်ျားပီသဟန် ရှိပါသည်။ အတွင်းခန်းကထွက်လာစဉ်က ပြုံးပြုံးပြသေးသည်။ စူးရဲသောအကြည့်၊ ပိရိသော နှုတ်ခမ်းတို့က အလုပ်တစ်ခုကို တိတိကျကျ ထိရောက်စွာ လုပ်မည့်အသွင်ရှိကြောင်း မြင်ရုံဖြင့် သိသာပါသည်။

ကျွန်တော့်အမေအကြောင်းနှင့်ပတ်သက်၍ ဦးကျော်ခိုင်က သူ့ကို မေးလိုက်စဉ် သူ၏တုံ့ပြန်မှုမှာ တအံ့တဩရှိလှသည်။

ထိုကတည်းက ကျွန်တော့်မျှော်လင့်ချက် ကုန်ချေပြီဟု နားလည်လိုက်ပါသည်။

"ခင်ဗျားအမေ လာတယ်ဆိုတာ မဖြစ်နိုင်ဘူးဗျ ကိုသက်ထွန်း။ ဒီမှာ ကျွန်တော်ရှိနေတာပဲ"

"အင်းပေါ့လေ။ တခြားအိမ်သွားတာလည်း ဖြစ်မှာပါ။ ကိစ္စလည်းမရှိတော့ပါဘူး။ ဒီကိုသာ လာတယ်ဆိုရင်တော့ အမေ့မှာ ဘာအစီအစဉ်များ ရှိနေမလဲဆိုတာ သိရအောင်ပါ။ ခုတော့ ငွေတွေ သိန်းချီပိုက်ထားပြီး ကျွန်တော် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

ကျွန်တော့်စကားကြောင့် ပထမဆုံး အံ့ဩမှုပြလာသူမှာ ဦးကျော်ခိုင်ဖြစ်သည်။

"မောင်သက်ထွန်းဆိုလိုတာက ကျောက်တွင်းရောင်းရတဲ့ငွေတွေ မင်းလက်ထဲ အပ်ခဲ့တယ်ဆိုတဲ့ သဘောလား"

"ဟုတ်ပါတယ် ဦးရယ်"

ဤတွင် သူတို့နှစ်ဦး၏ အချင်း



www.burmeseclassic.com

www.burmeseclassic.com

ချင်းအကြည့်မှာ ကျွန်တော့်အဖို့ တအံ့တသြ ဖြစ်စေရသည်။

ယခုအခါ ကျွန်တော်သည် တွေ့ထိရသမျှ အရာရာတိုင်းကို အစွမ်းကုန် သတိထားနေရပါသည်။ ပဟေဠိဆန်သော အမေ့အကြောင်းကြောင့် ကျွန်တော့်တွင် သံသယမျက်လုံးများ တပ်ဆင်ထားခဲ့ပြီး ဖြစ်ပါသည်။

"ဒါဖြင့် မောင်သကထွန်း ဒီလောက်ငွေများများနဲ့ ဘာလုပ်မယ် စိတ်ကူးသလဲ"

ဦးကျော်ခိုင်က လှမ်းမေးသည်။

ကိုဝမ်းဖေအကြည့်က စူးစမ်းမှု အပြည့်။

"ကျွန်တော်က ကျောင်းသားပဲ ဘာလုပ်တတ်မှာလဲ။ လောလောဆယ်တော့ ရန်ကုန်ပြန်ပြီး သူဌေးလေးဘွဲ့ကို ခံယူရုံပဲပေါ့ ဦးလေးရယ်"

ကျွန်တော်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

ကိုဝမ်းဖေ၏အသွင်ကမူ မချိသွားဖြဲဖြစ်နေသည်။

"အေး…အဲဒါလည်း ခပ်ကောင်းကောင်းပဲကွ။ ငွေဆိုတာ တစ်ရက်လက်ထဲရှိနေရင် တစ်ရက်သူဌေးပဲကွ။ လူဆိုတာ တစ်နေ့သေရတာမျိုးမဟုတ်လား"

ဦးကျော်ခိုင်က ပြောရင်းရယ်နေသည်။ ဤတစ်ကြိမ် မချိသွားဖြဲရသူမှာ ကျွန်တော်ဖြစ်သည်။

"ခု မောင်သက်ထွန်းက မိုးကုတ်ကနေ တိုက်ရိုက်ဆင်းလာတာပဲမဟုတ်လား"

"ဟုတ်ကဲ့၊ ငွေထုပ်ပိုက်ပြီး ဦးတို့ဆီ လာတဲ့အကြောင်း ဦးကြီးခတို့လည်း သိပါတယ်"

သူတို့နှစ်ဦးစလုံး မျက်နှာပျက်သွားကြသည်။

"အေးပေါ့ကွာ။ မင်းမှာ အကြံအစည်စိတ်ကူးစိတ်သန်းရှိရင် ဦးတို့ကို တိုင်ပင်နိုင်ပါတယ်။ မောင်သက်ထွန်းရဲ့ မိဘများနဲ့ ဦးတို့က အရင်ကတည်းက မိတ်ဟောင်းဆွေဟောင်း စီးပွားဘက်တွေပဲဟာ"

"ဟုတ်ပါတယ် ဦးရယ်။ ဒါကြောင့်လည်း အမေ့ကိစ္စနဲ့ ပတ်သက်ပြီး ဦးတို့ကို လာမေးရတာပါ"

"ဝမ်းနည်းပါတယ်ကွာ။ မင်းအမေကိစ္စနဲ့ ပတ်သက်ပြီး ဦး ဘာမှမသိပါဘူး။ ယုံပါ"

ခေတ္တမျှ ကျွန်တော်တို့သုံးဦးတွင် ပြောစရာကုန်သလိုဖြစ်သွားသည်။

ကျွန်တော်က ကိုဝမ်းဖေလက်ထဲမှ ကလေးကို လှမ်းပွေ့ချီလိုက်သည်။ ရုတ်တရက်ဖြစ်သဖြင့် ကိုဝမ်းဖေက ကလေးကို မလွှတ်ချင်လွှတ်ချင်ဖြင့်။ သူ့အကြည့်မှာ ဦးကျော်ခိုင်ဆီ ရောက်သွားသည်။ ဦးကျော်ခိုင်က ပြုံးကြည့်နေတော့မှ ကလေးကို လွှတ်ပေးလိုက်သည်။

"ဒါ ဦးရဲ့ မြေးဦးလေးပေါ့။ သမီးဆွေဆွေရဲ့ သမီးလေး၊ မောင်သက်ထွန်းဆွေဆွေနဲ့ ရင်းနှီးသားပဲ"

"ဟုတ်ကဲ့ သိပါတယ်၊ ကျွန်တော်တောင် ဆွေဆွေ့ကြောင့် ဒီမှာ တည်းခိုဖူးပါတယ်။ ကလေးက ချစ်စရာလေးပဲ"

ကျွန်တော်က ကလေးပါးပြင်ဖောင်းအိအိလေးကို ခပ်ဖွဖွလေး နမ်းလိုက်သည်။

"ဦးရဲ့ အသည်းအသက်ပေါ့ကွယ်"

ဦးကျော်ခိုင်က အလေးအနက် ပြောနေသည်။

"ကလေးတွေရဲ့ ဘဝပဲ ကောင်းပါတယ်။ အပြစ်ကင်းစင်တယ်။ လူဆိုတာ အသက်ကြီးလာလေ စိတ်အလိုဆန္ဒ များလေ၊ စိတ်မချမ်းသာရလေပဲ ထင်ပါရဲ့။ တခြားမကြည့်နဲ့ ကျွန်တော့်သာကြည့်တော့။ လက်ထဲမှာ ငွေထုပ်ပိုက်ပြီး အလိုမကျဖြစ်နေရတယ်လေ။ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး"

"ဒါဟာ . . . အခိုက်အတန့်ပါ မောင်သက်ထွန်းရယ်"

"အဲဒီလိုပဲဖြစ်ပါစေလို့ ဆုတောင်းရတော့မှာပဲ ဦးရေ"

"အေး…မောင်သက်ထွန်း၊ မင်းမှာ အဆွေအမျိုးကိစ္စ မရှိရင်လည်း ဖြည်းဖြည်းပေါ့ကွာ၊ ဟုတ်လား။ ရောက်တုန်း ပေါက်တုန်း နားသေးတာပေါ့"

ဦးကျော်ခိုင်က လောကွတ်ကောင်းနေသည်။

"ဟုတ်ကဲ့၊ ကျွန်တော်လည်း သုံးလေးရက်တော့ ဒီမှာနေဦးမယ်လို့ စိတ်ကူးရှိတယ် ဦးရဲ့"

"ကျွန်တော်တို့ တိုက်ကတော့ ကျယ်ဝန်းတယ်၊ အေးဆေးတိတ်ဆိတ်တယ်။ နောက်ပြီး လူလည်းနည်းတယ်။ အဝင်အထွက်လည်း သိပ်မရှိကြဘူး။ ကိုသက်ထွန်းလို လူလွတ်တစ်ယောက်အတွက် ပျင်းစရာကြီးများဖြစ်နေမလား မသိဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုဝမ်းဖေက ဝင်ပြောခြင်းဖြစ်သည်။

သည်တော့မှ စောစောက လောဘတ်ကောင်းနေသော ဦးကျော်ခိုင်က သည်း သူ့သမက်လေကို လိုက်၍ပြောပြန်သည်။

"အေးကွ၊ မောင်သက်ထွန်းရဲ့ ခင်သူငယ်ချင်း ဆွေဆွေကလည်းမရှိတော့ ဦးတို့မှာ တာဝန်မကျေသလိုများ ဖြစ်နေမလား"

"ကိစ္စမရှိပါဘူး ဦးရယ်။ ကျွန်တော့်မှာ ငွေတွေပါလာတော့ ဒီလို လုံခြုံစိတ်ချရတဲ့ နေရာမျိုးနဲ့ပဲ သင့်တော်မှာပါ။ အခြားကိစ္စတွေအတွက် ဒုက္ခရှာပါနဲ့ခင်ဗျာ၊ ကျွန်တော် ဖြစ်သလို နေတတ်ပါတယ်"

သူတို့ ဘာမျှမပြောကြတော့ပါ။

ကျွန်တော်က ကလေးကို တစ်ချက်မွှေးပြီး ကိုဝမ်းဖေကို လှမ်းပေးလိုက်သည်။ ပြီးမှ ကျွန်တော့်လက်ဆွဲအိတ်ထဲမှ ငွေတစ်သောင်းထုပ်ကို သူတို့မြင်အောင် ဆွဲထုတ်ပြီး ပြန်ပိတ်လိုက်သည်။ အိတ်ကြီးမှာ အဝတ်အစားများဖြင့် ပြည့်တင်းနေသဖြင့် ငွေတွေဖြစ်လိမ့်မည်ဟု သူတို့ထင်ကြမည်မှာ မလွဲပါ။

"ကျွန်တော် ဒီအထုပ်ကြီးကို ဦးတို့ဆီမှာ အပ်ထားချင်တယ်"

ကျွန်တော့်စကားကြောင့် သူတို့သမက်ယောက္ခမနှစ်ယောက် အကြည့်ချင်းဆုံသွားသေးသည်။

"မောင်ဝမ်းဖေ . . . သူ့အတွက် သီးသန့်ခန်းနဲ့ သီးသန့်သော့ ပေးထားလိုက်ပါကွာ။ သူ့ဘာသာသိမ်းပါစေ။ သူ့ကိစ္စဟာ တို့မှာလည်း တာဝန်ရှိတယ်ကွ"

ဤသို့ဖြင့် . . . ကျွန်တော်သည် ဦးကျော်ခိုင်၏တိုက်တွင် ငါးရက်တိတိ နေဖြစ်ခဲ့သည်။ ထိုရက်များအတွင်း ကျွန်တော်၏ စူးစမ်းလှုပ်ရှားမှုတို့မှာ ဂျင်ခြေလည်ခဲ့သည်။ အမေ့ခြေရာ သဲလွန်စကို ရှာခဲ့သည်။ ဒါပေသိ သဲထဲ ရေသွန်သာ ဖြစ်ခဲ့သည်။

မန္တလေးဘဏ်ခွဲတွင်ရှိသော ငွေမှာ နှစ်သောင်းပင် မပြည့်ပါ။ ယင်းမှာလည်း လွန်ခဲ့သည့်နှစ်က နောက်ဆုံး စာရင်းဖြစ်သည်။ သည့်နောက်ပိုင်း အထုတ်အသွင်းမရှိခဲ့။ ထိုငွေစာရင်းကို ကျွန်တော့်အမည်နှင့် လွှဲပြောင်းယူခွင့်ရနိုင်ရန် ဘဏ်မန်နေဂျာနှင့်ပင် ဆွေးနွေးရသေးသည်။

အစအနဟူ၍ ရှာမတွေ့သည့် အဆုံး ကျွန်တော့်ကိုယ်ကိုပင် ပြန်သံသယရှိမိပြန်သည်။ ဦးကျော်ခိုင်တို့ကို ကျွန်တော် မသင်္ကာနေခြင်းမှာ ကိုယ့်စိတ်ကူးနှင့်ကိုယ် သေချာနေခြင်းသာဖြစ်လေမလားဟု။

ကျွန်တော် ရောက်နေချိန်က မန္တလေးရာသီဥတုမှာ ပူအိုက်လှသဖြင့် နေ့လယ်တစ်ချိန်လုံး စာအုပ်ဖတ်ကာ အခန်းအောင်းနေခဲ့သည်။ ညနေပိုင်း အချိန်တွင်သာ လမ်းလျှောက်ထွက်သည်။ ဈေးချိုညဈေးတန်းတွင် လမ်းသလားရင်း အလျဉ်းသင့်ရာ ဝယ်စားလိုက်ခြင်းဖြင့် ညစာကို ပြီးစေခဲ့သည်။

တည်းခိုခဲ့သည့် သုံးရက်မြောက်နေ့တွင် နံနက်စောစောကတည်းက မေမြို့ (ပြင်ဦးလွင်)သို့ ထွက်ခဲ့သည်။ တစ်နေ့လုံးနေခဲ့ပြီး ညကြီးမိုးချုပ်မှ ပြန်ခဲ့သည်။ ကျန်နှစ်ရက်တွင်မူ စောစောက ရက်များအတိုင်း ကျွန်တော်နေထိုင်ခဲ့သည်။

ဤရက်အတောအတွင်း ဦးကျော်ခိုင်ရော ကိုဝမ်းဖေတို့ပါ မိသားစုလိုပြောဆိုနေထိုင်ဖြစ်ကြသည်။ သူတို့၏ ဆက်ဆံရေးမှာ မနွေးထွေးလှသော်လည်း မအေးစက်ပါ။ သုံးယောက်ပေါင်းပြီး သဘောတူညီကြသည့် ကိစ္စမှာ ညနေပိုင်း အရက်ဝိုင်းဖွဲ့ဖြစ်သည့်ကိစ္စပင် ဖြစ်ပါသည်။

ခြောက်ရက်မြောက်သော နေ့တွင် ကျွန်တော် သူတို့ဆီမှ ထွက်ခဲ့သည်။ မိတ္ထီလာတွင် သုံးရက်မျှနေဖြစ်ဦးမည့်အကြောင်း ပြောခဲ့သည်။ ကိုဝမ်းဖေနှင့် ဆွေဆွေတို့၏သမီးလေး မို့မို့ကို မုန့်ဖိုးဟုပြောပြီး ငွေတစ်ထောင်ပေးခဲ့သည်။

အရာရာသည် အဆင်ပြေခဲ့သည်။

ဦးလာဘ၏ ကိုရိယာကြောင့်လည်း အလုပ်ဖြစ်ခဲ့သည်။

ပြောခဲ့သည့်အတိုင်း မိတ္ထီလာတွင် သုံးရက်နေခဲ့သည်။ အလုပ်များလှသဖြင့် ဆွေဆွေကိုပင် သွားမတွေ့ဖြစ်ခဲ့ပါ။

သုံးရက်မြောက်နေ့တွင် ကျွန်တော် ရန်ကုန်ဆင်းဖြစ်ခဲ့သည်။

(ရှေ့လဆက်ရန်)

---

ကျော်မြသန်း

---



www.burmeseclassic.com

www.burmeseclassic.com



# မိုးသက်လေပြင်းများနှင့်အတူ

မောင်မိုးဦး

ဧရာဝတီမြစ်ကမ်းနံဘေးမှာ အလျားလိုက် လဲလျောင်းနေသော ရွာကလေးမှာ ကျွန်တော်တို့ရွာကလေးဖြစ်သည်။ တခြားကျေးရွာတွေလို ရွာစုရွာပိုင်းမဟုတ်ပေ။ မြစ်ကိုကျောပေးထားသော အိမ်တန်းနှင့် မျက်နှာချင်းဆိုင် အိမ်တန်းတစ်တန်းသာ ရှိသည်။

မြစ်ထဲတွင် ပိုက်လှေတွေရှိသလို ဈေးရောင်းထွက်သော လှေလေးတွေရှိသည်။ ကူးတို့သမ္ဗန်လေးတွေ ရှိသည်။ ရန်ကုန်သွားသည့် သင်္ဘောတွေရှိသည်။ ထိုသင်္ဘောကြီးတွေပေါ်မှာ ရောင်စုံဘဝတွေရှိသည်။ ထိုရွာလေးမှာပင် ကျွန်တော်တို့ကိုမွေးခဲ့ပြီး ထိုရွာလေးမှာပင် ဖခင်၏ မျက်ကွယ်ပြုခြင်းများကို ခံခဲ့ရသော ကျွန်တော်နှင့် ထိုရွာလေးသည် အမြှာညီအစ်ကိုဟု ပြောလို့မရသော်လည်း သွေးသောက်ညီအစ်ကိုတော့ ဖြစ်သည်။

ထို့ကြောင့် သားအမိနှစ်ယောက်နှင့် ဖွဲ့စည်းထားသော သရက်ကုန်းဆို

www.burmeseclassic.com

သည့် ရွာလေးမှ ကျွန်တော်တို့မိသားစု သည် ငွေကြေးမပြည့်စုံသော်လည်း အေးချမ်းခဲ့သည်။ အမေက အကြော် ရောင်းပြီး ကျွန်တော်က စာရင်းဟုား ချုပ်သည်။ အားလပ်ချိန်များတွင် အမေ က ဘာသာတရားကို အားထုတ်သည်။ ကျွန်တော့်ကိုဆုံးမသွန်သင်သည်။ အထူး သဖြင့် ကျွန်တော့်ကို အမေ မကြာခဏ ဆုံးမသောစကားမှာ အကုသိုလ်အလုပ် တို့ ရှောင်ဖို့နှင့် ကုသိုလ်အလုပ်ကို လုပ် ဖို့ပင်ဖြစ်သည်။

ရွာတွင် ကျွန်တော်နှင့် အရင်းနှီး ဆုံးကျောင်းနေဖက်သူငယ်ချင်းမှာ ကျော် လွင်ဖြစ်သည်။ သက္ကရာဇ်တစ်ခုတွင် အတူမွေးဖွားခဲ့သော်လည်း သူက ကျွန် တော့်ထက် ခြောက်လခန့်ကြီးသည်။ ထို့အတူ ကျွန်တော့်ထက်လည်း ပညာ ပိုစုံသည်။ ကျောင်းပြေးသည်၊ လောင်း ကစားလုပ်သည်၊ ရန်လည်းဖြစ်သည်။

ယခုအခါ ကျွန်တော့်အသက် ၂၅ နှစ်ကျော်ခဲ့သော်လည်း ကျန်းမာရေး မကောင်းသော အမေ့ကိုငဲ့ပြီး အိမ် ထောင်မပြုခဲ့ပေ။ ယခင်ကလိုပင် လယ် ထဲဆင်းရင်း အမေ့ကို စောင့်ရှောက်ခဲ့ သည်။ သို့သော် သူငယ်ချင်းကျော်လွင် က အိမ်ထောင်ကျကာ သူ့အမေ၏ခြေ ရင်းတွင် တဲထိုးပြီး နေသည်။ သူမှာ လည်း ကျွန်တော့်လိုပင် အမေမုဆိုးမ ကြီးနှင့် ညီမတစ်ယောက် ရှိသည်။ အဘွားကြီးသားအမိက မုန့်ဖက်ထုပ် ရောင်းပြီး စားဝတ်နေရေးကို ဖန်တီးရ သည်။

ကျွန်တော်က လယ်လုပ်သလို ကျော်လွင်က ပိုက်ချသည်။ အရက် သောက်သည်။ ရွာထဲမှာလည်း မကြာ ခဏ ရန်ဖြစ်သည်။ ဖဲရိုက်သည်။ မူး လာလျှင် မိန်းမကို ပြဿနာရှာသလို အမေနှင့်ညီမကိုလည်း အမျိုးမျိုးဒုက္ခ ပေးသလို ကိုယ့်အလုပ်နှင့်ကိုယ်မို့ သူ နှင့် နေ့တိုင်းမတွေ့သော်လည်း တစ်ခါ တစ်ရံဆုံမိလျှင် အကုသိုလ်အလုပ်တွေ ကိုလျှော့ဖို့ ဖြစ်နိုင်လျှင် လုံးဝမလုပ်ဖို့ ပြောရသည်။ ပြောတိုင်းလည်း သူတုံ့ပြန် သော စကားတစ်ခွန်းရှိသည်။

"ကိုအောင်···မင်းက အရက် မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်း မစား။ လောင်းကစားမလုပ်နဲ့ လူဖြစ်လာ ရတာ မင်းအတွက် မတန်ဘူးကွာ။ ငါ့ လိုနေစမ်းပါ။ ယောက်ျားဆိုတာ အကုန် လုပ်တတ်ရတယ်ကွ"

သူပြောလွန်းသဖြင့် ကျွန်တော် အလွတ်ရနေသော စကားလုံးများဖြစ် သည်။ ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမ အတိုင်း သူ့ကိုကြည့်ပြီး ကျွန်တော်တွေး ကြည့်မိသည်။ သူ၏အကုသိုလ်အလုပ် များအတွက် သူတစ်နေ့ ပြန်လည်တာ ဝန်ယူရမည်ဆိုသော အတွေးပင်ဖြစ် သည်။

xxxxx

သည့်လိုနှင့် တစ်ရက်မှာ အိမ် အတွက် လိုအပ်သည်များကိုဝယ်ရန် မြို့ သို့ တစ်ညအိပ်သွားဖြစ်သည်။ နောက် နေ့ ရွာပြန်ရောက်သောအခါ သူငယ် ချင်း ကျော်လွင်၏သတင်းကို ကြား လိုက်ရ၏။

"သားရေ···ညက မင်းသူငယ် ချင်းကျော်လွင် မူးပြီး သူ့အမေကို ပြဿနာရှာတယ်တဲ့"

"ဟုတ်လား။ ဘယ်လိုဖြစ်တာလဲ အမေရယ်"

"မူးလာပြီး သူ့အမေရဲ့နားကပ် ကို ခဏပေါင်မယ်ဆိုပြီး အတင်း တောင်းတယ်။ မရတော့ သူ့အမေကို လည်ပင်းညှစ်ပြီး ဆောင့်တွန်းလိုက်တာ အိမ်တိုင်နဲ့ထိမိပြီး ခေါင်းမှာ ဒဏ်ရာရ သွားတယ်။ သူ့ညီမက ဝင်ဆွဲပေမယ့် မရဘူး။ နောက်ဆုံး ထမင်းစားပွဲကိုကန် ပြီး ဆဲဆိုသွားတယ်တဲ့"

ကျွန်တော် စိတ်မကောင်းဖြစ်ရ သလို သားဆိုးတစ်ယောက် မွေးထားမိ သော သူ့အမေအတွက်လည်း သနား နေမိသည်။ သို့သော် ကိုယ့်တာဝန်နှင့်ကိုယ် မို့ ဘာမှမတတ်နိုင်ခဲ့ပေ။

xxxxx

မှတ်မှတ်ရရ ကျော်လွင် သူ့အမေ ကို ဒုက္ခပေးပြီး နှစ်ရက်လောက်အကြာ တွင် ကျွန်တော်လည်း ထမင်းစားချိန်မို့ ခဏနားကာ အိမ်မှာရှိနေစဉ် သူငယ် ချင်းကျော်လွင်လည်း သူ့မိန်းမ၊ သူ့ ကလေးနှင့် သူ့အိမ်မှာ ထိုင်နေစဉ်ဖြစ် သည်။ ထိုစဉ် မမျှော်လင့်ဘဲ မိုးပွားလေး များကျလာသောကြောင့် တန်းမှာလှန်း ထားသော အမေ့မျက်နှာသုတ်ပဝါလေး ကို ထွက်ရုပ်လိုက်၏။ မကြာခင် မိုး သည်းလာပြီးနောက် လေတိုက်နှုန်းက လည်း တဖြည်းဖြည်းပြင်းလာသည်။ နေ့လယ်ပိုင်းဖြစ်သော်လည်း မိုးအုံ့ပြီး ချက်ချင်း ညနေစောင်းလို မှောင်လာ လေသည်။ မိုးချုန်းသံများလည်း ဆက် တိုက်ထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ကျွန်တော်က ကျော်လွင်၏အိမ်တက်သို့ အမှတ်မထင်ကြည့်လိုက်မိသည်။ မြင်လိုက်ရသောမြင်ကွင်းက ဗီဒီယိုဇာတ်ကားတွေထဲမှာ ကြည့်ဖူးသော အခန်းမျိုးလို ထူးဆန်းလွန်းလှသည်။ ဘောလုံးတစ်လုံးအရွယ်လောက်ရှိသော မီးလုံးကြီးတစ်လုံးသည် ကျော်လွင်တို့အိမ်ထဲသို့ လေနှင့်အတူပါလာပြီး အိမ်ခေါင်မိုးဖောက်ပြီး ထွက်သွားလေသည်။ ကျော်လွင်တို့လင်မယား တုန်လှုပ်သွားသော်လည်း ပေါင်ပေါ်မှ နှစ်နှစ်အရွယ် ကလေးလေးကတော့ ဘာမှမသိရှာပေ။

ကျွန်တော့်စိတ်ထင် နောက်ထပ်သုံးမိနစ်လောက်အကြာတွင် စောစောကလိုပင် နီနီရဲရဲ အလုံးတစ်လုံးက ကျော်လွင့်အိမ်ထဲသို့ ဒုတိယအကြိမ်ဝင်ရောက်သွားပြီး အိမ်ထဲတွင် လှည့်ပတ်ကာ အိမ်ခေါင်းရင်းထရံကို ထိုးခွဲပြီး ထွက်သွားပြန်သည်။ ထိုအခါ ပတ်ဝန်းကျင်က သတိထားမိသွားပြီး ကျော်လွင့်ယောက္ခမက ကလေးကို လာခေါ်သွားသဖြင့် လင်မယားနှစ်ယောက်သာ အိမ်မှာကျန်ရစ်ခဲ့လေသည်။

သို့သော် မိုးက ရွာနေသလို လေကလည်း တိုက်နေဆဲဖြစ်သည်။ သူတို့လည်း သူတို့ပစ္စည်းလေးတွေကို လိုက်သိမ်းနေသည်။ တစ်ခါတစ်ခါ မိုးကြိုးပစ်သံက ကြောက်စရာကောင်းလှသည်။ မကြာခင် ကျော်လွင့်အိမ်ဝန်းကျင်တွင် အလင်းရောင်တန်းကြီး ထွက်ပေါ်လာပြီးနောက် နီရဲရဲအလုံးတစ်လုံးက သူ့အိမ်ထဲသို့ ဝင်ရောက်သွားပြီး ပထမ၊ ဒုတိယအကြိမ်များကလို ထိုနီရဲရဲအလုံးကြီး အိမ်ပြင်သို့ ပြန်ထွက်လာသည်ကို မမြင်ရတော့ဘဲ မိုးမှောင်ကြီးသာ ဖြစ်နေလေတော့သည်။

မကြာခင် သူ့မိန်းမအော်သံကြောင့် ရွာသားတချို့နှင့်အတူ ကျွန်တော်တို့ ရောက်သွားသောအခါ ကျော်လွင့်တစ်ကိုယ်လုံးမည်းကာ သေဆုံးနေပြီဖြစ်၏။ သူ၏မိုးကြိုးဒဏ်ရာသည် ဝမ်းဗိုက်တည့်တည့်မှာဖြစ်သည်။

xxxxx

အထက်ပါ အဖြစ်အပျက်လေးကို ကြည့်ပြီး အမေပြောခဲ့ဖူးသော ခင်ပွန်းကြီး ၁၀ ပါးကို မပြစ်မှားအပ်သည့် ဆုံးမစကားလေးကို သတိရသွားမိ၏။ ခင်ပွန်းကြီး ၁၀ ပါး ဆိုသည်မှာ

(၁) မြတ်စွာဘုရား။

(၂) ပစ္စေကဗုဒ္ဓါ၊

(၃) ရဟန္တာ၊

(၄) ဘုရားရှင်၏ လက်ဝဲရံ၊ လက်ယာယံ သာဝကများ။

(၅) မွေးမိခင်(မာတာ)၊

(၆) မွေးဖခင်(ပိတာ)၊

(၇) မိမိထက် အသက်သိက္ခာ သီလကြီးမြတ်သူ၊

(၈) ဆုံးမသွန်သင်သော ဆရာ၊

(၉) တစ်စုံတစ်ရာ ကျေးဇူးရှိသူများ။

(၁၀) တရားဓမ္မ ပြောပြသွန်သင်သော တရားဟောဆရာတို့ဖြစ်သည်။

ကုသိုလ်ကောင်းမှု ပြုသူသည် ကောင်းမှုအကျိုးဆက်ကို ခံစားရသလို အကုသိုလ်အလုပ် လုပ်သူသည်လည်း အကုသိုလ်၏ဆိုးကျိုးကို ခံစားရမည်မှာ သဘာဝပို့ ကျွန်တော့်သူငယ်ချင်းကျော်လွင် ကွယ်လွန်သွားခဲ့သည်မှာလည်း သဘာဝကျလှသည်။

သို့သော် ထိုဖြစ်စဉ်လေးကို အပြန်ပြန် အလှန်လှန် စဉ်းစားကြည့်လျှင် ထူးဆန်းတာတစ်ခုကို တွေ့လိုက်ရသည်။ ကျော်လွင့်အိမ်ကို ပထမဆုံး ဝင်သွားသော နီရဲရဲအလုံးကြီးသည် အိမ်ရှေ့တွင် ကလေးပေါင်ပေါ်တင်ပြီး ထိုင်နေသော ကျော်လွင့်ကိုရှောင်ကာ အိမ်ခေါင်မိုးမှ ပေါက်ထွက်သွားခြင်း၊ ထို့အတူ ဒုတိယအကြိမ်မှာလည်း မည်သူ့မျှ မထိခိုက်စေဘဲ ခေါင်းရင်းထရံကိုခွဲပြီး ထွက်သွားခြင်းနှင့် ကလေးမရှိသည့်အချိန်ကျမှ သူ့မိန်းမကို မထိခိုက်စေဘဲ သူ့ဝမ်းဗိုက်ကို စနစ်တကျထိမှန်သွားခြင်းသည် ထူးဆန်းလှပေသည်။

တကယ်တော့ ကံဆိုသည်မှာ ပြုလုပ်ခြင်းနှင့် ဆက်နွယ်နေသည်ဟု ကျွန်တော်ထင်သည်။ အထက်ပါ ဖြစ်စဉ်တွင် ကျော်လွင့်မိန်းမနှင့် ကလေးငယ်က အပြစ်ကင်းသည်။ အကုသိုလ်မဖြစ်သဖြင့် အန္တရာယ်မှ လွတ်မြောက်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓက မကောင်းတာမလုပ်နှင့် ကောင်းတာလုပ် စိတ်ကို ဖြူစင်အောင်ထားဟု ဆုံးမခဲ့ခြင်းဖြစ်သည်။

(ဖြစ်ရပ်မှန်တစ်ခုအား အမည်၊ ဒေသပြောင်းလဲရေးသားထားပါသည်။)

မောင်မိုးဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မိရိုးကောင်းကာင်မှ ကြေဇပ်ဝင်

**■ မြနန်းရှင်**

**(စာတင်သိမ်းပိုင်း)**

**အခန်း(၂၂)**

ထူးထူးခြားခြား တရားပွဲဖြစ်၍ လူအများ စိတ်ဝင်စားစွာလာကြသည်။ ရွာနီးချုပ်စပ်များကပါ ထိုသတင်းကြောင့် အုန်းအုန်းကျွက်ကျွက် တရားလာနာမည့် သတင်းစကားကို ရှင်ကဏ္ဍကြားရသဖြင့် စိတ်ထဲကနေ ဖြစ်ပါ့မလားဟု တွေးပူပန်နေမိသည်။

တရားဟောမည့်နေ့ နေ့ဆွမ်းကပ်သည့်အခါ ဆရာတော်က မနောခါတ်မှာ သိနေသည်ထင့်။

"မောင်ပဥ္စင်းစိတ်မှာ ဖြစ်ပေါ်တဲ့ ပူပန်ကြောင့်ကျမှုကြောင့် အလုပ်မနှောင့်နှေးစေပါနဲ့။ တို့ဘုရားရှင်လက်ထက်က ဥပမာပေးခဲ့တာပဲ။ သဲတစ်ဆုတ်ကိုယူ၍ လက်သည်းခွံပေါ်တင်ကြည့်ရင် သဲအမှုန် မည်မျှတင်ကျန်ခဲ့ပါသလဲ။ ဒီလိုသဘောပါပဲ။ ဘုန်းဘုန်းရဲ့တရားပွဲမှာ ဝေနေယျတိုင်းလာရောက်နာယူဖို့ဆိုတာ သူ့ဘဝပါရမီနဲ့သူရှိမှ ရောက်လာနိုင်ကြမှာပါ။ မဏ္ဍပ်မဆံ့မှာ မပူပါနဲ့။ ဝိဇ္ဇာလုပ်တဲ့အလုပ်မှာ မရှိတာ မဖြစ်တာ မရှိပါဘူးကွယ်"

ဦးဇင်းကဏ္ဍ သူ့ရဲ့စိတ်ဓာတ် နှံ့နဲ့သွားတာကို နောင်တရမိတော့သည်။ စိတ်ထဲမှလည်း ...

"ငါ့နှယ် ဆရာတော်တပည့်လုပ်ပြီး ဒီလိုစိတ်ဖြစ်ပေါ်ရတာ ရှက်မိပါရဲ့"

ဟု ကိုယ့်ဘာသာ ပြောနေမိပြန်သည်။

"မောင်ပဥ္စင်း ကျုပ်ရဲ့တရားပွဲဘာကြောင့် ညဉ့်ဦးယံမှာ လုပ်ရသလဲ သိချင်တယ်မဟုတ်လား။

မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်ဝေနေယျ အပေါင်းတို့ရဲ့ အလုပ်အားချိန်ကို ကြည့်ရသလို သူတို့သွားလာနိုင်မယ့်အချိန်ကိုကြည့်ပြီး ဆောင်ရွက်ပေးရတာပဲ တပည့်ရဲ့။

ရှေ့လျှောက် ငါ့တပည့် သာသနာပြုလမ်းကြောင်းမှာ လျှောက်တဲ့အခါ ကြုံတွေ့သိမြင်လာမှာပါ။ ငါ့တပည့်ကို ပေးသင့်ပေးထိုက်တဲ့ ပညာတွေ ပေးခဲ့ပြီးပြီပဲ။ ရသင့်ရထိုက်တဲ့ ပညာကို ရယူပြီးပြီပဲကွယ်။ ကိုယ်လုပ်ရမယ့်အလုပ်ခရီးမှာ တွေ့ဝေပြီး ဘာကြောင့် အချိန်ကုန်ခံချင်ပါသလဲ။ ကိုယ့်အလုပ်ကို ကိုယ်သေသေချာချာ အားထုတ်ရမှာ မိမိတာဝန်ဖြစ်ပေတယ်"

ဆရာတော်မှာ တစ်ပါးကျောင်းမှာသာ သီတင်းသုံးတော်မူပြီး ဦးဇင်းကဏ္ဍမှလွဲ၍ မည်သူမျှ မဝင်မခံပေ။ အတွေ့လည်းမခံပေ။

ဆရာတော်၏ နောက်ဆုံးခရီးပြီးပြည့်စုံရန်အတွက် လိုလေသေးမရှိ ဦးဇင်းကဏ္ဍ ဖြည့်စွမ်းပေးပါသည်။

ဆရာတော်၏ မနောဖြင့် ပြောဆိုမှုကို ဦးဇင်းကဏ္ဍကသာ မနောဖြင့် ခံယူကာ ဆောင်ကြဉ်းပေးရှာသည်။

အချိန်ကုန်မခံလိုသော ဆရာတော်မှာ ဆွမ်းတစ်လုတ်အတွက် အချိန်ကုန်မခံတော့ဘဲ ရေဆွမ်းကိုသာ ဘုဉ်းပေးတော်မူလေသည်။

တဖြည်းဖြည်းနှင့် ဆရာတော်၏တရားပွဲရောက်ရှိလို့လာပါပြီ။ တရားနာသူ ပရိသတ်ကလည်း မဏ္ဍပ်နှင့်အပြည့်ပင်။

ကျန်ဝေနေယျများ သွားလာမှု အနှောင့်အယှက်မဖြစ်စေရန် ဈေးရောင်းဈေးဝယ်ပင် မရှိစေရ။ မဏ္ဍပ်သုံးခုကို တစ်ခုနှင့်တစ်ခု စည်းခြား၍ ထိစပ်မှုမရှိအောင် ဆောက်လုပ်ထားလေသည်။

ဆရာတော် တရားဟောရန်ကြွလာစဉ် မွှေးပျံ့သောရနံ့များကို သတိထားမိကြလေသည်။

ဦးဇင်းကဏ္ဍ အမြင်အာရုံမှာ တရားနာကြွလာသော မဏ္ဍပ်သုံးခုတွင် အထက်ပုဂ္ဂိုလ်မဏ္ဍပ်ကိုတော့ မြင်သင့်မြင်ထိုက်မှ မြင်ခွင့်ရတာမို့ မခန့်မှန်းတတ်သော်လည်း လူတို့၏တရားနာပရိသတ်ထက် ပရလောက



www.burmeseclassic.com

www.burmeseclassic.com

ဒုဂ္ဂတိဘုံသားများက ပိုမိုများပြားနေတာကို မြင်သိနေရသည်။

သာမန်အမြင် မျက်စိမှာတော့ လူပရိသတ်မဏ္ဍပ်တစ်ဖက် တစ်ချက်ရှိ မဏ္ဍပ်နှစ်ခုကတော့ ဟာလာဟင်းလင်းသဏ္ဍာန်ပဲ မြင်တွေ့ရပေမည်။

ဦးဖင်းကဏ္ဍမှာ ဆရာအရှင်၏ 'ဝေနေယျများအပေါ် မေတ္တာထားရှိပုံ'ကို စိတ်ထဲမှ ဂုဏ်ယူနေမိတော့သည်။

တရားဟောရက် တစ်ရက်၊ နှစ်ရက်၊ သုံးရက် တဖြည်းဖြည်းနှင့် လူပရိသတ်က နည်းနည်းလာချေပြီ။

ဘေးနှစ်ဖက် မဏ္ဍပ်များမှာသာ အပြောင်းအလဲမရှိ တရားနာယူမှု အပြည့်အဝရှိနေမြဲပင်။

နောက်ဆုံး ခုနစ်ရက်မြောက် တရားပွဲအပြီးမှာတော့ ဝေနေယျအပေါင်း၏ သာဓုခေါ်ဆိုရန် အမျှအတန်းဝေပြီးချိန်မှာတော့ ...

ဒုဂ္ဂတိဘုံသားများ မဏ္ဍပ်ဘက်မှ ဖျောက်ခနဲဖျောက်ခနဲ ပျောက်ကွယ်ပြီး ကောင်းရာမွန်ရာ ဘုံဘဝကို ပြောင်းလဲသွားတာမြင်တွေ့ရသဖြင့် ကြောက်ခမန်းလိလိ အံ့အားသင့်မိလေတော့သည်။ တရားပွဲအပြီးမှာတော့ ဦးဖင်းကဏ္ဍမှလွဲ၍ တခြားသူ တွဲထူမခံတော့ဘဲ ဆရာတော်၏ တစ်ပါးကျောင်းတော်ကို ရောက်လာခဲ့ကြသည်။

"မောင်ပဋ္ဌင်း မင်းနဲ့ငါ ခန္ဓာချင်းလဲမှန်နဲ့တူတယ်"

"လဲချင်လဲပါဘုရား"

"ဟား ... ဟား"

ဆရာတော် သဘောကျစွာရယ်လိုက်ပြီး ...

"ဆရာကောင်းတပည့် ပီသပါပေတယ်။ စိတ်ချသွားပြီဟေ့"

အမှန်က ဝိဇ္ဇာဓာတ်သက်သက်နှင့် မေးခြင်းဖြစ်ပေသည်။ ဆရာတော်ခန္ဓာဝန်ချပေမယ့် ဓာတ်နာမ်ချင်း၍ သာသနာ့ဝန် ထမ်းဆောင်နိုင်ရန် မေးခြင်းဖြစ်ပေသည်။

"ဒီနားကိုလာ မောင်ပဋ္ဌင်း။ အပြင်မှာ ယင်မဲမတွေ ပျံဝဲနေတယ်။ နိမိတ်မကောင်းဘူး။

နံနက် အရုဏ်တက်ရင် ကျုပ်ခန္ဓာဝန်ချရတော့မယ်။ တပည့်မှလွဲ၍ ငါ့ရုပ်ခန္ဓာအား မထိမတို့ကြစေနှင့်။

ငါ၏ သိမ်ကိုးသိမ်၊ တောကိုးတော၊ တောင်ကိုးတောင်၊ ကုန်းကိုးကုန်း၊ ကိုးသချိုင်းအောင်ထားသော သက်နိုးတော်အား တပည့်သုံးဖို့ စွန့်ခဲ့တော်မူမယ်။ ကဲ .. ပါးစပ်ဟပါဦး"

ဆရာတော်လက်မှာ ဘယ်အချိန်က ဆုပ်ကိုင်ထားသည်မသိ။ ဝိဇ္ဇာဓာတ်ရှင်လုံးသည် အရည်လဲ့၍ ရှိနေသည်။

"ဟောဒီ ကြိုးစလွယ်ကို ဘယ်ခါမှမချွတ်နဲ့။ ဒီထဲက ဓာတ်ရှင်လုံးကို ထိန်းသိမ်းစောင့်ရှောက်ပါလေ။ ဘယ်နေရာမှာ သုံးရမယ်ဆိုတာ ဆိုင်ရာပုဂ္ဂိုလ်က ဆက်သွယ်လိမ့်မယ်။ ဆရာလက်လွှဲအပ်ခဲ့ပြီ"

ခေတ္တမျှနားပြီးနောက် ...

"အရေးအကြီးဆုံးက ကျုပ်ရဲ့ အရိုးပြာကို နေ့ချင်းပြီးသင်္ဂြိုဟ်၊ မီးသင်္ဂြိုဟ်ပြီးပြာချ။ ဒီနေ့ညတွင်းချင်း အရိုးပြာအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားပါ။

ငါ၏ ဓူတင်အဓိဋ္ဌာန် အောင်ခဲ့သော သက်နိုးကိုယူ၍ လူမြင်မခံဘဲ ငါ့ရဲ့ကျောင်းသခ်မ်းမှာပင် လူထွက်၍ ဒီကျောင်းနှင့် ဒီအရပ်က တိတ်တဆိတ်ခွာပါလေတော့။ ဆက်နေလျှင် လူတို့၏ လောဘမီးကြောင့် တပည့်ဘဝဆုံးနိုင်တယ်။

လူဝတ်ကြောင်ဘဝနှင့် ရန်ကုန်မြို့ကို ရောက်အောင်သွားပြီး ရွှေတိဂုံဘုရားရှင် အဖွဲ့ဂေါဏာတန်ဆောင်းမှာ အဓိဋ္ဌာန်စဝင်။ ပြင်ပအဝတ်ကို လဲပေမယ့် မိမိရဲ့ အတွင်းအဖြူထွက်နှင့် သီလ၊ သမာဓိ၊ ပညာကိုတော့ မြဲမြဲစွာ ဆုပ်ကိုင်ထားရပေမယ်။ ပျောက်ကွယ်လို့ မရပါ။ တပည့်လိမ္မာမှ။ သတ္တဝါတို့ ကျွတ်တန်းဝင်နိုင်ရန် လက်ဆင့်ကမ်း တာဝန်ကျေပွန်အောင် ထမ်းပါလေ။

ငါနဲ့တွေ့ချင်ရင် ငါကဲ့သို့ ကြိုးစားပါ။ မြို့ကြီးပြကြီးရောက်လျှင် သီလ၊ သမာဓိ တည်တံ့မှု အရေးကြီးတယ်။ ပြည့်ကျပ်ညပ်နေတဲ့ ဒုက္ခဘုံက ပုဂ္ဂိုလ်တွေကို ရှင်းလင်းပေးဖို့ကို သာသနာပြုခွဲတမ်းလို့ပဲ စွဲမြဲစွာ မှတ်ယူထားပါလေ။ ကဲ ... ကျုပ် အလုပ်ဝင်တော့မယ်"

ဆရာတော်က နှင်ပြီဆိုတော့ လက်အုပ်လေးချီကာ ရိုကျိုးစွာ ထွက်လာခဲ့ပါသည်။

ဝမ်းနည်းစိတ်ကြောင့် မျက်နှာပြင်မှာ နီမြန်းလို့နေသည်။ အသိသတိတရားတို့ဖြင့်ထိန်းချုပ်ရင်း ဆရာအရှင်၏ မိန့်မှာချက်ကို သေချာစွာ နာယူလိုက်ပါသည်။

ဆရာအရှင်၏ နောက်ဆုံးခမ်းဆောင်ရွက်နိုင်ရန် ဦးဖင်းကဏ္ဍ ညလုံးပေါက်မအိပ်ဘဲ တစ်ပါးကျောင်း၏ မြောက်ဘက် မြေတလင်းပြင်ကို ရှင်းလင်းရန်သွားစဉ် ...

သုဂတိဘုံသားတို့ သူ့နေရာနှင့် သူ ဆောင်ရွက်နေသည်ကို မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသဖြင့် ဆရာအရှင်၏ အကျင့်စခန်း ပြီးမြောက်မှုဂုဏ်အဟုန်ကို သိလိုက်ရပါပြီ။

သိမ်ရှိရာသို့သွားကာ တစ်ညလုံး အထိုင်စခန်း အလုပ်စခန်းဝင်ရန် ဆုံးဖြတ်ကာ တရားမှတ်ရှုနေလိုက်တော့သည်။

တစ်စစ ညဉ့်ပိုနက်လာသော အခါ ထိနမိဒ္ဓဝင်လေတော့သည်။ ယင်မဲမတို့ တဝီဝီအော်သံက အချိန်ခါ မဟုတ် ကြားလိုက်ရသဖြင့် နိုးထလာကာ အရုဏ်တက် ကုလားတက်ခေါက်သံကြောင့် ဆရာတော့် မျက်နှာတော်သစ်ရန် ရေတော်ကပ်ရန် သွားရလေသည်။

ကျောင်းသခ်မ်းတံခါးသို့ ရောက်စဉ် ကြည်လင်တောက်ပသော အလင်းတန်းအစုတို့ ကောင်းကင်ထက် ပျံတက်သွားတာ မြင်တွေ့လိုက်ရသည်။

သိလိုက်ပါပြီ ...

ဆရာတော်သည် ရုပ်နှင့်နာမ် ချုပ်ငြိမ်းကာ ခန္ဓာဝန်ချလိုက်ပြီဆိုတာ။ ဆရာတော်မှာကြားခဲ့သော စကားအစဉ်တို့ကို နားမှာကြားယောင်ပြီး သတိကြီးစွာထား၍ လက်အုပ်ကလေးချီကာ တံခါးအသာတွန်းကြည့်ရာ တံခါးဖွင့်ထားပုံရသဖြင့် အခန်းထဲဝင်ကြည့်လေရာ။

ဆရာတော်သည် သစ်တုံးခေါင်းအုံးလေးပေါ်မှာ လဲလျောင်းလျက် ခန္ဓာဝန်ချသွားပါပြီ။ စိတ်အာရုံကို တည်ငြိမ်အောင်ထားပြီး ရုပ်ကလာပ်တော်အား အားရပါးရ ဖူးမြော်ကြည်ညိုလိုက်ပါသည်။

ဦးဇင်းကဏ္ဍာ သတိရကာ ဆရာတော်စွန့်လှူခဲ့သော သင်္ကန်းတော်ကို သူ့ဦးခေါင်းပေါ်တင်လိုက်ပြီး တရားရှုမှတ် ကမ္မဋ္ဌာန်းပွားများနေလိုက်ပြန်သည်။ အေးဆေးတည်ငြိမ်မှုတို့ဖြင့် ဦးဇင်းကဏ္ဍာ ထုံးစံမပျက် အရုဏ်တက် ဆောင်ရွက်စရာ နိစ္စဘတ်ဝတ်ကို ကြိုးစားအားထုတ်ခြင်းဖြစ်ပါသည်။

သည်လိုနှင့် တရားအလုပ်ဖြုတ် သတ္တဝါဝေနေယျတို့အား မေတ္တာပို့ အမျှဝေနှင့် ကုသိုလ်ကောင်းမှုကို ဆောင်ရွက်ပေးပြီးမှ အဘိုးဖြစ်သူ ဦးဘစိန်ကိုခေါ်ကာ ...

"ဒကာကြီး စိတ်ကိုအေးအေးထားပါ။ ဆရာတော် ခန္ဓာဝန်ချသွားပြီဖြစ်တယ်"

"ဟင် ..."

ရုတ်တရက်ဆိုတော့ တုန်လှုပ်မိရှာသည်။ ဒါကိုသိသော ဦးဇင်းကဏ္ဍာက –

"ဒကာကြီး သတိလက်လွတ်ဆိုတာ ဘယ်အရာမှ မကောင်းပါဘူး။ သတိကို အသိစိတ်မှာမြဲမြဲကပ်လေ။ ဒါ ဖြစ်သင့်ဖြစ်ထိုက်တဲ့ တရား။ လူတိုင်း၊ သတ္တဝါတိုင်း ရှောင်လွှဲကျော်ဖြတ်လို့မရတဲ့ တရားစစ်တရားမှန်ပဲ ဖြစ်တယ်လေ။

ဦးဇင်းပြောတာ နားထောင်ပါ။ ဒကာကြီး ဒီရက်ထဲမှာ ကျောင်းမှာ မနေပါနဲ့တော့။ အိမ်မှာပဲ ရွှေ့ပြောင်းနေပါ"

ဆရာတော်၏ အဆုံးအမနှင့် နေခဲ့ကြသူများဖြစ်၍ လူသာမန်တွေ စိတ်လို ဘာလဲ၊ ညာလဲ မေးခွန်းတွေ ထုတ်မနေဘဲ ...

"တင်ပါ့ဘုရား"

ဝိဇ္ဇာခေတ်သက် နားရည်ဝသဘောပေါက်နေပြီဖြစ်၍ နားထောင်လိုက်ပြီးမှ ...

"ထပည့်တော် ဆရာတော်ကို ဖူးတွေ့ပါရစေ"

"တစ်ပါးကျောင်းမှာပဲ ဖူးလည်းဖူး၊ ကမ္မဋ္ဌာန်းလည်း ရှုမှတ်နေပါ"

"တင်ပါ့ဘုရား"

"ဦးဇင်း ကျောင်းက ကိုယ်တော်တွေ အရုဏ်ဆွမ်းစားပြီးချိန်မှာ ကြေညာပေးမယ်။

ဒကာကြီး ရုပ်ကလာပ်နားမှာ စောင့်ပါ။ ဦးဇင်းနဲ့ တခြားဒကာတွေ လာတော့မှ အိမ်ကိုပြန်ပါ။ နောက်ပြီး မှာစရာရှိတယ်။

ရုပ်ကလာပ် သင်္ဂြိုဟ်ပြီးရင် ဒကာကြီးတို့အိမ်ကိုပဲ ပြန်နေပါ။ ပရိသတ်ကြားမှာ မနေပါနဲ့။ ဦးဇင်းကလည်း ဆရာတော်မှာတဲ့အတိုင်း ကျောင်းကခွာပြီး ခရီးထွက်ရမယ်။ နောင်မှ ဆက်သွယ်ပါ့မယ်။ ဒီကိစ္စ ဒကာမကြီးတို့ကို မပြောပါနဲ့ဦး။ ရှာပနပွဲပြီးမှ ပြောပါ"

"စိတ်ချပါဘုရား စိတ်ချပါ"

မြေးဖြစ်သူ ဦးဇင်း၏မျက်နှာကို မော်ဖူးရင်း လက်ကိုဆုပ်ကိုင်ကာ ကတိပေးလိုက်ပါသည်။ တရားအသိတို့ ပြည့်ဝနေ၍ အရာရာ အေးဆေးတည်ငြိမ်စွာ လှုပ်ရှားဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

အရုဏ်ဆွမ်း စားပြီးတာနှင့် ကျောင်းရှိသံဃာအပေါင်း ကျောင်းသားအပေါင်းတို့ စုရုံးစေကာ ...

"ငါ့ရှင်တို့ တို့များရဲ့ဆရာတော် ဒီကနေ့နံနက်ကပဲ ခန္ဓာဝန်ချသွားပြီ ဖြစ်တယ်"

"ဟာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

"အို"

"အီး ... ဟီး"

အံ့ဩတုန်လှုပ် ဝမ်းနည်းကုန်ကြသည်။

သီတင်းသုံးဖော်တို့အား ရွာလူကြီးများနေအိမ်သို့ ရွာအရပ်လေးမျက်နှာဖြန့်ကာ ပြောကြားခိုင်းလိုက်သည်။

မကြာခင် အပြေးအလွှားရောက်ရှိလာသော ရွာလူကြီးများက ရပ်ဓလေ့ ရွာဓလေ့အရ ဘုန်းကြီးပျံပွဲ ခုနစ်ရက်ခုနစ်လီ ကျင်းပချင်ကြသည်။

ဆရာတော်သည် ထိုသဘောကိုသိ၍ . ထင်သည်။ ဆရာတော်လက်ရေးနှင့် ...

"အပုပ်ကောင် ရုပ်ဆောင် နေ့ချင်းပြီး သဂြိုဟ်ပါလေ"

ဆရာတော်က မှာခဲ့သည်ဆိုတော့ စကားများမနေဝံ့တော့။ ဆရာတော်မှာကြားရာ မီးသဂြိုဟ်မည့် ကျောင်းမြောက်ဘက်ရှိ မြေကွက်လပ်ရှင်းလင်းရန်၊ ထင်းစုရန် လူကြီးများ ဆွေးနွေးပြောဆိုရင်း ကျောင်းမြောက်ဘက်သို့အရောက်မှာ နှုတ်ဆိတ်ကုန်ကြလေပြီ။

မည်သည့်အချိန်က ပြင်ဆင်ထားသည်မသိ။ အနှိမ့်မရှာပအတွက် ထင်းချောင်းများ အထပ်ထပ်စီရင်ကာ ဆောင်ရွက်ထားသော မီးသဂြိုဟ်စင်ကြောင့် အားလုံး အစစအရာရာ အဆင်သင့်ဖြစ်လို့ နေပေပြီ။

ယခုမှ ဆရာတော်၏ ပေါက်မြောက်မှုကို တွက်ဆမိကြပြီ။ နှမြောတသနေကြတော့သည်။

ညနေစောင်း နေဝင်ချိန်မှာ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်လေတော့သည်။ တဖြည်းဖြည်းလောင်ကျွမ်းသော ရုပ်ကလာပ်အားကြည့်၍ ဦးဖင်းကဏ္ဍာ ကမ္မဋ္ဌာန်းအာရုံကိုသာ ပွားများ ဆင်ခြင်နေပါသည်။ အရိုးပြာကောက်ချိန်မှာတော့ နေဝင်စပြုပါပြီ။

ဦးဖင်းတို့ရွာလေးတွင် သာသနာ့နေလုံးကြီး ပျောက်ကွယ်သွားရှာပါရောလားဟု အသိဖြင့်ဆင်ခြင်လိုက်ရင်း အရိုးပြာကို သစ်စေးကိုင်၍ ရွှေအိုးသဏ္ဌာန်ပြုထားသော အလုံပိတ်အိုးမှာထည့်ကာ ရေအရှင်မှာမျှောရန် ဆောင်ရွက်ကြရပြန်သည်။

ညမှောင်စုပြုပြီမို့ မီးတုတ်လုပ်ကာ ထွန်းသူကထွန်း၊ အရိုးပြာအိုးရေမျှောရာလမ်းကို ပြပေးကြသည်။

ရေမှာမျှောလိုက်ရာ ရေဆန်ကိုတက်သွားသော အရိုးပြာအိုးကို ငေးမောကြည့်ရှုနေသော လူအုပ်အတွင်းမှ ဦးဖင်းကဏ္ဍာ ဖယ်ခွာကာ ဆရာတော်၏ ကျောင်းသခ်မ်းရှိရာသို့ ရောက်လာပြီး ဘုရားရှင်အား ဦးချကာ သိက္ခာချလူထွက်ရသဖြင့် ပါးပြင်မှာ မျက်ရည်များ တလိမ့်လိမ့် စီးကျလာရတော့သည်။ အသင့်ယူလာသော လူဝတ်စုံကို ဝတ်ဆင်လိုက်ပြီး ဆရာတော် မှာကြားခဲ့သည့်အတိုင်း ဤကျောင်းမှ တိတ်တဆိတ် ထွက်ခွာလေတော့သည်။

★★★

တရွေ့ရွေ့ ကျောင်းကြီးကိုကျောခိုင်းထွက်ခွာလာသော ဦးဖင်းကဏ္ဍာ တစ်ဖြစ်လဲ ကိုကဏ္ဍာတစ်ယောက် ရွာနှစ်ရွာစပ်ကြား ကုန်းမြင့်တစ်ခုမှ ကျောင်းသို့ လှမ်းမျှော်ကြည့်လေရာ

အရိုးပြာအိုး မျှောရာမှ ကြည့်ပြီးပြန်လာသော ရွာလူစုမှာ လောဘ၊ မောဟာစိတ်က ကြီးစိုးလာကာ ဆရာတော်၏ ကျောင်းသခ်မ်းသို့ ဝင်ကာ သိင်္ဂိုဝင်အဆောင်များ ကျန်ခဲ့လေသလား၊ ရှိနေမှာပဲဆိုသည့် အတွေးတွေနှင့် ဝင်ရောက်ရှာဖွေကြတော့သည်။ ကျောင်းရှိ သံဃာတော်တွေ တားဆီးတာပင်မရ။ အတင်းအဓမ္မရှာကြဖွေကြ ဆူညံပွက်လောရိုက်ကာ မည်သို့မည်ပုံ ဖြစ်သည်မသိ။ ကျောင်းကိုပါ မီးစွဲလောင်ကာ ရွာထဲသို့ မီးမကူးစက်ရန် အော်ကြ၊ ဟစ်ကြ၊ ဆူညံပွက်လောရိုက်ကာ မီးငြိမ်းသတ်ယူကြရလေသည်။

သည်တော့မှ ဆရာအရှင်၏ ရှေ့ရေးမျှော်၍ လူဝတ်လဲကာ ဤအရပ်ဒေသကို စွန့်ခွာခိုင်းပုံကို နားလည်ရတော့သည်။

★★★

ရန်ကုန်မြို့သို့ ရောက်ပါပြီ။

ကိုကဏ္ဍာတစ်ယောက် ထမင်းတစ်လုပ်စားရဖို့ စိတ်ပူပန်မှုမရှိချေ။

ရန်ကုန်မြို့ဆိုတာကို ခြေချမိတာနှင့် ရွှေတိဂုံစေတီတော်မြတ်သို့ ဦးစွာရောက်အောင် သွားရောက်ဖူးမြော်ပြီး ဆရာတော်မှာကြားခဲ့သည့် တနင်္ဂနွေထောင့်ရှိ ရှင်အဖွဲ့ဂေါဏတန်ဆောင်းကို ရှာဖွေပြီး အလုပ်စခန်းဝင်နေလိုက်ပါသည်။

မျက်လုံးမဖွင့်တမ်း အလုပ်လုပ်ပြီးချိန်မှာတော့ ကိုကဏ္ဍာရှေ့မှာ ခင်းထားသော ယောဂီတဘက်ပေါ်မှာ စာအိတ်နှင့် ငွေစက္ကူအချို့ အိတ်ပိတ်ကာ လှူဒါန်းသွားပုံရသည်။

လူဝတ်ကြောင်ဘဝကို ရောက်ပေမယ့် ရဟန်းဘဝ အကျင့်သီလ

www.burmeseclassic.com

အတိုင်း ဥပုသ်သီလဆောက်တည်ထားသူမို့ ထမင်းတစ်နပ်စာသာချန်ပြီး အလှူငွေကို ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းအလှူငွေအဖြစ် အလှူရှင်အတွက် ရည်စူး၍ လှူဒါန်းပေးကာ အမျှဝေ မေတ္တာပို့ပေးလိုက်တော့သည်။ ဆရာတော်၏ ပြောစကားများကို ပြန်ကြားနေမိပြန်သည်။

"ကိုယ့်ဘက်က သီလ၊ သမာဓိ၊ သိက္ခာ ခိုင်မြဲပါစေ။ အလုပ်မှန်ကန်စွာ လုပ်ဆောင်ပါ။ ဒါဆို ဘယ်အရပ်ဒေသရောက်ရောက် အလှူခံစရာမလိုဘူး။ သူ့အလိုလို ဆွမ်းကွမ်း ပြည့်စုံလာတော့တာပဲ"

နေ့စဉ် ဆရာတော်ပြောသကဲ့သို့ အလုပ်စခန်းကို ကြိုးစားကျင့်ကြံရပါလေတော့သည်။

သူ၏စိတ်မနောအာရုံမှာ ရန်ကုန်အရှေ့တောင်ဘက် ရပ်ကွက်တစ်ခုတွင် ရှေးဟောင်းစေတီတစ်ဆူကို အာရုံမနောမှာ ထင်ထင်ရှားရှား လမ်းညွှန်နေတော့သည်။

မည်သို့မည်ပုံ သွားရမည်ဆိုတာလည်းမသိ။ သက်သတ်လွတ်ဒံပေါက်ထမင်း လာလှူသော ဒကာတစ်ဦးအား မေးကြည့်ရသည်။

"အလှူရှင် ကျုပ်တစ်ခုမေးပါရစေ။ ကျုပ်က နယ်ကျေးတောရွာက လာရသူပါ။ ဒီရန်ကုန်မှာ (....) ဆိုတဲ့မြို့ ရှိပါသလား"

"ရှိပါတယ်ခင်ဗျ"

"ဒါဆို ဘယ်လိုသွားရင် ရောက်ပါသလဲ"

ကိုကဿပ၏ပုံစံကို လေ့လာအကဲခတ်နေသော အလှူဒကာကပင် –

"ကျွန်တော့်မှာ ကားပါလာတယ်ခင်ဗျ။ နောင်ကြီး သွားချင်ရာကို ပို့ပေးပါ့မယ်"

ကိုကဿပ ဝမ်းသာသွားရသည်။ ရေကန်အသင့် ကြာအသင့် မဟုတ်ပါလား။

"ရှာတော့ရှာရမယ်ဗျ။ ကွင်းကျယ်ကျယ်နှစ်ဖက်ရှိတယ်။ အလယ်လမ်းထောင့်မှာဗျာ စေတီအိုနဲ့ ဓမ္မာရုံလေးပဲရှိတယ်။ ဘုရားက ထီးမရှိဘူးဗျာ"

"လာပါဆရာသမားရယ်။ ကျွန်တော်က ဒီလိုအလုပ်မျိုး မတွေ့တွေ့အောင် ရှာပေးပါ့မယ်"

သည်လိုနှင့် ကိုကဿပ ဒံပေါက်အလှူရှင်ကားနှင့်သာ လိုက်လာရသည်။ ဒီလူကဘာ၊ သူက ဘာဆိုတာ တစ်ယောက်အကြောင်းတစ်ယောက် မသိကြသေး။ ထိုလူကပင် ကားမောင်းရင်း ...

"ကျွန်တော့်နာမည်က ကိုစံချိန်တဲ့ဆရာ။ မနေ့မနက်က အိပ်မက်ထဲမှာ ရွှေတိဂုံဘုရားသွားဖူးပြီး ဒီတန်ဆောင်းလာပြီး လူတစ်ယောက်ကို သက်သတ်လွတ်ဒံပေါက် လှူတယ်တဲ့။ ကျွန်တော် ပုတီးစိပ်တာ လေးငါးနှစ်ရှိပြီဆရာ။ ဒီလိုအိပ်မက် တစ်ခါမှ မမက်ဘူးလို့ ဟုတ်မဟုတ်ဆိုပြီး သက်သတ်လွတ်ဒံပေါက်ဝယ်ပြီး ဘုရားပေါ်တက်လာတာ။ ဆိုက်ဆိုက်မြိုက်မြိုက် အိပ်မက်ထဲကလူက ပုတီးစိပ်၊ တရားထိုင်နေတာမြင်တာနဲ့ ဝမ်းသာသွားရတယ်"

"အကြောင်းတရားက တိုက်ဆိုင်တော့ အကျိုးတရားဆိုတာ ရှိလာမှာပါ။ ကျုပ်က တောသားစစ်စစ်။ ကျုပ်နာမည်က ကိုကဿပတဲ့"

"ခင်ဗျာ"

"ကျုပ်ရဲ့ ဆရာဘုန်းကြီးက မင်းဘဝမှာ နာမည်တစ်ခုပဲရှိရမယ်။ မောင်ကဿပတဲ့ဗျား"

"ဟုတ်ပြီ။ ဆရာလို့ပဲခေါ် တော့မယ်။ ကျွန်တော့်ရဲ့လမ်းကြောင်းကို တည့်မတ်ပေးမှာ ဆရာပဲဖြစ်ရမယ်။ ရေဆုံးရေဖျားဆရာ့ကို ကူညီမယ်။ ရန်ကုန်မှာ ဆွေမျိုးရင်းချာတွေ့တယ်ပဲ မှတ်ယူလိုက်ပါတော့ ဆရာရယ်"

သည်လိုနှင့် နှစ်ဦးသား သွားလိုသော မြို့နယ်၊ ရပ်ကွက်များမှာ လှည့်ပတ်ရှာရင်း ...

"ဆရာ ... ကွင်းကျယ်ဆိုရင် ရပ်ကွက်၊ မြို့နယ် အားကစားကွင်းတွေရှိမယ်။ အဲ့သလိုဘက်တွေ ရှာကြည့်ရအောင်"

"ကိုစံချိန်သဘောပါပဲ"

သွားရင်းလာရင်း ဆာလောင်လာသဖြင့် ...

"ဆရာ .. နေ့လယ် လက်ဖက်ရည်သောက်နားပြီးမှ ဆက်ရှာကြမယ်"

"ကိုစံချိန်သောက်ပါ။ ကျုပ်က ဥပုသ်သီလနဲ့နေတော့ ဒါတွေ မလိုပါဘူးဗျာ"

"ဒီလိုဆိုလည်း အအေးသောက်ပါ"

"အင်းလေ ... ဒကာကလှူချင်မှတော့ ဆန္ဒပြည့်အောင် အအေးသောက်ပါ့မယ်"

အချိန်တိုအတွင်းမှာ ဆွေဟောင်းမျိုးဟောင်း ပြန်ဆုံရသလို ရင်းနှီးမှု

www.burmeseclassic.com

လာရသည်။ စိတ်ရှည်ရှည်နှင့် ဝိုင်းဝန်းရှာကြရာ . . .

"ဟော . . ဟိုစေတီပဲ ကိုစံချိန်"

"ဟုတ်ပြီလား ဆရာ"

"အသေအချာပါပဲ"

သည်လိုနှင့် လူနေရပ်ကွက်နှစ်ခုကြား၊ ကစားကွင်းကြီးနှစ်ခုကြား၊ လမ်းထောင့်မှာ တည်ရှိသော ရှေးဟောင်းဘုရား ဖြစ်ပုံရသော စေတီကို ရှာဖွေတွေ့ရှိရသည်။

ရပ်ကွက်မှာ နေထိုင်သောသူများက မည်သူမျှ ဘုရားပြုပြင်ဖို့ စိတ်မဝင်စားကြချေ။

ကိုစံချိန်မှ ဦးဆောင်ကာ သူ့သူငယ်ချင်း အုပ်ချုပ်ရေးမှူးကို ဖုန်းဆက်ခေါ်ပေးကာ ရပ်ကွက်လူကြီးများထံ တင်ပြခွင့်တောင်းကြရသည်။

ကိုကဏ္ဍ စကားအသွားအလာကို လေ့လာတီးခေါက်မိသော ဓမ္မာရုံလူကြီးနှင့် ရပ်ကွက်လူကြီးများက ကိုကဏ္ဍဟိတ်ကို သဘောကျကာ ဘုရားဝင်းအတွင်း အမိဋ္ဌာန်အတွက် နေထိုင်ခွင့်ပေးလေသည်။

ကိုစံချိန်ရော၊ ကိုကဏ္ဍပါ ဝမ်းသာသွားကြသည်။

"ဆရာ . . . နေစရာရရင် စားစရာမပူနဲ့။ ကျွန်တော့်တာဝန်ထားပါ။ ဆရာနဲ့အတူ သာသနာပြုခွင့် ပြုပါနော်"

"ဒါများဗျာ . . . ဘယ်အရာမှ အကျိုးအကြောင်း အထောက်အပံ့မရှိဘဲ မအောင်မြင်ပါဘူး။ တူရာတူရာတွဲဖို့ ဆုံကြရတာ မဟုတ်လား။ ဝိဇ္ဇာလမ်းစဉ်က တစ်ယောက်တည်းသွားကြတာမှ မဟုတ်ဘဲ။ ဆန္ဒရှိရင် လက်တွဲလို့ရပါတယ်ဗျ"

သို့နှင့် ကိုကဏ္ဍအနီးမှာ ပစ္စည်းဒါယကာသည် ကိုစံချိန်ဖြစ်လာတော့သည်။

★★★

**အခန်း(၂၃)**

ဘုရား ပရိဝုဏ်အနေအထားမှာ လူနေရပ်ကွက်နှင့် ကပ်နေပြီး ဘုရားဝတ္ထုကမြေပေါ်သို့ပင် ကပ်လျက်လူနေအိမ်က ကျူးကျော်ခြံခတ်၍ပင် ထားသေးသည်။

ကိုကဏ္ဍ လူတို့သဘာဝ အတ္တကြီးမားပုံကို ပြုံး၍ကြည့်နေမိလိုက်သည်။ သည်လိုတွေရှိနေခြင်းကြောင့် ဘုရားစေတီ၏ ဘုန်းရောင် ညှိုးမှိန်နေသလို ထိုရပ်ကွက်နေ လူတန်းစားမှာလည်း လက်လုပ်လက်စား ညှိုးနွမ်းကြသူများပုံရသည်။

ထိုအဖြစ်ကို ကောင်းကောင်းရိပ်စားမိသော ကိုကဏ္ဍက နှုတ်မှ ဖွင့်ဟမပြောကြားပေ။ မိမိ၏ အဓိကဘာလဲဆိုတာကိုသာ မျက်ခြည်မပြတ် ရှေးရှုလုပ်ဆောင် အားထုတ်လေတော့သည်။ အပြောထက် အလုပ်ကိုသာ သက်သေပြလိုက်တော့သည်။

ဆရာအရှင်၏ သွန်သင်လမ်းညွှန်ခဲ့သော ကျင့်စဉ်များကို လက်တွေ့အသုံးချခွင့် ပြုနေရပြီဖြစ်သည်။

သည်လိုနှင့် တစ်နေ့သောအခါဝယ် ဘုရားဝတ္ထုကမြေကို ကျူးကျော်ထားသော နေအိမ်မှ အိမ်ရှင်သည် မိုးချုပ်မှ ပြန်ရောက်လာပြီး အိမ်ပြင်ထွက်၍ အမဲသားဟင်း ချက်ပြုတ်တော့သည်။

ချက်ပြုတ်နေစဉ် လူမမြင်မတွေ့ရဘဲ အသံနက်နက်ကြီးဖြင့် . . .

"ငါ့ကို နည်းနည်းပေးစမ်း" ဟု ဆိုလာသည်။ ဟင်းချက်နေသူကလည်း မကြောက်တဲ့အပြင် ပြန်၍ပင် ပြောလိုက်ပြန်သည်။

"မပေးနိုင်ဘူး"ဟု ပြန်အော်ပြောပြီး ဟင်းအိုးကိုမကာ အိမ်ထဲယူပြေးလေရာ အရှိန်ပြင်းသော လက်ဝါးကြီးပေါ်လာပြီး ကျောပြင်ကို တအားကန်ရိုက်ချရာ ဟင်းအိုးလည်း လွင့်စဉ်ထွက်၊ ဟင်းအိုးပိုင်ရှင်လည်း သတိကို လစ်ပါလေရော။ မည်သို့မျှ ခေါ်မရ ပြုမရ၊ ငိုကြယိုကြ။ နောက်ဆုံး . . . ကိုကဏ္ဍရှိရာဘုရားဝင်းထဲသို့ သတင်းက ရောက်လာတော့သည်။

"ခဏတော့ လိုက်ကြည့်ပေးပါ ဆရာရယ်။ အပများမှိနေသလားလို့"

ကိုကဏ္ဍ နားလည်လိုက်ရပါသည်။ သတ္တဝါကယ်တင်ရန်အချိန် ကျရောက်လာပါပြီ။

"လိုက်ခဲ့မယ် သွားနှင့်ကြ"

လာခေါ်သူတို့ကို သွားနှင့်စေပြီး ဘုရားရှင်ရှေ့ ရှိခိုးဦးချ သောက်တော်ရေကပ်လှူ၊ ဆရာတော်၏ သက်နိုးစလေးကို ရေစိမ်ကာ ယူဆောင်သွားပြီးနောက် ရောက်တာနှင့် ယူလာသော ရေခွက်ထဲမှရေနှင့် မျက်နှာ၊ ဦးခေါင်းတို့ကို တောက်ပေးလေရာ သတိပြန်ရလေပြီ။ ရေမန်းကို ဝင်အောင်တိုက်မှ သက်သာရာရသွားခြင်း ဖြစ်သည်။

"ဒီနေရာ၊ ဒီနယ်မြေတွေက သာသနာ့မြေတွေဖြစ်တယ်။ ခင်ဗျားတို့ ထင်သလိုနေ၊ ထင်သလိုစား၊ လုပ်ချင်ရာလုပ်နေကြရင်း နောက်ထပ်ဖြစ်လာရင် ကျုပ် တာဝန်မယူဘူး။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ"



www.burmeseclassic.com

• ဟု ခပ်ပြတ်ပြတ်ပြောကာ ဘုရားဝင်းထဲသို့ ပြန်လာခဲ့တော့သည်။

သည့်နောက် တစ်ယောက်စကားတစ်ယောက်နား- ပေါက်ကြားကာ သတင်းပျံ့သွားပြီး လောကီအကြောင်းကိစ္စများကို ကိုကဏ္ဍာထံ လာရောက်အကူအဲညီတောင်းခံရင်း ဘုရားစေတီ၏ အလှူတော်ငွေများ တိုးပွားလာကာ ဘုရားစေတီ ပြန်လည်ပြုပြင်လာနိုင်သည်။

ထီးတော် တင်နိုင်သည်အထိ ဘုရား၏ဘုန်းတော်ပွင့်လာသလို ရောင်တော်များပါ ပွင့်လာရတော့သည်။ ညဦးယံ တရားရှုမှတ်စဉ်မှာ ဆရာတော်၏ အသံပေါ်လာပြီး ...

"ဒီလောက်မျှ သာသနာပြုရုံနှင့် မရသေးဘူးကွဲ့။ ဂန္ဓကုဋီတိုက်တို့ မတ်ရပ်ရပ်ပွားတော်၊ နဂါးဘုရားတို့ သူ့နေရာနှင့်သူ တည်ပေးလိုက်ဦး။ သူ့ဟာသူ လှူဒါန်းမယ့်သူပေါ်လာလိမ့်မယ်။ အလုပ်တာဝန် မလစ်ဟင်းစေနဲ့"

ကိုကဏ္ဍာ အလုပ်တာဝန် မပြီးပြတ်သေးတာ ဆရာတော် ရောက်ရာဘုံကနေ သိနေပေမည်။

"ကိုစံချိန် ... ကျုပ်ရဲ့အလုပ်စခန်းက မပြီးသေးဘူးဗျ"

"ဒါလည်း ကောင်းတာပဲ ဆရာရဲ့။ ဆရာ့ဆီမှာ အလုပ်လာလုပ်ကိုင်နေတဲ့တစ်လျှောက် ကျွန်တော်တို့မိသားစု အစစ အဆင်ပြေလာတာမို့ ကျင့်စဉ်လေးတွေ ချီးမြှင့်ပါဘုရား"

"အလုပ်ကို လိုချင်လို့ အလုပ်တောင်းခံလာသူကို ကျုပ်က အလုပ်ပေးဖို့ ဝန်မလေးပါဘူးဗျ"

ကိုစံချိန်ကလည်း လုပ်အားကောင်းခဲ့သူမို့ ဆရာကဏ္ဍာ၏ အလုပ်စခန်း လေးနက်မှုကို သဘောပေါက်ထား၍လည်းဖြစ်သလို အရွယ်ကောင်းယောကျ်ား ဖြစ်သော်လည်း သီလ၊ သမာဓိ ခိုင်မြဲတာကို ပိုမိုယုံကြည်ခြင်းဖြစ်လေသည်။

★★★

## အခန်း(၂၄)

တစ်စတစ်စနှင့် သာသနာပြုပုဂ္ဂိုလ်ဟု လူသိများလာသောအခါ တပည့်တပန်း ဝေယျာဝစ္စသမား ဝင်ထွက်မှုများလာသည်။

ဘုရားစေတီ ရှိသည်ဆိုတော့ ခုနစ်ရက်သားသမီး ဝင်ကြ၊ ထွက်ကြပေသည်။ မိန်းကလေးအချို့က သဒ္ဓါတရားလွန်ကဲစွာဖြင့် ချဉ်းကပ်လာကြလေသည်။

ဘုရား၊ တရားနှင့် ကင်းကွာပြီး ခုမှ ဘာသာရေးကို သိမြင်ကြသူများမို့ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း မသိနားမလည်ကြသလို သာသနာပြုနေသူကိုလည်း သာမန်လူကဲ့သို့ တစ်တန်းတည်းမြင်ကာ ပြုမူဆက်ဆံခြင်းဖြစ်သကဲ့သို့ ...

ကိုကဏ္ဍာအပေါ် အထက်ပုဂ္ဂိုလ်ပိုင်းဆိုင်ရာက သီလ၊ သမာဓိ စမ်းသပ်ရန် ယခုလိုနေရာမျိုးမှာ စေလွှတ်၍တာဝန်ပေးခြင်းဖြစ်ကြောင်း သဘောပေါက် လက်ခံထား၍လည်း အစစအရာရာ သတိနှင့် ဆင်ခြင်နေနိုင်ခြင်းဖြစ်လေသည်။

အချို့ကား အရိပ်အယောင်ဖြင့်လည်း ဆောင်ကြဉ်းကြသည်။

သည်ယုန်မြင်၍ သည်ချုံထွင်လာပြီဆိုလျှင် ကိုကဏ္ဍာ၏ ဘဝဆက်မှ ဆွေမျိုးဟောင်းများက အရိပ်အယောင်ပြ၍တစ်မျိုး၊ ထင်ထင်ရှားရှားပြ၍တစ်မျိုး လိုက်ပါစောင့်ရှောက်လို့နေသည်။

ကိုကဏ္ဍာကတော့ ကိုယ့်အလုပ်ကိုသာ စိတ်ဝင်စားပြီး မည်သည့်ဣတ္ထိယကိုမျှ အရွယ်ကြီးကြီးငယ်ငယ် အဖော်မပါလျှင် သူ့ဓာတ်ခန်းထဲ အဝင်မခံပေ။

ရဟန်းသံဃာဘဝဖြင့် ကျင်လည်ခဲ့ရသူမို့ ဦးခေါင်းမှာခေါင်းတုံးနှင့်သာ နေလေသည်။

သည်လိုလောကမှာ ဘုရားရှင်တောင် မာန်နတ်အဖျက်ကို ကြုံဆုံရ. တာ။ သူလို လူလောက်ကတော့ အနှောင့်အယှက်ကြုံရတာ အထူးအဆန်းမဟုတ်ပေ။ အပျက်ကို အပျက်အဖြစ် ရှုတတ်မြင်တတ်ဖို့ဉာဏ်၊ ခွဲခြားတတ်သည့်ဉာဏ်ပဲ လိုအပ်ပေသည်။

သီလ၊ သမာဓိကိုတော့ အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပေသည်။

နေ့စဉ် ဘုရားဝင်းထဲသို့ အလုပ်မရှိအလုပ်ရှာ ဝေယျာဝစ္စ ပိုင်းဝန်းလုပ်ဆောင်သလိုလိုနှင့် ရေလာမြောင်းပေးအမူအကျင့်တို့နှင့် ကိုကဏ္ဍာအပေါ် တပ်မက်စိတ်ဖြင့် သိမ်းသွင်းရန် ကြိုးပမ်းသူများအပေါ် ကိုကဏ္ဍာ မသိကျိုးကျွန်ပြုထားပါသည်။

မိမိက ဥပေက္ခာပြုထားသော်လည်း ဆိုင်ရာက မနေပါ။

တစ်နေ့သောညဘက် အိပ်စက်ချိန်မှာ ကိုကဏ္ဍာအပေါ် စိတ်ဝင်စားသော မိန်းမငယ်ခမျာ ကြောက်လန့်တကြား ငယ်သံပါအောင် အော်ဟစ်လေတော့သည်။

www.burmeseclassic.com

"အား ... အား"

အိမ်သားများ ထလာပြီး ကြည့်လိုက်စဉ် ကြမ်းပြင်ပေါ်မှာ နာကျင်စွာ လူးလိမ့်ကာ အော်နေတော့သည်။

"ဟဲ့ ... ဟဲ့ ခင်ဝေ ... ခင်ဝေ ပြောစမ်း ဘာဖြစ်တာလဲ"

သည်တော့မှ ကြိတ်ကြောင်တောင်ကြည့်ကာ ငိုချပါလိုက်ရင်း ...

"ရောမမြွေကြီး နှစ်ကောင်က ကျွန်မကို သူတို့အမြီးတွေနဲ့ ရင်ဘတ်နဲ့ ကျောပြင်ကို တအားလွှဲရိုက်တာခံရလို့ သေတော့မယ် အား ... နာတယ်"

နောက်ဆုံး ခင်ဝေ၏အမေဖြစ်သူက ရင်ဘတ်နှင့် ကျောကုန်းကိုကြည့်ရာ သွေးစို့ဒဏ်ရာများက တကယ်ပင် ထင်ရှားနေသည်။

"ဟဲ့ ... နင် တစ်ခုခုအမှားလုပ်ခဲ့မိပြီထင်တယ်"

"နာတယ် ... နာတယ် လုပ်ကြပါဦး"

ဆေးထည့်လည်းမရ၊ ဆေးခန်းပြေးလည်းမရ။ တလူးလူးတလိမ့်လိမ့် အော်နေမြဲပင်။ နောက်ဆုံး နားလည်သူများက ပြောဆိုသဖြင့် ခင်ဝေ့ကို ခေါ်ဆောင်ကာ မိဘများပါ လိုက်ပါလာပြီး တောင်းပန်ကြရတော့သည်။

"ကဲပါလေ၊ ကာယကံမဟုတ်တောင် ဝစီကံ၊ မနောကံဆိုတာ အပြစ်ပဲလေ။ ဒါပေမယ့် ဆရာခွင့်လွှတ်ပါတယ်။ နောင်ကို ဒီလိုမဖြစ်အောင်ပဲ ကြိုးစားနေထိုင်ပါ။

ကျုပ်တို့ သာသနာပြု ဆောင်ရွက်နေသူများက သီလနဲ့ သမာဓိ၊ သိက္ခာကို အသက်နဲ့အမျှ စောင့်ထိန်းကြရတာလေ။ ယခုလို အိမ်ထောင်သားမွေးကိစ္စကို ကျုပ်တို့ နှမ်းစေ့တစ်စေ့လောက်တောင် စိတ်ကူးခွင့်မရှိဘူး။ ငါ့နှမက စိတ်ကူးရုံနဲ့ ဒီလောက်ခံစားခဲ့ရတာ။ ကျုပ်ကိုယ်တိုင် လက်ခံကြည့်၊ အားလုံး အသက်ပါပေးကြရမှာ မယုံမရှိပါနဲ့"

"ယုံပါပြီဆရာရယ်။ နောင်မပြစ်မှားတော့ပါဘူး။ အခု ဒဏ်ရာတွေ ပျောက်ကင်းအောင်သာ ကုပေးပါ .. အီး ... ဟီး"

"တကယ်စိတ်ရင်းမှန်ရင် ပျောက်ရပါစေမယ်ဗျာ။ ကျုပ်က ဝေနေယျသတ္တဝါများအတွက် ကိုယ်နိုင်တဲ့ဘက်က ကူညီစောင့်ရှောက်ဖို့ သာသနာ့ခွဲတမ်းအရ လာရတာပါ။

အရေပြား တစ်ထောက်ပေါ်က အာရုံပေါ်မှာ ယစ်မူးနေရင် ရှေ့သာသနာ့အနာဂတ်ခရီး ဘယ်လုပ်ဆောင်နိုင်ပါ့မလဲ။ ဒီတော့ အားလုံး စေတနာသန့်သန့်နဲ့ ကူညီကြရင် လုံလောက်ပါပြီဗျာ"

"ကိုင်း ... ဘုရားရှေ့မှာ ငါးပါးသီလယူပြီး တောင်းပန်ဝန်ချလိုက်။ ဒါဆို ငါ့နှမဒဏ်ရာ နေ့မြင်ညပျောက် ဒိဋ္ဌသိလိမ့်မယ်"

ထိုအချိန်ကစ၍ ဆရာကိုကဿပအပေါ် တော်ရုံစိတ်နှင့် ဆိုးဆိုးကောင်းကောင်း မဝေဖန်ရဲကြတော့။ မပြောဆိုရဲကြတော့ပေ။

★★★

## အခန်း(၂၅)

ညဥ့်ဦးယံ တိတ်ဆိတ်ငြိမ်သက်ချိန်သည် ဘုရားရင်ပြင် တနလာ်ထောင့်ပေါ်တွင် ကိုကဿပ ညလုံးပေါက် အလုပ်စခန်းဝင်ရလေသည်။

ဘုရားရင်ပြင်ပေါ်သို့ မြွေကြီးများ ကိုကဿပဘေးမှာ အတူလာရောက်အားထုတ်ကြလေသည်။

"ဆွေတော်မျိုးတော်တို့ သိမ်အတင့်မရဲကြနဲ့။ ဒါကမြို့။ တောရွာများလိုမဟုတ်ဘူး။ လောဘ၊ ဒေါသ၊ မောဟကြီးတဲ့နေရာ။ ဒါကြောင့် လူသူလေးပါးကင်းမှ ဘုရားဖူးလာကြနော်"

ကိုကဿပပြောသမျှကို နားလည်ကြပုံရသလိုပင်။

ရက်မှလ ကြာလာသောအခါ တစ်ဦးမဟုတ်တစ်ဦးက မြင်တွေ့သွားပြီး ဒီရပ်ကွက်ထဲကဘုရား တန်ခိုးကြီးတယ်ဆိုပြီး ဘုရားသို့ ဘုရားဖူးများ စည်ကားလာတော့သည်။

အလှူငွေများ တောင့်တင်းလာသဖြင့် စေတီကြီးတစ်ဆူအပြင် ဘုရားပရိဝုဏ်အတွင်းမှာပင် ဗျာဒိတ်ပေးဘုရားတည်ခြင်းလုပ်ငန်း၊ တန်ဆောင်းပြာသာဒ်များနှင့် တင့်တယ်သပ္ပာယ်လာလေသည်။

ဆရာတော်. မနောအာရုံပေးသကဲ့သို့ သာသနာကိစ္စများ တစ်စတစ်စ တိုးတက်လာရာ နဂါးဘုရားတည်ရန် စတင်ချိန်မှာတော့ ညဥ့်ဦးယံ တရားအလုပ် ခေတ္တဖြတ်၍ ကိုကဿပ တစ်ဦးတည်း စင်္ကြံလျှောက်နေစဉ် အချိန်အခါမဟုတ် ဘုရားဖူးလာသော အဘိုးကြီးတစ်ဦးနှင့် အဘွားကြီးတစ်ဦး ဘုရားလာဖူးနေကြသည်ကို တွေ့ရသည်။ ပြုံးရွှင်သော မျက်နှာဖြင့် ကိုကဿပအနီး လျှောက်လာကြသည်။

ရင်ထဲမှာ ရင်းနှီးကျွမ်းဝင်နေသလိုပင်။

"အဘတို့ ဘယ်အရပ်ကလာလို့ ဒီအချိန်မှာ ဘုရားလာဖူးကြ



www.burmeseclassic.com

www.burmeseclassic.com

ဆဲခင်ဗျ"

"အဘတို့လာတာ ခရီးဝေးလှတယ်။ ရောက်ရောက်ချင်း ဒီဘုရားတန်ခိုးကြီးတယ်ကြားလို့ လာဖူးတာပါကွယ်"

အဘိုးကြီးရဲ့အသံက နူးညံ့သိမ်မွေ့လှသည်။

"ဟုတ်တယ်သားရဲ့။ ဒီဘုရားမှာ နဂါးရုံဘုရားတစ်ဆူ တည်မယ်ကြားတယ်။ အဲဒါအတွက် ငွေလှူချင်တာလေ"

"လှူတာ လှူလို့ရပါတယ်။ အဘတို့ ဘယ်အရပ်ကလာတာလဲ ပြောပြပါ"

"လှူတာတန်းတာ ဘယ်အရပ်ကလာလှူလှူ ဒါနဖြစ်ဖို့ အဓိကမဟုတ်လား"

အဘိုးအိုက ပြောနေပြန်တော့ ကိုကဏ္ဍာ အားနာစိတ်နှင့် ဆက်မမေးဘဲ ...

"ဒါဆို အဘအမည်နဲ့ အဘွားအမည်လေးပဲပြော။ အလှူရှင်ကမ္ပည်းထိုးရအောင်ပါ"

"တယ်ခက်တဲ့ သူငယ်ပဲ။ ဒါနဖြစ်မြောက်ဖို့က အဓိကမဟုတ်လား။ ကမ္ပည်းဆိုတာ ဂုဏ်လိုချင်သူအတွက်ပါကွာ။ ရှာသားဘုရား အများကောင်းမှုလို့ပဲ စိတ်ထားပါတယ်"

"သာဓု ... သာဓု ... သာဓုပါ အဘရယ်"

"ရော့ ... သုံ့ငယ်လေး"

အဘွားကြီးက ကတ္တီပါစအထုပ်ထဲမှ ငွေစက္ကူအထပ်လိုက် ဆယ်စီးကို ပုံပေးလိုက်တော့သည်။

အလှူဒါနပြုသူတို့ ပြန်သွားချိန်က အရုဏ်တက်ချိန် ဖြစ်နေသည်။

အလှူငွေ လက်ခံပြီးနောက် အလုပ်စခန်း တစ်နာရီကြာ ထပ်ဝင်လိုက်လေရာ မနောအာရုံထဲမှာ ထင်မြင်လာသော အဘိုးအိုလင်မယားမှာ ပြီးသည့်ဘဝဆက်မှ မိဘနှစ်ပါး ဖြစ်နေရှာသည်။

မပြုစုလိုက်ရလေခြင်းဟု နောင်တရနေမိသည်။ ကိုကဏ္ဍာ ဆုံးဖြတ်ထားပါသည်။ နဂါးဘုရားဒကာအဖြစ် ဘဝအဆက်ဆက်မှ ပဋ္ဌာန်းဆက်များကို ဘုရားဒကာအဖြစ် ကမ္ပည်းထိုးပေးပါမည်။

ဆရာတော်သည် ကိုကဏ္ဍာကို အမြဲလိုက်ပါစောင့်ရှောက်မှန်း သိသာပါသည်။ အခက်အခဲကြုံတော့မည်ဆိုလျှင် ကြိုတင်အသိပေးလေသည်။

"ငါ့တပည့် ... နဂါးဘုရားထီးတင်ဖို့ ကျုပ်စွန့်ခဲ့သည့် သက်နီးတော်ကို စလွယ်သိုင်းချိပြီး တင်လေကွာ။ လူစုလူဝေး မလိုပါဘူးကွဲ့။ ရှိတဲ့လူနဲ့ တင်ပါကွာ။ အလုပ်ဖြစ်ဖို့ အဓိကပါ"

"ဘုရားတည် သာသနာပြုလိုက်တာ သုံးနှစ်သုံးမိုး ကြာပါပေါ့။ အဘတို့၊ အဖေ၊ အမေတို့ မျှော်နေလောက်ပြီ။ ဒီနဂါးဘုရား ထီးတင်ရင်တော့ ရွာကို အကြောင်းကြားမှပဲ"

ကိုကဏ္ဍာအနီးမှာ ဝေယျာဝစ္စပြုသော ကိုစံချိန်သည် တစ်စုံတစ်ခုကို မေးချင်နေပုံရသည်။

"ဟေ့ကောင်စံချိန် ... မင်း ငါ့ကို တကြည့်ကြည့်နဲ့ ဘာပြောချင်တာလဲ"

"ဒီလိုပါဆရာ။ ဆရာ ဘယ်ကလာသလဲလို့ပေါ့။ ဆရာ့ကို အပြင်ပန်းသဏ္ဌာန်ကြည့်ရင် သာမန်လူသားပါပဲ။ ဒါပေမယ့် ဆရာ့သဏ္ဌာန်၊ ဆရာ့ဟန်ပန်က ဝိဇ္ဇာဓာတ်သက်မျက်လုံးရှိမှသာ ကြည့်နိုင်မြင်နိုင်တဲ့ လူစားမျိုးလို့၊ ပြီး ... ဆရာက မိဘအကြောင်း၊ ဆွေမျိုးအကြောင်း တစ်ခါမျှ မဟာခဲ့တော့ ဆရာဘယ်ကလာလဲလို့ပေါ့"

"ဟား ... ဟား ... မင်း ငါ့အကြောင်း သိပ်သိချင်နေတာဆိုတော့ အကွက်ကောင်းဆိုက်ပြီပေါ့"

ကိုကဏ္ဍာက ဝမ်းသာအားရဆိုတော့ ကိုစံချိန်က အားတက်သရောပင် -

"မကြာခင် နဂါးရုံဘုရား တည်မယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"မင်းကို တာဝန်တစ်ခုပေးလိုက်မယ်။ မြေပုံဆွဲပေးလိုက်မယ်။ ငါ့ရဲ့အဘိုးနဲ့ အဖေ၊ အမေကို သွားခေါ်လာပေးနိုင်မလား"

"ဟာ ... စိတ်ချပါဆရာ။ အရိုးကြေကြေ၊ အရေခန်းခန်း တာဝန်ထမ်းပါ့မယ်ဆရာ"

ကိုစံချိန်ပြောသမျှ နားထောင်နေရင်းက ဆရာတော်ရှိစဉ်က ဆရာတပည့်နာကြားမှုကို ပြန်မြင်ယောင်နေမိပြန်သည်။

"အေး .. အဲဒီ့မသွားခင် လက်လွတ်စပယ် ထသွားလို့မရဘူးကွ။ ငါတို့နယ်က ကြမ်းတယ်။ ကိုယ့်ဘက်က လုံခြုံအောင် ကာနိုင်မှ ဒါကြောင့် မင်း ဥပုသ်နဲ့ ကိုးရက်အဓိဋ္ဌာန်ဝင်ပေတော့"

"အမိန့်အတိုင်း နာခံလျက်ပါဆရာ"

"သာဓု သာဓု သာဓုပါဗျာ"

★★★



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

ရုတ်တရက် ရောက်လာသော လူစိမ်းညွှန့်သည့်ကြောင့် ဦးဘစိန်ရော၊ ဦးဖိုးတူ၊ ဒေါ်သင်းမြတို့ အံ့အားသင့်နေလေသည်။

ကျောင်းမီးလောင်၍ပဲ ပါသွားသလား။ တစ်နေရာရာ ရောက်သွားသလားဟုပင် အမျိုးမျိုးတွေးတောရင်း သတင်းနားစွင့်နေတာ သုံးနှစ်သုံးမိုးပင် ရှိပါပေါ့။

"ကျွန်တော်က ဆရာ့ကို ရွှေတိဂုံမှာ အိပ်မက်အရတွေ့ပြီးချိန်က စပြီး အတူလက်တွဲလာတဲ့ တပည့်စံချိန်ပါခင်ဗျ။ ခုလည်း ဆရာက ဒီကအဘိုးနဲ့ မိဘများကို ခေါ်ပေးပါဆိုလို့ပါ။ စာနဲ့ ဟောဒီပစ္စည်း ပြလိုက်ပါဆိုတယ်"

ကိုစံချိန်ကမ်းပေးသော ပစ္စည်းကို ကြည့်လိုက်တာနှင့် မြေးမောင်ကဏ္ဍဆရာတော်၏အမွေကို ဆက်ခံ၍ သာသနာပြုနေဆဲဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

"နောက်ပြီး အုန်းငှက်ပျောနဲ့ ပွဲပြင်ပြီး ဆရာတော်ကျောင်း အရင်နေရာမှာ လှူပေးပါတဲ့။ ပြီးရင် အဘဦးဘစိန်ကိုယ်တိုင် နတ်မြွေများကျက်စားရာမှာ ပွဲပေးပြီး ဟောဒီဖိတ်စာကို ခုနစ်ခေါက် ဖိတ်ကြားပေးပါတဲ့"

ထိုစကားကိုကြားရသဖြင့် ဦးဘစိန် ဝမ်းသာသွားရသည်။

ဆရာတော်သည် ရှေ့အနာဂတ်ကိုမျှော်၍ အသက်ဘေးအန္တရာယ်ကြားမှ သာသနာပြုပုဂ္ဂိုလ်ကို ကာကွယ်စောင့်ရှောက်ရကျိုး နပ်ပါပြီ။

ပေးလိုက်သော ဖိတ်စာအချို့ကို ဒေါ်သင်းမြက ရွာထဲမှာ လိုက်ဖိတ်လိုက်သည်။ ထိုသတင်းက ချက်ချင်း ပျံ့သွားရပြန်သည်။

"ဟဲ့ .. မြွေလူသားက ရန်ကုန်မှာ ဘုရားတည် သာသနာပြုနေတာတဲ့"

"လူဝတ်ကြောင်နဲ့ သာသနာပြုနေတာတဲ့"

"ထီးတင်ပွဲနဲ့အတူ ရဟန်းဘဝခံယူရန် ဖိတ်တာဆိုပဲ"

"လိုက်မယ်ဟေ့"

"ရအောင်လိုက်မယ်"

တစ်ရွာလုံး သူလိုက်မယ်၊ ငါလိုက်မယ်ဆိုတော့ လော်ရီကားတစ်စီးစာမျှ ကားကိုစုပေါင်းငှားကာ ရန်ကုန်မြို့ရှိ (...)မြို့နယ်မှ နဂါးရုံဘုရားထီးတင်ပွဲသို့ လိုက်လာကြပါတော့သည်။

နဂါးရုံဘုရား ထီးတင်ပွဲကို ရပ်ကွက်ထဲမှာ မဖိတ်ကြားသော်လည်း ဟိုလူဒီလူက တစ်ဆင့်စကားဖြင့် လာရောက်ကြသဖြင့် ခမ်းနားသွားရသည်။

ထမင်းပေါင်းအိုးကြီးများဖြင့် ဆန်ကို တင်းနဲ့ခြင်တွယ်၍ ချက်နေရသည်။ သက်သတ်လွတ် ဟင်းရန့်က လည်း မွှေးပျံ့နေသည်။

မကြာမီ ထီးတင်ဖို့ စတော့မည်။ ထိုအချိန်မှာ ...

"ဆင်းရဲခြင်း လွတ်ကင်းအောင် .... တို့နဂါးနီ"

သီချင်းကို လော်စပီကာဖွင့်၍ ထိုးဆိုက်လာသောသူများ ကားပေါ်မှ ဆင်းချလာချေပြီ။

'ကျွန်းတော'ရွာသားတွေ ပါလား။ အဘိုးဦးဘစိန်ကို စံချိန်က တွဲခေါ်လာသည်။ သားဖြစ်သူကို ဝမ်းသာအားရ မျက်ရည်ဝဲ့ကာ အမေဖြေနှင့် အမေကဲ နှုတ်ဆက်နေသည်။

ချက်နေပြုတ်နေသောသူများ ခုမှ သဘောပေါက်တော့သည်။

ဒါကြောင့် ဆရာကိုကဏ္ဍက ထမင်းအများကြီး ချက်ခိုင်းတာကိုးဟု၊ ဘယ်ကလာလှူမှန်းမသိသော နွားနို့ကို အိုးကြီးနှင့်ကျိုပြီး ဘုရားမှာ ကပ်လှူစေသည်။

ဆရာကိုကဏ္ဍက သိနေသည်။ ရွာကလူတွေတင်မက သူ့ရဲ့ ဘဝဆက်တွေပါလိုက်ပါလာတာကို သိနေ၍ ကြိုတင်စီစဉ်ထားခြင်း ဖြစ်သည်။ သူတို့အားလုံး ကျွတ်တမ်းဝင်၍ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဌာနများမှာ ထိုက်ရာတန်ရာ ခံစားနိုင်ကြပေမည်။

လာသမျှညွှန့်သည့်တိုင်းကို မမောမပန်း ညွှန်ထောက်ခံ စကားပြောနေသော ကိုစံချိန်၏ လက်သုံးစကားမှာ

"ကျုပ်တို့ဆရာ ကိုကဏ္ဍက အနေအစား ပုံမှန်ပဲဗျ။ သူ့ကိုကြည့်ရင် လူသာမန်။ ဒါပေမယ့်သူ့သဏ္ဍာန် သူ့ဟန်ပန်ကို ဝိဇ္ဇာမျက်လုံးနဲ့ ကြည့်တတ်မှ ခွဲခြားမြင်နိုင်မည့် 'ဂမ္ဘီရရွက်ပုန်းသီး'လူစားမျိုးဗျ"

ဟူသည့် စကားပင် ဖြစ်တော့သည်။

ယခုတော့လည်း ဦးဖင်း 'ကဏ္ဍပုည'အဖြစ် သာသနာပြု ရပ်တည်နေတော့သည်။

---


**မြနှင်းချမ်း**

---



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တောကြီးတစ္ဆေ (၅)

တာတေကြီး

(ယ ခင် လ မှ အ ဆက်)

**သရဲကြောက်တဲ့ ကိုရင်ကြီး**

ကျွန်ုပ်သည် တဲအတွင်း၌ နှစ်ခြိုက်စွာ အိပ်စက်အနားယူခဲ့သည်။ ထို့နောက် ယန်စီက ကျွန်ုပ်အား ကျိုက်ထီးရိုးတောင်ပေါ် မတက်မီ တင်မွန်းစခန်း အနောက်ဘက် တောစပ်တစ်နေရာအထိ လိုက်လံပို့ဆောင်ပေးပြီး. . .

"ကဲ. . . သူဌေးလေးရေ. . . ကျွန်တော့်တာဝန်တော့ ပြီးဆုံးသွားပါပြီ၊ သူဌေးလေးနဲ့ ဆရာကြီး ကောင်းသော ဆုံစည်းမှုနဲ့ ဆုံကြပါစေ"

ဟု ဆိုကာ ထွက်သွားလေတော့၏။ ကျွန်ုပ်မှာ ကျိုက်ထီးရိုးတောင်ပေါ်သို့တက်ရန် တောင်ပေါ်မှ ဆင်းလာသော လမ်းပြအချို့အား မေးမြန်းရ၏။ ထိုအချိန်က ပြည်တွင်းမငြိမ်သက်မှုကြောင့် သောင်းကျန်းသူအချို့ ရှိနေသေးသောကြောင့် ဖြစ်၏။ ကျွန်ုပ်မှာ လိုအပ်သော ပစ္စည်းများထည့်၍ တောင်ပေါ်သို့ တက်ရန် ခြေလှမ်းပြင်ဆင်နေချိန်၌-

"ဟေ့. . . ဟေ့. . . ဒကာကြီး ကျုပ်ပါ ဒကာကြီးနဲ့ တောင်ပေါ် လိုက်ပါရစေကွာ"

ဟု ပြောလျှင် ကျွန်ုပ်မှာ အသံရှင်ကို ကြည့်မိရာ ကိုရင်ကြီးတစ်ပါး ဖြစ်နေလေ၏။

"ဒကာကြီး စိတ်ထဲမှာ ကျုပ်ကို ကိုရင်ကြီးမှန်း ကြိုသိနေတယ် ထင်ပါရဲ့"

ကျွန်ုပ်စိတ်ကို သိနေသော ကိုရင်ကြီး၏အစွမ်းကို ကျွန်ုပ်မှာ မချီးကျူးဘဲ မနေနိုင်တော့။ ကျွန်ုပ်က. . .

"လိုက်တာတော့ ဟုတ်ပါပြီ၊ ရန်သူနဲ့ ကျုပ်တွေ့ရင် ကိုရင်ကြီးကို ကျုပ်ညှာပြီး ရှုံးနိမ့်မှာတော့ စိုးတယ်"

ဟု ပြောလျှင် ကိုရင်ကြီးက. .

"ဟင်း. . . ဟင်း. . . ဒါတော့ မစိုးရိမ်နဲ့ ဒကာ၊ ကျုပ်က လောကကြီးမှာ ဘာဆိုဘာမှ မကြောက်တတ်ဘူး၊ အဲ. . . ခြွင်းချက်တစ်ခုတော့ ရှိတယ်၊ ကျုပ် သရဲတော့ ကြောက်တတ်တယ်"

ဟု ပြောလျှင် ကျွန်ုပ်မှာ ရယ်မောလိုက်ပြီး. . .

"ကိုရင်ကြီးရယ် . . ဒါကတော့ ရယ်စရာ အတော်ပြောသကိုး၊ ကိုရင်ကြီး ခြေလှမ်းထားတဲ့ သက်နန်းကိုတော့ အားနာပါဦး"

ဟု ဆိုသောအခါ ကိုရင်ကြီးက

"သက်နန်းနဲ့ မကြောက်ရဘူးလို့ ဘယ်သူ ပညတ်ထားလို့လဲ"

ဟု ဆိုလိုက်လေ၏။ ကျွန်ုပ်က-



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ. . . ကိုရင်ကြီးနဲ့ ကျုပ် စကားများနေရင် ဒီနေ့တောင်ပေါ် ရောက်တော့မှာ မဟုတ်ဘူး၊ လိုက်ခဲ့ပါ. . . လိုက်ခဲ့ပါ"

ဟု ပြောလျှင် ကိုရင်ကြီးက-

"လိုက်ပါမယ် . . လိုက်ပါမယ်"

ဟု ဆိုလေ၏။

ကျွန်ုပ်နှင့် ကိုရင်ကြီးမှာ တောင်ပေါ်သို့ စကားတပြောပြောဖြင့် တက်လာကြ၏။ ကျားဆွဲတောင်ဟုခေါ်သော နတ်နန်းနေရာသို့ ရောက်သောအခါ ခေတ္တခဏ အမောဖြေကြ၏။ ကိုရင်ကြီးက ၎င်း၌ ပါလာသော ဖက်ဖြင့် ထုပ်ထားသည့် ကောက်ညှင်းထုပ်ကို ဖြေ၍ စားနေ၏။ ပြီးလျှင် ပါလာသော ရေဘူးကို မော့သောက်ပြီး ကျေနပ်သွားဟန်တူ၏။ ကျွန်ုပ်က. . .

"ကိုရင်ကြီး မွန်းလွဲနေပြီလေ၊ ဘာလို့ နေ့လွဲ ညစာ စားရတာလဲ"

ဟု ပြောလျှင် ကိုရင်ကြီးက. .

"ကိုရင်ဆိုတာ ဘာစားစားရတယ်"

ဟု ဆို၏။ ကျွန်ုပ်လည်း ဝမ်းဗိုက်မှ ဆာလောင်နေ၍ ထုပ်ပိုးလာသော ဆတ်သားခြောက်နှင့် ကော်ဖီကို သောက်လေ၏။ ကော်ဖီမှာ ယန်စီက ကျွန်ုပ်အတွက် သီးခြားဖျော်ပေးထား၍ ဆိမ့်နေပြီး သောက်ရသည်မှာ အရသာရှိလှ၏။

"ဒကာကြီးရေ. . စားပြီးသောက်ပြီးရင်လည်း သွားကြရအောင်၊ ညမှောင့်ရင် ကျုပ်က ကြောက်ပါဘိနဲ့၊ တောထဲတောင်ထဲက သရဲ ပိုပေါတယ်"

ဟု ပြောသောအခါ ကျွန်ုပ်လည်း စားလက်စများကို ရပ်ဆိုင်းပြီး တောင်ပေါ်သို့ ဆက်တက်လာခဲ့လေ၏။

ကျိုက်ထီးရိုးတောင်မှာ လျှို မြောင်စိမ့်စမ်း အလွန်ပေါသလို သဘာဝအလှအပ ရှုခင်းများမှာလည်း ပန်းချီရေးဖွဲ့မကုန်နိုင်အောင် ပင်ရှိ၏။ ကျွန်ုပ်မှာ မူဆိုးတို့၏ ခြေလှမ်းအတိုင်း မှန်မှန်နှင့် သက်လုံကောင်းစေရန် ပိုလည်းမြန်မြန်မလျှောက်သလို နှေးကွေး၍လည်း မလျှောက်သောကြောင့် ညမှောင်လျှင် ကြောက်တတ်သော ကိုရင်ကြီး၏ နှုန်းမှာ မြန်သထက် မြန်နေလေ၏။ ကိုရင်ကြီးက. . .

"ဒကာရယ်. . မြန်မြန်လျှောက်စမ်းပါ၊ လူငယ်ဖြစ်ပြီး ခြေထောက်တွေက ဒီလောက်တောင် နှေးရလား"

ဟု ဆိုလေ၏။ ကျွန်ုပ်က. . .

"ကိုရင်ကြီးရယ်. . . ကျုပ်လျှောက်တာက ပုံသေပါပဲ၊ ကိုရင်ကြီးသာ ကြောက်ဇောနဲ့ ပေါက်တောဖြစ်နေတာပါ"

ဟု ဆိုသောအခါ ကိုရင်ကြီး မျက်နှာ ရှုံ့မဲ့သွားလေ၏။ နာရီဝက်နီးပါးခန့် လျှောက်ပြီးသောအခါ ကိုရင်ကြီးမှာ ရုတ်တရက် ထိုင်ချလိုက်ပြီး. . .

"ဒကာရေ. . . ကျုပ်တော့ ဒကာပြောသလို ကြောက်ဇောနဲ့ လျှောက်တာ၊ ခုတော့ ကြွက်တက်ပြီ ထင်ပါရဲ့"

ဟု ပြောပြီး ခြေသလုံးသားအား နှိပ်နယ်လေ၏။ မည်မျှ နာကျင်နေသည်မသိ။ ကိုရင်ကြီးမှာ မျက်နှာတွင် ချွေးစီးများ တတောက်တောက်ကျပြီး. . .

"အား . . နာလှချည်ရဲ့"

ဟု ဆိုကာ ပါးစပ်မှလည်း အော်ဟစ်နေလေ၏။ ကျွန်ုပ်မှာ ကိုရင်ကြီးအတွက် ဆေးဝါးလည်း မပါ၍ နောက်ဆုံး ကျွန်ုပ် တတ်မြောက်ထားသော သဘာဝနည်းကို စဉ်းစားမိပြီး ကိုရင်ကြီးကို ခဏထိုင်ခိုင်းပြီး တောထဲဝင်ကာ ကြောင်လျှာ၊ ကြောင်မီးတူ၊ ကြောင်ပန်းအမြစ် သုံးပါးကို ရှာလာခဲ့၏။ ထို့နောက် ရေဖြင့် ကျောက်တုံးကြီးပေါ်တင်ကာ သုံးမျိုးစလုံးဆတူသွေးကာ ကိုရင်ကြီး၏ ကြွက်တက်သောနေရာကို နှိပ်နယ်သုတ်သိမ်းပေးလေ၏။ (၁၅)မိနစ်ခန့် ကြာသောအခါ ကိုရင်ကြီး၏ ရှုံ့မဲ့နေသော မျက်နှာမှာ ပုံမှန်သွားပြီး. . .

"သိပ်ကျေးဇူးတင်တာပဲ ဒကာရယ်. . ကျုပ်ဖြင့် ကျုပ်ရဲ့ခြေထောက် ဖြတ်လိုက်ရပြီတောင် ထင်တာ"

ဟု ဆိုလေ၏။

*မှတ်ချက် - ရုတ်တရက် ကြွက်တက်ပါက အရေးပေါ် ကုသမည်ဆိုလျှင် ကြောင်လျှာ၊ ကြောင်မီးတူ၊ ကြောင်ပန်းအမြစ် သုံးပါးကို သွေး၍ သုတ်လိမ်းနှိပ်နယ်ပေးနိုင်*



www.burmeseclassic.com

www.burmeseclassic.com

"သ. . သ. . ရဲ. . ဗိုက်. . ဗိုက်ပေါက်. . ကြီး"

ဟု ဆိုကာ စကားများပင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေလေ၏။ ကျွန်ုပ်က. . .

"ရော့. . ရော့. . ကိုရင်ကြီး ဒါကို သောက်လိုက်"

ဟု ဆိုကာ ရန်ကုန်ဘူတာကြီးမှ ဝယ်လာခဲ့သော နွယ်ချိုလျက်ဆားကို ကျွေးရလေ၏။ ခဏကြာမှ ကိုရင်ကြီးက တဲအတွင်းသို့ ဝေ့ဝိုက်ကြည့်လိုက်ပြီး. . .

"ဟို မသာကြီးကော"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"ကိုရင်ကြီးရယ်. . အဘိုးကြီးက ကျုပ်တို့ကို အားနာလို့ အပြင်ထုတ်သွားတာ နေမှာပေါ့"

ဟု ဆိုလေ၏။ ကိုရင်ကြီးက မျက်စိပျက် မျက်နှာပျက်သွားပြီး. .

"အဲဒီအဘိုးကြီးက လူမဟုတ်ဘူး၊ သရဲ. . သရဲ ဒကာကြီးရဲ့၊ ပြောရင်းနဲ့ ကြက်သီးတောင် ထလာပြီ"

ဟု ဆိုကာ တစ်ကိုယ်လုံး တုန်သွားလေ၏။ ကျွန်ုပ်က. . .

"နေစမ်းပါဦး . . ကိုရင်ကြီးရဲ့၊ လူကနေ ဘယ်လိုလုပ်ပြီး သရဲဖြစ်သွားတာလဲ"

ဟု မေးလျှင် ကိုရင်ကြီးက. .

"ဒီလိုရှိတယ် ဒကာကြီးရဲ့၊ ကျုပ်လည်း ကြောက်ကြောက်နဲ့ အိပ်မပျော်ရတဲ့အထဲမှာ အပေါ့အပါးကလည်း သွားချင်တော့ အိမ်သာသွားတဲ့နားမှာ အဘိုးကြီး ဆေးလိပ် ထိုင်ဖွာနေတာ တွေ့တယ်။ အဲဒါနဲ့ ကျုပ်လည်း အဘိုးကြီးကို ဘာထိုင်လုပ်နေတာလဲ မေးတော့ သူက ဘာမှ မဖြေဘူး။ ပြီးမှ ကျုပ်ဘက်ကို လှည့်ပြီး နေ့ခင်းက တောလိုက်ရင်း တောပက်ခံရတဲ့ သူ့ဇနီးအကြောင်းပြောတယ်"

ဟု ပြောရင်း ကိုရင်ကြီးမှာ ဘေးဘီကို လှည့်ကြည့်လိုက်၏။ ပြီးမှ. . .

"ဒကာကြီးကို ပြောရင်း ကျုပ်မျက်စိထဲ ကွက်ခနဲ မြင်နေလို့ ကြက်သီးတောင် ထမိပါရဲ့"

ဟု ထပ်ပြောပြန်လေ၏။ ကျွန်ုပ်က. . .

"ကဲပါ. . ကိုရင်ကြီး အဖြစ်ကလည်း ဇာတ်ရှိန်မြင့်လာမှ ဆန့်တငင်ငင် ဖြစ်ရတယ်၊ ပြောမှာသာ ပြောစမ်းပါ"

ဟု ဆိုသောအခါ ကိုရင်ကြီးက

"ကျုပ်ကလည်း ကျုပ်ပါပဲ ဒကာရာ၊ လျှာရှည်ပြီး အဘိုးကြီးကို ဘာသွားမေးမိလည်းဆို တောဝက်ကြီးပက်တုန်းက ဒကာမ တော်တော် ထိသွားလားဆိုတော့ အဲဒီအဘိုးကြီးက ထိရုံတင်ဘယ်ကမလဲ၊ ဟောဒီလို အူပါပွင့်သွားတယ်ဆိုပြီး သူ့ဝမ်းဗိုက်ကြီးကို ဖွင့်ပြလိုက်တာ၊ အားပါးပါး ကျုပ်ဖြင့် ဘာပြောရမှန်း မသိအောင် ငုတ်တုတ်မေ့သွားတယ်"

ဟု ဆိုလေ၏။ ကိုရင်ကြီးမှာ ပြောပြောဆိုဆို ကျွန်ုပ်နားသို့ ကပ်လာပြီး. . .

"ဒကာရယ်. . ကျုပ်တို့ ဒီညပဲ တောင်ပေါ်တက်ကြရအောင်"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"ကိုရင်ကြီးရယ်. . ဒီလောက်လည်း ကြောက်မနေပါနဲ့၊ မိုးလည်း လင်းခါနီးပြီပဲ၊ ကျုပ်. . ကိုရင်ကြီး ယုံမယ်ဆိုရင် ဒုက္ခရောက်တိုင်း ဆောင်လို့ရမယ့် အဆောင်လေး ပေးချင်တယ်"

ဟု ပြောလျှင် ကိုရင်ကြီးက. .

"မြန်မြန်ပေးပါ ဒကာရယ်၊ မိုးမလင်းမချင်း ကျုပ် ကြောက်လွန်းလို့"

ဟု ဆိုလေ၏။

"ဒီလို ကိုရင်ကြီးရဲ့၊ ကောသမ္ဗီနဲ့ ဗာရာဏသီပြည် နှစ်ပြည်က မိဘတွေ စည်းစိမ်ချမ်းသာကို အံ့မခန်းခံစား၊ စံစားရတဲ့ 'အရှင်ဗာကုလမထေရ်မြတ်' ဆိုတာ ကိုရင်ကြီး ကြားဖူးမှာပေါ့။ အားလုံးက 'အနာမဲ့သူ ရှင်ဗာကူ' လို့တောင် ခေါ်ကြတယ်။ လူ့ဘဝ အနှစ်(၈၀)၊ ရဟန်းဘဝ အနှစ်(၈၀)(ဝါတော် ၈၀၊ သက်တော် ၁၆၀)အတွင်းမှာ တစ်ကြိမ်တစ်ခါမှ ဖျားနာ ဆူးခြစ်ရာတောင် အနာတရ မဖြစ်ဖူးဘူးလေ။ အရှင်ဗာကုလ ဂါထာတော်ကို ကိုရင်ကြီးကို ဆိုပြမယ်၊ ရွတ်ပြီး ကျက်ပေတော့"

ဟု ဆိုကာ ကျွန်ုပ်မှာ အောက်ဖော်ပြပါ ဂါထာအား ရွတ်ဆိုလေတော့၏။

မှတ်ချက်-စာဖတ်ပရိသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

*များ သိရှိစေရန် မြန်မာလို အနက် အဓိပ္ပာယ်ပါ ဖော်ပြလိုက်ပါသည်။*

*(စာရေးသူ)*

**အရှင်ဗာကုလဂါထာတော်**

အပ္ပဗာဓော မဟာထေရော၊
အပ္ပဗာဓာန မုတ္တမော။
ဗာကုလော အရဟာဇာတော၊
သဒါသောတ္ထိ၊ ကရောတုမေ။

အပ္ပာဗာဓော မဟာထေရော- အရှင်ဗာကုလမထေရ်မြတ်ကား အနာရောဂါကင်းရှင်းတော်မူပါပေ၏။

အပ္ပာဗာဓာန မုတ္တမော- အနာရောဂါ ကင်းရှင်းသူများတွင် အသာဆုံး အမြတ်ဆုံးလည်း ဖြစ်တော်မူပါပေ၏။

ဗာကုလော အရဟာဇာတော- အရှင်ဗာကုလကား အာသဝေါ ကုန်ခန်း၍ ရဟန္တာလည်း ဖြစ်တော်မူပေ၏။

သဒါသောတ္ထိ ကရောတုမေ- ထိုအရှင်ဗာကုလ ရဟန္တာမထေရ်မြတ်သည် တပည့်တော်ကား အခါခပ်သိမ်း ချမ်းသာခြင်းကို ပြုတော်မူပါ အရှင်ဘုရား။

*မှတ်ချက် - အရှင်ဗာကုလမထေရ်မြတ်သည် မြတ်စွာဘုရားရှင်လက်ထက်၌ သက်တော်အရှည်ဆုံး မထေရ်မြတ်ကြီး ဖြစ်ပါသည်။ ဂေါတမဗုဒ္ဓဘုရားရှင်လက်ထက်၌ အရှင်ဗာကုလကဲ့သို့ သက်တော်ရှည် ရဟန်းသံဃာတော်များ၊ အရိယာများ အရှင်ဗာကုလ အပါအဝင် (၈)ပါး ရှိသည်ဟု သိရှိမှတ်သားရပါသည်။*

*(စာရေးသူ)*

ကိုရင်ကြီးမှာ ကြောက်ကြောက်နှင့်ပင် ကျွန်ုပ်သင်ပေးသော အရှင်ဗာကုလ ဂါထာတော်ကို ရွတ်ဆိုရာ အလွတ်နီးပါး ရရှိသွားလေ၏။ ကိုရင်ကြီးက. . .

"ကျေးဇူးပဲ ဒကာရာ၊ ခုမှပဲ ကြောက်စိတ်ပြေသွားတော့တယ်။ ကျောင်းထိုင်ဘုန်းကြီးက ကျုပ်ကို ဘုရားစာ ကျက်ရမှာ ပျင်းတတ်လို့ဆို ခုချိန်ထိ ပဋ္ဌင်းတက်မပေးသေးတာ"

ဟု ပြောလေ၏။

ကျွန်ုပ်နှင့် ကိုရင်ကြီးမှာ နံနက်ဝေလီဝေလင်း ထွက်သောအခါ လမ်း၌ မုဆိုးတစ်ဦးကို တွေ့ရလေ၏။ မုဆိုးလက်ထဲ၌ ပါလာသော တောကြက်နှစ်ကောင်ကို ကျွန်ုပ်က ရောင်းရန်ပြောပြီး ဝယ်လိုက်လေ၏။ မုဆိုးက သဘောကောင်းသူတစ်ဦး ဖြစ်ပြီး တောကြက်ကို ကျွန်ုပ်နှင့် ကိုရင်ကြီးအတွက် မီးကင်ပေးလေ၏။ မီးကင်နေရင်း မုဆိုးက. . .

"ငါ့လူတို့က ကျိုက်ထီးရိုးတောင်ပေါ် တက်တာတော့ ဟုတ်ပါပြီ ညက ဘယ်မှာ အိပ်စက်ခဲ့ကြရလဲ"

ဟု ဆိုသောအခါ ကျွန်ုပ်က ခပ်ရေးရေးသာ မြင်နိုင်သော ညက တည်းခိုခဲ့သည့် ဝါးတဲလေးကို လက်ညှိုးထိုးပြလေ၏။ မုဆိုးက. . .

"ဟင်း. . ဟင်း. . အိပ်ဇရေးတော်တော်ပျက်မယ်တူတယ်"

ဟု မုဆိုးက ပြောလျှင် ကိုရင်ကြီးက. . .

"နေစမ်းပါဦး. . . ကျုပ်တို့ အိပ်ရေးပျက်တယ်ဆိုတာ မုဆိုးကြီးက ဘယ်လိုလုပ် သိတာလဲ"

ဟု မေးလိုက်လျှင် မုဆိုးကြီးက

"ဒီလင်မယားတွေအကြောင်းက စာတင်လောက်ပါတယ်ဗျာ၊ အဲဒီဝါးတောထဲက အဘိုးကြီးဇနီးက ထင်းကောက်ဖို့ တောထဲဝင်ရင်း တောဝက်ပက်ခံရလို့ သေတဲ့အခါ အဘိုးကြီးက အဘွားကြီးကို ချစ်တဲ့ဇောနဲ့ တောဝက်ကို လက်စားချေဖို့ လိုက်ရှာတာ။ နောက်ဆုံး သူလည်း အူပွင့်ပြီး တောဝက်ပက်ခံခဲ့ရသလို တောဝက်လည်း သေသွားခဲ့တယ်။ ကျုပ်လည်း အဲဒီတောဝက်ကိုရောင်းပြီး အနီးဆုံး တောင်ပေါ်က လူတွေဆီ ပိုက်ဆံကောက်ပြီး ဒီနေ့ပဲ ဘုန်းကြီးဆွမ်းသွတ်ပေးမလို့လေ"

ဟု ဆိုသောအခါ ကိုရင်ကြီးက

"ကောင်းတာပေါ့ မုဆိုးကြီးရာ၊ နို့မို့ဆို ဝဋ်မကျွတ်ဘဲ ကျုပ်တို့လို ကြောက်တတ်တဲ့သူတွေသာ အဲဒီတဲမှာ ထပ်တည်းမိရင် နောက်ထပ်မသာပေါ် ကုန်ဦးမှာ"

ဟု ဆိုသောအခါ ကျွန်ုပ်မှာ ပြုံးမိလိုက်၏။

ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးမှာ တောင်ပေါ်သို့ တက်လာခဲ့ကြ၏။ ကိုရင်ကြီးက ရွှေနန်းကျင် နတ်နန်း



www.burmeseclassic.com

www.burmeseclassic.com

နားသို့ ရောက်သောအခါ. . .

"ဒကာကြီးရေ. . ကျုပ်နဲ့ ဒကာကြီး ဒီနားမှာပဲ လမ်းခွဲကြတာပေါ့၊ ကျုပ်က မုဆိုးတောင်ဘက်က ဘုန်းကြီးကျောင်းမှာ တစ်ဝါဆိုအောင် နေရဦးမယ်၊ ဒကာကြီးပေးတဲ့ ဂါထာကိုလည်း ကြုံရင် ကျုပ်ဆီလာတဲ့သူတွေဆီ ဓမ္မဒါန ပြုပေးပါ့မယ်"

ဟု ဆိုကာ ထွက်ခွာသွားလေ၏။

ကျွန်ုပ်မှာ ကိုရင်ကြီးနှင့် လမ်းခွဲပြီး ရင်ပြင်တော်ပေါ်သို့ တက်လာခဲ့လေ၏။ ကျိုက်ထီးရိုး ဆံတော်ရှင်မြတ်ကြီးအား ရောက်ရောက်ချင်းပင် ဦးသုံးကြိမ်ချကာ ကန်တော့ပြီး ကျွန်ုပ်ရင်ထဲ၌ ဗုဒ္ဓါနုဿတိ ပွားများနေမိ၏။

"ကျန်းမာပါစေ၊ ချမ်းသာပါစေ ဆုတောင်းမေတ္တာပို့တာထက်စာရင် အားလုံးကမ္ဘာသူ ကမ္ဘာသားအားလုံး ဒုက္ခခပ်သိမ်း ငြိမ်းကြပါစေ ဆိုတဲ့ အမျှဝေပေးတာ ပိုသဘာဝကျတယ် မောင်မြရွှေ"

ဟူသော အသံကြောင့် ကျွန်ုပ်မော့ကြည့်လိုက်ရာ ဦးကျော်စွာ၏ တည်ကြည်ခန့်ညားသော ရုပ်အသွင်ကို မြင်လိုက်ရလေတော့သတည်း။

●●●

**စာရွှေဝင်ပူးတဲ့ည**

ကျွန်ုပ်နှင့် ဦးကျော်စွာမှာ တွေ့တွေ့ချင်းပင် တစ်ဦးကိုတစ်ဦး သားအဖနှစ်ဦးတွေ့သကဲ့သို့ ပွေ့ဖက်လိုက်ကြ၏။ ဦးကျော်စွာက. . .

"မောင်မြရွှေ. . မင်း တော်တော်ခရီးပန်းခဲ့ပြီထင်ပါရဲ့"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"မာစတာနဲ့ တွေ့လိုက်ရတာကပဲ ကျုပ်အတွက် ဒုက္ခတွေ ပြေပျောက်နေပါပြီ"

ဟု ပြောလိုက်၏။

လပြည့်နေ့ဖြစ်၍ ဘုရားပေါ်ဝယ် လူနည်းနည်းများလာ၏။ ဦးကျော်စွာက ကျိုက်ထီးရိုးဆံတော်ရှင်၏ နောက်ဘက်ရှိ လူသွားလမ်းလေးဘက်သို့ ကျွန်ုပ်အားခေါ်ကာ ဆင်းလာခဲ့လေ၏။ ချောက်ကြီးဖြစ်၍ ဘေးဘီသို့ သတိထားကာ ကျွန်ုပ်တို့နှစ်ဦး လျှောက်နေရ၏။ ဘုန်းကြီးကျောင်း တစ်ကျောင်းကို ဖြတ်ကျော်ပြီး စေတီလေးတစ်ဆူနှင့် ဂူကို တွေ့ရလေ၏။ ထိုဂူလေး၏ အနောက်ဘက်စူးစူးသို့ နာရီဝက်ခန့် လျှောက်ပြီးသောအခါ ကျောက်ဂူကြီးတစ်ခုကို တွေ့ရလေ၏။ ဘေးနားဝယ် စမ်းချောင်းလေး တစ်ခု စီးဆင်းနေလေ၏။ ကြည်လင်အေးမြပြီး ကျောက်စရစ်ခဲများပါ မြင်နေရသော ရေဖြစ်ကာ ထိုနေရာ တစ်ဝိုက်ဝယ် သူတော်ကောင်းများ အားထုတ်သည့်နေရာ ဖြစ်မည်ဟု ကျွန်ုပ် ခန့်မှန်းမိလေ၏။

"မောင်မြရွှေ. . ဂူထဲ ဝင်ခဲ့လေ"

ဦးကျော်စွာ အသံကြားရမှ ကျွန်ုပ် ဂူထဲဝင်ခဲ့လေ၏။ ဂူ၏ အတွင်းဝယ် ရေနံဆီမီးအိမ် မှိန်ပျပျကို ထွန်းညှိထားပြီး လွန်စွာမှ ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းသော မြဘုရားတစ်ဆူကို တွေ့ရလေ၏။ ဘုရားပုံကို ထုဆစ်ထားသည်မှာ မင်းမြောက်တန်ဆာ ပြည့်စုံစွာဖြင့် ထုဆစ်ထားပြီး ရင်ညွန့်တည့်တည့်ဝယ် ပတ္တမြားကြီးတစ်လုံး မြှုပ်နှံထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ စိတ်ထဲ၌ ကြည်ညိုစိတ်များ တဖွားဖွား ပေါ်လာပြီး ဦးသုံးကြိမ်ချမိ၏။ ဦးကျော်စွာက. . .

"မောင်မြရွှေ. . ဘုရားရှိခိုးတယ်ဆိုတာ လူတိုင်းရှိခိုးကြတာပဲ၊ ဒါပေမဲ့ ကိုယ်စိတ်နှစ်ပါးစလုံးနဲ့ မှန်မှန်ကန်ကန် ရှိခိုးတတ်သူ နည်းတယ်လေ"

ဟု ဆိုလေ၏။ ကျွန်ုပ်က. . .

"မာစတာဘက်က ရှင်းပြနိုင်လျှင် ရှင်းပြပေးပါလား"

ဟု ပြောသောအခါ ဦးကျော်စွာက. . .

"ဒီလို မောင်မြရွှေ. . မင်းတို့ ငါတို့ဟာ ကြည်ညိုစိတ်နဲ့ ဦးသုံးကြိမ်တော့ ချလိုက်တာပဲ၊ ဒါပေမဲ့ အဲဒီလို ဘုရား၊ တရား၊ သံဃာကို ရည်စူးပြီး ချလိုက်တဲ့ စိတ်နဲ့ ခန္ဓာဟာ သန့်ရှင်းနေရင် ပိုကောင်းတယ်။ ဥပမာ- မင်းစိတ်တွေဟာ လက်အုပ်ချီတဲ့ အချိန်မှာ ပေါ့ပါးလန်းဆန်းပြီး စိတ်ရော ခန္ဓာပါ တက်ကြွနေရမယ်။ ဘယ်လိုသောက အပူဒုက္ခတွေ ရောက်ရောက် အဲဒီအချိန်မှာ စိတ်ရောခန္ဓာပါ ပြောင်းလဲနေရတယ်"

ဟု ဆိုကာ ကျွန်ုပ်အား ကျယ်



www.burmeseclassic.com

www.burmeseclassic.com

မြန်စွာ ရှင်းပြလေ၏။ ပြီးမှ. . .

"မောင်မြရွှေ . . ဒီဂူထဲမှာရှိတဲ့ မြဘုရားကို မင်းစောင့်ရှောက်ရမယ်။ ပြီးတော့ ဒီဂူမှာ မင်း စိတ်တန်ခိုးတွေ ဖျင့်ရမယ်။ ပြီးပြည့်စုံရင် လောကကြီးထဲမှာ မင်းလမ်းလျှောက်ခွင့်ရသိမ့်မယ်။ အဲဒီအခါ ကျရင် မင်းဟာ လမ်းလျှောက်တတ်ခါစ ကလေးတစ်ယောက်လို တဘိုင်းဘိုင်း ချော်မလဲတော့ဘဲ ကိုယ့်ကိုယ်ကိုယ် ယုံယုံကြည်ကြည် လျှောက်တတ်တဲ့သူဖြစ်နေပြီဆိုတာပါပဲ"

ကျွန်ုပ်မှာ လူထူးလူဆန်းကြီး ဦးကျော်စွာ၏ စိတ်ကို အံ့ဩနေမိ၏။ မြန်မာပြည် လွတ်လပ်ရေးအတွက် သူ့ရင်ထဲမှာ သခင်စိတ်ဓာတ်ရှိ၏။ မကောင်းမှုအတွက် ကောင်းမှုဆိုသော တရားဓမ္မတွေ ရှိနေ၏။ လောကကြီးအတွက် ထက်မြက်အစွမ်းရှိသော တပည့်များစွာ ရှိနေတတ်၏။

"မောင်မြရွှေ . . ဒီနေရာဟာ သာမန်လူတော့ ဘယ်နည်းနဲ့မှ ရောက်နိုင်ဘူး။ ဒါပေမဲ့ မင်းနဲ့အတူ ထပ်ကြပ်မကွာ လိုက်လာတဲ့ လူကိုးယောက်ရှိတယ်။ သူတို့ဟာ ဒီနေရာကို တွေ့ချင်တွေ့မယ်။ မတွေ့ချင်မတွေ့ဘူး။ ဒါပေမဲ့ မင်း သူတို့ကို သွားတွေ့ရမယ်။ အဲဒီလိုတွေ့တဲ့ အချိန်မှာ မင်းဟာ သာမန်လူတစ်ယောက် မဟုတ်တော့ဘူး။ တစ္ဆေတစ်ကောင်အနေနဲ့ တွေ့ရမှာ"

ဟု ပြောလျှင် ကျွန်ုပ်မှာ အံ့အားသင့်သွားရင်း ဦးကျော်စွာအား. . .

"တစ္ဆေတစ်ကောင်၊ ဟုတ်လားမာစတာ"

ဟု ဆိုသောအခါ ၎င်းက. . .

"ဒီလိုရှိတယ် မောင်မြရွှေရ လူတွေဟာ သေမယ့်အချိန်ကို ကြိုသိတယ်ဆိုတာမှန်ဟယ်။ The Illustrated Weekly of India. မဂ္ဂဇင်းကြီးမှာ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီး ၁၀ ဦးဟာ မိမိသေမယ့်နေ့ကို ကြိုတင်နိမိတ်ဖတ်ခဲ့ဖူးတယ်။ ဒါက သိပ်တော့ အဆန်းမဟုတ်ပါဘူး။ ခန္ဓာကိုယ်အပေါ် စွဲလန်းတပ်မက်တဲ့သူတွေဆို အချိန်တန်ရင် အဲဒီခန္ဓာကိုယ်ကို စွန့်လွှတ်ရမယ်ဆိုတာ တစ်နည်းမဟုတ်တစ်နည်း နိမိတ်ပြတတ်တယ်။ ဥပမာ - ငါဆိုရင် ရက်ပိုင်းအတွင်း သေတော့မှာပဲ။ သေမယ့်နေ့ဟာ ငါ့မွေးနေ့၊ မွေးရက်ထက် ကြီးတယ်။ ငါက တနင်္လာသား၊ မွေးတာက (၁၃)ရက်ဆိုတော့ (၁၄)၊ (၁၅)၊ (၁၆) အစရှိသည်ဖြင့် တိုးလာတဲ့ ရက်တစ်ရက်ရက်ဟာ ငါရဲ့ သေမယ့်ရက်ပဲ"

ဟု ဆိုသောအခါ ကျွန်ုပ်မှာ ဦးကျော်စွာ၏ ပညာကို မအံ့ဩဘဲ မနေနိုင်အောင် အံ့ဩမိလေ၏။

ညပိုင်းသို့ ရောက်သောအခါ ဦးကျော်စွာက ထိန်လင်းနေသော စမ်းချောင်လေးနံဘေးသို့ ခေါ်သွားကာ ကျွန်ုပ်၏ ခန္ဓာကိုယ်အား သွေးများလောင်း၍ ရေချိုးစေလေ၏။ တိရစ္ဆာန်များ၏ သွေးများဖြစ်၍ ကြည်လင်အေးမြသော ရေပြင်မှ သွေးရောင်လွှမ်းသွားလေ၏။ ကျွန်ုပ်၏ အဂတ်ဗလာမဲ့ ခန္ဓာကိုယ်အား လရောင်ရှိရာသို့ မျက်နှာမူကာ လရောင်လှုံစေပြီး ဦးကျော်စွာက ကျွန်ုပ်ကျောပြင်သို့ စုတ်ထိုးပေးလေ၏။ ချွန်မြသော စုတ်မှာ ကျွန်ုပ်ကျောပြင်ပေါ်ရှိ အသားများအား သွေးချင်းချင်းနီအောင် ထွက်စေ၏။ ကျွန်ုပ်မှာ အံကိုကြိတ်ထားသော်လည်း နာကျင်မှုဒဏ် အပြင်ခန္ဓာကိုယ်တစ်ခုလုံး ရေချွေးအိုး ပွက်ပွက်ဆူသကဲ့သို့ သွေးများ ပွက်ပွက်ဆူစေ၏။ တစ်နာရီခန့် စုတ်ထိုးပြီးသောအခါ အလုံးစုံ ပြီးမြောက်သွား၍ ရပ်တန့်သွားသကဲ့သို့ ကျွန်ုပ်၏ နာကျင်မှုများလည်း ပျောက်သွားလေ၏။

ကျွန်ုပ်မှာ ခေတ္တခဏ နားနေပြီးသောအခါ မတ်တတ်ရပ်လိုက်၏။ ဦးကျော်စွာက. . .

"မောင်မြရွှေ . . ခုချိန်ကစပြီး မင်းဟာ သာမန်ထက် အစစအရာရာ သိနေ၊ မြင်နေ၊ ကြားနေတဲ့ အာရုံတွေ နိုးကြားနေတဲ့အပြင် ဘာမဆို ရင်ဆိုင်နိုင်သူ ဖြစ်နေပါလိမ့်မယ်"

ဟု ဆိုကာ ဂူထဲသို့ ဝင်သွားလေ၏။ ကျွန်ုပ်မှာ ယခင်ကထက် ပေါ့ပါးလန်းဆန်းနေ၏။ စိတ်ထဲမှာလည်း တိုက်ခိုက်ချင်စိတ်များ တဖွားဖွား ပေါ်နေ၏။ ဦးကျော်စွာ ဂူထဲသို့ ဘုရားဝတ်ပြုရန် ဝင်သွားပြီး မကြာခင် ညည်းတွားသံကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ စိုးရိမ်စိတ်ဖြင့် ဂူထဲသို့ ပြေးဝင်သောအခါ မြဘုရားရှေ့ဝယ် ခွေလဲကျ၍ အသက်ပျောက်နေသည်ကို တွေ့ရလေ၏။

"မာစတာ . . မာစတာ"

ကျွန်ုပ်၏ အော်သံကိုလည်း ဦးကျော်စွာ မကြားနိုင်တော့ပေ။ သူပြောသလို သူ့သေနေ့ကို ကြိုတင်နိမိတ် သိထားကာ ဘုရားအာရုံပြုခြင်းမျိုးဖြင့် သေဆုံးသွားခြင်းဖြစ်၏။ တစ်နည်းအားဖြင့် ကောင်းသောသေဆုံးခြင်းလည်း ဖြစ်လေ၏။ ကျွန်ုပ်မှာ ဦးကျော်စွာ၏ ရုပ်အလောင်းကို ချက်ချင်းပင် စမ်းချောင်းလေးဘေး၌ ကျင်းတူးကာ မြှုပ်နှံရလေ၏။ ၎င်းခန္ဓာကိုယ်အား ပုပ်သိုးမှု မရှိစေရန် သနပ်ခါးကိုင်းများဖြင့် စင်ထိုးကာ အခေါင်းပုံစံ ပြုလုပ်ပြီး မြေမြှုပ်ရလေ၏။ မြေမြှုပ်ပြီး သိပ်မကြာခင်မှာပင် လူတစ်ဦး ကျွန်ုပ်နောက်နားသို့ ရောက်ရှိနေသည်ကို သတိပြုမိလေ၏။

"အားလုံး ပြီးဆုံးသွားတဲ့အခါ အစကနေ ပြန်စရမှာမို့ ဒီကျောက်ဂူထဲက မြဘုရားကို ကျုပ်ကို ယူခွင့်ပြုပါ"

ဟူသော လေသံသေးသေးဖြင့် ပြောလာသူ၏ ပုံစံမှာ အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်း၊ ယောက်ျားပီသသော ပုံစံဖြစ်ပြီး နဖူးအလယ်တည့်တည့်၌ မှဲ့နက်တစ်လုံး ရှိလေ၏။ ကျွန်ုပ်က. . .

"နေစမ်းပါဦး ကိုယ့်လူ. . အစက ပြန်စမယ်ဆိုပေမဲ့ အဆုံးမသတ်ရသေးခင် ဒီမြဘုရားကို ကျုပ် ယူခွင့် မပြုနိုင်ဘူး"

ဟု ဆိုလျှင် ၎င်းက ခြောက်ကပ်စွာ အော်ရယ်လိုက်၏။ ပြီးမှ ၎င်းက. . .

"ဒါဆိုရင်လည်း ရအောင်ယူတဲ့နည်းနဲ့ ရအောင်ကြိုးစားရမှာပေါ့"

ဟူ၍ လူစိမ်းက ဆိုလိုက်လေတော့သတည်း။

●●●

## ဦးကျော်စွာ ကွယ်လွန်ခြင်း

ကျွန်ုပ်မှာ လူစိမ်းအား စိုက်ကြည့်နေစဉ်မှာပင် ၎င်းက ကျွန်ုပ်အား နဂါးရိုးစွပ်ထားသည့် ဓားဖြင့် ဝမ်းဗိုက်အား စိုက်ချလိုက်လေ၏။ ကျွန်ုပ်က မုဆိုးအတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်ထားသူပီပီ ဓားလာသည့်လက်အား ပုတ်ချလိုက်လေ၏။ ကျွန်ုပ်၏ ရိုက်ပုတ်လိုက်သည့်ဒဏ်ကြောင့် ဓားမှာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေ၏။

"ဘယ်ဆိုးလို့တုန်း၊ ကိုယ့်လူက တစ္ဆေဝင်စားနေတဲ့လူကိုး"

ဟု ဆိုကာ ကျွန်ုပ်အား ခပ်စိမ်းစိမ်းကြီး ကြည့်နေလေတော့၏။ ပြီးမှ ၎င်းဓားကို ပြန်ကောက်ကာ လှည့်ထွက်သွားလေ၏။ မိနစ်ပိုင်းအတွင်းမှာပင် မျက်စိရှေ့မှ လျင်မြန်စွာ ပျောက်ကွယ်သွား၏။ ကျွန်ုပ်မှာ ဂူထဲသို့ဝင်ကာ ဘုရားဝတ်ပြုပြီး ဦးကျော်စွာ သင်ပေးထားသော စိတ်လွှင့်၊ စိတ်ပြောနည်းဖြင့် ဦးကျော်စွာအား အာရုံခံကြည့်ရာ ဦးကျော်စွာ မျက်နှာပေါ်လာလေ၏။ ၎င်းရောက်ရှိနေသော နေရာမှာ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေသော ဘုရားစေတီ အဟောင်းတစ်ခု ဖြစ်၏။ ဦးကျော်စွာ တစ်ကိုယ်လုံး ပုံမှန်အဝတ်အစားမျိုး မဟုတ်တော့ဘဲ တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားသည်ကို တွေ့ရလေ၏။ ဦးကျော်စွာက. . .

"မောင်မြရွှေ. . မင်းဟာ ပွဲဦးထွက် သိုက်ဆရာ (၉)ယောက်ထဲကနန္ဒဆိုသူကို နိုင်လိုက်တာပဲ။ ကောင်းပါတယ်။ ဒီကောင်က တော်တော်ရက်စက်တဲ့ကောင်ကွ။ ရထားပေါ်မှာတုန်းက လူ(၉)ယောက်ကို သတ်လိုက်တယ်ဆိုတာလည်း ဒီကောင်ပဲ။ ကျန်တဲ့သိုက်ဆရာ(၈)ယောက်က 'သျှရိဂိုဏ်း'ဆိုတာ တစ်စုတစ်ဝေးတည်း ထူထောင်ထားတဲ့ ဂိုဏ်းလေးအဲဒီ သျှရိဂိုဏ်းက ငါတို့ ဘုရားဟောင်းတွေရှိတဲ့ မြန်မာပြည်အနှံ့ကိုသွားပြီး သူတို့ပညာနဲ့ ဌာပနာတွေရအောင် ဖွင့်နေကြတာ။ နန္ဒကိုကာကွယ်ဖို့ ငါ့လူ(၉)ယောက်လည်း အဆုံးရှုံးခံလိုက်ရတယ်"

ဟု ဆိုလေ၏။ ကျွန်ုပ်က. . .

"မာစတာရယ်. . ခု မာစတာဟာ ဘယ်ဘုံရောက်နေလဲ"

ဟု မေးလျှင် ဦးကျော်စွာက. .



www.burmeseclassic.com

www.burmeseclassic.com

"လူတွေဟာ ကွယ်လွန်သွားချိန် ဘုံတစ်ခုခု ရောက်တတ်ကြစမြဲ ... တုသိုလ်၊ အကုသိုလ်ပေါ် မူ ... ည်ပြီးတော့လေ။ ငါလည်း ... ဘာသနာကို စောင့်ရှောက်ရမယ့် ... ဘုံထဲမှာ ရှိနေပါတယ်။ ဒါပေမဲ့ ... ဒီနေရာဟာ တရားသောဘုံလို့ ပြောခြင်း ရမှာပါ"

**"ညီလေးရယ်...**
**လူတစ်ယောက်ဟာ**
**စိတ်ပေါ်မှာ မူတည်ပြီး**
**ရုပ်ဟာ အပြောင်းအလဲ**
**ဖြစ်သွားတာပါ။**
**တိရစ္ဆာန်တွေတောင်**
**လောင်းဗီမ်ထဲ ယည်ထားတဲ့ တိရစ္ဆာန်နဲ့**
**ပြင်ပမှာရှိ တဲ့တိရစ္ဆာန်တောင်**
**မတူကြဘူးလေ။**
**လောင်းဗိမ်ထဲမှာရှိတဲ့ တိရစ္ဆာန်ဟာ**
**စိတ်အားဖြင့် ကျုပ်တည်းနေတာတွေ**
**များပြီး အသေမြန်ကြတယ်"**

ဟု ပြောလျှင် ကျွန်ုပ်မှာ ကျွန်ုပ်၏ မာစတာဟုခေါ်သော ဦးကျော်စွာအား. . .

"မာစတာ ပြောသလိုပဲ လောကကြီးထဲမှာ ကျုပ်ကို ယုံကြည်စွာ လျှောက်နိုင်အောင် သင်ပေးပါဦး"

ဟု ဆိုသောအခါ ဦးကျော်စွာက ပြုံးလိုက်ပြီးမှ ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ် မျက်စိထဲဝယ် သပ္ပာယ်လှသော မြတ်စွာဘုရား၏ ရုပ်ပွားတော်မြတ်ကြီးကို မြင်နေရသလို လွန်စွာမှ မွှေးပျံ့သော ရနံ့တစ်ခုကိုလည်း ရှူရှိုက်မိသလို ခံစားလိုက်ရ၏။

ကျွန်ုပ်မှာ ဂူကြီးထဲ၌ ကျင့်ကြံနေသည်မှာ (၂)နှစ်တိတိတောင် လွန်မြောက်လာလေ၏။ ဆံပင်၊ မုတ်ဆိတ်မွေးနှင့် ခြေသည်း၊ လက်သည်းများပင် ရှည်လျားနေပြီး နဂိုပုံမှန် ကျွန်ုပ်၏ရုပ်မှာ ပျောက်ကွယ်နေလေ၏။

နံနက်ဆိုလျှင် ကျွန်ုပ်မှာ အနီးအနားရှိ တောင်ထိပ်တစ်ခုပေါ်ဝယ် အေးမြသောလေကို ရှူ၏။ ပြီးလျှင် မေတ္တာပို့ အမျှဝေ၏။ ထို့နောက် ဂူကြီးထဲဝယ် စိတ်ကို တည်ငြိမ်အောင်ထားပြီး နှလုံးသားထဲဝယ် သန့်ရှင်းစင်ကြယ်မှုကို ရအောင်ထားရလေ၏။ ညရောက်သောအခါ ကျွန်ုပ်မှာ မာစတာဟုခေါ်သော ဦးကျော်စွာနှင့် တွေ့ရ၏။ မိုးများသည်းထန်စွာရွာသော ညတစ်ည၌ ဦးကျော်စွာက. . .

"မောင်မြွေ. . လောကကြီးထဲ မင်းလျှောက်လို့ရပြီ။ ဒီကနေ မင်းထွက်ခွာရမယ်။ မထွက်ခွာခင်မှာ ကျောက်ဂူထဲက မြဘုရားကို မင်းအပါယူသွားပြီး ဘုရားတစ်ဆူဆူမှာ ဌာပနာအဖြစ် သွားထားပေးရမယ်။ အဘအောင်မင်းခေါင် ဘုရားမှာ တည်ထားပေးရင် ပိုကောင်းတာပေါ့။ မင်းလျှောက်ရမယ့်လမ်းအတွက် မင်း ရွေးချယ်တတ်မြောက်လာမှာပါ"

ဟု ဆိုကာ ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ်မှာ မျက်လုံးဖွင့်ကြည့်သောအခါ ကျောက်ဂူအတွင်းဝယ် မွှေးရနံ့များ သင်းပျံ့နေလေ၏။ ထို့နောက် ဦးကျော်စွာ မြှုပ်နှံထားသောနေရာသို့ သွားပြီး. . .

"မာစတာ. . . မာစတာ ညွှန်ကြားသလို ကျုပ်ဟာ လောကကြီးပေါ်မှာ ယုံယုံကြည်ကြည် လျှောက်နိုင်သူဖြစ်အောင် လုပ်ပါ့မယ်လို့ ကတိပြုပါတယ်"

ဟု ဆိုကာ ကန်တော့လိုက်လေ၏။

နောက်တစ်ရက်တွင် ကျွန်ုပ်မှာ ကျိုက်ထီးရိုးတောင်မှ တောင်အောက်သို့ ဆင်းလာခဲ့လေ၏။ ကျွန်ုပ်၏ ပုံစံမှာ ဆံပင်၊ မုတ်ဆိတ်မွေး ညှင်းသိုးသိုးဖြင့် အရူးကြီးတစ်ဦးပုံစံပေါက်နေ၍ အချို့က နှာခေါင်းရှုံ့ကြ၏။ သထုံဘက်သို့ထွက်မည့် ကားပေါ်သို့ တက်သောအခါ နောက်လိုက်ကားစပယ်ယာလေးက. . .

"ဟေ့ . . ဟေ့ . . အရူးကြီး၊ ဒီကားက လူတွေစီးတာ၊ အရူးတက်ရင် ဘယ်လိုလုပ် လူတွေတက်တော့မှာလဲ"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"မောင်ရင်ရယ်. . အရူးနဲ့လူဟာ



www.burmeseclassic.com

www.burmeseclassic.com

အတူတူပါပဲကွယ်။ ပုထုဇနော ဥမ္မတကော၊ လူတိုင်းဟာ အရူးလို့ ဆိုရိုးရှိတယ်မလား။ မောင်ရင်ဆိုရင် ခုလို ရှာဖွေစားသောက်နေရတာ ဒီဝမ်းဗိုက်ကြီး မနေနိုင်လို့မလား။ မိသားစုဗိုက်ပြည့်အောင်မလား။ မရူးဘဲနဲ့တော့ ဘယ်ရှာဖွေ စားသောက်မလဲ"

ဟု ပြောလိုက်လျှင် စပယ်ယာလေး၏ မျက်နှာ နီရဲသွားပြီး ကျွန်ုပ်အား. . .

"တော်တော် ရာရာစစ၊ အရူးပါးစပ်က နတ်စကား ထွက်ရတယ်"

ဟု ဆိုကာ ကျွန်ုပ်အား ရိုက်မောင်းပုတ်မောင်းပြုမည်အလုပ်. . .

"ဟေ့ ရပ်စမ်း . . ငါ့လူတို့က ခေတ်မကောင်းရတဲ့အချိန်မှာ ကိုယ့်အမျိုးသားအချင်းချင်း နှိပ်စက်စော်ကားဖို့ပဲ သိတယ်။ သူပြောတာ ငါအားလုံးကြားတယ်။ သူမှန်တယ်။ ကားခ သူမပေးနိုင်ရင် ငါပေးမယ်"

ဟု ပြောလျှင် ကားစပယ်ယာလေးက. . .

"ခါးကုန်းကြီး ပေးတာတော့ ဟုတ်ပါပြီ၊ ကားပေါ် လူမလာရင်ကော"

ဟု ဆိုသောအခါ ၎င်းက. . .

အဲဒါလည်း ငါပေးမယ်ကွာ၊ မင်း တစ်စီးလုံးကားခ ငါပေးမယ်၊ ရှင်းပလား"

ဟု ပြောမှ ကားစပယ်ယာလေးမှာ တိတ်သွားလေ၏။ ကျွန်ုပ်မှာ ကျွန်ုပ်ဘက်က ကိုယ်ချင်းစာ၍ လိုက်ပြောပေးသောသူအား ကြည့်လိုက်ရာ ရုပ်ရည်ချောမောပြီး အသက် ၃၀ ကျော်ခန့် လူငယ်တစ်ဦး ဖြစ်ကာ ခါးကုန်းကြီးတစ်ဦး ဖြစ်လေ၏။ ကျွန်ုပ်က. . .

"ကျေးဇူးတင်ပါတယ် ညီလေးရာ၊ လောကကြီးမှာ ငါ့ညီလို စိတ်ကောင်းရှိတဲ့သူတွေ ရှိနေတာကိုက ကျက်သရေရှိနေပါတယ်"

ဟု ဆိုလျှင် ခါးကုန်းနှင့် လူငယ်က. . .

"ရပါတယ် . . နောင်ကြီးရာ၊ ကျွန်တော်တို့ တိုင်းပြည်က ကျွန်ဖြစ်နေတာတော့ ကိုယ့်လူအချင်းချင်း ကျွန်ဇာတ်သွင်းနေတာ မခံနိုင်လို့ပါ"

ဟူ၍ ဆိုလေ၏။

လမ်းခရီး၌ ခါးကုန်းလေးနှင့် လူငယ်က ကျွန်ုပ်အား ဓားလိုးမုန့်များ မျှဝေကျွေးလေ၏။ ကျွန်ုပ်မှာ ခန္ဓာကိုယ်အား အလိုမလိုက်သော ကျင့်စဉ်တစ်ခု တတ်မြောက်ထား၍ ဆာလောင်မွတ်သိပ်ခြင်း မရှိသောကြောင့် ငြင်းပယ်လိုက်လေ၏။ ၎င်းက. . .

"နောင်ကြီး ကြည့်ရတာအတော်ထူးဆန်းတယ်နော်၊ မျက်နှာမှာ ဆံပင်တွေ၊ မုတ်ဆိတ်တွေသာ ရှည်လျားနေပေမဲ့ကြည်လင်နေတယ်။ အာဟာရ သိဒ္ဓိပြီးနေတဲ့သူလိုပဲ"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"ညီလေးရယ် . . လူတစ်ယောက်ဟာ စိတ်ပေါ်မှာ မူတည်ပြီး ရုပ်ဟာ အပြောင်းအလဲ ဖြစ်သွားတာပါ။ တိရစ္ဆာန်တွေတောင် လှောင်အိမ်ထဲ ထည့်ထားတဲ့ တိရစ္ဆာန်နဲ့ ပြင်ပမှာရှိတဲ့ တိရစ္ဆာန်တောင် မတူကြဘူးလေ။ လှောင်အိမ်ထဲမှာရှိတဲ့ တိရစ္ဆာန်ဟာ စိတ်အားဖြင့် ကျပ်တည်းနေတာတွေများပြီး အသေမြန်ကြတယ်"

ဟု ဆိုသောအခါ ခါးကုန်းလေးက. . .

"နောင်ကြီး ရှင်းပြမှ စိတ်ရဲ့ ကြည်လင်မှု၊ မကြည်လင်မှုကို ကွက်ကွက်ကွင်းကွင်း မြင်ရပါတယ်"

ဟု ဆိုကာ ချီးမွမ်းလိုက်လေ၏။

သထုံမြို့သို့ ရောက်သောအခါ ကျွန်ုပ်မှာ ခါးကုန်းလေး အကူအညီဖြင့် စေတီပျက်ကြီးတစ်ခုအား ရှာဖွေတွေ့ရှိခဲ့ပြီး ထိုစေတီ၌ အဘအောင်မင်းခေါင်ဘုရားရှိရာ ဦးကျော်စွာ မှာကြားသလို ဌာပနာထည့်သွင်း၍ မြဘုရားကို ပူဇော်ခဲ့လေ၏။ ခါးကုန်းလေးနာမည်မှာ ကိုကံရ ဖြစ်ပြီး သထုံ၌ ကွမ်းအကြီးအကျယ် ရောင်းဝယ်သူဟု သိရလေ၏။ ၎င်းမှာ တစ်ကိုယ်ရေတစ်ကာယ သမားဖြစ်သလို ပျော်ပျော်နေတတ်သူလည်းဖြစ်၏။ ကျွန်ုပ်မှာ အဘအောင်မင်းခေါင်ဘုရားရှေ့မှာပင် အဓိဋ္ဌာန်ဝင်ကာ ညအခါ၌ မီးရောင်ပျပျလေးဖြင့် လှမ်းမြင်နေရသော ကေလာသစေတီတော်ကို ကြည့်နေတတ်မိ၏။ ရံဖန်ရံခါ ကျွန်ုပ်နားထဲ၌ စကားသံများ ကြားရ၏။ အသံရှင်မှာ ယောက်ျားပီပီသသတစ်ဦး ပြောသောအသံဖြစ်၍ ကျွန်ုပ်ခန္ဓာကိုယ်

www.burmeseclassic.com

ထဲ စိမ့်ဝင်သွားသလို ခံစားရလေ၏။

"အဘပြောချင်တာက အောင် ဖာတ်လိုချင်ရင် ဆောင်တတ်တဲ့ ဓါထာရှိရတယ်။ ဒီဂါထာကို ရ အောင်ကျက်။ ရရင် ဝဝလျှ များများ ခွတ်"

ဟု ဆိုကာ အသံတိတ်သွား လေ၏။ ကျွန်ုပ်နှာခေါင်းဝဝယ် ဆေး ပြင်းလိပ်အနံ့ကို ရှူရှိုက်မိလိုက်၏။ ဓါထာတော်ကို ကျွန်ုပ်နားထဲ စွဲခဲ့နေ သလိုထင်၍ ပါးစပ်မှ ရွတ်ကြည့်မိ လေတော့သတည်း။

သုဝဏ္ဏဘူမိ ဂန္ဓာန၊
သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိဟ္မာန၊
ပြဟ္မဇာလ မ ဒေသယျုံ

*ယခုအခါ ကျိုက္ကစံသမိုင်းဝင် စေတီတော်(သထံနဲကျွန်းမြို့နယ်)၌ အဘအောင်မင်းခေါင်ဘုရားကို မြင် တွေ့ရမည်ဖြစ်ပါသည်။*

*(စာရေးသူ)*

●●●

**ထမ်းဆုံးရှင် ခါးကုန်းမယ်**

အထက်က ဆိုခဲ့သည့်အတိုင်း သထုံရှိ 'ကံရ'ဆိုသော ခါးကုန်း လေးနှင့် ကျွန်ုပ်မှာ မိတ်ဆွေဖြစ်ခဲ့ပြီး ၎င်းအိမ်၌ပင် တည်းခိုနေလေ၏။ ကျွန်ုပ်မှာ ရှည်လျားသော ဆံပင်၊ မုတ်ဆိတ်မွေးများ ရိတ်ပယ်ပြီး ကိုယ့် ကိုယ်ပုံစံပြောင်းလိုက်၏။ ကံရက ကျွန်ုပ်၏ ပုံစံကိုကြည့်ပြီး. . .

"ဟား. . ဟား. . နောင်ကြီးက ဒီလိုဆိုတော့လည်း ဇာတ်လိုက်မင်း သား ရှုံးလောက်ပါပေတယ်"

ဟု ပြောပြီး ချီးမွမ်းလေ၏။ ကျွန်ုပ်နှင့် ခါးကုန်းလေး ကံရမှာ နံနက်ဆိုလျှင် သထုံဈေးကြီး၏ မြောက်ဘက်ရှိ 'ဆည်းဆာ'ဆိုသော လက်ဖက်ရည်ဆိုင်လေးဝယ် မလိုင် နှင့် နံပြားကို စားကြလေ၏။ ပြီးလျှင် ကံရက သူ၏အလုပ်များ ဆက်လုပ် နေသလို ကျွန်ုပ်ကလည်း သထုံ မြို့တွင်းမြို့ပြင်မကျန် စေတီကုန် ဘုရားဖူး၏။ အဓိဋ္ဌာန်ဝင်၏။ ကျွန်ုပ် မှာ ဘုရားဝတ်ပြုအပြီးဝယ် ကျွန်ုပ် လက်ပေါ်သို့ ခိုလေးတစ်ကောင် လာနား၍ ခိုလေး၏ ခြေထောက်မှ ချီထားသောစာကို ဖြုတ်ယူလိုက်ရာ အောက်ပါအတိုင်း ရေးသားထား လေ၏။

မနက်ဖြန် မရောက်သေးခင်
ဒီနေ့မှာ ရောက်နေပြီ။
နောက်နေ့ အမြန်ထွက်ပါ။

**Y.C, R.J**

ဟု ရေးထိုးထားလေ၏။ ကျွန်ုပ်မှာ စာ၏ အနက်အဓိပ္ပာယ်ကို သေချာကြည့်ပြီး ပြုံးမိလိုက်လေ၏။ ယန်စီနှင့် ရာဂျူးက ကျွန်ုပ်အပေါ် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်တွက်မိ၍ သတိပေးခြင်း လည်းဖြစ်၏။

ကျွန်ုပ်မှာ ခါးကုန်းလေး ကံရ ဆီသို့ ပြန်ရောက်သောအခါ ကံရမှာ ကွမ်းကုန်သည်များနှင့် အလုပ်ရှုပ်နေ လေ၏။ ကျွန်ုပ် ပြန်လာသည်ကို မြင် သောအခါ ၎င်းက. . .

"နောင်ကြီးရေ . . ဒီနေ့တော့ ကျွန်တော် မယူရသေးတဲ့ ကောင်မ လေးက ကြက်ဥကို ပြောင်းဖူးနဲ့ ကြော်ပြီး ငါးဖယ်ထောပတ်ဟင်း လေး လာပို့ထားတယ်။ ဗိုက်ဆာရင် စားနှင့်တော့။ ကျွန်တော် အလုပ်ရှုပ် နေလို့"

ဟု ပြောသောအခါ ကျွန်ုပ်က-

"ကျေးဇူးတင်ပါတယ်. . ညီလေး ရာ၊ ကျုပ်ကို ရက်ရှည်တည်း ခိုခွင့် ပြုထားတာရယ်၊ ခုလို ကျွေးမွေး စောင့်ရှောက်ထားတာရယ်ကိုပါ။ ကျုပ် ချက်ချင်းပဲ ခရီးထွက်ရတော့ မှာမို့ သွားခွင့်ပြုပါ"

ဟု ဆိုလျှင် ကံရဆိုသော ခါး ကုန်းလေးက. . .

"နောင်ကြီးကလည်းဗျာ၊ ခင်ရ တာ ခုမှ ပူပူနွေးနွေး ရှိသေးတယ်။ အဲဒီလိုကြီးကျတော့ စိတ်ထဲ တစ်မျိုး ကြီးပဲ။ ဘာလဲ. . ကျွန်တော် မိန်းမ ယူတာ မကြိုက်လို့လား။ နောင်ကြီး မကြိုက်ရင် ကျွန်တော် မယူဘူးလေ"

ဟု ဆိုလျှင် ကျွန်ုပ်က ခေါင်းခါ ပြမိလိုက်၏။ ပြီးမှ. . .

"မဟုတ်ပါဘူး ညီလေးရာ. . ၊ ကျုပ်မှာ ရှေ့ဆက်ရမယ့် ကိစ္စတွေ ရှိသေးလို့ပါ"

ဟု ပြောပြီး ၎င်းကို ပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လေ၏။ ကျွန်ုပ် ထွက်ခွာမည့် အချိန်၌ ကံရမှာ ကျွန်ုပ်အား လမ်းခရီး၌သုံးရန် ပိုက်ဆံများ အတင်းပေးလေ၏။ ကျွန်ုပ်မှာ ၎င်းပေးသော ငွေကို ငြင်းကာထားခဲ့လေ၏။ ခါးကုန်းလေး ကံရက ကျွန်ုပ်အား ကားပေါ်တက်ခါနီးဝယ် ထူးထူးခြားခြား စကားဆို၏။

"အင်းလေ. . . နောင်ကြီးနဲ့ ကျွန်တော်က ခါးကုန်းရင် လမ်းဆုံးမယ်ဆိုသလို ဖြစ်ခဲ့ကြပြီပေါ့"

ဟု ဆိုသောအခါ ကျွန်ုပ်မှာ ၎င်းအတွက် စိတ်မကောင်းဖြစ်ခဲ့ရလေ၏။ ကျွန်ုပ် စီးနင်းလိုက်ပါသော ကားမှာ ရန်ကုန်သို့ ထွက်ခွာမည့် နောက်ဆုံးကားဖြစ်သလို ကုန်များ ပြည့်ကျပ်အောင် တင်ထား၏။ ညနေ မှောင်ရီပျိုးချိန်မှ ထွက်ခွာ၍ ကျွန်ုပ်၏ ခုံအောက်ဝယ် ကုန်များ ထိုးဖိထည့်ထားသောကြောင့် ဒူးခေါင်းကို ကွေးထားရလေ၏။ ကားမီးများမှာ ကားပေါ်ဝယ် ထွန်းညှိမထား၍ မှောင်မည်းနေလေ၏။ ကားစထွက်ပြီး မကြာမီ ကျွန်ုပ်ဘေးနားသို့ ကြည့်ရာ အမျိုးသမီးတစ်ဦးကို တွေ့ရလေ၏။ အမျိုးသမီး၏ ရေမွှေးနံ့မှာ စပယ်နံ့ သင်းသလို အသားချင်းထိသော ကျွန်ုပ်နှင့် သူမ၏ ခန္ဓာကိုယ်မှာ ချိုင့်တစ်ခုထဲ ဘီးကျတိုင်း ကားမှာ ယိမ်းယိုင်သွားပြီး ကျွန်ုပ်ခန္ဓာကိုယ်ထဲ ပွေ့ဖက်မိသလို ဖြစ်ဖြစ်သွားလေ၏။ အမျိုးသမီး၏ ရုပ်ရည်မှာ သန့်ပြန့်ချောမွေ့ပြီး သွားများမှာ ရယ်လိုက်လျှင် ပုလဲလုံးလေးတွေ စီတန်းထားသလို လှပ၏။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်မှာလည်း အင်္ကျီရင်ဖုံး ဝတ်ထားသည့်ကြားမှ ရုန်းကန်ပြီး အပြင်ထွက်နေသလိုပင်။ ကျွန်ုပ်မှာ ရသေ့ကြီး ဈာန်လျှောသောအဖြစ်ကလေးကို စဉ်းစားကာ ပြုံးမိလေ၏။ ကျွန်ုပ် ပြုံးသည်ကို မြင်သော အမျိုးသမီးက

"ကားကဆောင့်၊ လူကဖောက် ဆိုတာမျိုးတော့ လာမလုပ်နဲ့နော်၊ ဒီမှာတွေ့လား"

ဟု ဆိုကာ ပြောင်လက်နေသော စတီးဓားတစ်လက်ကို မှောင်ထဲ၌ ထုတ်ပြလေ၏။ ကျွန်ုပ်က. . .

"အမိရယ်. . ဓားဆိုတာ လူတစ်ယောက်ရဲ့ အသက်ကိုပဲ အန္တရာယ်ပြုနိုင်တာ။ ခွန်အားကိုတော့ အန္တရာယ်မပြုနိုင်ပါဘူး။ အမိနဲ့ ကျုပ်က ခွန်အားချင်းမတူတော့ ကျုပ်ကို ဘယ်လိုပဲ ဓားနဲ့ခြောက်ခြောက် ကျုပ်က မကြောက်တတ်ပေါင်"

ဟု ခနဲ့တဲ့တဲ့ဆိုလျှင် အမျိုးသမီးငယ်လေး၏ မျက်လုံးမှာ ပြူးသွားပြီး မျက်လုံးအိမ်အတွင်းရှိ မျက်ဆံအနက်လေးမှာ ပိုကြီးသွားသလို ထင်ရ၏။

"မကြောက်ပါနဲ့ အမိရာ၊ ကျုပ်က မ,ဆိုရင် မီးထက်ပိုကြောက်တာမို့ အပူလောင် မခံနိုင်ပေါင်"

ဟု ဆိုလျှင် အမျိုးသမီးငယ်မှာ ပို၍ဒေါသထွက်သွားလေ၏။ ပြီးနောက် ကျွန်ုပ်နှင့် ထိနေသာ သူမ ခန္ဓာကိုယ်အား တစ်ဖက်သို့ ပို... ကာ မျက်နှာကို တစ်ဖက်သို့ စောင်း... လှည့်နေလိုက်၏။

"အင်း. . ခုမှပဲ ပူတဲ့ရန်က ကင်း... တော့တယ်"

ဟု ဆိုသောအခါ အမျိုးသ... ငယ်က 'တောက်'တစ်ချက် ပြင်းပြင်း... ခေါက်လိုက်၏။ တောက်ခေါက်... အဆုံး ဘီးကလည်း ပေါက်သွား... ၏။ ဘီးပေါက်သံနှင့်အတူ ကား... စပယ်ယာက. . .

"ကဲ. . ခရီးသည်များ အောင်... ဆင်းပြီး အနားယူလို့ရပါတယ်... ကားဘီးအပိုမပါလို့ လာတဲ့ကားကြုံ... စီးပြီး ကျွန်တော် ဘီးသွားဖာရပါဦး... မယ်"

ဟု ဆိုလျှင် စကားသံများ... တစ်ယောက်တစ်ပေါက် ဆိုကြ... ၏။ ခရီးသည်များ ထိုသို့ဆိုခြင်းမှာ ဘီးပေါက်သော နေရာမှာ 'ဒိုက်ဦး' အဝင် ကိုးလောင်းကွေ့ဟု နာမည်ကြီးသည့် သုသာန်ဘေးနား ရပ်... လိုက်သောကြောင့်ဖြစ်၏။

**"ဘုရား..ဘုရား..**
**ဟိုလူတော့**
**မကောင်းဆိုးဝါးတွေ**
**ဖမ်းစားကပ်နေပြီ ထင်ပါရဲ့"**

"ပေါက်စရာရှားလို့ ဒီကားဘီး... ကလည်း ဒီသုသာန်ဘေးနား ပေါက်... ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ အမျိုးသမီးငယ်က ကြောက်လန့်နေပုံရ၏။ ကျွန်ုပ်က. . .

"အင်း . . တောက်ဆိုတော့ ခေါက်ပြီပေါ့။ ပညတ်သွားရာ ဓာတ်သက်ပါတဲ့ သဘောပဲ"

ဟု ကျွန်ုပ် ပြောလိုက်လျှင် အမျိုးသမီးငယ်က ကျွန်ုပ်အား မျက်စောင်းလှမ်းထိုးလေ၏။ ကားရှေ့မီးသီးဖွင့်ထား၍ ကျွန်ုပ်ဘေးနားရှိ အမျိုးသမီးမှာ ကားအောက်ဆင်းပြီး မော်တော်ရပ်လိုက်ရာ ခန္ဓာကိုယ် အချိုးအဆစ် တောင့်တင်းသန်မာပြီး အလွန်ကြည့်ကောင်းသောပုံဖြစ်လေ၏။

ကျွန်ုပ်၏ တစ်ခုံကျော်ဝယ် လိုက်ပါလာသော ကွမ်းကုန်သည် ကိုညာဏ်မြင့် ဆိုသူက ကျွန်ုပ်မှာ ကံရ၏ မိတ်ဆွေဖြစ်မှန်းသိ၍ ကားရပ်သော်အခါ. . .

"အာစရိရေ. . . တစ်လမ်းလုံး ပဲခူးက ကျောင်းဆရာမလေး ထားထားခင်နဲ့ ရန်ဖြစ်လာတယ် ထင်တယ်"

ဟု မေးလျှင် ကျွန်ုပ်က. . .

"အလကားပါ ကိုယ့်လူရာ. . ။ သာလိကာလေးကို စကားတတ်အောင် ကျုပ်က ပြန်သင်ပေးနေရတာပါ"

ဟု ပြောလျှင် ဘယ်အချိန်က ကျွန်ုပ်နောက်နားသို ရောက်နေမှန်း မသိသော အမျိုးသမီးငယ်က ခါးထောက်ပြီး. . .

"ဒီလောက် ဒုက္ခရောက်ရတဲ့ အထဲမှာ ရှင်က ကျွန်မအတင်း ပြောတယ်ဆိုတော့ ယောကျ်ားမှ ဟုတ်ရဲ့လား"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"အမိက ယောကျ်ား မတွေ့ဖူးသေးသူဆိုတော့ သိချင်ရင် ကျုပ် ယောကျ်ားလား၊ မိန်းမလား သိရအောင် စမ်းသပ်ခွင့်ပေးမယ်လေ"

ဟု ပြောလျှင် ထားထားခင် ဆိုသော မိန်းမပျိုလေးက မျက်နှာ နီရဲသွားပြီး. . .

"ရှင်. . ရှင် ယုတ်မာလှချည်လား"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာ ကျောင်းဆရာမလေး ထားထားခင်ကို နောက်ပြောင်ရသည်မှာ စိတ်ထဲ ကြည်နူးမိလေ၏။ သို့သော် ကျွန်ုပ်မှာ မာစတာ ပြောဖူးသလို လောကကြီးအပေါ်၌လျှောက်စရာလမ်းများ ကျန်သေး၍ နှလုံးသားက ဖြစ်ပေါ်လာမည့်ကိစ္စကို အလိုမလိုက်မိစေရန် အထူးသတိရမည်ဖြစ်၏။

ကားစပယ်ယာလေးက ကားကြုံတစ်ဦးလာသောအခါ ကားဘီးကိုတင်၍ နီးစပ်ရာမြို့လေးတစ်မြို့ဝယ် ကားဘီးဖာရန် ဘီးကိုတင်ကာ ထွက်သွားလေ၏။

ကျွန်ုပ်မှာ သုသာန်ကို လှမ်းကြည့်လိုက်ရာ၊ မျက်စိထဲ၌ ညအမှောင်ထဲမှာပင် မကောင်းဆိုးဝါးများကို မြင်တွေ့ရ၏။ ကျောက်ဂူထဲ၌ ကျွန်ုပ် ကျင့်ကြံစဉ်က ဦးကျော်စွာ စုတ် ထိုးပေးထားသောကြောင့် ကျွန်ုပ်မှာ ပရလောကသား ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည့် အတတ်ကို တတ်မြောက်ထားလေ၏။ ထူးခြားသည်က ကျွန်ုပ်ကျောပြင်၌ ထိုးထားသော စုတ်နှင့် ယက္ခရာဇာ၏ အစွမ်းသတ္တိမှာ မကောင်းဆိုးဝါးများအား နှိမ်နင်းနိုင်စွမ်း ရှိလေ၏။

ကိုးလောင်းကွေ့ဆိုသောနေရာမှာ ခရီးသည်ကားနှင့် သစ်လုံးကားကြီး ထိပ်တိုက်ဝင်တိုက်မိ၍ လူ ၉ ယောက် ပွဲချင်းပြီး သေဆုံးသွားလေ၏။ ထိုသူများမှာ အမျှအတန်း ပေးဝေသူ မရှိသောကြောင့် မကျွတ်မလွတ်နိုင်ဘဲ နောက်ဆုံး ထိုနေရာကို ညအမှောင်၌ ဖြတ်သောသူမှန်သမျှ အခြောက်ခံနေရခြင်း ဖြစ်လေ၏။

ကျွန်ုပ်မှာ ကားလမ်းဘေးမှ ထိုင်နေရင်း သုသာန်ရှိရာသို့ လျှောက်သွားသောအခါ အားလုံးက အံ့အားသင့်စွာ ဝိုင်းကြည့်ကြပြီး. . .

"ဘုရား. . ဘုရား. . ဟိုလူတော့ မကောင်းဆိုးဝါးတွေ ဝိုင်းပူးကပ်နေပြီ တူပါရဲ့"

ဟု ဆိုကာ အော်ဟစ်နေကြလေတော့သတည်း။

●●●

(ရွှေလဆက်ရန်)

တာတေကြီး



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ရင်

မောင်ပုတ်စည်

တစ်နေ့ မိတ်ဆွေသင်္ဘောသားတစ်ယောက်နဲ့ စကားစပ်မိရင်း သူက ပြောပြတယ်။ ရွှေတိဂုံစေတီ တနင်္ဂနွေထောင့်က ခေါင်းလောင်းကြီးအကြောင်းပါ။ ဗားမဲ့ဆရာတော်ကြီးလား မသိဘူး စီစဉ်တာတဲ့။ အသံသုံးပါးထွက်လို့ မဟာတိသဒ္ဒကဏ္ဍာလို့ အမည်ရှိတယ်တဲ့။

အမေရိကန်သမ္မတဟောင်း နစ်ဆင် အောက်လွှတ်တော်အမတ်လောက်ပဲ ရှိဦးမယ်ထင်တယ်တဲ့။ မြန်မာနိုင်ငံရောက်လာတုန်းက အကြီးအကဲတွေနဲ့ ရွှေတိဂုံဘုရားကို ကြည်ညိုဖူးမြော်သတဲ့။ လှည့်လည်ကြည်ညိုရင်း ခေါင်းလောင်းကြီးနားရောက်တော့ ခေါင်းလောင်းကြီးကို စိတ်ဝင်တစားနဲ့ ကြည့်တယ်။ အဲဒီအခါမှာ အကူလိုက်ပို့တဲ့ အကြီးအကဲက ရှင်းပြရင်းနဲ့ နစ်ဆင်ကို ပြောတယ်။

"အခွေတော် • • • ဒီခေါင်းလောင်းတော်ကြီးဟာ ဆုတောင်းပြည့်တယ်။ အခွေတော့်ယုံကြည်ရင် ဘုရားကိုဦးတိုက်ပြီး ကြိုက်ရာဆုတစ်ဆုတည်းကိုသာတောင်းပါ။ ပြီးရင် ခေါင်းလောင်းကို ထိုးပါ။ ဆုတောင်းပြည့်လိမ့်မယ်"လို့ဆိုတော့ နစ်ဆင်ကလည်း "သမ္မတဖြစ်ရပါလို၏"လို့ ဆုတောင်းပြီး ခေါင်းလောင်းထိုးသွားတယ်။

နောင် ဆုတောင်းတဲ့အတိုင်းပဲ တကယ်သမ္မတဖြစ်တော့ အလွန်ဝမ်းသာကြည်ညိုပြီး အကြီးအကျယ်လှူဖို့ လုပ်တယ်။ အဲဒီအချိန်မှာ ဦးသန့်အရေးအခင်းနဲ့ကြုံနေလို့ မလှူဖြစ်လိုက်ဘူးတဲ့။

မိတ်ဆွေသင်္ဘောသားက စာပေဝါသနာပါတယ်။ ဘာသာရေးလည်းလုပ်တယ်။ သူနဲ့ မဂ္ဂဇင်းအယ်ဒီတာတစ်ဦးနဲ့ ခင်တယ်။ နေ့တိုင်း ရွှေတိဂုံဘုရားတက်ကြရင်း အယ်ဒီတာက ခေါင်းလောင်းတော်ကြီးအကြောင်း ပြောပြတာပဲ။ အဲဒီအချိန်တုန်းက သင်္ဘောမတက်သေးဘူး။ ပုလဲနဲ့ငါးမှာ လုပ်နေတယ်။ ပင်လယ်ထွက် ငါးဖမ်းရတာကိုး။ လပြည့်နေ့မှာ ရွှေတိဂုံဘုရားကြီးကို ဝင်းနေအောင် လှမ်းဖူးရတယ်။ ဒါပေမယ့် ငါးဖမ်းနေရတော့ အကုသိုလ်အလုပ်ထဲမှာပဲ နစ်နေရတယ်။ တာဝန်ယူရတယ်။ ပိုက်ဖော်လိုက်လို့ ငါးတွေအများကြီးမိရင် ဝမ်းသာအားရအော်ကြတယ်။ သူကတော့ တော်တော်စိတ်မချမ်းသာဘူး။ နောက်ဆုံး မခံနိုင်တော့ အလုပ်ကထွက်လိုက်တယ်။

အလုပ်လက်မဲ့ဘဝနဲ့ တလည်လည်ပေါ့။ စာတိုပေစလေးရေး မဂ္ဂဇင်းအယ်ဒီတာနဲ့ခင်တော့ မဂ္ဂဇင်းတိုက်ပဲ လာလာနေတယ်။ ညနေကျရင် ရွှေတိဂုံ တက်တယ်။ ဒီလိုနဲ့ အယ်ဒီတာကပြောတယ်။ မင်းမှာ Sea Service လည်း ရှိတယ်။ အဲဒီတော့ တခြားမစဉ်းစားနဲ့။ သင်္ဘောတက်ပါလားလို့ အကြံပေးတယ်။

သူက ကောင်းတာပေါ့။ ဒါပေမယ့် ကျွန်တော့်မှာ အဆက်အသွယ်မရှိဘူးဆိုတော့ အယ်ဒီတာက ငါတတ်နိုင်သမျှ ကူညီစီစဉ်ပေးမယ်လို့ ပြောတယ်။ ပြီးတော့ တို့လည်း နေ့တိုင်း ဘုရားတက်နေတာပဲ။ ပထမဦးဆုံးအရင် ခေါင်းလောင်းကြီးမှာ ဆုတောင်းပြီး အဓိဋ္ဌာန်နဲ့ခေါင်းလောင်းထိုးဖို့လည်း အကြံပေးတယ်။ အဲဒါကြောင့် တစ်ရက်မှာ အယ်ဒီတာနဲ့အတူ ရွှေတိဂုံရောက်တော့ ဘုရားရှိခိုး ငါးပါးသီလခံပြီး ခေါင်းလောင်းကြီးမှာ ယုံယုံကြည်ကြည်နဲ့ ကျကျနန အလေးအနက်ခံယူရင်း သင်္ဘောအမြန်ဆုံးတက်ဖြစ်ပါရစေလို့ ဆုတောင်းပြီး ခေါင်းလောင်းထိုးတယ်။

အယ်ဒီတာကလည်း ကူညီ ဆက်သွယ်ပေးတယ်။ သူကလည်း တကယ်ဖြစ်မယ်လို့ ရာနှုန်းပြည့် ယုံကြည်ပြီး ကြိုးစားလိုက်တာ မကြာခင်မှာဘဲ သင်္ဘောတက်ဖြစ်သွားတယ်။ အောင်မြင်သွားတယ်။ သင်္ဘောက တစ်ခေါက်ပြန်လာတော့ သူ့အိမ်မှာ ဘုန်းကြီးဆွမ်းကပ်လို့ ဖိတ်တာနဲ့ ရောက်သွားတယ်။ သူစတင်ခဲ့ရတဲ့အကြောင်း ကျွန်တော်ရေးမယ်လုပ်တော့ သူရေးမယ်လို့ဆိုတော့ ကျွန်တော်မရေးပါဘူး။

ဒါပေမယ့် အခု သူကွယ်လွန်သွားရှာပါပြီ။ အစာအိမ်ရောဂါခံစားရင်း သူကိုယ်တွေ့အကြောင်းကို မရေးဖြစ်ခဲ့ရှာဘူး။ သူပြောလေ့ရှိတဲ့ စကားလေးတစ်ခွန်းရှိတယ်။ ယုံကြည်ရင် တစ်ဝက် အောင်မြင်တယ်ဗျတဲ့။

ဒါကြောင့် သူမရေးသွားနိုင်တဲ့ ကိုယ်တွေ့လေးကို ကျွန်တော်ကပဲ ဖြည့်စွက်ရေးသားရင်း မိတ်ဆွေစာဖတ်သူလည်း ယုံကြည်ရင် • • •။

မောင်ပုတ်စည်



www.burmeseclassic.com


www.burmeseclassic.com

# သင့် လက်မှာ ဒါမျိုးပါလား?

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရှောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။



## လက်ဝါးပြင်ပေါ်မှလေးထောင့်ကွက်လေးတွေ

'လက်သူကြွယ်အရင်းနေရာကို တနင်္ဂနွေဂြိုဟ်ခုံလို့ ခေါ်ပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေဂြိုဟ်ခုံမှာ လေးထောင့်ပုံ၊ စတုဂံပုံ၊ စတုရန်းပုံ အမှတ်သင်္ကေတ ကလေးပါတဲ့သူဟာ၊ လက်ညှိုး ကြာသပတေးဂြိုဟ်ခုံ၊ လက်ခလယ်အရင်း စနေဂြိုဟ်ခုံတို့ပေါ်မှာ လေးထောင့်ပုံပါတဲ့သူတွေလိုပဲ အကျိုးအာနိသင်ချင်းဆင်ဆင်တူပါတယ်။

ငွေရေးကြေးရေး စီးပွားရေးကိစ္စတွေမှာ တခြားသူတွေထက်ပိုပြီး ဘေးအန္တရာယ်ကင်းပါတယ်။

ငွေကြေးဥစ္စာမနေ အရာရာမှာ ချွေတာ စုဆောင်းတတ်ကြခြင်း၊ ငွေရေး ကြေးရေးလုပ်ငန်း၊ ဘဏ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း၊ အစုစပ်လုပ်ငန်းတွေနဲ့ အကျိုးပေးအောင် မြင်တတ်ပါတယ်။ သူတို့ပါဝင်တဲ့ လုပ်ငန်းတွေမှာ သူတို့ရဲ့ အတွေးအခေါ် အယူအဆ လုပ်နည်းလုပ်ဟန်တွေကြောင့် ပိုပြီးအောင်မြင်မှု ရတတ်ကြပါတယ်။

ဘယ်လို စီးပွားရေးလုပ်ငန်းပဲ လုပ်လုပ်၊ ဘယ်လုပ်ငန်းတွေမှာပဲ ရင်းနှီးမြှုပ်နှံမြှုပ်နှံ ဆုံးရှုံးနစ်နာမှုမရှိဘဲ အောင်မြင်မှု ရတတ်ကြသူတွေဖြစ်ပါတယ်။

စာပေ၊ အနုပညာ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ စတဲ့လုပ်ငန်းတွေ၊ ပါတီအသင်းအဖွဲ့လုပ်ငန်းတွေမှာလည်း ထင်ရှားကျော်ကြားပြီး အောင်မြင်မှု များရတတ်ပါတယ်။ ငွေရေး ကြေးရေးကိစ္စနဲ့ပဲ ဖြစ်ဖြစ်၊ လူမှုရေးကိစ္စတွေနဲ့ပဲဖြစ်ဖြစ် သူတို့ကို အရှက်တကွဲ အကျိုးနည်းအောင် မလုပ်ဆောင် နိုင်ကြပါဘူး။ သူတို့ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်စွမ်းရှိသူတွေ ဖြစ်တတ်ကြပါတယ်။

အကြောင်းကြောင်းကြောင့် ဘယ်သူ စီးပွားပျက်ပျက် သူကတော့ မပျက်ဘဲ ရပ်တည်နိုင်တတ် သူတွေ ဖြစ်တတ်ကြပါတယ်။ ခိုးဆိုးလုယက် တိုက်ခိုက်မှုများကြောင့် ငွေကြေး ဥစ္စာဆုံးရှုံးမှုကလည်း လွတ်ကင်း ရတတ်ပါတယ်။

ဘယ်လို စီးပွားရေးလုပ်ငန်းကိုပဲ လုပ်လုပ်၊ ဘယ်သူတွေနဲ့ပဲပြိုင်ပြိုင် အနိုင်ရတတ်သူတွေ ဖြစ်တတ်ကြပါတယ်။

ရှုံးနေတဲ့ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းတွေကို အမြတ်ရအောင် ဦးဆောင်တတ်သူတွေ ဖြစ်တတ်ကြပါတယ်။ ချွတ်ခြုံကျနေတဲ့ အခြေအနေဆိုးကနေပြီး ဦးမော့မြင့်တက်အောင်မြင်လာအောင် လုပ်ဆောင်နိုင်စွမ်းရှိသူတွေ ဖြစ်တတ်ကြပါတယ်။


သူရဲ့ ကိုယ်ပိုင်စီးပွားရေးသာမက အများနဲ့ သက်ဆိုင်တဲ့၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ စီးပွားရေးပျက်ကပ်၊ငွေရေးကြေးရေး အကြပ်အတည်းတွေကို ဖြေရှင်းနိုင်စွမ်းရှိတဲ့ ပညာရှင်တွေ ဖြစ်တတ်ကြပါတယ်။

စီးပွားရေးပညာရှင်တွေ၊ ဘောဂဗေဒပါရဂူတွေ၊ နှစ်တိုနှစ်ရှည် စီမံကိန်းရေးဆွဲသူတွေ၊ စီးပွားရေးမဟာဗျူဟာ၊ နည်းဗျူဟာ ပိုင်နိုင်ကျွမ်းကျင်တဲ့၊ ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်ကြပါတယ်။

ခြုံပြီးပြောရရင်တော့ တနင်္ဂနွေကြိုဟ်ခုံဆိုတဲ့ လက်သူကြွယ်အရင်းမှာ လေးထောင့်ပုံ၊ စတုဂံပုံ၊ စတုရန်းပုံ အမှတ်သင်္ကေတပါတဲ့သူတွေဟာ ငွေကြေးမနေ၊ စည်းစိမ်ဥစ္စာကို ပျက်စီးယိုယွင်းတိမ်းပါး လျော့နည်းခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသူတွေ ဖြစ်တတ်ကြပါတယ်။ တစ်ဦးချင်း ပုဂ္ဂလိက အကျိုးစီးပွားမှသည် လူအများစု၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားအထိ စီးပွားရေးပျက်ကပ်၊ စီးပွားရေး အကြပ်အတည်း၊ငွေရေးကြေးရေး အခက်အခဲများကို ကတ်တရားရဲ့ ထောက် ကူမှု ပါရမီဉာဏ်ရင့်သန်မှု၊ ဉာဏ်ပညာထက်မြက်မှုတို့ကို အသုံးပြုလျက် အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူများ။ သမိုင်းမှာ မှတ်တမ်းတင်ဂုဏ်ပြု ချီးကျူးရမည့်သူများ ဖြစ်တတ်ကြပါတယ်။

လက်သန်းအရင်းက နေရာကို ဗုဒ္ဓဟူးဂြိုဟ်ခုံလို့ ခေါ်ပါတယ်။ ဗုဒ္ဓဟူးဂြိုဟ်ခုံလို့ခေါ်တဲ့ အမှတ်သင်္ကေတပါတဲ့သူတွေဟာ ကော်တစ်ရာကပ်ဈေးနဲ့တွေပါလို့ ပြောရလောက်အောင် အသုံးအစွဲခြိုးခြံ ချွေတာသူများ ဖြစ်တတ်ကြပါတယ်။

ရရှိပြီး စီးပွားရေး၊ ငွေရေး ကြေးရေး၊ စည်းစိမ် ဥစ္စာရတနာ မှန်သမျှကို လျော့နည်း ပျောက်ပျက်သွားမှာ အစိုးရိမ် လွန်ကဲသူများ ဖြစ်တတ်ကြပါတယ်။ ဥစ္စာရှုးတွေ ဖြစ်တတ်ကြပါတယ်။



ဗုဒ္ဓဟူးဂြိုဟ်ခုံလို့ခေါ်တဲ့ လက်သန်းအရင်းမှာ လေးထောင့်ပုံ အမှတ်

www.burmeseclassic.com

သင်္ကေတပါတဲ့ သူတွေဟာ အစစအရာရာမှာ ခြိုးခြံချွေတာမှုပြုကြသလို စုဆောင်းသိုမှီးရာမှာလည်း အလွန်ဝါသနာပါတတ် ကြပါတယ်။ ငွေကြေးပစ္စည်းဥစ္စာပျောက်ဆုံးလျော့နည်းမှာကြောက်လို့ ရင်တမမ နေကြသူများ စိတ်ချ လက်ချ မအိပ်နိုင်၊ မစားနိုင်၊ မနေနိုင်သူများဖြစ် တတ်ကြပါတယ်။

ထမင်းချက်တိုင်း ဆန်တစ်ဆုပ်အမြဲတမ်း နှုတ်သိမ်းထားတတ်ကြတဲ့သူတွေ၊ ဆယ်ပြား ငါးပြား စုပြီးနှစ်ပေါင်းများစွာ ကြာတဲ့အခါ အလှူကြီး အတန်းကြီး လုပ်တတ်ကြတဲ့သူတွေဖြစ်တတ်ကြ ပါတယ်။ မှူးစုပဲစုနဲ့ အလှူတစ်ခုပြီးမြောက်အောင်ပြုလုပ်သူတွေ ဖြစ်တတ်ကြပါတယ်။ အိမ်သစ်ဆောက်ဖို့အတွက် အုတ်ခဲတစ်လုံး၊ ပျဉ်တစ်ချောင်း၊ သံချွန်တစ်ဆယ်သား စသဖြင့် စုထားပြီးမှ လုပ်တတ်ကြသူတွေ ဖြစ်တတ်ပါတယ်။

ပစ္စည်းစုခြင်း၊ ငွေစုခြင်းများကို သူများတကာထက် ပိုပြီးလုပ်ဆောင်တတ်ကြပါတယ်။ သူများ တကာထက်ပိုစုပြီး သူများတကာထက်ပို၍ နှမြော တွန့်တိုသူများ ဖြစ်တတ်ကြပါတယ်။

ဝင်လာတဲ့ငွေနဲ့ ပစ္စည်းမှန်သမျှစုဆောင်း သိုမှီးထားတတ်သလောက် ထွက်သွားမှာကိုတော့ အလွန်ကြောက်ရွံ့တဲ့ ပုဂ္ဂိုလ်များဖြစ်တတ်ကြပါတယ်။

အရနဲ့အသုံးကို အမြဲစိစစ်ပြီး စုမိဆောင်းမိအောင် လုပ်ဆောင်တတ်ကြသူတွေ ဖြစ်ပါတယ်။

လောဘကြီးတယ်ဆိုတာထက် နှမြောတယ်၊ ကပ်စေးနှဲတယ်လို့ အပြောခံရတတ်သူတွေ ဖြစ်ကြပါတယ်၊ အလှူအတန်းမှာပဲဖြစ်ဖြစ်၊ အလကား ရရင်ပဲဖြစ်ဖြစ် အဝအပြဲစားပြီး ကိုယ့်အိမ်မှာ အလွန် ခြိုးခြံချွေတာသူတွေ ဖြစ်တတ်ပါတယ်။


အသုံးနဲ့ အဖြုန်းကို နားလည်သဘောပေါက်သူများဖြစ် တတ်ကြပါတယ်။ မလိုအပ်ဘဲ၊ အကျိုးမရှိဘဲ ငွေကြေးပစ္စည်းဥစ္စာကို မသုံးစွဲကြသူများဘဲ ဖြစ်တတ်ကြပါတယ်။

ငွေကြေး ပစ္စည်းဥစ္စာသုံးစွဲရာမှာ သာမက အချိန်ဖြုန်းခြင်းကိုပင် မုန်းတီးသူများဖြစ်တတ်ကြပါတယ်။ စည်းကမ်းကြီးသူများ၊ စနစ်ကြီးသူများလို့ အပြော ခံရတတ်ပါတယ်။ တခြားသူတွေရဲ့ ပြောဆိုကဲ့ရဲ့ မေးငေါ့ပြစ်တင်မှုများကို ခံရတတ်ပါတယ်။

ကျောက်မျက် ရတနာမျိုးစုံကို စုဆောင်းရာမှာလည်း ဝါသနာပါတတ်ပါတယ်။ ရှားပါးတဲ့ဘဲဆိပ်ခေါင်းများ၊ ငွေဒင်္ဂါးများ၊ ရှေးဟောင်းပစ္စည်းများ၊ ရောင်စုံပုတီးများ၊ ရောင်စုံကျောက်များ စုဆောင်းရာမှာလည်း ဝါသနာပါတတ်ကြပါတယ်။

ခြုံပြီးပြောရရင်တော့ ဗုဒ္ဓဟူးဂြိုဟ်ခုံလို့ခေါ်တဲ့ လက်သန်းအရင်းမှာ လေးထောင့်ပုံ အမှတ်သင်္ကေတပါတဲ့ သူ တွေဟာ အသုံးနဲ့အဖြုန်းကို ခွဲခြားနားလည်ကြတယ်။ ရွှေငွေပစ္စည်းဥစ္စာ စုဆောင်းရာမှာ စိတ်အား ထက်သန်ကြတယ်။

ရတဲ့ဟာကို သုံးပစ်မယ်ဆိုတဲ့ စိတ်ဓာတ်မရှိဘဲ ရတဲ့ဟာကို အဖတ်တင်အောင်၊ မပျောက်ပျက်အောင် စုဆောင်းထားမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရှိ သူများဖြစ်တတ်ကြပါတယ်။ ရပြီးသားစည်းစိမ်ဥစ္စာ ဓနကြေးငွေကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်စွမ်းရှိသူများ ဖြစ်တတ်ကြပါတယ်။



လက်ညှိုးနဲ့ လက်မအကြား ကြာသပတေး ဂြိုဟ်ခုံရဲ့ အောက်မှာရှိတဲ့နေရာကို အင်္ဂါဂြိုဟ်ခုံ (၁)လို့ ခေါ်ပါတယ်။

အင်္ဂါဂြိုဟ်ခုံ(၁)ပေါ်မှာ လေးထောင့်ပုံ၊ စတုဂံပုံ၊ စတုရန်းပုံ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



သင်္ကေတလေးပါရှိတဲ့ သူဟာသေကံ မရောက်သက်မပျောက် ဆိုတဲ့သူ တွေ၊ သေတွင်းထွက်တွေ၊ သေမင်း လက်မ ခံတဲ့သူတွေ ဖြစ်တတ်ကြပါ တယ်။

ဉပစ္ဆေဒကကံဆိုတဲ့ အသေဆိုး တစ်မျိုးမျိုးနဲ့ သေရမယ့် အခြေအနေ ဆိုးတွေက အံ့သြဖွယ်ကောင်း လောက်အောင် လွတ်မြောက်လာကြ သူတွေဖြစ်တတ်ကြပါတယ်။

သူတစ်ပါးက တိုက်ခိုက်သတ် ဖြတ်လို့ သေဆုံးရခြင်းဆိုတဲ့ ဘေး အန္တရာယ်အမျိုးမျိုးက လွတ်ကင်း တတ်ကြပါတယ်။

အင်္ဂါဂြိုဟ်ခုံ(၁)ပေါ်မှာ လေး ထောင့်ပုံ အမှတ်သင်္ကေတကလေးပါ ရှိတဲ့ သူတွေဟာ ရေနစ်လို့ မသေ၊ မီးလောင်လို့ မသေ၊ မြွေကိုက်လို့ မသေ၊ သင်္ဘောမှောက်လို့၊ ကား မှောက်လို့၊ ရထားမှောက်လို့ မသေ ဆိုတဲ့ လူမျိုးတွေ ဖြစ်တတ်ကြပါ တယ်။

လေယာဉ်ကြောင့် အသေဆိုးနဲ့ သေဆုံးရမယ့် ဘေးဒုက္ခအန္တရာယ် မှန်သမျှက ကျော်လွှားလွတ် မြောက် နိုင်သူတွေ ဖြစ်တတ်ကြပါတယ်။

ဖိုး ကံကောင်း။ မယ်ကံကောင်း။ ဖိုးသက်ပြင်း၊ မယ်သက်ပြင်းတွေ ဖြစ်တတ်ကြပါတယ်။

စစ်ဘက်ရဲဘက်လက်နက်ကိုင် အဖွဲ့အစည်းများ၊ ထောက်လှမ်းရေး လုပ်ငန်း၊ သူလျှိုလုပ်ငန်းများ၊ ကွန်မန် ဒိုလုပ်ငန်းများနဲ့ အကျိုးပေးအောင်မြင် တတ်ကြပါတယ်။

သတ္တိရှိပြီး အသက်စွန့်လုပ်ရှား ဆောင်ရွက်ရမယ့် အလုပ်တွေကို ခုံမင်နှစ်သက်လိုလား မြတ်နိုးကြပါ တယ်။ သေမှာကြောက်လို့ ဘယ်သူမှ မလုပ် ရဲဘူးဆိုတဲ့ အလုပ်မျိုးတွေကို ဖော်လတီယာအဖြစ်နဲ့ ခေါင်းကိုမော့ ရင်ကိုကော့ပြီး လုပ်ဝံ့လုပ်ရဲလုပ်ကြ သူများပဲ ဖြစ်ကြပါတယ်။

ရန်သူနဲ့ ရင်ဆိုင်ယှဉ်ပြိုင် တိုက် ခိုက်တဲ့အခါ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့၊ စွန့်စွန့် စားစားနဲ့ အသက်ကို ပဓာနမထားဘဲ တိုက်ရဲကြသူတွေဖြစ်တဲ့ အတွက် သူရဲကောင်းဘွဲ့၊ သူရဘွဲ့ စတဲ့ ဆု လာဘ်တွေ ရရှိတတ်ကြပါတယ်။

နာမည် ကျော်ကြား ထင်ရှားတဲ့ စစ်ဗိုလ်စစ်သားသူရဲကောင်းများ ဖြစ် တတ်ကြပါတယ်။

အင်္ဂါဂြိုဟ်ခုံ(၁)ပေါ်မှာ လေး ထောင့်ပုံအမှတ် သင်္ကေတဲ့သူတွေ ဟာ တိုက်ရဲသေရဲလို့ တိုက်ပွဲတိုင်းမှာ အောင်ပွဲရတတ်ပါတယ်။

ကံရုံးရည်နဲ့ ပြည့်စုံပြီး နလုံး းနည်းတော့ တစ်ဇွတ်ထိုး တစ်ဇောက်ကန်းတွေ ဖြစ်တတ်ကြပါ တယ်။ မိုက်ရူးရဲတွေ၊ ဦးဇောက် အသိဉာဏ်နည်းပါးတဲ့သူတွေ ဖြစ် တတ်ကြပါတယ်။ မလိုအပ်ဘဲ စွန့်စား မှုတွေ ပြုတတ်ကြပါတယ်။

ခြုံပြီးပြောရရင်တော့ အင်္ဂါဂြိုဟ်ခုံ (၁) ပေါ်မှာ လေးထောင့်ပုံ အမှတ် သင်္ကေတ ကလေးပါတဲ့ သူတွေဟာ လက်ရုံးရည်ပြည့်ဝသူတွေ၊ စွန့်လွှတ် စွန့်စားရဲတဲ့သူတွေ၊ သေရမှာကို မကြောက်တဲ့သူတွေ၊ သေဘေးက လွတ်မြောက်ကြသူတွေ ဖြစ် တတ်ကြ ပါတယ်။

ရန်သူ့နက်ကို ချေမှုန်းတဲ့အခါ ရှေ့ဆုံးကပါဝင်ပြီး အသက်မသေဘဲ ကျန်ရစ်တဲ့ သူတွေ၊ သူရဘွဲ့၊ သူရဲ ကောင်းဘွဲ့ ရသူတွေ ဖြစ်တတ်ကြပါ တယ်။

ရန်သူ့နယ်မြေထဲဝင်ပြီး တစ် ကိုယ်တော် စွန့်စားရဲသူတွေ ဖြစ် တတ်ပါတယ်။

ထူးချွန်ထက်မြက်တဲ့ ထောက် လှမ်းရေး၊ သူလျှို၊ ကွန်မန်ဒိုတွေ ဖြစ်တတ်ကြပါတယ်။

*ချမ်းသာကိုယ်စိတ်မြဲပါစေ . . .*

**ဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# ဗာဂျီးနီးယားမှ ဖို့(တ်)ဝိန်းသို့

မောင်ကောင်းမြင့်

Greyhound အဝေးပြေးခရီးသည်တင် ဘတ်စ်ကားကြီးပေါ်တွင် လိုက်ပါလာရင်း မကြာမီ အင်ဒီယားနားပြည်နယ်၊ ဖို့(တ်)ဝိန်းမြို့ကလေးသို့ ဝင်တော့မည့် အထိမ်းအမှတ်ဖြစ်သော အရှေ့အဲလ်လင်ကောင်တီ New Haven မှ သာယာလှပသော ရေကန်နှင့် တစ်ဖက်တစ်ချက်မှ မြို့ပြအထိမ်းအမှတ် အဆောက်အအုံတို့ကို တွေ့နေရလေပြီ။

ဤကားပေါ်တွင် ၂၄ နာရီရှိခဲ့ပြီ။ မနေ့က ၆-၆-၁၅ ဒီလိုအချိန်တွင် ဗာဂျီးနီးယားပြည်နယ်၊ အာလင်တန်မြို့နယ်ရှိ Spring Fields ခွေးညှိစခန်းမှ လိုက်ပါလာခဲ့ခြင်း ဖြစ်၏။ ဗာဂျီးနီးယား(စပရင်းဖီးလ်)မှ ဖို့(တ်)ဝိန်းသို့ မိုင်ပေါင်း ၆၃၆ မိုင် ဝေးသည်။

စပရင်းဖီးလ်မှ ဝါရှင်တန်ဒီစီသို့ ၁၄ မိုင်၊ ဝါရှင်တန်ဒီစီမှ မေရီလန်းပြည်နယ်၊ ဘော်လ်တီမိုးသို့ ၃၈ မိုင်၊ ထိုမှ အိုဟိုင်းအိုးပြည်နယ် Toledo မြို့သို့ ၄၇၉ မိုင်၊ ထိုမှ ဖို့(တ်)ဝိန်းသို့ ၁၀၅ မိုင် ဝေးသည်။ ပြည်နယ်အားဖြင့် ဗာဂျီးနီးယားပြည်နယ်၊ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ အိုဟိုင်းအိုးပြည်နယ်တို့ကို ဖြတ်ပြီးမှ အင်ဒီယားနားပြည်နယ်၊ ဖို့(တ်)ဝိန်းသို့ ရောက်လေသည်။

၂၄ နာရီဆိုသည်မှာ ကြာသောအချိန်ဖြစ်၏။ ရပ်နားချိန် စုစုပေါင်း ခုနစ်နာရီခန့် ရှိသည်။ ဘော်လ်တီမိုးဆိုမာဆက် (Somerest)၊ ပစ္စဘတ် (Pittsburgh)၊ အက်ရွန် (Akron)၊ ကလီဗင်လင်းဒ် (Cleven Land) နှင့် တိုလီဒို (Toledo) စသည့် မြို့များနှင့် လမ်းရှိ စားသောက်ဆိုင်ကလေးအချို့တွင် ခေတ္တစီရပ်နားပေးခဲ့သည်။ ကားသန့်ရှင်းရေးလုပ်၊ ဆီဖြည့်နှင့် ကားတစ်စီးပြောင်းကာ ယာဉ်မောင်းသုံးဦး ပြောင်းလေသည်။ အလွန်သက်သောင့်သက်သာ ရှိစေသော ခရီးဖြစ်သဖြင့် ခါးတောင့်၊ ကျောအောင့်စရာ မရှိပေ။ (အဝေးပြေးလမ်းက ကောင်းသကဲ့သို့ ယာဉ်မောင်းသူကလည်း သတ်မှတ်ထားသော အချိန်နှင့်ကိုက်အောင် မောင်းသောကြောင့် သေပြေးရှင်ပြေး မဖြစ်။ ဤခရီးတွင် ယာဉ်နှစ်စီးပြောင်း၍ ယာဉ်မောင်းသုံးယောက်ပြောင်းသဖြင့် အန္တရာယ်ကင်းစေသော စနစ်ဖြစ်ကြောင်း တွေ့ရသည်။)

ယာဉ်ရပ်နားစခန်းကြီးရှိသော မြို့များတွင် အေးအေးဆေးဆေး သက်သာစွာ စားသောက်၊ သန့်စင်၊ နားနေနိုင်သည်။

ဝါရှင်တန်ဒီစီမှ ဘော်လ်တီမိုး၊ ထိုမှ ပစ္စဘတ်ခရီးကား ညခရီးဖြစ်သည်။

ပစ္စဘတ်သို့ နံနက်စောစော ၂ နာရီခန့်တွင် ရောက်သည်။ တစ်နာရီခွဲခန့် နားရ၏။ ပစ္စဘတ်သည် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် ဒုတိယအကြီးဆုံးမြို့ ဖြစ်၏။ မြို့လယ် တံတားအောက်မှ ရေပြင်သည် အဆောက်အအုံများမှ မီးရောင်စုံ အရိပ်ကျကာ လှပနေသည်။

ပစ္စဘတ်မြို့တွင် နားနေစဉ် ကားပေါ်၌ အတူကားစီးရင်း မိတ်ဆွေဖြစ်သွားသူ Lim နှင့် စကားပြောကြသည်။ ထိုမြို့၏ ရှေးအစဉ်အလာကပင် ရှိခဲ့သော မိုးလေတွက်ကာ ဗေဒင်ဟောသည့် မွေးကောင်ကလေးအကြောင်း ပြောမိကြ၏။ ထိုမွေးသတ္တဝါကောင်ကလေး သူ့တွင်းထဲမှ ထွက်လာချိန် အရိပ်ကိုကြည့်ကာ ဆောင်းတာတိုမည်၊ ရှည်မည်ကို နိမိတ်ကောက်ကြခြင်း ဖြစ်၏။ (ဤအကြောင်းရေးသားခဲ့ပြီး ဖြစ်ပါသည်။)

ဤတွင် မိတ်ဆွေ Lim အကြောင်း ပြောမှဖြစ်မည်။ သူသည် မိမိကို လမ်းတစ်ဝက်မျှ အတူတူသွားရင်း ကားအပြောင်းအကူးနှင့် တန်ဆာလုပ်ခြင်းတို့ကို ပြောပြကူညီခဲ့သည်။ ကူ၍လည်း Lagguages များကို သယ်ပေးသေးသည်။ သူ့အမည် အပြည့်အစုံမှာ Lenox HaA - Lim ဖြစ်သည်။ ဘရာဇီးနိုင်ငံသားဖြစ်၏။ ယခုအခါ South Euclid



www.burmeseclassic.com

www.burmeseclassic.com

မြို့ကလေးတွင် မိသားစုနှင့် နေထိုင်သည်။ မိမိနှင့် သက်တူရွယ်တူပင် ဖြစ်လေသည်။ သားသမီးသုံးယောက်ရှိရာ နှစ်ယောက်မှာ မိမိ၏ သမီးများနှင့်လည်း သက်တူနီးပါးဖြစ်၍ စကားပြောကြရင်း အံ့သြမိကြသည်။ ပိုရင်းနှီးသွားသည်။ သူသည် မိမိကကော်ဖီဝယ်တိုက်သော်လည်း လက်မခံဘဲ သူယူဆောင်လာသော အအေးဘူးများသာ သောက်သည်။ သူနှင့်လမ်းခွဲသော ကလီဗင်လင်းခ်၌ မိမိအား လမ်းခရီးတွင် အခက်အခဲမရှိစေရန် လုပ်ဆောင်ရမည့်ကိစ္စများနှင့် ခရီးစဉ်မြို့များကို ပြောပြကာ အထပ်ထပ်မှာကြားသည်။ ကျေးဇူးပါပဲ လင်း။

ခွေးညိုဘတ်စ်ကားကြီးသည် အိုဟိုင်းအိုးပြည်နယ်သို့ ဝင်လာသည်။ လမ်းခရီးသည် မြန်မာ့ကျေးလက်များကဲ့သို့ပင် စိမ်းလမ်းသော လယ်ကွင်း၊ မြက်ခင်းပြင်များနှင့် သစ်ပင်ကြီးငယ်တို့ကိုကားလမ်းဝဲယာတွင် တွေ့ရသည်။ အိမ်များသည် အစုအစုဖြင့်သာ ရှိသည်။ မြန်မာလယ်တဲကဲ့သို့ပင်။ တိုလီဒိုတွင် သုံးနာရီခန့် နားနေရသည်။

အိုဟိုင်းအိုးပြည်နယ်တွင် နားနေစဉ် ထိုပြည်နယ်သည် သားသတ်ရုံ (အမဲ၊ ဝက်)များ နာမည်ကြီးသည်။ US meats pickings Industry မြို့ဟုပင် ထင်ရှားသည်။

ထိုသားသတ်ရုံများအကြောင်းမှာ ကမ္ဘာသိဖြစ်လေသည်။ ကမ္ဘာကျော်စာရေးဆရာနှင့် သတင်းစာဆရာကြီး Upion Sinclair (၁၈၇၈-၁၉၆၈) ရေးသားသည့် The Jungle ဝတ္ထုကြီးထဲတွင် သားသတ်ရုံအလုပ်သမားများ၏ နံချာဆင်းရဲလှသော လူနေမှုဘဝကို ရေးသားခဲ့ရာ အမေရိကန်တစ်ဝန်း အံ့သြတုန်လှုပ်သွားစေသည်။ (ထိုဝတ္ထုကြီးကို ဆရာကြီးရွှေဥဒေါင်းက သွေးစုပ်မြေ ဟူသော အမည်ဖြင့် ဘာသာပြန်ဆို ရေးသားခဲ့ရာ စာပေဗိမာန်တစ်ထောင်ဆု (၁၉၅၅?) ရရှိခဲ့လေသည်။)

မိမိ နယူးယောက်တွင်ရှိစဉ် မိတ်ဆွေတစ်ယောက်က အိုဟိုင်းအိုးပြည်နယ်ရှိ သားသတ်ရုံတွင် သန့်ရှင်းရေးဝန်ထမ်းလုပ်စဉ်က သားသတ်ရုံမှ သွေးများသန့်စင်ရပုံကို ပြောပြဖူးသည်။ လူသက်သာသော်လည်း အနံ့မခံနိုင်သောကြောင့် ကြာရှည်မလုပ်နိုင်ခဲ့ကြောင်း ပြောပြဖူးသည်ကို အမှတ်ရမိသည်။ အမေရိကန်နိုင်ငံတွင် အလုပ်သမားဘဝသည် ခက်ခဲလှပေသည်။

တိုလီဒိုတွင် သုံးနာရီခန့်နားရသောကြောင့် (ကားရပ်နားစခန်းရုံအတွင်း ကားအကူးအပြောင်း စောင့်သူမှာလည်း နည်းလှသဖြင့်) ပျင်းပျင်းရှိလာသည်နှင့် "အရောင်းကောက်"စက်တွင် မိမိ၏ မြေးငယ်အတွက် အရုပ်တစ်ခုရလျှင်လည်း မနည်းဟုတွက်ကာ ဆင့် ၅၀ (50 cents) ထည့်လိုက်သည်။ သို့သော် စက်ခလုတ်မောင်းတံက မကောင်း၍ ကစားမရပေ။ ငွေလည်းပြန်ထွက်မလာတော့။ သို့နှင့် ရုံစောင့်ကို သွားပြောကာ အခြားသူများလည်း ငွေမဆုံးစေရန် ပြင်ထားဖို့လိုကြောင်း ဆိုခဲ့သည်။

တိုလီဒိုနှင့် အင်ဒီယားနားပြည်နယ်ရှိ ဖို့(တ်)ဝိန်းသည် ၁၀၅ မိုင်သာ ဝေးသည်။ ဖို့(တ်)ဝိန်းဟူသော အမည်ကား ၁၉၉၀ ပြည့်လွန်နှစ်များက ဗွီအိုအေ၊ ဘီဘီစီ၊ အာရ်အက်ဖ်အေ စသော သတင်းဌာနများမှ သတင်းများတွင် မြန်မာသတင်းများ အများဆုံးရခဲ့သော နေရာဒေသဖြစ်သည်။ မြန်မာတို့နှင့် ရင်းနှီးနေသည်။ မြန်မာနိုင်ငံသား (မြန်မာ၊ ကရင်၊ မွန်၊ ချင်း) အများဆုံးဖြစ်သည်။

ထိုင်းနိုင်ငံ မြန်မာဒုက္ခသည်စခန်းနှင့် တောတွင်းရောက် မြန်မာကျောင်းသားများသည် အမေရိကန်ရှိမြို့များသို့ လာရောက်ခိုလှုံခွင့်ပြုခဲ့ရာ ဤဖို့(တ်)ဝိန်းမြို့သို့ အများအပြားရောက်လာကြလေသည်။

ဖို့(တ်)ဝိန်းမြို့သည် Allen ကောင်တီတွင်ရှိသော မြို့ဖြစ်သည်။ အိုဟိုင်းအိုးနယ်စပ်မှ ၁၈ မိုင်၊ မစ်ချီဂန်ပြည်နယ်အစပ်မှ မိုင် ၅၀ သာ ဝေး၏။ အင်ဒီယားနားပြည်နယ်၏ အနောက်မြောက်ပိုင်းဒေသရှိ ဒုတိယအကြီးဆုံးမြို့ ဖြစ်သည်။ လူဦးရေ နှစ်သိန်းခွဲကျော်ရှိသည်။ ဧရိယာအကျယ် အဝန်းမှာ ၁၁ ဒသမ ၈ (စတုရန်းမိုင် ၂၈၇ ကီလိုမီတာ)ကျယ်သည်။ မြို့ကလေးသာဖြစ်၏။ ကြယ်သုံးပွင့်အဆင့် ဟိုတယ်သာရှိ၏။ အလုပ်လက်မဲ့လူဦးရေ ခြောက်ရာခိုင်နှုန်းမျှသာရှိသည်ဟု ဆိုသောကြောင့် အလုပ်လက်မဲ့နည်းသည်ဟု ဆိုနိုင်၏။

ခွေးညို ဘတ်စ်ကားကြီး မြို့ထဲမဝင်မီကပင် မိုးတဖွဲဖွဲရွာကျလာသည်။ နှင်းမိုးသာသာခန့်သာ ရှိသည်။ မြို့တွင်းလမ်းတွင် ပတ်ကာကွေ့ကာဖြင့် ယာဉ်ရပ်နားစခန်းသို့ ညနေပိုင်း၌ ဝင်ရောက်ခဲ့လေပြီ။ အချိန်အားဖြင့် ညနေ ၃ နာရီတိတိ။ ရောက်ခဲ့ပြီကော ဖို့(တ်)ဝိန်း…။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအတွက်အရေးပါသော ဂဏန်း

**တက္ကသိုလ်သဉ်**

ဂဏန်း(Number)နှင့်ပတ်သက်၍ လူတစ်ဦးနှင့်တစ်ဦး အကျိုးပေးပုံချင်း မတူကြပေ။ အချို့ဆိုလျှင် အကျိုးပေးသော ဂဏန်း(နံပါတ်) ရှိသကဲ့သို့ အကျိုးမပေးသော ဂဏန်း(နံပါတ်) ရှိကြ၏။

ဤသည်ကို အချို့က မယုံကြည်သဖြင့် မသိလိုက် မသိဘာသာ နေတတ်ကြ၏။ အချို့ကမူ သတိထား၍နေကြ၏။ မသိလိုက် မသိဘာသာ နေတတ်သူများအဖို့ ဆိုးကျိုးနှင့် ကြုံတွေ့ကြရသည့် အခါမှသာ ၎င်းနှင့်မတည့်သော ဂဏန်း(နံပါတ်)အကြောင်းကို စိတ်ဝင်စား လေ့လာတတ်ကြသည်။ အချို့ကမူ သိနားလည်သူများက ရှင်းလင်းပြောပြသည့်အခါ မှသာ ယုံကြည်လာတတ်ကြသည်လည်း ရှိပါ၏။

နိုင်ငံခြားတိုင်းပြည်များသို့ တာဝန်အရဖြစ်စေ၊ အလည်အပတ်သဘောမျိုးဖြစ်စေ သွားရောက်ကြသည့်အခါ ဟိုတယ်များ၌ တည်းခိုတတ်ကြ၏။ အများအားဖြင့် ဟိုတယ်များတွင် အခန်းနံပါတ် ၁၃ ကို မတွေ့ရသလောက်ပင်။ ဥပမာ အခန်းနံပါတ်များကို ဂဏန်းဖြင့်သတ်မှတ်ထားရာတွင် အခန်းနံပါတ် ၁၁၊ ၁၂ ရှိသော်လည်း ၁၃ ကို မတွေ့ရဘဲ ၎င်းနံပါတ်ကိုကျော်၍ ၁၄ ကို သတ်မှတ်ထားသည်ကို တွေ့ရ၏။

အထူးသဖြင့် အနောက်နိုင်ငံများသည် ၁၃ ဂဏန်းကို နှစ်သက်ခြင်းမရှိကြဟု သိရ၏။ သူတို့နှစ်သက်သော ဂဏန်းမှာ ၇ ဂဏန်းဖြစ်သည်။ ဂဏန်းနံပါတ် ၇ ကို အထူးတန်ဖိုးထား နှစ်သက်ကြ၏။ ဥပမာအားဖြင့် ဥရောပကလပ်ဘောလုံးအသင်းများတွင် ဘောလုံးကစားသမားများ ဝတ်ဆင်ကြသည့် ဂျာစီ(Jersey)အင်္ကျီ ကျောနံပါတ် ၇ ကို နာမည်ကြီး ကွင်းလယ်ကစားသမားများကို ဝတ်ဆင်ခွင့်ပြုကြ၏။ ဥပမာ-မန်ယူနှင့် အင်္ဂလန်ဘောလုံးအသင်း အကျော်အမော်ဖြစ်ခဲ့သူ ဒေးဗစ်ဘက်ဟမ်း ဝတ်ဆင်သော အင်္ကျီကျောနံပါတ်မှာ ၇ ဖြစ်သည်။ တစ်ဖန် ရီးရဲလ်မက်ဒရစ် ဘောလုံးအသင်း၏ တောင်ပံကစားသမား ဘောလုံးအကျော်အမော် စီရော်နာဒို ဝတ်ဆင်သော ဂျာစီအင်္ကျီ ကျောနံပါတ်မှာလည်း ၇ ပင်ဖြစ်သည်။ ဤသည်မှာ သူတို့သည် နံပါတ် ၇ ကို Lucky Number ကံကောင်းသောနံပါတ်အဖြစ် မှတ်ယူထားသောကြောင့် ဖြစ်ပါ၏။

ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော ဂဏန်းနံပါတ် ၁၃ နှင့် ပတ်သက်၍ စာရေးသူအတွေ့အကြုံတစ်ရပ်ကို ဖော်ပြလိုသည်။ စာရေးသူ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး(၁)တာဝန် ယူစဉ်ကဖြစ်သည်။ မန္တလေးမြို့ရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တစ်ခုက ရုံးခန်းအသစ် ဖွင့်ပွဲ အခမ်းအနားတက်ရောက်ရန် ဗဟိုအမှုဆောင်ကော်မတီဝင် သုံးဦးကို ဖိတ်ကြားလာသဖြင့် လူကြီးများက ဆရာဦးမြင့်ကြွယ်၊ ဆရာဦးမောင်မောင်မြင့်အေးနှင့် စာရေးသူတို့ သုံးဦးအား သွားရောက်ရန် တာဝန်ပေးခဲ့သည်။ ဤသို့ဖြင့် စာရေးသူတို့ သုံးဦးသည် မန္တလေးသို့ ရထားဖြင့်သွားခဲ့ကြပြီး တာဝန်ပြီးဆုံး၍ မန္တလေးမှ ရန်ကုန်သို့ ရထားဖြင့်ပင် ပြန်ခဲ့ကြ၏။ မန္တလေးမှ ရန်ကုန်သို့ နံနက် ၈ နာရီထွက်သော အမြန်ရထားသည် ညနေ ၄ နာရီတွင် ရန်ကုန်သို့ ပုံမှန်ဝင်ရောက်ရမည်ဖြစ်သော်လည်း ထိုနေ့က စာရေးသူတို့ စီးနင်းလိုက်ပါလာသော အမြန်ရထားသည် ပဲခူးတိုင်း၊ ကျွဲတောအင်းသို့ အရောက်တွင် ရထားခေါင်းတွဲလမ်းချော်သွားသဖြင့် ဆက်လက်ထွက်နိုင်ခြင်းမရှိဘဲ ခေါင်းတွဲကို ရထားလမ်းပေါ်သို့ ပြန်မ,တင်ရန် ကရိန်းကို ရန်ကုန်သို့ မှာရ၏။ ရန်ကုန်မှ ကရိန်းရောက်ရှိချိန်မှာ ည ၆ နာရီခန့် ရှိပြီဖြစ်၍ စာရေးသူတို့ သုံးဦးသည် ရထားပေါ်တွင် ရထားအထွက်ကိုစောင့်ရင်း မိမိတို့တွင်ပါလာသော အစားအသောက်အချို့ကို အဆာပြေအဖြစ်စားပြီး ဝမ်းဖြည့်ခဲ့ကြ၏။

ကိစ္စဝိစ္စပြီးစီး၍ ရထား ရန်ကုန်သို့ ဆက်လက်ထွက်ခွာခဲ့ရာ နောက်တစ်နေ့နံနက် ၄ နာရီမှ အိမ်ပြန်ရောက်ကြသည်။ ဤအဖြစ်သနစ်ကို ဂမ္ဘီရအတွေး အမြင်ရှိသော ဆရာဦးမောင်မောင်မြင့်အေးက စာရေးသူအား "ကျွန်တော်တို့ စီးလာတဲ့ ရထားအတွဲနံပါတ်က ၄ ဆိုတော့ အဲဒီ ၄ ဂဏန်းက ကံမကောင်းတဲ့နံပါတ်ပဲ။ ဒါ့ကြောင့် လမ်းခရီးမှာ အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရတာလေ။ အဲဒီ ၄ ဂဏန်းကို သတိထားရမယ်"ဟု ပြောဖူးသည်ကို အမှတ်ရမိ၏။

သို့မို့ကြောင့်ပဲဟုထင်သည်။ ဟိုတယ်တွင် အခန်းနံပါတ် ၁၃ ကို မထားခြင်းဖြစ်လိမ့်မည်ဟု စာရေးသူ ကိုယ့်ဘာသာကိုယ် တွေးကြည့်မိ၏။ ဂဏန်း ၁၃ ကို ပေါင်းလိုက်လျှင် ၄ ရမည်။ ယင်း ဂဏန်းနံပါတ် ၄ သည် ကံမကောင်းသော နံပါတ်ဖြစ်၍ ၎င်းနံပါတ် ၁၃ ကို မထားခြင်းလားဟု စဉ်းစားကြည့်မိ၏။

စာရေးသူတွင် နောက်ထပ် အဆင်မပြေသော ဂဏန်းရှိ၏။ ယင်းဂဏန်းမှာ ၁၉ ဖြစ်သည်။ စာရေးသူအားစီးရန် ဌာနမှထုတ်ပေးထားသော လေးဘီးကား ဘီ ၆၀၀ ၏ ကားနံပါတ်မှာ ၈၂/၁၆၄၇ ဖြစ်၏။ ၎င်းကားသည် နှစ်ကြိမ်နှစ်လီ ယာဉ်တိုက်မှုဖြစ်ခဲ့၏။ ပထမတစ်ကြိမ်တွင် စာရေးသူက ယာဉ်ပြင်ဆင်စရိတ်ကို စိုက်ထုတ်ပေးခဲ့ရပြီး ဒုတိယအကြိမ်တွင် တရားဝင်ခန့်ထားသည့် ယာဉ်မောင်းက အခြားယာဉ်တစ်စီးကို တိုက်မိခြင်းဖြစ်၍ ဌာနက တာဝန်ယူပြင်ဆင်ပေးသဖြင့် တော်သေးသည်ဟု ဆိုရမည်။

ထိုသို့ ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်ပြီးနောက် စာရေးသူအိမ်သို့ ဆရာတော်တစ်ပါး ကြွလာ၏။ ဆရာတော်အား ထိုကားဖြင့်ပင် လိုက်လံပို့ဆောင်ပေးခဲ့၏။ ထိုကား ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ရသည့် အကြောင်းကိုလည်း ဆရာတော်အား လျှောက်ထားခဲ့ရာ ဆရာတော်က "မင်းရဲ့ ကားနံပါတ်ကိုက ဂဏန်းလေးလုံးပေါင်းလိုက်ရင် ၁၉ ရတယ်။ အဲဒီ ၁၉ ဂဏန်းဟာ ၁၉ ဌလိုင်ပဲ။ မျက်ရည်ဖြိုင်ဖြိုင်ကျရမယ်။ ကားနံပါတ်က မကောင်းဘူး။ ဖြစ်နိုင်ရင် ကားလဲလိုက်ပါ"ဟု မိန့်ပါသည်။

ဆရာတော်အမိန့်အတိုင်း သက်ဆိုင်ရာကိုတင်ပြပြီး ကားတစ်စီးလဲခဲ့၏။ ကားနံပါတ်လည်း အခြားနံပါတ် ပြောင်းလိုက်သဖြင့် အစစအရာရာ အဆင်ပြေသွားတော့သည်။

စာရေးသူလေ့လာမိသရွေ့ အချို့ဆိုလျှင် ကားနံပါတ်ကိုသာမက လက်ကိုင်ဖုန်း Hand Phone နံပါတ်ကိုပင် ရွေးချယ်အသုံးပြုကြသည်ကို တွေ့ရ၏။ ဈေးနှုန်းဘယ်လောက်ပေးရပေးရ သူတို့ကြိုက်သည့် နံပါတ်အတွက် ငွေပိုပေး၍ အသုံးပြုတတ်ကြသည်။ ဂျာနယ်တစ်စောင်၏ ဖော်ပြချက်အရ အနုပညာရှင်တစ်ဦးဆိုလျှင် ဂဏန်းနံပါတ် ၅ ကို အလွန်နှစ်သက်သဘောကျသည်။ သူပြောပုံက "ကျွန်တော့်အနေနဲ့ဆိုရင်တော့ နံပါတ် ၅ ကို အရမ်းသဘောကျတယ်။ နံပါတ် ၅ က သူငယ်တန်းကနေ ဆယ်တန်းထိက နံပါတ် ၅ နဲ့ ပတ်သက်တာချည်းပဲ။ အခု Master တန်းတက်တော့လည်း ခုံနံပါတ်က ၅ ပဲ။ ကျွန်တော် First Year, Second Year တန်းကလည်း ၅ တွေ တောက်လျှောက်ပါလာတယ်။ အဲ တစ်လျှောက်လုံးမှာ နံပါတ် ၅ ကပဲ အမြဲပါဖြစ်နေတယ်။ Lucky 7 လို့ ပြောကြတာက နံပါတ် ၇ နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အရှေ့တိုင်းမှာ နံပါတ် ၉ ကို ယုံကြည်ကြ သလိုမျိုး။ အနောက်တိုင်းမှာဆိုရင် ၇ နဲ့ပတ်သက်ပြီး ပြ ထန်ကြတယ်ထင်ပါတယ်။ အနောက်နိုင်ငံတွေမှာဆိုရင် ၇ နဲ့စတဲ့ ရက်တွေ၊ နံပါတ်တွေမှာ သူတို့တွေက အလုပ်အကိုင် တွေ စဖွင့်လုစ်တာမျိုးတို့၊ နောက်ပြီး ခုနစ်နစ်ပြည့်ပြီး နောက်ပိုင်းတွေကို အလုပ်အကိုင်တွေ တိုးချဲ့တာမျိုးတွေ အောင် မြင်တာတွေများတယ်ဆိုတဲ့ သဘောမျိုးတော့ရှိပါတယ်။ မဲ့နိုး လို့ နံပါတ် ၇ ရရင် Lucky 7 ဆိုတော့ ကံကောင်းတယ်ပြော တဲ့အပေါ်အမြင်က လူတွေက နံပါတ်တွေမှာဆို ၄ တို့ ၁ တို့ကို ကြောက်ကြပါတယ်။ အနောက်တိုင်းမှာဆို နံပါတ် ၄ ကို ကြောက်ကြတယ်။ အရှေ့တိုင်းမှာ နံပါတ် ၁၀ ကို ကြော ကြတယ်။ လူတွေက နံပါတ် ၉ နဲ့ ၇ ကို သလော ကြတယ်။ မဂဏန်းတွေကို သဘောကျတာလည်း ပါတယ် ၇၊ ၉ နဲ့ ပတ်သက်ပြီး အလုပ်တွေ တိုးချဲ့တာမျိုးတွေ၊ တ ဆိုရင် လုပ်ငန်းအောင်မြင်အောင် ဖန်တီးတာမျိုးတွေ ရှိတယ် နာမည်ပေးတာကအစ ၇ ဂဏန်းနဲ့ စတာကိုပဲ ပေးတတ် ကြတယ်။ တချို့က Lucky 7 နဲ့ပတ်သက်ပြီး အယူရှိကြ တယ်။ ကျွန်တော်တို့မြန်မာတွေမှာ မ-ဂဏန်းနဲ့ပတ်သက်ရင် အောင်မြင်တာများပါတယ်။ နောက်ပြီး ၅၊ ၇၊ ၉ စတဲ့ ကိ တွေမှာ အောင်မြင်ကြတာများတယ်"ဟု ဆိုသည်။

မည်သို့ဆိုစေ ဂဏန်းနှင့်ပတ်သက်လာရင် ယုံသော်ရှိ မယုံသော်ရှိ စာရေးသူအတွေ့အကြုံအရဆိုလျှင် လူတစ်ဦး ချင်းစီအတွက် အကျိုးပေးသောဂဏန်းရှိသလို အကျိုးမပေး သော ဂဏန်းရှိသည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှု အစုစုတွင် ဂဏန်းနံပါတ်ကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ ဂရုပြု ဆောင်ရွက်ခြင်းဖြင့် ဘဝအောင်မြင်မှုကို ရယူနိုင်ကြစေရန် အကြံပြုရပါ၏။

တက္ကသိုလ်သ
၀၉-၄၃၁



www.burmeseclassic.com

www.burmeseclassic.com



**...ရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

...ဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
...ချိန်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို
...ခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု ဩဂုတ်လအတွင်း
...ပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
...တော်သင်ခရီး သွားရောက်ရပြီးဟု ဟောကြားခဲ့ပါသည်။
...ခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
...ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
...တော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
...ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
...ကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၂၁ ၇၂၈

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**...ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

...နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**...ကုန်ဆေးခန်းဌာနခွဲ**

...(၅၀)၊ (၅)လွှာ၊ (၁၂၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၉၇၂၄၂၉၄၅၂
...သမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အလင်းဆောင်သူ

မနသဃကျော်ဝင်း(အမျိုးသားစာပေဆုရ)

အချိန်အားဖြင့် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်ကာလ ဧပြီလ၏ ညတစ်ညတွင်ဖြစ်၏။

"ဟဲလို . . .ဟဲလို ----မြို့နယ်ထွေ့ပ်စစ်ရုံးကပါလားခင်ဗျာ"

"ဟုတ်ပါတယ် ဘာကိစ္စရှိလို့လဲ"

"ဒီလိုပါခင်ဗျာ။ ကျွန်တော်တို့ ကျောက်နီလမ်းမှာ နေ့ခင်းကတည်းက မီးပျက်နေလို့ တစ်လမ်းလုံး ရေစက်ခုတ်ဖို့ရော၊ ကလေးတွေစာကျက်ဖို့ပါ ခက်နေပါတယ်၊ ဒုက္ခရောက်နေကြပါတယ်။ အမြန်ဆုံး လာပြင်ပေးဖို့ အကြောင်းကြား မေတ္တာရပ်ခံပါတယ်"

"အဲဒါ ပြဿနာပဲဗျို့။ ကျွန်တော်တို့ရဲ့ ရုံးကားက ပျက်နေလေတော့ မော်တော်ကားပြင်ပြီးမှပဲ လာနိုင်မှာ။ လှေကားကြီးတင်ပြီး ယူလာရမှာဆိုတော့ မော်တော်ကားမရှိပဲနဲ့ လာနိုင်မှာမဟုတ်ဘူးဗျို့"

"ဟဲလို. . .တခြားနည်းလမ်းမရှိတော့ဘူးလားခင်ဗျာ။ ကျွန်တော်တို့ ဒုက္ခရောက်လွန်းလို့ ပြောနေရတာပါ"

"ဒါဆို ဒီလိုလုပ်ပါလား။ ကျွန်တော်တို့ အငှားကားနဲ့ လာခဲ့မယ်။ ကားခတိုတော့ ခင်ဗျားတို့ ကျခံပေးကြပေါ့ခင်ဗျာ"

"ဖြစ်တဲ့နည်းနဲ့သာ လာခဲ့ကြပါခင်ဗျာ။ ကျွန်တော်တို့ မော်တော်ကားခပေးပါ့မယ်။ လက်ဖက်ရည်ဖိုးလည်း သီးခြားပေးပါ့မယ်ခင်ဗျ"

"ကောင်းပြီလေ။ နောက်ထပ် တစ်နာရီလောက်တော့ သည်းခံပြီး စောင့်ပေးကြပါ။ တစ်ခြားအရေးကြီးတဲ့လိုင်းတွေ ပြင်ပြင်ပြီးချင်း လာခဲ့ပါ့မယ်"

ဦးအတ္တသည် တယ်လီဖုန်းကို အသာအယာချထားလိုက်ပြီး ကျေနပ်စွာပြုံး၏။ သူတို့အဖွဲ့အတွက် ဒီညအဖို့တော့ အတော်လေး တွက်သားကိုက်သွားပေပြီ။ သူသည် စားပွဲပေါ်ရှိ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာရှိုက်လိုက်၏။ ထိုအခိုက် သူ့ရုံးခန်းထဲသို့ ဆံပင်ရှည်ရှည်နှင့် လူငယ်တစ်ယောက် ဝင်လာ၏။ သူ့ကိုကြည့်ရသည်မှာ တယ်ပြီး သားသားနားနားမရှိလှ။ အိမ်တစ်အိမ်တွင် မီးပျက်နေ၍ လာရောက်ပြင်ပေးပါရန် အကူအညီတောင်းခံသူ ဖြစ်လိမ့်မည်ဟု ဦးအတ္တက ထိုသူ၏အင်္ကျီရုပ်ကို ကြည့်ပြီး အကဲခတ်လိုက်မိ၏။ သူသည် ထိုလူငယ်ကို သိပ်ပြီး ဆက်ဆံလိုက်စိတ်မရှိ လှသော်လည်း လောကဝတ်အရပြုံး၍ ဆီးကြိုမှုပြု၏။ ဦးအတ္တက ဘာမျှမမေး မြန်းသေးမီ ထိုလူငယ်က-

"ဆရာတို့ သိပ်အလုပ်များနေကြသလား"

"ဟာ. . .မပြောပါနဲ့တော့ကွယ်။ လိုက်ပြီးပြင်ပေးစရာ ငါးနေရာတောင် ကျန်နေသေးတယ်။ ဒီညတော့ အိမ်ကို သန်းခေါင်ကျော်လောက်မှ ပြန်ရောက်နိုင်မယ်ထင်တယ်"

"ဒီလိုဆိုရင်လည်း ကျွန်တော် ပြန်လိုက်ပါဦးမယ်ခင်ဗျာ. . .။ လာပြီး အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ"

ဆံပင်ရှည်ရှည်နှင့် လူငယ်သည် ဦးအတ္တတို့အဖွဲ့ကို နှုတ်ဆက်ပြီးနောက် ဦးခေါင်းငိုက်စိုက်ချလျက် ရုံးခန်းထဲမှ ထွက်ခွာသွား၏။ သူ၏နောက်ကျောပြင်ကိုကြည့်ရင်း ဦးအတ္တသည် ခေါင်းတညိတ်ညိတ်ပြုလျက် ပြုံးနေမိ၏။

"ငါက လိမ်ပြောလိုက်တာမှ မဟုတ်ဘဲ ငွတိုရာ။ အခြေအနေမှန်အတိုင်း ပြောပြလိုက်တာကို သူဟာသူ စိတ်ပျက်ပြီးပြန်သွားတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ဒီကောင့်ရဲ့ရုပ်ကိုကြည့်ရတာ သူ့အိမ်မှာ မီးပျက်နေလို့ ငါတို့ကို လာပင့်ပြီး အလကားပြင်ခိုင်းမယ့် အင်္ကျီရုပ်မျိုးကွ။ ဒီလိုဟာမျိုးတွေလောက်တော့ အတ္တတို့က အံတိုနေပြီ ဟီးဟီး"

"ဒါပေါ့ အာစရိရဲ့။ ကိုယ့်အတွက် အကျိုးမရှိမယ့် အလုပ်မျိုးတွေကို ဘာလို့ အပင်ပန်းခံပြီး လုပ်ကြမှာလဲ။ အတ္တဟိတ၊ ပရဟိတဆိုတဲ့ စကားမှာတောင် အတ္တဟိတ ကိုယ်ကျိုးအတွက်ဆိုတာက အရင်လာတယ်မဟုတ်ဘူးလားဆရာ"

www.burmeseclassic.com

"မှန်တာပေါ့ကွာ။ ဪ…ဒါ ထက် ဒီကနေ့ည ကျောက်စိမ်းလမ်းထဲမှာ အသုဘအိမ်တစ်အိမ် ရှိနေတယ်လို့ သတင်းရထားတယ်။ အဲဒါ မီးမပျက်စေဖို့အတွက် ထုံးစံကြေး လာပေးသွားကြပြီလား"

"စောစောကပဲ လာပေးသွားပါပြီဆရာ။ ကျွန်တော်တို့ရဲ့ ဘုံအံဆွဲထဲမှာပဲ စာရင်းစာရွက်နဲ့ စုပေါင်းထည့်ထားပါတယ်။ လာမယ့် စနေနဲ့ တနင်္ဂနွေနေ့တွေမှာ ပယင်းလမ်းက ခန်းမဆောင်မှာလုပ်ကြမယ့် မင်္ဂလာဆောင်တွေအတွက် မီးမပျက်အောင် ဆောင်ရွက်ပေးကြဖို့ ထုံးစံကြေးတွေကိုလည်း နေ့ခင်းကပဲ လာပေးသွားခဲ့ကြပါပြီဆရာ"

"အေး…ကောင်းသကွာ။ ဒီည လည်း ခါတိုင်းလိုပဲ အလုပ်တွေအားလုံးပြီးတော့မှ ခွဲတမ်းချကြတာပေါ့။ ဒီအစီအစဉ်ကို သဘောတူကြတယ်မဟုတ်လား"

"တူပါတယ်ဆရာ"

× × ×

ဦးအတ္တသည် ——မြို့နယ် လျှပ်စစ်ရုံး၌ အတော်လေး အရေးပါသူဖြစ်၏။ ဤမြို့နယ်ရှိ လမ်းမီးအိမ်မီးများ အားလုံးသည် သူ့လက်ထဲတွင်ရှိနေ၏။ လင်းလိုကလင်း၊ မှောင်လိုကမှောင် စွမ်းဆောင်နိုင်သူတစ်ဦးအဖြစ် သူ့ကိုယ်သူ ဂုဏ်ယူမိ၏။ တချို့က သူ့ကို ——မြို့နယ်၏ အလင်းဆောင်သူဟူသောဘွဲ့ကို ချီးမြှင့်ထားကြရာ သူသည် အလိုလိုနေရင်း သွေးနထင်ရောက်ကာ ဘဝင်ခိုက်လျက်ရှိ၏။

"ဟော့…ဒွတို့၊ မဟူရာလမ်းက လုပ်ငန်းရှင်တွေကရော တို့ဆီကို ထုံးစံကြေး မှန်မှန်ပေးကြရဲ့လားကွဲ့"

"ပေးကြပါတယ်ဆရာ။ မှန်မှန် မပေးကြလို့ကတော့ မဟူရာလမ်းဟာ မဟူရာညဖြစ်သွားမှာပေါ့ခင်ဗျာ၊ ဟဲဟဲ"

"ဪ…ဒါထက် ဥဿဖယား လမ်းက ကုန်သည်ကြီးဦးဝက်ပေါ်ရဲ့အိမ်က မီးလိုင်းချိန်ချင်တယ်ဆိုတာ မင်းတို့အဖွဲ့ သွားလုပ်ပေးပြီးပြီလား။ မပြီးသေးရင် အမြန်ဆုံးလုပ်ပေးလိုက်ကြပါကွာ။ ဒီလူကြီးက သိပ်ပြီးရက်ရောပါတယ်။ လိုင်းချိန်ခတောင် ကြိုပြီးပေးထားပြီးပြီကွ"

"ဟာ…နေ့ခင်းကပဲ လုပ်ပေးပြီးပါပြီဆရာ။ အမြဲတမ်း အဆင်ပြေနေအောင် သရီးဖေ့စ်(သုံးလိုင်း)ဂျိုင်းထားပေးလိုက်တယ်"

"အေး…ကောင်းတယ်ဟော့"

ဦးအတ္တတို့အဖွဲ့၏ ကောင်းမှုကြောင့် ——မြို့နယ်ရှိ ရပ်ကွက်အသီးသီးတွင် ဓာတ်အားသည် တစ်လိုင်းနှင့်တစ်လိုင်း မတူညီကြတော့ချေ။ ငွေကြေးတတ်နိုင်သူတို့က လိုင်းကောင်းချိတ်ခြင်း၊ သုံးလိုင်းဝင်ထားခြင်းတို့ကြောင့် လျှပ်စစ်မီး ထိန်ထိန်လင်းနေသော်လည်း ငွေကြေးမပြည့်စုံသူတို့၏ နေအိမ်များမှာ ဝန်နှင့်အားမမျှသည့် လိုင်းမျိုးတွင် ချိတ်ထားကြရသဖြင့် အမှောင်ထဲ၌သာ ငုတ်တုတ်ထိုင်နေရသည်ကများ၏။ သို့မဟုတ်ပါကလည်း ဖယောင်းတိုင်မီးကိုသာ အားကိုးကြရရှာ၏။

"ဆရာတို့ သိပ်အလုပ်များနေကြသလား"

ရော…ဒီလူငယ် လာပြန်ချေပြီ။ မနေ့တုန်းကလည်း ဤရုံးခန်းသို့ သူလာ၏။ ယခုလည်း ရောက်လာပြန်ချေပြီ။ သူ့အိမ်တွင် မီးပျက်နေသဖြင့် ပြင်ပေးရန်ခေါ်ဆောင်ဖို့ လာရောက်ခြင်းပင် ဖြစ်လိမ့်မည်။ မနေ့တုန်းက မိမိတို့၏ အခြေအနေမှန်ကို ပြောပြလိုက်သဖြင့် ထိုလူငယ်သည် ဦးခေါင်းငိုက်စိုက်ချလျက် ရုံးခန်းထဲမှ ထွက်ခွာသွားခဲ့ရှာ၏။ တယ်လီဖုန်းဖြင့် မဆက်နိုင်ဘဲ လူကိုယ်တိုင် လာရောက်ရခြင်းကို ထောက်ရှု၍ သူသည် အလွန်ပင်နွမ်းပါးသူ ဖြစ်ပေလိမ့်မည်။ ငွေဝင်မည့် အလုပ်တွေကိုပစ်ပြီး သူ့နောက်သို့လိုက်သွား၍ မဖြစ်သေး။ ဒီတော့ အခြေအနေမှန်ကို ပြောပြလိုက်သည်က အကောင်းဆုံးပင်မဟုတ်လား။

"နောက်ထပ် ခြောက်နေ့ရလောက်သွားပြီး ပြင်ပေးရဦးမယ်ကွဲ့။ ဒီညတော့ မလွယ်ပါဘူး"

"အင်းလေ…ဒီလိုဆိုရင်လည်း ကျွန်တော်ပြန်ပါဦးမယ်"

ထိုသူသည် ထုံးစံအတိုင်းပင် ဦးခေါင်းငိုက်စိုက်ချလျက် ရုံးခန်းထဲမှထွက်ခွာသွားရှာလေ၏။

"ဆရာဦးအတ္တတို့ကတော့ တော်ပါပေတယ်ဗျာ။ လူတစ်ယောက်ကို စိတ်ဓာတ်တက်အောင်လည်း ပြောနိုင်တယ်။ စိတ်ဓာတ်ပျက်အောင်လည်း ပြောနိုင်တယ်။ အခုကြည့်ပါလား။ ဟိုဆံရှည်ကိုယ်တော်လေးဆိုရင် နှစ်ရက်ရှိပြီ ဇက်ကျိုးပြီး ပြန်သွားရရှာတာ"

"ဟ…မောင်ညွှပ်စိရဲ့ ငါက မှသာဝါဒသုံးလိုက်တာမှ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမှန်ကိုသာ မချွင်းမချန်ပြော ပြလိုက်တာပါ။ အဲ…သူဟာသူ စိတ် ချုပ်ပြီးပြန်သွားတာကတော့ ဘယ် အတ်နိုင်မလဲကွာ။ ငါတို့ ငွေရဖို့ အကြံ အစန်လုပ်ထားတဲ့ နေရာတွေကိုသာ သွားမပြပေးဘဲ သူနောက်လိုက်သွား ဖို့ရော ဘာအကျိုးရှိမှာလဲ ကိုယ့်လူရာ"

× × ×

"ဟဲလို ----မြို့နယ် လျှပ်စစ်ရုံး အပါလားခင်ဗျာ"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့ပါ ဆဲ"

"ဒီလိုပါခင်ဗျာ။ ကျွန်တော်တို့ သန္တာလမ်းထဲမှာ မီးပျက်နေတာ ငါးနာ ရီလောက် ရှိနေပါပြီ။ အဲဒါ ဆရာတို့ လာပြင်ပေးဖို့ အကြောင်းကြားတာပါ ခင်ဗျာ"

ဦးအဝ္ဆာသည် သူ၏အောက်နှုတ် ခမ်းကို အပေါ်သွားဖြင့် အသာအယာ ဖိကိုက်လိုက်ပြီး မျက်မှောင်ကြုံ၍ စဉ်း စားလိုက်၏။ သန္တာလမ်းသို့ သူမသွား ချင်၊ တကယ်တော့ ဤလမ်းသူလမ်း သားတို့သည် အလွန်ပင် ကပ်စေးနဲကြ ၏။ ယခင်က သန္တာလမ်းတွင် မီးပျက်၍ သူတို့သွားပြင်ပေးဖူးရာ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ဖြင့်သာ ကျေနပ်ခဲ့ကြရ ၏။ ထုံးစံကြေး တစ်ပြားမှ မရခဲ့ကြ။ ခပ်ပြောင်ပြောင်တောင်းယူဖို့ကလည်း ထိုလမ်းထဲ၌ အလွန်စွာသော စာရေး ဆရာတစ်ယောက် နေထိုင်လျက်ရှိ ကြောင်း ကြားသိထားရသဖြင့် မဝံ့မရဲ ဖြစ်နေကြ၏။ တော်ကြာ ဟိုတိုင်၊ သည် တိုင်လုပ်လျှင် သို့မဟုတ် သတင်းစာ လူထုအော်သံအခန်းမှ ရေးလိုက်လျှင် ခက်ရချေသေးရဲ့။ ထို့ကြောင့်လည်း ဦးအဝ္ဆာတို့အဖွဲ့သည် အသာချိုပြီး တပ် ခေါက်ပြန်ခဲ့ရ၏။ ဟော…အခု သန္တာ လမ်းမှာ မီးပျက်ပြန်ပြီတဲ့။ သူသည် လေသံကို အနည်းငယ်မြှင့်လိုက်ပြီး -

"ကျွန်တော်တို့ သိပြီးပါပြီခင်ဗျာ။ အဲဒီလိုင်းက လိုင်းကြိုးပြတ်ကျတာဆို တော့ လိုင်းကြိုးအသစ်လဲတပ်မှဖြစ်မှာ ခင်ဗျ"

"အခု လာတပ်ပေးလို့ မဖြစ်ဘူး လားခင်ဗျာ။ လမ်းထဲက ကျောင်းသူ ကျောင်းသားလေးတွေ စာမေးပွဲသိပ်နီး နေတော့ စာကျက်ဖို့ အခက်အခဲတွေ နေကြလို့ပါ။ ပြီးတော့လည်း ရေစက်ခုတ် ဖို့ အခက်အခဲရှိနေကြတာကြောင့်ပါ"

> "ခွေးမသား
> ကြာကူရီနဲ့ နောက်
> မီးလင်းတဲ့မျောက်မ၊
> ငါ့အကြောင်း
> ကောင်းကောင်းကြီး
> သိရစေမယ်ဟေ့။
> နစ်လောင်းပြိုင်သတ်
> ပစ်မယ်၊
> သေကြပေတော့"

"ဆောရီးပဲဗျာ။ လိုင်းကြိုးအသစ် လဲတပ်ပေးဖို့က လောလောဆယ် မလွယ်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့ အထက် လူကြီးက ပစ္စည်းတွေ သူ့ရုံး ခန်းထဲမှာ သော့ခတ်ပြီးသိမ်းသွားလေ တော့ ပစ္စည်းထုတ်ယူဖို့ခက်နေလို့ပါ။ သူ ပြန်လာမှ သော့ဖွင့်ပြီးထုတ်ယူရမှာခင်ဗျ"

"သူက ဘယ်အချိန်ပြန်လာမှာ လဲ"

"နက်ဖြန်မနက် ၉ နာရီခွဲမှ ပြန် လာမှာ"

"ဒုက္ခပါပဲဗျာ"

တစ်ဖက်မှ စိတ်ပျက်စွာညည်း တွားရင်း တယ်လီဖုန်းကိုချလိုက်သဖြင့် ဦးအဝ္ဆာလည်း တယ်လီဖုန်းကို ပြန်ချ ထားလိုက်သည်။ ထိုစဉ် သူသည် မြင် ကွင်းတစ်ခုကြောင့် မျက်လုံးပြူးသွားရ ၏။ ဆံပင်ရှည်ရှည်နှင့်လူငယ် လာပြန် ချေပြီတကား။ ဤညပါနှင့်ဆိုလျှင် ထိုလူ ငယ် ဤရုံးခန်းသို့လာသည်မှာ သုံးည ဆက်တိုက်ပင် ရှိချေပြီ။

"ဆရာတို့ သိပ်အလုပ်များနေ သလား"

ယခင်ညများအတိုင်း သူ့ထံမှ မေးခွန်းစကား ထွက်ပေါ်လာပြန်၏။

"အလုပ်များသလားမမေးနဲ့။ ယား လို့တောင် မကုတ်အားပါဘူး။ နောက် ထပ် ရှုပ်နေရာလောက်လိုက်ပြီး ပြင်ပေး ရဦးမှာ။ ဒီညအဖို့တော့ အိမ်တောင် ပြန်နိုင်မယ် မထင်တော့ပါဘူး"

"အင်းလေ၊ ဒါဆိုရင်လည်း ကျွန် တော်ပြန်ပါဦးမယ်"

သူသည် ယခင်ညများကလိုပင် ဦးခေါင်းငိုက်စိုက်ချလျက် ရုံးခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခွာသွား၏။ ထိုသူ ခပ်လှမ်းလှမ်းသို့ရောက်သွားတော့ ဦးအတ္တက -

"ဟေ့ကောင် ဂွတို၊ ငါ ဒီကောင့်ကို တယ်ပြီး မသင်္ကာချင်တော့ဘူးကွ။ သူ့အိမ်မှာ မီးပျက်နေတာပြင်ပေးဖို့ ငါတို့ကိုခေါ်ဖို့ ဒီကိုလာတာလား။ ဒါမှ မဟုတ် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ယောက်ယောက် ဖြစ်နေမလားဆိုတာ စဉ်းစားစရာပဲကွ။ ဒီတော့ အခြေအနေမှန်ကိုသိရအောင် မင်းသူ့နောက်လိုက်ပြီး တိတ်တိတ်စုံစမ်းပေတော့။ တကယ်လို့ အကြောင်းထူးရင် ငါ့ဆီကိုချက်ချင်းလာပြော ကြားလား"

"ဟုတ်ကဲ့ဆရာ"

ဂွတိုသည် ဦးအတ္တ၏အမိန့်အတိုင်း ဆံရှည်ကိုယ်တော်၏နောက်မှ တိတ်တဆိတ် နောက်ယောင်ခံလိုက်ပါသွားလေ၏။ နာရီဝက်ခန့်အကြာ၌ သူသည် ရုံးခန်းသို့ အမောတကောနှင့် ပြန်လည်ရောက်ရှိလာ၏။

"ဟေ့ကောင် ဂွတို၊ အဲဒီဆံရှည်ကိုယ်တော်ရဲ့အိမ်မှာ မီးပျက်နေတယ် မဟုတ်လားကွ"

"ဟောဟဲ့...ဟောဟဲ၊ သူ့အိမ်မှာ မီးပျက်မပျက် သူဘယ်မှာနေသလဲဆိုတာ ကျွန်တော်မသိလို့ မပြောတတ်ဘူးခင်ဗျ။ အဲ...ဒါပေမယ့် ဆရာ့အိမ်မှာတော့ နောက်မီးလင်းတဲ့ကိစ္စဖြစ်နေတာ သေချာသွားပြီ"

"ဟေ...ဘာပြောတယ်။ ဘယ်လိုဖြစ်တာလဲကွ"

"ဒီလိုပါဆရာ။ ကျွန်တော် တိတ်တိတ် နောက်ယောင်ခံလိုက်သွားတော့ အဲဒီ ဆံရှည်ငနဲက ဆရာ့အိမ်ကို တန်းမတ်မတ်သွားတာ တွေ့လိုက်ရတယ်။ ဆရာကတော်က အလှပြင်ပြီး အိမ်ပေါက်ဝမှာ သူ့ကိုစောင့်ကြိုနေတာ တွေ့ရတယ်။ သူတို့ချင်းလည်း ဆုံမိကြရော ဆံရှည်ကိုယ်တော်က ဆရာကတော်ကို မမရဲ့ဒါလင်ကြီးတော့ ဒီညရှစ်နေရာလောက်လိုက်ပြီး ပြင်နေရဦးမှာမို့ အိမ်ပြန်လာနိုင်မှာမဟုတ်ဘူး။ ဒီတော့ မမနဲ့ကျွန်တော် ဒီတစ်ညလုံး အေးအေးဆေးဆေး ချစ်ဗျူဟာခင်းနိုင်ကြပြီပေါ့လို့ ပြောတယ်။ အဲဒီနောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်ပြီး အိမ်ခန်းထဲဝင်သွားကြလေရဲ့၊ ကျွန်တော်လည်း ခိုးကြောင်ခိုးဝှက်နဲ့ အပြင်ဘက်ကချောင်းရတော့ နောက်ထပ် ဘာတွေ ဆက်ဖြစ်သလဲဆိုတာ မသိနိုင်၊ မမြင်နိုင်တော့ပါဘူး။ သူတို့ကလည်း အိပ်ခန်းမီးကို ပိတ်လိုက်ကြတာကိုးခင်ဗျ"

ဂွတို၏စကားအဆုံး၌ ဦးအတ္တသည် ကျားတစ်ကောင်ပမာ ထိုင်ခုံပေါ်မှ ဝုန်းခနဲခုန်ထလိုက်၏။

"ခွေးမသား ကြာကူရီနဲ့ နောက်မီးလင်းတဲ့မျောက်မ၊ ငါ့အကြောင်းကောင်းကောင်းကြီး သိရစေမယ်ဟေ့။ နှစ်လောင်းပြိုင်သတ်ပစ်မယ်၊ သေကြပေတော့"

ဘယ်သူမျှ ဆွဲထားချိန်မရလိုက်ခင် သူသည် ရုံးခန်းထဲမှ ကဆုန်ပေါက်ပြေးထွက်သွားလေ၏။ ဒေါသမီးတောက်လောင်နေ၍လားမသိ။ သူ့ခြေထောက်တွေက မြေကြီးနှင့် မထိသလောက်ပင် လျင်မြန်နေ၏။ သည်လိုနှင့် သူ့အိမ်သို့ မရောက်မီ နှစ်လမ်းကျော်ဖြစ်သော သန္တာလမ်းကိုအဖြတ်၌ မှောင်မည်းနေသဖြင့် မျက်လုံးများပြာဝေ၍သွား[...] ဤလမ်းတွင် မီးပျက်နေ၍ လာပြင်[...] ပါရန် စောစောတုန်းက သူ့ထံသို့ [...] ဖြင့် အကြောင်းကြားခဲ့ကြ၏။ သို့ရာတွင် ထုံးစံကြေးရမည် မထင်သောကြောင့် သူတို့အဖွဲ့က လာမပြင်ခဲ့ကြ။ [...] တော့ မှောင်မှောင်မည်းမည်းတွင် [...] သည် စမ်းတဝါးဝါးနှင့် လျှောက်သွား[...] ရလေပြီ။

"ဝုန်း"

"အောင်မယ်လေး သေပါပြီဗျ"

နေ့ခင်းတုန်းက ဤလမ်း[...] မိလ္လာလမ်းကြောင်း ပိတ်ဆို့နေ၍ သ[...] ဆိုင်ရာက လာရောက်ပြင်ဆင်သွား[...] ကြ၏။ သို့ရာတွင် လေမှုတ်စက်ရုံ [...] မှုတ်ရာလမ်းကြောင်း ကောင်းစွာမရှ[...] သေးသဖြင့် စည်ပင်လုပ်သားများ[...] မိလ္လာကန်အဖုံးကို မပိတ်သေးဘဲ [...] အတိုင်း ဖွင့်ထားခဲ့ကြ၏။ လျှပ်စစ်မီး[...] အလင်းရောင်မရှိ၍ မှောင်နေသော[...] ကြောင့် မမြင်မကန်း စမ်းတဝါးဝါးနှ[...] လျှောက်လာရသူ ဦးအတ္တခမျာ ထိုတွင်[...] ပေါက်မှတစ်ဆင့် မိလ္လာကန်ထဲသို့ လိမ့်[...] ကျခဲ့ရ၏။ ခြေနှစ်ချောင်းစလုံး တွင်တွင်[...] ကျိုးခဲ့ရ၏။ သို့အတွက် ဦးအတ္တတစ်[...] ယောက် ကံဆိုးသည်ဟု ဆိုရမလား[...] သို့မဟုတ် နှစ်လောင်းပြိုင်လူသတ်မှ[...] မကျူးလွန် လိုက်ရတော့သဖြင့် ထော[...] တန်းကျမည့် အရေး ကြိုးစင်ပေါ်တက်[...] ရမည့်အရေးမှ ကင်းဝေးသွားသဖြင့် က[...] ကောင်းသွားသည်ဟု ဆိုရလေမည်[...] လော။

မနုဿကျော်ဝင်း(အမျိုးသားစာပေ[...])



www.burmeseclassic.com

www.burmeseclassic.com

အယူတော်မင်္ဂလာ ဥယျာဉ်ထဲက

# အမေ

**ကျော်ဇင်သွေး** (သာယာရွှေပြည်ဟိုန်း)

## မိဘဆရာသမားကို ချစ်ရင်


ပိုင်းလော့ဆရာတော်အရှင်ဇေယျပဏ္ဍိတ

မိဘ ဆရာသမားကိုချစ်ရင် တစ်ခွန်းတည်းသော စကားနဲ့ နားထောင်ရတယ်။ ပြန်မပြောရဘူး။ နောက်မှ အကျိုးအကြောင်း ရှင်းပြရတယ်၊ ကိုယ့်ဘဝ တကယ်တိုးတက်ချင်ရင်၊ စီးပွားတိုးတက်ချင်ရင် မိဘဆရာသမားကို အင်မတန် ရိုသေရတယ်။ နဖူးနဲ့ မြေမထိပြီး ပူဇော်ကြ၊ မြတ်နိုးကြ၊ မော်ကြည့်ကြ၊ မိဘပြောချင်တာပြောပစေ၊ မိဘကို အမှန်ထားရမယ်။ တကယ်ချစ်ရတယ်နော်။

[အဆုံးအမများ စာအုပ်မှ]

ဤကမ္ဘာလောကဝ္ဓ ချစ်စရာ အကောင်းဆုံးသူ သည် မည်သူဖြစ်ပါသနည်းဟု ရှာဖွေကြည့်မိလေ၏။

သေချာစွာ စေ့စေ့လေ့လာကြည့်သောအခါ ချစ်စရာ အကောင်းဆုံးလူသားကို ထင်ရှားစွာ တွေ့ရလေ၏။ ကမ္ဘာ ပေါ်ရှိ လူသားအားလုံးကလည်း ထိုအဆိုကို လိုလား နှစ်သက်စွာ သဘောတူကြမည်ဟု ယုံကြည်မိပါ၏။

အမေ့အကြောင်း တွေးမိသောအခါ ဆရာ မောင်သာချို ၏ အမေ့ကျောင်းတွေ ကောင်းကြပါရဲ့လား ဆောင်းပါးလေးကို သတိရမိ၏။ ဆရာ့ဆောင်းပါးတွင်-

အခြေခံ တစ် နှစ် သုံး လေး ကလေးတွေကို သင်ပေးနိုင်တာ အမေပေါ့။ "ဝ" လုံးကလေး ဝိုင်းဝိုင်းရေး ဖို့ လေ့ကျင့်ပေးနိုင်တာ အမေပေါ့။ "စာ" ကို ပီပီသသ



www.burmeseclassic.com

www.burmeseclassic.com

ကြည်ကြည်မြမြ အသံထွက် ဖတ်ပြနိုင်တာ အမေပေါ့။ လူကြီးတွေကို ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတတ်အောင် သင်ပေးတာ အမေပေါ့။ ခိုးဝှက် ဆိုးမိုက်တာ ဘယ်တော့မှ မကောင်းကြောင်း သင်ပေးတာ အမေပေါ့။

တိရစ္ဆာန်လေးတွေကို သနားဖို့ ချစ်ဖို့၊ သစ်ပင်လေးတွေကို ရေလောင်းဖို့ ဂရုစိုက်ဖို့ သင်ပေးနိုင်တာ အမေပေါ့။ လျှပ်စစ်မီးကို မလိုအပ်ဘဲ ဖွင့်မထားဖို့ ရေပိုက်ခေါင်းကို အကြောင်းမဲ့ ဖွင့်မထားဖို့ သင်ပေးနိုင်တာအမေပေါ့။

မိုး ဘာ့ကြောင့်ရွာ၊ လျှောင် ဘာကြောင့်လှုပ်၊ နေ့တွေ၊ ညတွေဘာကြောင့် ဖြစ်၊ ပြောပြပေးနိုင်တာ အမေပေါ့။ ရှေးသူရဲကောင်းတွေ အကြောင်းပြောရင်း နိုင်ငံချစ်စိတ်ဝင်အောင် သင်ပေးနိုင်တာ အမေပေါ့။ ကိုယ့်အမှိုက်ကိုယ်ကောက် ကိုယ့်ကစားစရာ ကိုယ်ပြန်သိမ်းဖို့ သင်ပေးနိုင်တာ အမေပေါ့ဟု ရေးခဲ့ဘူးလေ၏။

တစ်နေ့သော ညနေခင်းတွင် ဖြစ်လေ၏။ မိခင်သည် အယူတော်မင်္ဂလာ ဗေဒင်သင်တန်းခန်းမအတွင်း ဗေဒင် သင်တန်းသူ သင်တန်းသားများအား စာသင်ရန် ပြင်ဆင်နေစဉ် ကျွန်ုပ်အား ကုလားထိုင်တစ်လုံးကို ရွှေ့ခိုင်းလေ၏။

ကျွန်ုပ်သည် မိခင် ဖခင်တို့၏ ရှေ့သို့ရောက်တိုင်း (ချစ်၊ ကြောက်၊ ရိုသေ) စိတ်လွှမ်းကဲနေသည်ဖြစ်ရာ အမြဲလိုလို ကို့ရို့ကားယား ဖြစ်တတ်သည်၊ သဘာဝအတိုင်း ကုလားထိုင်ကို နေရာတကျ မထားမိသောကြောင့်။

မိခင်သည် ကျွန်ုပ်၏ ကျောကုန်းကို အုန်းကနဲနေအောင် နာနာထုလိုက်ရင်း . . .

"ငါ ငယ်ငယ်က ကျောင်းဆရာမလုပ်လာတာ ငါ့လက်က မြန်တယ်၊ ဒါလေးတောင် နေရာတကျ မထားတတ်ဘူးလား"ဟု ဆိုလေ၏။

ကျွန်ုပ်သည် မိခင်၏ ထိုအပြုအမူကြောင့် လွန်ခဲ့သော နှစ်ပေါင်း(၂၀)ခန့်က ဆုံးပါးသွားပြီဖြစ်သော အမေဒေါ်အေးရင်ကို သတိရခြင်းနှင့်အတူ အမေဆိုတာ "ဒါ" ကိုခေါ်တာဟု အတွေးနှင့်အတူ မိမိ၏ ငယ်စဉ်ကလေးဘဝကို သတိရနေမိလေတော့၏။

ကျွန်ုပ်တို့ငယ်စဉ် ကလေးဘဝက မိခင်ကို လွန်စွာကြောက်ကြရ၏။ မိခင်ရှေ့သို့ရောက်လျှင် ဆရာရှေ့သို့ရောက်သည့် တပည့်လေးများကဲ့သို့ လွန်စွာပျပ်ဝပ်ကျိုးနွံကြ၏။ မိခင်ကြီးပြောသော စကားကိုလည်း တစ်စုံတစ်ရာ ခွန်းတုန့်ပြန်၍ ပြောလေ့မရှိ၊ မှား မှား မှန် မှန် ငြိမ်၍သာ နားထောင်နေကြရလေ၏။ ခွန်းတုန့်ပြန်၍ ပြောမိလျှင် မိခင်သည် တွေ့ကရာနှင့် ကောက်၍ ပေါက်တတ်၊ ရိုက်တတ်၊ ခေါင်းကို ထုတတ်သည်ဖြစ်သောကြောင့် အမေ့ကို ကြောက်ရ၏။

ကျွန်ုပ်တို့ သားသမီးအားလုံးသည် အမေ့ကို ကြောက်သည့် စိတ်နှင့်အတူ လွန်စွာမှလည်း ချစ်ကြလေ၏။ အဘယ့်ကြောင့်ဆိုသော် အမေ ဖြစ်သောကြောင့်ဟု ဆိုရပေလိမ့်မည်။

ယခုလည်း အမေ ဆရာမကြီးဒေါက်တာစောယုနွယ်သည် ကျွန်ုပ်၏ ကျောကုန်းကို အုန်းကနဲနေအောင် ထုလိုက်သည်ဖြစ်ရာ အသက်အရွယ်ကြီးရင့်သူများ၌ ရခဲလှသော မိခင်ရင်းကြီး၏ မေတ္တာကို တွေ့ရှိရသောကြောင့် စာသင်နေစဉ် တစ်နေ့တာလုံး အလိုအလျှောက် ပြုံးရွှင်နေမိလေတော့၏။

ဆူတတ်၊ ပေါက်တတ်၊ ရိုက်တတ်ပြီး သားသမီးများအပေါ်တွင် တော်စေချင်၊ တတ်စေချင်၊ ထူးချွန်အောင်မြင်စေချင်သော မိခင်တို့၏ မေတ္တာကို အထင်းသားကြီး မြင်နေရသည်ဖြစ်သောကြောင့် မိခင်ကြီးအား အကြိမ်ကြိမ် ရှိခိုးကန်တော့နေမိလေတော့၏။

မိခင်" အတတ်ပညာပေးမှုများ၊ အသိပညာပေးမှုများ၊ ပံ့ပိုးဆုံးမမှုများသည် ကျွန်ုပ်အပါအဝင် ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com

သင်တန်းတက်လာသူ အားလုံး ကြီး ငယ် မရွေး၊ ကျားမ မရွေး၊ ဆူ ကြုံ နိမ့် မြင့် ဆင်းရဲ ချမ်းသာ မရွေး လူတိုင်း ကိုယ်စီအပေါ်တွင် မိခင်ရင်းကြီးကဲ့သို့ စေတနာထားနေသည်ကို မြင်တွေ့ရသည်ဖြစ်သောကြောင့် ဗေဒင်သင်တန်း တက်လာသူအားလုံးအတွက် ဒါလည်း ရခဲ့ခြင်း၊ ဒုလ္လဘ တရားတစ်ခုပါပဲဟု တွေးနေမိတော့၏။

***♦***

သံပုရာသီးကို "စား" နှင့် လှီးလိုက်သောအခါ ကျွန်ုပ်တို့၏ "လျှာ" မှ ဖျန်းကနဲနေအောင် လျှာရည်ကလေးများထွက်လာတတ်၏။ ဤသည်ကိုပင် သွားရေယိုသည်ဟု သုံးနှုန်းကြပါ၏။

မိခင်က အင်္ဂဝိဇ္ဇာပညာရပ်များကို သင်ကြားပေးနေရင်း နိုင်ငံကျော် ရုပ်ရှင်ဒါရိုက်တာကြီးပန်းချီစိုးမိုးအား ဘွဲ့ထူးဂုဏ်ထူးများရမည်ဟု ဟောလိုက်ရာ မိခင်ဗေဒင်ဟောပေးပြီး မကြာမီ ကာလတွင် ဒါရိုက်တာကြီးသည် နိုင်ငံတော်မှ ချီးမြှင့်သော "အလင်္ကာကျော်စွာ" ဘွဲ့ကြီးကို ရခဲ့လေ၏။

ဤ ဗေဒင်ဟောကွက်ကို မိခင်က ကျွန်ုပ်တို့ ဗေဒင်သင်တန်းသားများကို ပြောပြသောအခါ ကျွန်ုပ်၏ စိတ်ထဲတွင် ငါလည်း "အမေ့" လို ဗေဒင်ဟောတတ်ချင်လိုက်တာဟု သွားရေကျမိလေတော့၏။

မိခင် ပြောပြသည့် အံ့ဩစရာကောင်းလှသော ဗေဒင်ဟောကွက်ကလေးကိုလည်း သတိရမိ၏။ အဘ ဆရာကြီးဒေါက်တာမင်းသိခ်သည် သူ၏ အနံ့ဆုံး တပည့်တစ်ယောက်အား . . .

ခွက်ကလေး တစ်လုံးကို မှောက်ပြထားပြီး အထဲမှာ ဘာရှိသလဲဟု ပြောခိုင်းသည်ဟု ဆိုလေ၏။ တပည့်ဖြစ်သူက ဗေဒင်တွက်ချက်ပြီး အထဲမှာ ရွှေရှိတယ်၊ ရွှေတောင်ရိုးရိုးရွှေမဟုတ် "ရွှေလက်စွပ်" ဟု ပြောလေ၏။

အဘမင်းသိခ်က မှောက်ထားသောခွက်ကို လှန်လိုက်သောအခါ ရွှေလက်စွပ်တစ်ကွင်း ဖြစ်ကြောင်း တွေ့ရလေတော့၏။

မိခင်သည် အဘမင်းသိခ် တီထွင်ခဲ့သော "ကေသ" ဗေဒင်ပညာကို သင်ကြားနေခြင်းဖြစ်၏။ ခွက်အောက်က အုပ်ထားသော ပစ္စည်းကို မှန်အောင်ပြောနိုင်သော ကေသကဒ်ကလေးမှာ ဗုဒ္ဓဟူးအကောင်းကဒ် ဖြစ်ကြောင်း မိခင်က ပြောပြလေ၏။

ထို့ကြောင့် စိတ်ဝင်စားမှုလည်းနည်းခဲ့ပါ၏။ မိခင်ကြီးသင်ကြားပြသမှုပင် ကေသပညာ၏ ခရီးရောက်ပုံကို သိရခြင်းနှင့်အတူ အထင်ကြီးလေးစားမိလေတော့၏။ မိခင်သည် ကေသပညာနှင့် အင်္ဂဝိဇ္ဇာပညာ ဆက်စပ်၍ ဟောရပုံများကိုလည်း ပြောပြသည်ဖြစ်ရာ အချိုပေါ် သကာလောင်းဆိုသကဲ့သို့ ကျွန်ုပ်တို့အတွက် အတတ်ပညာပေါင်းများစွာသည် တိုး၍တိုး၍ ပွားများလာလေတော့၏။

ကျွန်ုပ်သည် ၂၀၁၅ ခုနှစ် မကုန်မီက အဘနှင့် အမေတို့ နေအိမ်တွင် ဖွင့်လှစ်သော အယူတော်မင်္ဂလာ ဗေဒင်သင်တန်းသို့ ဒုတိယအကြိမ် ပြန်လည်တက်ရောက် သင်ကြားခဲ့ရ၏။

မိခင် ဖခင်တို့နှင့် စတင်တွေ့ဆုံ သင်တန်းတက်ခွင့်ရသည်မှာ (၂၀၁၀) နှစ်ကဖြစ်သော်လည်း ထိုမိဘနှစ်ပါးနှင့် ရင်းနှီးကျွမ်းဝင်နေသည်မှာ လွန်ခဲ့သော် အနှစ်(၂၀) ခန့်က ဖြစ်လေ၏။

ကျွန်ုပ်သည် ထိုစဉ်က "ရောင်ပြန်" မဂ္ဂဇင်းကို လစဉ်ဖတ်၏။ မာတိကာကို ကြည့်၍ အဘမင်းသိခ်၏ စာကို ဦးစွာဖတ်၏။ ပြီးလျှင် အဘဆရာကြီးဦးမောင်မောင်မြင့်အေး၏ "မပြောမပြီး" ဟူသော စာတိုကလေးကို ရှာ၍ ဖတ်၏။ ထို့နောက် အမေ ဒေါက်တာစောယုန္ဒယ်၏ ဆောင်းပါးများ၊ ဗေဒင်ဟောစာတမ်းများကို ဖတ်၏၊



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှသာ ကျန်သော စာများကို ဖတ်လေ့ရှိ၏။

အမေရေးခဲ့သော အဘမင်းသိခ်နှင့် တရုတ်ပြည်သွား ခရီးသွားဆောင်းပါးနှင့် အိန္ဒိယနိုင်ငံ၊ ကိုလ်းကတ္တားတက္ကသိုလ်တွင် ဒေါက်တာဘွဲ့ယူစဉ်က ခရီးသွားအတွေ့အကြုံ ဆောင်းပါးများ ဖတ်ခဲ့ရဘူးသည်ကို သတိရ၏။ အမေ နှင့်ပတ်သက်၍ ကျွန်ုပ်အတွက် ဗေဒင်ပညာပိုင်းဆိုင်ရာ ဗဟုသုတ ရစေသော ဆောင်းပါးမှာ . . .

မှတ်မှတ်ရရ မင်းသိခ် စာအုပ်တွင် အမေရေးသားသော "The Homged man" ဘာသာရေးနှင့် ဆရာကြီးမင်းသိခ်၏ နောက်ဆုံးအချိန်ဆောင်းပါးဖြစ်လေ၏။ ထိုဆောင်းပါးလေးသည် "တို" သလောက် အလွန်ခရီးရောက်သည်ကို တွေ့ရလေ၏။

ဗေဒင်ပညာတတ်ကျွမ်းနားလည်ပြီးသော ဆရာများကိုမဆိုလို ကျွန်ုပ်တို့ကဲ့သို့ "ပညာဝယ်""ပညာငယ်" နေသူများအတွက်ကား လွန်စွာပညာရခဲ့သော ဆောင်းပါးလေးဖြစ်ပါ၏။

လူနာအတွက် အာယုဂြိုဟ်ကို ကြည့်ရသောအသိ၊ မွေးနံတွင် ဇေယျရေ မည်သည့်ဂြိုဟ်ကပ်သလဲ ကြည့်ရသော အသိ၊ "အမည်" သည် "နိက်စ်ကြီး" နှင့် "ပြ" တွင်ရှိနေခြင်းဟူသောအသိ ကောဇာမဟာဘုတ်တွင် မွေးနံဇာတာ "မရဏ" နေရာရောက်နေခြင်းဟူသော အသိ စသည်ဖြင့် ဗေဒင်ပညာ နှင့်ပတ်သက်ပြီး အလွန်ပညာတိုးစေသော ဆောင်းပါးကလေးဖြစ်သောကြောင့်-

ကျွန်ုပ်သည် ထိုဆောင်းပါးကို ဖတ်မိပြီး မိခင်ကြီးအား အကြိမ်ကြိမ် ဦးခိုက်နေမိပါတော့၏။ ကျော်ဟိန်းက ပရိသတ်ကို မသိသော်လည်း ကျော်ဟိန်းကို ပရိသတ်က သိနေသည်ဆိုသကဲ့သို့ အဖေ ဦးမောင်မောင်မြင့်အေး နှင့် အမေတို့က ကျွန်ုပ်ကို မသိသော်လည်း ကျွန်ုပ်ကား လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကတည်းက ဤမိဘနှစ်ပါး နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်လေတော့၏။

"ထမင်း"အကြောင်းပြောသောအခါ "ဟင်း" မပါဘဲ ပြောလို့မရသကဲ့သို့ မိခင်ကြီးအကြောင်းပြောသောအခါ ဖခင်ကြီးဦးမောင်မောင်မြင့်အေး အကြောင်းသည် အလိုအလျောက်ပါလာလေတော့ရာ မိခင်သည် ထမင်းဖြစ်လျှင် ဖခင်သည် "ဟင်း" ဖြစ်နေသည်ဟု ပြောမိပါက . . .

မိခင်ကြီးမှ နင်က နင့်အဘကျတော့ "ဟင်း" ငါ့ကိုတော့ ထမင်းနဲ့နှိုင်းတယ်ပေါ့ဟု ပြော၍ ကျွန်ုပ်"ဦးခေါင်းကို ထုပေတော့မည်ဟု တွေးမိပါသေး၏။ မည်သို့ပင်ဆိုစေ ထမင်းစားတော့မည်ဆိုလျှင်တော့ ထမင်းရော ဟင်းပါ အရေးပါ အရာရောက်သည်ချည်းဖြစ်ပါတော့၏။

အမေသည် စာရေးဆရာမလည်းဖြစ်၊ ဒေါက်တာဘွဲ့ရ ဗေဒင်ဆရာမကြီးလည်းဖြစ်၊ ဗေဒင်နှင့်လက္ခဏာပညာရပ်များ သင်ကြားပေးသော သင်တန်းဆရာလည်းဖြစ်လေ၏။ ဖခင်ကြီးမှာ ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်၏ အယ်ဒီတာချုပ်လည်းဖြစ်၊ စာရေးဆရာလည်းဟုတ်၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့ဝင်လည်းလုပ်ရလေရာ ကားတစ်စီးနှင့် အလွန်အလုပ်များသည့်ကြားမှပင် ကျွန်ုပ်တို့ ဗေဒင်သင်တန်းသားများအား အင်းစမနှင့် လောကီဆိုင်ရာပညာရပ်များ၊ ဗေဒင်ဆရာတို့ လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်၊ နည်းလမ်းများကို သင်ကြားပေးရှာလေ၏။

အမေ နှင့် အဘ ဦးမောင်မောင်မြင့်အေးတို့ အကြောင်းတွေးမိသောအခါ ခရီးသွားဟာသလေးတစ်ခုကို သတိရမိလေ၏။ တစ်နေ့သ၌ ခရီးသည်တင် အဝေးပြေးကားကြီးတစ်စီးသည် လမ်းခရီးတွင် စက်ချို့ယွင်းသောကြောင့် ခေတ္တရပ်နားရ၍ ခရီးသည်အားလုံး သစ်ပင်ရိပ်တွင် ထိုင်နေကြစဉ် ခရီးသည်ထဲမှ အားလုံး သစ်ပင်ရိပ်တါင် ထိုင်နေကြစဉ် ခရီးသည်ထဲမှ အသက်(၇၀)ကျော်အရွယ်ဦးကြီးတစ်ယောက်က ကဲအားလုံးပဲ အပြင်းပြေ "ဖြေ"ရအောင် မေးခွန်းလေးတစ်ခု မေးချင်ကြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com

ရာ ခရီးသည် အားလုံးက ဖြေဆိုကြမည်ဖြစ်ကြောင်း ပြောသောကြောင့် ဦးကြီးက လောကကြီးမှာ "အဖိုးမဖြတ်နိုင်ဆုံးအရာဟာ ဘာများဖြစ်ပါသလဲဟု မေးလေ၏။

ငြိမ်၍နားထောင်နေသော ခရီးသည်အားလုံးထဲမှ အသက် ဆယ်နှစ်အရွယ်မိန်းကလေးတစ်ဦး ရှေ့သို့ထွက်လာပြီး သမီးသိပါတယ်ဟု ပြောသောကြောင့်...

ဦးကြီးက "ကဲ ဖြေကြည့်ပါဦး" ဟု ဆိုလေရာ

မိန်းကလေးက "အဖိုး" မဖြတ်နိုင်တာ "အဖွား" ဖြစ်ပါတယ်ဟု ဖြေလိုက်ရာ ခရီးသည်အားလုံးမှာ တဝါးဝါး တဟားဟားနှင့် ပွဲကျခဲ့ကြရလေတော့၏။

ထိုခရီးသွား ဟာသလေးအား အဘကိုပြောပြလျှင် အဘသည် ကျွန်ုပ်၏ဦးခေါင်းကို ထုပေလိမ့်မည် ဟု တွေး၍ ပြုံးမိပါသေး၏။

အမေ ဆရာမကြီးဒေါက်တာစောယုနွယ်မှာ ၎င်း၏ နေအိမ်သို့ နေ့စဉ်မပြတ်ရောက်ရှိလာသော ပရိသတ်များအား နဝင်းပညာနှင့် ခုနစ်ရက်သားသမီးကို ကယ်တင်ခြင်း၊ အမည်ပေး၍ ဇာတာဖွဲ့ခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်နေရသည့်ကြားမှ အဘမင်းသိခ်၏ ပညာအမွေဗေဒင်သင်တန်းကြီးကို တစ်လခွဲကြာတိုင်း သင်တန်းတစ်ခု (၁၀) ရက်ကျော်ကြား စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ရာ သင်တန်းအပတ်စဉ်(၄၂)သို့ပင် ရောက်ခဲ့လေပြီ။

အမေသည် အယူတော်မင်္ဂလာဗေဒင်သင်တန်းခန်းမထဲတွင် "က" ကြီးမှ "အ" အထိ အစအဆုံးစီစဉ်ဆောင်ရွက်ရ၏။ သင်တန်းတွင်လည်း အင်္ဂဝိဇ္ဇာ၊ ဂဏန်းဗေဒင်၊ ဂေါ်သနှင့် လက္ခဏာပညာရပ်များကို သင်ရသောကြောင့် ဘာသာရပ်အများဆုံး သင်ပေးရသူဖြစ်၏။ အပင်ပန်းဆုံးလည်းဖြစ်၏။ သို့သော် ဗေဒင်ပညာရပ်များကို အမွေပေးရန် အစဉ်သဖြင့် စိတ်အားထက်သန်နေသည်ကို တွေ့ရလေ၏။

မိခင်သည် သူ၏ အယူတော်မင်္ဂလာဥယျာဉ်အတွင်း ဗေဒင်ပညာမျိုးစေ့များကို စဉ်ဆက်မပြတ်ချပေးနေ၏။ အချို့ကား အညှောင့်ပေါက်ခါစ၊ အချို့ကား အပင်ဖြစ်ခါစ၊ အချို့ကား အခက်အလက် အရွက်တို့နှင့်ဝေနေပြီ၊ အချို့ကား အပွင့်ပွင့် အသီးသီးနေပြီဖြစ်ရာ ဆွတ်ယူစားသုံး၍ ရနေသော ဗေဒင်ပညာရှင်များအဖြစ် မွေးထုတ်ပေးလျက်ရှိလေ၏။

အမေသည် သူ၏ အယူတော်မင်္ဂလာဥယျာဉ်အတွင်း ဗေဒင်ပညာမျိုးပင်များကို စဉ်ဆက်မပြတ် မျိုးထောင်နေဦးမည်ဖြစ်၏။ သူ၏ပညာ ဥယျာဉ်ကိုလည်း ထာဝရတည်တံ့နိုင်မြဲအောင် စောင့်ရှောက်နေမည်ဖြစ်၏။ ဤကား မိခင်က ဆရာအရှင်ဆရာကြီးဒေါက်တာမင်းသိခ်အား ကျေးဇူးဆပ်နေခြင်းပင်ဖြစ်ကြောင်း ပြောပြလေ၏။

လွန်ခဲ့သော ပြာသိုလ်ပြည့်နေ့ (အမေများနေ့)တွင် ရုပ်ရှင်မင်းသားကြီးဦးဇင်ဝိုင်းက သူ၏ Face Book တွင် အောက်ပါစာစုလေးကို ဖော်ပြခဲ့လေ၏။

**မိဘဆိုတာ သက်ရှိထင်ရှားရှိနေသ၍ သားသမီးတွေ**
**အတွက် လုံခြုံခွန်အားရှိစေပါတယ်။**
**'အမေ' သားတို့နဲ့ နှစ်ပေါင်းများစွာ နေပေးပါ။**
**စိတ် ချမ်းသာ ကိုယ် ကျန်းမာနဲ့**
**သား သမီး မြေး မြစ် တွေနဲ့အတူ**
**မြတ်ဗုဒ္ဓရဲ့ တရားစစ်ကို သိမြင်နိုင်ပါစေ 'အမေ'**

ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ...

**ကျော်ဇင်သွေး**
(သာယာရွှေပြည်ဟိန်း)



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်တို့ မြေးအဘိုး

ဆရာညီညီ(အမေ့သား)

(၁)

ယနေ့လက်ရှိအချိန်အခါမှာ ကျွန်တော်လည်း ဆရာတစ်ယောက်အဖြစ် အသက်မွေးရှင်သန်နေတာမို့ ဆရာစာရင်းဝင် ဖြစ်ပါတယ်။

ဘာဆရာလဲလို့ဆိုရင်တော့ ဗေဒင်ဆရာ၊ ရိုးရာနတ်ပူဇော်ခြင်းဆိုင်ရာ ဆရာဖြစ်ပါတယ်။

ကျွန်တော့်အဘိုးကို လွန်ခဲ့တဲ့ နှစ် ၆၀ တစ်ပိုက်ရဲ့ မော်လမြိုင်မြို့မှာ "ဘုရင့်ရုံဦးဘသွင်"ဆိုပြီး လူသိများကြပါတယ်။ "မေ့ဘူးမောင်"ဆိုတဲ့နာမည်နဲ့ ထမင်းဆိုင်ကလေးလည်း ဖွင့်ပြီးရောင်းချဖူးလို့ မေ့ဘူးမောင်ဦးဘသွင်လို့လည်း သိကြပါတယ်။ ဘုရင့်ရုံဦးဘသွင်ဆိုတာကတော့ ရုပ်ရှင်ရုံမှာအလုပ်လုပ်၊ အသံတိတ်ရုပ်ရှင်တော် ရုပ်ရှင်ကားကြော်ငြာလှည့်တော့ ရုပ်ရှင်အကြောင်း အပြောကောင်းကောင်းနဲ့ ညွှန်းတတ်၊ ပြောတတ်တဲ့အတွက်ကြောင့်ပါ။

မော်လမြိုင်ဆိုပေမယ့် အဘိုးက မြင်းခြံမြို့ နွားထိုးကြီးဇာတိပါ။ မော်လမြိုင်မြို့မှာ ကျောင်းလေးထိုင်ရတဲ့ ဆရာဘုန်းတော်ကြီးတစ်ပါးနဲ့အတူ မော်လမြိုင်ကို ရောက်လာခဲ့ပါတယ်။ ရုပ်ရှင်ရုံက ခမည်းခမက်ရုပ်ရှင်ရုံလို့ ဆိုနိုင်ပါတယ်။ အဘိုးဦးဘသွင်က ကျွန်တော်တို့အဖေ ဦးချစ်စိန်ရဲ့အဖေဖြစ်ပါတယ်။ အဖေဆိုတာလည်း အဲဒီရုပ်ရှင်ရုံမှာ စန္ဒရားတီးခဲ့တဲ့ နှောင်းအခါ အစိုးရရုပ်ရှင်နဲ့ ပြဇာတ်အဖွဲ့ပြီးတော့ ယဉ်ကျေးမှုကဇာတ်ဌာနခွဲ ဂီတမှူး ကွယ်လွန်ဖြစ်ပါတယ်။

ကျေးဇူးရှင် မိခင်ကြီး ဒေါ်မြစန်း(မြစန်းပုံဏ္ဏမီ)ဟာလည်း အဲဒီသူ့မွေးစားမိဘများရဲ့ ရုပ်ရှင်ရုံမှာ သီချင်းဆိုခဲ့တဲ့အဆိုတော်။ နှောင်းအခါ အစိုးရရုပ်ရှင်နဲ့ ပြဇာတ်အဖွဲ့ပြီးတော့ ယဉ်ကျေးမှုကဇာတ်ဌာနရဲ့ ပထမတန်း ဇာတ်ဆောင်ပညာသည်။ မင်းသမီး ကွယ်လွန်ပါ။ ဆိုရရင် အနုပညာမျိုးရိုးအချင်းချင်းမှာ ကျွန်တော်တို့ကို မွေးဖွားခဲ့တယ်ပေါ့ဗျာ။

ကျွန်တော့်အဘိုး ဦးဘသွင်ဟာ ဘုန်းကြီးစာတတ်ပါတယ်။ အင်္ဂလိပ်စာလည်း အသင့်အတင့် တတ်ကျွမ်းပါ

www.burmeseclassic.com

တယ်။ ဂဏန်းသင်္ချာတတ်၊ ဗေဒင်ပညာတတ်ကျွမ်းပြီး လောကီနဲ့စပ်ပါတယ်။ တိုင်းရင်းဆေးပါးလည်း ကိုယ်တိုင်ဖော် စပ်တတ်ပါတယ်။

ကျွန်တော်တို့အဖေဟာ နောက်အိမ်ထောင်ပြုသွားတဲ့ အခါ သူ့ရွေးမဖြစ်သူက ဆက်လက်ပြီး လုပ်ကျွေးစောင့် ရှောက်ခဲ့တာမို့ အမေနဲ့ကျွန်တော်တို့မိသားစုနဲ့အတူ ရန်ကုန် ပြောင်းရွှေ့နေထိုင်ရာမှာ ပါလာခဲ့ပါတယ်။

ရန်ကုန်မှာပဲ အဘိုးဟာ အသက်ခုနစ်ဆယ်အရွယ် မှာ ကွယ်လွန်ခဲ့ပါတယ်။ ဆုံးပါးကွယ်လွန်ခဲ့ပုံက သိလျက်နှင့် ဝိပါတ်ကြမ္မာင်ဆိုသလိုပဲလို့ ပြောနိုင်အောင် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့လို့ပါပဲခင်ဗျာ။

အဲဒီအချိန်မှာ ကျွန်တော်က မူလတန်းကျောင်းသား ကျောင်းနေစအရွယ်ဖြစ်ပါတယ်။ အဘိုးရဲ့ နာရေးကိစ္စပြီးစီးလို့ တစ်နေ့ အိမ်ကိုရှင်းတဲ့အခါ အဘိုးရဲ့စာတစ်စောင်ကို မိသားစု တွေ့ကြပါတယ်။ စာမှာရေးထားတာက သူ့ခံစားလာခဲ့ရတဲ့ လေရောဂါအကြောင်း။ မိသားစုမှာ သူ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်တဲ့အခြေအနေနဲ့ သူ့ရဲ့ ကံကြမ္မာ၊ ကံဇာတာဟာ သုည အကြွင်း စန်းပြတ်၊ လဂ်လည်းပြတ်ခဲ့ပြီမို့ ဘယ်သူတစ်ဦး တစ်ယောက်ရဲ့ ပယောဂမပါဘဲ သူ့ကိုယ်သူ အဆုံးပြုရတာဖြစ် ကြောင်းပါပဲ။ ဒီစာကြောင့်ပဲ အမှုဟာပိတ်သိမ်းသွားခဲ့ပါတယ်။

(၂)

အဘိုးပြီးတော့ မြေးဖြစ်တဲ့ ကျွန်တော့်ဘဝ ကျွန်တော့် အကြောင်းကို ဆိုရရင်တော့ ဒီကနေ့ ဒီအသက်အရွယ်အထိ ကျွန်တော်ဟာ ကျေးဇူးရှင်အမေရဲ့စကားကို နားထောင် အမေညွှန်ခဲ့တဲ့ ဘဝလမ်းကြောင်းကိုပဲလျှောက်။ မိတ်ဆွေ သင်္ဂဟ ခုနစ်ရက်သားသမီးများကို ကူညီနိုင်သလောက် ကူညီ နိုင်ရတာကို ရောင့်ရဲနှစ်သက်လျက်ရှိပါတယ်။

အမေ့သားပီပီ အမေ့လိုပဲ ရှန်းကန်ရလျက်ရှိပါတယ်။ လူမချမ်းသာပေမယ့် စိတ်ချမ်းသာအောင် အမေ့လိုပဲ စိတ် ဓာတ်ပြတ်ပြတ်နဲ့ နေပါတယ်။ အမေဒေါ်မြစန်းလည်း ကုန် လွန်ခဲ့တဲ့ ၁၂ ကျော် အသက် ၇၁ နှစ်မှာ ဘဝတစ်ပါး ပြောင်းသွားခဲ့ပြီဖြစ်ပါတယ်။ အမေ့လို အနုပညာသည်တစ်ဦး ဟာ မနောပေါတဲ့ ဆရာမကြီးတစ်ဦးအဖြစ်ကို ပြောင်းလဲ သွားခဲ့တာကို ကြားသိရရင် ယုံနိုင်ကြပါ့မလား။ ဒါပေမယ့် တကယ့်ဖြစ်ရပ်ပါပဲ။

အမေ ကယ်တင်ကူညီခဲ့တဲ့ မိတ်ဆွေတွေ၊ ခုနစ်ရက် သားသမီးတွေ အခုထိ ရှိနေကြသေးတော့ အမေ့အကြောင်း အဲဒီဒေသ ရပ်ကွက်ကလူတွေ အသိပဲဖြစ်ကြပါတယ်။ ကျွန် တော်တို့ညီအစ်ကိုမောင်နှမ လေးယောက်ထဲမှာတော့ အမေ နဲ့အတူတူနေ အမေ့ဘဝလမ်းကြောင်းထဲမှာလည်း ကျွန်တော် က တွဲပါခဲ့ရသူဆိုတော့ အမေ့အကြောင်းကိုလည်း အလျဉ်း သင့်ရင် ကျွန်တော် တင်ပြပါဦးမယ်။

ကျွန်တော်ကတော့ အထွေးဆုံးသားဖြစ်ပြီး ပညာသင် တယ်ဆိုတာ ၁၀ တန်းကို လေးခါ ကျရှုံးပြီး ပညာရေးလမ်း ကြောင်း ပြတ်သွားခဲ့ပါတယ်။

ကျွန်တော် အမေ့ကိုလုပ်ကျွေးမယ်၊ အလုပ်လုပ်မယ် ဆိုပြီး လုပ်ခဲ့တဲ့အလုပ်တွေဟာလည်း မျိုးစုံပါပဲ။ မီးရထားနဲ့ မှောင်ခိုကုန်လေး တစ်နိုင်ကူးတဲ့ဘဝ၊ အလုပ်ကြမ်းတွေလုပ်တဲ့ အထိပါ။ ဒီလိုနဲ့ တစ်နေ့တော့ အမေက ကျွန်တော့်ကိုခေါ်ပြီး ပြောပါတယ်။ ကျွန်တော်ဟာ အဲဒီအလုပ်တွေကို လျှောက် မလုပ်ရတော့ဘဲ မနက်တစ်ကြိမ် ညတစ်ကြိမ် ဘုရားရှိခိုး ပုတီးစိပ်၊ သမထအလုပ်ကိုပဲ အမေနဲ့အတူတူလုပ်ရတော့ မယ်တဲ့။ သူ့အဘကိုမေးတဲ့အခါ ဒီအတိုင်းပဲ လမ်းညွှန်ပြော ဆိုပါသတဲ့။

အမေ့ရဲ့ အဘဆိုတာ အဘဘိုးမင်းခေါင်ပါ။

သူတော်စင် အထက်ပုဂ္ဂိုလ် အဘဘိုးမင်းခေါင်နဲ့ အမေဒေါ်မြစန်းဟာ လွန်ခဲ့ပြီးတဲ့ အတိတ်ဘဝ ဆယ်ဘဝမှာ သားအဖဖြစ်ခဲ့ဖူးပါသတဲ့။ ဒီအကြောင်းများလည်း အလွန်မှ ဆန်းကြယ်လှပါတယ်။

အခုလိုပြောခံရတော့ လူငယ်ပီပီ စိတ်ထဲမှာ စဉ်းစား ပါတယ်။ ဘာအလုပ်မှ မလုပ်ကိုင်ဘဲ ပုတီးစိပ်ရုံနဲ့ ထမင်း စားရမှာလား။ စားဝတ်နေရေး ဘယ်လိုနေမလဲ။ သားက အခုလို အလုပ်စုံလုပ်နေတာ မကြည့်ရက်လို့ အမေက ပြော တာများလေလား။ သူငယ်ချင်းတွေကလည်း သူတို့အလုပ်နဲ့ အကိုင်နဲ့ဖြစ်ကြ၊ တချို့လည်း မိဘက ပိုက်ဆံရှိကြ၊ ကိုယ့် ကိုလည်း ကူညီဖူးကြသူတွေကြား အလုပ်အကြောင်း ပြော ဆိုကြတော့ ဒီကိစ္စကို ပြောပြလို့ ဖြစ်ပါ့မလား ဇဝေဇဝါ

www.burmeseclassic.com

ဝေဝေဝါးဝါးပါပဲ။ နောက်ဆုံးတော့ ကျွန်တော်ဟာ အမေ့စကားနားထောင်တဲ့ အမေ့ကိုချစ်တဲ့ အမေ့သားငယ်ဖြစ်ခဲ့ပါတယ်။


ဒီမှာတင် ကျွန်တော်တို့အဘိုး ဦးဘသွင်က လုပ်ပေးခဲ့တဲ့ ကျွန်တော့်ရက်ချုပ်ကို သတိရလိုက်မိပါတယ်။

ဗေဒင်ကို ယုံတဲ့လူရှိသလို မယုံတဲ့သူလည်း ရှိကြမှာပါ။ အဲဒါက မထူးဆန်းပါဘူး။ မိမိကိုယ်မိမိပဲ ပိုင်တာပါ။ လွတ်လပ်စွာ စဉ်းစားဆုံးဖြတ် လုပ်ဆောင်နိုင်ကြရို့ပါ။ ဘုရားကိုယ်တိုင် ဟောကြားထားသလိုပါဘဲ။ ငါဟောကြားတဲ့ တရားမွေတွေကို နာကြားပါ။ လက်တွေ့စဉ်းစားပါ။ လုပ်ကြည့်ပါ။ ဟုတ်တယ် အကျိုးရှိတယ်ဆိုမှ ယုံကြည်လက်ခံပါလို့ ပြောထားပါတယ်။

ဒါပေမယ့် ကျွန်တော့်အဘိုးကတော့ သူကိုယ်တိုင်ဗေဒင်ပညာကို တတ်ပါတယ်။ ဟောကြားပေးခဲ့တာလည်း ရှိပါတယ်။ အခု သူ့ဗေဒင်ပညာတွက်ကိန်းအရ (ဝ)သုညကြွင်းတယ်၊ စန်းပြတ်၊ လဂ်ပြတ်တယ်။ ဒါ သူသေရမှာပဲ။ အဲဒီအဖြေကို သူကိုယ်တိုင် သူ့ဗေဒင် သူယုံကြည်ပြီး သေကြောင်း ကြံစည်လိုက်တာလို့ ယူဆရပါတယ်။

ဘယ်သူတွေ ယုံချင်ယုံ၊ မယုံချင်နေပါစေ။ ကျွန်တော့်အဘိုး သူ့ဗေဒင်သူယုံပြီး ကိစ္စပြတ်လုပ်သွားတယ်။ ကျွန်တော်ကလည်း ဗေဒင်ဆရာ ကျွန်တော့်အဘိုးကိုချစ်သလို သူ့ဗေဒင်လည်း ကျွန်တော်ယုံကြည်ပါတယ်။ အဘိုးဗေဒင်ကို ကျွန်တော်ယုံရသည့် အကြောင်းရင်းခိုင်လုံစွာ ရှိပါတယ်။ အဘိုးကျွန်တော်တို့မောင်နှမ လေးယောက်ကို ရက်ချုပ်လေးခု လုပ်ပေးထားပါတယ်။ အမေသိမ်းထားတာပါ။ ကျွန်တော် အမေ့ဆီကနေ မြင်ဖူးခဲ့ပါတယ်။ အရွယ်အစားက အနံ(ဖျက်) နှစ်လက်မခွဲခန့်၊ အရှည်(အလျား) ခြောက်လက်မခန့် ရှိနိုင်ပါတယ်။ ဝါးပြားကို လုပ်ထားတာပါ။ ဝါးအကြောပေါ်မှာ သံချောင်းနဲ့ခြစ်ပြီး မွေးသက္ကရာဇ်၊ လရက်၊ နာရီ၊ မွေးဇာတာ၊ နာမည်ကအစ ရေးပေးထားပါတယ်။ အစ်မကြီးနဲ့ အစ်ကိုနှစ်ယောက်ကို ယခုလို ဝါးပြားနဲ့ရေးပြီး ကျွန်တော့်အတွက်ကိုတော့ ကျောက်သင်ပုန်းပြားကို သေသေချာချာ ဖြတ်တောက်ပြီး ဇောင်းတွေကိုလည်း ချောပေးထားပြီး သူကိုလည်း သံချောင်းနဲ့ခြစ်ပြီး ရေးပေးထားတာပါ။ အခုလိုပါ။

ရက်ချုပ်




မြန်မာသက္ကရာဇ် ၁၃၁၆ ခု ဝါဆိုလပြည့် ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီတိတိ၊ ခရစ်သက္ကရာဇ် ၁၅-၇-၁၉၅၄ ခု၊ မောင်မြင့်သန်း။ မော်လမြိုင်ဇာတိ။

၁၉၇၅/၇၆ ခုနှစ် ကျွန်တော့်အသက် ၂၁/၂၂ နှစ်အရွယ်ကစပြီး ကျွန်တော် ပုတီးသမားဖြစ်ခဲ့ရပါတယ်။ ၅/၆ လကြာလာတဲ့အခါ ကျွန်တော့်အဘိုး ဗေဒင်ဆရာ(ဦးဘသွင်) လုပ်ထားပေးတဲ့ ကျွန်တော့်ကျောက်သင်ပုန်းပြား ရက်ချုပ်မှာပါလာတဲ့ ရာသီစက်ဇာတာကိုကြည့်ရင်း ဗေဒင်ပညာလေ့လာချင်စိတ် ပေါက်လာပါတော့တယ်။ အဲဒီကနေစပြီး ရန်ကုန်မြို့ထဲကိုရောက်တိုင်း လမ်းဘေးချခင်း စာအုပ်ပုံရောင်းတာတွေတိုင်း လှန်လှောရှာဖွေပြီး စိတ်ပါတဲ့ဗေဒင်စာအုပ်တွေ ဝယ်ဖတ်ခဲ့ပါတယ်။

ပထမဦးဆုံးဖတ်တဲ့စာအုပ်က မဟာဘုတ်ဗေဒင် (ဆုထူးပန်ဦးကျော်) ရေးတာပါ။ ကျွန်တော် မဟာဘုတ်အကြောင်း နားလည်တတ်ကျွမ်းသွားပါတယ်။ ဒုတိယစာအုပ် ဆန်းကျမ်း တတ်မြောက်ခဲ့ပါတယ်။ တတိယ သုံးတန်ပေါ်နိမ်း စတုတ္ထ အင်္ဂဝိဇ္ဇာ အင်္ဂလက်(ခင်ကြီးပျော်)၊ ပဉ္စမနောက်ဆုံးစာအုပ်ကတော့ ဆရာသိပ္ပံမင်းဆွေရေးတဲ့ ဇောတိသဒ္ဒနုကျမ်း အတွဲ ၁၁၊ အတွဲ ၂၂ အုပ်တွဲဝယ်ပြီး ဖတ်ခဲ့ပါတယ်။ ၃/၄ လ ကျော်သွားတဲ့အခါ ကျွန်တော် တြိစက္ကဇာတာဖွဲ့ဖွဲ့နည်း တတ်မြောက်သွားပါတယ်။

ကျွန်တော့်မှာ လက်တွေ့ကျကျ နည်းစနစ်သင်ပြီး သင်ပေးတဲ့ဆရာမရှိပါ။ ထို့ကြောင့် ဇာတာဖွဲ့တတ်ပြီဆိုတော့ လက်တွေ့စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။


ဇာတာဖွဲ့လျှင် လိုအပ်တဲ့ စာအုပ်များ ဝယ်ရပါတော့တယ်။ ဂြိုဟ်ဘုတ္တိဖြတ်ရန် ဆရာခရစ္စနားမူတီးထုတ်ထားတဲ့ လော့ဂရစ်သနစာအုပ်၊ ဆရာကာလစနစ်ထုတ်တဲ့ ကမ္ဘာ့လတ်ကောက်ကိန်းစာအုပ်၊ နှစ်အလိုက် သံဒိဋ္ဌစာအုပ်များ လိုက်ဝယ်ပြီး ကျွန်တော့်မွေးသက္ကရာဇ် အဘိုးရက်ချုပ်ပါတဲ့အတိုင်း





www.burmeseclassic.com

www.burmeseclassic.com

အချိန်၊ နာရီ၊ ဇာတိများနဲ့တကွ တွက်ချက်ပြီး ဇာတာဖွဲ့လိုက်ပါတော့တယ်။ ကျွန်တော့်ဇာတာ အောက်ပါအတိုင်း ထွက်လာပါတော့တယ်။




## တြိစက္ကဇာတာ

ကျွန်တော်ကိုယ်တိုင် ဖွဲ့လိုက်တဲ့ဇာတာကို ကြည့်လိုက်လျှင် အဘိုးရက်ချုပ်မှာပါလာတဲ့ ရာသီစက်ဇာတာနဲ့ တစ်ထပ်တည်းကျနေ တွေ့နေပါတယ်။ ဒါကြောင့် ဇောတိသဒ္ဒနကျမ်း အတွဲ-၂ စာအုပ်ကို လှန်လှောကြည့်ရပါတော့တယ်။ အတွဲ-၂ က ဗေဒင်ဟောနိုင်ဖို့အတွက် ဖလိတအပိုင်းဖြစ်ပါတယ်။ အကြောင်းအကျိုး တွေးခေါ်ဆက်စပ် ဟောနိုင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တွေ့ရပါပြီ၊ အောက်ပါအတိုင်း ဖြစ်ပါတယ်။

ကန်ရာသီလဂ်၏ ၁၀ တန့်အိမ် (ကမ္မဘာဝ)သည် အလုပ်နဲ့ဆိုင်တယ်။ ဘဝရပ်တည်မှုနဲ့ ဆိုင်ပါတယ်။

ကျွန်တော့်ဇာတာ ရာသီစက် ၁၀ တန့် (ကမ္မဘာဝ) အိမ် တနင်္ဂနွေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ် ကိတ်ဂြိုဟ် လေးလုံး၊ ၁၃၅၉ တန်းစီပြီး ရှိနေကြပါတယ်။ ဂြိုဟ်များ ရပ်တည်ကြပါတယ်။

### ရှင်းလင်းချက်

(၁)ဂဏန်း (တနင်္ဂနွေ) ဂြိုဟ်သည် ဂြိုဟ်ပရိယာယ် အရ အကြီးအကဲ၊ အလုပ်အကိုင်၊ အဖေ၊ အုပ်ထိန်းသူ၊ မင်းအုပ်စိုးရေး နိုင်ငံတော်အကြီးအကဲ (သမ္မတ)တို့နဲ့ သက်ဆိုင်ပါတယ်။

(၄) ဂဏန်း(ဗုဒ္ဓဟူးဂြိုဟ်)သည် သချင်္ာစာရင်းကိုင်ပညာ၊ ဗေဒင်ပညာ၊ အရောင်းအဝယ်(ကုန်သည်)၊ အသံ၊ နတ်ပူးအတတ်ပညာ၊ ဥပဒေပညာ၊ စာရေးကဗျာရေးတိုးနဲ့ ဆိုင်ပါတယ်။

(၅) ဂဏန်း (ကြာသပတေးဂြိုဟ်)သည် မင်းတိုင်ပင် အမတ်၊ ပညာရှိ၊ အတတ်ပညာအမျိုးမျိုး၊ နှုတ်မှုပညာ၊ ဗေဒင်လက္ခဏာ အတတ်တို့ဖြစ်ပါတယ်။

အခုလောက်ဆိုရင် ဗေဒင်ပညာကို တတ်သိကြတဲ့ ဆရာများ၊ လေ့လာလိုက်စားကြသူများအနေနဲ့ ဇာတာခွင်အရ ဘဝကြောင်းကို သိနိုင်ကြပြီလို့ ယုံကြည်ပါတယ်။

ကျွန်တော့်အဘိုး ဗေဒင်ဆရာက ကျွန်တော့်အတွက် ရက်ချုပ်မှာ ဇာတာလေးတစ်ခု ထည့်ပေးလိုက်ခြင်းက တစ်နေ့သောအခါ ကျွန်တော် ဗေဒင်ဆရာ မုချဖြစ်လာမှာပဲလို့ ထည့်ပေးလိုက်တာပါ။

အဘိုးဟာ သူ့ဘဝကို ဗေဒင်အလိုအရပဲ အဆုံးသတ်သွားခဲ့ပြီး ကျွန်တော့်ဘဝအတွက်တော့ ဗေဒင်ပညာနဲ့ နိဒါန်းဖွင့်ပေးသွားခဲ့ပါတယ်။

ဒီကနေ့ဆိုရင် ကျွန်တော်ဟာ အသက် ၆၀ ကျော်ပါပြီ။ ဗေဒင်ပညာကို ယုံကြည်စွာနဲ့ ဆွေမျိုးမိတ်သင်္ဂဟများနဲ့ ခုနစ်ရက်သားသမီးတို့ကို ကျေးဇူးရှင်ကြီးများက လမ်းညွှန်ချမှတ်ပေးခဲ့တဲ့အတိုင်း ကူညီသမှုပြုပေးနေပါတယ်။ အဘတို့ အမေတို့က သာသနာပြုကြတယ်ဆိုရင် ကျွန်တော်ကလည်းပဲ ဘဝရဲ့ ဒုက္ခ၊ သုခတွေကြားထဲကပဲ လောကဓံအတိုင်းပဲ ဘဝကံစေရာမှာ ပါဝင်သူ သားတစ်ယောက်၊ မြေးတစ်ဦးဆိုပါတော့။

ကျွန်တော်တို့ မြေးအဘိုးဆိုတာ အဘိုးကနိဂုံး၊ မြေးက နိဒါန်းလို့လည်း ဆိုနိုင်မယ်ထင်ပါရဲ့။

ဆရာညီညီ (အ ဒမ္ သား)

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)　　(ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထိုနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ပိဋ္ဌာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာသူနှင့်ပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ပိဋ္ဌာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်း ကြီးလာခြင်း၊ အရိအခွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

❖ ဆေးခန်း　- အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
❖ ပင်ရင်းဖြန့်ချိရေး　- အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
❖ ပင်မဖြန့်ချိရေး　- ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှမိုး(သိမ်ကြီးဈေး)၊ လှုထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၁) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ နံ(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ရှေးထုံးစဉ်လာ တူမလေးများ

သုတေသီမြင့်ထွန်း

ရာဇဝင်သမိုင်း သက်တမ်းရှည်ကြာခဲ့သော တရုတ်လူမျိုးသည် ရှေးနှစ်ပေါင်း ၄၀၀၀ ကျော်ကာလမှစ၍ ယဉ်ကျေးမှုထွန်းကားခဲ့သည်ဆို၏။ တရုတ်လူမျိုးများသည် လွန်လေခဲ့သော နှစ်ပေါင်း ၃၀၀၀ကျော် ကာလမှစ၍ စားသောက်မှုရေးရာတွင် "တူ"ကို အသုံးပြုခဲ့သည် ဆိုသည်။

တရုတ်လူမျိုးတို့ ထမင်းဟင်းစားသောက်သောအခါ လက်ဖြင့်မနှိုက်စားဘဲ "တူ"ဖြင့် ညှပ်ယူ၍ စားသောက်လေ့ရှိသည်။ ယင်းသို့ စားသောက်ဖွယ်တို့ကို တူဖြင့်ညှပ်ယူစားသောက်သည့် အကြောင်းမှာ လက်တွင် မသန့်ရှင်းသော ဖုန်သဲများကပ်နေတတ်ပြီး လက်သည်းကြားတွင်ဝင်နေသည့် ချေးများအား အဆိပ်ဖြစ်မည်စိုးသောကြောင့်ဖြစ်သည်။ တရုတ်လူမျိုးတို့သည် စားသောက်ဖွယ်တို့ကို "တူ"ဖြင့် ညှပ်ယူစားသုံးသည့် ဓလေ့ထုံးစံသည် စားသောက်မှုဆိုင်ရာ ရိုးရာယဉ်ကျေးမှုများ ဖြစ်လာခဲ့၏။

## သုံးဆောင်သော တူအမျိုးမျိုး

(၁) ဝါးဖြင့်ပြုလုပ်သော တူ၊

(၂) သစ်သားဖြင့်ပြုလုပ်သော တူ၊

(၃) သစ်စေးသရိုး ကိုင်ထားသော (ယွန်းထည်)တူ၊

(၄) ကျောက်စိမ်းကျောက်သားဖြင့် ပြုလုပ်သော တူ၊

(၅) ကြေးထည်ဖြင့်ပြုလုပ်သော တူ၊

(၆) ကြေးကြေး (ကြေးသားတွင် ကြေးနန်းသွင်း၍ ပန်းပွင့်ပန်းနွယ်သဏ္ဍာန် ဖော်ထားသော) တူ၊

(၇) ဆင်စွယ်ဖြင့် ပြုလုပ်သော တူ၊

ဟူ၍ အမျိုးမျိုးအစားစား ရှိခဲ့သည်။ ခေတ်ကာလအလျောက် အချို့သော "တူ"အမျိုးအစားများသည် မျက်မှောက်ခေတ်ကာလတိုင် ရှိနေသေးသော်လည်း အချို့သော တူအမျိုးအစားများမှာ ပျောက်ကွယ်ခဲ့လေပြီ။

## တူသုံးဆောင်သော လူ့အလွှာ

ရှေးခေတ်က တရုတ်ပြည်တွင် တူသုံးဆောင်သော လူ့အလွှာကို ခွဲခြားထားရှိသည်။ သုံးဆောင်သော တူအမျိုးအစားကို ကြည့်ရှုမြင်ရုံဖြင့် လူ့တန်းစားကို ခွဲခြားသတ်မှတ်နိုင်၏။

## ဝါး၊ သစ်သား၊ ယွန်းထည် တူ

ဝါးဖြင့်ပြုလုပ်သောတူ၊ သစ်သားဖြင့်ပြုလုပ်သောတူ၊ ယွန်းထည်ဖြင့်ပြုလုပ်သောတူတို့ကို သာမန်ပြည်သူနှင့် လူလတ်တန်းစားများ အသုံးပြုခွင့်ရှိသည်။ အချို့သော ယွန်းထည်ဖြင့် ပြုလုပ်ထားရှိသော တူများ၏ လက်ကိုင်နေရာများတွင် ပန်းနွယ်ပန်းခက်နှင့် အကောင်ဗလောင်များ ရေးသားသရုပ်ဖော်ထားသည်မှာ ကိုင်ရက်စရာမရှိအောင်ကို လက်မှုပညာမြောက်လှသည်။

## ကျောက်စိမ်းသားဖြင့် ပြုလုပ်သော တူ

ကျောက်စိမ်းကျောက်သားဖြင့် ပြုလုပ်သောတူသည် အလွန်ချမ်းသာကြွယ်ဝသော တရုတ်သူဌေးကြီး သူကြွယ်ကြီးများသာ ကျောက်စိမ်းသားပန်းကန်တွင် ထမင်းထည့်ကာ သုံးဆောင်လေ့ရှိသည်။ ကျောက်စိမ်းကျောက်သားတူ၏ လက်ကိုင်အရင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် ဝိပြင်သော ခြသေ့်ရုပ်ငယ်လေးများ ထုထွင်းထားလေ့ရှိ၏။

## ဆင်စွယ်ဖြင့်ပြုလုပ်သောတူ

ဆင်စွယ်ဖြင့်ပြုလုပ်သော တူသည် တရုတ်မင်းမျိုး မင်းနွယ်တော်ဝင် မိသားစုသာ သုံးဆောင်ခွင့်ရှိသည်။ ဆင်စွယ်ဖြင့်ပြုလုပ်သောတူသည် အဆိပ်ခတ်ထားသည့် ဟင်းလျာခွက်ထဲသို့ ထိုးနှိက်လိုက်လျှင် ဟင်းလျာဖြင့်ထိသော တူ၏ထိပ်ဖျားသည် အဖြူရောင်မှ မည်းနက်သွားသည်ဟု အဆိုရှိ၏။ တူ၏ လက်ကိုင်အရင်းပိုင်း နေရာတွင် ပန်းနွယ်ပန်းခက်များနှင့်အတူ လက်ငါးချောင်းပါရှိသော တရုတ်နဂါးရုပ် ထွင်းထုထားရှိသည်မှာ လက်မှုအနုပညာမြောက်လှ၏။

## တူတင်သောခုံ

တရုတ်ရိုးရာ စားသုံးမှုဆိုင်ရာ "တူ"နှင့်အတူ မပါမဖြစ်သော တွဲဖက်ပစ္စည်းမှာ တူကိုတင်ရန်ခုံပင်ဖြစ်၏။ ဤသည်ပင်လျှင် တရုတ်လူမျိုးတို့၏ စားသောက်မှုဆိုင်ရာ ယဉ်ကျေးမှုတစ်ခုဖြစ်သည်။ သုံးဆောင်သောတူကို တင်ထားရန်ခုံမှာ လက်ညှိုးအရွယ် အရှည်ခန့်ရှိသော တရုတ်သူငယ်တော်အရုပ်၊ တရုတ်ခြ[illegible]ခြသေ့်ရုပ်၊ တရုတ်နဂါးရုပ်၊ တရုတ်ကလေးပုခက်သဏ္ဌာန် ပုံစံမတူသည့် အမျိုးပေါင်း ၁၀ မျိုးခန့် ကွဲပြားခြားနားစွာရှိသည်။ အဆင့်အတန်း အဂ[illegible] စဉ့်ထည်၊ ကြေထည်၊ ဆင်စွယ်၊ [illegible]ကျောက်စိမ်း၊ ခရုကာမာပစ္စည်းများဖြင့် တူတင်သောခုံလေးများကို ပြုလုပ်ထားရှိသည်။

## သုံးဆောင်သောတူကို ကိုင်တွယ်ပုံ

အချို့သောလူများက သုံးဆောင်သည့်တူကို ကိုင်တွယ်၍သုံးဆောင်ရသည်မှာ လွယ်ကူသည်ဟု ဆိုကြသည်။ ဟုတ်ပါသည်။ ဖြစ်သလိုကိုင်တွယ်လျှင် လွယ်ကူ၏။

သို့သော် သုံးဆောင်သောတူကို ကိုင်တွယ်၍ အစားအသောက် ထမင်း (အထူးသဖြင့် ဟင်းလျာ)များကို သုံးဆောင်သည့်နေရာတွင် စည်းစနစ်ရှိသည်။ သာမန်ပြည်သူတို့သည် တူချောင်းနှစ်ချောင်းကို လက်မ၊ လက်ညှိုး၊ လက်ခလယ်စသည် လက်သုံးချောင်းဖြင့် ထိန်းကိုင်ပြီး မိမိညှပ်လိုသော အသားဖတ် ဟင်းလျာဖတ်များကို ညှပ်ယူစားသောက်ကြသည့် သဘောမှာ ပန်းကန်ပြားပေါ်ရှိ စားသောက်ဖွယ်တို့ကို ကျီးကန်းတစ်ကောင် ယူငင်စားသောက်သကဲ့သို့ ဖြစ်နေ၏။

တရုတ်မင်းဆွေမင်းမျိုး တော်ဝင်သည့် မိသားစု တူကိုင်တွယ်၍စားသောက်ပုံက ဤသို့မဟုတ်။ သုံးဆောင်သောတူကို လက်မ၊ လက်ညှိုး၊ လက်သူကြွယ် လက်သုံးချောင်းဖြင့် တူကိုကိုင်တွယ်သည်။ အလေ့အကျင့်မရှိသူများအဖို့ ဤသို့ တူကိုကိုင်တွယ်၍ ညှပ်ယူသုံးဆောင်ရသည်မှာ လွန်စွာခက်ခဲသည်။ သို့သော် ဤတော်ဝင်မိသားစုမှ ကလေးများသည် ငယ်စဉ်ဘဝကတည်းက တူကိုင်တွယ်သုံးဆောင်တတ်အောင် လေ့ကျင့်ထားရှိ၏။

တရုတ် သာမန်ပြည်သူတို့သည် တူကိုကိုင်တွယ်၍ ဟင်းလျာကို ညှပ်ယူပြီး ပါးစပ်အတွင်းသို့သွင်းကာ သုံးဆောင်သည်။ တရုတ်တော်ဝင်မိသားစုက ဤသို့ မသုံးဆောင်ပါ။ တူကိုင်တွယ်ထားသောလက်၏ လက်ဖမိုးကိုမှောက်၊ လက်ဝါးကိုလှန်ပြီး ဖြည်းညင်းစွာဖြင့် ဟင်းလျာအသားဖတ်၊ ဟင်းရွက်ဖတ်ကို ညှပ်ယူသည်။ ပြီးလျှင် တူကိုင်ထားသောလက်ကို ပြန်လှန်ပြီး ဖြည်းညင်းစွာဖြင့် ပါးစပ်အတွင်းသို့သွင်း၍ သုံးဆောင်လေ့ရှိ၏။

## ကျွမ်းကျင်ပုံ

ရှေးတရုတ် အဘိုးကြီးများသည် တူကိုင်တွယ်ပုံ အလွန်ကိုကျွမ်းကျင်သည်။ မြေပဲကို အခွံနွှာ၍ ဆီဖြင့်ကြော်လှော်ထားပြီး ပန်းကန်ပြားပက်လက်ပေါ်တွင်တင်ထားသည်။ မြေပဲများမှာ အချို့က အလုံးမပျက်၊ အချို့က ထက်ခြမ်းကွဲနေသည်။ ဆီများဖြင့် စိုရွှဲနေသော မြေပဲကြော်ကို ဝါးတူနှစ်ချောင်းဖြင့် တစ်စေ့ချင်းကောက်ယူစားသုံးနိုင်၏။

ဘဲဥကိုပြုတ်ပြီး ပန်းကန်ပြားပေါ်တွင်ထင်ထားသည်။ ထိုဘဲဥပြုတ်ကို တူနှစ်ချောင်းဖြင့် ဟန်ချက်ညီညီ တစ်ချက်တည်းကောက်ယူ၍ ညှပ်ကိုင်သည်။ ဘဲဥပြုတ်သည် တူနှစ်ချောင်းထိပ်ဖျားတွင် ပါရှိသည်။ ဘဲဥပြုတ်ကို တူနှစ်ချောင်းဖြင့်ညှပ်ကာ ထောင်ပြသည်၊ လှုပ်ပြသည်။ ဘဲဥပြုတ်ကား တူနှစ်ချောင်း ညှပ်ထားသည့်ကြား[illegible] ပြုတ်၍မကျ။ ဘဲဥကို လက်[illegible]ဖြင့် တစ်



www.burmeseclassic.com

www.burmeseclassic.com

ချက်မှမကိုင်ဘဲ တူနှစ်ချောင်းဖြင့် ရိုက်ခွဲကာ အတွင်းမှ အကာနှင့် အနှစ်ကို တူဖြင့်ယူစားပြန်၏။

ကဏန်းပြုတ်၍ အပေါ်ခွံကြီးကို ခွာကာ ကဏန်းတစ်ကောင်ကို ဓားဖြင့် လေးခြမ်းခွဲ၍ ပန်းကန်ပြားပေါ်တွင် တင်ထားသည်။ ကဏန်းကို အကန့်အကန့်တွင်ရှိနေသော ပြုတ်ထားသည့်ကဏန်း၏အသားကို တူနှစ်ချောင်းဖြင့် ကလော်ထုတ်ကာ စားသုံးသည်မှာ ကဏန်းတွင် ပြုတ်ထားသည့်အသား လုံး၀မကျန်တော့ဘဲ အရိုးနှင့်အခွံသာ ကျန်သည်အထိဖြစ်၏။

ဝက်သားနှင့် ကြံမဆိုင် (သို့မဟုတ်) ၁၂ မျိုးဟင်းချို ပန်းကန်တွင် ကြွေဇွန်းတပ်ထားသည်ကို လက်ဖြင့်ယူကိုင်၍ မသောက်ဘဲ တူ(၂)ချောင်း၏အလယ်နေရာမှ ကြွေဇွန်း၏ လက်ကိုင်ရိုးကို ညှပ်ယူကာ မဖိတ်မစဉ်သောက်ယူနိုင်၏။ ဆိုလိုသည်မှာ တူနှစ်ချောင်းတို့ ကလေးဘဝကတည်းက ကိုင်တွယ်အသုံးပြုခဲ့၍ ကျွမ်းကျင်မှုကြောင့် တူနှစ်ချောင်းကို လက်ငါးချောင်းဖြင့် ကိုင်တွယ်၍ အသုံးပြုသကဲ့သို့ အသုံးပြုနိုင်ကြောင်းကို ပြဆိုထားခြင်းဖြစ်၏။

## တူဖြင့် အမှတ်သင်္ကေတပြပုံ

တရုတ်လူမျိုးတို့သည် အသင်းအဖွဲ့အစည်းနှင့် နေလေ့ရှိသည်။ တရုတ်လူမျိုး ၁၀၀ ရှိလျှင် အသင်းအဖွဲ့အစည်းကား ၅၀ ခန့် ရှိနေတတ်သည်။ ထို့အတွက်ကြောင့် တရုတ်လူမှုရေးနယ်ပယ်တွင် အသင်းအဖွဲ့အစည်းက မရှိမဖြစ်ပါ။

ကြာတိုင်ခေါ် တရုတ်အရက်ပါသော စားသောက်ဝိုင်း(ဟင်းလျာစားသောက်ဖွယ်များ)တွင် စားပွဲတစ်ပွဲလျှင် ၁၀ ယောက် အချို့ ၁၂ ယောက် စားလေ့ရှိသည်။ ဤကြာတို တရုတ်စားသောက်ဝိုင်းများသည် တရုတ်မင်္ဂလာဆောင်တွင်လည်းကောင်း၊ အသင်းအဖွဲ့အစည်း နှစ်ပတ်လည်နေ့ရက်များတွင်လည်းကောင်း ပြုလုပ်ကျင်းပလေ့ရှိသည်။ ထိုတရုတ်ကြာတို စားသောက်ဆိုင်များကား လူအမျိုးမျိုး အသင်းအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်အသီးသီး လာရောက်ဆုံစည်းလေ့ရှိ၏။

ထိုအခါမျိုးတွင် မိမိတို့အသင်းအဖွဲ့အစည်းက လူအများသာ သီးသန့်သိရှိနိုင်ရန် စားသောက်စားပွဲပေါ်က တူများဖြင့် လျှို့ဝှက်ပြီး အမှတ်သင်္ကေတပြပြီး ပြသည်လည်းရှိသည်။ ဥပမာ စားပွဲခုံပေါ်တွင် မစားသောက်မီ ပန်းကန်လုံးများကို မှောက်တင်ထားပြီး နံဘေးတွင် တူနှစ်ချောင်း ညီညီညာညာချထားသည်။ အကယ်၍ တူတစ်စုံသည် ပြောင်းပြန်ချထားသည်ရှိသော် ဤစားပွဲခုံတွင် ရန်သူရှိနေသည်ဟူ၍ ပြဆိုနေသည့် သင်္ကေတဖြစ်၏။ အကယ်၍ ပန်းကန်လုံးနံဘေးတွင် တူတစ်စုံသည် ပန်းကန်လုံးရှေ့တွင် ကန့်လန့်ထားရှိသော် ဤစားပွဲခုံတွင် ခိုက်ရန်ဖြစ်မည်ကို ကြိုတင်၍ လျှို့ဝှက်သင်္ကေတ ပြဆိုထားခြင်းဖြစ်၏။

ဤသို့သော တရုတ်ကြာတို စားသောက်ဝိုင်းများတွင် သုံးဆောင်သော တူနှင့်ပတ်သက်ပြီး လျှို့ဝှက်သင်္ကေတ အမှတ်အသားများစွာကို သိရှိထားသော်လည်း အကြောင်းကြောင်းကြောင့် အလျဉ်းမသင့်သေး၍ ဤနေရာတွင် ချန်လှပ်ထားခဲ့ပါ၏။

## စားသုံးသည့် ယဉ်ကျေးမှု

လူမျိုးတိုင်းတွင် စားသောက်မှုဆိုင်ရာတွင် ဆောင်ရန်ရှောင်ရန် ယဉ်ကျေးမှုဓလေ့ထုံးစံများရှိသည်။ တရုတ်လူမျိုးတို့သည် ထမင်းသုံးဆောင်သည့်အခါတွင်ဖြစ်စေ၊ ဟင်းရည်ချိုများကို သောက်သုံးသည့်အခါတွင်ဖြစ်စေ နှုတ်မှ အသံမမြည်ရ၊ ပါးစပ်ကိုပိတ်ပြီး သုံးဆောင်ရ၏။ မိမိပါးစပ်ထဲတွင် အစားအသောက်များကိုဝါးနေရင်း စကားမပြောရ။ ပါးစပ်တွင်းမှာရှိသော အစားအသောက်များကို ကြေညက်အောင်ဝါး၍ မျိုချပြီးမှသာ စကားပြောလိုကပြောနိုင်သည်။ ဤကား ယဉ်ကျေးမှုဖြစ်သည်။

အရည်များကို သောက်သုံးသောအခါတွင်လည်း ပါးစပ်ကို လူအများမမြင်နိုင်အောင် လက်တစ်ဖက်နှင့် ကာဆီးထားပြီးမှ သုံးဆောင်ရသည်။ စားသောက်ဖွယ်တို့ကို သုံးဆောင်ပြီး၍ သွားကြားထိုးတံကို ထိုးသောအခါတွင်လည်း ထိုနည်းအတိုင်း လူအများမမြင်နိုင်အောင် လက်တစ်ဖက်နှင့် ကာဆီးထားပြီးမှ သွားကြားထိုးတံကို ထိုးရ၏။

## ထမင်းပန်းကန်၊ ဟင်းပန်းကန် ပေါ်တွင် တူမတင်ရ

ရှေးတရုတ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ မိမိစားသောက်ရမည့်



www.burmeseclassic.com

www.burmeseclassic.com

ထမင်းပန်းကန်၊ ဟင်းပန်းကန်ပေါ်တွင် တူနှစ်ချောင်းကို တင်မထားရပါ။

အချို့ မသိ၍ ရန်ကုန်မြို့ တရုတ်တန်းရှိ လမ်းဘေးဈေးဆိုင်များ၌ အစားအသောက်များကို မှာယူသောအခါ အလွယ်တကူ သုံးဆောင်သည့် တူနှစ်ချောင်းကို အစားအသောက်ပန်းကန်ပြားပေါ်တွင်တင်၍ ပေးကမ်းလေ့ရှိ၏။

အချို့ကလည်း မသိနားမလည်၍ မိမိသည် တူနှစ်ချောင်းဖြင့် ကိုင်တွယ်စားသောက်နေရာမှ ဟင်းချိုရည်ပန်းကန်မှ ဟင်းချိုရည်ကို ဇွန်းဖြင့်ခပ်ယူသောက်သုံးလိုသောအခါ အမှတ်မထင် တူနှစ်ချောင်းကို မိမိစားသောက်နေဆဲထမင်း ပန်းကန်ပေါ်တွင် တင်ထားလေ့ရှိသည်ကို အထူးရှောင်ကြဉ်ပါ။

ထိုသို့ ထမင်းပန်းကန်၊ ဟင်းလျာပန်းကန်ပေါ်တွင် တူနှစ်ချောင်းကို တင်ထားခြင်းသည် သူဖုန်းစား၊ သို့မဟုတ် သူတောင်းစားတို့ စားသောက်သောအလေ့အထဟု သတ်မှတ်ထားသည်။ အချို့သော တရုတ်လူမျိုးနွယ်စုတို့သည် စားသောက်သည့်ပန်းကန်ပေါ်တွင် တူနှစ်ချောင်းကိုတပ်၍ သေသူဝိညာဉ်အား ကန်တော့လေ့ရှိ၏။

## ထမင်းပန်းကန်တွင် တူကိုစိုက်ထား

တရုတ်လူမျိုးတို့၏ ယဉ်ကျေးမှုကား ကြီးမားလှသည်။ ရှေးထုံးစဉ်လာများကိုလည်း မြတ်မြတ်နိုးနိုး ထိန်းသိမ်းလေ့ရှိသည်။ တရုတ်လူမျိုးတို့ရှိသည့် နေရာတိုင်းတွင် တရုတ်ယဉ်ကျေးမှုကား ရှိနေ၏။

တရုတ်လူမျိုးတို့၏ ရှေးထုံးစဉ်လာတွင် ဓလေ့ထုံးစံဖြစ်သော

(က) တရုတ်လူမျိုးတို့ နှစ်သစ်ကူး ချွန်ကျက်ပွဲတော်သည် အနောက်တိုင်း ပြက္ခဒိန်အရ ဇန်နဝါရီလကုန်၊ ဖေဖော်ဝါရီလအတွင်း ကျရောက်လေ့ရှိသည်။ ဤအခါသမယတွင် ကွယ်လွန်သွားပြီဖြစ်သော မိဘဘိုးဘွားများအား ကျန်ရစ်သူ ဆွေစဉ်မျိုးဆက် မိသားစုက ကန်တော့သည့်အခါ ထမင်းပန်းကန်တွင် တူနှစ်ချောင်းကို ဖောက်ထိုးစိုက်ထားပြီး ကန်တော့လေ့ရှိ၏။

(ခ) တရုတ်လူမျိုးတို့၏ ပြက္ခဒိန်အရ ခုနစ်လပိုင်းတွင် ခြစ်လေပွမ် (တရုတ်ရိုးရာ ကွယ်လွန်သွားသော မိဘဘိုးဘွားများ ကန်တော့ပွဲ) မြန်မာတို့အခေါ် တစ္ဆေကြီးပွဲတော်တွင်လည်း ထမင်းပန်းကန်တွင် တူနှစ်ချောင်းကို ဖောက်ထိုးစိုက်ထားကာ ကန်တော့လေ့ရှိ၏။

(ဂ) နှစ်စဉ် မတ်လ ၂၈ ရက်နေ့မှ စပြီး ၂၅ ရက်အတွင်း ကျင်းပပြုလုပ်လေ့ရှိသော ချင်မင်(သင်္ချိုင်းပွဲ)တွင်လည်း မိဘဘိုးဘွားများ မြှုပ်နှံထားရာ သင်္ချိုင်းဂူသို့သွားရောက်၍ ကန်တော့ရာတွင်လည်း ထမင်းပန်းကန်တွင် တူနှစ်ချောင်းကို ဖောက်ထိုးစိုက်ထား၍ ကန်တော့လေ့ရှိ၏။

ဤသို့ ထမင်းပန်းကန်တွင် တူနှစ်ချောင်းကို ထိုးစိုက်ထားခြင်းသည် သေဆုံးသွားသူ၏ ဝိညာဉ် (ဝါ) လိပ်ပြာ ကို ကန်တော့သည်ဟု တရုတ်လူမျိုးများက သတ်မှတ်ထားကြ၏။

## တူနှင့်ပတ်သက်သော အတိတ်နိမိတ်

တရုတ်လူမျိုးတို့သည် အတိတ်နိမိတ်ကို ယုံကြည်သောလူမျိုးဖြစ်သည်။ သုံးဆောင်သော တူနှင့်ပတ်သက်၍ အတိတ်နိမိတ်ကောက်ယူသည့် တရုတ်ရှေးထုံးစဉ်လာတစ်ရပ်လည်း ရှိသေးသည်။ ယင်းကား ဤသို့ဖြစ်၏။

တရုတ်ယောက်ျားပျို (အိမ်ထောင်မကျသေးသော လူပျိုလူလွတ်) တစ်ဦးသည် တူနှစ်ချောင်း ကိုင်တွယ်စားသောက်ပုံကိုကြည့်ပါ။ စားသောက်ထေတိုင်း တူ၏ သုံးပုံနှစ်ပုံခန့်နေရာတွင် အစဉ်သဖြင့် ကိုင်တွယ်စားသောက်လေ့ရှိသည်ဆိုတဲ့ ထိုယောက်ျားပျိုသည် အိမ်ထောင်ပြုသည့်အခါ ပထမဆုံးမွေးဖွားမည့်ကလေးသည် အမျိုးသမီး (မိန်းကလေး)ဖြစ်တတ်သည်ဆို၏။

အကယ်၍ ထိုတရုတ်ယောက်ျားပျိုသည် တူနှစ်ချောင်းကို ကိုင်တွယ်၍ စားသောက်လေတိုင်း တူ၏အရင်းထိပ်ပိုင်းနေရာမှ ကိုင်တွယ်စားသောက်အံ့။ ထိုသို့စားသောက်လေ့ရှိသော ယောက်ျားပျိုသည် အိမ်ထောင်ပြုသည့်အခါ ပထမဆုံးမွေးဖွားမည့် ကလေးသည် အမျိုးသား(ယောက်ျားလေး) ဖြစ်တတ်သည်ဆို၏။

ဤသည်တို့ကား တရုတ်ရှေးထုံးစဉ်လာ တူဓလေ့များဖြစ်ပေ၏။

အားလုံးသတ္တဝါ ချမ်းသာပါစေ။

သုတေသီမြင့်ပွင့်နှင်း



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

# ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ၊
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ်-၂၇၊အခိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့ ☎-၅၇၇၈၄၉ ☎၀၉ ၄၃၁၉၉၅၄၉ ☎၀၉ ၅၅၁၁၃၁၆

နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

# မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်ငြိမ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၆၆၆၇၇၈၀၉-၇၉၈၈၆၉၀၀၉

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

# မောင်ဟိန်းကျော်

ယခင်လမှအဆက်




www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ

# ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

ကျွန်ုပ်သည် ရက္ခစိုးပြောသော စကားများ၏ အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်းသိနေ၏။ နားလည်နေ၏။ ပြီတ္တာလည်း ကျွန်ုပ်နယ် နားလည်နေကြောင်း အကဲဖမ်း၍ရသည်။

"ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ လူသားတို့နှင့်ထိတွေ့နေရခြင်း။ လူများတွင် သူတော်ကောင်းများ အကျင့်သီလစောင့်ထိန်းသူများကိုသာ တွေ့မြင်နိုင်ပြီး စွဲလမ်းနေစေရန် ဘုရားအနီးကျောင်းအနီး လူနေအိမ်အနီးတို့၌ နေထိုင်ရန် သတ်မှတ်ပိုင်းခြားပေးခြင်း ဖြစ်ပါသလော"

"ယခု ကျွန်ုပ်ကျွေးသောအစားအစာသည် သင်တို့သိသင့်သိထိုက်သော အကြောင်းအရာများကို သိနားလည်အောင် အာနိသင်များကို ဖြစ်စေ၏။ မူလက သင်တို့အဖြေရှာရခက်ခဲသော အဖြစ်အပျက်များကို ယခုမှစ၍ သုံးသပ် ဝေဖန်နိုင်ကြပေတော့မည်"

ရက္ခစိုး၏စကားများ မမှားချေ။ ကျွန်ုပ်တို့မေးမည်ဟူ၍ တေးမှတ်ထားသော ပုစ္ဆာများ၏ အဖြေကို ရက္ခစိုးအားမေးရန်မလိုဘဲ သိရှိလာနေမိကြသည်မှာ အမှန်ပင်တည်း။

ဆာလောင်ခြင်းမှာ ဝမ်းဗိုက်၏တောင်းဆိုချက်ဖြစ်သည်။ ဝမ်းဗိုက်တွင် အစာတို့ဖြင့် အသင့်အတင့်ပြည့်ခဲ့လျှင် ဆာလောင်ခြင်း အသင့်အတင့် လျော့နည်းသွားသည်။ အစာတို့ပြည့်အင့်လျှင် ဆာလောင်ခြင်းမရှိတော့။ ပျောက်ကွယ်သွား၏။ ဆာလောင်ခြင်းမရှိလျှင် အစာကို တမ်းတရန် မလိုအပ်တော့ပေ။

ကျွန်ုပ်တို့ နှစ်ပေါင်းများစွာ နားမလည်ခဲ့သော အချက်အလက်များအား ယခုသိရှိနားလည်လာသောအခါ ကျွန်ုပ်တို့မှာ အလွယ်ဆုံးအချက်များကို



www.burmeseclassic.com

www.burmeseclassic.com

*အခုကျကြီးခါကဲနေခဲ့ကြောင်း တွေ့ရှိ* လာတော့သည်။

အိပ်မက်ပေးခြင်း၊ လူ့ဘဝ ဝင်စားခြင်း၊ ဝေမာနိကာ သက်တမ်း ကုန်ခြင်း၊ ဘဝကူးရန် "အထုံ"လိုအပ် ခြင်းများကိုလည်း တိတိကျကျ နိုင်မာ စွာပြောနိုင်ပြီဖြစ်၏။

ပြိတ္တာသည် ကြီးမားလေးလံ သော ဝန်ထုပ်ကြီး လွှင့်စဉ်ပျောက် ကွယ်သွားသူသဖွယ် ပေါ့ပါးလန်းဆန်း နေသည်။ ကျွန်ုပ်လည်း ပြိတ္တာကဲ့သို့ ပင်လွတ်လပ်ငြိမ်းချမ်းနေသည်မဟုတ် ပါလော။

"သင်တို့သည် လူ့အသွင် သဏ္ဌာန်နှင့် နီးစပ်စွာ တူလာပြီဖြစ် သော်လည်း သင်တို့ကိုယ်တွင်းကိုယ်ပ အနံ့ဆိုးများ ကင်းစင်ပပျောက်သည် အထိ ကျွန်ုပ်က စီမံဆောင်ရွက်ပေးဦး မည်ဖြစ်ပေသည်။ သန့်စင်ဖြူဖွေး သော အဝတ်အထည်တို့ဖြင့်လည်း ဆင်ယင်ပေးရမည်ဖြစ်၏။ သို့မှသာ သင်တို့အိပ်မက်ပေးခဲ့လျှင် သင်တို့၏ ရုပ်ပျော်ဖွယ်ပုံရိပ်အား တွေ့မြင်ကာ လက်ခံလိုကြပေလိမ့်မည်"

"ကျွန်ုပ် ဝင်စားရမည့်သူမှာ မယ်ဆင့်တူမလေး သရဖီဦးပင် ဖြစ်ပါ သလော"

"ဟုတ်၏ မဟုတ်၏ကို ကျွန်ုပ် အဆုံးအဖြတ် မပေးနိုင်ပေ။ သင်သည် သင်၏ အမျိုး၌သာ လူဖြစ်နိုင်ကြောင်း၊ လူ့ဘဝတွင် တရားလေ့လာလိုက်စား ပြီး ဒေါကီစည်းစိမ်ဟူသူမျှကို ငယ်

*စဉ်မှ စတင်ရှုံ့မှုန်းမည်၊ သာသနာ* တော်အတွင်းဝင်ရောက်ပြီး သံသရာ ပြတ်သောတရားကို ကျင့်ကြံအား ထုတ်မည်၊ ရဟန်းဝါနုစဉ်၌ သတ္တဝါ များကို ကယ်တင်လျက် သက်လွတ် ဘေးမဲ့နယ် တူထောင်လိမ့်မည်။ သင်တို့ သက်တမ်းကုန်သည့်အချိန် ရောက်လျှင် သင်တို့အား သက်တမ်း ကုန်ဆုံးမည့်အကြောင်း ကျွန်ုပ်က အသိပေးညွှန်ပြရပေမည်"

ရက္ခစိုး၏ စကားပြီးဆုံးသော အခါ ကျွန်ုပ်သည် မေးစရာမရှိတော့ ချေ။ ပြိတ္တာအား အကဲခတ်လိုက်သော် ပြိတ္တာလည်း ကျွန်ုပ်ကဲ့သို့ပင် ရှုပ်ထွေး နေသော အကြောင်းအရာများ မရှိ တော့ဟန် တွေ့မြင်ရ၏။ သို့ဖြင့်ကျွန်ုပ် တို့သည် ရက္ခစိုးမင်း ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များကို လိုက်နာရန် အသင့်ငုံ့လင့်နေမိကြ၏။

ညောင်ပင်အရင်းပိုင်း၌ အုတ်စီ ထားသော အုတ်တံတိုင်းအဝိုင်း၏ နံဘေး၌ ကျွန်ုပ်တို့အား ရပ်ခိုင်းထား ၏။ ရက္ခစိုးက အုတ်ခုံအကာအရံပေါ်မှ မတ်တတ်ရပ်လျက် ညောင်ပင်ခြေ ရင်း၌ရှိသော ညောင်ရေအိုးခေါ် မြေ အိုးကလေးများကိုတစ်လုံးပြီး တစ်လုံး ယူ၍ အိုးတွင်းမှ ရေများဖြင့် ကျွန်ုပ် တို့၏ခေါင်းမှ လောင်းချပေးသည်။

"မျက်နှာတွေ လက်တွေကို မီတဲ့နေရာတွေကို ပွတ်သပ်ပေးကြ"

ရက္ခစိုး၏ အမိန့်အတိုင်း မျက်နှာ၊ လက်နှင့် ဝမ်းဗိုက်များကို လှူများ ရေချိုးဟန်ကဲ့သို့ ပွတ်သပ် လိုက်ကြ၏။

"သင်တို့ အဝတ်အစားတွေကို ချွတ်ဖယ်စွန့်ပစ်လိုက်ပေတော့"

ကျွန်ုပ်တို့၏ခါးတွင် ဖြစ်သလို ရစ်ပတ်စည်းနှောင်ထားသော အဝတ် များကိုဖြုတ်ကာ လွှင့်ပစ်လိုက်၏။ အဝတ်တို့သည် မလှမ်းမကမ်း မြေပြင် ပေါ်သို့ ကျရောက်ခါ အခိုးအငွေ့များ ထွက်ပြီး ပျောက်ကွယ်သွားကြလေ သည်။ ရက္ခစိုးမင်း ဆက်လက်လောင်း ချသောရေမှာ တစ်မျိုးပြောင်းသွား၏။ ဦးစွာလောင်းသောရေမှာ ရှိုးရှိုးဖြစ်ပြီး ယခုလောင်းသောရေမှာ သင်းထုံမွှေး ပျံ့သည့် ရေများဖြစ်၏။ ထို့ပြင်လည်း မွှေးထုံသောရနံ့ကို ခံစားရရှိခြင်းမှာ ကျွန်ုပ်တို့အဖို့ ပထမဦးဆုံးအကြိမ် ဖြစ်သည်။

"ခေါင်းမော့ ပါးစပ်ဟပြီး သောက်လိုက်ကြ"

ကျွန်ုပ်တို့၏ ပါးစပ်များ ဖွင့် လျက် မော့လျက် မွှေးသောရေများ ခံယူပြီး သောက်ခါ သောက်ခါ ပြုလုပ် ကြသည်။ ရက္ခစိုးမင်းက တော်ပြီဟု တားမှပင် အမွှေးနံ့သာရည်သောက် ခြင်းကို ရပ်တန့်လိုက်ကြ၏။ ကျွန်ုပ် တို့၏ခန္ဓာကိုယ်မှ ရေမှုန်များရော၊ မြေ ပေါ်ကျရောက်စီးဆင်းသောရေများပါ တစ်ပြိုင်တည်းမှာပင် ပျောက်ကွယ် သွားခဲ့ကြလေသည်။

"အဝတ်အစားများကို ဝတ် ဆင်ကြချေလော့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ရက္ခစိုးဘက် လှည့်လိုက်လေလျှင် အုတ်တံတိုင်းထက်၌ ဖြူစင်သော အဝတ်အစားများကိုတွေ့ရသဖြင့် ယူငင်၍ဝတ်ဆင်လိုက်ကြ၏။ ကွင်းသဖွယ်ရှိသည့်ပိတ်စကို လူတို့ပုဆိုးဝတ်သကဲ့သို့ ဝတ်ဆင်လိုက်၏။ ကျန်ပိတ်ဖြူစမှာ ခန္ဓာကိုယ်အပေါ်ပိုင်း ဘုန်းကြီးများ ဝတ်ဆင်သည့်သဖွယ် စလွယ်သိုင်းရစ်ပတ်လိုက်၏။ ရက္ခစိုးက အပေါ်ပိုင်းဝတ်ဆင်ပုံကို ကူညီပြသခဲ့သည်။ ခါးဝတ်ပုဆိုးဝတ်ဆင်ရာ၌ ကျွန်ုပ်တို့သည် လူများနည်းတူ ဝတ်ဆင်တတ်နေကြ၏။

ထို့နောက် ဘုရားကြီးသို့ခေါ်သွားပြီး လူရှင်းသောအာရုံခံတန်ဆောင်းတစ်ခု၌ ကျွန်ုပ်တို့အား ထိုင်စေ၏။

ရက္ခစိုးက ကျွန်ုပ်နှင့်ပြိတ္တာကို ဒုက္ခဟူသော အဓိပ္ပါယ်၊ သုခဟူသော အဓိပ္ပါယ်များကို တဖြည်းဖြည်း ရှင်းလင်းပြောပြလေတော့သည်။ ကျွန်ုပ်တို့လည်း မရှင်းမလင်းသည့် အခါနှင့် အဓိကမှတ်ထားရမည့်အချက်များကို ထပ်မံမေးမြန်းခြင်းပြုကြ၏။ အချို့အချက်အလက်များကို ရက္ခစိုးမင်းက စစ်မေးလေရာ ကျွန်ုပ်တို့မှာ ပြန်လည်ဖြေကြားရ၏။

ကျွန်ုပ်တို့သည် ထိုအာရုံခံတန်ဆောင်းတွင်း၌ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ နားထောင်မှတ်သားနေကြရ၊ တစ်ခါတစ်ရံ တန်ဆောင်းတွင်း၌ တစ်စုံတစ်ယောက် ရောက်ရှိခဲ့လျှင် ကျွန်ုပ်တို့အား အခြားလူရှင်းသော တန်ဆောင်းသို့ ပြောင်းရွှေ့ပေ၏။ တစ်ခါတစ်ရံ၌လည်း ရက္ခစိုးသည် အကြောင်းကိစ္စ ပေါ်ပေါက်လာ၏။ ထိုအခါ ကျွန်ုပ်တို့မှာ ညောင်ပင်တွင် နေသည့်အခါ နေ၏။ ဘုရားကြီးနှင့် ဘုရားလေးရှိ လူရှင်းရာတန်ဆောင်း၊ နေရာတစ်ခုခု၌ နေသည့်အခါ နေခဲ့ကြ၏။

တစ်နေ့သ၌ ဘုရားကြီးဝန်းကျင်မှ ချုံများခုတ်ထွင်ခြင်း၊ လူသွားလမ်းများ ပြုပြင်ခြင်း၊ ဘုရားကြီးနှင့် ရင်ပြင်၊ တန်ဆောင်း၊ နံရံ၊ ဆင်းတုတော် စသည်များကို ပြုပြင်မွမ်းမံခြယ်သခြင်း လုပ်ငန်းများ လုပ်ဆောင်ကြသဖြင့် လူစုလူဝေးရှိလာပြီး လူသံသူသံများ ဝေလျှံလာခဲ့သည်။

ရက္ခစိုးပြောသည့်စကားမှာ ကျွန်ုပ်သည် ရွာသို့ပြန်ရမည်။ ပြိတ္တာက ရက္ခစိုးထံ၌ ကျန်ရစ်ခဲ့မည်။ ကျွန်ုပ်ရွာသို့ပြန်ရခြင်းမှာ လူ့ဘဝကို ဝင်စားရန်မှတစ်ပါး အခြားအကြောင်းကိစ္စ မရှိနိုင်ချေ။

"မင်းသွားရဖို့ မဝေးတော့ဘူးဆိုတာ ငါလည်း ဝမ်းသာတယ် သက်နိုင်ရာ"

ကျွန်ုပ်နှင့်ပြိတ္တာမှာ ရက္ခစိုးနှင့် အတူနေရသည့် ရက်များတွင် သက်နိုင်၊ ကျော်ကျော် ဟူ၍ အခေါ်အဝေါ်များ ပြောင်းလဲသုံးနှုန်းခဲ့ကြသည်။ ဤသို့ပြောင်းလဲ ခေါ်ဝေါ်ခဲ့ခြင်းမှာ ရက္ခစိုးမင်းမှစတင်ကာ သက်နိုင်၊ကျော်ကျော်ဟု သုံးနှုန်းရာမှ ကျွန်ုပ်တို့က လိုက်လံခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ပြိတ္တာကောင်၊ တစ္ဆေကောင်ဟူ၍ ခေါ်ဝေါ်စဉ်က ကျွန်ုပ်တို့၏ စိတ်ထဲ၌ ထိုအခေါ်အဝေါ်များ ကျေနပ်နေမိကြသည်။ ယခု သက်နိုင်၊ ကျော်ကျော် စသည်ဖြင့် လူနာမည်ဖြင့် ခေါ်ဝေါ်လာသောအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင် လူဖြစ်နေသည်ဟု စိတ်မှာ ခံစားရပြီး အားရကျေနပ်နေမိကြသည်။

ရက္ခစိုးမင်းပြောသလို လူ့ပုံလူ့ဟန်လူ့ရုပ် ပီပြင်လာခြင်းပင်ဖြစ်ချေ၏။

ရက္ခစိုးမင်း စေလွှတ်လိုက်သဖြင့် ရွာသို့ပြန်လာခဲ့ပြီး သရက်ပင်ဘုံသို့ မသွားဘဲ ဦးတင်မြအိမ်သို့ တိုက်ရိုက်သွားခဲ့သည်။ သီတင်းကျွတ်ပြီးသည်မှာ ရက်အတော်ကြာခဲ့ပြီဖြစ်၍ သရဖီဦး၏ မင်္ဂလာကိစ္စ ပြီးမြောက်ခဲ့ပြီဖြစ်မည်ဟု ထင်မိသည်။

"သက်နိုင်၊ သင့်အတွက် အခွင့်အရေးသည် သုံးရက်သာရှိသည်၊ ဤသုံးရက်တွင် အိပ်မက်ပေးခြင်းကို ရအောင်ပြုလော့၊ အထူးမှာလိုက်မည်၊ မာရ်နတ်မင်း၏ နတ်ဆိုးတို့သည် သင့်အား အကြမ်းနည်းဖြင့်ဖြစ်စေ၊ အနုနည်းဖြင့်ဖြစ်စေ နှောင့်ယှက်ဖျက်ဆီးတတ်ကြ၏။ ထိုနတ်ဆိုးတို့သည် သင့်၏အဆွေခင်ပွန်း ကျော်ကျော်၏ ပုံသဏ္ဌာန်ဖြင့်လည်း လာတတ်၏။ နား



www.burmeseclassic.com

www.burmeseclassic.com

ကားကြီးသဖွယ်လည်း ရောက်လာတတ်၏။ မည်သူက မည်သို့တားဆီးသည်ဖြစ်စေ သင်လုပ်ဆောင်ရန်ရှိသည့်အမှုကိစ္စကိုသာ စိုက်လိုက်မတ်တပ် လုပ်ဆောင်ချေလော့"

ရက္ခစိုး၏ မှာကြားချက်များအတိုင်း အနှောင့်အယှက်ပေးမည့်သူများကို ဦးစွာ ရှာဖွေကြည့်လိုက်၏။ မည်သူ့ကိုမျှ မတွေ့ရသေး။

နှင်းမှုန်များ လွှမ်းခြုံထားသည့်အောက်မှ တဲအိမ်ကြီး၏ အိမ်အရှေ့ပိုင်းဘက်သို့ လူငယ်တစ်ဦးထွက်လာသည်။ ထိုလူငယ်မှာ သရဖီဦးနှင့် အိမ်ထောင်ပြုရန် ရက်မြတ်ရက်ကောင်းရွေးစဉ်က ဘုန်းကြီးကျောင်း၌ တွေ့ဖူးသည်ကို သတိရလိုက်သည်။ ထိုသူငယ်က ရေငင်ပုံးတစ်လုံးဆွဲ၍ရေတွင်းသို့ထွက်သွား၏။ သူ့နောက်မှလိုက်ပါသွားသူ မိန်းမငယ်လေးတစ်ဦး သရဖီဦးဖြစ်သည်။

"ကိုရင်မောင်ကောင်း ဆားမပါဘူးမဟုတ်လား။ သွားတိုက်ဖို့လေ၊ ဒီမှာရော့၊ ဆွမ်းလည်းချက်ပြီးပြီ၊ အကြမ်းအိုးလည်းရပြီ၊ ထမင်းကြမ်းခဲနဲ့ကြံသကာလည်း လုပ်ထားတယ်၊ တော့်ဖို့ရော အဖေဖို့ရောပဲ၊ ငါးရံ့ခြောက်မီးဖုတ်လည်း ဆီဆမ်းထားတယ်၊ တော်တို့ ဒီနေ့ရိတ်မှာက ကွင်းစပ်ကလယ်ဆိုတော့ အဖေ့က အိမ်ပြန်ထမင်းစားမယ်တဲ့၊ အဲဒါ တော်လည်းပြန်စားပေါ့"

မောင်ကောင်းဆိုသူက ရေတွင်းမှ ဘစ်ပုံးငင်ယူပြီး သရဖီဦးပေးသော ဆားဖြင့် သွားတိုက်ကာ မျက်နှာသစ်နေသည်။

"ငါသိပါတယ် ရှပ်တေးရယ်၊ နင်အိပ်ရာထဲ တစ်ရေးပြန်ကွေးမလို့ မဟုတ်လား"

မောင်ကောင်း၏ စကားကြောင့် သရဖီဦး နှုတ်ခမ်းစူသွားသည်။

"ဒီရှပ်တေးကြီး မခေါ်ပါနဲ့ဆိုတာ စောစောစီးစီး ရန်မဖြစ်ချင်လို့ ဟင်း…"

"ဘွာဘွာ…အကျင့်ကို ချက်ချင်းပြင်မရလို့ပါ၊ နင်ကလည်း ထစ်ကနဲဆို ရန်ဖြစ်ဖို့ပဲ တကဲကဲဖြစ်နေတာပဲ"

"ဟောကြည့်…ကတိတွေပေးပြီး အခုညားပြီးတာမှ ရက်ပိုင်းပဲရှိသေးတယ်၊ ကိုရင်နော် ကိုရင်…ငယ်ကျင့်မပြင်လို့ကတော့…"

"ကဲပါ၊ ပြင်ပြီပြင်ပြီ၊ ခု စပြင်ပြီ၊ စောစောစီးစီး စိတ်မဆိုးနဲ့ဟာ ကလေးလေးကျနေတာပဲ"

"အံမယ် လင်ယူလို့သာလူကြီးဖြစ်တာပါနော်၊ စိတ်ကတော့ ကလေးစိတ်ပဲ"

တစ်ယောက်တစ်ခွန်း ပြောလျက် အိမ်ပေါ်သို့ တက်သွားစဉ် ဦးတင်မြက မီးဖိုဆောင်သို့ ထွက်လာပြီး ကုပ်ပေါ်ခွတင်ထားသော တဘက်ဖြင့် မျက်နှာအား သုတ်နေသည်ကို တွေ့ရသည်။

"အဘိုးနိုးပြီလား။ သမီး အကြမ်းပွဲသွားယူပေးမယ်၊ အဖေရော…"

"နင့်အဖေ မနေ့က ခါးမြက်သွားတာ မသက်သာဘူးနဲ့တူပါတယ်၊ နေပစေ၊ အဘိုးပဲ သွားလိုက်မယ်၊ ကျော်စွာတို့ ကရင်လေးတို့ လာကူမှာပဲ၊ နေမမြင့်ခင် ငန်းပြတ်မှာပါ"

သရဖီဦး ပြင်ဆင်ပေးသော ထမင်းကြမ်းနှင့် လက်ဖက်ရည်ကြမ်း စားသောက်နေစဉ် သရဖီဦး၏အဘွားနိုးလာပြီး ဘုန်းကြီးကျောင်းသို့ အာရုံဆွမ်းပို့ရန် စီစဉ်နေသည်။ ဦးတင်မြနှင့် မောင်ကောင်းတို့သည်လည်း ထရံမှာထိုးထားသော တံစဉ်တစ်ချောင်းစီ၊ ခမောက်တစ်လုံးစီ ယူငင်ကာ လယ်ကွင်းဆီသို့ ထွက်သွားကြသည်။

အရှေ့ဆီမှ ရောင်နီမပျို့တပျို့အချိန်တွင် သရဖီဦး၏ အဘွားသည် ဆွမ်းအုပ်ရွက်ခါ ဘုန်းတော်ကြီးကျောင်းဘက် ထွက်သွားလေသည်။ သရဖီဦးသည် အဘိုး၊ အဘွားတို့၏ အိပ်ရာအား ခေါက်သိမ်းပြီး တံမြက်လှဲကျင်းကာ မီးဖိုဆောင်နှင့်ကပ်လျက် အခန်းတွင်းသို့ ဝင်သွားခဲ့လေသည်။

မြင်တွေ့ရသောအနေအထားနှင့် ကြားရသောစကားတို့ကို ပေါင်းစပ်ဆက်စပ်ကြည့်လိုက်သောအခါ သရဖီဦးသည် မောင်ကောင်းနှင့် လက်ထပ်ထိမ်းမြားပြီးဖြစ်ကြောင်း သေချာချေပြီ။ သရဖီဦး၏ အိပ်ခန်းသည် သရဖီဦးဝင်ရောက်သွားသော အခန်းပင်ဖြစ်မည်ထင်၏။ သရဖီဦးသည် ထိုအခန်းအတွင်းသို့ ဝင်ရောက်သွားပြီးနောက် အတော်ကြာသည်

www.burmeseclassic.com

အထိ ပြန်ထွက်မလာတော့ပေ။ ဤသည်မှာ မောင်ကောင်းပြောသလို တရေးပြန်ကွေးနေခြင်း ဖြစ်မည်။ ကျွန်ုပ်သည် အိမ်နောက်ပိုင်းကို ကွေ့သွားလိုက်သည်။

သရဖီဦးအခန်းနှင့် တည့်တည့် ထရံအနီးသို့ကပ်ကာ မျက်စိများ စုံမှိတ်ထားပြီး ကျွန်ုပ် ပြောချင်သော စကားများကို တတွတ်တွတ် မရပ်မနားပြောချလိုက်တော့၏။

ကျွန်ုပ် မည်မျှကြာအောင် တတွတ်တွတ် ပြောနေခဲ့သည်မသိ။ အသံဗလံများ ဆူညံစွာကြားရတော့မှ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

"ဟဲ့...ဟဲ့ ဩော် ဒီရုပ်တေး မလေးဟာလေ ဒရောသောပါးနဲ့ ဘယ်လုဖြစ်တာတုံး။ မိထိတ်သာ မလန့်သာရှိလိုက်တာနော်"

မီးဖိုဆောင်ထဲမှ သရဖီဦး၏ မိခင် အထိတ်တလန့် ပြောဆိုသံများ ဖြစ်သည်။ သရဖီဦးသည် အိမ်ခန်းတွင်းမှထပြီး အိမ်ရှေ့သို့ တဝုန်းဝုန်း ပြေးထွက်ကာ မယ်ဆင့်အိမ်ဘက်သို့ အပြေးတစ်ပိုင်း ထွက်သွားသည်။ ပါးစပ်မှလည်း "ဒေါ်ကြီးဆင့် ဒေါ်ကြီးဆင့်"ဟု တကြော်ကြော် အော်ခေါ်သည်။ သရဖီဦး၏အမေလည်း မီးဖိုဆောင် နောက်ပေါက်မှဆင်းကာ သရဖီဦးနောက်သို့ ကသုတ်ကပျာ လိုက်ပါသွားသည်။ မယ်ဆင့်ကလည်း အိမ်ပေါ်မှ အလျင်စလိုဆင်းလာကာ သရဖီဦးကိုဆီးပွေ့၍ ကွပ်ပျစ်ပေါ်သို့ ထိုင်စေလိုက်၏။ ကျွန်ုပ်လည်းမယ်ဆင့် ခြံပိုင်းဘက်သို့ လိုက်လာခဲ့သည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ပြောစမ်း။ ဒေါ်ကြီးကို ပြောစမ်း"

"ငါလည်း ညည်းတူမ ဝုန်းဝုန်း ဒိုင်းဒိုင်း ပြေးဆင်းသွားလို့ လိုက်လာတာ၊ ဟဲ့ ရုပ်တေးမ အမေ့ကိုပြောစမ်း"

သရဖီဦးက မျက်နှာမချိုမချဉ်ဖြင့် မိခင်နှင့်ဒေါ်ကြီးကို တစ်လှည့်စီ ကြည့်သည်။

"ဘာမှမဖြစ်ပါဘူး အမေရဲ့ ဟိုဟိုလေ သမီးမှာ ကလေးရှိနေပြီ အဲဒါ..."

"ဟာ...ဒီကောင်မလေးဟာလေ ပေါက်တီပေါက်ရှာနဲ့၊ နင်လင်ရတာဘယ်နှရက်များရှိသေးလို့လဲ၊ ကလေးရရအောင်...ငါလေ"

"မလုပ်ပါနဲ့ဟယ်၊ ကလေးပဲရှိသေးတာ၊ သွေးလေပြောင်းလဲလို့ အိပ်မက်တွေ ဘာတွေ မက်လို့ဖြစ်မှာပေါ့ ဟုတ်လား သရဖီ၊ သမီး အိပ်မက်မက်တာလား"

"အင်း...ဟုတ်တယ်၊ အိပ်မက်မက်တာ၊ အခုမနက်ပဲ မက်တာ"

"ဒီလိုပဲ မက်တာပေါ့၊ သွေးလေပြောင်းလဲလို့ မက်တာပါ။ ဘာမှမဖြစ်ဘူး။ ကဲ ရေတစ်ခွက်သွားခပ်စမ်း။ ကလေးကို တိုက်ရအောင်"

"အေး...အေး"

သရဖီဦးမိခင်က ရေအိုးစင်သို့ ထသွားကာ ရေခပ်သည်။

"ဒေါ်ကြီးက ဘာသိလို့လဲ၊ အိပ်မက်က ထင်ထင်ရှားရှားကြီးကို မက်တာ၊ သမီးဖြင့် အိပ်မက်လို့တောင် မထင်ဘူး။ သမီးမက်တဲ့ အိပ်မက်ကိုပြောပြရင် ဒေါ်ကြီးဆင့် မျက်လုံးပြူးသွားလိမ့်မယ်သိလား"

"အိပ်မက်က ကြောက်စရာကောင်းလို့လား။ မထိတ်သာ မလန့်သာဟယ်"

"သမီးကို ဝတ်ဖြူစင်ကြယ်နဲ့ အသက်ငယ်ငယ် ချောချောလှလှ လူငယ်လေးတစ်ယောက်က သမီးဗိုက်ထဲဝင်စားပါရစေ၊ ငါ တခြားလူမဟုတ်ပါဘူး။ မယ်ဆင့်ယောက်ျား သက်ခိုင်ပါလို့ပြောပြီး သမီးကို လက်ဖမ်းဆွဲတယ်"

"ဘာ...ဘာပြောတယ်၊ သရဖီဦး...သမီး...ဒေါ်ကြီးကို စနေတာလား"

"တကယ်ဒေါ်ကြီးရဲ့ သမီးက ဦးသက်ခိုင်ဆိုတာ မမြင်ဖူးတော့ သူ့ကို ဘာမှပြန်မပြောဘဲ တစ်ဖက်ကို မျက်နှာလွှဲထားလိုက်တယ်၊ သူက သမီးလက်ကိုမလွှတ်ဘဲ ငါသက်ခိုင်အစစ်ပါ၊ ဟောဒီ ဘယ်ဘက်လက်သန်းကို သေချာကြည့်၊ ကောက်ရိတ်တုန်းက တံစဉ်ရှထားတဲ့ ဒဏ်ရာပါ၊ မယုံရင် မယ်ဆင့်ကို မေးကြည့်ပါဆိုပြီး သူ့ဘယ်ဘက်လက်က လက်သန်းလေးကို ပြတယ်၊ ဟုတ်တယ် လက်သန်းမှာ တံစဉ်ရှထားတဲ့ဒဏ်ရာလေးရှိတယ်။ ဦးသက်ခိုင် တံစဉ်ရှဖူး

www.burmeseclassic.com

တယ်လို့ အဖေတို့ ပြောတာကြားဖူး ထားတော့ ဦးသက်နိုင်ဆိုရင်တော့ ကျွန်မ မငြင်းပါဘူး၊ ဝင်စားပါလို့ ခွင့်ပြု လိုက်တယ်၊ အဲဒီလိုခွင့်ပြုလိုက်တာနဲ့ ဦးသက်နိုင် ကွယ်ပျောက်သွားပြီး သမီးလက်ထဲမှာ မွေးကင်းစကလေး လေး ရောက်နေတယ်"

"ဟဲ့ သမီး နင်ပြောတာတွေက ထူးဆန်းတယ်၊ ဟုတ်ကော ဟုတ်ရဲ့ လားဟယ်"

အနားသို့ ရောက်လာသော မိခင်က သရဖီဦးကို ရေခွက်လှမ်းပေး ၍ ပြောလိုက်စဉ် သရဖီဦးက ရေခွက် ကိုယူ၍ ရေတစ်ငုံသောက်ပြီး -

"ဟုတ်ပါတယ် အမေရဲ့ အိပ် မက်နဲ့ကို မတူဘူး အခုလို လူချင်း စကား ပြောနေရသလိုပဲ အထင် အရှားကြီး အမေရဲ့"

မယ်ဆင့်သည် အံ့ဩနေရာမှ သတိဝင်လာပြီး သရဖီဦး၏ ကျောပြင် ကို လက်ဖဝါးဖြင့် ညင်သာစွာ သပ်ပေးလိုက်သည်။

"အင်း…ကိုသက်နိုင် ပြန်ဝင် စားရင်တော့ ကောင်းတာပါပဲလေ"

သရဖီဦးက သောက်ရေခွက် အား ဆက်မသောက်ဘဲ မယ်ဆင့်ကို ငေးကြည့်နေသည်။ မယ်ဆင့်က သရဖီဦး၏မိခင်ကို တည်ငြိမ်စွာ ပြော လိုက်သည်။

"ဒါဆို အဲဒီအကြောင်းတွေ ဆရာတော်ကို သွားလျှောက်ထားရင် ကောင်းမယ်"

"နေပါဦး မယ်ဆင့်ရယ် လူကြီး တွေနဲ့ တိုင်ပင်ပြီးလုပ်ကြတာပေါ့"

"အေး…၊ ကဲ သမီး အဲ့ဒီ ရေကုန်အောင်သောက်လိုက်လေ"

မယ်ဆင့်စကားအဆုံး၌ ကျွန်ုပ် သည် တစ်စုံတစ်ရာအား ဆုံးဖြတ် ချက်ချကာ သရဖီဦးသောက်မည့် ရေခွက်အတွင်းသို့ ခုန်ဝင်လိုက်လေ တော့၏။

❋ ❋ ❋

## အပယ်လေးလီ မြစ်နဒီတွင် ပလုံစီမြုပ်လို့

တစ္ဆေလူဝင်စား မောင်အောင် အမည်ရှိ ငါးနှစ်သားလေး၏ ကိုယ်တွေ့ တစ္ဆေပုံပြင်များ ဤတွင် နိဂုံးတံချူပြီ ဟု ဆိုရပါမည်။ သို့သော်လည်း မောင်အောင်သည် တစ်ထိုင်တည်း တစ်နေ့တည်း အစမှအဆုံးအပြည့် အစုံ ပြောပြခဲ့သည်မဟုတ်ချေ။

မောင်အောင်ရှိရာ နတ်ရဲကွင်း ရွာသို့ သွားရောက်မေးမြန်းခဲ့စဉ်က ကျွန်ုပ်သည်လည်း အသက် ၂၀ ခန့် သာရှိသေးသည်။ မင်္ဂလာဒုံတပ်မတော် ကလေးများ အထက်တန်းကျောင်း ယခု အ·ထ·က (၁)မင်္ဂလာဒုံတွင် တက္ကသိုလ်ဝင်တန်းကျောင်းသားလည်း ဖြစ်၏။ ကျွန်ုပ်အသက် ၁၇ နှစ်ခန့်မှ စ၍ နွေရာသီကျောင်းပိတ်ရက်များ အတွင်းသာ မောင်အောင်ရှိရာ နတ်ရဲ ကွင်းရွာသို့ သွားရောက်နိုင်၏။ မောင် အောင်၏မိခင် သရဖီဦးသည် ကျွန်ုပ် နှင့် အစ်မဝမ်းကွဲတော်စပ်၍ ကျွန်ုပ် နှင့် မောင်အောင်သည် တူဝရီးတော် စပ်ကြ၏။

ကျွန်ုပ်သည် ဆရာကြီးမြစကြာ ၏ သိုက်သမိုင်းဝတ္ထုအချို့ကို တက္က သိုလ်ကျောင်းသား စာကြမ်းပိုးတစ်ဦး ထံမှ ငှားရမ်းဖတ်ရှုခဲ့ဖူးပြီး ထိုခေတ် စာရေးဆရာများအနက် တက္ကသိုလ် ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲခေါ်၍ ခေါ်မည့်နိုင်" မှစ၍ အစဉ်အတိုင်း "သူ့ ကျွန်မခံပြီ" အထိ မလွတ်တမ်းဖတ်ခဲ့ သည်။ သို့ဖြစ်၍လည်း မောင်အောင် လေးကို စည်းရုံးချဉ်းကပ်နိုင်ခဲ့သည့် အရည်အချင်းများ ရခဲ့ခြင်းဖြစ်သည်ဟု ယခု ပြန်လည်ဆင်ခြင်မိပါသည်။

မောင်အောင်လေးထံမှ သူ၏ အတိတ်ဘဝက အတွေ့အကြုံများ ပြောပြရာ၌ ကျွန်ုပ်၏ ပါးနပ်စွာမေးမြန်း ခဲ့သဖြင့် သိခဲ့ရသော်ငြား အစီအစဉ် တကျ ပြောခဲ့ခြင်းများ မဟုတ်ချေ။ ဒီနေ့ပြောပြသည်က နောက်အကြောင်း။ နောက်နေ့ပြောပြသည်က ရှေးအ ကြောင်း စသည်ဖြင့် ရာဇဝင်အူပေါက် ဖြစ်နေပါသည်။ မောင်အောင်သည် ကျွန်ုပ်ရွာမှာမရှိသော လများစွာအတွင်း ကွပ်ပျစ်စကားဝိုင်းကဲ့သို့ နေရာများ၌ စကားစပ်ဟပ်မိလျှင် ပြောပြဖူးခြင်းများ လည်းရှိတတ်ရာ ဦးတင်မြ၊ ဦးကျော် စွာ၊ ဦးကရင်လေး၊ ဒေါ်ဆင့်၊ ဦးထွန်း ကြိုင်တို့မှတစ်ဆင့် ကျွန်ုပ်သိခဲ့ရသည် များလည်းရှိခဲ့၏။

www.burmeseclassic.com

မောင်အောင်လေးအားခြောက်နှစ်သားမှစတင်ကာ ဆရာတော်ဦးပဏ္ဍိတထံအပ်နှံပြီး စာပေသင်ကြားစေသည်။ မောင်အောင်လေးသည် ၁၅ နှစ်သားအထိ မိဘများက မနိုင်းသော်လည်း နွားကျောင်းချင်စိတ်ပေါ်လာလျှင် နွားကျောင်းပေး၏။ လှည်းတိုက်၊ နွားတိုက်၊ ကောက်ရိုးလှိုင်းတိုက်၊ တလင်းနယ် စသည်ဖြင့်လည်း ဝင်ရောက်လုပ်ကိုင်ပေး၏။ ဆရာတော်မှ ဆွမ်းခံကြွရင်း မောင်အောင်ကျောင်းလာခဲ့ဦးဟု မိန့်ကြားမှာသွားလျှင် ဘုန်းကြီးကျောင်း၌ ၃လ ၄ လခန့် နေဖြစ်ပြန်၏။

ကျွန်ုပ်သည် မောင်အောင် ၁၅ နှစ်သားအရွယ် ရှင်သာမဏေပြုစဉ်ကအထိ နွေရာသီကျောင်းပိတ်ရက်များ၌သာ သွားရောက်လည်ပတ်ရင်း တွေ့ကြုံခဲ့ရသည်။ ထို့နောက်ပိုင်း ကျွန်ုပ်လည်း တက္ကသိုလ်တွင် ဥပဒေပညာများ သင်ယူနေပြီမို့ နတ်ရဲကွင်းသို့ မရောက်တော့ချေ။ မောင်အောင်အသက် ၂၀ ၌ ရဟန်းဘောင်ဝင်ရောက်သည့် အလှူပွဲသို့ပင် ကျွန်ုပ်မရောက်ဖြစ်ခဲ့ချေ။

တစ်နေ့သ၌ ငယ်စဉ်က ရေးမှတ်ထားသော မှတ်တမ်းစာအုပ်အဟောင်းအနွမ်းလေးကို ပြန်လည်တွေ့ရှိ၍ ဖတ်ကြည့်ရာ မောင်အောင်ထံမှ သိထားချက်များ ရေးမှတ်ထားသည့် စာအုပ်ဖြစ်နေ၏။ ထို့နောက် ဆက်လက်ရှာဖွေရာ ခြကိုက်၊ ပိုးထိုးစာအုပ် ၂ အုပ်ကိုပါ ထပ်မံတွေ့ရှိရသဖြင့် နတ်ရဲကွင်းရွာသို့ တစ်ခေါက်တစ်ကျင်း သွားရောက်ခဲ့ပါတော့သည်။

နတ်ရဲကွင်းရွာသည် အစစအရာရာ ပြောင်းလဲကုန်ပြီဖြစ်သည်။ ကျွန်ုပ်သည် မောင်အောင်နှင့်တွေ့ချင်သည်မှာ အဓိကအကြောင်းဖြစ်သည့်အတိုင်း ရွာနားရောက်ခါနီး၌ ရွာဆီသို့ မသွားဘဲ လယ်ကွင်းများကိုဖြတ်ခါ မောင်အောင် ရဟန်းဝတ်နေသော ဘုန်းကြီးကျောင်းသို့ ဦးတည်ထွက်ခွာလိုက်၏။

ကျောင်းသည် ခြံစည်းရိုးများအဘက်ဘက်မှ ကာရံထားသည်။ ကျောင်း၏အောက်ပိုင်းသည် ပျဉ်များအပြည့်ကာပြီး အခန်းများဖွဲ့ထားသဖြင့် နှစ်ထပ်ကျောင်းဖြစ်၍နေသည်။ ကျောင်းအနောက်ဘက် သရက်ပင်အုပ်စုနေရာ၌ သရက်ပင်များအစားတစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရ၏။

စေတီလေးမှာ ထုံးသင်္ကန်းအစား ရွှေရောင်ဆေးများ သုတ်လိမ်းပူဇော်ထားပြီး ထီးတော်မှာလည်း ထီးတော်အသစ် ဖြစ်ဟန်တူသည်။ ခြံစည်းရိုးကာရံထားသော ကျောင်းဝိုင်းအတွင်း ဝတ္ထုကံမြေ၌ရှိသည်။ ကျွန်ုပ်ကျောင်းဝင်းအဝင်ဝသို့ ရောက်ရှိချိန်၌ အပေါ်ထပ်ကျောင်းပြတင်းပေါက်မှ ဦးပဉ္စင်းတစ်ပါး လှမ်းကြည့်နေသည်ကို တွေ့ရ၏။ ထိုဦးပဉ္စင်းက ဘေးလှေကားမှဆင်းလာပြီး ခရီးဦးကြိုဆိုသောအနေဖြင့် ကျွန်ုပ်ထံသို့ လျှောက်လာနေသည်။ ဦးပဉ္စင်းက သူ့နောက်မှ ပါလာသော ခွေးလေးကောင်ကို ဟန့်တားမောင်းနှင်လိုက်ပြီး ကျွန်ုပ်အားကြည့်နေလျက် . …

"ကျောင်းပေါ်က မြင်ကတည်းက ဒီလွယ်အိတ်နဲ့ ဒီလူပုံ မြင်ဖူးတယ်ဆိုပြီး ဆင်းလာခဲ့တာ၊ ထင်တဲ့အတိုင်း ဒကာကြီးဟိန်းကျော် ဖြစ်နေတာကိုး" ဟု နှုတ်ဆက်သည်။

ဦးပဉ္စင်းက ဒကာကြီးဟုဆိုလိုက်မှပင် ကျွန်ုပ်အသက် ၅၀ ကျော် ၂နှစ်စွန်းနေပြီကို သတိရလိုက်မိသည်။ ထို့နောက် လယ်ကွင်းများကိုကျော်ဖြတ်လျက် ခြေလျင်လျှောက်ခဲ့ရသည်တို့ကို သတိပြုမိပြီး မောပန်းမှုကာယိကဝေဒနာများ ဖြစ်ပေါ်လာတော့သည်။ လာရောက်ကြိုဆိုသော ဦးပဉ္စင်းမှာ ဆရာတော် ဦးပဏ္ဍိတ၏လက်စွဲတပည့်ရင်း ကိုယ်တော်ရှင်အာဒိစ္စ ဖြစ်သည်။

"ဒီကို လာတာပဲ မဟုတ်လား။ ဘယ်နရက်နေမှာလဲ၊ ကျောင်းမှာ တည်းမလို့လား"

"မှန်ပါ၊ တပည့်တော် ဦးပဉ္စင်းမောင်အောင်နဲ့ တွေ့ချင်လို့ပါ၊ သူနဲ့တွေ့ပြီးမှပဲ တည်းခိုဖို့အဖြေရမှာပါဘုရား"

ကျွန်ုပ်နှင့် ဦးပဉ္စင်းတို့ ကျောင်းလှေကားမှတက်လာပြီး ကျောင်းအပေါ်သို့ရောက်ခဲ့ကြသည်။ ကျောင်းဦးခန်းသို့သွားပြီး ဘုရားခန်းမှဆင်းတုတော်ကို ဦးစွာ ရှိခိုးလိုက်သည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်၌ ထိုင်လိုက်သည့် ဦးပဥ္စင်း ရှင်အာဒိစ္စမှာ ကျောင်းထိုင်ဆရာတော် ဖြစ်နေဟန်တူကြောင်း မှန်းဆမိသည်။ ကျွန်ုပ်အနီးသို့ အသက်အရွယ်ကြီးရင့်သူတစ်ဦး ရောက်လာပြီး ကြွေရည်သုတ်လင်ပန်းတစ်ချပ် ချလိုက်သည်။ လင်ပန်းအတွင်း၌ သတ္တုခရားတစ်အိုး ကြွေရည်သုတ် အကြမ်းပန်းကန်သုံးလုံး။ မြေပဲပန်းကန်တစ်ချပ်တို့ ထည့်ထားသည်။

"ကပ္ပိယကြီး ဟိုကျောင်းတိုင်နားက ဆေးလိပ်ခွက်လေး ယူလိုက်ပါ"

ဤကပ္ပိယကြီးမှာ လူသစ်ဖြစ်ပုံရသည်။ ကျွန်ုပ်နှင့် သိကျွမ်းဖူးသော ကပ္ပိယကြီးမဟုတ်ချေ။ မျက်နှာသစ်ကပ္ပိယကြီးက စဉ့်ရည်သုတ်ဆေးလိပ်ခွက်ကိုယူကာ ကျွန်ုပ်နံဘေး၌ ချထား၏။

"ဩော်…ဦးလေး။ သံလင်ပန်းတစ်ချပ်လောက် ကျွန်တော့်ကိုပေးပါ။ ဦးပဥ္စင်းကို လှူဖွယ်ပစ္စည်းကပ်မလို့ပါ"

"အေး…အေး"

ကပ္ပိယကြီးသည် ကျောင်းထောင့်၌ အဆင့်များရိုက်ထားသော နံရံကပ်စင်ပေါ်မှ သံလင်ပန်းတစ်ချပ်ယူကာ သင်္ကန်းအဟောင်းပိုင်းတစ်ခုဖြင့် အတွင်းအပြင်သုတ်ပြီး ယူ၍ဆောင်လာသည်။ အပေါ်ဆင့်စင်ပေါ်၌ သပိတ် ၁၅လုံးကျော် မှောက်ထားသည်ကိုတွေ့ရခြင်းဖြင့် ကျောင်း၌ ဆွမ်းခံကိုယ်တော်များကြောင်း ခန့်မှန်းမိလိုက်သည်။

ကျွန်ုပ်က ကပ္ပိယကြီးပေးသော သံလင်ပန်းအတွင်းသို့ ဖယောင်းတိုင်ထုပ်များ။ သကြားထုပ်များ။ ခေါက်ဆွဲခြောက်၊ ကြာဆံခြောက်အထုပ်များ စီရီ၍ ထည့်လိုက်ပြီး ဦးပဥ္စင်းအား ကပ်လှူလိုက်သည်။

ဦးပဥ္စင်းက ဆုများပေးပြီး ကပ္ပိယကြီးအား သိမ်းခိုင်းလိုက်သည်။

"ဒကာကြီးကို တွေ့တော့ ဦးကျော်မြိုယကို သတိရလာတယ်"

"မှန်ပါ့…အမိန့်ရှိပါဘုရား"

ကျွန်ုပ်သည် ဦးပဥ္စင်းဘာကို ရည်ညွှန်းမိန့်ဆိုမှန်း မသိလိုက်ပေ။

"ဩော်…ဦးပဥ္စင်း ဦးကျော်မြိုယဆိုတာ မောင်အောင်ကိုပြောတာ၊ မောင်အောင်ရဲ့ ဘွဲ့က ဦးကျော်မြိုယလေ"

"ဒါဖြင့် မောင်အောင်၊ အဲ… ဦးကျော်မြိုယက ကျောင်းမှာမရှိဘူးလားဘုရား"

"ဒီလိုပါ။ ဆရာတော်နဲ့ ကပ္ပိယကြီးတို့က ကျုပ်ကို ဒီကျောင်းလွှဲအပ်ပြီး အညာကိုအပြီး ပြန်သွားကြတယ်၊ ဦးပဏ္ဍိတရဲ့ ချက်မြုပ်ဒေသကိုပေါ့။ အဲဒီလိုပြန်တော့ ဒကာကြီးတူက သူပါလိုက်မယ် လုပ်တယ်၊ ဦးပဏ္ဍိတက အမျိုးမျိုးပြောပြီး တားတယ်။ ဥပဇ္ဈာယ်ဆရာနဲ့က အန္တေဝါသိကတပည့်တွေ ဖြစ်နေကြတော့ ဦးပဥ္စင်းတို့လည်း ကြားဝင်ရ ခက်နေတာပေါ့၊ မောင်အောင် အဲ…ဦးကျော်မြိုယက ဇွဲကောင်းကောင်းနဲ့ တရားမထိုင်တာတို့ ဆွမ်းမဘုဉ်းတာတို့ လုပ်လာတဲ့အဆုံး ဒကာမောင်ကောင်းနဲ့ သရဖီဦးတို့ကို ပြောဆိုပြီး တစ်ပါတည်း ခေါ်သွားတော့တာပဲ"

"ဟို…ဒီရွာကို ပြန်ကြွပါဦးမလား"

"ဒါတော့ မသေချာဘူး ဒကာကြီးရဲ့၊ ဆရာတော်က မသွားခင် ကျုပ်ကိုမှာသွားတာရှိတယ်၊ ဦးကျော်မြိုယ ရဟန်းတစ်ဝါပဲ ရှိသေးတယ်၊ ပရိယတ်လည်း မနှံ့စပ်သေးဘူး။ ဆိုတော့ ကာ မန္တလေးကစာသင်တိုက်တစ်ခုမှာ ချော့မော့ပြီး စာဝါလိုက်ခိုင်းရမှာပဲတဲ့၊ တစ်ဝါနှစ်ဝါ အပ်ထားပြီးလို့မှ စာဝါဘက်မှာ မထွန်းပေါက်ဘူးဆိုရင် ဆရာတော်က ပြန်ခေါ်ယူပြီး ကမ္မဋ္ဌာန်းတရားပဲ အားထုတ်ခိုင်းမယ်တဲ့"

"အခု ဆရာတော်ဦးပဏ္ဍိတာဆီက အဆက်အသွယ် မရဘူးလားဘုရား"

"ရပါတယ်၊ နောက်ဆုံးသတင်းရတာ မနှစ်ကဝါဆိုဦးမှာပေါ့"

"ဘယ်လို သတင်းပါလဲဘုရား"

"အဆက်ပြတ်သွားတယ်လို့ ပြောရမယ် ဒကာကြီး။ ကပ္ပိယကြီးလည်း ကွယ်လွန်၊ ဦးကျော်မြိုယကလည်း စာဝါဘက်စိတ်မပါတော့ ဆရာတော်ကလည်း သက်တော်ကြီးရင့်လှုပြီမို့ တစ်ပါးကိုတစ်ပါး အမှီသဟဲပြုပြီး စစ်ကိုင်းမှာ သွားရောက်သီတင်းသုံးနေတယ်လို့ စာသုံးလေးကြောင်းလာပြီး ဘာမှမဆက်သွယ်တော့ဘူး ဒကာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"သြော်...ကပ္ပိယကြီးလည်း ကွယ်လွန်သွားပြီကိုး။ အခုတပည့်တော်လာတာက မောင်အောင် သူ့ဘဝအကြောင်း ပြောခဲ့တဲ့ဟာတွေကို ဝတ္ထုဇာတ်လမ်း ရေးတော့မှာမို့ သူနဲ့တွေ့ရအောင် လာခဲ့တာပါဘုရား"

"ဒကာကြီး မရေးရသေးဘူးလား"

"တင်ပါ့ဘုရား။ တပည့်တော် မှတ်သားထားတာတွေကို ပြန်ဖတ်ကြည့်တော့ သူပြောခဲ့တာတွေ ရှေ့ရောက် နောက်ရောက် ဖြစ်နေတာတွေရလို့ အစီအစဉ်တကျ ဖြစ်အောင်တော့ ဆက်စပ်ပြီးပါပြီ။ ဇာတ်ကောင်တွေကိုတော့ နာမည်ပြောင်းလဲထားပါတယ်။ ဦးဇင်းရဲ့ဘွဲ့ကိုတောင် ရှင်အာဒိစ္စလို့ပေးထားတယ်။ ဆရာတော်ဘုရားရဲ့လက်ရင်း တပည့်လည်းဖြစ်တော့ အာဒိစ္စလို့ ဘွဲ့ပေးထားတာ လွဲချော်မှုရှိပါသလားဘုရား။ နောက်ပြီး ဦးဇင်းကကော ကန့်ကွက်ချင်တဲ့ဆန္ဒ ရှိမရှိ ဆိုတာလည်း သိရအောင် ကျောင်းကိုအရင် ဝင်လာခဲ့တာပါ၊ ခုတော့ ဦးဇင်းမောင်အောင်နဲ့လည်း မတွေ့ရလေတော့..."

"နေပါဦး ဒကာကြီး...ဒကာကြီးမရေးရသေးဘူးလားလို့မေးတာ မရေးရသေးဘူးဆိုရင် မရေးပါနဲ့လို့ ပြောချင်လို့ပါ။ ဘွဲ့အမည်က ပြဿနာမရှိဘူး"

"ဘာ...ဘာဖြစ်လို့ မရေးစေချင်တာပါလဲ ဘုရား"

ဦးပဥ္စင်းက ချက်ချင်းမပြောသေးဘဲ ပြောရန်စကားစ ရှာနေပုံရ၏။

"ဒကာကြီး အဲဒီအကြောင်းတွေကို ဘာရည်ရွယ်ချက်နဲ့ ရေးမှာလဲဆိုတာ ဦးဇင်းကို ပြောနိုင်မလား"

"မှန်ပါ တပည့်တော်ပြောရမယ်ဆိုရင် ကြီးကျယ်ရာလည်း ကျပါတယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် "ပေတဝတ္ထုတော်များ"ကို ခုဒ္ဒကနိကာယ်မှာ ဟောကြားတော်မူခဲ့ပါတယ်ဘုရား။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိပြီး ဘုရားရှင်ကိုယ်တော်တိုင် နိဗ္ဗာန်ရောက်ကြောင်းတရား၊ နတ်စည်းစိမ်ခံစားရသောတရားများ ဟောကြားခဲ့တာတောင် တရားစစ်တရားမှန်ကို လိုက်နာကျင့်ကြံခြင်းမပြုသူတွေ ရှိပါသေးတယ်ဘုရား။ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် တွေ့ကြုံရတဲ့ နတ်စည်းစိမ် ခံစားရစေသော အကြောင်း။ ငရဲကျခံခြင်းအကြောင်းများ ကြားနာရတဲ့အခါ ငရဲဘုံတစ်ခုဖြစ်တဲ့ ပြိတ္တာဘုံ၊ တစ္ဆေ သရဲ ဘုတ်၊ ဥစ္စာစောင့်၊ ရက္ခစိုးနတ် စသည်တို့အကြောင်းကို ကြားနာရသောအခါမှာ လူတွေဟာ ထိတ်လန့်ကြောက်ရွံ့ပြီး မကောင်းမှုကိုရှောင်၊ ကောင်းမှုကို ဆောင်သူများ ထပ်မံထွက်ပေါ်လာပါတယ် အရှင်ဘုရား။ အဲဒီလိုပဲ ဒီနေ့ သိပ္ပံပညာတွေ ထွန်းကားပြီး လပေါ်လူရောက်တဲ့အထိ တိုးတက်နေတဲ့ မျက်မှောက်ကာလမှာလည်း တရားမေ့ကာ အမှားတွေခဲ့ကြတဲ့ ပြိတ္တာ၊ တစ္ဆေ သရဲတွေအကြောင်းကို တင်ပြသတိပေးချင်လို့ပါ အရှင်ဘုရား"

"ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ ဒကာကြီးစာကို ဖတ်ရတဲ့သူက ဒကာကြီးပေးတဲ့ သံဝေဂကိုလက်ခံပြီး တရားစစ် တရားမှန်တွေ အားထုတ်လာကြပါ့မလား"

"ဒါကတော့ မလွယ်လှဘူးဘုရား၊ တပည့်တော်တို့ကလည်း တပည့်တော်တို့ ထောင့်ကရေးသားသလို ဦးဇင်းတို့လို ပိဋကတ်စာတတ်ပုဂ္ဂိုလ်တွေကလည်း ပါဠိနည်းနည်းနဲ့ လူအများနားလည်လွယ်နိုင်တဲ့ ဗုဒ္ဓတရားအဆီအနှစ်တွေကို ဖော်ထုတ်ပေးမယ်ဆိုရင် သူတော်ကောင်းတရားကျင့်ကြံအားထုတ်သူတွေ များလာမယ်လို့ ယူဆပါတယ်ဘုရား"

"ဦးပဥ္စင်းတို့က အချိန်မရဘူး၊ အခု ဒကာကြီးအမြင်ပဲ၊ စာသင်သားသံဃာများလာတော့စာဝါပို့ချတဲ့အလုပ်အပြင် တခြားအလုပ်တွေပါ ထပ်တိုးလာပြန်တယ် ဒကာကြီး"

"ဒါကြောင့်လည်း တပည့်တော်တို့ တွေ့မြင်ရတဲ့အပိုင်းကဏ္ဍတစ်ထောင့်တစ်နေရာက ရှာဖွေတင်ပြတာပါဘုရား။ ဘုန်းကြီးကျောင်းကို တန်းလာရတဲ့ အခြားအချက် တစ်ခုလည်းရှိသေးတယ်ဘုရား၊ ဇာတက၊ သုတ္တန် စသည်ဖြင့် ကိုကားရန်လိုအပ်သည်များကို ရှာဖွေဖတ်ရှုဖို့ ဒ၁ရှင်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတို့က ကျမ်းညွှန်းများ ညွှန်ပြပေးတော်မူပါဘုရား"

"ဒါတော့ ဒကာကြီးအလိုရှိရာကို စာနဲ့ရေးပေးထား၊ ဦးဇင်းညွှန်ပြပါ့မယ်"

"ဘုတ်၊ တစ္ဆေ၊ ပြိတ္တာများအကြောင်းကို ရှာဖွေတာဟာ ဝိနည်းမိုက်ရဟန်းများအလုပ် မဟုတ်ဘူးဆိုပြီး ငြင်းပယ်ကြလို့ တပည့်တော် တွေ့ကြုံနေရတဲ့အခက်တစ်ခု အဆင်ပြေသွားပြီမို့ ဝမ်းမြောက်လှကြောင်းပါဘုရား။ ကပ္ပိယကြီး အနိစ္စရောက်သွားတာကတော့ နာတယ်ဘုရား"

"ဒကာကြီးက ဘာလို့နာတာတုံး"

"ကပ္ပိယကြီးနဲ့ စကားပြောဖြစ်တဲ့အခါတုန်းက လောကီဘုံသားတွေ နိစ္စဓူဝ ပြောနေ လုပ်နေတဲ့ တချို့ကိစ္စကြီးငယ်တွေဟာ လူတို့မှာ အဓိပ္ပါယ်မသိဘဲ ယုံယုံကြည်ကြည် လုပ်ဆောင်နေကြတာမျိုးတွေအကြောင်း၊ သက်ကြီးစကား သက်ငယ်ကြား မှတ်သားထိုက်တဲ့ ဗဟုသုတအဖြစ် မှတ်သားထိုက်တာတွေ ကြားခဲ့ရဖူးလို့ပါဘုရား။ အခုလည်း ကပ္ပိယကြီးကို မေးဖို့ ခေါင်းစဉ်လေးတွေ တော်တော်များများ ရေးမှတ်လာသေးတယ်ဘုရား"

"ဘယ်လိုဆိုတာ ပြောကြည့်ပါဦးဒကာကြီး"

"ဥပမာ သေသူကို ကူတို့ခဆိုပြီး အကြွေတစ်မတ်ထည့်တာတို့၊ မနိအပ်သည့် သုံးပါး၊ နိအပ်သည့် သုံးပါး ဆိုတာတို့၊ အိမ်ခါးပန်း ခေါင်းတင်မအိပ်ကောင်းတာတို့၊ တစ်နေ့တည်း အသုဘနှစ်ခုရှိရင် နောက်သေတဲ့အသုဘကို အရင်ချတာတို့ဆိုတဲ့ ဒီနေ့အထိ လူတွေအရိုးစွဲပြီး ပယ်လို့မရ၊ ရှောင်လို့မရတာတွေ အများကြီး ရှိပါတယ် ဘုရား"

"အင်း···လယ်တီဆရာတော်ဘုရားကြီးရဲ့ ဩဝါဒလိုပဲ၊ သဗ္ဗညုတဉာဏ်ရှင်ဘုရား ဖြစ်ထွန်းပေါ်ပေါက်တဲ့ ကမ္ဘာမှာ မြတ်ဗုဒ္ဓအဆုံးအမတွေ အထင်အရှားရှိပြီး မြတ်ဗုဒ္ဓရဲ့တရားတွေကို ဖော်ထုတ်ဟောကြားတဲ့ သံဃာအစစ်တွေလည်း ရှိပါလျက်၊ တရားနာပြီး နိဗ္ဗာန်ရောက်ကြောင်း တရားကျင့်ကြံအားထုတ်နိုင်တဲ့ ရခဲလှတဲ့လူ လာပြီးဖြစ်ပါလျက်၊ မေ့မေ့လျော့လျော့နေမယ်၊ အရာမဟုတ်တဲ့ အရေးမကြီးတဲ့ အကြောင်းတွေမှာပဲ စိတ်ပါလက်ပါ ဖြစ်နေကြမယ်ဆိုရင် ဖြင့် အခွင့်သာခိုက်ကမှ မလိုက်ချင် အမိုက်နှင့်ပြင် ရှိလေလိမ့်လား။ အခွင့်သာတုန်းကမှ မရုန်းချင် တေုံးနှင့်ပြင် ရှိလေလိမ့်လားလို့ ပြောရမလိုဖြစ်နေပြီ ဒကာကြီး"

"မှန်ပါဘုရား။ ဒီလိုပဲဖြစ်နေပါတယ် ဘုရား။ ဇာတ်တော်မှာ ဟောထားတဲ့ စုန္ဒဝက်သတ်သမားဟာ ခုနစ်ရက်လုံးလုံး အမည်မသိ ဝေဒနာခံစားရင်း ဝက်အော်အော်ပြီး သေခဲ့ရသလို တပည့်တော်တို့ မျက်မှောက်ကာလမှာလည်း စုန္ဒသေသလိုဝက်လို အော်ဟစ်ပြီး သေရတဲ့ ဝက်သတ်သမား ရှိနေပါတယ်ဘုရား။ တပည့်တော်ကိုယ်တွေ့ပါဘုရား။ ဒီလိုပဲ လင်[illegible] ပေါ်မှာ လေးဘက်ထောက်သွားပြီး ကလေးတွေ လေးဘက်တွားသွားသလိုမျိုး မဟုတ်ဘဲ ခြေနှစ်ဘက်ရ[illegible] လျက် ခါးကုန်းပြီး လက်နှစ်ဘက်ထောက်ပြီး နွားလိုလေးဘက်ထောက်သွားလာနေရတဲ့ နွားခိုးသတ်တဲ့လူ[illegible] လည်း တွေ့ဖူးပါတယ်ဘုရား"

"မှန်ပေတယ် ဒကာကြီး[illegible] မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ ဇာတ်တော်တွေ သုတ္တန်တွေထဲက အဖြစ်တွေဟာ ဒကာကြီးတွေ့ကြုံရသလိုပဲ အဖန်ဖန်အလဲလဲဖြစ်နေခဲ့ဖူးတယ်၊ အခုထိလည်းဖြစ်နေတယ်၊ နောင်နှစ်ပေါင်းထောင်သောင်းထိလည်း ဖြစ်နေဦးမှာပဲ၊ အဖြစ်အပျက်ဆိုတာ ရုပ်ဝတ္ထုအနေနဲ့ရော ရေမြေဒေသရော ကွဲပြားသလို မတူတာရှိရင်ရှိမယ်၊ တရားဆိုတဲ့ ဓမ္မအတိုင်းကြည့်ရင် တော့ ဒီလိုမကောင်းတာလုပ်ရင် ပြော[illegible] ရင်ကြံရင် ဒီလိုမကောင်းတာဖြစ်မယ်၊ ဒီလိုကောင်းတာလုပ်ရင် ဒီလိုကောင်းတာဖြစ်မယ်ဆိုတာ မလွဲကောန်အမှန်ပဲ"

ကျွန်ုပ်နှင့် စကားကောင်း[illegible] စဉ် ကျောင်းပေါ်သို့ ဦးဇင်းများ[illegible] ကျောင်းသားများ တက်လာကြသည်[illegible] ကျောင်းသားများက ဆွမ်းဟင်း[illegible] များကို လက်ဆွဲခြင်းထဲသို့ ထည့်[illegible] သည်။ ဦးပဉ္စင်းများက ဘုရား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထန်တော့ပြီး ကိုယ်ရုံသက်န်းကို လက်ထန်တော့ထိုးနေကြ၏။ ဆွမ်းခံကြွရန် အုန်းမောင်းခေါက်သံလည်း ကြားရချေပြီ။

"စကားစတော့ အမျှင်မပြတ်သေးဘူး။ တပည့်တော်လည်း ရွာထဲရောက်သေးလို့ ခွင့်ပြုပါဦးဘုရား။ တပည့်တော် သိချင်တာလေးတွေထည်း ဖြေကြားပေးပါဘုရား"

"ကဲ…ကဲ ရွာထဲဝင်ဦး။ မပြန်သေးရင် အရဏ်ဆွမ်းစားပြီးချိန် လောက်လာပြီး မေးပေါ့။ လောကီရေးရာထဲက ကျုပ်သိတာရှိရင်လည်း ပြောပြပါ့မယ်၊ ဒကာကြီးမေးစရာရှိတာတွေသာ စာနဲ့စီလာခဲ့ပေါ့"

"မှန်ပါ့၊ ခွင့်ပြုပါဦးဘုရား"

"သာဓု…သာဓု…သာဓု"

❀ ❀ ❀

ရွာတွင်းသို့ဝင်ခဲ့ရာ ဘကြီးဦးထွန်းကြိုင်အိမ်သို့ မဝင်တော့ဘဲ ရှေ့ဆက်လျှောက်လာခဲ့သည်။ ဘကြီးဦးထွန်းကြိုင်ရော ကြီးမယ်တင်တို့ပါ ကွယ်လွန်သွားသည်မှာ ခြောက်နှစ်ခန့်ရှိရော့မည်။ ဘကြီးဦးထွန်းကြိုင်၏ သမီးများအနက် (ကျွန်ုပ်အစ်မဝမ်းကွဲများ)မှ အစ်မစိန်ရီတစ်ယောက်သာ ရွာသို့လာရောက် နေထိုင်ခဲ့သည်။ အစ်မစိန်ရီလည်း ကွယ်လွန်ပြီဖြစ်သည်။ အစ်မစိန်ရီ၏ အကြီးဆုံးသမီးလည်း ယမန်နှစ်က အိမ်ထောင်ကျခဲ့သည်။ သို့ဖြင့် သွေးဝေးသူများနှင့် ကျွန်ုပ်မှာ သူစိမ်းပြင်ပြင် ဖြစ်နေလိမ့်မည်။

ဘကြီးဦးတင်မြ အိမ်တွင် ဘကြီးဦးတင်မြလည်း မကွယ်လွန်သေး။ မောင်အောင်၏ မိခင် ဖခင်များဖြစ်သည့် အစ်မသရဖီဦးနှင့်ယောက်ဖ ဦးကောင်းတို့မှာမူ ကျွန်ုပ်နှင့်အမျိုးဝမ်းကွဲတော်စပ်ကြသော်လည်း တစ်မိတည်းပေါက်၊ တစ်အူထုံ့ဆင်းများပမာ ချစ်ခင်သံယောဇဉ် ရှိကြသည်။

ဘကြီးဦးတင်မြ၏ အိမ်ထဲကို ဝင်သွားလေလျှင် ကလေးငယ်တစ်ဦးအား ခါးထစ်ခွင်ချီပိုးထားသော ကလေးမတစ်ဦးက ကျွန်ုပ်အား လိုက်လံစွာထွက်၍ ကြိုဆိုလေသည်။

"ဟဲ့ ဟဲ့ …နင်က လှအေးလား"

"ဟုတ်တယ်လေ ဦးဦးကလဲ၊ ဘာလဲ့ လှအေးယောကျ်ားရပြီးမှ အသွားအိုပုံ ဖြစ်နေလို့လား အဟီးဟီး…"

လှအေးက မချိမချဉ်ပြောရင်း ကျွန်ုပ်၏လက်ကို ကိုင်ဆွဲထားသည်။

"အမေ…အမေရေ၊ ဒီမှာ ဦးဦးကျော်ဟိန်း လာတယ်တော့"

"ဒီကောင်မလေးဟာလေ ပြောင်းတိပြောင်းဆန်နဲ့၊ ဘယ်က ကျော်ဟိန်းရမှာလဲ၊ ဟိန်းကျော်ပါဟဲ့"

အစ်မသရဖီဦးက သူ့သမီးကို မာန်မဲရင်း ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

"ဒီကလေးက လှအေးကလေးလားအစ်မ"

"အေးလေဟယ်"

"လှအေးက ကလေးရုပ်တောင်မပျောက်သေးတော့ ကလေးချီလျက်လာကြိုတုန်းက လှအေး ဘယ်သူ့ကလေးချီထားတာပါလိမ့်လို့ ဇဝေဇဝါဖြစ်နေတာ လှအေးက ယောကျ်ားရပြီဆိုတော့ အံ့ဩသွားတယ်"

"မအံ့ဩနဲ့ မောင်ဟိန်းကျော်၊ ကောသလမင်းအိပ်မက် တစ်ဆယ့်ခြောက်ချက်ဟာ သွေးထွက်ရုံမကဘူး ဟက်တက်ကြီးကွဲအောင်ကို မှန်တာ"

"အမေကလည်း သမီးလင်ယူတာနဲ့ ဘာဆိုင်လို့တုံး"

"ဒန့်ကွဲပင် ပုခက်ဆင်တဲ့အိပ်မက်လေ၊ ခုလို နင်တို့ နို့နံ့မစင်ဘဲ လင်ယူသားမွေးတာကို ဒန့်ကွဲပင်ပုခက်ဆင်တယ်လို့ ခေါ်တယ်ဟဲ့"

"ဒါတော့ မပြောပါနဲ့အစ်မရယ်၊ ဒီလိုတောနယ်ဘက်မှာ ကလေးရုပ်မပျောက်သေး၊ ကလေးစိတ်မကုန်သေးဘဲ အိမ်ထောင်ကျတာ ထူးဆန်းနေပေမယ့် ကျွန်တော်တို့ မြို့ပေါ်ပိုင်းမှာကျတော့ မြင်ရတာများလို့လားတော့ မသိဘူး ရိုးနေပြီဗျ"

"ကဲ မောင်လေးဟိန်းကျော်၊ နားနားနေနေ နေပြီး ရေမိုးချိုး"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် အစ်မဆင့်ကို သွားနှုတ်ဆက်လိုက်ဦးမယ်"

"ဟဲ့ အစ်မဆင့်နဲ့ မောင်လေးကို မွေးစားတဲ့ကြီးတင်နဲ့က ရှေ့ဆင့်နောက်ဆင့် အနိစ္စရောက်သွားပြီ၊ အဲဒီအစ်မဆင့်အိမ်မှာ လှအေးတို့ လင်မယားနေကြတာ"

www.burmeseclassic.com

"ဪ…ကျွန်တော်က ကြီးတင်ဆုံးတာပဲသိလိုက်တယ်၊ အစ်မဆင့်ဆုံးတာကို မသိလိုက်ဘူး။ ဒါဆိုကပ္ပိယကြီးတို့လည်း မရှိ…"

"မင်း ဘုန်းကြီးကျောင်းရောက်ခဲ့ပြီးပြီပေါ့"

"ဟုတ်ကဲ့ အစ်မ"

"ဒါဆိုရင် မင်းတူ ဦးပဥ္စင်းဦးကုဏ္ဍိယအကြောင်း သိခဲ့ပြီးပြီပေါ့"

"ဟုတ်ကဲ့ ဦးဇင်းအာဒိစ္စပြောပြလို့ အကြောင်းစုံသိခဲ့ပြီးပါပြီ"

"အင်း…ငယ်ငယ်တုန်းက အစ်မဆင့်ရဲ့ နို့ပိန်ငုံပြီး အမေနဲ့ခွဲအိပ်ခဲ့တဲ့ မောင်အောင်၊ ရဟန်းဝတ်လို့ တစ်ဝါဆိုပဲရှိသေး။ မဆင့်ရော သူ့အမေရော ဆွေမျိုးသားချင်းအားလုံးကို တိခနဲ့ဖြတ်ပြီး လိုက်သွားခဲ့တာ ဒီနေ့အထိ ဖြူလားမည်းလားမသိရဘူး မောင်လေးရယ်"

အစ်ကိုဖြစ်သူကို သတိရသွားဟန်ဖြင့် လှအေးသည် ရုတ်တရက်မျက်နှာညှိုးကျသွားသော်လည်း မိခင်ဒေါ်သရဖီဦးမှာ သားရဟန်းအတွက် ခံစားချက်မရှိသူနှယ် ပုံမှန်လေသံဖြင့် ပြောနေလေသည်။ ကျွန်ုပ်နှင့် မောင်အောင်မှာ တူဝရီးတော်စပ်သော်လည်း အသက်ချင်း ၇-နှစ်သာကွာသဖြင့် မောင်အောင်ငယ်စဉ်က ညီအစ်ကိုရင်းပမာ ကျွန်ုပ်တို့နေလာခဲ့ကြသည်။

"ဪ…ဒါနဲ့ ဘကြီးဦးတင်မြကောဟင်"

ကျွန်ုပ် စကားလမ်းကြောင်းပြောင်းလိုက်သည်။

"တရားစခန်း ဝင်နေတယ်ကွယ့်"

"မင်း ရွာမှာပေါ့"

"မဟုတ်ဘူး အရှေ့ဘက်ကနောကုန်းရွာမှာ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းလာဖွင့်ကတည်းကဆယ်ရက်စခန်းဝင်လိုက် ရွာပြန်နားလိုက်ပေါ့၊ အသက်ကမနည်းတော့ဘူးလေ၊ ဆယ်ရက်ပြည့်ရင် အိမ်ကမင်းအစ်ကို ကိုမောင်ကောင်းကသွားခေါ်တယ်၊ ပြည့်တော့မယ်ထင်တယ်နော် ဟဲ့ လှအေး"

"ဟုတ်ကဲ့ အမေ၊ သန်ဘက်ခါ အဖေပဲ သွားခေါ်မယ် ပြောတယ်"

"ဒါဆို မောင်လေးဘကြီးနဲ့တွေ့ပြီးမှပဲပြန်ပေါ့၊ ကိုကရင်လေးတို့ဘက်တွေ ဘာတွေ လျှောက်ဦးပေါ့"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်လည်း ဘကြီးနဲ့တွေ့ချင်ပါတယ်၊ ကျွန်တော်သိချင်တာလေးတွေများ သိရမလားလို့"

"ဘာကိစ္စတွေ မေးစရာရှိတာလဲ၊ ငါတို့ကလည်း ငါ့မောင်ကို မေးချင်တာတွေ ရှိတာပဲ၊ ငါ့မောင် ရေနေကြီးဆိုလား၊ ဝတ်လုံကြီးဆိုလား အဲဒါဖြစ်နေပြီဆို"

"ဟုတ်ပါတယ်၊ နောက်ပြီး စာရေးဆရာလည်း ဖြစ်နေပြီ အစ်မရဲ့"

"ဟန်ကျတာပေါ့ အလုပ်နှစ်ခုတောင်ဆိုတော့ လခနှစ်မျိုးရတာပေါ့နော်"

အစ်မသရဖီဦးကို ရုတ်တရက်ပြန်၍ မဖြေတတ်ပေ။ ကျွန်ုပ်၏လက်ရှိရှေ့နေဟူသော အလုပ်အကိုင်နှင့် စာရေးဆရာဟူသော ဝေါဟာရအဓိပ္ပါယ်ကို အချိန်အတော်ကြာအောင် ရှင်းပြလိုက်ရသည်။

"မင်းပြောသလို ကုန်ကြမ်းဆိုတာ ရ,မရတော့ မသိဘူး။ မင်းဘကြီးကတော့ ကပ္ပိယကြီးရှိစဉ်က နေ့တိုင်းနေ့တိုင်း ကျောင်းကိုသွားတယ်။ မင်းသိချင်တဲ့ဟာတွေ ဟုတ်မဟုတ် မင်းပဲမေးကြည့်ပေတော့"

သို့နှင့် ရွာသို့ ဦးတင်မြပြန်ရောက်ပြီး ကျွန်ုပ်အား…

"နိပ်သဟေ့၊ ငါ့ကောင်က ပညာရှိကြီး (စာရေးဆရာကို ပြောခြင်းဖြစ်သည်)ဆိုတော့ ကပ္ပိယကြီးပြောပြလို့ ငါမှတ်ထားတာတွေ မင်းကို ပြောပြရသေးတာပေါ့ကွာ" ဟူ၍ အားပါးတရပြောချလိုက်ရာ ကျွန်ုပ်မှာ အချိုရှာဖွေသူ့ သကာရည်အိုးထဲ လက်နှိုက်မိသည့်ပမာ ကျေနပ်ဝမ်းသာသွားခဲ့ရပြီး ရွာတွင် ဆယ်ရက်ကျော်ကျော် ညှော်သည်ကျောက်ချနေလိုက်တော့လေသတည်း။

ပြီးပါပြီ။

မေတ္တာအဖြူလေးများစွာဖြင့်

**မောင်ဟိန်းကျော်**



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# ရွှေမြင်တင်ဆီ ပြန်လည်ရည်ရွယ်

ဝင်းသောင်(ရမည်းသင်း)

"ငါမယုံဘူး"

"မင်းက ဘာကိုမယုံတာလဲ"

"မင်းတို့ပြောနေတဲ့ ရှေးရိုးစွဲ အယူဝါဒတွေကိုပေါ့ဟ"

"ဟုတ်တယ် ငါလည်းမယုံဘူး"

"တောပိုင်၊ တောင်ပိုင်တွေက မကျေနပ်လို့ ဆိုရအောင် ငါမေးစမ်းပါရစေဦး။ အဲဒီ တောပိုင်၊ တောင်ပိုင်တွေကို ဘယ်သူက ခန့်ထားတုံး"

"အဲဒါ ငါဘယ်သိမလဲ။ လူကြီးတွေပြောတာ ကြားဖူးလို့ ငါပြောတာကွ"

"အောင်ခန့်တို့ကတော့ အမည်နဲ့လိုက်အောင် မခံ့ဘဲ ညံ့ပြီ။ ထစ်ခနဲဆို နတ်မကြိုက်လို့၊ တောင်ပိုင်ဘိုးဘိုးကြီးမကြိုက်လို့၊ ပုဂ္ဂိုလ်ကြီးတွေမကြိုက်လို့နဲ့ လိုရာဆွဲပြောပြီ။ ဟော့ကောင် အောင်ခန့်⋯ကိုယ်ပိုင်ဦးနှောက်နဲ့လည်း တွေးတောဆုံးဖြတ်ဦးဟ။ တစ်ခါလာလည်း သူများပြောစကားတွေနောက် လိုက်မနေနဲ့။ မင်းက ခေတ်လူငယ်တစ်ယောက်ဖြစ်ပြီး နလပိန်းတုံးကျလွန်းတယ်"

"ကြည့်စမ်း ကြည့်စမ်း။ ဒီကောင် ငါလို အတွေ့အကြုံ ဗဟုသုတရှိသူတစ်ယောက်က မဖြစ်သင့်တာမဖြစ်အောင် ပြောပြတဲ့ဟာကို ကျေးဇူးတင်ရကောင်းမှန်းမသိ။ ငါ့ကို ခံပက်နေလိုက်တာ သူ့ကိုယ်သူ စွယ်စုံရပညာရှင်ကြီးကျနေတာပဲ"

"ကဲ⋯ ⋯ဒါဆို ငါတို့အဖွဲ့ပါတဲ့ ဓာတ်ပုံတွေ ဘာကြောင့်ပုံရိပ်မထင်လဲ"

"ကင်မရာမင်းက ယစ်ထုပ်ကြီး အောင်ပန်း။ မူးပေါက်ပြီး ခလုတ်တွေ တောနိပ်တောင်နိပ် လျှောက်နှိပ်လို့ ပုံရိပ်မထင် ပုံမထွက်တာဖြစ်မှာပေါ့"

"ဟော့ကောင်⋯အရမ်းမပြောနဲ့။ အောင်ပန်းဆိုတဲ့ကောင်က ဘယ်လောက်သောက်သောက် မူးတဲ့ကောင်မဟုတ်ဘူး။ နောက်ပြီး အပျော်တမ်းဓာတ်ပုံသမားလည်း မဟုတ်ဘူး။ ပရော်ဖက်ရှင်နယ် ဖိုတိုဂရက်(ဖ်)ဖာကွ။ အလှူမင်္ဂလာဆောင်၊ ပွဲနေပွဲထိုင်တွေမှာ သူ့အဖွဲ့နဲ့ ဓာတ်ပုံရိုက်စားနေတဲ့ လူတစ်ယောက်ပဲ။ ဒီတစ်ခါ သူရိုက်တဲ့ ဓာတ်ပုံတချို့ ကွက်ပြီး ပုံရိပ်မထင်ဖြစ်ရတဲ့ကိစ္စ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ သူမစဉ်းစားတတ်အောင်ဖြစ်ပြီး သိပ်အံ့သြနေတယ်။ ဖလင်က အောက်အော့(ဖ်)ဒိတ်ဆိုလည်း ကွက်မပျက်ဘူး။ အားလုံးပျက်မှာတဲ့။ ခုတော့ ကွက်ပြီးပျက်တာ ဆန်းတယ်လို့ သူပြောတယ်"

"သူဘာပြောပြော အောင်ပန်း ပညာပြတာဆိုပြီး ကျော်ကိုကိုတို့အုပ်စုက မကျေမနပ်ဖြစ်နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲပြီး သူငယ်ချင်းတွေ စိတ်ဝမ်းကွဲမှာစိုးတယ်။ မင်းလည်း၊ တတ်နိုင်သလောက် ကြားဝင်ရှင်းပြ ထိန်းလိုက်ပါ"

"ဒီကိစ္စကတော့ ငါတို့လည်း မကျေနပ်ဘူး။ ဖလင်ဖိုး၊ ခေါ်းကူးခ အားလုံး အချိုးကျငွေ ထည့်ထားကြတာပဲ။ ရွှေနတ်တောင်မှာရိုက်တဲ့ ဓာတ်ပုံတွေကို ကြည့်။ ဓာတ်ပုံထဲမှာ တို့အုပ်စုကလူတွေ တစ်ယောက်မှ ဓာတ်ပုံထဲမှာ မပေါ်ဘူး။ တခြားလူတွေ အစုလိုက်အတွဲလိုက် တစ်ယောက်ချင်း အားလုံး ဓာတ်ပုံတွေ ထင်ထင်ရှားရှား ကောင်းတယ်။ တို့ပုံတွေပဲ ကွက်ပျက်တာဆိုတော့ အောင်ပန်း ပညာပြတာမဟုတ်လို့ ဘာလဲ"

"မရွှေနီ⋯ ⋯နင်ကပါ အာပေါင်အာရင်းသန်သန်နဲ့ ဝင်မပြောစမ်းပါနဲ့ဟာ။ အောင်ပန်းဆိုတာ တို့အားလုံးနဲ့ ရင်းနှီးတဲ့သူငယ်ချင်း တစ်ရပ်ကွက်တည်းသားတွေပါဟာ။ အစအနောက်သန်တယ်။ ပျော်ပျော်ပါးပါး နေတတ်တာကလွဲပြီး နင်တို့ငါတို့အပေါ် ဘာပညာမှ ပြစရာအကြောင်း မရှိဘူး။ သူငယ်ချင်းအချင်းချင်း တောတွေးတောင်တွေး လျှောက်မတွေးစမ်းပါနဲ့"

နီနီက မကျေနပ်တဲ့သူများဘက်



www.burmeseclassic.com

www.burmeseclassic.com

မှ ဝင်ရောက်မှတ်ချက်ပြု ပြောဆိုလိုက်ရာ အဖွဲ့ခေါင်းဆောင် မျိုးမင်းသောင်က ဟန့်တားလိုက်ပါတယ်။ အကြောင်းကတော့ သူငယ်ချင်းတွေ စိတ်ဝမ်းမကွဲကြစေရန် ရည်ရွယ်ရင်း ဖြစ်ပါတယ်။

သင်္ကြန်ပြီး တစ်ပတ် ခုနစ်ရက် အထက်အညာဒေသများသို့ ဘုရားဖူး ထွက်လိုကြောင်း သားမျိုးမင်းအောင်က ခွင့်တောင်းရာ အညာမြေလတ်ဇာတိ ရမည်းသင်းသား ဖခင်ကိုကောင်းက ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုပြီး ကားပါ စီစဉ်ပေးခဲ့သည်။ မန္တလေး ပုဂံ၊ ပုပ္ပား ဘုရားဖူးအပြန်တွင် သူ့ဇာတိမြေမှ ရွှေမြင်တင်(ရွှေယင်မှော်)၊ ရွှေယင်မိ (ရွှေယင်ပုန်း)၊ တောင်ပုလု(အနိမ့်ဆုံး တောင်)၊ တောင်ကန့်လန့်(ရွှေနတ် တောင်) စတဲ့ နောက်ခံသမိုင်းရှိတဲ့ တောင်တော်များရှိရာ ဘုရားပုထိုးစေတီများနှင့် အထင်ကရ နေရာများကိုပါ သွားခဲ့ရန် မှာကြားစီမံပေးခဲ့သည်။ တစ်ပါတည်း လမ်းခရီးတစ်လျှောက် ရှောင်ရန် ဆောင်ရန်များကိုလည်း မှာကြားလိုက်ပြီး သားမျိုးမင်းသောင် ဦးဆောင်သော ဘုရားဖူးအဖွဲ့ တရားဟောဓမ္မကထိက ဆရာတော်ကြီး၏ အဆိုအရမှ ဘုရားလည်အဖွဲ့သည် ပျော်ပျော်ပါးပါး ထွက်လာခဲ့ကြရာ မန္တလေး ပုဂံနှင့် ပုပ္ပား ဒေသ အစုံအလင်သို့ ရောက်ဖြစ်ခဲ့ကြပြီဖြစ်ပြီး ရောက်ရာအရပ်ဒေသတိုင်းတွင် တစ်ယောက်ချင်း အစုလိုက် ဓာတ်ပုံ ရိုက်ဖြစ်ကြသည်။ သွားဖြစ်ခဲ့တဲ့အရပ်ရှိ တန်ခိုးကြီးဘုရား ကျောင်းကန်များ အထင်ကရနေရာများကို မှတ်တမ်းဓာတ်ပုံ ရိုက်နိုင်အောင်လည်း ဓာတ်ပုံဆရာ သူငယ်ချင်းအောင်ပန်းကို အဖွဲ့ခေါင်းဆောင် မျိုးမင်းသောင်က ခေါ်ခဲ့ခြင်းဖြစ်သည်။

ခရီးလမ်းတစ်လျှောက် ရိုက်ခဲ့တဲ့ ဖလင်များကို ရန်ကုန်ရောက်ရောက်ချင်း အောင်ပန်းက ဓာတ်ပုံတွေ ကူးဆေးကြည့်တဲ့အခါ မန္တလေး ပုဂံ၊ ပုပ္ပား ခရီးစဉ်များအထိ ဓာတ်ပုံတွေအားလုံး ကြည်လင်ပြတ်သား ကောင်းမွန်တာ တွေ့မြင်ရလို့ အဖွဲ့သားအားလုံး ဝမ်းသာကြသည်။ ကျေနပ်ကြသည်။ သို့သော် မျိုးမင်းအောင်၏ဖခင် ကိုကောင်း ဇာတိမြေ ရမည်းသင်းမြို့မှ ရွှေမြင်တင်တောင်နှင့် ရွှေနတ်တောင်တို့တွင် ရိုက်ခဲ့သည့် ဓာတ်ပုံ ပုံရိပ်များ ကြည်လင်ပြတ်သားစွာ ပေါ်လွင်သော်လည်း ကျော်ကိုကို၊ အောင်ခန့်၊ နီနီလှိုင်(ခေါ်)နီနီ၊ လင်းမောင်မောင်၊ သားစောနှင့် မိသက် (ခေါ်) မိမိသက်တို့ ခြောက်ယောက်တို့၏ ပုံရိပ်များ လုံးဝမထင်။ သူတို့နေရာတွင် အလင်းတန်းကြီး ကန့်လန့်ဖြတ်ပေါ်နေသည်ကို တွေ့ကြရသည်။ သူတို့မပါသောပုံရိပ်များ အလွန်ကောင်းသော်လည်း သူတို့အထဲက တစ်ယောက်သာ ပါခဲ့ရင်တော့ ဤနည်းနှင်နှင် ဖြစ်တော့သည်။

"အပေါင်းအသင်းတို့ရေ ဒါဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူးထင်တယ်နော်"

"ဒါဆို မင်းက ဘယ်လိုထင်လို့လဲ အောင်ခန့်"

"တောတိုင်းမှာ စန္ဒကူးရှိချင်မှ ရှိပေမယ့် တောင်တိုင်းမှာ ဂမ္ဘီရဖြစ်စဉ်တွေ အနည်းနဲ့အများရှိတယ်ဆိုတဲ့ လူကြီးသူမတွေပြောတဲ့ စကားရှိတယ်။ အခု တို့ရိုက်ခဲ့တဲ့ ရွှေမြင်တင်တောင်နဲ့ ရွှေနတ်တောင်(တောင်ကန့်လန့်)မှာ ရိုက်ခဲ့တဲ့ဓာတ်ပုံတွေ ပုံရိပ်ကောင်းကောင်းမထွက်ဘဲ အလင်းတန်းကြီးပေါ်နေတာဟာ တို့အများတွေကြောင့် တောင်ပိုင်ဘိုးဘိုးကြီးတွေက ဒဏ်ခတ်သလားပဲ"

"အောင်ခန့်တို့က လုပ်ပြန်ပြီ။ တစ်ခါလာလည်း တောပိုင်တောင်ပိုင်"

အောင်ခန့်အပြောကို နားကလောသလားမသိ။ သားစောက အောင်ခန့်ကို ရှုံ့ချပြောဆိုပြီး ဒီကောင် တောင်ပိုင်ဘိုးဘိုးကြီးနဲ့ ဆွေမျိုးတော်သလားမသိဘူးဟု ပြောလိုက်ရာ သူငယ်ချင်းအားလုံး ဟားတိုက်ရယ်မောလိုက်ကြသည်။

အခြားအဖွဲ့ဝင်များ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း တောင်ထိပ်တောင်စောင်း ရှုခင်းရှုကွက်ကောင်းသောနေရာ၊ ဓာတ်ပုံရိုက်ကောင်းမယ့်နေရာတွေ ရွေးရိုက်ကြသည်။ ဓာတ်ပုံဆရာ အောင်ပန်းကလည်း သူတို့အကြိုက် လိုက်ကာ မညည်းမညူရိုက်ပေးသည်။ ကျော်ကိုကိုနဲ့ နီနီလှိုင်၊ သားစောနှင့် မိသက်တို့သည် ချစ်သူများဖြစ်၍ နှစ်ယောက်တစ်တွဲ အရိုက်များသလို တစ်ဦးချင်းလည်း ပုံစံအမျိုးမျိုးနှင့် ရိုက်ဖြစ်ကြသည်။ ရံဖန်ရံခါ ဓာတ်ပုံရိုက်ကောင်းမယ့်နေရာ ရှုခင်းရှုကွက်ကောင်းမယ့်နေရာ ရွာမယောင်နဲ့ ကျောက်ကြီးကြေ ကြား တောင်ကြွယ်မှာ အချိန်



www.burmeseclassic.com

www.burmeseclassic.com

နီနားကာ အကြင်နာလေးများ ပေးနေ တတ်ကြသည်။

× × ×

"ဟော့···ကိုဖိုးကဲနဲ့ မသဲတို့ အခြားအဖွဲ့တွေ တောင်ထိပ်ရောက်တော့မယ်။ သိပ်လည်း အကြင်နာတွေ ပိုမနေကြနဲ့။ ဒီရွှေမြင်တင်တောင်တော်မြတ်ကို စောင့်ကြတာ အစ်ကိုတစ်ယောက်နဲ့ ညီမတော်နှစ်ယောက် စောင့်ရှောက်နေကြတော့ အရှက်အကြောက်ကြီးသတဲ့။ အမြင်မလျော်အောင် မနေကြနဲ့နော် ပြဿနာတက်မယ်"

"အမယ်···အမယ်···နင့်ဘယ်သူပြောလဲ"

"ငါ့အဖေပြောတယ်၊ ငါ့အဖေက ဒီအရပ်သား။ ဒီတောင်တွေနဲ့ အဆီတက သမိုင်းကြောင်းတွေ ငါ့အဖေ ငါ့ကို ပြောပြထားဖူးတာတွေအနက် ဖြစ်စဉ်လေးတစ်ခုကို တောင်ပေါ်တက်ရင်း ငါပြောပြမယ်။ အဖေတို့ငယ်စဉ်က ရမည်းသင်းမြို့မှာ အထက်တန်းကျောင်းတစ်ကျောင်း တည်ရှိတယ်။ အဲဒီကျောင်းကို အစိုးရအထက်တန်းကျောင်းလို့လည်း ခေါ်သလို အများက ကျောင်းကြီးလို့ ခေါ်ကြတယ်။

အဲဒီကျောင်းတော်ကြီးမှာ ပန်းချီနည်းပြဆရာကြီး တစ်ဦးရှိတယ်။ အမည်က ဦးချမ်းငြိမ်းတဲ့။ ဆရာကြီးက အမည်နဲ့လိုက်အောင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေတတ်ပြီး တပည့်ကျောင်းသားတွေကိုလည်း သားသမီးနဲ့မခြား ချစ်တတ်တယ်။ ကျောင်းသူကျောင်းသားတွေကို ပန်းချီပညာသာမက လူမှုနယ်ပယ်မှာ ဝင်ဆန့်အောင် ဘယ်လိုနေထိုင်ရမယ်၊ အဲသလိုနေထိုင်ရင်း ပရဟိတလုပ်ငန်းတွေ ဘယ်လိုလုပ်ရမယ်ဆိုတာ သင်ကြားပေးတယ်။ သူကိုယ်တိုင် မြို့နယ်ကင်းထောက်အဖွဲ့ကို ဦးဆောင်ပြီး မူလတန်း အလယ်တန်း အထက်တန်း ကျောင်းသားတွေကိုလည်း ကင်းထောက်အဖွဲ့ထဲ ဝင်စေခဲ့တယ်။ လွတ်လပ်ရေးရပြီးစ ဝန်ကြီးချုပ်ဦးနုဦးဆောင်တဲ့ ပြည်တော်သာခေတ်ကဆိုတော့ ကြာတော့ အလွန်ကြာခဲ့ပါပြီ"

"တစ်နေ့မှာ ဆရာကြီးဦးချစ်ငြိမ်းဦးဆောင်တဲ့ ကင်းထောက်အဖွဲ့ဝင် အလယ်တန်းနဲ့ အထက်တန်းကျောင်းသားတွေဟာ ဟိုမှာမြင်နေရတဲ့တောင်ကြီးပေါ်တက် လေ့လာရေးခရီး ထွက်ခဲ့ကြတယ်။ ဟောဒီတစ်ပိုက်မှာရှိတဲ့ ရွှေမြင်တင်၊ ရွှေယင်မိ၊ တောင်ပုလုဆိုတဲ့ တောင်တွေဟာ ရှမ်းရိုးမတောင်စဉ်တောင်တန်းတွေအတိုင်း မြောက်ဘက်က တောင်ဘက်ကို တစ်တန်းတည်းတည်ရှိနေတာ တွေ့ရပြီး ခုမင်းတို့မြင်ရတဲ့ ရွှေနတ်တောင်ကတော့ အဲသလိုမဟုတ်ပဲ ရှမ်းရိုးမတောင်တန်းကြီးက ခွဲထွက်လို့ အရှေ့ကအနောက်ကို တန်းထွက်နေတာ မြင်တယ်မို့လား"

"အေး···မြင်တယ် ကန့်လန့်တိုက်နေသလိုပဲ"

"အေး···ဒါကြောင့် အများက အဲဒီတောင်ကို တောင်ကန့်လန့်လို့ခေါ်ကြတယ်။ ဒါပေမယ့် သူ့အပိုင်ထဲမှာ အဲသလိုခေါ်တာ လုံးဝလက်မခံဘူး။ ဒေသခံတွေကလည်း လုံးဝမခေါ်ဝံ့ကြဘူး"

"နေစမ်းပါဦး မျိုးမင်းသောင်ရာ၊ ဘယ်သူက လက်မခံတာလဲ။ ငါ့ကိုရှင်းရှင်းပြော ဟော့ကောင်"

"တောင်ပိုင်ဘိုးဘိုးနဲ့ တောင်စောင့်နတ်တွေက လက်မခံတာပေါ့ကွာ"

"ငါ့အဖေ အလယ်တန်းကျောင်းသားဘဝ ကင်းထောက်အဖွဲ့ဝင်တွေ လေ့လာရေးခရီးထွက်ကြစဉ်က ဆရာကြီးဦးချမ်းငြိမ်းအနေနဲ့ အခုသွားလေ့လာမယ့်တောင်ကြီးကို တောင်ကန့်လန့်လို့မခေါ်ကြဘဲ မှရင်းအမည်မှန် ရွှေနတ်တောင်လို့ ခေါ်ရမယ်။ တောင်ရဲ့အပိုင်နယ်မြေအတွင်း ဝင်ရောက်ပြီဆိုကတည်းက ရန့်ရင်းကြမ်းတမ်းသောစကားမပြောရ။ အပေါ့အလေး အခင်းကြီးငယ်ကိစ္စများရှိလျှင် တောပိုင်တောင်ပိုင်များကို တောင်းပန်တိုးလျှိုးပြီး ဆောင်ရွက်ရမယ်။ အထူးသဖြင့် တောင်ကန့်လန့်ဟူသောစကား ယခုအချိန်ကစပြီး မပြောရဘူးလို့ အလေးအနက် မှာကြားခဲ့သတဲ့"

"အဲ···အဲ··ကြုံကြိုက်တုန်းသတိရလို့ ပြောပြဦးမယ်။ အဲဒီရွှေနတ်တောင်ထိပ်က အရှေ့မြောက်ယွန်းယွန်းကို ကြည့်လိုက်ရင် ရေဖွေးဖွေးနဲ့ အင်းလေးကန်ကြီးကို တွေ့ရသတဲ့"

"ဟဲ့···မျိုးမင်းသောင်၊ နင့်အဖေ အလယ်တန်းကျောင်းသား ဘဝတုန်းက တောင်ကန့်လန့် အဲ···အဲ ရွှေနတ်တောင်ပေါ်တက်ကြစဉ်က ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ် ဆက်ပြောပြဦးလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မိနီတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ရွှေနတ်တောင်လို့ ခေါ်ပါဆိုတာ တောင်ကန့်လန့်တဲ့ ခက်တော့တာပဲ"

"ဟော့ . . . မျိုးမင်းသောင်ဆိုတဲ့ဘဲ ပုံစံကြည့်တော့ အမိုက်စား တောယုံတောင်ယုံ ပေါက္ခတတ်ကရဟာတွေမင်းလည်း ယုံတာပဲလားကွ . . . ဟော"

"ယုံတာမယုံတာ အပထား။ ငါ့အဖေက ဒီနယ်သား။ ငါ့အဖေစကားကိုယုံရမယ် သားစော။ မင်းနဲ့မိသက်လည်း သတိထားကြ။ ကျော်ကိုကိုနဲ့ မိနီတို့ကိုသိပ်မကဲကြနဲ့"

"ဟော့ . . . မျိုးမင်းသောင်၊ မင်းပြောပုံက တို့နှစ်ယောက် အမြန်လက်ထပ်ရမယ့်သဘော ဖြစ်နေပြီ"

"တစ်ယောက်တစ်ပေါက် စကားကြောင်မရှည်ကြနဲ့။ မျိုးမင်းသောင် . . . မင်းစကားဆက်တော့"

"ဒီမှာ အခု တို့တက်လာတဲ့စောင်းတန်းတို့များ သူ့ကျွန်ဘဝကတည်းက ဆောက်ခဲ့တာ ဘယ်လောက်သေသပ်ပြီး လက်ရာကောင်းလဲ။ ဒီစောင်းတန်းကြီးတွေ အာရုံခံအဆောက်အဦတွေ၊ ကျောင်းတွေ၊ ကန်တွေ သာသနာ့အာဇာနည် ရသေ့ကြီး ဦးခန္တီက ဘယ်အင်ဂျင်နီယာရဲ့အကူမှ မယူဘဲ ကိုယ်တိုင်ဦးစီးဆောင်ရွက်ပေးခဲ့တာ။ အဲဒီအဆောက်အဦတွေ ဆောက်ဖို့ ဒီလောက်မြင့်မားတဲ့ တောင်ထိပ်ပေါ် အထိ အလွန်လေးလံတဲ့ အိပ်(ချ်)ဘင်းခေါ်တဲ့ သံတိုင်ကြီးတွေ၊ သံဟင်ဂလံလို့ခေါ်တဲ့ သံထည်တွေ တင်ဖို့ဆိုတာ ဘယ်လောက်ခက်ခဲမလဲ။ သာမန်လူတွေမလုပ်နိုင်တာ သာသနာ့အာဇာနည် ရသေ့ကြီးဦးခန္တီ ဆောင်ရွက်နိုင်တယ်။ အဲဒီခေတ်က ဒီခေတ်လို စက်မှုယန္တယားတွေ မထွန်းကားသေးဘူးနော်"

"အေးဟ၊ ဒါတော့ အံ့သြဖို့ သိပ်ကောင်းတာပဲ"

"ဟုတ်တယ်နော်"

မျိုးမင်းသောင် အသေးစိတ်ပြောပြနေချက်အပေါ် နီနီလှိုင်က ထောက်ခံလိုက်သလို ကျော်ကိုကိုကပါ တစ်ဆက်တည်း ထောက်ခံလိုက်သည်။

"ဒါ ဘာဟုတ်သေးလဲ။ အဲဒီအချိန်က တို့ပြည်သူပြည်သားတွေ ကျွန်ဘဝက လွတ်ခါနီးဆဲဆဲကာလ ကိုယ့်စီးပွားရေး ကိုယ်မထူထောင်နိုင်ကြသေးတဲ့ အချိန်ဆိုတော့ အများအားဖြင့် စီးပွားရေးမကောင်းလို့ ပါးရှားကြတယ်။ သဒ္ဓါစိတ်တွေ အရမ်းကြီးတဲ့လူမျိုးတွေဖြစ်လင့်ကစား ဒီခေတ်လူတွေလို ထိထိရောက်ရောက် မလုပ်နိုင်ကြဘူး။ အဲဒီလိုခေတ်အခါမျိုးမှာ အလွန်အမင်း ငွေကြေးကုန်ကျမယ့် ကိစ္စတွေ ဆောင်ရွက်နိုင်တာ ဘယ်ကငွေရသလဲ။ ငွေတုလုပ်တဲ့စက်များ ရှိနေသလား ဘာလားစသဖြင့် နယ်ချဲ့အစိုးရနဲ့ သူ့ရဲ့လက်ပါးစေပုလိပ်အဖွဲ့ အရာရှိကြီးတွေက တွေးတောမိကြတယ်"

"ဒါကို သာသနာ့အာဇာနည် ရသေ့ကြီးဦးခန္တီက သိတယ်။ ဒါကြောင့် လျှို့ဝှက်စုံစမ်းနေတဲ့ လက်ပါးစေပုလိပ်အရာရှိတွေ သူ့ထံမှောက်ခေါ်တွေ့ပြီး ငါ့ရဲ့တာဝန်အရ သာသနာရေးဆောင်ရွက်ချက်တွေ ဆောင်ရွက်ရာမှာ ငွေအမြောက်အများလိုတယ်။ အဲဒီလိုနေတဲ့ငွေတွေ ဘယ်လိုရအောင်လုပ်ရတယ်ဆိုတာ ဘယ်နေ့ဘယ်ရက် ဘယ်အချိန်အတွင်း ဘယ်နေရာမှာ လုပ်ပြမယ်။ မင်းတို့ပုလိပ်အရာရှိတွေ သိလိုရင်ဆက်ဆက်လာကြည့်လှည့်လို့ မှာကြားလိုက်သတဲ့"

"လျှို့ဝှက်ချောင်းမြောင်း သတင်းယူတာ ဘာမှမထူးခြားလို့ စိတ်ပျက်နေကြတာ။ အခုတော့ မျက်မြင်ကိုယ်တွေ့တွေ့ရတော့မယ်။ အကယ်၍များ ငွေတုလုပ်တဲ့စက်နဲ့ လုပ်ပြတာဆိုရင် သက်သေခံပစ္စည်းနဲ့တကွ လက်ပူးလက်ကြပ်မိအောင် ရသေ့ကြီးဦးခန္တီကို ဖမ်းကြမယ်ဆိုတဲ့ အတွေးနဲ့ လက်ပါးစေပုလိပ်အရာရှိတွေ အတော်ပျော်နေကြသတဲ့"

"အဲဒီလိုနဲ့ သတ်မှတ်ရက် သတ်မှတ်ချိန်ရောက်တော့ ချိန်းဆိုထားတဲ့ ရွှေမြင်တင်တောင်တော်ရဲ့ တောင်ဘက်စောင်းတန်း အောက်ဆုံးအာရုံခံတန်ဆောင်းမှာ အသက် ၅၀ ခန့်ရှိ ဝတ်ဖြူစင်ကြယ်ဝတ် အမျိုးသားတစ်ယောက် ငွေဖလားပိုက်ပြီး ရောက်လာပါတယ်။ ထို့နည်းတူ အသက် ၃၀ ခန့်ရှိ လူရွယ်တစ်ယောက်ကလည်း ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး လက်ထဲက ကြေးစည်ကိုတီးကာ အတူတကွ ရောက်လာကြပြီး အသင့်ပြင်ထားတဲ့စားပွဲမှာ ဝင်ထိုင်ကြပါတယ်"

"ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျုပ်တို့က ရသေ့ကြီးဦးခန္တီတပည့်တွေပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ကို ရသေ့ကြီးဦးခန္တီ သာသနာ့အရေး ဆောင်ရွက်ချက်အတွက် ငွေရအောင် ဘယ်လိုလုပ်တယ်ဆိုတာ သိချင်လာကြည့်၊ ပြမယ်ပြောလို့ လာခဲ့တာပဲ။ အခု ရသေ့ကြီးဦးခန္တီ မလာသေးဘူးလား"

"ဟုတ်ကဲ့ သာသနာ့အာဇာနည် ရသေ့ကြီးဦးခန္တီက ကျုပ်တို့ကို သူ့ကိုယ်စား လွှတ်လိုက်တာပါ"

"ခင်ဗျားတို့ကလည်း ငွေရအောင် လုပ်တတ်ကြတာပဲလား"

"သတ်မှတ်ချက်အထိ စောင့်ကြည့်ရင် သိမှာပေါ့ဗျာ"

"ဟုတ်ရင်ဟုတ် မဟုတ်ရင်တော့ လိမ်လည်မှုနဲ့ အပေါက်ကျဉ်းထဲ ထည့်ပြီး ကြမ်းပိုးစာကျွေးပစ်မယ်··· ဟွန်း"

ဝတ်ဖြူစင်ကြယ်ဝတ် လူနှစ်ဦးသည် ပုလိပ်အရာရှိနှင့် လက်ပါးစေ အဖွဲ့ကို ဘာမှမပြောတော့ဘဲ တစ်ယောက်က ခပ်ဖွဖွရွတ်ဖတ်နေသလို ကျန်တစ်ယောက်က ကြေးစည်တီးလိုက် ရွတ်ဖတ်လိုက် လုပ်နေကြသည်။ လက်ပါးစေ ပုလိပ်အရာရှိနဲ့အဖွဲ့ကတော့ အံ့တကြိတ်ကြိတ်နဲ့ ဒေါသထွက်လျက် ရှိနေကြသည်။

ခဏအကြာ ရမည်းသင်းမြို့အပိုင်ထဲက ကျေးရွာများက ရွှေမြင်တင်တောင် တောင်ဘက်တမ်းလမ်းအစ အာရုံခံတန်စောင်းသို့ အလျှိုအလျှို ရောက်လာကြပြီး အလှူငွေများ ထည့်ဝင်ကြသည်။ တချို့ဆိုလျှင် ကိုယ်မှာ ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်များချွတ်ကာ စေတနာထက်သန်စွာ လှူနေကြတာလည်း တွေ့ကြသည်။ မွန်းတည့်ချိန်ရောက်တော့ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ပျော်ဘွယ်တို့မှ ကုန်ကားကြီးများ ဒေါ့ဂျစ်များနှင့် လူများရောက်ရှိလာပြီး အလှူငွေထည့်ဝင်ကြရာ ငွေဖလားတစ်လုံးမက ဟိုတုန်းက နှစ်တင်းဝင်ဆန်အိတ် ကိုးအိတ်နဲ့ ငွေတွေ ဘောင်းလန်အောင်ရသည်။ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်နှစ်ယောက်က ပုလိပ်အရာရှိနဲ့ အဖွဲ့ကို ရေတွက်စစ်ဆေးလိုလျှင် ရေတွက်စစ်ဆေးကြည့်ဖို့ ပြောရာ ပုလိပ်အရာရှိက မရေတွက်နိုင်ကြောင်း ပြောပါတယ်။ ဝတ်ဖြူစင်ကြယ်ဝတ် ခေါင်းဆောင်မှ ဒီလောက်မှ ပုလိပ်အရာရှိ ခေါင်းဆောင်များ မကျေနပ်သေးလျှင် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန် မန္တလေးတောင်ခြေတွင် သာသနာ့အာဇာနည် ရသေ့ကြီးဦးခန္တီမှ ယခုကဲ့သို့ ငွေရှာပြဦးမည် လာရောက်ရန် မှာကြားလိုက်ကြောင်း ပြောပြလိုက်ရာ ပုလိပ်အရာရှိနဲ့ ပုလိပ်သားများ ဘာမှမပြောဘဲ ပြန်သွားကြသည်။

"ဟောဒီ အာရုံခံတန်ဆောင်းတော်ကြီးကနေ ကောင်ထိပ်ထိ စောင်းတန်းတစ်ခုလုံး တောင်တက်လမ်းတစ်လျှောက် နေရာတွေမှာ လူအများ ဆွဲပြောင့်ခလုတ်ဘေးကင်းအောင် ဒုတ်လှေကားတွေနဲ့ သင့်ရာနေရာတွေမှာ ဘုရားဖူး ရဟန်းရှင်လူအများနိုနားဖို့ ဇရပ်အာရုံခံတွေ သေသေချာချာ ဆောက်ပေးခဲ့တယ်။ အဲဒီစွမ်းအားရှင်ဟာ သာသနာ့အာဇာနည် ရသေ့ကြီးဦးခန္တီပဲ"

"အဲဒီတုန်းက တို့နိုင်ငံဟာ သူ့ကျွန်ဘဝက ကိုလိုနီနိုင်ငံတစ်ခုမို့ အစိုးရဆီက ဘာအကူအညီမှမရဘူး။ ရသေ့ကြီးဦးခန္တီဟာ မြန်မာနိုင်ငံ တစ်နံတစ်လျား ဘုရားတန်ဆောင်းကျောင်းကန်တွေကို ဦးစီးဦးဆောင် တည်ဆောက်ပေးခဲ့တာ အထောက်အထားမှတ်တမ်းတွေအရ မနည်းမနောပဲ။ အဲဒီသာသနာ့အာဇာနည် ရသေ့ကြီးဦးခန္တီဆိုတာ ဘယ်မြို့ဘယ်နယ်သားလဲ မင်းတို့သိလား။ ဟဲ့··· မိသက် နင်သိလား"

"ဟင့်အင်း မသိဘူး"

"သားစော မင်းကောသိလား"

"အေး···ဘုရားတွေရောက်တိုင်း ရသေ့ကြီးဦးခန္တီနာမည်နဲ့ ဘုရားတန်ဆောင်း ကျောင်းကန်တွေမှာ ပူးတွဲဖော်ပြထားတာတော့ တွေ့ဖူးတယ်။ ဘယ်မြို့ဘယ်နယ်သားဆိုတာတော့ မသိဘူးကွ"

"အေး···မင်းတို့က အသိဉာဏ်ကြွယ်ဝဖို့ စာမှမဖတ်ဘဲ။ ဒီလောက် ကမ္ဘာကျော် ကမ္ဘာကသိတဲ့ ပုဂ္ဂိုလ်ကို ဘယ်ဇာတိသားမှန်းမသိတာ အဆန်းမဟုတ်ပါဘူး။ မင်းတို့ မသေမချင်းမှတ်ထား။ ဟိုတုန်းက တို့ရမည်းသင်းခရိုင်ဆိုတာ ရမည်းသင်း၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းနဲ့ ပျော်ဘွယ်ဆိုတဲ့ မြို့ငါးမြို့ စုဖွဲ့ပါဝင်တယ်။ အဲဒီမြို့တွေထဲက ရမည်းသင်းသားပဲ။ ခမည်းတော် ဦးလုရွှေ မယ်တော် ဒေါ်နှိုဉ်တို့က ၁၂၉၉ နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့မှာ မွေးတဲ့ သား

www.burmeseclassic.com

ကောင်းရတာနှာပဲ။ ငယ်မည်က မောင်ဖိုး မောင်တဲ့"

"မိသက်ရေ…မျိုးမင်းသောင်ဆိုတဲ့ကောင်တော့ ကြွားစရာမရှိ ကြွားပြီကွ။ ရသေ့ကြီးဦးခန္တီ ကမ္ဘာကျော်တာ မင်းအဖေ၊ မင်းအဘ ကမ္ဘာကျော်တာမှ မဟုတ်တာ။ မင်းက ကြွားထဲက ဝင်ကြွားလို့ကွာ"

"ဟော့ကောင် သားစော၊ ငါကြွားတာမဟုတ်ဘူး။ တို့အဖေဇာတိ ရမည်းသင်းနယ်ထဲက ထွန်းတောက်ကျော်ကြားတဲ့သူတစ်ယောက်အတွက် ဂုဏ်ယူတဲ့သဘောနဲ့ မင်းတို့လို နလပိန်းတုံးတွေကို ပြောပြနေတာဟ"

"ကဲ…ကဲ သိပါပြီ မိကျောင်းသားရယ်။ စောစောကဇာတ်လမ်း ဆက်ပါတော့"

မျိုးမင်းသောင် စကားကြောရှည်နေတာကို ဘဝင်မကျသည့် သားစောသည် ဆက်ပြောရန် မျိုးမင်းသောင်အား ခပ်လောလော ပြောနိုင်းလိုက်သည်။

"ဒီလိုကွ ငါတို့အဖေတို့ ရွှေနတ်တောင်ပေါ်ရောက်တော့ ကင်းထောက်အဖွဲ့ဝင် အလယ်တန်းကျောင်းသားနှစ်ယောက် တိတိကျကျပြောရရင် တစ်ယောက်က ငါ့အဖေရဲ့ အစ်ကိုဝမ်းကွဲ ဦးတင်လှ၊ နောက်တစ်ယောက်က အဖေနဲ့ အတန်းတူသူငယ်ချင်း ဦးကြည်အေးဆိုတဲ့ ကျောင်းသားနှစ်ယောက်က ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရ၊ ဟိုလိုမပြောရ၊ ဒီလိုမပြောရဆိုတဲ့ တားမြစ်ချက်တွေကို မလိုက်နာချင်ဘူး။ တောင်ကန့်လန့်မို့ တောင်ကန့်လန့်ခေါ်တာ ဘာဖြစ်လဲ၊ ခေါ်တယ်ကွ ခေါ်တယ် ဘာဖြစ်လဲ တောင်ကန့်လန့် တောင်ကန့်လန့် တောင်ကန့်လန့် ဆိုပြီး သူတို့နှစ်ယောက်တည်း နှစ်ကိုယ်ကြား ပြောခဲ့ကြတယ်တဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ မိသက်ရာ… ဆရာကြီးဦးချစ်ငြိမ်းနဲ့ ကျောင်းသားတွေ တောင်ပေါ်ကဆင်းလာတော့ တင်လှနဲ့ ကြည်အေးဆိုတဲ့ အလယ်တန်းကျောင်းသားနှစ်ယောက် ပါမလာဘူးတဲ့"

"ဟာ…အဲဒါက ဘယ်လိုဖြစ်တာလဲ မျိုးမင်းသောင်"

သားစောသည် ရုတ်တရက်မို့ အံ့အားသင့်ကာ မျိုးမင်းသောင်ကိုမေးလိုက်သည်။

"ချက်ချင်းတော့ ဘာကြောင့်ဆိုတာ မပြောနိုင်ကြဘူး။ ကင်းထောက်အဖွဲ့ ခေါင်းဆောင်နဲ့ တပ်စုမှူး တပ်စိတ်မှူးတွေ လူစစ်ကြည့်တော့ တောင်အောက်ကို ပါမလာဘူးဆိုတာ သိကြတာတဲ့။ ဆရာကြီး ဦးချစ်ငြိမ်းလည်း အရမ်းစိတ်ပူလို့ အဖွဲ့တွေခွဲပြီး တောင်ပေါ်တောင်အောက် တောင်တက်လမ်း မကျန်အောင် ရှာကြဖွေကြတာ ဘယ်မှာမှ မတွေ့ကြဘူးတဲ့"

"ဒုက္ခပဲ၊ နောက် ဘာဆက်ဖြစ်လဲဟင်"

မိသက်က စိတ်ပူသည့်လေသံနှင့် ဖြတ်မေးလိုက်သည်။

"တောင်ခြေမှာ တောင်ယာလုပ်နေတဲ့ အဘိုးကြီးကို သွားပြီးပြောပြတော့ ဒီကလေးတွေ အများတစ်ခုခုတော့ လုပ်မိပြီဆိုပြီး ထုံးဖြူ၊ ဗမာဆေး ကွမ်းယာတစ်ယာ၊ လက်ဖက်တစ်ရိုး၊ အလင်းတိုင်၊ ဖယောင်းတိုင် တစ်တိုင် ထွန်းညှိပူဇော်ပြီး ရွှေနတ်တောင်စောင့် ဘိုးဘိုးကြီးကို ဦးတိုက်ကန်တော့ တောင်းပန်တိုးလျှိုးပေးတယ်တဲ့။ ပြီးတော့ တောင်ပေါ်ကို နောက်တစ်ခေါက် အတက်လမ်းအတိုင်း တက်ရှာခိုင်းသတဲ့"

"သူတို့ကို သူတို့ကို ပြန်တွေ့သတဲ့လားဟင်"

"မိသက်က မိန်းမကလေးမို့ စပ်စုချင်တာ ငါ ဘာမှမပြောလိုပါဘူး။ သားစောဆိုတဲ့ကောင်က ယောက်ျားကြီးတန်မယ့် စပ်စုချင်တာတော့ မကြိုက်ဘူးကွ။ ပြောမှာပေါ့ စောင့်ပါဦးလား"

မျိုးမင်းသောင်သည် သားစောနဲ့ မိသက်တို့အမေးကို စနောက်ချင်တာနဲ့ ချက်ချင်းမပြောသေးဘဲ စကားကို ဟိုဟို ဒီဒီ ဝေ့ဝိုက်ပြောနေလိုက်သည်။

"အေး…ပျောက်နေတဲ့ ကျောင်းသားနှစ်ယောက်ကို ရွှေနတ်တောင် တောင်တက်လမ်းမှာရှိတဲ့ ကျောက်ဖျာကြီးတစ်ချပ်ပေါ်မှာ ကျောချင်းကပ် အိပ်နေတာ တွေ့သတဲ့။ အံ့သြဖို့ကောင်းတာက အဲဒီကျောက်ဖျာကြီးတစ်ဝိုက်မှာ ကင်းထောက်အဖွဲ့ဝင်တွေ ကွေ့ပတ်တက်ရှာနေကြတာ မတွေ့ဘဲ တောင်ပိုင်ဘိုးဘိုးကြီးကို ကျေရာကျေကြောင်း တောင်းပန်ပြီး နောက်တစ်ခေါက် ပြန်တက်ရှာမှ တွေ့တာမို့ အဖြစ်က ဆန်းသလို အံ့သြစရာလည်းကောင်းတယ်ကွ"

"အေး…အဲဒါ ဂမ္ဘီရဆန်တဲ့

www.burmeseclassic.com

အဖြစ်အပျက်မို့ ဆန်းတယ်"

"အံမယ်‥ အံမယ် မိသက်က လည်း အလာကြီးပါလား။ ဂမ္ဘီရဆန် သတဲ့"

"ဟော့‥‥မိသက် သားစောကို တင်းတင်းဖက်ထားနော် ပျောက်ကျန်ခဲ့ ဦးမယ်"

"နင်သာ ဖိုးကျော် (ကိုကိုကျော်) ကို ဖက်ထားစမ်းပါ။ တို့အတွက် မပူ စမ်းပါနဲ့"

"စကားနိုင် လုမနေနဲ့။ အမိတို့ ရှေ့ကအဖွဲ့တွေ မီအောင် ဆက်တက် လိုက်ကြဦးစို့"

× × ×

မျိုးမင်းသောင်သည် ဖခင်ဇာတိ မြေ ရမည်းသင်းမြို့က ရွှေမြင်တင် တောင်နှင့် ရွှေနတ်တောင် တစ်ဝိုက် အောင်ပန်းရိုက်ခဲ့သည့် ဓာတ်ပုံဖလင် များတွင် ပုံရိပ်မထင်သည့်ကိစ္စ ဘာ ကြောင့်လဲ မတွေးတတ်။ ခရီးတစ် လျှောက် ဘယ်သူတွေ ဘယ်လိုမှားခဲ့ ကြသလဲ ပြန်စဉ်းစားကြည့်မိသည်။ ကျော်ကိုကို၊ နီနီနဲ့ သားစော၊ မိသက် တို့ အတူလာသူငယ်ချင်းများ အလစ် အငိုက် အကြင်နာလေးများပေးကြတာ လောက်သာ ရှိပါသည်။ အမှားကြီးပြု လုပ်ကြသည်ဟု မဆိုသာပါ။ သူတို့ တစ်တွေ အမှားပြုကြတာကြောင့်ဟု အပြစ်ဖို့ရန်လည်း မသင့်ပါ။ ဒါဆို ဓာတ် ပုံတွေက ဘာကြောင့် ပုံရိပ်မထင်ရတာ လဲ။ လူငယ်ထဲက လူငယ်တစ်ယောက် ဖြစ်တဲ့ မျိုးမင်းသောင်တစ်ယောက် ဂမ္ဘီရ ဖြစ်စဉ်သဘော နားမလည်နိုင် ဖြစ်နေရ သည်။ အဆိုးဆုံးက ကျော်ကိုကို၊ နီနီ တို့အဖွဲ့နှင့် အောင်ပန်းတို့ အထင်လွဲ ကာ စကားမပြောကြသည့်ကိစ္စ စိတ် မကောင်းစရာအကောင်းဆုံးဖြစ်သည်။

ဟိုတုန်းကဆိုလျှင် မျိုးမင်းသောင် သူငယ်ချင်းတစ်စုသည် ရွှေဘုံသာလမ်း အရာရှိရိပ်သာ အခန်းအမှတ်-၆ မျိုးမင်း သောင်တို့အိမ်တွင် စုပေါင်းစကာကျက်တဲ့ အခါကျက်၊ ဂီတာတီးတဲ့အခါတီး၊ ဘော လုံးပွဲသွားကြည့်တဲ့အခါ တစ်စုတစ်ဝေး သွားကြည့်လေ့ရှိကြသည်။ ဘာကိစ္စပဲ လုပ်လုပ် မျိုးမင်းသောင်တို့အိမ်ကို စုရပ် ထား၍ လုပ်လေ့ရှိကြသည်။ မျိုးမင်း သောင်ရဲ့ဖခင် ကိုကောင်းနဲ့ မိခင်မဒေါင်း တို့က သူတို့ရဲ့ တစ်ဦးတည်းသောသား မျိုးမင်းသောင်ကို အရမ်းချစ်သလို သား ရဲ့သူငယ်ချင်း အပေါင်းအသင်းတွေကို လည်း သူတို့သားကဲ့သို့ပင် သဘောထား ချစ်ခင်ကြသည်။

× × ×

"သားရေ‥‥မင်းတို့အဖွဲ့တွေ အတော်ခြေငြိမ်နေပါလားကွ။ ဘုရားဖူး က ပြန်လာပြီးကတည်းက ကျော်ကိုကိုနဲ့ သားစောတို့အဖွဲ့တွေ ပေါ်မလာကြဘူး"

"အလကားပါ အဖေရယ်‥‥ ဓာတ်ပုံထဲမှာ သူတို့ပုံတွေ ပုံရိပ်မထင် လို့ အောင်ပန်းက ပညာပြတယ်ဆိုပြီး စိတ်ကောက်နေကြတယ်"

"ဘယ်လို ပုံရိပ်မထင်တာလဲ သားရဲ့"

"အဖေ့ဇာတိမြေက ရွှေနတ် တောင်တို့ ရွှေမြင်တင်တောင်တို့ရောက် တော့ ထုံးစံအတိုင်း အဖွဲ့လိုက်၊ အစု လိုက်၊ နှစ်ယောက်တွဲ၊ သုံးယောက်တစ် တွဲ၊ တစ်ယောက်ချင်း ဓာတ်ပုံတွေရိုက်ခဲ့ ကြတယ်။ အဖွဲ့ ရန်ကုန်ပြန်ရောက် ရောက်ချင်း အောင်ပန်းက အနားက တောင်မယ္ဘာဲ ဖလင်တွေ အားချင်း ဆေးတယ်၊ ကူးတယ်အဖေ။ ကာလာ ဖလင်နဲ့ရိုက်တာဆိုတော့ ဓာတ်ပုံတွေ က အရမ်းလှတယ်။ မန္တလေး၊ ပုဂံ၊ ပုပ္ပားမှာ ရိုက်ခဲ့သမျှ ဓာတ်ပုံတွေလည်း အရမ်းလှတယ်။ ပုံထွက်ကောင်းတော့ အားလုံးသဘောကျတယ်။ ဒါပေမယ့် အဖေတို့ဇာတိ ရွှေနတ်တောင်နဲ့ ရွှေမြင် တင်တောင်မှာ ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေ မှာ ပြဿနာဖြစ်တော့တာပဲ"

"ဟေ‥‥ဘယ်လိုပြဿနာဖြစ် တာလဲ သားရဲ့"

"ဒီလိုတဲ့ အစ်ကိုရေ၊ အောင်ခန့် ကျော်ကိုကို၊ နီနီလှိုင်၊ လင်းမောင်မောင်၊ သားစောနဲ့ မိမိသက်တို့က ဓာတ်ပုံတိုင်း ဓာတ်ပုံတိုင်းမှာ ပုံရိပ်မပေါ်ဘဲ အဖြူ ရောင် အလင်းတန်းကြီး ဖြစ်နေသတဲ့။ အဲဒါ‥‥အဲဒါ အောင်ပန်းက ပညာပြ တာဆိုပြီး စိတ်ကောက်နေကြတာတဲ့ အစ်ကိုရေ"

ဖခင်ကိုကောင်းရဲ့ အမေးကို မိခင် ဖြစ်သူ မဒေါင်းက သားမျိုးမင်းသောင် ကိုယ်စား ဝင်ရှင်းပြလိုက်သည်။

"ဟုတ်လား သား"

"ဟုတ်ပါတယ် အဖေ"

"တစ်ခုတော့ စဉ်းစားမိတယ် အဖေ။ သားက အဖေနဲ့အမေတို့ ဇာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့ ရှောင်ရန် ဆောင်ရန်ကိစ္စတွေ ခရီးစထွက်တဲ့နေ့က ပြောပြတော့ ဒီကောင်တွေက အယုံအကြည်မရှိဘူးတဲ့။ ကျွန်တော့်ကိုတောင် လူပုံကြည့်တော့ အမိုက်စား တောယုံ တောင်ယုံ ပေါက်တတ်ကရစကားတွေ မင်းလည်းယုံတာပဲလားဆိုပြီး ဝိုင်းဟားကြသေးတယ်"

"ဟဲ့သား…မင်း အမေ့ကိုပြောပြတဲ့အထဲမှာ ကျော်ကိုကို၊ နီနီတို့အတွဲနဲ့ သားစော၊ မိသက်တို့အတွဲကလည်း ရတောင်ပေါ်မှာ တတွဲတွဲ ကဲကြတာတွေ့လို့ သတိပေးရသေးဆို"

"ဟုတ်တယ်အမေ။ သူတို့တွေကလည်း သူငယ်ချင်းတွေရဲ့ အလစ်အငိုက်မှာ အကြင်နာပေးတာလောက်တော့ သားတွေ့တယ်။ လွန်လွန်ကဲကဲတော့ မဟုတ်ပါဘူးအမေ"

"ဘာပဲဖြစ်ဖြစ် သားတို့သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်လွဲပြီး စိတ်ဝမ်းကွဲကြမှာ အမေ မလိုလားဘူး"

"ဘယ်သူမှ သားကို မကျေနပ်တာ မရှိပါဘူး အမေ။ အခင်အမင်လည်း မပျက်ကြပါဘူး။ အောင်ပန်းနဲ့ ကျော်ကိုကိုတို့အဖွဲ့သာ တင်းနေကြတာပါ။ ဒါလည်း မကြာပါဘူး သူ့ဟာသူ အဆင်ချောသွားပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ငါ့သားရယ်။ ဓာတ်ပုံ ပုံရိပ်မထင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမေငယ်စဉ် ၁၀ နှစ်သား အရွယ်က ရွှေမြင်တောင်ပုံ ဓာတ်ပုံထဲမှာ ပုံရိပ်မထင်တဲ့ကိစ္စ ကြုံဖူးတယ်။ အဲဒီအကြောင်း သားသူငယ်ချင်းတွေအားလုံးနဲ့ တွေ့ပြီး အမေပြောပြချင်တယ်"

"ဟုတ်လား အမေ သားသိချင်တယ်"

"ဒါဆို အမေ နက်ဖြန် ဘယ်မှ သွားစရာကိစ္စမရှိဘူး အားတယ်။ မနက်ဖြန်မနက် ၉ နာရီ အိမ်ကိုလာခဲ့ကြဖို့ သားသူငယ်ချင်းတွေကို ဖုန်းဆက်လိုက်ပေါ့။ တစ်ဆက်တည်းပဲ အစ်ကို့ရွှေဒေါင်းလေးရေ သားအပေါင်းအသင်းများအတွက် ကြက်သားပလာတာနဲ့ လက်ဖက်ရည် စီစဉ်ပေးပါနော်"

မျိုးမင်းသောင်ရဲ့ ဖခင်ကိုသောင်းရဲ့ အစီအမံအတိုင်း သူငယ်ချင်းများ ရွှေဘုံသာလမ်း အရာရှိရိပ်သာ အခန်းအမှတ်-၆ သို့ သတ်မှတ်ချိန်အတွင်း အလျှိုအလျှို ရောက်လာကြသဖြင့် ကြက်သားပလာတာကျွေး လက်ဖက်ရည်တိုက်ကာ ကိုကောင်းငယ်စဉ်က တွေ့ကြုံခဲ့ဖူးသော ရွှေမြင်တင်တောင်တော်အကြောင်း ပြန်ပြောဖြစ်ပါသည်။

× × ×

၁၉၅၀ ပြည့်နှစ် ဝန်းကျင်လောက်က ဦးတို့ရမည်းသင်းမြို့ဈေး တောင်ဘက်မှာ အငြိမ့်၊ ဇာတ်သဘင်၊ ကပွဲသွင်းဖို့နဲ့ ဓာတ်ရှင်(အဲဒီခေတ်က ရုပ်ရှင်ကို ဓာတ်ရှင်ဟုခေါ်သည်။) ပြသဖို့ ဆောက်ထားတဲ့ ဝါးထရံကာ သက်ငယ်မိုး ဇာတ်ရုံကြီးတစ်ရုံ ရှိပါတယ်။ အဲဒီဇာတ်ရုံကြီးအမည်က အောင်မင်္ဂလာဇာတ်ရုံကြီးလို့ ခေါ်တယ်။ (အဲဒီအချိန် အဲဒီကာလ ဗမာ့ဂုဏ်ရောင် စိမ်းယဉ်ယဉ်ဆိုတဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွေ မရှိသေးဘူး။ လွတ်လပ်ရေးရပြီးကာစ ရောင်စုံသူပုန်သောင်းကျန်းသူတွေ မင်းမူသွေးဆူဆဲကာလမို့ ရပ်ရွာအေးချမ်းမှု မရှိသေးဘူး။ ဖျော်ဖြေမှုတစ်ခုအတွက် နည်းနည်းနဲ့ကျဲကျဲဝိုင်းဆိုသလို ဆောက်ထားတဲ့ ရုံကြီးဖြစ်ပါတယ်။ အများက အောင်ဇာတ်ရုံကြီးလို့ပဲ ခေါ်ကြတယ်။

အဲဒီအောင်ရုံကြီးမှာ ဝါတိုးဈေးဝိုင်းရပ်သားတွေဖြစ်တဲ့ ကိုကိုလေး (နည်းသစ်အလွတ်ပညာသင် ကျောင်းအုပ်ကြီး)၊ မောင်မောင်လေး (အငြိမ်းစားအစိုးရအထက်တန်းကျောင်းအုပ်ကြီး)၊ ကိုဘငြိမ်း(အလွတ်ပညာသင်ကျောင်းအုပ်ကြီး၊ ရန်ကုန်)နဲ့ မောင်မောင်ကြီးဆိုတဲ့ ခေတ်ပညာတတ် လူငယ်တွေက ဦးစီးပြီး ပြဇာတ်ကပြခဲ့ကြတယ်။ အခြားဇာတ်ရုံ ဇာတ်ပို့တွေ အမြောက်အမြားပါကြပါတယ်။ မင်းသမီးနေရာက ကပြမယ့် မင်းသမီးနှစ်ယောက်ကိုတော့ မန္တလေးဇာတ်သဘင်လောကမှာ ထင်ရှားတဲ့ ပြဇာတ်မင်းသမီးနှစ်ဦးကို ငှားပါတယ်။

မြို့သူမြို့သားတွေဟာ တိုင်းပြည်အခြေအနေအရ နယ်မြေမအေးချမ်းလို့ ပွဲမသွင်းဖြစ်တာကြာပြီ။ ပွဲလမ်းသဘင်ငတ်နေကြတဲ့အချိန်ပေါ့။ ဒါကြောင့် ဝက်ဝက်ကွဲအောင် စည်ကားတယ်။ ပထမ ငါးညကဖို့ စီစဉ်ထားပေမယ့် နယ်ခံလူတွေရဲ့ တောင်းဆိုချက်အရ ပွဲရက်တွေ ထပ်တိုးပေးခဲ့ရတယ်။ အဓိက သရုပ်ဆောင် ပြဇာတ်မင်းသမီး နှစ်ယောက်မှအပ ကျန်လူတွေဟာ သဘင်အနုပညာရှင်တွေ မဟုတ်ဘူး။ သမန်

www.burmeseclassic.com

အရုပ်သားတွေသာ ဖြစ်ကြပါတယ်။ ဒါပေမယ့် အဲဒီပြဇာတ်ဟာ ဟိုးဟိုး ကျော်သွားတယ်။

ပြဇာတ်က ရွှေမြင်တင်တောင် သမိုင်းနောက်ခံ ဥစ္စာစောင့်အစ်ကိုကြီး တစ်ယောက်နဲ့ ဥစ္စာစောင့် ညီအစ်မနှစ်ယောက်တို့အကြောင်း ဇာတ်အိမ်ဖွဲ့ကပြတဲ့ ဒရမ်မာဆန်ဆန် အလွမ်းဇာတ်တစ်ခုပဲ။ အတိုချုပ်ပြောရမယ်ဆိုရင် အဲဒီပြဇာတ် ကောင်းသတင်းကြောင့် ရန်ကုန်က ဓာတ်ရှင်အဖွဲ့တစ်ဖွဲ့ ဦးတို့မြို့ရောက်လာပြီး ပြဇာတ်ကို ဓာတ်ရှင်ရိုက်ချင်ကြောင်း ကမ်းလှမ်းကြတယ်။ ပြဇာတ်ဒါရိုက်တာ ကိုကိုလေးအဖွဲ့နဲ့ ညှိနှိုင်းကြတော့ အဆင်ပြေလို့ ဓာတ်ရှင်ရိုက်ဖြစ်တယ်"

"အခွင့်အခါကြုံတိုင်း ဦးက မင်းတို့ကို ပြောပြရဦးမယ်။ ဟိုတုန်းက ဒီနေ့ရုပ်ရှင်ကို ဓာတ်ရှင်လို့ ခေါ်ကြပေမယ့် နောက်ပိုင်းကျတော့ ဓာတ်ရှင်လို့ မခေါ်ကြတော့ပဲ ဘိုင်စကုတ်လို့ ပြောင်းပြီးခေါ်လာကြတယ်။ ဦးအစ်မကြီး မသန်းကြင်ပြောတာ ဦးမှတ်မိသေးတယ်။ ကောင်လေး ဓာတ်ရှင်လို့ခေါ်တာ တောကျတယ်ကွဲ့။ မြို့ဆန်ဆန် ဘိုင်စကုတ်လို့ ပြောင်းခေါ်တဲ့။

"ဒါတွေထားပါတော့။ ဦးပြောလိုတာက ရွှေမြင်တောင်သမိုင်းဆိုတဲ့ ဘိုင်စကုတ်ကားရိုက်ပြီး ရန်ကုန်က ဘိုင်စကုတ်ခြံကြီးတစ်ခုမှာ ကူးဆေးတယ်။ ပြီးတော့ ရုံမတင်မီ အစမ်းသဘောပြကြည့်တော့ အံ့ဩဖို့သိပ်ကောင်းတယ်ကွဲ့"

"ဘာဖြစ်လို့လဲဟင်"

ဘာဖြစ်ရမလဲကွာ။ ရွှေမြင်တင်တောင်တော်ရဲ့ပုံကြီး ဇာတ်ကားစတင်ပြပြချင်း ပေါ်လာရမှာ ပုံရိပ်လုံးဝမထင်ဘူး"

"ဟာ…ဒုက္ခပဲ၊ အဲဒီတော့ ဘယ်လိုလုပ်ကြလဲဦး"

"နောက်တစ်ခါ ရမည်းသင်းကိုသွားပြီး ရွှေမြင်တင်တောင်မှာ ပြန်ရိုက်ရတာပေါ့"

"အဆင်ပြေသွားလား"

"မပြေဘူးကွ။ ဒါကြောင့် ဒေသခံပန်းချီဆရာကြီးကို ရွှေမြင်တင်တောင်တော်ပုံတူ ပန်းချီဆွဲခိုင်းပြီး ကုမ္ပဏီပိုင်ခြံထဲမှာ ဆက်တင်ဆောက် ရိုက်ခဲ့ရတယ်။ အဲဒီပုံကြီးပေါ်မှာ ဇာတ်ကားအမည်၊ ဒါရိုက်တာဘယ်သူ ဘယ်ဝါ သရုပ်ဆောင် မင်းသား မင်းသမီး ဘယ်သူ စသဖြင့် စာတန်းထိုးထားတာမို့ ပုံရိပ်မထင်တော့ အခက်တွေ့ ဗျာများရတယ်ကွဲ့"

"နောက်ပြီး ရွှေမြင်တောင်မှာ ရိုက်စဉ်က ပုံရိပ်မထင်တဲ့ပြကွက်တွေ ခြံထဲမှာ [illegible]ထိုးရိုက်ပြီး သင့်သလို ကားဆက်ပြသကြည့်တော့ အားလုံး အဆင်ပြေသွားတယ်"

"ကဲ…ငါလို ဓာတ်ပုံသမားတစ်ယောက်အစွမ်းနဲ့ ဓာတ်ပုံတွေ ပုံရိပ်မထင်တာ မပြောနဲ့။ ဇာတ်ရှင်သမား ဓာတ်ပုံပညာရှင်တွေ ရိုက်ကူးတဲ့ ဇာတ်ကားဖလင်တွေမှာတောင် တချို့လူတွေ (သရုပ်ဆောင်)တွေပါတဲ့ ဖလင်တွေ ပုံရိပ်မထင်ခဲ့ဘူးဆိုတော့ မှင်းတို့စွပ်စွဲသလို မင်းတို့ဆရာ ပညာပြတာမဟုတ်ဘူးဆိုတာ သဘောပေါက်ပေါ့ကွာ"

ဓာတ်ပုံဆရာအောင်ပန်းရဲ့ အပြောကြောင့် တင်းနေကြတဲ့ သူငယ်ချင်းတစ်စု ပြုံးနိုင်ရယ်နိုင်သွားတော့သည်။

"ရွှေမြင်တင်တောင်မှာ ရိုက်တဲ့ ဓာတ်ရှင်၊ ဘိုင်စကုတ် ဖလင်တွေမှာ ပုံရိပ်မထင်တာ ကျွန်တော်တော့ မစဉ်းစားတတ်ဘူး"

"ဒီလိုလေကွာ မောင်အောင်ပန်းရဲ့။ ဓာတ်ရှင်/ဘိုင်စကုတ်အဖွဲ့ဆိုတာ ရိုက်ကွင်းဆင်းကြပြီဆိုရင် အလုပ်သဘောအရ မင်းသား၊ မင်းသမီး၊ ဇာတ်ဆောင်၊ ဇာတ်ရံ၊ မီးထိုး၊ မှန်ထိုး၊ စက်သမား၊ ရှုတင်မန်နေဂျာ အစ ဇာတ်ညွှန်းဒါရိုက်တာအဆုံး လူတွေအများကြီး ရိုက်ကွင်းထဲ ရောက်တတ်ကြတယ်။ အဲဒီအထဲမှာ မင်းသမီး၊ မင်းသားတွေပဲ ဇာတ်လမ်းလေးတွေ ရှိသလား။ အခြားသရုပ်ဆောင်တွေကကော ရှင်းကြသလား။ ဒါမှမဟုတ် မီးထိုးမှန်ထိုးနဲ့ စက်အဖွဲ့တွေထဲကရော နှုတ်သရမ်းပြီး ရှန့်ရင်းကြမ်းတမ်းတဲ့ စကားတွေ ပြောမိသလား တစ်ခုခုတော့ မှားမိကြလိမ့်မယ်။ ဒါကြောင့် ကသိကအောက် ဖြစ်ကြတာပဲကွဲ့"

"ကိုကောင်းရဲ့ စကားဆုံးတော့ သူငယ်ချင်းအားလုံး ရယ်မောပခုံးဖက်ကာ နှုတ်ဆက်ထွက်ခွာသွားကြသည်။

ကျော်ကိုကို၊ နီနီ၊ သားစေးမိသက်တို့အဖွဲ့ ဓာတ်ပုံများ ပုံရိပ်မထင်ခြင်းမှာ ဘာကြောင့်ဆိုတာ သဘောပေါက်ကြမယ် ထင်ပါတယ်။

**ဝင်းသောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com



# ဖြူချထုပ်၊ ပိစပ်ပွင့်ဝါ နှင့် စပါးကြီးသည်းခြေ

မင်းဇော်ထွန်း(ဘူးသီးတောင်)

အံ့သြစရာ အတော်လေးကောင်းပါသည်။ ဆရာဦးမောင်အေးလုပ်ပြတာကိုကြည့်ပြီး ကိုနိုင်သည် အတော့်ကို အံ့အားသင့်သွားသည်။ မျက်လှည့်ပွဲတစ်ခုကို ကြည့်လိုက်ရသည်ထင်မိသည်။

ဦးမောင်အေးက သူ့ညာလက်နှင့် ခေါင်းပေါ်ကဆံပင်ကို ဆုပ်ကိုင်လိုက်ကာ လက်ထဲမှာ ဆံပင်တွေ အထွေးလိုက်ပါလာတာ ကိုနိုင့်ကိုပြနေပါသည်။ ကိုနိုင်က သိချင်စိတ်အားကြီးလာပြီး မေးလိုက်သည်။

"ဆရာ…ဒီဆံပင်တွေ အဖုတ်လိုက်ကျွတ်တာ ကြာပြီလား။ ဘာကြောင့် ဒီလိုဖြစ်တာလဲဟင်"

အရှေ့ဘက်ခြံက ပင်စင်စား၊ လက်ဝဲဝါဒီကျောင်းဆရာ ဦးမောင်အေးသည် ကိုနိုင်တို့နေသောခြံထဲသို့ ရောက်လာပြီး သူတို့ စကားဆက်ပြောနေသည်။

"ခြံထဲက သရက်ချဉ်ပင်ကြီးကိုင်းများတွေ ပိုးစားပြီး ကျိုးကျိုးကျနေလို့ လွှကားခေါ်ပြီး အရင်းကပါ ခုတ်လှဲလိုက်တာလေ။ နတ်ကတော်အကြော်သည် ဒေါ်မွှေးပြောတာကတော့ အဲဒီအပင်ရဲ့ ရုက္ခစိုးက ဒဏ်ခတ်တာလို့ ပြောတာပဲ။ နတ်ကနားပေးပြီး တောင်းပန်ရမယ်တဲ့ကွာ။ ဆရာကတော့ မတောင်းပန်နိုင်ဘူး။ ဆံပင်တွေအကုန်လုံး ခေါင်းတုံးရိတ်၊ ဇင်းကျိုက်ကရတဲ့ ဆေးနည်းကို သုံးမလို့။ အခု…ဦးဘထွန်းဆီမှာ ကျောက်ချဉ်ရှိတယ်ဆိုလို့ လာတောင်းတာလေ"

"အဲဒီဆေးနည်းကိုလည်း ပြောပြပါဦး ဆရာရယ်။ စိတ်ဝင်စားဖို့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာပဲ"

"ဆေးနည်းကတော့ ငါးချက်ရှိတယ်။ ပထမ အဝါပွင့်ပွင့်တဲ့ ပိစပ်ရွက်၊ ဒုတိယကွမ်းရွက်၊ အဲဒီနှစ်မျိုးကို သတ္တုရည်ရအောင်လုပ်၊ တတိယအချက်ကတော့ ရိတ်ပြီးစဦးခေါင်းကို ကျောက်ချဉ်နဲ့ပွတ်ပေး။ ပြီးတော့ စတုတ္ထအချက်ရှိသေးတယ်။ ပျားရည်စစ်စစ်အနည်းငယ်ကို ဦးခေါင်းကိုဆွတ်ပေးပြီးမှ ပဉ္စမအချက်ကတော့ ငှက်ပျောပင်ပျို့ကရတဲ့ ယတ်လတ်ဆတ်ဆတ် ငှက်ပျောစေးကို ဦးခေါင်းမှာ သုတ်လိမ်းရမယ်။ ငှက်ပျောစေးလိမ်းပြီးမှ စောစောကပြောတဲ့ သတ္တုရည်နှစ်မျိုးကို ရောစပ်ပြီး မကြာခဏ ဆယ်မိနစ်တစ်ကြိမ် ဆွတ်ပေးရမယ်တဲ့ ကွာ။ အဲဒီဆေးနည်းပေးသွားတဲ့ အဘိုးကြီးပြောတာတော့ အဲဒီလို တစ်ပတ်တစ်ကြိမ်လုပ်ဖြစ်ရင် နှစ်လအတွင်း ဆံပင်တွေပြန်ပေါက်လာမယ်။ အခုလို အဖြူမဟုတ်ဘူး။ ဆံပင်အနက်တွေ ပြန်ပေါက်လာမယ်တဲ့"

ဆရာဦးမောင်အေး စကားပြောနေတုန်း အိမ်ရှင်ဦးဘထွန်း အပေါ်ထပ်က ရောက်လာပါသည်။

"စိတ်ဝင်စားစရာတော့ တော်တော်လေးကောင်းလာပြီ၊ ကောင်းလာပြီနဲ့ MRTV-4 သော်မောင်မောင်က ဘောလုံးပွဲကို တိုက်ရိုက်အသံလွှင့်နေတာမှတ်လို့ ဆင်းလာတာ။ လက်စသတ်တော့ ကိုနိုင်တို့ စကားပြောနေတာကိုး"

ဦးဘထွန်းက အရွှန်းဖောက်ပြောလိုက်ပါသည်။ သူက ဆက်ပြောသည်။

"ဦးမောင်အေးရေ・・・ခင်ဗျားလိုချင်တဲ့ ကျောက်ချဉ်ထုပ် ညတုန်းကရှာတွေ့ပြီဗျို့။ ကျွန်တော် လာပို့မလို့ဆဲဆဲ ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ။ ဝမ်းသာစရာပြောရဦးမယ်။ ကျောက်ချဉ်ထုပ်ရှာရင်းနဲ့ လွန်ခဲ့တဲ့လေးနှစ်လောက်က ပျောက်သွားတဲ့ အဖိုးတန်ရှားပါးပစ္စည်း စပါးကြီးသည်းခြေ ပြန်တွေ့တယ်ဗျာ・・・။ ခင်ဗျားကိုတောင်ကျေးဇူးတင်နေပါသေးတယ်"

ဦးဘထွန်းသည် ယူလာသော ပရုပ်ဆီဘူးအရွယ်ဘူးလေးကို ဖွင့်ပြပြီး အားရဝမ်းသာ ပြောပါသည်။

"အဘ တော်တော်ဝမ်းသာနေပုံရတယ်နော်။ အဲဒါ စပါးကြီးသည်းခြေ အစစ်ရော ဟုတ်ရဲ့လား။ ကျွန်တော်တော့ အတုကို ညာရောင်းတာနဲ့ ကြုံခဲ့ဖူးတယ်"

"ဒီပဲယင်းမြို့နယ်မှာ အဘအမှုထမ်းတုန်းက သစ်ရာအိုင့်ရွာရောက်တုန်းက မီးသွေးဖုတ်တဲ့သူဆီက လက်ဆောင်ရခဲ့တာ။ ကြာပါပြီကွာ။ လွန်ခဲ့တဲ့နှစ် အိမ်ရှင်မ မဆုံးခင် နှစ်လလောက်က အိမ်က ကြောင်ပေါက်လေးသုံးကောင်ကို မိခင်ကြောင်မကြီးက ကြွက်ခုတ်သင်တဲ့အနေနဲ့ ပုတ်သင်တို့၊ ကင်းလိပ်ချောတို့ကို မသေမရှင်ဖမ်းဖမ်းလာပြီး ချချပေးတတ်တယ်။ တစ်နေ့တော့ နေဝင်ခါစ ညနေစောင်း အပြင်က အဘပြန်ရောက်တော့ ဇနီးခများ ငိုမဲ့မဲ့မျက်နှာလေးနဲ့ ပြောတယ်။ ကြောင်လေးတွေ တောက်တဲ့အာနီကိုက်လို့ အကြောဆွဲနေပြီ လုပ်ပါဦး သေတော့မယ်တဲ့။ အဲဒါနဲ့ အဘလည်း ဟောဒီ စပါးကြီးသည်းခြေကိုယူ၊ ကျောက်ပျဉ်မှာ ရေတစ်စက်၊ နှစ်စက်ချပြီး ကပျာကယာသွေး။ ကြောင်လေးနှစ်ကောင်က အကြောတွေတောင် ကုပ်နေပြီ။ ကိုယ်ငွေ့မရှိတော့ဘူး။ အထီးကောင်လေးပဲ ဆန့်ငင် ဆန့်ငင်နဲ့ အကြောဆွဲနေတာတွေ့ရတယ်။ သူ့ပါးစပ်ကို လက်နဲ့ဟပြီး သွေးထားတဲ့စပါးကြီး သည်းခြေကို လျှာပေါ်ပွတ်ပေးလိုက်တယ်။ ချက်ချင်းပဲ အကြောဆွဲတာတွေရပ်ပြီး မျက်လုံးပွင့်လာတယ်။ နောက်တစ်ခါထပ်ပြီး စပါးကြီးသည်းခြေပွတ် ပေးလိုက်တော့ ငုတ်တုတ်ကလေး ထထိုင်တော့တာပါပဲ။ ဒါဆိုရင်တော့ စပါးကြီးသည်းခြေစစ်တယ်မဟုတ်လား ကိုနိုင်"

"အဘရဲ့ ကိုယ်တွေ့ဖြစ်လို့ အစစ်ဆိုတာ ယုံပါပြီဗျာ။ ကျွန်တော့်ကိုယ်တွေ့က စပါးကြီးသည်းခြေတော့မဟုတ်ဘူး။ မြွေဆိုတဲ့အကောင်ရဲ့ အစာအိမ်၊ ရနိုင်သံစစ်စစ်နဲ့ ခေါ်ရရင်တော့ 'မြွေချထုပ်'ပေါ့ဗျာ"

"ဟာ・・・ကိုနိုင်ရ ပြောစမ်းပါဦး။ မြွေချထုပ်ဆိုတာ ဘာလဲ။ ဘယ်လိုကြုံခဲ့ရတာလဲ။ တောဆေးတောဝါးတွေလည်း တော်တော်အစွမ်းထက်တယ်လို့ ပြောကြတာပဲ"

"ပြောပြပါ့မယ် ဆရာရယ်။ ကျွန်တော် အသက်နှစ်ဆယ်လောက်က အဖေ့ဆွေမျိုးတွေရှိတဲ့ ရနိုင်ပြည်နယ် ဘူးသီးတောင်ကို အလည်ရောက်သွားတယ်။ ရောက်ပြီး နောက်တစ်နေ့ တောင်ခြေမှာ တောဝက်သွားပစ်တာ အစ်ကိုတွေကလည်းခေါ်တာနဲ့ ကျွန်တော် လိုက်သွားတယ်။ မော်တော်ကြုံရှိလို့ မိုးချုပ်ခါနီးမှ ဝါးခုတ်ချောင်းရွာ

www.burmeseclassic.com

ကလေးကိုရောက်တယ်။ ညစာကို ကြုံ့သလို ရခိုင်ဟင်းနဲ့ပဲ စားကြတယ်။ အာပူရှက်နဲ့ထောင်းထားတဲ့ ဖားကျည်ထောင်းဟင်းရယ်၊ သပြေသီးဟင်းရည်သောက်ရယ်၊ ဧရတ်ကြိုက် ဆီးဖြူသီးတို့စရာပဲ ရှိတယ်။ ဆာနေလို့လားမသိ အရမ်းစားလို့ ကောင်းတာပဲ။ အိပ်ရာဝင်ပြီး ညသန်းခေါင်လောက်ရောက်တော့ အရမ်းစားထားတာတွေ ပညာပြတော့တာပါပဲ"

"ဘာဖြစ်လို့လဲ၊ ဗိုက်နာတာလား။ ဧရတ်သီးအစားများသွားလို့လား"

"ဗိုက်နာတာ မဟုတ်ဘူး။ ခရီးသွားတဲ့ရက်က ဆက်နေတော့ ဝမ်းချုပ်နေတာမှ လေချုပ်တဲ့ သပြေသီးနဲ့ ဆီးဖြူသီးတို့ ပေါင်းမိသွားပြီး ဒုက္ခပေးတော့တာပါပဲ။ ဗိုက်ထဲက ထိုးထိုးလေအောင့်တာ ထိုင်လို့မရ၊ ထလို့မရ။ အိမ်သားတွေက နှိပ်ပေး၊ နင်းပေးကြတယ်။ အဲဒီလိုနှိပ်တာ ဗိုက်ကို နည်းနည်းမှ အထိမခံနိုင်တော့ဘူး။ ရွာမှာ အစာကြေဆေးလေနိုင်ဆေးဆိုတာ ဘာတစ်ခုမှ မရှိကြဘူး။ ဆယ်အိမ်တောင်မပြည့်တဲ့ ဇနပုဒ်ရွာငယ်လေးမှာ ကုရာနတ္ထိ ဆေးမရှိဖြစ်နေတာပေါ့ဗျာ။ ကျွန်တော်လည်း လူးလိမ့်နေအောင် ခံနေရတယ်။

ရွာသားတချို့ ရောက်လာပြီး ပုလင်းထဲရေနွေးထည့်၊ ရေနွေးပုလင်းကပ်တော့ နည်းနည်းသက်သာသလိုရှိတယ်။ အဲဒီမှာတင် အစွန်ဆုံးအိမ်က ခိုင်းနက် အဘွားကြီးတစ်ဦး ရောက်လာတယ်။ လက်ထဲမှာလည်း အကောင်လိုလို၊ အထုပ်လိုလို တစ်ခုကို ဆွဲယူလာတယ်။ အဲဒီကျတော့မှ အိမ်ရှင်ရော၊ ဝိုင်းပြီးပြုစုနေတဲ့ ရွာသားတွေရော အားတက်ပြီး ဝမ်းသာတဲ့အမူအရာတွေ ပေါ်လာတယ်။

အဲဒီအဘွားကြီးက ရေနည်းနည်းထည့်ပြီး ရေနွေးတစ်အိုး မြန်မြန်တည်ခိုင်းတယ်။ ရေနွေးဆူတော့ ဟင်းခွက်ကြီးကြီးတစ်ခုထဲ အဲဒီအထုပ်ကလေးကိုထည့်။ လက်ဖက်ရည်နှစ်ခွက်စာ ရေနွေးပူပူကို အပေါ်က လောင်းချတယ်။ ပြီးတော့ ခွက်ငယ်တစ်ခုနဲ့ ဖုံးထားပြန်တယ်။ ဆယ်မိနစ်လောက်ကြာတော့ ဟင်းခွက်ထဲက အထုပ်ကလေးကို ဆယ်ယူတယ်။ ခွက်ကြီးထဲရှိတဲ့ အရည်ညိုညစ်ညစ်တွေကို အိမ်ရှင်က တဖူးဖူး မှုတ်ပေးပြီး ကျွန်တော့်ကို သောက်ခိုင်းတယ်။

ပထမတော့ ကျွန်တော် သောက်လို့မရဘူး။ စိမ်းရွှေရွှေ ညှီစို့စို့ အနံ့ကြောင့် ဆေးအရည်ကို မျိုချလို့မရနိုင်ဘူး။ ကျွန်တော့်အစ်ကိုက စိတ်မကောင်းဖြစ်ပြီး ဆူပြောပြောပါတယ်။ ဒါမှမသောက်ရင် ဒုက္ခရောက်ဖို့ပဲ ရှိတော့တယ်။ ဒါကြောင့် ကျွန်တော်လည်း စိတ်ကိုတင်း ကြိတ်မှိတ်ပြီး ဆေးရည်ကို ကုန်အောင်သောက်ချလိုက်တယ်။ ခါးလိုက်တာလည်း မပြောပါနဲ့တော့။ ဆေးသောက်ပြီး နာရီဝက်လောက်ကျတော့ ဗိုက်ထဲမှာ လေတွေ တဖြုတ်ဖြုတ်နဲ့ ပြိုလာတယ်။ ပြီးတော့ ဝမ်းတစ်ခါသွားတယ်။ အဲဒီကစပြီး တဖြည်းဖြည်း သက်သာလာတယ်။ တော်တော်စွမ်းတဲ့ ဆေးဗျာ…အံ့ရော"

တစ်ချိန်လုံး စိတ်ဝင်တစားနားထောင်နေတဲ့ ဆရာဦးမောင်အေးက မေးခွန်းတစ်ခု မေးလိုက်ပါသည်။

"အဲဒါ ဘာဖြစ်လို့ ဒီလောက်စွမ်း… တာလဲ။ ဖြူချထုပ်မှာ ဘာတွေပါလာလို့… လဲ။ ကိုနိုင်သိရင် ပြောပြစမ်းပါ"

"ဒီလို ဆရာရေ့ ဖြူချထုပ်ဆိုတာ… ရှင်းရှင်းပြောရရင် ဖြူအကောင်ရဲ့ အ… ပောင်းအိမ်ပေါ့ဗျာ။ ဖြူကောင်ဆိုတာ… တောတောင်ကြီးထဲမှာ မြေတွင်းထဲမှာ… နေကြတယ်။ သူတို့က သစ်မြစ်၊ သစ်… သစ်ဖုနဲ့ သစ်သီးကိုပဲစားတယ်။ ဒါ… ကြောင့် အဲဒီဖြူချထုပ်လို့ခေါ်တဲ့ အစာ… အိမ်ထဲမှာ ဆေးဖက်ဝင်တဲ့ သစ်မြစ်… သစ်ဥတွေ စုနေတာပေါ့။ အဲဒီဖြူကောင်… ကို ထောင်ဖမ်းလို့ရတာနဲ့ သူတို့က ဖြူ… ချထုပ်ခေါ်တဲ့ အစာအိမ်ဖြူချိုး(ချေး)ထုပ်… ကို ပထမဆုံး ဓားနဲ့ဖြတ်ပြီး ဂရုတစိုက်… ထုတ်ယူကြတယ်။ မီးဖိုချောင်အထက်… နားက ဒါမှမဟုတ် ကျပ်ခိုးစင်မှာ သေ… သေချာချာခွဲပြီး အခြောက်ခံထားလေ့… တယ်လို့ အိမ်ရှင်က ပြောပြပါတယ်"

အိမ်ရှင်ဦးဘထွန်းက ကြားဖြတ်… ဝင်ပြောလိုက်ပါသည်။

"ဟုတ်တယ်…ဦးမောင်အေး… ဆရာဇီဝက ပြောစကားအရ ဆေးဖက်… မဝင်တဲ့အပင်ဆိုတာ မရှိဘူး။ နွယ်မြစ်… သစ်ပင် ဆေးဖက်ဝင်လို့ ဆိုရိုးရှိတယ်… လေ။ ဒါကြောင့် ဇင်းကျိုက်ကရတဲ့ဆေး… နည်းအတိုင်း ယုံယုံကြည်ကြည်ဆေး… လိမ်းရင် ခင်ဗျားရဲ့ခေါင်းမှာ ဆံပ… အနက်တွေ ပြန်ပေါက်လာမှာ သေချာ… ပါတယ်ဗျာ"

**မင်းဇော်ထွန်း(ဘူးသီးတော…)**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိဥာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

...န်းတစ္ဆေ

ကာလီဖိုးနီးယားမှာ သုံးရက်တိုင် ကျင်းပခဲ့တဲ့ ကျွန်မ ...ရဲ့ ကုန်သွယ်မှုအစည်းအဝေးကြီးဟာ ယနေ့နောက်ဆုံးနေ့ ...လို့ အတော်လေးနောက်ကျမှ အစည်းအဝေးက ပြီးဆုံး ...ပါတယ်။ အိမ်မှာ သမီးလေးနှစ်ယောက်က အမေကိုမျှော် ...တော့မှာသိလို့ ခါတိုင်းလို အဆာပြေသောက်နေကျ ကော်ဖီလေးတစ်ခွက်ကိုတောင် မသောက်နိုင်တော့ဘဲ အစည်းအဝေးကြီးပြီးပြီးချင်း ကျွန်မရဲ့ကားပေါ်ကို အပြေးအလွှား တက်လို့ ရုံးကြီးဆီက အမြန်ဆုံးထွက်ခဲ့ပါတယ်။



မင်းသားကြီး ဂျွန်ဝိန်း

ကျွန်မရဲ့ ကားကလေးဟာ အာရီဇိုးနား အဝေးပြေး လမ်းမကြီးပေါ်ရောက်တော့ ညအချိန်ဖြစ်နေလို့ ကားက လည်းရှင်း၊ လမ်းကလည်းကျယ်နေပြီမို့ ကျွန်မကားကို လွတ်လွတ်လပ်လပ် မောင်းလာနေရင်းက တွင်ဒ်ဆန်းနားလောက် အရောက်မှာ ရုတ်တရက် ကားစက်ထိုးရပ်သွားပါတော့တယ်။ ကျွန်မလည်း သတိရှိရှိနဲ့ ရှိတဲ့အရှိန်လေးနဲ့ ကားကို လမ်းဘေးဘက် ထိုးကွေ့ပြီးတော့ လမ်းမကြီးဘေးခပ်ကျကျ လေးမှာ ရပ်ထားလိုက်ရပါတယ်။ ကဲ…ခက်ချေပြီ။ ကျွန်မ အဖို့ အိမ်အပြန် အလျင်လို အနေးတွေ့ဆိုသလို ဖြစ်ရပြီပေါ့။ ကားကို ကိုယ်တိုင်မပြင်တတ်တော့…

ကားပြင်ဖို့ မိုဘိုင်းလ်ဖုန်းနဲ့ စက်ပြင်အဖွဲ့တစ်ဖွဲ့ကို ဆက်သွယ်လိုက်တော့ စက်ပြင်အဖွဲ့က ကျွန်မကားရှိတဲ့ နေရာကို နောက်တစ်နာရီလောက်ကြာမှ ရောက်လာနိုင်လိမ့်မယ်လို့ ပြောတယ်။ ကျွန်မလည်း သန်းခေါင်အပြင် ညဥ့်မနက်တော့ဘူးလို့ စိတ်ကိုဖြေရင်း ကားထဲမှာပဲ အေးအေးဆေးဆေး ထိုင်စောင့်နေမိပါတယ်။

မကြာခင် အချိန်ကလေးမှာ ကျွန်မရဲ့ ကားနံဘေးကို ကားတစ်စီးထိုးရပ်လာလို့ ကျွန်မ အားတက်သွားတယ်။ အားကိုးတကြီးနဲ့ လှမ်းကြည့်လိုက်မိတယ်။ အဲဒီကားပေါ်က ဆင်းလာကြတဲ့ လူသုံးယောက်ဟာ ရုပ်ရည်ကြမ်းတမ်းလှပြီး ဒင်းတို့ထဲက လူတစ်ယောက်ရဲ့မျက်နှာဟာ အမာရွတ်ကြီးတွေနဲ့။ ပြီးတော့ သူတို့လက်ထဲမှာလည်း ဓားနဲ့ _ သေနတ်



www.burmeseclassic.com

www.burmeseclassic.com

တစ်လက်ကို ကိုင်ထားကြတော့ ကျွန်မကို လုယက်ဖို့နဲ့ ခုက္ခပေးဖို့လာကြတဲ့ လူဆိုးတွေပဲဆိုတာ ကျွန်မသိလိုက်တယ်။ ကျွန်မ ဘာမှဆုံးဖြတ်လို့မရခင်ကလေးအတွင်းမှာ သူတို့ဟာ ကျွန်မရဲ့ ကားတံခါးနှစ်ဖက်မှာ ပိတ်ရပ်လိုက်ပြီး ကျွန်မကို ကားပေါ်ကဆင်းဖို့ အမိန့်ပေးနေကြလေရဲ့။

ကျွန်မဟာ ခင်းတို့ပြောတာ မကြားသလို ငှပြီးထိုင်နေလိုက်တယ်။ တဒင်္ဂအချိန်ကလေးအတွင်းမှာပဲ ဟို…အဝေးကားလမ်းမကြီးပေါ်က ကားမီးရောင်တစ်ခုကိုမြင်လိုက်တော့ အဲဒီကားကလူဟာ ကျွန်မတို့ အခုအဖြစ်အပျက်ကို တွေ့သွားစေချင်မိတယ်။ ကျွန်မရဲ့အခက်အခဲကို အဲဒီကားကလူ တွေ့သွားပြီး အကူအညီပေးစေချင်မိတယ်။ ဒါပေမယ့် သတိမပြုမိလျှင်တော့ ကျွန်မရဲ့ကားလေးကဲ့ သူမြင်ကွင်းထဲရောက်ဖို့ မလွယ်လှပါဘူး။ ဒီတော့ ဆုတောင်းရုံမှတစ်ပါး ဘာမှမတတ်နိုင်ဆိုသလို "ဘုရားသခင် တပည့်တော်မဆီကို အဲဒီကားလေးကိုလွှတ်ပြီး ကယ်တင်ပေးတော်မူပါအရှင်"လို့ ဆုတောင်းနေမိပါတော့တယ်။

ဟော…ဆုတောင်းပြည့်ပါပြီ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဟိုးအဝေးဆီက ခုနလေးတင် မီးရောင်မြင်ရတဲ့ ကားလေးဟာ လူဆိုးတွေရဲ့ ကားနံဘေးကို ထိုးဆိုက်လိုက်ပြီး ကားပေါ်က ကောင်းဘွိုင်ဦးထုပ်ဆောင်းထားတဲ့ အရပ်အမောင်း ဒေါင်ကောင်းကောင်း လူထွားကြီးတစ်ယောက် ဆင်းလာတယ်။ ပါးစပ်မှာလည်း စီးကရက်ခဲလို့။ သူဟာ ကားပေါ်ကဆင်းပြီးတော့ စကားတစ်ခွန်းမှ မပြောဘဲ လူဆိုးသုံးယောက်ကို အသေအချာ စိုက်ကြည့်လို့နေတယ်။ အဲဒီမှာပဲ လူဆိုးသုံးယောက်စလုံး မျက်စိမျက်နှာပျက်ကာ ဝရုန်းသုန်းကားနဲ့ ကားပေါ်တက်ပြီး အတင်းမောင်းထွက်ပြေးကြတော့တာပါပဲ။

ကျွန်မလည်း ကျွန်မရဲ့ ကယ်တင်ရှင်ကို သေသေချာချာကြည့်လိုက်မှ အရင်အတိုင်း ခံ့ခံ့ချောချောပဲ ရှိနေသေးတဲ့ (ကွယ်လွန်ခဲ့တာ ကြာပြီဖြစ်သည့်) မင်းသားကြီး ဂျွန်ဝိန်းဖြစ်နေမှန်း သိလိုက်ရပါတယ်။ ဂျွန်ဝိန်းဟာ ခဲထားတဲ့ စီးကရက်ကို ထုတ်လိုက်ပြီး ကျွန်မကို "ခင်ဗျား ဘာမှမဖြစ်ဘူးနော်"လို့ တစ်ခွန်းမေးပြီးတော့ ကျွန်မအတွက် စိတ်ချရလောက်ပြီထင်တဲ့အချိန်မှာ သူ့ကားပေါ်ကိုပြန်တက်ကာ မောင်းပြီးထွက်ခွာသွားပါတယ်။ ကျွန်မမျက်စိကို ကျွန်မ မယုံချင်နိုင်လောက်အောင်ပါပဲ။ ကယ်တင်ရှင်မင်းသားကြီးကိုလည်း ကျေးဇူးအထူးတင်မိတယ်။ ဘုရားသခင်ကိုလည်း ကျေးဇူးတင်မိတယ်။

သတိရလို့ ဖုန်းကိုထုတ်ပြီး မကြာခင်က ကျွန်မထံ လုယက်ဖို့လာတဲ့ လူဆိုးတွေအကြောင်း ရဲစခန်းကို အကြောင်းကြားတိုင်ချက်ဖွင့်တဲ့လိုက်တဲ့အခါ ကျွန်မ အံ့သြရတာက ရဲက အဲဒီလူဆိုးသုံးယောက်ကို ဖမ်းမိထားပါပြီတဲ့။ စောစောကပဲ ဖုန်းနဲ့အကြောင်းကြားချက်တစ်ခုရလို့ ကားနံပါတ်က အစ အတိအကျ သတင်းပေးချက်အရ အနီးဆုံး ကင်းလှည့်ရဲကားက လိုက်ဖမ်းမိခဲ့တာပါ"လို့ ပြန်ပြောတယ်။ ပိုပြီးအံ့သြရတာက ရဲက ဆက်ပြောရာမှာ "သူတို့ ဘာပြစ်မှုမှ မကျူးလွန်ရသေးခင် ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီးဂျွန်ဝိန်း တစ္ဆေလာခြောက်လို့ ကျွန်တော်တို့ထွက်ပြေးလာခဲ့ကြတာပါ" လို့ ထွက်ဆိုချက်ပေးကြတယ်တဲ့။ ကျွန်မလည်း မယုံနိုင်စရာ အံ့သြမှုရယ် ကုဋေကုဋာနဲ့အတူ ဖုန်းကိုပိတ်လိုက်ပြီး လတ်တလော စိတ်အေးသွားရပြီမို့ စက်ပြင်တဲ့ကားအလာကို စောင့်ရင်း မျက်စိမှိတ် အနားယူလိုက်ပါတယ်။ ကယ်တင်ရှင်ဖြစ်တဲ့ ကွယ်လွန်သူမင်းသားကြီး ဂျွန်ဝိန်းရဲ့ ဝိညာဉ်ကိုလည်း အထူးကျေးဇူးတင်မိတယ်။ ဒီမင်းသားကြီးဟာ ဒီဒေသမှာ ကွင်းပိုင်နယ်ပိုင်ကြီးများဖြစ်နေရှာသလားလို့ ထင်မိပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်မရဲ့ခေါင်းထဲကို အတွေးဒဿန တစ်ခုဝင်လာပါတယ်။ အဲဒါကတော့ "ကျွန်မတို့လူသားတွေရဲ့ ဘိုးဘေးဘီဘင် အစဉ်အဆက်ကစပြီး သရဲတစ္ဆေအပါအဝင် ဝိညာဉ်လောကဟာ ကြောက်စရာကောင်းတယ်လို့ တွေးထင် အသိအမှတ်ပြုခဲ့ပါသော်လည်း ဒီကနေ့ ကျွန်မရဲ့ကိုယ်တွေ့ဖြစ်ရပ်ကတော့ တစ္ဆေသရဲထက် သက်ရှိလူသားတွေက ပိုပြီး ကြောက်ဖို့ကောင်းနေတယ် ဆိုတာပါပဲရှင်"ဟူ၍ ဖြစ်လေသတည်း။

လှတိုး(စိတ်ပညာ)

(၂၁-၂-၉၅ နေ့ထုတ် The Sun ဂျာနယ်မှ ကောက်နုတ်တင်ပြပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ကိုလိုနီခေတ်
# သွေးစွန်းသောလုပ်ကြံမှု

လှမိုး(ပညာရေး)

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယုက်သန်းလာနေသော အချိန်ဖြစ်သည်။ ထိုစဉ်ကာလက ကျွန်တော်သည် ပဥ္စမတန်းကျောင်းသားတစ်ဦး ဖြစ်နေပြီဖြစ်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုနေပြီဖြစ်၏။ ကျွန်တော်၏ ဖခင်ဖြစ်သူမှာ ကျွန်တော့်ဇာတိမြို့တွင် အထက်တန်းကျောင်းအုပ်အဖြစ် အမှုထမ်းလျက်ရှိရာ တပည့်ပေါ်များသူဖြစ်သည်။ ကျွန်တော်တို့နေအိမ်သည် သူ့တပည့်များ ထာဝစဉ် ဝင်ထွက်သွားလာ နေလေ့ရှိသဖြင့် ကျွန်တော်တို့မြို့ပေါ်မှာ အတင်းအဖျင်းများ၊ မြန်မာနိုင်ငံရေးသတင်းများ၊ ကမ္ဘာ့နိုင်ငံရေးသတင်းများမှာ နေ့စဉ်ကြားနေရသည်။

မှတ်မှတ်ရရ ကျွန်တော့်ဖခင်၏ ငယ်တပည့်ဖြစ်သူ ကိုအုံးမောင်(ကွယ်လွန်)မှာ သတင်းစာကိုယ်စားလှယ်တစ်ဦးဖြစ်သည်သာမက ကျွန်တော်တို့မြို့၏ မြန်မာ့အလင်းသတင်းစာ သတင်းထောက်တစ်ဦးဖြစ်ရာ ထိုစဉ်ကာလက ကလောင်ထက်သူ လူငယ်တစ်ဦးဖြစ်ရကား မြို့ပေါ်မှ အရာရှိများ၊ ရဲအရာရှိများက သတိထား၍ စောင့်ကြည့်ခြင်းခံရသူဖြစ်၏။

ကျွန်တော်မှတ်မိသလောက် ထိုစဉ်က ထုတ်ဝေလျက်ရှိသော သူရိယသတင်းစာ၊ မြန်မာနေ့စဉ်သတင်းစာ၊ တိုးတက်ရေးသစာင်းစာ၊ ဒီးဒုတ်စဉ်သတင်းစာ အစရှိသော သတင်းစာများတွင် မြန်မာ့အလင်းသတင်းစာမှာ စောင်ရေအများဆုံးထုတ်ဝေရသည့် သတင်းစာကြီးဖြစ်ရာ မှတ်မိသလောက် စောင်ရေသုံးသောင်းကျော် ထုတ်ဝေရသည့် ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးတစ်စောင်ဖြစ်ရာ ကျွန်တော်သည် ထိုသတင်းစာကြီးကို နိုင်ငံခြားသတင်းစာမှအစ ယောဂီသွေးဆေး၊ ကျားဘမ်းပရုပ်ဆီ ကြော်ငြာအထိ နေ့စဉ် စွဲစွဲလမ်းလမ်း ဖတ်ရှုနေသည့် ကျောင်းသားငယ်ဖြစ်သည်။ ထိုစဉ်က မြန်မာ့အလင်းသတင်းစာကြီးတွင် နာဇီဂျာမနီနိုင်ငံတွင် ကျင်းပနေသည့် ကမ္ဘာ့အိုလံပစ်ပွဲတော်သတင်း၊ စပိန်နိုင်ငံတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်အကြောင်း ဆောင်းပါးများ မြန်မာနိုင်ငံအတွင်းမှ သခင်များနှင့် ကျောင်းသားများ၏ ဗြိတိသျှဆန့်ကျင်ရေး လှုပ်ရှားမှုများသတင်းကိုမှ ဖန်တစ်ရာတေအောင် ဖတ်ရှုမိခဲ့သည်။

ထိုစဉ်က ဂျပန်ဖက်ဆစ်တို့၏ စစ်ကြေညာခြင်းမရှိဘဲ တရုတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်သတင်း၊ တရုတ်ခေါင်းဆောင် ချန်ကေရှိတ်အစိုးရ နန်ကင်းမှ တောတောင်ထူထပ်ရာ ချုံကင်သို့ ပြောင်းရွှေ့သည့်သတင်း၊ ဂျပန်ဘုရင့်လေတပ်မတော်မှ လေယာဉ်ပျံများက ချုံကင်မြို့ လူစည်ကားရာ ရပ်ကွက်အား ဗုံးကြဲတိုက်ခိုက်သဖြင့် အပြစ်မဲ့ပြည်သူရာထောင်ချီ၍ သေဆုံးရသည့် သတင်းနှင့် သတင်းဓာတ်ပုံများမှ မြင်ကွင်းများမှာ ယနေ့ထိ မှတ်မိနေခဲ့သည်။

မြန်မာ့အလင်း သတင်းစာကြီးသည် စာဖတ်သူများစိတ်ဝင်စားမည့် သတင်းများကို ကာရန်နဘောတပ်ထားသော ခေါင်းစဉ်အား ခြောက်လိုင်းစာလုံးမည်းကြီးများဖြင့် သတင်းစာကြီး၏ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြလေ့ရှိပါသည်။ ၁၉၃၇ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်မည်ဟု ထင်ပါသည်။ နေ့ရက်ကိုမူ တိတိကျကျမမှတ်မိတော့။ မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးတွင် ခြောက်လိုင်းဖြင့် ကြမ္မာယွင်းယိုင် စောခေါင်တိုင်ဟူသော ခေါင်းစဉ်အောက်မှ ကျိုင်းတုံစော်ဘွားကြီး

www.burmeseclassic.com

အား အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမည်မသိ လူငယ်တစ်ယောက်က ခြောက်လုံးပြူးသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်သည့် သတင်းကို ဓာတ်ပုံအထောက်အထားများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်ကို ဖတ်ရှုမိရသည်။ သတင်းအပြည့်အစုံကိုမူ ကောင်းစွာမမှတ်မိတော့။ သို့သော် ထိုစဉ်ကာလက ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်မူ ယင်းလုပ်ကြံမှုကြီးသတင်းအား စိတ်ဝင်စားဖွယ် ခေါင်းစဉ်များဖြင့်ဖော်ပြခဲ့ကြပြီး အင်္ဂလန်နိုင်ငံမှထုတ်ဝေသော တိုင်း(မ်)သတင်းစာကြီးနှင့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အမာရစ်ဆာပဇားပက်ထရိကာ သတင်းစာကြီးများတွင်လည်း ကျိုင်းတုံစော်ဘွားကြီးသတ်မှုကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့ရာ ဟိုးဟိုးကျော်ခဲ့သော လုပ်ကြံမှုကြီးဖြစ်ခဲ့သည်။

အလျဉ်းသင့်သဖြင့် ကိုလိုနီခေတ် မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်တို့အကြောင်း အနည်းငယ် ဖော်ပြရမည် ဖြစ်ပါသည်။ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ ပြီးဆုံးပြီးသည့်နောက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့သည်။ ထိုအချိန်တွင် ရှမ်းပြည်နယ်များတွင် ပဒေသရာဇ်စော်ဘွားခံများ အုပ်စိုးနေကြ၏။ သူတို့သည် မြန်မာမင်းများလက်ထက်တော်အခါက မြန် မာဘုရင်ကို ပဏ္ဏာဆက်ရသည့် လက်အောက်ခံများ ဖြစ်သည်။ သို့သော် သူတို့ပြည်နယ်များတွင်ကား (ပဒေသရာဇ်မင်းငယ်)များဖြစ်ပြီး သက်ဦးဆံပိုင်စနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ မြန်မာမင်းတို့ အစဉ်အလာအတိုင်း ဟော်နန်း(နန်းတော်) ရာဇပလ္လင် စသည့် အဆောင်အယောင်များကို လက်ခံကျင့်သုံးကြသည့် မဟာဒေဝီဟူသော မိဖုရားခေါင်ကြီးများ အပြင် ဒေဝီငယ်များ နှစ်ဦး၊ သုံးဦးသာ စံမြန်းကြ၏။

မြန်မာမင်းတို့ထံ သမီးတော်များ ဆက်သကြလေ့ရှိသည်။ မြန်မာဘုရင်တို့က သမီးငယ်အား နန်းတော်တွင် မိဖုရားငယ်အဖြစ် ထားကြသည်။ အကယ်၍ ထိုသမီးငယ်၏ ဖခင်ဖြစ်သူ စော်ဘွားစော်ခံတို့ ပုန်ကန်ခြားနားသည်ဆိုပါက မြန်မာမင်း၏ နန်းတော်ရှိ သမီးငယ်မှာ ဓားစာခံဖြစ်ရလေ့ရှိ၏။

အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးနောက် ရှမ်းပြည်နယ် စော်ဘွားစော်ခံများကို သိမ်းသွင်းရန် ရန်ကုန်မြို့ စိန့်ဂျွန်းအမျိုးသား အထက်တန်းကျောင်း (ယခု လမ်းမတော် အထက-၁) မှ အထက်တန်းပြဆရာ မစ္စတာ စကော့(နောင်အခါ ဆာဂျော့စကော့)အား ဗြိတိသျှအစိုးရ ကိုယ်စားလှယ်အဖြစ် တပ်များနှင့် စေလွှတ်ခဲ့သည်။ မစ္စတာ စကော့သည် စော်ဘွားများ၊ စော်ခံများနှင့် ဆွေးနွေးကာ အင်္ဂလိပ်တို့၏သစ္စာကို ခံယူစေသည်။ စော်ဘွားစော်ခံများ၏ ပဒေသရာဇ်အခွင့်အရေးများကိုလည်း ယခင်အတိုင်း ဆက်လက်ခံစားခွင့်ပြုခဲ့၏။

ရှမ်းပြည်နယ်များသည် ဤနည်းဖြင့် နေမဝင်သော ဗြိတိသျှတို့၏ အင်ပါယာကြီးအတွင်း ပါဝင်လာခဲ့ရသည်။ ထိုစဉ်က လူဦးရေမှာ နှစ်သန်းခန့်သာရှိသည်။ ဗြိတိသျှအစိုးရသည် စော်ဘွားခံတို့၏ မျိုးရိုးအစဉ်အဆက်အလိုက် ရာထူးများ ဆက်ခံပိုင်ခွင့် စသည့်အခွင့်အရေးများကလည်း ပေးထားခဲ့သည်ဟု သိရ၏။ စော်ဘွားများအားလုံး၏ သဘောတူညီချက်အရ မြန်မာနိုင်ငံတွင် ဗြိတိသျှတို့ အုပ်ချုပ်နေသော အုပ်ချုပ်ရေးစနစ်ကို ရှမ်းပြည်နယ်တွင် ကျင့်သုံးခြင်းမပြုခဲ့ကြ။ ရှမ်းပြည်နယ်များတွင် မြန်မာပြည်မကဲ့သို့ အရေးပိုင်(ခရိုင်အုပ်ချုပ်ရေးမှူး) ခန့်ထားခြင်းမပြု။ တရားစီရင်ပိုင်ခွင့်နှင့် အခွန်တော်ကောက်ခံခွင့်ကို စော်ဘွားများလက်တွင် ပေးအပ်ထားသည်။ သို့သော် ပြည်နယ်တစ်နယ်နှင့်တစ်နယ် အချင်းချင်း မတိုက်ခိုက်အောင် ဗြိတိသျှတို့က စောင့်ရှောက်ပေးခဲ့၏။

ရှမ်းပြည်နယ်သည် တရုတ်နိုင်ငံ၊ ပြင်သစ်ပိုင်၊ လာအိုနိုင်ငံနှင့် ယိုးဒယား(ထိုင်း)နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်လျက်ရှိရာ အခြားနိုင်ငံများမှ ကျူးကျော်ဝင်ရောက်ခြင်း မရှိအောင်လည်း ဗြိတိသျှတို့က စောင့်ရှောက်ထားသည်။ မီးရထားလမ်းဖောက်ခွင့်၊ လမ်းဖောက်ခွင့်များကိုလည်း ဗြိတိသျှတို့က ချုပ်ကိုင်ထားပြီး ပြည်နယ်အချို့တွင် ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများကို စော်ဘွားများ၏ အကြံပေးအဖြစ်လည်း ခန့်အပ်ပေးထားပြီး ၁၉၂၂ ခုနှစ်ကစ၍ ပြည်နယ်များ စုပေါင်းကာ ပြည်ထောင်စုကလေးအဖြစ် အုပ်ချုပ်သောအသွင်ကို ပြောင်းခဲ့ပြီး ထိုကောင်စီကို ပြည်နယ်ကောင်စီဟု ခေါ်ဝေါ်ပြီး တိုင်းမင်းကြီးအဆင့် (တိုင်းအုပ်ချုပ်ရေးအရာရှိ) ဗြိတိသျှအရာ



www.burmeseclassic.com

www.burmeseclassic.com

ရှိ တစ်ဦးက ပြည်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ယခင်က ပြည်နယ်စော်ဘွားအချင်းချင်း ရန်စောင်တိုက်ခိုက်မှုများရှိခဲ့သော်လည်း ဤကောင်စီဖွဲ့စည်းခဲ့သည်မှစ၍ အတော်အသင့် ညီညွတ်မှုရလာခဲ့သည်။ မြန်မာနိုင်ငံပြည်မနှင့် ဆက်ဆံရေးကိုလည်း သတိထား ဆောင်ရွက်ပေးခဲ့ရာ ရှမ်းပြည်နယ်မှာ ဒုတိယကမ္ဘာ စစ်ကြိုကာလတွင် တိုးတက်ကောင်းမွန်လာသည်။ လူဦးရေလည်း တိုးတက်လာခဲ့၏။ စိုက်ပျိုးရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးလာခဲ့ရာ ပြည်မနှင့် ကုန်စည်ပို့ဆောင်ရေး တိုးတက်လာခဲ့ပြီး ဘော်တွင်းဒေသတွင်လည်း ပိုင်များ ဖွင့်လှစ်နိုင်ခဲ့ကြ၏။

အထက်တွင် ဖော်ပြသော ကျိုင်းတုံပြည်နယ်သည် ရှမ်းပြည်နယ်များတွင် အကျယ်ဝန်းဆုံးနှင့် လူဦးရေများသော ပြည်နယ်တစ်နယ်ဖြစ်သည် သာမက တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ယိုးဒယား(ထိုင်း)နိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိရာ စိတ်ဝင်စားဖွယ်ရာကောင်းသော ပြည်နယ်ဖြစ်ခဲ့သည်။ ထိုပြည်နယ်အပါအဝင် ရှမ်းပြည်နယ်ဒေသအချို့တွင် ဘိန်းစိုက်ပျိုးသူ အတော်အသင့် ရှိနေပြီဖြစ်သည်။ ရှမ်းပြည်နယ်အား ဗြိတိသျှတို့သည် အထက်ဖော်ပြပါ အုပ်ချုပ်ရေးစနစ်နှင့် ဩဇာခံပြည်နယ်အဖြစ် သိမ်းသွင်းယူလိုက်ပြီးနောက် တစ်မူထူးခြားသော ဘိန်းပြဿနာပါလာသည်။ စော်ဘွားအချို့တို့သည် မိမိတို့လက်အောက်ခံ နယ်သူနယ်သားများထံမှ အခွန်တော်အဖြစ် ဘိန်းများရရှိခဲ့ကြရာ ထိုရရှိသော ဘိန်းများကို မြန်မာပြည်မနှင့် ယိုးဒယား (ထိုင်း)နိုင်ငံအတွင်း မှောင်ခိုတင်သွင်းခဲ့ကြသည်။ ဤကဲ့သို့ မှောင်ခိုတင်သွင်းခြင်းဖြင့် အမြတ်အစွန်း စိုစိုပိုပိုရရှိခဲ့ကြသည်။ ဤဘိန်းပြဿနာသည် ဆောင်းပါးအစတစ်နေရာတွင် ဖော်ပြခဲ့သော သွေးစွန်းသော လုပ်ကြံမှုကြီးတစ်မှု ဖြစ်စေခဲ့ရခြင်းပင် ဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။

ကျိုင်းတုံစော်ဘွားကြီး စဝ်ခွန်ကျောက် အင်တာလဲ(န်)သည် မိုင်းဆင်နယ်မှ ပဒေသရာဇ်သမီးတော် စဝ်ဥမ္မာနှင့် ထိမ်းမြားလက်ထပ်ရာမှ သားတော် စဝ်ဖုန်လူကို ဖွားမြင်ခဲ့၏။ ကျိုင်းတုံစော်ဘွားကြီး စဝ်ခွန်ကျောက် အာတာလဲ(န်)သည် သာမန်အရပ်သူ ဒေါ်နန်းဖောင်အား လက်ထပ်ခဲ့ပြန်ရာ သားတော် စဝ်ကောင်တိုင်ကို ဖွားမြင်သည်။ စော်ဘွားကြီးသည် အရပ်သူ ဒေါ်နန်းဖောင်မှမွေးသော သားတော် စဝ်ကောင်တိုင်ကို မြတ်နိုးတော်မူသည်ဟု ဆိုသည်။ စဝ်ကောင်တိုင်မှာ စဝ်ဥမ္မာမှမွေး သော သားတော်စောဖုန်လူနှင့်မတူ။ ရိုးသား၍ လူတော်လူကောင်းတစ်ယောက် ဖြစ်သဖြင့် စော်ဘွားကြီးက မြတ်နိုးတော်မူခြင်းလည်း ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့ပြီး နိုင်ငံပေါင်းချုပ်အသင်းကြီး ပေါ်ပေါက်လာခဲ့သည်နှင့် လူသားမျိုးနွယ်တို့အား အညွန့်တုံးစေသော ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းမှောင်ခိုကူးခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ နိုင်ငံတကာက ကန့်ကွက်လာခဲ့ရကာ ဗြိတိသျှအစိုးရအဖို့ ၁၉၂၃ ခုနှစ်တွင် ရှမ်း ပြည်နယ်ဆိုင်ရာ ဘိန်းဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။ ထိုဥပဒေအရ ဘိန်းစိုက်ပျိုးသူများကို မှတ်ပုံတင်စေပြီး ဘိန်းစိုက်ပျိုးသူ တောင်သူတို့ ထုတ်လုပ်သမျှ ဘိန်းများကို အစိုးရက သိမ်းချုပ်ဝယ်ယူခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုကိုမူ တဖြည်းဖြည်း လျှော့စေခဲ့သော်လည်း ထိုဥပဒေကို တိတိကျကျ လိုက်နာခြင်းမပြုခဲ့ကြ။ ဘိန်းမှောင်ခိုစိုက်ပျိုးမှုနှင့် ဘိန်းမှောင်ခိုရောင်းဝယ်မှုမှာ ရှိဆဲဖြစ်ရကား ဗြိတိသျှအစိုးရမှာ ဘိန်းပိတ်ပင်ရေးကို လက်လျှော့ထားခဲ့ကြသည်။

ကျိုင်းတုံစော်ဘွားကြီး၏ သားတော်တစ်ဦးဖြစ်သော စောဖုန်လူမှာ ဘိန်းကုန်ကူးသူတစ်ယောက် ဖြစ်လာသည်ဟု သတင်းများထွက်လာသည်။ စဝ်ဖုန်လူမှာ ရန်ကုန်သို့စေလွှတ်၍ သာသနာပြုကျောင်းတစ်ကျောင်းတွင် ပညာဆည်းပူးစေသည်။ ဒေါ်နန်းဖောင်မှဖွားမြင်သော သားတော် စဝ်ကောင်တိုင်သည် စဝ်ဖုန်းလူထက် ရက်ကြီးသဖြင့် သားတော်ကြီးဖြစ်သည်ဆိုကာ အိမ်ရှေ့စံ ကျမိုင်းအဖြစ် ခန့်အပ်စေခဲ့သည်။ မဟာမျိုးမဟာနွယ် စဝ်ဖုန်လူကိုမူ ဒုတိယစော်ဘွားအဖြစ်သာ ထားသည်။ ကျိုင်းတုံစော်ဘွားကြီး ကွယ်လွန်သွားသောအခါ စဝ်ကောင်တိုင်မှ ကျိုင်းတုံစော်ဘွားကြီး ဖြစ်လာသည်။

ဗြိတိသျှအစိုးရ၏ ဘိန်းဥပဒေအရ ဘိန်းမှောင်ခိုကူးသူ စဝ်ဖုန်လူမှ ကျိုင်းတုံမှ ပြည်နှင်ဒဏ်ပေးခဲ့ရာ စော်ဘွားအရိုက်အရာ မရခဲ့သည်သာမက အမြတ်အစွန်း အများဆုံးရသည့် ဘိန်းကုန်ကူးမှုကိုလည်း လက်လွှတ်ခဲ့ရသော စဝ်ဖုန်လူ



www.burmeseclassic.com

www.burmeseclassic.com

သည့် ကျိုင်းတုံစော်ဘွား စဝ်ခွန်တိုင်အား နည်းလမ်းအမျိုးမျိုးနှင့် စော်ဘွားအရာမှ ဖယ်ရှားရန် ကြိုးစားခဲ့တော့၏။ လောကီပညာရှင်များ အကူအညီနှင့် အင်းချခြင်း၊ ဆေးဝါးမန္တရားများ စီရင်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့သော်လည်း မအောင်မြင်သောအခါ အခြားနည်းလမ်းရှာခဲ့သည်။

စဝ်ဖုန်လူသည် သူ၏နမတော်မှမွေးသော သားတော် စဝ်သီဟအား ရန်ကုန်တွင် ကြေးစားလူသတ်သမား ငှားရမ်းစေခဲ့သည်။ ထိုအခါ စဝ်သီဟမှ ရန်ကုန်တက္ကသိုလ် ဉပစာ အထက်တန်း (ယခု ဒုတိယနှစ်)တွင် ပညာသင်ယူနေဆဲဖြစ်၏။ ရန်ကုန်တွင်နေထိုင်ကြသော ကြေးစားလူသတ်သမားများမှာ ရန်ကုန်မှ ဝေးလံခေါင်းဖျားသော နေရာများသို့ သွားရောက်၍ အလုပ်မလုပ်လို။ သို့ဖြစ်၍ စဝ်ဖုန်လူသည် ဤလုပ်ကြံမှုကြီးဖြစ်မြောက်စေရန် စဝ်သီဟကိုပင် ဆောင်ရွက်စေခဲ့သည်ဟု သိရသည်။

၁၉၃၇၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျိုင်းတုံ ဟော်နန်းအတွင်း ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းအတိုင်း သီတင်းကျွတ်ဝါကျွတ်ပွဲတော်ကြီးကို ခမ်းခမ်းနားနား ကျင်းပခဲ့ကြသည်။ အကပဒေသာတစ်ခုကိုလည်း စည်စည်ကားကား ကျင်းပ၍ ဟော်နန်းကြီးတစ်ခုလုံးအားလည်း မီးများထိန်လင်းအောင် ထွန်းညှိထား၏။ စော်ဘွားကြီးအား ပြည်သူတို့က ချစ်ခင်လေးစားကြသည်။ ဟော်နန်းကြီးတွင် ဖိတ်ကြားထားသော ဧည့်သည်များအား ည ၈း၃၀ နာရီ တိတိတွင် ညစာစားပွဲဖြင့် ဧည့်ခံမည်ဖြစ်သည်။ ကပွဲကလည်း စတင်ကျင်းပနေသည်။ ၈ နာရီ ၁၅ မိနစ်အချိန်တွင် စော်ဘွားကြီး စဝ်ကောင်တိုင်သည် နမတော်များနှင့်အတူ ဟော်နန်းမှ ထမင်းစားပွဲကျင်းပသည့်နေရာသို့ ထွက်ခွာလာကြသည်။ ဂီတအဖွဲ့သားများကလည်း သီဆိုတီးမှုတ်လျက်ရှိပြီး ဧည့်သည်များ၊ အမှုထမ်းများကလည်း စော်ဘွားကြီး စဝ်ကောင်တိုင်အား ဂါရဝပြုနေကြသည်။

ဤသို့အတွင်း လူအုပ်အတွင်းမှ တစ်ကိုယ်လုံး ဝတ်စုံနက်ကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် ပြေးထွက်လာခဲ့သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ထိုလူငယ်သည် အသင့်ယူလာသော ပစ္စတိုနစ်လက်ဖြင့် စော်ဘွားကြီး စဝ်ကောင်တိုင်အား ဆင့်ကာဆင့်ကာ ပစ်သတ်ခဲ့ရာ စော်ဘွားကြီးမှ လဲကျသွားခဲ့၏။ လူသတ်သမားသည် လဲကျသွားသော စော်ဘွားကြီးစဝ်ကောင်တိုင်နှင့် နမတော်များကြားမှပင် ထွက်ပြေးလွတ်မြောက်သွားခဲ့တော့သည်။ စော်ဘွားကြီးမှာမူ နေရာတွင်ပင် အသက်ပျောက်ခဲ့ရသည်။ ရုတ်တရက် လူသတ်သမားမည်သူမည်ဝါဆိုသည်ကို မသိကြရ။ ကျိုင်းတုံပြည်နယ်သာမက ရှမ်းပြည်နယ်တစ်နယ်လုံး အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရ၏။

လူသတ်သမား စဝ်သီဟသည် ရက်အနည်းငယ်အတွင်း သက်ဆိုင်ရာတွင် အဖမ်းခံပြီး သူစော်ဘွားကြီး စဝ်ခေါင်တိုင်ကို သတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးခဲ့ပြီး ထိုစဉ်က ပြည်နယ်အစိုးရသည် ဗြိတိသျှအကြံပေးအရာရှိများ အကြံပြုသည့်အတိုင်း စဝ်သီဟအား တောင်ကြီးရုံး ရာဇဝတ်ခုံရုံးတွင် စစ်ဆေးခဲ့သည်။ တရားရုံးတွင် စဝ်သီဟကမူ သူ့အား စောဖုန်လူက အတင်းသတ်ခိုင်း၍ သတ်ရပါသည်ဟု ထွက်ဆိုခဲ့သည်။

တရားသူကြီးမှာ ရှမ်းပြည်နယ်မြောက်ပိုင်း ဗြိတိသျှအကြံပေးအရာရှိ (အရေးပိုင်) မစ္စတာရှောဆိုသူဖြစ်သည်။ အမှုကိုစစ်ဆေးပြီးနောက် စီရင်ချက်ချသောအခါ စဝ်သီဟတွင် အပြစ်ရှိသည်၊ သူသည် အသက်ငယ်ရွယ်သော ကျောင်းသားလူငယ်တစ်ဦးဖြစ်သည်ကို ထောက်ထားငဲ့ညှာ၍ ထောင်ဒဏ်တစ်သက်ပေးခဲ့ပြီး နောက်ကွယ်မှ စီရင်ညွှန်ကြားခဲ့သူ စောဖုန်လူကိုမူ သက်သေအထောက်အထားမခိုင်လုံသဖြင့် တရားသေလွှတ်လိုက်သည်ဟု သိရှိရပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) Lords of The Sun-Set By in Collis

(၂) ဗြိတိသျှအစိုးရ မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com


# မင်းသိင်္ခ

# ဘဝမှာသချ်

## ၂

ယခင်လမှအဆက်

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# ဘာသာသင်္ချိုင်း (၃)

မင်းသိခ်

(ယ ခင် လ မှ အ ဆက်)

ဆိတ်ကလေး ဘေဘာ ဖြစ်ပြေနိုင်ပြီ

ကျွန်ုပ်သည် ဖခင်ဖြစ်သူ မြင်းကြီးနှင့် စကားမပြောဖြစ်သည်မှာ ကြာပြီဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်သည် လမ်းဘေးတစ်လျှောက် ပေါက်ရောက်နေသော မြက်များကို ဝါးစားနေရင်း ကျွန်ုပ်၏အနီးသို့ ကျွန်ုပ်၏ဖခင် မြင်းကြီး ရောက်လာလေ၏။

ထို့နောက် သူသည် 'ဟီး'လေတော့၏။ ၎င်း 'ဟီး'သည်ကို ကျွန်ုပ် ကောင်းစွာသဘောပေါက်ပါ၏။

"ငါ့သား နုထွေးမြင်းကလေး၊ မင်းဟာ အတော်လိမ္မာပါးနပ်တဲ့ အကောင်ပဲ၊ မင်းအတွက် အိမ်မှာထားတဲ့ မြက်တွေကို မစားဘဲ လမ်းက မြက်တွေကို လာစားနေတယ်ပေါ့။ တော်တော်ကြာနေ အိမ်ရှင် အဘိုးကြီးက မင်းကိုပြန်ခေါ်ပြီး ခြံထဲသွင်းထားမယ်၊ အဲဒီအခါမှာလည်း မင်းက မင်းအတွက်ထားတဲ့ မြက်တွေကို ထပ်ပြီး စားဦးမယ် ဆိုပါတော့။ မင်းရဲ့ တတ်သိနားလည်မှုဟာ မင်းကို အစာဝဝ စားရအောင် ဖြစ်နေပြီပေါ့"

ကျွန်ုပ်သည် ကျွန်ုပ်၏ ဖခင်မြင်းအိုကြီးကို မော့၍ကြည့်လိုက်၏။ ထို့နောက် 'ဟီး'သော ဘာသာစကားဖြင့်…

"ဒီမှာ အဘိုးကြီး၊ ခင်ဗျားပြောတဲ့စကားမှာ လိမ္မာပါးနပ်ခြင်းနဲ့ တတ်သိနားလည်ခြင်းဟာ အတူတူပဲလို့ ယူဆနေပုံရတယ်။ ဒါကြောင့် ခင်ဗျားဟာ ဘာမှ လောကအကြောင်း မသိဘူးလို့ ပြောရမှာပဲ။ လိမ္မာပါးနပ်ခြင်းဟာ တော်ခြင်းနဲ့ ဆိုင်တယ်။ တတ်သိနားလည်ခြင်းဟာ ကောင်းခြင်းနဲ့ ဆိုင်တယ်။ ဥပမာ ပြောမယ်ဗျာ၊ ဒီအိမ်ရှင် အဘိုးကြီးရဲ့ သားလေးဟာ လိမ္မာပါးနပ်တဲ့ ကောင်လေးပဲ။ သူဟာ ကျောင်းမှာ ဆုတွေ ခဏခဏရတယ်။ စာမေးပွဲတွေ အောင်တယ်။ ဒါကြောင့်မို့လို့ ဒီကောင်လေးကို လူတော်ကလေးလို့ ပြောရမှာပဲ။ ဒါပေမဲ့ ကျီးကန်းတွေကို လေးခွနဲ့ပစ်တယ်။ သူ့အိမ်ရှေ့က သွားတဲ့လူတွေကို ချော်လဲအောင် ငှက်ပျောသီးခွံတွေ ပစ်ထားတယ်။ သူ့အမေရဲ့ ပိုက်ဆံကို ခိုးယူပြီး ဂျင်တစ်လုံး ဝယ်တယ်။ ဒီအပြုအမူတွေကို ကြည့်ရင် ဒီကောင်လေးဟာ လူကောင်းကလေး မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ဟိုဘက်အိမ်က ကောင်ကလေးကတော့ ကျောင်းမှာ ဆုတွေဘာတွေ မရပါဘူး။ မှန်တန်းပါပဲ။ ဒါပေမဲ့ ဒီကောင်လေးဟာ သူ့မိသားစုဘဝကို နားလည်ရှာတယ်။ သူဘယ်လို ပါဝင်ကူညီရမယ်ဆိုတာ တတ်သိတယ်။ ဒါကြောင့် ကျောင်းမသွားခင်မှာ သူ့အဖေရဲ့ လုပ်ငန်းတွေကို ကူညီတယ်။ သူ့အမေ လုပ်ရမယ့် အလုပ်တွေကို ကူညီတယ်။ လမ်းက လူတွေကိုလည်း ချော်လဲအောင် အနှောင့်

www.burmeseclassic.com

အယုက် မပေးဘူး။ ကျီးကန်းတွေကိုလည်း လေးခွနဲ့ မပစ်ဘူး။ သူ့အမေရဲ့ ပိုက်ဆံကိုလည်း မခိုးဘူး။ ဒါတွေဟာ လူတစ်ယောက်အနေနဲ့ လုပ်ရမယ့် အလုပ်မဟုတ်ဘူးလို့ တတ်သိနားလည်တယ်။ သူတို့နှစ်ယောက်ဟာ အပုံကြီးခြားနားတယ်။ ဒါ့ကြောင့် တတ်သိနားလည်ခြင်းဟာ ကောင်းခြင်းနဲ့ဆိုင်တယ်။ လိမ္မာပါးနပ်ခြင်းဟာ တော်ခြင်းနဲ့ဆိုင်တယ်။ အဲဒါကို ခင်ဗျားက ကွဲကွဲပြားပြား နားမလည်ရှာဘူး။ ဒီနှစ်ခုကို အတူတူပဲလို့ ခင်ဗျားက ထင်နေတယ်။ ခင်ဗျားဟာ သိပ်ပြီးသနားဖို့ကောင်းတဲ့ မြင်းအိုကြီးပဲ။ ခင်ဗျား အသက်ရှင်နေတာဟာ မြက်ကုန်မြေလေး ဖြစ်တော့တာပဲ”

ထိုအခါ ကျွန်ုပ်၏ ဖခင်မြင်းအိုကြီးသည် ကျွန်ုပ်ကိုကြည့်ကာ စိတ်ပျက်စွာ ဟီလိုက်လေ၏။ ၎င်း၏ဟီသံကို ကျွန်ုပ် ကောင်းစွာနားလည်ပါ၏။ ၎င်း၏ဟီသံသည် အောက်ပါအတိုင်း ဖြစ်ဖွယ်ရာရှိ၏။

“မြင်းကလေး၊ မင်းကို ငါသိပ်ပြီးကြောက်လာပြီ”

ကျွန်ုပ်သည် မြက်စားရင်း ဖခင်အိုကြီးကို မော့ကြည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် ပြန်၍ဟီလိုက်လေ၏။ ကျွန်ုပ်၏ ဟီခြင်း၌ အောက်ပါ အ ပ်များ ပါဝင်နေ၏။

ဒီမှာ အတွေးခေါ်ယိုယွင်း ဖခင်မြင်း၊ ခင်ဗျားက ကျုပ်ကို သိပ်ပြီး ကြောက်လာပြီလို့ ပြောနေတယ်။ ကြောက်ခြင်းနဲ့ ပတ်သက်လို့ကော ခင်ဗျားက သေသေချာချာ စဉ်းစားထားသလား။ စဉ်းစားထားမယ့် အဘိုးကြီးမျိုးလည်း မဟုတ်ပါဘူး။ ကျုပ်က ပြောပြရမှာပါ။ ဒီမှာ အဘိုးကြီး၊ ကြောက်ရွံ့ခြင်းဟာ သူ့ဖာသာသူ မရပ်တည်နိုင်ဘူးဗျ၊ ဂစ်စုံတစ်ခုကို မှီခိုပြီးမှ ရပ်တည်လို့ရတယ်။ ဒီအတိုင်း အလကားသက်သက် ကြောက်နေလို့ မရဘူး။ ခင်ဗျားက မော်တော်ကားကို ကြောက်တယ်။ ခင်ဗျားရဲ့ ကြောက်ရွံ့ခြင်းဟာ မော်တော်ကားကို မှီခိုခြင်းမှရတယ်။ ကျွန်တော့်အမေ မြင်းမကြီးက ပုရွက်ဆိတ်ကို ကြောက်တယ်။ သူ့ရဲ့ ကြောက်ရွံ့ခြင်းဟာလည်း ပုရွက်ဆိတ်အပေါ်မှာ မှီခိုနေတယ်။ ကျုပ်က အိမ်ရှင်အဘိုးကြီးကို ကြောက်တယ်။ ကျုပ်ရဲ့ ကြောက်ရွံ့ခြင်းဟာလည်း အိမ်ရှင်အဘိုးကြီးပေါ်မှာ မှီခိုနေတယ်။ အဲဒီတော့ ကြောက်ရွံ့ခြင်းကို နောက်တစ်ဆင့် ထပ်ပြီးစဉ်းစားမယ်ဆိုရင် အလိုမရှိတာတွေကို ကြောက်ရွံ့တာပဲ။ ခင်ဗျားဟာ မော်တော်ကားကို ကြောက်တယ်ဆိုတာ ရပ်ထားတဲ့ မော်တော်ကားကို ကြောက်တာမဟုတ်ဘူး။ မောင်းနေတဲ့ ကားကိုကြောက်တာ။ မောင်းနေတဲ့ကားက ခင်ဗျားကို တိုက်မိရင် ခင်ဗျားသေသွားလိမ့်မယ်လို့ ခင်ဗျားထင်နေတယ်။ အဲဒီလို ကားတိုက်ပြီး သေသွားမှာကို ခင်ဗျား အလိုမရှိဘူး။ အဲဒီအလိုမရှိတဲ့အရာ ခင်ဗျားဆီကို ရောက်လာမှာကို ခင်ဗျား စိုးရိမ်နေတယ်။ အဲဒါဟာ ကြောက်တာပဲ။ အမေလည်း ဒီအတိုင်းပဲ၊ ပုရွက်ဆိတ်ကို သိပ်ပြီးကြောက်တယ်။ ပုရွက်ဆိတ်တွေ သူ့ကိုယ်ပေါ် နေရာအနှံ့အပြားတက်ပြီးကိုက်မှာကို သူ့အနေနဲ့ အလိုမရှိဘူး။ အဲဒီအလိုမရှိတဲ့အရာ သူ့ဆီကိုရောက်လာမှာ သူသိပ်ပြီး ကြောက်တယ်။ ကျုပ်လည်း အိမ်ရှင်အဘိုးကြီးကို ကြောက်တယ်။ သေသေချာချာ စဉ်းစားကြည့်ရင် အိမ်ရှင်အဘိုးကြီး အိပ်နေတာကိုလည်း ကြောက်တာမဟုတ်ဘူး။ အိမ်ရှင်အဘိုးကြီး ထမင်းစားနေတာကိုလည်း ကြောက်တာမဟုတ်ဘူး။ အိမ်ရှင်အဘိုးကြီး သတင်းစာဖတ်နေတာကို လည်း ကြောက်တာ မဟုတ်ဘူး။ အဲဒီအဘိုးကြီး အားအားယားယားရှိလို့ ခြံထဲကို ဆင်းလာပြီး ကျုပ်ကို ခိုင်းမှာ ကြောက်တယ်။ အဲဒီတော့ ကျုပ်ရဲ့ ကြောက်ရွံ့ခြင်းကို သေသေချာချာ စေ့ငှလိုက်ရင် အဘိုးကြီးကို ကြောက်တာ မဟုတ်ဘူး။ ခိုင်းစေခြင်းကို ကြောက်တယ်။ ခိုင်းစေခြင်း ကျုပ်ဆီ လာမှာကို ကျုပ် အလိုမကျဘူး။ အလိုမကျတဲ့စိတ်ဟာ ဒေါသစိတ်ပဲ။ ခင်ဗျားကား ကြောက်တာလည်း အလိုမကျတဲ့စိတ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

အမေ ပုရွက်ဆိတ် ကြောက်တာ လည်း အလိုမကျစိတ်ပဲ။ အလိုမကျတဲ့စိတ်ဟာ ဒေါသစိတ်ပဲ။ အဲဒီတော့ ခင်ဗျားက ကျုပ်ကို သိပ်ပြီး ကြောက်တယ်လို့ ပြောတဲ့စကားဟာ သိပ်ပြီး ဒေါသထွက်နေတယ်လို့ ပြောတဲ့စကားနဲ့ အတူတူပဲလို့ ယူဆရမှာပဲ။ အသိဉာဏ်ချွတ်ယွင်း ဖခင်မြင်း"

ကျွန်ုပ်၏ ဖခင်မြင်းအိုကြီးသည် ကျွန်ုပ်အား တစ်စုံတစ်ရာ 'ဟီ' မပြုတော့ဘဲ လမ်းဖက်သို့ ကူးသွားတော့၏။

ထို့နောက် ဖခင်မြင်းအိုကြီးသည် အခြားသော လမ်းတစ်ဖက်မှနေ၍ ကျွန်ုပ်အား လှမ်းမျှော်၍ ကြည့်လိုက်လေ၏။ ပြီးလျှင် လှမ်း၍ဟီပြုလိုက်၏။

၎င်း၏ ဟီသံ၌ အောက်ပါ အဓိပ္ပာယ်များ ပါနေ၏။

"မင်းလို ကောင်စားမျိုးလေးရဲ့ အခင် ဖြစ်ရတာတော့ ငါ့အတွက် ကံဆိုးတာပဲ။ အဖေကိုလည်း အဖေမှန်းမသိ။ မင်းကိုယ်မင်း တကယ့်ကို မြင်းတတ်ကြီးလုပ်ပြီး ပြောနေတော့တာပဲ။ သန္ဓေဆိုးတယ်ဆိုတာ မင်းလို ကောင်စားမျိုးကို ပြောတာ၊ ငါတော့ မင်းရဲ့ အခင်ဖြစ်ရတာ တစ်နေ့တခြား ရှက်လာပြီ"

ကျွန်ုပ်သည် ကျွန်ုပ်၏ ဖခင်မြင်းကြီးကို လှမ်း၍ကြည့်လိုက်၏။ ထို့နောက် လှမ်း၍ဟီပြုလိုက်၏။ ထိုဟီခြင်း၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်တန်ရာ၏။

"ဒီမှာ ဘူဒါးကြီး၊ ခင်ဗျားစကားထဲမှာ ရှက်တယ်ဆိုတဲ့စကားပါတယ်။ ဒါပေမဲ့ ရှက်ခြင်းဟာ နည်းနည်းပါးပါးဆိုရင် ကောင်းတယ်ဗျ၊ အသိဉာဏ်ရှိမှ ရှက်လို့ရတာ၊ ပြီးတော့ သွက်လက်တဲ့ အာရုံရှိမှလည်း ရှက်လို့ရတာ၊ ရှက်ရကောင်းမှန်း မသိတဲ့သူတွေကို ကြည့်စမ်း၊ အဲဒီလူတွေဟာ များသောအားဖြင့် ခပ်ထုံထုံ၊ ခပ်ထူထူလူတွေများတယ်။ နည်းနည်းလေး ရှက်စရာတွေ့တာနဲ့ မျက်နှာမှာ ပန်းသီးရောင်ဖြစ်သွားတဲ့ လူကိုကြည့်၊ ပါးပါးနပ်နပ်ရှိတဲ့ လူတွေပဲ ဖြစ်တတ်တယ်။ ဒါပေမဲ့ အလွန်အကျွံ ရှက်ခြင်းကိုတော့ မကောင်းဘူးလို့ ဆိုရမှာပဲ။ အလွန်အကျွံ ရှက်ခြင်းဟာ မိမိကိုယ်ကို ဗဟိုပြုလွန်းတဲ့ လူတွေမှာ တွေ့ရတတ်တယ်။ အဲဒီလို ဗဟိုပြုတဲ့ လူတွေရဲ့ စိတ်မှာ အစဉ်သဖြင့် ငါငါဆိုတဲ့ အစွဲတွေ ကြီးမားနေတတ်လေ့ရှိတယ်။ ငါတော်တယ်၊ ငါတတ်တယ် ငါနားလည်တယ်၊ ငါဝတ်တာ အချိုးကျတယ်၊ ငါလုပ်တာ အဆင်ပြေတယ်လို့ ငါဆိုတဲ့အရာကို ဗဟိုပြုထားတဲ့ လူတွေဟာ နည်းနည်းပါးပါး အံချော်သွားတာနဲ့ အရမ်းကြီးကို ရှက်တော့တာပဲ။ အဲဒါ ဘာကြောင့်လဲဆိုတော့ သူသိပ်ပြီး အမှတ်ပေးထားတဲ့ ငါဆိုတဲ့ အရာကြီး ပြိုကျသွားပြီလို့ ခံယူထားတဲ့ စိတ်က သူ့ကို မတရား ရှက်စေတာပဲ၊ ဒီအိမ်ရှင်ကြီးရဲ့သမီးဆိုရင် မျက်နှာမှာ ပေါင်ဒါရိုက်ထားတာလေး နည်းနည်းလေး မညီတာကို အရမ်းရှက်တတ်တယ်။ ဘာကြောင့်လဲဆိုတော့ ငါ့မျက်နှာမှာ ငါပေါင်ဒါရိုက်တာ အမြဲတမ်းညီရမယ်။ ဖြစ်နိုင်ရင် သူများတွေထက် ညီရမယ်ဆိုတဲ့ ငါကို ဗဟိုပြုတဲ့ စိတ်ဓာတ်ဟာ ပေါင်ဒါလေး နည်းနည်းမညီတာနဲ့ ရဲတိုက်ကြီး ပြိုသလို ပြိုကျသွားတာကိုး၊ အဲဒီမှာ မတရားကြီး ရှက်တော့တာပဲ။ ဒီအိမ်ရှင် အဘိုးကြီးလည်း သူ့အိမ်ကို ဧည့်သည်တွေလာတုန်း အိမ်ဖော်မိန်းကလေးက ပန်းကန်ပုံမှန်း မသိဘဲ ထည့်ပြီး ယူလာမိတဲ့အခါမှာ တအားကြီးရှက်သွားတယ်၊ သူ့ခေါင်းကို မြေပေါက်သုံးကောင် ပေါက်ရင်တောင် ဒီထက်ပိုပြီး အထိတ်တလန့် ဖြစ်စရာမရှိအောင်ကို အထိတ်တလန့်ဖြစ်ပြီး ပန်းကန်အပဲ့ကြီး၊ ပန်းကန်အပဲ့ကြီးလို့ ထပြီးအော်တယ်။ အဲဒါဟာ ဘာမှမဟုတ်တူး။ ငါ့အိမ်မှာ ပန်းကန်ကောင်းတွေ သုံးနေတယ်ဆိုတဲ့ ငါကို ဗဟိုပြုတဲ့စိတ်ဟာ အထွတ်အထိပ်ကို ရောက်နေတဲ့အတွက် အခုလောက် အလန့်တကြား ဖြစ်သွားတာ။ အဲဒါကြောင့် အလွန်အကျွံရှက်ခြင်းဟာ ကောင်းတဲ့

www.burmeseclassic.com

စိတ် မဟုတ်ဘူး ဘုဒါးကြီး၊ ခင်ဗျားဟာ ရှက်တော့ရှက်ရမယ်၊ ဒါပေမဲ့ နည်းနည်းပါးပါးပဲ ရှက်သင့်တယ်။ အများကြီး ရှက်တယ်ဆိုရင်တော့ မကောင်းဘူးပေါ့ဗျာ"

ကျွန်ုပ်၏ ဖခင်မြင်းကြီးသည် ကျွန်ုပ်၏ စကားဆုံးသည်နှင့်(သို့မဟုတ်) ကျွန်ုပ်၏ ဟီခြင်းဆုံးသည်နှင့် သူ၏ ဦးခေါင်းကို တစ်ဖက်သို့ လှည့်ပစ်လိုက်၏။ အမှန်စင်စစ် သူသည် ကျွန်ုပ်နှင့် ဆက်လက်စကား မပြောလိုတော့ (သို့မဟုတ်) မဟီချင်တော့ပေ။ ကျွန်ုပ်သည် လှမ်း၍ ဟီပြလိုက်၏။

သို့သော် မြင်းအိုကြီးသည် ကျွန်ုပ်ဘက်သို့ မလှည့်တော့ပါ။ အကြိမ်ကြိမ် ဟီပြ၏။

လုံးဝ မလှည့်တော့ပါ။

ထို့ကြောင့် ကျွန်ုပ်သည် ကားလမ်းတစ်ဖက်သို့ ကူးသွားပြီးလျှင် ကိုယ်လုံးချင်းတိုက်၍ လှည့်ခိုင်းမည်ဟု စိတ်ကူးလိုက်၏။ ထိုသို့ လှည့်ခိုင်းပြီးလျှင် ကျွန်ုပ်၏ ဖခင်မြင်းကြီးအား ကျွန်ုပ်ပြောလိုသော အကြောင်းအရာများကို တစ်ခုပြီး တစ်ခုပြောမည်။

ကျွန်ုပ်၏ ဖခင်ကြီး မတွေးနိုင်သည်ကို ကျွန်ုပ်က အတင်းတွေးခိုင်းမည်။

ကျွန်ုပ်၏ ဖခင်မြင်းကြီး မပြောတတ်သည်ကို အတင်းပြော၍ ခိုင်းမည်။ နောက်ဆုံး၌ ဖခင်မြင်းကြီးသည် ပြန်လည် ပြောရပေမည်။ ထိုသို့ ပြောသောအခါ၌လည်း ချွတ်ချော်မှု လွဲမှားမှုတွေကို ကျွန်ုပ်သည် တစ်ကွက်ချင်း ထောက်ပြ၍ လှောင်ပြောင်သရော်မည်ဟုတွေးကာ လမ်းတစ်ဖက်သို့ အပြေးကလေး ကူးသွားလိုက်၏။

ထိုအချိန်၌ ကျွန်ုပ်တို့၏ လမ်းအတွင်းမှ အဝေးပြေးကုန်တင်ကားမောင်းသော 'မောင်အောင်'ဆိုသည့် ခေါင်းတုံးနှင့် ကုလားဗိုက်ပူသည် ကားကို စက်ကုန်ဖွင့်၍ မောင်းလာသည်ဖြစ်ရာ ကျွန်ုပ်ကို မြင်သော်လည်း ဘရိတ်ကို အချိန်မီ မနင်းနိုင်တော့ပါ။

ထိုကုလားဗိုက်ပူ မောင်အောင်ဆိုသူသည် ကားမောင်း လွန်စွာကြမ်းသူဖြစ်၏။ ကားမောင်းသောအခါ၌ အစဉ်သဖြင့် လီဗာကို နင်းထားတတ်၏။ မျက်နှာချင်းဆိုင်မှ ကားလာလျှင်ပင် အရှိန်ကို မလျှော့၊ နင်းမြဲ နင်းထားတတ်၏။

တစ်မိုင်ခရီးတွင် ငါးကြိမ်ထက်မနည်း အခြားသောကားများက ဆဲသွားတတ်၏။ ထိုဆဲသံများသည် ကုလားမောင်အောင်အဖို့ သုတိသြဘာနှင့် ပြည့်စုံသော နားဝင်ပီယံအသံများဖြစ်၏။ ယခုလည်း အရှိန်ကို မလျှော့ဘဲ မောင်းလာ၏။

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်လာသော်လည်း ဘရိတ်အုပ်၍ မရတော့ပေ။ ကျွန်ုပ်မှာလည်း မည်သို့မျှ မရှောင်နိုင်တော့။ ကျွန်ုပ်ကို သူ ကောင်းစွာသိ၏။ သူ၏ ပါးစပ်မှ အော်ဟစ်လိုက်၏။ ထိုအသံမှာ 'ကျောက်ဖြူ' ဟူ၍ ဖြစ်၏။

သူ၏အသံနှင့်အတူ သူ၏ ကားခေါင်းသည် ကျွန်ုပ်၏ ခန္ဓာကိုယ်ညာဖက်ခြမ်းကို ပြင်းထန်စွာ တိုက်လိုက်ပြီးဖြစ်၏။ ကျွန်ုပ်သည် ယိုင်၍ လဲသွား၏။ ကျွန်ုပ်၏ခေါင်းသည် သူ၏ကားအောက်သို့ ရောက်သွား၏။ သူ၏ နောက်ဘီးသည် ကျွန်ုပ်၏ ခေါင်းကို ကြိတ်ချလိုက်ပြီ ဖြစ်၏။ ကျွန်ုပ်သည် လေထဲတွင် ပစ်မြှောက်ခြင်း ခံလိုက်ရဘိသကဲ့သို့ ခံစားလိုက်ရ၏။ ကျွန်ုပ်၏ရင်သည် တလှပ်လှပ်ဖြစ်နေ၏။ ကျွန်ုပ်သည် တွင်းနက်ကြီးအတွင်းသို့ ကျလိုက်ဘိသကဲ့သို့ ခံစားရသည်ဟု ဆိုရာ၌ အမှန်စင်စစ် ဤသို့ မဟုတ်ပါ။ လွန်စွာရှည်လျားသော ဥမင်လိုဏ်ခေါင်းကြီးအတွင်းသို့ ဖြတ်သန်းဝင်ရောက်နေသည်နှင့်သာတူ၏။ ဥမင်လိုဏ်ခေါင်းအတွင်း လေပေါ်၌ မျော၍လိုက်ပါလာနေရသည်နှင့်တူ၏။ ဥမင်လိုဏ်ခေါင်းမှာ လွန်စွာရှည်လျား၏။ မည်သည့်နေရာတွင် ဥမင်လိုဏ်ခေါင်း ဆုံးမည်ကို ကျွန်ုပ် အတတ်မပြောနိုင်ပါ။ ကျွန်ုပ်သည် မျောမြဲတိုင်း မျောနေ၏။ ကျွန်ုပ် ပျော်ကြဲ့ရ

www.burmeseclassic.com

ဖူးသော ကြောက်မက်ဖွယ်ရာများ အနက် ဤကြောက်မက်ဖွယ်ရာသည် အဆိုးရွားဆုံးဖြစ်၏။ အချိန်ကို ခန့်မှန်း ပြောဆိုနိုင်ခြင်း မရှိပါ။ လူတို့ နှစ်ကုဋေ ကုဋာခန့် ကြာပြီဟုပင် ထင်ရ၏။

ထို့နောက်တွင်မှ အလင်းရောင် တစ်ခုသည် ကျွန်ုပ် မျောနေသည့် နေရာသို့ ဖြာ၍ကျလာ၏။ သို့မဟုတ် သာယာနာပျော်ဖွယ်ကောင်းသော အသံတစ်သံသည် ရောက်လာလေ၏။ ကျွန်ုပ်သည် ထိုအရာကို အလင်း ရောင်ဖြစ်သည် သို့မဟုတ် အသံဖြစ် သည်ဟူ၍ ခွဲခြားပြီး ပြောဆိုနိုင်ခြင်း မရှိပါ။ သို့ရာတွင် ထိုအရာကို ကျွန်ုပ် နှစ်သက်၏။

ထိုအရာကို ကျွန်ုပ်လေးစား၏။ ထိုအရာကို ကျွန်ုပ် ကြည်ညို၏။ ထိုအလင်းရောင် သို့မဟုတ် ထိုအသံ သည် ကျွန်ုပ်အား စကားပြော၏။ စကားပြောသည်ဆိုရာ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဖခင် ပြောသကဲ့သို့ ဟီခြင်း မဟုတ်ပါ။ စကားပြောခြင်းသာ ဖြစ်၏။ ထိုအရာသည် ကျွန်ုပ်အား မည် သည့်ဘာသာစကားဖြင့် ပြောသည်ဟု ကျွန်ုပ်အနေဖြင့် အတတ်မပြောနိုင်ပါ။ သို့ရာတွင် ထိုအရာပြောသမျှကို ကျွန်ုပ် ကောင်းစွာနားလည်၏။

ထို့အပြင် ထိုအရာ၏ စကားသံ သည် ကျွန်ုပ်နား၌ မပြတ်ကြားချင်နေ၏။ ထိုအသံကို ကျွန်ုပ်နှစ်သက်၏။ ထိုအသံသည် ကျွန်ုပ်အား အပြစ် တင်နေခြင်းလည်း မဟုတ်ပါ။ ချီးကျူး ထောပနာပြုနေခြင်းလည်း မဟုတ်ပါ။

ကျွန်ုပ်ပြုခဲ့သမျှကို အမှန်အတိုင်း ပြန်ပြီးပြောပြနေခြင်းသာဖြစ်၏။ ကျွန်ုပ် သည် မိခင်၏ နို့ကိုစို့ရင်း မိခင်၏ နို့ကို ကိုက်ခဲ့ပုံ၊ နို့ရှိပြီးသောအခါ မိခင် ကို ခေါင်းဖြင့် နာကျင်အောင် ဝှေ့ခဲ့ပုံ ဖခင် မြင်းကြီးအား မချေမငံပြောခဲ့ပုံ၊ ဖခင် မြင်းကြီး စိတ်ညစ်စေသော အပြု အမူများ ပြုလုပ်ခဲ့ပုံ၊ ဖခင် မြင်းကြီး မဖြေနိုင်သော မေးခွန်းများ မေးခဲ့ပုံတို့ ကို ပြန်ပြောင်းပြောပြနေ၏။ ထိုအလင်း ရောင် (သို့မဟုတ်) ထိုအသံ (သို့ မဟုတ်) ထိုအရာသည် ကျွန်ုပ်ပြုလုပ် သမျှကို မှတ်မိနေ၏။ ကျွန်ုပ်ထက်ပင် မှတ်မိနေ၏။

ထို့နောက် ထိုအသံက…

"အို..မြင်းကလေး၊ သင်သည် မြင်းဘဝတစ်လျှောက်လုံး ဤသို့လျှင် မကောင်းသော အမှုတို့ကို ပြုခဲ့လေ ၏။ ဤသို့ ပြုခဲ့မိခြင်းကို ကျွန်ုပ် ကရုဏာသက်မိလေ၏။ ဘာကြောင့် များ သင်မြင်းကလေးဟာ ဤမကောင်း မှုတွေကို ပြုခဲ့ပါလိမ့်။ ဤမကောင်းမှု အကျိုးရလာဒ်အတွက် မြင်းဇာတ် သိမ်း၍ ဆိတ်တစ်ကောင် ဖြစ်ရလေ တော့မည်။

"သင်ကား ဆိတ်တစ်ကောင် ဖြစ်ရပေတော့၏"

ကျွန်ုပ်သည် ထိုအသံကို ကြား ပြီးနောက် လွန်စွာပျော်နေ၏။ မြင်း ဘဝတွင် မနေ၊ စုတေ၍ ဆိတ်ဘဝ သို့ သွားရမည်ကို ကျွန်ုပ်သည် အပျော် ကြီး ပျော်နေ၏။ မင်းစေအလုပ်ပြုတ်၍ မင်းကြီးရာထူးကို ရမည့်သူပင် ကျွန်ုပ် ထက် ပျော်လိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်ကား အပျော်ကြီး ပျော်နေ၏။ ထိုသို့ပျော်နေစဉ်၌ပင် အရာအားလုံး သည် ကျွန်ုပ်၏ မြင်ကွင်း၌ ပျောက် သွား၏။ ထို့အပြင် ကျွန်ုပ်သည် အရာ အားလုံးနှင့် အဆက်ပြတ်သွား၏။

ကျွန်ုပ်၏ ဘဝဖြစ်စဉ်သည် ထိုနေရာ၌ ရပ်တန့်သွား၏။ မည်မျှ ကြာကြာရပ်တန့်သွားသည် မသိပါ။ ကျွန်ုပ် သတိရသောအခါ အသက် (၄၀)အရွယ်ခန့် မိန်းမတစ်ဦးသည် ကျွန်ုပ်အား ပွေ့ဖက်ထားသည်ကို တွေ့ရ၏။ ထို့နောက် ထိုမိန်းမက သူ၏လင်ယောကျ်ားအား…

"ဟဲ့…ကာစင်၊ နင်ပြောသလို ဘေတီလေး မဟုတ်ဘူး၊ ဘေတာ လေး၊ ဒီကောင်လေး မွေးလာတာ တို့ အိမ်မှာတော့ ဘရကပ်တွေနဲ့ ပြည့်စုံ မှာပဲ"

ဟူ၍ ပြောလိုက်၏။

ကျွန်ုပ်သည် လွန်စွာအံ့ဩနေ ၏။ ထိုမိန်းမသည် အဘယ်ကြောင့် ပွေ့ထားနိုင်သနည်း။ ကျွန်ုပ်ကဲ့သို့ မြင်းတစ်ကောင်အား ပွေ့ထားနိုင်သော



www.burmeseclassic.com

www.burmeseclassic.com

မိန်းမသည် မည်မျှခွန်အားဗလသန်သော မိန်းမဖြစ်သနည်း။ သူသည် ဟာကျူလီလောက်ပင် အားသန်နေသလောဟု တွေးတောနေမိ၏။ ထို့နောက် ထိုမိန်းမက ကျွန်ုပ်၏ မျက်နှာကို ငုံ့ကြည့်ပြီးလျှင် ဘေတာဟု ခေါ်လိုက်၏။ ကျွန်ုပ် စိတ်ဆိုးသွား၏။

"ဘယ်ကလာ ဘေတာရမှာလဲဗျာ၊ ကျုပ်နာမည် ကျောက်ဖြူပါ၊ ခင်ဗျားတို့ကလည်း မြင်းတစ်ကောင်တည်း နာမည်နှစ်မျိုး သုံးမလို့လား၊ နာမည်ဆိုတာ မလွယ်ဘူးဗျ၊ အဲဒီတော့ ကျောက်ဖြူကို ကျောက်ဖြူလို့ပဲ ခေါ်ပါဗျာ၊ ဘေတာတွေ ပြောင်းပြီး မခေါ်ပါနဲ့"

ဟု ပြန်၍ ပြောလိုက်၏။ (သို့မဟုတ်)ပြန်၍ ဟီလိုက်၏။

သို့သော် ကျွန်ုပ်၏ ဟီသံသည် မြင်းဟီသံနှင့် မတူဘဲ 'ပဲ ပဲ ပဲ' ဟုသာ မြည်နေ၏။

အဘယ်ကြောင့် ဤသို့ဖြစ်နေသည်ကို ကျွန်ုပ် မတွေးတတ်အောင် ရှိနေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုမိန်းမကြီးလက်မှ အတင်းရုန်း၏။ မိန်းမကြီးသည် ကျွန်ုပ်အား လွတ်ကျသွားမည်စိုး၍ အတင်းဖက်ထား၏။ ကျွန်ုပ် ဤသို့ရုန်းသည်ကိုလည်း ထိုမိန်းမကြီးသည် သဘောကျလာ၏။

ထို့နောက် ၎င်း၏ ယောက်ျား ကာစင်အား…

"ကာစင်ရေ··ဘေတာလေးက ငါ့လက်ထဲက ရုန်းနေတယ်"

ဟု လှမ်း၍ ပြောလိုက်သဖြင့် ကျွန်ုပ်သည် အူကြောင်ကြောင် ဖြစ်၍ နေ၏။

ကျွန်ုပ်၏ စိတ်၌လည်း…

"ငါ့နာမည် ကျောက်ဖြူပါ၊ ဘယ်လိုကနေ ဘယ်လို ဘေတာ ဖြစ်သွားပြန်တာလဲ၊ ဒီလူတွေက ဘယ်သူလဲ၊ ငါ့အိမ်ရှင် အဘိုးကြီးလည်း မဟုတ်ပါလား၊ ဟိုလူ့နာမည်က ကာစင်တဲ့၊ အသားကလည်း မည်းလိုက်တာ လွန်ပါရော၊ မီးသွေးနဲ့ ပြိုင်ရင်တောင် မီးသွေးခဲက သူ့ကို အလေးပြုသွားရဖို့ ရှိတယ်။ ငါ့ကို ချီထားတဲ့ မိန်းမကလည်း မျက်ခုံးမျက်လုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ မဟုတ်မှလွဲရော ကုလားကပြားတွေနဲ့ တူပါတယ်။ ဒါနဲ့ နေစမ်းပါဦး၊ ငါ့အဖေ မြင်းကြီးနဲ့ ငါ့အမေ မြင်းမကြီးအောင်ကျော်မ ဘယ်ရောက်သွားကြပြီလဲ။ ဘာပဲဖြစ်ဖြစ် ဒီလိုမြုံစိစိ လုပ်နေလို့ မဖြစ်ဘူး။ 'တဲ့တိုးပွင့်လင်း ဆက်ဆံရေး'နဲ့ တည့်တည့်မေးလိုက်တာပဲကောင်းတယ်။ အဲဒီတော့ ဒီမိန်းမကြီးကို ငါက အဒေါ်ကြီးလို့ ခေါ်လို့က မကောင်းဘူး။ သူသဘောကျအောင် ကုလားလိုခေါ်မှ ဖြစ်မယ်။

"ဒီမှာ ခါလာ··အဲ··ဟုတ်ပြီ ဟုတ်ပြီ၊ ခါလာဆိုတာ ကုလားလို အဒေါ်ကို ခေါ်တာ၊ ကျုပ်က ဘယ်လိုကနေဘယ်လို ခင်ဗျားအိမ်ကို ရောက်လာတာလဲ၊ ကျုပ်ကို လှည်းဆွဲခိုင်းဖို့လား"

ဟု ဟီသောဘာသာစကားဖြင့် မေးလိုက်၏။ သို့သော် ကျွန်ုပ် ဟီသံသည် ဟီသံမဖြစ်ဘဲ 'ပဲ··ပဲ··ပဲ··' ဟူသော အသံသာဖြစ်နေ၏။

ထို့ကြောင့် 'ငါ့အသံကလည်း မြင်းသံ မဟုတ်ဘဲ ဘာသံပေါက်နေသလဲ မသိဘူး။ ဂီတစကားနဲ့ ပြောရရင် 'ကီးကြောင်'နေသလိုပဲ'ဟု တွေးနေစဉ်၌ပင် ကျွန်ုပ်နှင့် မလှမ်းမကမ်းရှိ တိုင်တွင်ချည်ထားသော ဆိတ်မကြီးက 'ပဲ ပဲ ပဲ ပဲ'ဟူသော အသံကို ကျွန်ုပ်ကြားလိုက်ရလေ၏။

ကြားလိုက်ရုံမက ထိုပဲသံကို ကျွန်ုပ် လုံးစေ့ပတ်စေ့ နားလည်လိုက်၏။ ၎င်း၏ ပဲသံမှာ 'ဟဲ့ သားလေး နို့လာစို့လေ'ဟူ၍ ဖြစ်၏။

ကျွန်ုပ်သည် ခါလာအလစ်၌ ခါလာ၏ လက်တွင်းမှ ခုန်ဆင်းလိုက်၏။ ခြေထောက် မခိုင်သေးသဖြင့် ဒယီးဒယိုင် ဖြစ်သွား၏။ ထိုအခါ ခါလာက…

"ဘေတာလေးက သိပ်ဆိုးတာပဲ၊ ခြေထောက်ကျိုးသွားဦးမယ်"

ဟု လှမ်း၍ပြော၏။ သို့ရာတွင် ကျွန်ုပ်သည် တိုင်၌ ချည်ထားသော ဆိတ်မကြီးထံသို့ ပြေးသွားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်မကြီး၏ ဖောင်းကားသော နို့မှ နို့များကို အငမ်းမရ တပြွတ်ပြွတ် စို့နေတော့၏။ ဆိတ်မကြီးသည် သဘောကျ၍ 'ပဲ ဟဲ ဟဲ'ဟု အော်နေ၏။

ကျွန်ုပ် ကောင်းစွာသဘောပေါက်သွားလေ၏။ ကျွန်ုပ်သည် မြင်းတစ်ကောင် မဟုတ်တော့။ မည်သို့မည်ပုံဖြစ်သည် မသိ၊ ဆိတ်တစ်ကောင်ဖြစ်၍သွားလေ၏။

ထိုအချိန်၌ မျက်နှာချင်းဆိုင်လက်ဖက်ရည်ဆိုင်မှ ကက်ဆက်ဖွင့်သံကို ကြားရ၏။

ဖွင့်သော ခေတ်ပြားမှာ ဦးဩဘသောင်၏ ခေတ်ပြားဖြစ်၏။ ၎င်းသီချင်း၌ ဆိတ်ကလေး နှသနီ ပဲ ပဲ ပဲဟူ၍ စာသားပါ၏။

ကျွန်ုပ်သည် ထိုစာသားကို လွန်စွာ သဘောကျ၏။

"ဒီလူကြီးနှယ် ဆိုပဲဆိုတတ်တယ်။ ဆိတ်အကြောင်းကို သီချင်းဖြစ်အောင် ဆိုတတ်တယ်ဆိုတော့ သူ့ရဲ့အနုပညာကို လေးစားရမှာပေါ့"

ဟု ကျွန်ုပ်၏စိတ်၌ တွေးမိလေ၏။

ကျွန်ုပ်သည် နို့စို့နေရာမှ ရုတ်တရက် ထွက်ပြေးပြီးလျှင် တိုင်တွင် ချိတ်ထားသော ညောင်မုတ်ဆိတ်ရွက်များကို တပြွတ်ပြွတ် သွား၍ဝါး၏။ ထို့နောက် အိမ်ပြင်သို့ထွက်ကာ ကလေးတစ်ဦး ဖိတ်ကျခဲ့သော ပဲကြီးလှော်များကို ပါးစပ်နှင့်ကောက်၍ တကွပ်ကွပ် ဝါးနေ၏။ လမ်းသွားလမ်းလာများသည် ကျွန်ုပ်ကိုကြည့်ကာ 'ဆိတ်ကလေးက စားတတ်တယ်ဟေ့'ဟု ပြောသွားကြလေ၏။ ကျွန်ုပ်သည် မခံချင်ဖြစ်သွား၏။

"ဆိတ်ကလေးလည်း ပါးစပ်ပါတာပဲဗျာ၊ စားတတ်တာပေါ့။ ဆိတ်ကလေးက ဘယ်လောက်ပဲစားစား ခင်ဗျားတို့ လူတွေ စားတာလောက်တော့ မမီပါဘူး၊ ဆိတ်က ညောင်မုတ်ဆိတ်ရွက် စားမယ်၊ ပိန္နဲရွက် စားမယ်၊ လမ်းမှာကျတဲ့ ပဲကြီးလှော် စားမယ်၊ ဧရစိမ်ထားတဲ့ ပဲတွေကို စားမယ်၊ ဒါပါပဲ၊ ဒီထက်ပိုပြီး မစားတတ်ပါဘူး"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်၏။

မည်သို့ ပြောသည်ဖြစ်စေ၊ ကျွန်ုပ်၏ ဝေါဟာရများသည် 'ပဲ ဟဲ ဟဲ' ဟူ၍သာ ဖြစ်၏။

ဤသို့နှင့်ပင် ကျွန်ုပ်သည် 'မြင်းကလေး ကျောက်ဖြူ'မှ 'ဆိတ်ကလေး ဘေတာ'ဖြစ်လာရလေတော့သတည်း။

□

ဆရာမ မစိန်ထွေး မေးသော 'ဦ'ကို ရှာဖွေခြင်း

ကျွန်ုပ်သည် သုံးရက်တိုင်တိုင် သတိလစ် မေ့မြောနေရာမှ ပြန်လည်သတိရလာ၏။ ကျွန်ုပ်သည် မျက်နှာကြက်ဆီသို့ မော်ကြည့်လိုက်၏။ ထို့နောက် ချိတ်ဆွဲထားသော ပန်ကာများကို ကြည့်လိုက်၏။ ထို့နောက် ဘေးသို့ စောင်းကြည့်လိုက်ရာ ခုတင်များ၊ လူနာများကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်သည် စိတ်တွင်း၌…

"ဩော်…ငါ ဆေးရုံ ရောက်နေပါလား"

ဟု တွေးမိလေ၏။ ကျွန်ုပ်သည် မြင်းတစ်ကောင် မဟုတ်တော့။ ထို့အတူ ဆိတ်တစ်ကောင်လည်း မဟုတ်တော့ပေ။ ကျွန်ုပ်သည် အောင်ထွန်း ပြန်၍ဖြစ်သွားပြီဖြစ်၏။

ကျွန်ုပ်သည် မြင်းနှင့် ဆိတ် မဖြစ်ရဘဲ လူပြန်၍ဖြစ်ရသောကြောင့် တစ်မျိုးတစ်မည် ဖြစ်သွား၏။ ဝမ်းသာသွားသည်လား၊ ဝမ်းနည်းသွားသည်လား၊ ကျွန်ုပ်မပြောနိုင်ပေ။ မြင်းဖြစ်လျှင် မြက်ကိုစား၍ ဆိတ်ဖြစ်လျှင် ပိန္နဲရွက်ကိုစားမည်။ လူဖြစ်လျှင် ထမင်းကို စားမည်။ မြင်းဖြစ်လျှင် မြင်းလိုပျော်မည်။ ဆိတ်ဖြစ်လျှင် ဆိတ်လိုပျော်မည်။ လူဖြစ်လျှင် လူလိုပျော်မည်။ ကျွန်ုပ်အတွက် ဘာမှပူစရာမရှိ၊ ကျွန်ုပ်သည် ဟိုကြည့် သည်ကြည့် ကြည့်နေ၏။

ထိုအချိန်၌ သူနာပြုဆရာမ တစ်ဦး ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင်…



www.burmeseclassic.com

www.burmeseclassic.com

"သြော်…ရှင် သတိရလာပြီ ကိုး၊ ရှင်တို့ရဲ့အာလူးတင်တဲ့ ကားကြီး ကတော့ တစ်စစီဖြစ်သွားပြီ၊ ရှင် တစ်ယောက်ကလွဲပြီး ကျွန်တဲ့လူတွေ အထိအခိုက် မရှိပါဘူး။ ပွန်းရုံပဲ့ရုံ လောက်ပါပဲ"

ဟု ပြောလေ၏။

"ဒါနဲ့ နေစမ်းပါဦးဗျ၊ အခု ကျုပ်ရောက်နေတာ ဘယ်ဆေးရုံလဲ ဗျ"

ဟု ကျွန့်ပ်က မေးလိုက်ရာ သူနာပြုဆရာမက…

"ဆေးရုံနာမည်က ဒီလောက် အရေးမကြီးပါဘူး၊ ရှင့်ကို ကုသပေး ဖို့က အရေးကြီးတယ် မဟုတ်လား"

ဟု ပြောလေ၏။

"မှန်တာပေါ့ ဆရာမရယ်၊ အဲဒါ ကြောင့်လည်း ကျွန်တော့်ကို ကုသ ပေးတဲ့ ဆေးရုံကို ကျေးဇူးတင်ချင် လို့ပါ"

ဟု ကျွန့်ပ်က ပြောလိုက်ရာ ထိုဆရာမက…

'ကျေးဇူးတင်ရင် ဒီဆေးရုံတစ်ခု တည်းကို ကျေးဇူးတင်လို့ မရဘူး။ ပြည်သူ့ဆေးရုံတိုင်းကို ကျေးဇူးတင်ရ မယ်"

ဟု ပြောလေ၏။

ကျွန့်ပ်သည် စိတ်ညစ်သွား၏။ ထို့ကြောင့် 'အခက်တွေ့ပြီ'ဟု နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။

ထိုအခါ ဆရာမက…

"ကျွန်မနာမည် အခက်မဟုတ် ပါဘူး၊ ကျွန်မနာမည် မစိန်ထွားလို့ ခေါ်ပါတယ်"

ဟု ပြောလေ၏။

"သြော်…ဟုတ်ကဲ့၊ ဟုတ်ကဲ့ နာမည်သိရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည်တော့ ခင်ဗျား သိ ရောပေါ့နော်"

ဟု ကျွန့်ပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"သိပါတယ်၊ ရဲတွေက ရှင့် နာမည်ကို ပေးပါတယ်။ ရှင့်အိတ်ထဲ က မှတ်ပုံတင်ကို တွေ့ကြတာကိုး၊ နာမည်က အရေးမကြီးပါဘူး။ နာမည် ဟာ နာမည်ပဲ၊ ရှင်မှ မဟုတ်ဘဲ"

ဟု ပြောလိုက်ရာ ကျွန့်ပ်က…

"ဒါတော့ ဒါပေါ့ ဆရာမရယ်၊ နာမည်ဟာ လူမဟုတ်ဘူး ဆိုပေမယ့် နာမည်နဲ့တော့ ကင်းကွာလို့ မရဘူး"

ဟု ပြောလိုက်ရာ ဆရာမ မစိန် ထွားက ရယ်လေ၏။ ထိုသို့ ရယ်ပြီး နောက်…

"ရှင် စကားတတ်သားပဲ"

ဟု ပြောလေ၏။

"ဆရာမက ကျွန်တော့်ကို ရွှေကြက်တူရွေးလို စကားသင်ရမယ်များ အောက်မေ့နေလို့လား"

ဟု ကျွန့်ပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားသည် တခစ်ခစ် ရယ်လေ၏။

ထိုသို့ ရယ်ပြီးနောက်…

"ရှင်နဲ့ စကားပြောရတာ အဆင် ပြေတယ်၊ ရှင်စားဖို့သောက်ဖို့ ကျွန်မ အိမ်က ယူခဲ့မယ်။ ရှင်ထမင်းစားလို့ ရရင် ရှင့်ကို ထမင်းကျွေးမယ်။ ရှင် ဘာဟင်းစားချင်တယ်ဆိုတာ ကျွန်မ ကို ပြောပါ"

ဟု ဆရာမ မစိန်ထွားက ပြော လေ၏။

"ကျွန်တော်က သိပ်ပြီးဖွယ် ဖွယ်ရာရာ မစားတတ်ပါဘူးဗျာ၊ ဝက် သားကို မရမ်းသီးသနပ်နဲ့ ဆီပြန်ချက် တာလေးရယ်၊ ကြက်သည်းကြက်မြစ် နဲ့ ဂေါ်ဖီရွက်လေး ကြော်ထားတာ လေးရယ်၊ ငါးဖယ်သုပ်လေးတစ်ခွက် ရယ်၊ ဘာလချောင်ကြော်လေးရယ်၊ အရည်သောက်ကတော့ ငါးရံ့ဆန် လှော်ဟင်းလေးရယ်၊ အဲဒီလောက်ပါ ပဲဗျာ"

ဟု ကျွန့်ပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"ဖွယ်ဖွယ်ရာရာ မစားတတ် ပေလို့ဘဲ၊ ဒီမှာ ကိုအောင်ထွန်း နှစ်မျိုး၊ သုံးမျိုးတော့ မရဘူး၊ တစ်မျိုးပဲရမယ်"

ဟု ပြောလိုက်လေ၏။

"အဲဒီလိုဆိုရင်လည်း တစ်မျိုး ပေါ့ဗျာ"

ဟု ကျွန့်ပ်က ပြန်ပြောလိုက် လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညနေတွင် ကျွန်ုပ်သည် ထမင်းစားခွင့်ရ၏။ ဆရာမ မစိန်ထွားသည် ကျွန်ုပ်အတွက် ထမင်းချိုင့် ယူလာ၏။ ထမင်းချိုင့်ကို ဖွင့်လိုက်သောအခါ ကျွန်ုပ်မှာသော ဟင်းအားလုံး ပါလာသည်ကို တွေ့ရလေ၏။

ထိုအခါ ကျွန်ုပ်က…

"ကျေးဇူးတင်လိုက်တာ ဆရာမရယ်"

ဟု ကျေးဇူးတင်စကား ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"ကျွန်မတို့အိမ်က ထမင်းလခကျွေးတဲ့အိမ်ရှင့်၊ အဲဒီတော့ ရှင်မှာတဲ့ ဟင်းတွေ အကုန်လုံးလောက်နီးနီး ရတာပေါ့ရှင်၊ ငါးရံ့ဆန်လှော်ဟင်းကလည်း တစ်ပတ်ကို တစ်ခါချက်နေကျရှင့်၊ ဒီနေ့ အဲဒီဟင်းချက်တဲ့နေ့ပဲ"

ဟု ပြောလိုက်လေ၏။

"ကျုပ်အတွက်တော့ ကုသိုလ်ကံ ကောင်းပြီးရင်း ကောင်းရင်းပါပဲ။ မမျှော်လင့်ဘဲ ဆရာမ မစိန်ထွားနဲ့ သိရတယ်။ သိရတဲ့ လူကလည်း ထမင်းလခကျွေးတဲ့လူ ဖြစ်နေတယ်။ နေရာကျလိုက်တာဗျာ၊ များများ မပာတ်ပါဘူး၊ ဆရာမတို့ အိမ်မှာ ခြောက်နှစ်လောက် ထမင်းစားချင်ပါရဲ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"ခြောက်နှစ်ပဲလားရှင်၊ တစ်သက်လုံး မစားချင်ဘူးလား"

ဟု ပြန်၍မေးလိုက်လေ၏။

"ဆရာမ တစ်သက်လုံးတော့ မဖြစ်ဘူးဗျ၊ ကျုပ်က ခဏပဲ ပေါင်းလို့သင်းလို့ကောင်းတာ၊ နည်းနည်းလေး ကြာလာရင် ကျုပ်နဲ့တည့်တဲ့လူက ရှားတယ်။ နည်းနည်းကြာလာရင် ကျုပ်နဲ့ အဆင်မပြေ ဖြစ်တော့တာပဲ။ အဲ… တစ်ခုတော့ရှိတယ်။ ကျုပ်နဲ့ တော်တော်ကြာကြာတည့်တဲ့လူ တစ်ယောက်တော့ ရှိတယ်။ အဲဒီလူကတော့ ကျုပ်ယောက္ခမ တရုတ်ကြီးပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"ဩော်…ရှင့်မှာ အိမ်ထောင်ရှိသလား"

ဟု မေးလေ၏။

"အိမ်ထောင်မရှိဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ…

"အိမ်ထောင်မရှိဘဲ ဘယ်က ယောက္ခမက ရှိရတာတုန်း"

ဟု ဆရာမ မစိန်ထွားက ပြောလေ၏။

"မပာတ်သေးဘူးဗျာ၊ ကျုပ်က တစ်ခုလပ်ဗျ၊ အရင်က တော်ခဲ့တဲ့ ယောက္ခမကို ပြောတာ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ယောက္ခမနဲ့ ဒီလောက်တည့်တာတောင် လင်မယား ကွဲရသေးသလားရှင်"

ဟု ဆရာမ မစိန်ထွားက မေးလိုက်လေသည်။

"အဲဒါတွေ ထားလိုက်ပါတော့ဗျာ၊ ခင်ဗျားလည်း ကျွန်တော့် အကြောင်း မသိ၊ ကျွန်တော်လည်း ခင်ဗျားအကြောင်း မသိဘဲ မိတ်ဆွေဖြစ်ကြတာ ကောင်းပါတယ်ဗျား၊ ခင်ဗျားက ကျွန်တော်ကို ထမင်းကျွေး၊ ကျွန်တော်က ခင်ဗျားကို ကျေးဇူးတင် ဘယ်လောက် ကောင်းသလဲဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဒီက ရှင်းရှင်းပဲပြောမယ်နော်၊ ဆေးရုံတက်နေတဲ့ အချိန်အထိပဲ ကျွေးမှာ၊ ဆေးရုံက ဆင်းရင်တော့ သွားပေတော့"

ဟု ဆရာမ မစိန်ထွားက ပြောလိုက်လျှင် ကျွန်ုပ်သည် ဆရာမ မစိန်ထွား၏ စကားကို သဘောကျသောကြောင့် တဟဲဟဲရယ်၍ နေရလေတော့၏။ ကျွန်ုပ်ကို ထမင်းကျွေးပြီးသောအခါ၌…

"မနက်ဖြန် တစ်နေ့လုံး ကျွန်မ ဂျူတီအော့ဖ်ရှင့်၊ ဒါပေမဲ့ ရှင် ထမင်းစားဖို့အတွက်တော့ မပူပါနဲ့ရှင်၊ ကျွန်မ မောင်လေး လာပို့လိမ့်မယ်"

ဟု ပြောလေ၏။

"ဂျူတီမရှိရင် ခင်ဗျားတို့အနေနဲ့ ဆေးရုံလာခွင့် မရှိဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာမ မစိန်ထွားက…

"ဘာလို့ မရှိရမှာလဲ၊ ကျွန်မက မအားလို့ မလာတာပါ"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

"ဩော်…ဟုတ်ကဲ့၊ ဟုတ်ကဲ့ မသိပါဘူး၊ ကိစ္စရှိတော့လည်း သွားပေါ့ဗျာ၊ ဒါပေမဲ့ နောက်တစ်နေ့တော့ ဂျူတီဝင်ရမှာ မဟုတ်လား"

ဟု ကျွန်ုပ် မေးလိုက်ရာ ဆရာမ မစိန်ထွားက…

"ဒါပေါ့ရှင်၊ နောက်တစ်နေ့တော့ ဂျူတီဝင်ရမှာပေါ့"

ဟု ပြန်၍ ပြောလေ၏။

ဆရာမ မစိန်ထွား ပြောသည့်အတိုင်း နောက်တစ်နေ့၌ သူ၏ မောင်လေးသည် ကျွန်ုပ်အား ထမင်းလာ၍ပို့လေ၏။ ကျွန်ုပ်သည် ဆရာမ၏ မောင်လေးအား ဆရာမနှင့် ပတ်သက်သော အကြောင်းအရာများကို ဟိုမေး ဒီမေး လျှောက်၍မေးလေ၏။

ထိုအခါ ကောင်လေးက…

'အစ်ကိုကြီးကလည်း ကျွန်တော့် အစ်မအကြောင်း မေးလှချည်လား"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က…

'မင်းကလည်းကွာ၊ တိုတောင်းစရာမရှိဘာ တိုတောင်းနေပြန်ပြီ၊ အစ်မအကြောင်းမေးတာ သိသလောက်ဖြေပေါ့"

ဟု ပြောလိုက်လေ၏။

ထိုကောင်လေးသည် ကျွန်ုပ်အား ရယ်ကျဲကျဲနှင့်ကြည့်ကာ နှုတ်ဆက်၍ ပြန်သွားလေ၏။

နောက်တစ်နေ့တွင် ဆရာမ မစိန်ထွားသည် ဂျူတီဝင်လာ၏။ ဆရာမသည် ကျွန်ုပ်အား…

"ဘယ်လိုလဲ၊ မနေ့က မောင်လေးနဲ့ အဆင်ပြေရဲ့လား"

ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က…

"ပြေပါတယ်ဗျာ၊ ဒါပေမဲ့ ဆရာမ မောင်လေးက သိပ်ပြီးအမေးအမြန်းထူတာပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာမ မစိန်ထွားက-

"ကျွန်မမောင်လေးကလည်း ပြောတယ်၊ ဆေးရုံက အစ်ကိုကြီးက သိပ်ပြီးအမေးအမြန်း ထူတာပဲတဲ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်က..

"တောက်တီးတောက်တဲ့ဗျာ၊ ဒါကတော့ ခင်ဗျားမောင်လေး သက်သက်မုသားပြောတာပဲ၊ ဒါတွေ ထားလိုက်ပါတော့ဗျာ၊ ဆရာမ ဂျူတီမဝင်တဲ့နေ့က ကျွန်တော့်အဖို့တော့ ကောင်းကင်မှာ လမင်းကြီး ကွယ်ပျောက်တဲ့ ညလိုပါပဲ"

ဟု ကျွန်ုပ် ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"လမင်းကြီး ကွယ်ပျောက်တဲ့ ညက ဘယ်လိုဖြစ်လို့တုန်း"

ဟု မေးလိုက်လေ၏။

"လမင်းကြီးကွယ်ပျောက်တော့ အပြင်မှာ မှောင်နေတာပေါ့ဗျာ၊ အဲဒီတော့ အပြင်မထွက်ဘဲ စောစောအိပ်တော့လည်း အိပ်ရေးဝတာပေါ့၊ မနေ့က ဆရာမ မရှိတော့ စကားပြောဖော်မရှိတော့ ကျွန်တော်လည်း စောစော အိပ်တယ်၊ အဲဒီတော့ အိပ်ရေးဝတာပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"ဟွန်း…"

ဟု မေးကိုငေါ့၍ အော်လိုက်လေ၏။

ထို့နောက် ဆရာမ မစိန်ထွားက

"ကျွန်မ မနေ့က ဂျူတီအော့ဖ်မှာ ဘယ်သွားလဲ ရှင်သိလား၊ မှန်အောင်ဖြေနိုင်ရင် ကော်ဖီတစ်ခွက် ဖျော်တိုက်မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က-

"ဒါများဗျာ၊ ခက်လွန်းလို့ ရည်းစားနဲ့ချိန်းပြီး ဘုရားတွေ ဘာတွေ သွားဖူးမှာပေါ့"

ဟု ပြောလိုက်လျှင်…

ဆရာမ မစိန်ထွားက…

"မဟုတ်တာရှင်၊ ကျွန်မမှာ ရည်းစားဆိုလို့ ဖွင်းရင် ထုစရာတောင် မရှိဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်က..



www.burmeseclassic.com

www.burmeseclassic.com

"အပျင်းပြေထုဖို့ ဆိုရင်တော့ ခင်ဗျားရည်းစားထားရင် ငါးဖယ်ခြစ်နဲ့ ရည်းစားထားမှ ဖြစ်မယ်ဗျ၊ အဲဒီမှာ စိတ်ကြိုက်ထုပေတော့"

ဟု ပြောလိုက်ရာ ဆရာမက တခစ်ခစ် ရယ်လေ၏။

"ဒီလို ကိုအောင်ထွန်းရဲ့၊ ကျွန်မ ဂျူတီအောဖ်ဖြစ်တိုင်း တောရကျောင်းမှာ တရားသွားပြီးထိုင်လေ့ရှိတယ်"

ဟု ဆရာမ မစိန်ထွားက ပြောလိုက်ရာ…

"သာဓုဗျာ၊ သာဓုဗျာ…သာဓု၊ ကြားရတာ နားဝမှာပီတိ ဖြစ်လိုက်တာဗျာ၊ ခင်ဗျားအရွယ် ခင်ဗျားရုပ်ရည်နဲ့ တရားဖက်ကို လိုက်စားတယ်ဆိုတာ တော်တော့်ကို ချီးကျူးစရာပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ ဆရာမ မစိန်ထွားက-

"အဲဒီတောရစခန်းမှာ တရားလာဝင်နေကြတာ ကျွန်မတို့အရွယ်တွေချည်းပဲရှင့်"

ဟု ပြောလိုက်လေ၏။

"ကျွန်တော်ကတော့ ဘုရားပေးပေး၊ ကျမ်းပေးပေး ဒီအရွယ်အထိရောက်ခါမှ တရားမထိုင်ဘူးပါဘူးဗျာ၊ ဒီဘက်က ပါရမီ အားနည်းတယ်လို့ ဆိုရမှာပဲ။ တရားကို ဘယ်အတွက် ထိုင်ရမယ်ဆိုတာတောင် မသိပါဘူးဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားသည် ကျွန်ုပ်အား သနားသွားဟန်ရှိ၏။

ထို့ကြောင့်…

"ရှင် ဘာသာရေးစာပေတွေ မဖတ်ဘူးလား"

ဟု ကျွန်ုပ်အား မေးလေ၏။

'ဘုရားပေးပေး၊ ကျမ်းပေးပေး ပါဗျာ၊ တစ်ခါမှ မဖတ်ဖူးပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာမ မစိန်ထွားက…

"ရှင် စာဖတ်ဝါသနာ မပါဘူးလား"

ဟု မေးလေ၏။

"စာဖတ်ဝါသနာ ပါပါတယ်ဗျာ၊ ကျွန်တော်က စုန်းတစ္ဆေတွေ အချစ်ဝတ္ထုတွေပဲ ဖတ်တယ်ဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆရာမ မစိန်ထွားက…

'ရှင် ဒါတွေဖတ်လို့ ဘယ်လိုလုပ်ပြီး ဗဟုသုတတွေ ရမှာတုန်း"

ဟု ပြောလေ၏။

"ကျွန်တော် စာဖတ်တာက ဗဟုသုတရဖို့ ဖတ်တာ မဟုတ်ဘူး ဆရာမရဲ့၊ ပျင်းလို့ဖတ်တာ၊ ဘာပဲဖြစ်ဖြစ် အချစ်ဝတ္ထုဖတ်ရင် ကျွန်တော်လည်း ဇာတ်လမ်းထဲ ရောက်သွားပြီး ပျော်တယ်၊ တစ္ဆေ၊ သရဲဝတ္ထုတွေ ဖတ်ရင်လည်း အံ့သြပြီး အဲဒီဝတ္ထုမှာ နစ်မြုပ်နေတာပဲ၊ ပြီးတော့ ကျွန်တော်က ဗဟုသုတ မလိုချင်ဘူး၊ လောလောဆယ် ကျွန်တော် လိုချင်တာ အပျင်းပြေဖို့ပဲ၊ ဗဟုသုတလိုချင်ရင် ဝတ္ထုဘယ်ဖတ်မလဲ၊ စွယ်စုံကျမ်းဖတ်မှာပေါ့ ဆရာမရယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားက…

"ရှင့် စာတော့ဖတ်တယ်၊ ဒါပေမဲ့ နိမ့်သေးတယ်"

ဟု ပြောလေ၏။

"ဘာပဲဖြစ်ဖြစ် နိမ့်တာကောင်းပါတယ် ဆရာမရယ်၊ အဲခုကြည့်စမ်း၊ အာလူးတင်တဲ့ ကားပေါ်မှာ အမြင့်ဆုံးနေရာက စီးခဲ့တာ၊ ကားလည်းမှောက်ရော ကျွန်တော်တစ်ယောက်တည်း ဆေးရုံကို ရောက်လာတယ်၊ ခပ်နိမ့်နိမ့်က စီးတဲ့လူတွေ သူတို့အိမ်သူတို့ ပြန်သွားကြပြီ၊ ကျွန်တော်က ခုထက်ထိ ဆေးရုံက မဆင်းသေးဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာမ မစိန်ထွားသည် အနည်းငယ် စိတ်ဆိုးသွား၏။

ထို့နောက် ၎င်းက…

"ဘာပဲဖြစ်ဖြစ် အပျင်းပြေစာမျိုးလည်း ဖတ်ရမှာပေါ့ရှင်၊ ဒါပေမဲ့ တန်ဖိုးရှိတဲ့စာလည်း ဖတ်ရမှာပေါ့"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

"ကျွန်တော် အဲဒါနားမလည်ဘူး ဆရာမ၊ ကျွန်တော် ပျင်းနေတုန်း အပျင်းပြေအောင် ရေးထားတဲ့ စာအုပ်ဟာ ကျွန်တော့်အဖို့တော့ တန်ဖိုးရှိတာပဲ"

ဟု ပြောလိုက်လေ၏။

"ကဲပါရှင်၊ ရှင်နဲ့ စကားပြောရတာ လက်စသတ်မှာ မဟုတ်ပါဘူး"

ဟု ဆရာမ မစိန်ထွားက ပြော

www.burmeseclassic.com

လိုက်လေ၏။

"ဒါတွေ ထားလိုက်ပါတော့ ဆရာမ၊ ဆရာမက ဘာအတွက် တရားထိုင်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

ထိုအခါ ဆရာမ မစိန်ထွားက–

'ကျွန်မကို မမေးနဲ့ ကိုအောင်ထွန်း၊ ရှင့်ကို ကျွန်မ ပြန်မေးမယ်၊ ရှင်ဟာ အခုဆေးရုံပေါ်မှာ အချိန်တွေ အားနေတယ်၊ အဲဒီအချိန်တွေ အားနေတုန်း ရှင့်အနေနဲ့ တစ်ခုစဉ်းစားကြည့်စမ်း၊ စဉ်းစားတဲ့အခါမှာလည်း ကလေးလို မစဉ်းစားရဘူးနော်၊ လေးလေးနက်နက် စဉ်းစားရမှာ"

ဟု ပြောလေ၏။

"ဆိုစမ်းပါဦး၊ ဘာတွေ စဉ်းစားရမှာလဲ"

ဟု ကျွန်ုပ်က ပြန်မေးလိုက်ရာ ဆရာမ မစိန်ထွားက…

"ဒီလို ကိုအောင်ထွန်းရဲ့၊ ရှင့်ကိုယ်ရှင် မေးခွန်းပြန်ထုတ်ကြည့်စမ်း၊ အဲဒါ ဘာလဲဆိုတော့ ငါဘယ်သူလဲ၊ ပြီးတော့ ဘာကြောင့် ငါဟာ ငါဖြစ်နေရတာလဲ၊ ငါဟာ ဘာကြောင့် သူတစ်ပါး မဖြစ်တာလဲဆိုတဲ့ မေးခွန်းသုံးခုကို တစ်ခုစီ စဉ်းစားကြည့်စမ်းပါ"

ဟု ပြောလေ၏။

ထို့နောက် ဆရာမသည် ကျွန်ုပ်အနီးမှ ထွက်သွားလေ၏။ ထိုနေ့တစ်နေ့လုံး ဆရာမသည် ကျွန်ုပ်အနီးသို့ ရောက်မလာတော့ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး ငါဘယ်သူလဲဆိုသော မေးခွန်းကို စဉ်းစားနေလေ၏။

ထိုသို့ စဉ်းစားလိုက်သောအခါ ထိုပြဿနာသည် လွယ်ကူသော ပြဿနာ မဟုတ်ကြောင်း ရိပ်စားမိလာ၏။ ကျွန်ုပ်သည် ငါဆိုသောအရာကို လေးလေးနက်နက် ရှာကြည့်နေ၏။

ထိုသို့ရှာတိုင်း အရှာခံရသော ငါကို မတွေ့ဘဲ ရှာဖွေသော ငါသာ လျှင်ရှိနေကြောင်း သတိပြုမိလေ၏။ ထို့ကြောင့် ပထမမေးခွန်းဖြစ်သော ငါဘယ်သူလဲ ဆိုသည်ကိုပင် မဖြေနိုင်ဘဲ အကျပ်တွေ့နေလေတော့၏။ ဒုတိယမေးခွန်းဖြစ်သော ဘာကြောင့် ငါဟာငါဖြစ်နေရသလဲ ဆိုသည့် မေးခွန်းကိုမူ စဉ်းပင် မစဉ်းစားဝံ့ပေ။

ကျွန်ုပ်သည် ခုတင်ပေါ်တွင် ပက်လက်လှန် လှဲလျက်သား ငါဘယ်သူလဲဆိုသည့် မေးခွန်းကို အကြိမ်ကြိမ် ရင်၌ · မေးမိလေ၏။ သို့မဟုတ် ငါအစစ်ကို ရှာဖွေတိုင်း ငါသည် ပျောက်ကွယ်နေမြဲဖြစ်၏။ ကြာသောအခါ ကျွန်ုပ်သည် မျက်တောင်များ စင်း၍ အိပ်ပျော်သွားလေတော့၏။ အိပ်ရာမှ နိုးသောအခါ ညနေ လေးနာရီပင် ထိုးနေပြီဖြစ်၏။ ဆရာမ မစိန်ထွားသည် ဂျူတီထွက်ရန်အတွက် ပြင်ဆင်၍ ကျွန်ုပ်အနီးသို့ ရောက်လာ၏။

"ဘယ်လိုလဲ ကိုအောင်ထွန်း၊ ငါဘယ်သူလဲဆိုတာ အဖြေရပြီလား"

ဟု မေးလေ၏။ ကျွန်ုပ်က…

"အဖြေမရသေးပါဘူး၊ ဒါပေမဲ့ တော်တော်ကောင်းတဲ့ မေးခွန်းပဲ၊ စဉ်းစားလိုက်တိုင်း မျက်တောင်စင်းပြီး အိပ်ချင်လာတယ်၊ အဲဒီအကြောင်း စဉ်းစားတော့ သိသလိုလိုနဲ့ မသိဘူး ဖြစ်ဖြစ်သွားတယ်ဗျ၊ တော်တော်ထူးဆန်းတဲ့ မေးခွန်းပဲ"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်သည် ထိုမေးခွန်းကို ခုနစ်ရက်တိုင်တိုင် စဉ်းစားခဲ့လေ၏။ သို့သော် အဖြေမရခဲ့ပေ။ ဆေးရုံမှ ဆင်းခဲ့ရလေ၏။ ဆရာမ မစိန်ထွားသည် ကျွန်ုပ် ရန်ကုန်သို့ ပြန်နိုင်ရန်အတွက် ရထားလက်မှတ်တစ်စောင် ဝယ်ပေး၏။

ကျွန်ုပ်နှင့် ခွဲခါနီးတွင် ၄င်းက‥

"ပြန်တွေ့ဖို့အကြောင်း မကုန်သေးရင် တွေ့ကြသေးတာပေါ့ ကိုအောင်ထွန်း"

ဟု ပြောလိုက်၏။

ကျွန်ုပ်သည် ရန်ကုန်သို့ ပြန်၍ ရောက်လာ၏။ အလုပ်သစ်များကို ရှာဖွေရ၏။ အလုပ်ရွေး၍ မနေနိုင်ဘဲ ရရာအလုပ်ကို ဝင်၍လုပ်ခဲ့ရ၏။ သို့သော် ‚အချိန်ရတိုင်း ဆရာမ မစိန်ထွား မေးလိုက်သော 'ငါဘယ်သူလဲ' ဆိုသော မေးခွန်းကို စဉ်းစားမိလေတော့၏။

စားသည့်အခါ၊ သောက်သည့်အခါ၊ ထိမိခိုက်မိ၍ နာသည့်အခါ အကြောင်းအရာတစ်ခုကို ကြိုက်သည့်

www.burmeseclassic.com

အခါ၊ မကြိုက်သည့်အခါများ ကြုံကြိုက်လာသည့်အခါများ၌ 'ငါ'ဆိုသောအရာသည် ပေါ်လာတတ်ပြန်၏။ သို့သော် 'ငါဘယ်သူလဲ'ဟု စဉ်းစားလိုက်သောအခါများ၌ ထို 'ငါ' ဆိုသောအရာသည် ပျောက်ကွယ်သွားပြန်၏။

ထို့ကြောင့် ထို'ငါ'သည် သူခိုးနှင့်တူ၏။ ထိုငါကိုရှာသော 'ငါ' သည် 'ရဲ'နှင့်တူ၏။ 'ရဲ'ရောက်လာလျှင် သူခိုးသည် ထွက်ပြေးပြန်၏။ ထို 'ငါ'ဟူသော အရာနှစ်မျိုးသည် ငယ်စဉ်က သူခိုး-ပုလိပ် လုပ်တမ်းကစားသကဲ့သို့ လိုက်သူက လိုက်၍ ပြေးသူက ပြေးနေ၏။ လိုက်သော် 'ငါ'မရှိသောအခါ ပြေးသော 'ငါ' သည် အတင့်ရဲလာပြန်၏။ သို့ရာတွင် 'ငါ'ဘယ်သူလဲဟူသော မေးခွန်းကို ထုတ်လိုက်သောအခါ၌ ပြေးသော 'ငါ'သည် ပျောက်ကွယ်သွားပြန်၏။

ဤသို့နှင့် ကျွန်ုပ်သည် 'ငါ'ကို ရှာခဲ့ရာ ဆယ်နှစ်တိုင်ခဲ့ပြီ ဖြစ်၏။ 'ငါ'ကို ရှာမတွေ့ခဲ့ပေ။ ရှာသောအခါ၌ ကျွန်ုပ်သည် ကျေးဇူးရှိခဲ့သော ဆရာမ မစိန်ထွားကိုပင် မေ့လျော့ခဲ့ပြီဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်သည် အသည်းရောင်ရောဂါ ဖိစီးနှိပ်စက်သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ရလေတော့၏။ နေရာမဆန့်သောကြောင့် ကျွန်ုပ်အား လူသွားစင်္ကြံလမ်းတွင် နေရာချထားပေးလေ၏။ ကျွန်ုပ်သည် စင်္ကြံလမ်း တစ်လျှောက် ပိတ်၍ကာထားသော သံဆန်ကာပေါက်များမှ တစ်ဆင့် အပြင်သို့ငေး၍ ကြည့်နေ၏။ အပြင်ဘက်တွင် လေတိုက်တိုင်း အပွင့်ကြွေပြိုင်နေသော တရုတ်စကားပင်ကြီးများကို တွေ့ရလေ၏။ ထိုတရုတ်စကားပင်ကြီးများပေါ်တွင် မြူးတူးပျံသန်းနေသော စာကလေးများကိုလည်း တွေ့ရလေ၏။

အကျအန ဖြီးလိမ်းပြင်ဆင်၍ လူနာလာကြည့်သော ဧည့်သည်ဆန်းများကိုလည်း တွေ့ရလေ၏။ ကျွန်ုပ်သည် အပြင်လောကသို့ ငေးမောကြည့်ရှုနေစဉ် ကျွန်ုပ်၏ အသိဉာဏ်၌ ဖျတ်ခနဲ အလင်းရောင်တစ်ခု ပေါ်လာ၏။ ထိုအလင်းရောင်သည် ကျွန်ုပ်ရှာနေသော 'ငါ'ကို တွေ့ရှိသွားခြင်းပင်ဖြစ်၏။ သူခိုး-ပုလိပ် လုပ်တမ်းကစားနေသော 'ငါ'နှစ်မျိုးသည် အမှန်စင်စစ် နှစ်မျိုးမဟုတ်၊ တစ်မျိုးတည်းသာဖြစ်၏။ ပျောက်သော 'ငါ' နှင့် ရှာသော'ငါ'သည် တစ်မျိုးတည်းသာ ဖြစ်၏။

ထို'ငါ'သည် ပျောက်သောဘက်၌နေလျှင် ရှာသောဘက်ကို စွန့်လွှတ်ထား၏။ ရှာသောဘက်၌နေလျှင်လည်း ပျောက်သောဘက်ကို စွန့်လွှတ်ထား၏။ ထို့ကြောင့် ရှာသော 'ငါ'ကို ထပ်၍ရှာလိုက်သောအခါ အရှာသာရှိ၍ 'ငါ'မရှိ ဖြစ်နေ၏။

ထိုသို့ဖြစ်ရခြင်းမှာ ပျောက်သော 'ငါ'ရော၊ ရှာသော'ငါ'ပါ အစစ်အမှန်တရားများ မဟုတ်ဘဲ အထင်အမှတ်များသာ ဖြစ်သောကြောင့် ပေါ်တစ်ခါ ပျောက်တစ်လှည့် ဖြစ်နေခြင်းကို ကျွန်ုပ်နားလည်သွားပြီ ဖြစ်သောကြောင့် 'ကျုပ်တော့ နားလည်သွားပြီ မစိန်ထွားရေ'ဟု ပြောရန်အတွက် မစိန်ထွားဆီ သွားရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆေးရုံမှ ဆင်းသည်နှင့် တစ်ပြိုင်နက် အဝေးပြေးကားများ ပြေးရာဆီသို့ ထွက်ခဲ့၏။ ခရီးသည်တင်ကားများ မရှိသောကြောင့် ကုန်တင်ကားတစ်စီးပေါ်သို့ တက်၏။ ထိုကုန်ကားမှာ ဆန်အိတ်များ တင်ထားသော ကားဖြစ်၏။

ကျွန်ုပ်သည် ဆန်အိတ်များပေါ်တွင် ပက်လက်လှန်ချလိုက်၏။ မော်တော်ကားသည် တရွေ့ရွေ့ စတင်ထွက်နေပြီဖြစ်၏။ ထို့နောက် အရှိန်တစ်စထက်တစ်စ မြန်လာ၏။ ကျွန်ုပ်၏ မြင်ကွင်းတည့်တည့်တွင် ဖြူဆွတ်ဆွတ်အရောင် မိုးကောင်းကင်ကြီးသာရှိ၏။ ထိုမိုးကောင်းကင်ကြီးကို ကြည့်ရင်း ကျွန်ုပ်သည် ငိုက်မျဉ်းလာ၏။ ထို့နောက် အိပ်ပျော်သွားလေတော့သတည်း။

□

(ရှေ့လ ဆက်ရန်)


သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဖွေးဖွေးနှင့် မျှကျိုန်တာ

မနှင်းပွင့်(ပြည်)

သူမ၏နာမည်မှာ မဖြူဖြူဟု ခေါ်သည်။ သူမ အရွယ်မရောက်ခင် ကိုးတန်းကျောင်းသူ ဘဝတုန်းက ၁၀ တန်းကျောင်းသားကလေးနှင့် လူငယ် သဘာဝ ချစ်ကြိုက်မိကာ ခိုးရာလိုက် ပြေးပါတော့သည်။ မိုက်လုံးကြီးသော ဖြူဖြူတို့ကို နှစ်ဖက်မိဘများက ဘယ်ဘက်ကမှ လက်မခံကြပေ။ ဘဝတစ်ခုတည်ဆောက်ခါစဆိုတော့ တော်တော်ကို ဆင်းရဲခဲ့သည်။ ပထမဆုံး နေစရာ ထိုင်စရာအတွက် သူမတို့ ရှာရတော့မည်။ အခက်အခဲဆုံးက အိမ်လခများ ပေးနေဖို့ သူတို့မှာ ငွေမရှိကြပေ။ ဒါကြောင့်လည်း အမျိုးသားလုပ်သူ၏ သူငယ်ချင်းအကူအညီဖြင့် သရေခေတ္တရာမြို့ပျက်ဟောင်းထဲမှ စိုက်ပျိုးပြီးပစ်ထားသော ခြံဟောင်းတစ်ကွက်တွင် တဲထိုးနေကြသည်။ နေစရာရပြီ။ ဒါဆို စားစရာလိုအပ်၍လာပြန်ရာ သူမတို့နှစ်ဦးသား ဝမ်းရေးအတွက် အလုပ်လုပ်ရမည်။ ထို့အတွက်ကြောင့် မြေကွက်လေးထဲတွင် ပထမဆုံး ပန်းပင်များနှင့် ချဉ်ပေါင်၊ ကန်စွန်း စိုက်ပျိုးလိုသည်။ စိုက်ပျိုးမည်ဆိုပါက ရေလိုမည်။ ထိုရေရဖို့ ရေတွင်းတူးရမည်။ သူမတို့ ဇနီးမောင်နှံ ရေတွင်းတူးဖို့အတွက် ရှာရာ ပထမမှုလလူများ သုံးသွားသော တိမ်ကောနေသော ရေတွင်းဟောင်းပျက်တစ်ခုကို တွေ့လိုက်ရသည်။ ထိုရေတွင်းပျက်ကို သူမတို့ ဆက်တူးမည်ဟု အကြံရပြီး ထိုညတွင် နှစ်နှစ်ခြိုက်ခြိုက် နှစ်ယောက်သား အိပ်လိုက်ပါတော့သည်။ အိပ်ပြီးမကြာခင် အမျိုးသားလုပ်သူမှာ ထူးထူးဆန်းဆန်း အိပ်မက်မက်ပါတော့သည်။ အိပ်မက်ထဲတွင် ရေတွင်းဟောင်းကြီးကို ဆက်တူးရာ ရေများပန်းထွက်သည်ဟု မြင်မက်ခဲ့သည်။ သူဆက်တူးပြီးရေနဲ့အတူ ဝတ်ဖြူစင်ကြယ် သူတော်စင်တစ်ယောက် မုတ်ဆိတ်များဖြူဖွေးလျက် ရေများပန်းထွက်တဲ့အထဲမှ ထွက်လာသည်ကို တွေ့လိုက်ရသည်။ ၎င်းအဘိုးအိုသည် "လူလေး အဘဒီပစ္စည်းတွေကို ထိန်းသိမ်းလာရတာ မောလှပါပြီကွယ်။ မင်းတို့ဇနီးမောင်နှံနှစ်ယောက်နဲ့ ထိုက်တန်လို့ ရတယ်လို့ မှတ်ထားပါ။ အောက်မှာ ရေတွေအများကြီး ရှိတယ်လူလေး။ ဆက်တူး။ ဆက်တူး ဘေးဘက်ကို ချဲ့တူးပါလူလေး။ ထူးဆန်းတာတွေ့ရလိမ့်မယ်။ အဲဒီလို တွေ့ပြီးရင် အဘတို့အတွက်လည်း ကုသိုလ်ကောင်းမှုလုပ်ပါ။ နိုင်ငံတော်အတွက်လည်း အကျိုးရှိအောင်သုံးပါ"ဟုပြောပြီး ပျောက်ကွယ်သွားခဲ့ပါသည်။ ထူးဆန်းလှသော အိပ်မက်ဖြစ်၍ သူမကိုနှိုးပြီး ခင်ပွန်းလုပ်သူမှ ပြောပြပါသည်။ ထိုညက သူမတို့နှစ်ဦးမှာ ထိုအဘိုးကြီးအိပ်မက်အတိုင်း ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။ နံနက် နေအလင်းရောင်လာခါစအချိန်မှာတော့ ထိုရေတွင်းဟောင်းကို ဖြူဖြူတို့ဇနီးမောင်နှံနှစ် ယောက် စတင်ပြီးတူးပါတော့သည်။ တူးရင်းတူးရင်း ဘေးဘက်ကိုချဲ့ပြီး တူးလိုက်တာ ခရီးအတန်ရောက်ခဲ့ပေသည်။ အမျိုးသားက တူးပြီးသားမြေကြီးကို လက်နဲ့ပုံးစုတ်ထဲထည့်ပေး၊ သူမက ပုံးစုတ်ကို ဆွဲငင်ယူပြီး မြေများချပစ်လိုက်၊ အမျိုးသားက မြေကြီးတွေတူးလိုက်နှင့် တက်ညီလက်ညီနဲ့ ရေထွက်အလာကို စောင့်ပြီး ဆက်တူးရာ မွန်းတည့်ချိန်သို့ပင် ရောက်ရှိလာတော့သည်။ ထိုသို့ ဆက်တူးပြီး ဘေးဘက်ချဲ့တူးသော အခြမ်းတွင် "ဒုတ် ဒုတ်"ဟူသော အသားမာကျောတစ်ခုကို တူးရှင်းနှင့် ခိုက်မိပါတော့သည်။ ကြည့်လိုက်တော့ မြေအိုး ရှေးဟောင်းအနားတွန့်နှင့် လက်ရေးခြစ်အစက် အပျောက်ပါသော မြေအိုးကို တွေ့ရပါတော့သည်။ နှုတ်ခမ်းသားအနည်းငယ်ပဲ့သွားခဲ့ပေသည်။ အသာလေး ဆက်တူးလိုက်ပြန်ပါသည်။ ထိုအခါတွင် -

ရေအိုးတစ်ပိုင်းက တူးတဲ့ဘက်မှာရှိနေပြီး တစ်ပိုင်းမှာ တစ်ဖက်မြေကြီးထဲမှာပင် ရှိနေဆဲဖြစ်သည်။ ထို့ကြောင့်လည်း ဘေးပတ်ပတ်လည်ကို မတူးမိတစ်ဖက်မှာပေါ်နေသော အခြမ်းဘက်မှ လက်နှိုက်ပြီး ပစ္စည်းကိုနှိုက်ယူလိုက်ပါတော့သည်။ ထိုပစ္စည်းနှိုက်ယူလိုက်သောအခါတွင် ပထမဆုံး ထွက်လာတာက မဏ္ဍိုင်လိုပုံမျိုး ပုရပိုက်ချောင်းများအား အထပ်လိုက်တွေ့ရ၏။ ဆို့နှုတ်



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယထွက်လာတာက ရွှေကြိုးအရှည်ကြီးတစ်ကုံး ထွက်လာပြန်ပါတော့သည်။ အမျိုးသားလုပ်သူမှာ ၎င်းရွှေများကို လက်နဲ့ဆုပ်ကိုင်ပြီး "ဟေး. . .မိန်းမရေ ငါတို့တော့ ပွပြီကွ. . .ပွပြီကွ"ဟုအော်ပြီး တစ်ဆက်တည်း "ငါတို့သူဌေးဖြစ်ပြီ၊ ငါတို့သူဌေးဖြစ်ပြီ"ဟု မိန်းမအား အော်လိုက်ရာ မိန်းမဖြစ်သူမှ ယောကျ်ားလုပ်သူကိုကြည့်လိုက်ရာ "အို. . .အမယ် လေး ရွှေတွေပါလား"ဟု တဒင်္ဂမှင်တက်မိနေတော့သည်။ ပြီးမှ သတိပြန်ဝင်ပြီး အိုးထဲမှ ရွှေလက်ကျန် ရှိမရှိ ထပ်မံစစ်ဆေးလိုက်ပြီး မရှိတော့သောအခါမှ အပေါ်သို့ တက်လာပြီး ပုရပိုက်ရွှေများကို စိတ်ရှိလက်ရှိ သူမ ကိုင်တွယ်ကြည့်နေပါတော့သည်။ ပျော့ပျောင်းလှသော ရွှေများကို လက်ကိုပတ်လိုက်၊ ဆွဲလိုက်၊ ဆန့်လိုက်နှင့် လိုရာအတိုင်း ရွှေများကို လုပ်နေပါတော့သည်။

ထို့နောက်မှာတော့ သူမတို့ဇနီးမောင်နှံမှာ ကလေးတွေဆိုတော့ အားရဝမ်းသာ နှစ်ဖက်လူကြီးများကိုခေါ်ပြီး ထိုရွှေများကိုပြရာ ထိုရွှေများကို နီးစပ်ရာပန်းထိမ်ဆိုင်မှ ပန်းထိမ်သမားက ရွှေများ၏တန်ဖိုးကို ညတွင်းချင်းဖြတ်ကာ မြန်မြန်တို့ဇနီးမောင်နှံကို သူတို့၏နေအိမ်နှင့်တကွ လက်ရှိငွေသားများပေး၍ ထိုပြည်မြို့နယ်မှ ချက်ချင်းထွက်ခွာသွားပြီး ခြေရာပျောက်သွားပါတော့သည်။ သူတို့ဇနီးမောင်နှံမှာလည်း နေ့ချင်း ညချင်းဆိုသလို ပွချမ်းသာများ ဖြစ်သွားပါတော့သည်။ လူသားတို့သည် ဆင်းရဲရင်သာ သတိမထားကြသည်မှာ အမှန်ပင်ဖြစ်သော်လည်း ချမ်းသာလာသောအခါတွင်တော့ လူတို့၏စရိုက်သဘာဝမှာ သတိထားပြီး စပ်စုကြသည်မှာ ဓမ္မတာပင်ဖြစ်ပါတော့သည်။ ယခုလည်း စပ်စုရင်း စပ်စုရင်းနဲ့ ပါးစပ် တစ်ပေါက်မှတစ်ပေါက်ကို ပြောလိုက်ရာမှ တဖြည်းဖြည်း ထိုသတင်းရပ်သည် ကျော်ကြားသွားခဲ့ပြီး သက်ဆိုင်ရာမှ ကြားသွားသည်အထိပင် ဖြစ်သွားပါတော့သည်။ သက်ဆိုင်ရာအစစ်အဆေးများလည်း သူမတို့ခံရသည်ဟု ပြောပြပါ၏။ ဟုတ်ပါသည်။ သို့သော် မဟုတ်ပါ။ စာဖတ်သူများ ရှုပ်သွားပြီလားမသိပေ။ ရှင်းပြပါမည်။ ဟုတ်ပါသည် ဆိုသည်မှာကား သူမတို့ ထိုပစ္စည်းတွေ့ပြီး ချမ်းသာတာ မှန်ပါသည်။ ဘာပစ္စည်းမှန်းတော့ စပ်စုသူများ မသိနိုင်။ နောက်တစ်ခုကတော့ မဟုတ်ပါဆိုသည်မှာ ၎င်းတို့မှာ သက်သေခံပစ္စည်း ဘာမှ ၎င်းတို့လက်ထဲမှာမှ မရှိတာ။ ဘယ်လိုလုပ် လိုက်လို့မှမရ။ ရှေးဟောင်းပစ္စည်းများ ဆုံးရှုံးသွားရလေပြီ။ စာရေးသူအား သူမက ထိုအကြောင်းကို ပြောပြလိုက်သောအခါတွင် မိမိမှာမူ အရမ်းကို ဝမ်းနည်း၍ သွားရပါတော့သည်။ နမြောယူကျုံးမရလည်း ဖြစ်ရပါတော့သည်။ ထိုပစ္စည်းများ ယူသွားသူများကိုလည်း မကျေမနပ် ဖြစ်မိသည်။ နိုင်ငံတော်ကို အပ်မည်ဆိုပါက သူတို့အတွက်လည်း အကျိုးမယုတ်ပေ။ ယဉ်ကျေးမှုအမွေပစ္စည်းများသည်လည်း ပျောက်ပျက်၍သွားမည်မဟုတ်ပေ။ ထို့ကြောင့်လည်း သူတို့ကျိန်စာထိလေပြီ။ "ပျူရွှေဖွေးဖွေးမြင် ပျောက်ပါစေဆိုသောကျိန်စာ"သည် သုံးနှစ်ကြာ လေးနှစ်ကာလအတွင်းတွင် သူတို့ဇနီးမောင်နှံနှစ်ယောက် ထိလေတော့သည်။

ပထမဆုံး အိမ်မှာအမြဲနေသော သူမ၏အမျိုးသားသည် နောက်ဆုံးပေါ်ဇိမ်ခံ ကျောက်စိမ်းမော်တော်ဆိုင်ကယ်တစ်စီးကို ဝယ်စီးလိုက်၏။ မိန်းမလုပ်သူထံ ပြန်မလာခဲ့။ ငွေကို ရေလိုသုံးပစ်နေ၏။ ဒါမျိုးလုပ်ပြီဆိုမှတော့ ကျန်တဲ့ဇာတ်လမ်းက နောက်ထပ်ပေါ်ရပြန်တော့သည်။ မိန်းမဇာတ်လမ်း ထပ်ရှုပ်လာ၏။ သူမသည် စိတ်ဆင်းရဲမှုများနှင့် ကြုံတွေ့ရပါတော့သည်။ ရုပ်ရည်သည်လည်း များစွာကျဆင်းလာပြီး တစ်နေ့တခြား သူမယောကျ်ား၏ ရက်စက်စွာအနိုင်ကျင့်မှုအောက်တွင် ရင်စည်းခံနေရပါတော့သည်။ သူမ ထိုအခါမှ ကြီးကြီးကျယ်ကျယ် နောင်တရမိနေတော့သည်။ ထိုနောင်တမှာ "ငါတို့ ကျိန်စာမိသွားပြီပဲ။ နိုင်ငံတော်ကိုသာအပ်လိုက်ရင်"ဆိုသော သူမမှာ အသိတရားကြီးတစ်ခု ဝင်လာမိတော့သည်။ ခုတော့ အရင်ဘဝကိုတမ်းတရင်း မျက်ရည်များကျဆင်းခဲ့သည်။ ထို့နောက်မှာမှ တစ်ချိန်က သူမ၏အဘွားလုပ်သူ၏ ပြောစကားများကိုလည်း ကြားယောင်လာမိတော့သည်။ သူမအဘွားက သူမငယ်ငယ်က ပုံပြင်လေးတစ်ပုဒ် ပြောခဲ့ဖူးသည်။ ထိုပုံပြင်မှာ ကျိန်စာမိနေသောရွှေများလို့ပြောပြီး သရေခေတ္တရာမြေကြီးပေါ်မှ ရွှေများအကြောင်းကို ပြောပြခဲ့သည်။ "ရွှေတွေ့သော လူတစ်ယောက်မှာ နိုင်ငံတော်နှင့် ရှေးဟောင်းယဉ်ကျေးမှုဌာနကိုမအပ်၍ လုံးပါးပါးရပုံနှင့် သူ၏နဂိုရှိရင်းစွဲ ရုပ်လက္ခဏာများ ပျက်ပြားလာရတော့သည်။ နောက်မှ မိမိသိမ်းထားပါသောရွှေကို သက်ဆိုင်ရာသို့ ပေးလိုက်သောအခါမှ သူ၏ပင်ကိုရုပ် ထွက်လာတော့သည်"ဟု သူမကို အိပ်ရာဝင်ပုံပြင်လေး ပြောဖူးသည်ကို သတိရနေမိတော့သည်။ သူမကတော့ လက်ထဲတွင် ပျူရွှေနှင့်ပတ်သက်တာ ဘာမှမရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့။ ရှေးဟောင်းယဉ်ကျေးမှုဌာနကိုလည်း အစ်ဖို့ဆိုတာကလည်း ရှေးဟောင်းရွှေများက ပျောက်ကွယ်သွားခဲ့ပေသည်။ ဘယ်လိုမှ မတတ်နိုင်ပေ။ မည်သူမှ မကာယ်နိုင်သည့် ကိစ္စမဟုတ်ပေ။ နောက်ဆုံး သူမမှာ ပျက်စီးမှုအထွတ်အထိပ်သို့ ရောက်သောအချိန်ဖြစ်သည့် နေ့လေးတစ်နေ့ကို ရောက်ရှိလာပါတော့သည်။ ထိုနေ့က အဖြစ်အပျက်တို့ကိုလည်း သူမ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။ ဘာကြောင့်ပါနည်း။ နံနက်မိုးလင်းခါနီးမှ မက်သော အိပ်မက်ကိုလည်း ပြန်ကြားယောင်လာမိတော့သည်။ ဝတ်ဖြူစင်ကြယ် သူတော်စင်ဘကြီးတစ်ယောက်မှ လက်ထဲတွင် ရွှေကြိမ်လုံးလိုလင်းလက်နေသော တုတ်တစ်ချောင်းကိုကိုင်ထားပြီး သူမနှင့် သူမ၏ယောက်ျားကို ရိုက်နက်နေတော့သည်။ ပါးစပ်မှလည်း "နင်တို့လောက်မိုက်လိုက်တာလောကမှာ မရှိတော့ဘူး။ နင်တို့လောက်မိုက်လိုက်တာ လောကမှာ မရှိသလို မြင်တောင်မမြင်ဖူးဘူး။ နင်တို့ ဒီပစ္စည်းကရှေးဟောင်းယဉ်ကျေးမှုနဲ့ ဆိုင်တယ်။ ငါတို့တောင် စောင့်ရှောက်လာလိုက်တာနင်တို့က တန်ဖိုးမှမသိတာဘဲ။ ဒီပစ္စည်းတွေကို ပြန်ရဖို့မလွယ်ကူတော့ဘူး။ ယူသွားတဲ့လူလည်း ငါတို့ အပြစ်ပေးပြီးပြီ။ ငါတို့က ဖူအများကို ပြစေချင်တာ၊ ရှိစေတော့။ နင်တို့နှစ်ယောက်ကို ငါအပြစ်ပေးမယ်"ဟုပြောပြီး ပျောက်သွားခဲ့သောအဘိုး၏အသံလည်း ဆုံးရောသူမမှာ နဖူးမှ ချွေးသီးချွေးပေါက်တို့ လိမ့်ဆင်းလာ၏။ တစ်ယောက်တည်း အိပ်နေသောသူမမှာမူ ကြောက်လန့်၍ ဘယ်လိုမှဆက်မအိပ်နိုင်ဘဲရှိနေစဉ် တစ်ချိန်တည်းအပြင်မှ ခြေသံကိုကြားရပြန်သည်။ ထိုခြေသံသည်ကား သူမယောက်ျား၏ ခြေသံဖြစ်သည်။ သူမကို ရောက်လာလာချင်း အော်ဟစ်ဆဲဆို ကြိမ်းမောင်းကာရန်ပြုတော့သည်။ "ဂုန်း"ဆိုသော ခြေထောက်ဖြင့် တံခါးကိုဆောင့်တွန်းပြီးအထဲကိုဝင်လာရာ ခြေထောက်နှင့် ခုခံထားသော သစ်သားတုံးကို ဝင်တိုက်ပြီးအရှိန်ဖြင့် အိမ်ထဲသို့ မှောက်ခုန်ဝင်ပြီးလဲကျသွားတော့သည်။ သူမ၏ယောက်ျားမှာ ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာပြီးသူမကို ထိုသစ်သားတုံးဖြင့် ကောက်ပေါက်လိုက်၏။ သူမကို မထိပေ။ သို့သော် သူမကိုလည်း သူဒီလိုဖြစ်အောင်တမင်ကြံရွယ်ထားတာဟုလည်း ပြောပြီးရိုက်ပါတော့သည်။

သူမကပတ်ဝန်းကျင်က အော်ဟစ်အကူအညီတောင်းခံပါသော်လည်းဘယ်သူမှ ရောက်မလာခဲ့ပေ။ အိမ်နီးချင်းတို့က ဖြစ်ရိုးဖြစ်စဉ်ဆိုတော့ ရိုးနေပြီထင်ပါရဲ့။ သူမကို လည်ပင်းညှစ်ထားသောလက်မှ ရုန်းရင်းမှ သူမ သတိတစ်ချက်ရသွားပြီး သေချင်ယောင်ဆောင်လိုက်ပါ၏။ ဟုတ်သည်။ သူမသည် သေချင်ယောင်ဆောင်လိုက်ပြီး အသက်ရှူခြင်းအလုပ်ကို ဆက်လက်မလုပ်တော့ဘဲငြိမ်သွားအောင် ဖန်တီးလိုက်ပါတော့၏။ ထိုအခါမှ သူမ၏ ယောက်ျားသည် လည်ပင်းကိုညှစ်ရင်းမှရပ်နားပြီး သူမ၏အသက်ရှူခြင်း၊ မရှူခြင်းကို စတင်စစ်ဆေးပြီး "သေပြီ"ဟုယူဆပုံရသော အနေအထားဖြင့် အသံတစ်သံ ကြားလိုက်ရပါသည်။ "ငါလက်လွန်သွားပြီ" ဟူသော စကားသံကြားပြီး အပြင်ကို ထွက်သွားပါတော့သည်။ အိမ်အပြင်မှ သော့ခတ်သွားခဲ့သည်။ သူမသည် အခွင့်အရေးကို ဘယ်လိုမှ လက်လွှတ်မခံနိုင်ပါ။ သူမဉာဏ်ကိုအလျှာလိုက် တစ်ခုချင်း ထွာသုံးလိုက်သည်။ ပထမမှာ ဒီအိမ်မှ အသေကိုထွက်ပြေးရမည်။ ဒုတိယ ရဲကိုတိုင်မည်။ သူမတွေးပြီး တံခါးပွင့်ရာ ရေမြောင်း၍ ပြတင်းပေါက်မှ ခုန်ချကာ အပြင်သို့ရောက်သောအခါတွင် အားကုန် ထွက်ပြေးပါတော့သည်။ နောက်ကိုလည်း လှည့်မကြည့်အားသော သူမမှာမူ သူမ၏အဘွားရှိသော နိဗ္ဗိန္ဒတောင်မှ သီလရှင်ဆရာကြီးများရှိရာသို့ ထွက်ပြေးလာပါတော့သည်။ ထို့နောက်မှာတော့...

အပေါင်းအသင်း သူငယ်ချင်းများမှ "ဒါကတော့ ဘယ်လိုမှ မတရားတဲ့အလုပ်ပဲ"ဟုဆိုကာ ဝိုင်းဝန်း၍ သက်ဆိုင်ရာသို့ တိုင်ကြားပြီး သက်ဆိုင်ရာမှ လင်ခန်းမယားခန်းပြတ်စဲပြီး ပိုင်ရာပစ္စည်းတချို့ကို သူမရရှိသွားခဲ့သည်။ သူမ ရရှိသည်မှာ သရေခေတ္တရာ အနောက်ပေါက်မှ ရွှေတံခါးကွက်သစ်၊ ထိုကွက်သစ်အိမ်လေးတစ်လုံး ရရှိသွားခဲ့သည်။ ထို့နောက်မှာတော့ ထမင်းစားဖို့အတွက် စက်အိုလေးတစ်လုံးလည်း ဝယ်နိုင်လိုက်၏။ သူမ၏ယောက်ျားဖြစ်သူလည်း ရှေးဟောင်းယဉ်ကျေးမှုရှိးရာကိုမြတ်နိုးသော ပစ္စည်းပေးသူ သူတော်စင်အဘိုးကြီးက မည်သည့်အပြစ်တို့ကိုပေး၍ မည်ကဲ့သို့အပြစ်ဒဏ်ခတ်လိုက်သလဲ ဆိုတာကိုတော့ မိမိသည် အလွန်မှ သိချင်နေပါသည်။ မိမိကဲ့သို့ပင် စာဖတ်သူများလည်း သိချင်နေပေလိမ့်မည်။ မိမိသည် ထိုကိစ္စများကိုဆက်လက်ပြီး မေးမြန်းစုံစမ်းကာ မိမိ၏စာဖတ်ပရိသတ်များကို တင်ပြပေးသွားပါဦးမည်။

မနှင်းပွင့်(မြည်)



www.burmeseclassic.com

www.burmeseclassic.com



# "လောကပြိုတ္တာ ဖြစ်ကြပါလျှင်"

●—— သောင်းဉာဏ်(ပန်းထော်ကျွန်း)

လူတို့သည် အာရုံအမျိုးမျိုးကိုခံစားလျက် ပြုမူနေထိုင်ကြပါသည်။ အကြားအမြင်၊ အတွေ့အထိ၊ အနံ့အရသာတို့ဖြင့် ကြုံသလိုကိုယ်စီကိုယ်င ခံစားပြုကျင့်ကြသည်မှာ အစဉ်ထာဝရဖြစ်ပေသည်။ ကိုယ်တိုင်ကိုယ်ကျကြားမြင်တွေ့ရှိခံစားသိသမျှတို့ကို မှော်ရုံဟူသော အသိတရားနှင့် ကောင်းသင့် ဆိုးယုတ်၊ ချင့်ချိန်တိုင်းဆပြုမူဆောင်ရွက်ကြရပေသည်။ အာရုံခံစားမှုတို့သည် လူကိုညို့ယူဖမ်းစားဆွဲငင်တတ်လေ့ရှိပေသည်။ အာရုံတစ်ခုတည်းကိုသာ တစ်သမတ်တည်း အာရုံထားနေပါကလည်း အားလုံးသော အပြုအမူအတွေးအခေါ် အယူအဆ၊ အလုပ်အကိုင်တို့သည် တစ်ဖက်စောင်းနင်း ရွဲ့စောင်းစေနိုင်သည်ဟု ပညာရှိအများ သတိပေးစကားရှိခဲ့သည်ကို မှတ်သားမိပါသည်။

ယနေ့အချိန်တွင် မိမိကိုယ်တိုင် အာရုံခံစားမှုရှို့တဲ့လာသောအခါ မိမိ၏နှလုံးသား၌ လှုံ့ဆော်ဖြစ်ပေါ်လာသော ခံစားချက်မှာ 'အတွေးရေယဉ်အဖြစ် ပြောင်းလဲလာစေပါသည်။ မိမိသည်ဝါသနာအရ အားလပ်ချိန်၌ ကြုံရာစာအုပ်စာပေတို့ကို ဖတ်မှတ်ရင်း ကြီးပြင်းလာသည်ဟု ဆိုလိုချင်ပါသည်။ စာပေအကြောင်းအရာ၊ အရေးအသားအဖွဲ့အနွဲ့သုတရသတို့ ဆွဲဆောင်မှုကြောင့် အာရုံခံစားမှုလွှမ်းကဲပြီး အခြားသော အာရုံများအရွဲ့အစောင်းဖြစ်ရကာ ကမောက်ကမနှင့် လုပ်ဆောင်ခဲ့ရသည်များလည်း ရှိခဲ့သည်ကို သတိရမိပါသည်။

ထိုအမှတ်ဆင်ထင် ကိုယ်တွေ့များကို သိသော်လည်း စာပေဖတ်မှတ်ကျင့်ကိုမူ ဘယ်ခါမှ မပျက်စေနိုင်ပေ။ လူတို့တွင် ကိုယ်ကျန်းမာမှုအတွက် စားဖွယ်သောက်ရာကို အာဟာရဖြစ်ဖို့ရာ မှီဝဲသုံးဆောင်ကြသကဲ့သို့ စိတ်ကျန်းမာရေးအတွက်လည်း ကြိုက်နှစ်သက်ရာ စိတ်အစာကို

www.burmeseclassic.com

မှီဝဲကြပေသည်။ မိမိသည်စာအုပ်စာပေ ဖတ်မှတ်လျက် စိတ်ကျန်းမာရေးပြည့်ဝနေသည်ဟု ယူဆယုံကြည်မိပါသည်။ အဘယ်သူသည် ကိုယ်ခန္ဓာကျန်းမာရေးအတွက် စားသုံးရန်သင့်တော်သော အစားအစာကို စွန့်လွှတ်နိုင်မည်နည်း။ ထို့အတူ မိမိစိတ်ဓာတ် ကျန်းမာကြံ့ခိုင်မှုကို အားဖြည့်ပေးသည့် သင့်တော်သော စိတ်အာဟာရ "အစားအစာကို ဖြတ်နိုင်မည်နည်း။ သို့သော် ယနေ့အချိန်တွင် မိမိမှာမူ အလွန်သင့်မြတ်လျော်ကန်အားဖြည့်ရန် အာနိသင်အရှိဆုံးသောစာပေကို ဖြတ်ထားလိုက်ရပါသည်။

မိမိရင်၌ ခံစားချက်မှာ ပြောမပြတတ်လောက်အောင်ပင်ဖြစ်ပါသည်။ မိမိ၌ အမြင်အာရုံချို့တဲ့စေသော၊ မျက်စိ၌တိမ်စွဲခြင်းခံရချိန်သည် အခြားသော ကိုယ်ခန္ဓာကျန်းမာရေးချို့တဲ့ချိန်ထက် ခံစားချက်ပြင်းထန်သည်ဟုပင် ထင်မိပါသည်။ ဤခံစားချက်ကြောင့် စာပေအနုပညာဖခင်ကြီးဆရာဇော်ဂျီ၏ ဂန္ထဝင်ကဗျာမှ"များပါလေလည်း တမွဲမွဲနှင့်၊ ဆင်းရဲကာသာ၊ ကာလကြာလျှင် မြင်သာမြင်ရ မစားရ၍ လောကပြိတ္တာဖြစ်မည်တည်း"ဟူသောအဖြစ်နှင့် တူညီနေသည့် မိမိအဖြစ်ကို တင်စားမိပါတော့သည်။

မျက်စိကို အနားပေးနေရသော မိမိ၏ ကိုယ်တွေ့ခံစားချက်မှ အတွေးရေယာဉ်စီးနင်းလိုက်ပါမိပါသည်။ ယနေ့အချိန်ကာလ၌ စိတ်ကျန်းမာရေးအတွက် အာရုံခံစားဖွယ်ရာဆန်းပြားပေါ်များသလိုပင်။ စာအုပ်စာပေ စာနယ်ဇင်းအမျိုးပေါင်းစုံပေါ်များ ထွန်းကားသည်မှာ ခရီးသွားဟန်လွဲကြုံရာနေရာမရွေး ဖတ်မှတ်နိုင်အောင်ထိ တိုးတက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးအနှံ့ တောရောမြို့ပါ လူတန်းစားမရွေး စိတ်အာဟာရကို အကျိုးထူးအောင် ဖြည့်ဆည်းပေးနေသော ယနေ့ခေတ်တည်း။

ဤမျှပေါ်များသော အာဟာရဖြည့်အစာကို အားရင် အားသလို မစားလိုပါက မြင်သာမြင်ရ မစားရတဲ့ "လောကပြိတ္တာဖြစ်ခဲ့ပါလျှင်" ယနေ့လူထု လူတန်းစားမရွေး အာဟာရချို့တဲ့သည့် နိုင်ငံသားများ ဖြစ်လာနိုင်သည်ဟုလည်း အတွေးဝင်မိပါသည်။ စာပေသည် လူတို့၏ ကိုယ်ခန္ဓာကျန်းမာရေးအတွက် မှီဝဲရမည့် သင့်တော်သော အစားအစာကို ညွှန်းဆိုဖော်ပြပေးသော ဆေးညွှန်းစာတ်စာ၊ လူတိုင်းနှင့် သင့်တော်သည့်အသန့်ရှင်းဆုံးသော စိတ်အာဟာရဆေးဝါးဖြစ်၍ လူတိုင်း မှီဝဲသင့်သည့် အစားအစာဖြစ်ပေသည်။ ၊

ယနေ့ခေတ်၌ အာရုံခံစားမှီဝဲစားသုံးရန် အစားအစာ၊ အသုံးအဆောင်မျိုးစုံရှိရာ အဖိုးတန်အာဟာရကောင်းသည်ဟု အထင်နှင့် စားသုံးမှီဝဲသော်လည်း ကိုယ်နှင့်မတည့်၊ ကိုယ့်ဒေသရာသီဥတုနှင့် မကိုက်ညီ။ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုရိုးရာ၊ ဘာသာ၊ သာသနာနှင့် မကိုက်ညီသော အာရုံခံစားမှုတို့သည် အာဟာရမပြည့်ဝစေဘဲ ရောဂါဝေဒနာဖြစ်ဖွယ်ရာလည်း ရှိတတ်သည်ကို အများသူငါတို့ ဆင်ခြင်သတိနှင့် သုံးစွဲသင့်သည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့် အာရုံပေါင်းစုံ ခံစားကြသည့် လူတန်းစားကြီးငယ်မရွေး အများသူငါတို့ ဓမ္မာရုံအသိရှိရန် စာပေကို ဖတ်မှတ်လေ့လာ၍ စာပေပေးသော အသိပညာ၊ စာပေရသမျိုးစုံ၊ အရသာကို မြတ်နိုး နှစ်ခြိုက်စားသုံး၍ အာဟာရပြည့်ခြင်းသည် လူတိုင်းအဖို့ အားပြည့်သော ကိုယ်ကာယ၊ စိတ်ဓာတ်ခွန်အား ပြည့်ဝစေမည်ဟု ယုံကြည်မိပါသည်။

လူသားတို့၏ လူနေမှုဘဝများ၊ တွေးခေါ်ကြံဆမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့များကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်သုံးသပ်လျက် တစ်နည်းနည်းနှင့် ကူညီဖြည့်ဆည်းပေးနေကြသော စာပေပညာရှိ ကဝိအဆူဆူတို့၏ စာပေများ ပေါ်များပါလျက်နှင့် မိမိကဲ့သို့ အမြင်အာရုံချို့တဲ့သူလို၊ များပါလေလည်း တမွဲမွဲနှင့် "လောကပြိတ္တာဖြစ်ကြပါလျှင်"ဟူသောအတွေးကို ရင်နင့်အောင်ခံစားမိပါသည်။

ကမ္ဘာတွင် ခေတ်မီတိုးတက်မှု နောက်ကျရသော မိမိတို့၏ အဓိကအရင်းအမြစ်အကြောင်းရင်းမှာ စာပေအာဟာရချို့တဲ့ခြင်းကြောင့် လောကပြိတ္တာဖြစ်ကြခြင်းဟူ၍ တွေးဆမိပါသည်။ ယနေ့ခေတ်တွင် လောကပြိတ္တာများသည် သာဓုအကြိမ်ကြိမ်ခေါ်နိုင်ခွင့်ရနေကြပြီဖြစ်ရာ ထင်သာမြင်သာ သာဓုမခေါ်ကြပါက ဘယ်သောကာလ ဘယ်ဘဝမှ လောကပြိတ္တာဘဝမှ ကျွတ်လွတ်နိုင်ကြမည်နည်းဟု လောကပြိတ္တာဖြစ်ခဲ့ရသူ မိမိလည်း အတွေးနယ်ချဲ့နေမိပါတော့သည်။

သောင်းညာဏ် (ပန်းထော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# ငရဲကြီးရှစ်ထပ်ဟူသည်

ကိုမောင်သန်းဝင်း

လူဆိုတာ မွေးလာရင် သေကြရမှာ ဓမ္မတာပါ။ ဒါပေမယ့် ဘယ်လိုသေမယ်၊ ဘာကြောင့်သေမယ်၊ ဘယ်အသက်မှာသေမယ်၊ ဘယ်နေရာမှာ သေမယ်ဆိုတာ မသိကြရပေမယ့်လို့ သေတော့သေကြရမှာပါ။ အသက်တမ်းကုန်ရင် သေမယ်၊ ကံစွမ်းကုန်ရင်သေမယ်၊ သို့တည်းမဟုတ် ပယောဂတစ်ခုခုကြောင့် သက်တမ်း၊ ကံစွမ်းမကုန်သေးပေမယ့်လို့ ဥပစ္ဆေဒကနဲ့ သေရမယ်ပေ့ါ။

သေပြီးရင် ပြီးပြီလားဆိုတော့ မပြီးသေးပါဘူး။ လားရမယ့်၊ သွားရမယ့် နေရာရှိပါသေးရဲ့။ ကိုယ်ပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်အကျိုးဖလကြောင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်နဲ့ အပါယ်လေးဘုံကို သွားရလာရဦးမှာပါလို့ ဗုဒ္ဓစာပေမှာ လာရှိကြောင်း သိပြီးကြမှာပါ။

ထူးတာက လူဆိုတာ လောကသားတွေဖြစ်ကြတာ များပါတယ်။ အလိုဆန္ဒမပြည့်ရင် ဒေါသလည်းဖြစ်တတ်သလို၊ အမှားအမှန် နှစ်တန်ခွဲခြားနိုင်ခြင်းမရှိဘဲ တွေတွေဝေဝေလည်း ဖြစ်တတ်ကြပါတယ်။ အဲဒီလောဘ၊ ဒေါသ၊ မောဟတွေ အဟုန်ကြီးမှုကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်၊ ထောင်တန်းကျရတာတွေ မရှိမဟုတ် ရှိနေပါတယ်။ ထောင်ဆိုတာက အပြစ်ရှိသူတွေကိုထားတဲ့ နေရာဆိုတော့ အပြစ်ဒဏ်ပေးခြင်း အမျိုးမျိုးကို ခံစား၊ စံစားရပါလိမ့်မယ်။ လောကငရဲလို့ဆိုက ရပါလိမ့်မယ်။

သေလွန်ပြီးတဲ့ အခါကျတော့ လောဘနဲ့သေရင် ပြိတ္တာဖြစ်မယ်။ အသူရကာယ်ဖြစ်မယ်။ ဒေါသနဲ့သေရင် ငရဲရောက်မယ်။ မောဟနဲ့သေရင် တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာကို အပါယ်လေးရွာလို့လည်း အသိအမှတ်ပြုကြပါတယ်။

ဒါ့ကြောင့် ဆရာတော်ဘုရားများစွာတို့က အပါယ်လွတ်တရား၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို စဉ်ဆက်မပြတ် ဟောပြောလျက် ရှိနေခဲ့၊ ရှိနေဆဲပါ။ လျှာထွက်အောင်ဟောသော်လည်း အမှန်တကယ် လိုက်နာကျင့်ကြံအားထုတ်သူ နည်းလှပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ကြီးကလည်း "ချစ်သားအာနန္ဒာ၊ ငါဘုရား၏ လက်သည်းဖျားပေါ်၌ရှိသော မြေမှုန့်အရေအတွက်ရှိလူတို့သည် လူ့ဘဝမှသေလွန်၍ လူ့ဘဝကို ပြန်လည်ရရှိ၏။ ဤမဟာပထဝီမြေကြီးပေါ်၌ရှိသော မြေမှုန့်အရေအတွက်ရှိ သတ္တဝါတို့သည် အပါယ်ငရဲသို့ ကျရောက်ရပေ၏"လို့ ဟောတော်မူထားပါတယ်။

အပါယ်ငရဲဆိုတာက အများသိပြီးသားဖြစ်တဲ့ "ငရဲကြီးရှစ်ထပ်"ပေ့ါနော်။ အဲဒါတွေက (၁) သိဉ္ဇီးငရဲကြီး။ (၂) ကာဠသုတ်ငရဲကြီး။ (၃) သံဃာတငရဲကြီး။ (၄) ရောရုဝငရဲကြီး။ (၅) မဟာရောရုဝငရဲကြီး။ (၆) တာပနငရဲကြီး။ (၇) မဟာတာပနငရဲကြီး။ (၈) မဟာအဝီစိငရဲကြီးဆိုတာပါပဲ။

## (၁) သိဉ္ဇီးငရဲကြီး

သိဉ္ဇီးငရဲကြီးဟာ ဇမ္ဗူဒီပါကျွန်းရဲ့ အောက်အနက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်တဲ့ မြေဥမင်ကြီးမှာ တည်ရှိပါတယ်။ အလျှံပြောင်ပြောင်တောက်လောင်နေတဲ့ သံမြေအပြင်ရှိပါတယ်။ အသချေ်အနန္တမျှသော ငရဲသတ္တဝါတို့ဖြင့် ပြည့်နှက်နေပါသည်။ ငရဲထိန်းတို့ဟာ ထန်းလုံးခန့်ပမာဏရှိတဲ့ အလျှံပြောင်ပြောင်တောက်လောင်ပြီး အလွန်တရာ ထက်လှတဲ့ အထူးထူးအပြားပြား လက်နက်လုံတံတို့ဖြင့် ပစ်ခတ်ထိုးသတ် ရိုက်ပုတ်ကြတာကြောင့် ထိုငရဲသတ္တဝါတို့ ဦးခေါင်းတွေကို အပိုင်းပိုင်းပြတ်အောင် ဖြစ်စေပါတယ်။

လည်ပင်းကို အပိုင်းပိုင်းပြတ်စေပါတယ်။ ကိုယ်အပိုင်းပိုင်းပြတ်စေပါတယ်။ ခြေအပိုင်းပိုင်းပြတ်အောင် ပြုလုပ်ကြပါတယ်။ သံမြေအပြင်မှာ လဲကျကုန်တဲ့ ငရဲခံသတ္တဝါတို့ကို အလျှံပြောင်တောက်လောင်ပြီး ကြီးလှတဲ့သံတင်းပုတ်တို့နဲ့ ရိုက်ကြပြန်ပါတယ်။ အရေ၊ အသား၊ အရိုးတို့ဟာ ကြေမွကုန်ပြီး

www.burmeseclassic.com

သွေးချောင်းစီးနေပါတယ်။ ထိုအလုံးစုံတို့ကို သံမြေမှထတဲ့ မီးတို့ဟာ ခဏချင်း လောင်ကျွမ်းစေပြီး ပြာမှုန်အကြွင်းမရှိအောင် ပြုကြပါတယ်။

ငရဲကျခံရသူတို့ဟာ ဥပပတ်ဇာတိအားဖြင့် ပကတိဖြစ်မြဲ ဖြစ်ကြရပါတယ်။ အကြင်မျှလောက် မိမိပြုအပ်တဲ့ အကုသိုလ်ကံတို့ဟာ ကုန်ခြင်းသို့မရောက်သေး။ ထိုမျှလောက်သော ကာလပတ်လုံး အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း၊ အနှစ်ကုဋေ၊ အနှစ်အသင်္ချေပင် ရှည်ကြာကြကုန်သော်လည်း အဖန်ဖန်ဖြစ်မြဲ ဖြစ်၍သာ နေကြရပါတယ်။

## (၂) ကာဠသုတ်ငရဲကြီး

သိဉ္ဇီးငရဲကြီးရဲ့အောက် အစောက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်တဲ့ မြေဉမင်ကြီးမှာ တည်ရှိပါတယ်။ အလျှံပြောင်စွာတောက်လောင်နေတဲ့ သံမြေအပြင်ရှိပြီး အသင်္ချေယျအနန္တများလှတဲ့ ငရဲကျသတ္တဝါတို့နဲ့ ပြည့်နေပါတယ်။ ငရဲထိန်းတွေဟာ ထန်းလုံးပမာဏရှိတဲ့ အလျှံပြောင် တောက်လောင်နေပြီး အလွန်တရာထက်လှတဲ့ ထူးခြားဆန်းပြား လက်နက်လှံတို့နဲ့ ပစ်ခတ်ခုတ်ဖြတ် ထိုးသတ်ရိုက်ပုတ်ကြပါတယ်။ ငရဲကျသတ္တဝါတွေဟာ သံမြေမှာလဲကျပြီး သံဖြင့်ပြီးတဲ့ မည်းနက်တဲ့ မျဉ်းကြိုးတွေနဲ့ အခင်းခင်း မျဉ်းကြောင်းများစွာချလျက် အိမ်မိုးတစ်ခြမ်း ပမာဏရှိတဲ့ ပဲခွပ်၊ ပုဆိန်သွား၊ ဓားမသွားတွေနဲ့ ရှစ်မြှောင့်၊ တစ်ဆယ့်ခြောက်မြှောင့်ရှိတဲ့ အလွှာအလွှာတွေချပြီး အရိုးမကျန်ဖြစ်အောင်ထိ ပြုလုပ်ကြပါတယ်။

သွေးတွေဟာ ချောင်းပမာစီးပြီး သံမြေမှထတဲ့မီးတွေက အလုံးစုံအကုန် ခဏချင်းလောင်ကျွမ်းပြီး ပြာမှုန်မျှ မကျန် ဖြစ်စေပါတယ်။ ငရဲကျသတ္တဝါတို့ဟာ ဥပပတ်ဇာတိအားဖြင့် ပကတိဖြစ်မြဲ ဖြစ်ကြပါတယ်။ အကြင်မျှလောက် မိမိတို့ ပြုအပ်တဲ့ကံတို့ဟာ ကုန်ဆုံးခြင်းသို့မရောက်သေးဘဲ အနှစ်တစ်သိန်း၊ တစ်သန်း၊ ကုဋေ၊ အသင်္ချေပင်ရှည်ကြာပြီး အဖန်ဖန်ဖြစ်မြဲဖြစ်၍သာ နေကြရပါတယ်။

## (၃) သံဃာတငရဲကြီး

ကာဠသုတ်ငရဲကြီးရဲ့ အောက် အစောက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်တဲ့ မြေဉမင်ကြီးမှာ တည်ရှိပါတယ်။ အလျှံပြောင် တောက်လောင်နေတဲ့ သံမြေအပြင်ရှိပါတယ်။ အသင်္ချေယျ အနန္တများပြားလှတဲ့ ငရဲသတ္တဝါတို့ ပြည့်နှက်နေပါတယ်။ ငရဲသတ္တဝါတွေဟာ သုံးဂါဝုတ်မျှလောက် ကိုယ် ရှိကြပါတယ်။ အောက်သံမြေအတွင်း ခါးသို့ဆိုက်အောင်မြှုပ်၍ ထန်းတော၊ ပေတောကြီးများကဲ့သို့ အထက်အဖို့မြင့် မက်တတ်ရပ်စိုက်လျက် နေကြရပါတယ်။ အရပ်လေးမျက်နှာတို့က အလျှံ ပြောင်ဓာက်လောင်နေတဲ့ သံတောင်ကြီးလေးလုံးတို့ဟာ အလှည့်အလည်အားဖြင့် အမြဲထပြီး ထိုငရဲခံသတ္တဝါတို့ကို ဖိနင်းကြိတ်ဝါးပါတယ်။ အလျှံပြောင် တောက်လောင်နေတဲ့ သံတောင်ကြီးတွေဟာ အလွန်ပြင်းထန်တဲ့ အသံကိုမြည်လျက် အရှေ့မှ အနောက်ဘက်ဆီသွားပြီး ကြွင်းသောအရပ်တို့မှာလည်း အသီးသီးထကြွ၍ ဖိနင်းကြိတ်ဝါးသွားနေကြပါတယ်။

ငရဲခံသတ္တဝါတွေဟာ မှုန်မှုန်ညက်ညက်ကြေပြီး သွေးချောင်းစီးနေပါတယ်။ မီးရဲ့အဟုန်အားဖြင့် ခဏချင်းပျောက်ကုန်ပါတယ်။ ငရဲကျသူ သတ္တဝါတို့သည်ကား ဥပပတ်ဇာတိအားဖြင့် ပကတိဖြစ်မြဲဖြစ်ကြပါတယ်။ အကြင်မျှလောက် မိမိတို့ပြုအပ်တဲ့ ကံတို့ဟာ ကုန်ခြင်း မရောက်သေးပါဘူး။ ထိုမျှလောက်သော ကာလပတ်လုံး အနှစ်တစ်သိန်း၊ တစ်သန်း၊ နှစ်ကုဋေ အနှစ်အသင်္ချေပင် ရှည်ကြာသော်လည်း အဖန်ဖန်ဖြစ်မြဲသာဖြစ်၍ နေကြရပါတယ်။

## (၄) ရောရုဝငရဲကြီး

ထိုရောရုဝငရဲတွင် ဓူမရောရုဝငရဲနဲ့ ဇာလရောရုဝငရဲဟူ၍ နှစ်မျိုးရှိနေပါတယ်။

ဓူမရောရုဝဆိုတာ ကမ္ဘာပတ်လုံး တည်တဲ့ အလွန်ငယ်ပြီး အလွန်ပူလောင်တဲ့ အခိုးအငွေ့တွေနဲ့ ပြည့်လျှံနေတဲ့ ငရဲဖြစ်ပါတယ်။ ဤငရဲကြီးဟာလည်း သံဃာတငရဲကြီးရဲ့ အောက် အစောက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်တဲ့ မြေဉမင်ကြီးမှာ တည်နေပါတယ်။ အလျှံပြောင် တောက်လောင်တဲ့ သံမြေအပြင်ရှိပါတယ်။ အသင်္ချေယျအနန္တ များပြားလှတဲ့ ငရဲခံသတ္တဝါတွေ ပြည့်နှက်နေပါတယ်။

ငရဲခံသတ္တဝါတို့ရဲ့ကိုယ်ဟာ သုံးဂါဝုတ်မျှလောက် ရှိပါတယ်။ တောင်အတွင်းစီးဝင်တဲ့ ချောင်းမြောင်းပမာ အဲဒီ အခိုးအငွေ့တွေဟာ ငရဲကျသူ သတ္တဝါတို့ရဲ့ ကိုယ်တွင်းသို့ ဒွါရကိုးပေါက်တို့ဖြင့် အမြဲဝင်ကုန်ပါတယ်။ အလွန်ငယ်တဲ့အတွက် တစ်ကိုယ်လုံးဟာ အနှာ[illegible]

www.burmeseclassic.com

ဆားငန်ရေနဲ့ လောင်းဘီသကဲ့သို့ မခံမရပ်နိုင်ခြင်းနဲ့ အမြဲယှဉ်နေပါတယ်။ အလွန်ပူလောင်လှတာမို့ တစ်ကိုယ်လုံးဟာ အိုး၌ထည့်၍ ရှားမီးစုရဲ့အပေါ် နှိပ်၍ထားတဲ့ အသားတုံးပမာဖြစ်ပြီး ဒုက္ခပြင်းစွာ ဖြစ်ရပါတယ်။ ပြင်းထန်တဲ့အသံတွေနဲ့ အမြဲဟစ်အော် ငိုကြွေးနေကြရပါတယ်။ အကြင်မျှလောက် မိမိတို့ပြုအပ်တဲ့ အကုသိုလ်ကံတို့ဟာ မကုန်သေးပါဘူး။ အကြင်မျှလောက် ကာလပတ်လုံး အနှစ် တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ အသင်္ချေရှည်ကြာသော်ပြားလည်း ထိုဒုက္ခမှ မကျွတ်မလွတ်ကြရသေးပါဘူး။

## (၅) မဟာရောရုဝငရဲကြီး

ဇာလရောရုဝငရဲကြီးကို မဟာရောရုဝငရဲလို့ ဆိုပါတယ်။ အဲဒီငရဲကြီးဟာ တောင်ရဲ့အတွင်းသို့ စီးဝင်လာတဲ့ ချောင်းမြောင်းပမာ အဲဒီငရဲမှာဖြစ်ကြရတဲ့ ငရဲခံသတ္တဝါတို့ရဲ့ ခန္ဓာကိုယ်အတွင်းသို့ ဒွါရကိုးပေါက်တို့မှ မီးတောက်မီးလျှံတို့ဟာ အမြဲဝင်နေပြီး တစ်ကိုယ်လုံးကို လောင်နေစေပါတယ်။ အကြွင်းဆိုဖွယ်ရာကား ဓူမရောရုဝငရဲအတိုင်း ဖြစ်ပါတယ်။

## (၆) တာပနငရဲကြီး

မဟာရောရုဝ ငရဲကြီးရဲ့အောက် အစောက် ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်တဲ့ မြေဉမင်ကြီးမှာ တည်ရှိပါတယ်။ အလျှံပြောင်တောက်လောင်နေတဲ့ သံမြေအပြည့်ရှိပါတယ်။ အသင်္ချေယျအနန္တများလှစွာနဲ့ ငရဲခံသတ္တဝါတွေနဲ့လည်း ပြည့်နက်လို့ နေပါတယ်။

ထိုငရဲခံသတ္တဝါတွေဟာ ကိုယ်အင်္ဂါတို့၌ အလျှံပြောင်တောက်လောင်နေတဲ့ သံတံကျင်လျှိုတင်လျက် တစ်စုံတစ်ခုသော ကိုယ်အင်္ဂါလှုပ်ရှားခြင်းကိုမျှပြုခြင်းငှာ မစွမ်းနိုင်ကြပါဘူး။ အောက်သံ မြေမှလည်းကောင်း၊ သံတံကျင်တို့မှလည်းကောင်း မီးတောက်မီးလျှံတို့ဟာ ထပြီး ထိုငရဲသတ္တဝါတွေကို အမြဲလောင်မြိုက်စေပါတယ်။ အဲဒီမျှလောက် မိမိတို့ ပြုအပ်တဲ့ အကုသိုလ်ကံတို့ဟာ ကုန်ခြင်းသို့ မရောက်သေးပါဘူး။ အကြင်မျှလောက် ကာလပတ်လုံး အနှစ်တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ အသင်္ချေပင် ရှည်ကြာသော်ပြားလည်း အဲဒီဒုက္ခမှ မကျွတ်မလွတ် ရှိနေကြပါသေးတယ်။

## (၇) မဟာတာပနငရဲကြီး

ထိုငရဲကြီးသည်လည်း တာပနငရဲကြီးရဲ့အောက် အစောက်ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်လှတဲ့ မြေဉမင်ကြီးမှာ တည်ရှိပါတယ်။ အလျှံပြောင်တောက်လောင်နေတဲ့ သံမြေအပြင်ရှိပါတယ်။ အသင်္ချေယျအနန္တများပြားလှတဲ့ ငရဲခံသတ္တဝါတွေဟာလည်း ပြည့်နက်လို့နေပါတယ်။

ထိုငရဲကြီးမှာ အလျှံပြောင်တောက်လောင်နေတဲ့ အလွန်ကြီးမားလှတဲ့ သံတောင်ကြီးတွေရှိနေပါတယ်။ သံတောင်ကြီးတို့ရဲ့ ပတ်လည်ဝန်းကျင် သံမြေအပြင်တို့မှာ ထန်းတောကြီးသဏ္ဍာန်၊ ပေတောကြီးသဏ္ဍာန်တို့ကဲ့သို့ သံမြေမှ ထကုန်သော အလွန်ထက်လှစွာသော အဖျားရှိကုန်သော အလျှံပြောင်တောက်လောင်နေတဲ့ သံတံစို့၊ သံတံကျင်၊ သံချွန်ကြီး၊ သံတိုင်ကြီးတို့ဟာ စိုက်ထူနေလျက် ရှိနေကြပါတယ်။ ငရဲထိန်းတို့ဟာ အလျှံပြောင် တောက်လောင်နေတဲ့ လက်နက်တို့နဲ့ ရိုက်နှက်ပုတ်ခတ်ကြပြီး ငရဲခံသတ္တဝါတွေကို သံတောင်ကြီးတွေရဲ့အပေါ် တက်ပြေးစေပါတယ်။ ငရဲခံသတ္တဝါတွေဟာ မခံမရပ်နိုင်ဖြစ်ကြပြီး အလျှံပြောင်တောက်လောင်နေတဲ့ သံတောင်ကြီးတွေရဲ့အပေါ် တက်ကြရပါတယ်။

တောင်ထိပ်ကို ရောက်ကြတဲ့အခါမှာ ပြင်းထန်လှတဲ့လေတို့ဟာ ထိုငရဲခံသတ္တဝါတွေကို တိုက်လွှင့်စေတာကြောင့် ငရဲကျသတ္တဝါတွေဟာ လွင့်ပျံကြရပြီး တောင်ခြေမှာစိုက်ထူလျက်ရှိနေတဲ့ သံတံကျင်တွေရဲ့အပေါ် ဦးခေါင်းဖောက်ထိုးကျကြပါတယ်။ တစ်ဖန် ငရဲထိန်းတို့ဟာ အလျှံပြောင်တောက် လောင်နေတဲ့ သံလှံတို့ဖြင့်ထိုးပြီး အောက်သံမြေအပြင်သို့ ကျရောက်စေပါတယ်။ လက်နက်ဆန်းကြယ်တို့နဲ့ ရိုက်နှက်ပုတ်ခတ်ပြီး အလျှံပြောင်တောက်လောင်နေတဲ့ သံတောင်ကြီးကို တက်စေမြန်ပါတယ်။ အဲဒီလို အကြင်မျှ လောက်ကာလပတ်လုံး မိမိတို့ပြုအပ်တဲ့ မကောင်းမှုကံတွေဟာ ကုန်ဆုံးခြင်းသို့ မရောက်သေးပါဘူး။ ထိုမျှလောက်ကာလပတ်လုံး ပြုဆိုပြုတဲ့ နည်းအမျိုးမျိုး [illegible] လှန် ခံနေကြရတာဟာ အနှစ်တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ အနှစ်အသင်္ချေပင် ကြာကြာကုန်သော်လည်း ထိုဒုက္ခမှ မကျွတ်မလွတ်နိုင်ကြသေးပါဘူး။

## (၈) မဟာအဝီစိငရဲကြီး

မဟာအဝီစိငရဲကြီးဟာ ငရဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ရှစ်ထပ်ရဲ့ အောက်ဆုံးမှာရှိတဲ့ ငရဲကြီး ဖြစ်ပါတယ်။ မဟာတာပနငရဲကြီးရဲ့ အောက် အစောက်ယူဇနာတစ်ရာ၊ အလျားအနံ ယူဇနာတစ်သောင်းကျယ်တဲ့ မြေညမင်ကြီးရှိ သီလာပထဝီရဲ့ အပေါ်မှာ တည်ရှိပါတယ်။ အလယ်မှာ ငရဲကြီးရဲ့ လေးထောင့်ညီမျှတဲ့ အတွင်းအရပ်ဟာ အရှေ့အနောက် ယူဇနာတစ်ရာ၊ တောင်မြောက် ယူဇနာတစ်ရာ၊ အထက်အောက် ယူဇနတစ်ရာစီရှိပါတယ်။ အလျားယူဇနာတစ်ရာ၊ အမြင့်ယူဇနာတစ်ရာ၊ အထုကိုးယူဇနာစီရှိသော သံတံတိုင်းကြီးတွေဟာ အရပ်လေးမျက်နှာတို့မှာ ကာရံလျက်ရှိနေပါတယ်။ အလျားယူဇနာတစ်ရာ၊ အနံ ယူဇနာတစ်ရာ၊ အထုကိုးယူဇနာရှိတဲ့ သံပြားကြီးနှစ်ခုဟာ အထက်အောက်ကို ပိတ်ဆို့လျက် ရှိနေကြပါတယ်။

လေးမျက်နှာတို့၌ တံခါးလေးရပ်တို့သည်လည်း ရှိပါတယ်။ အောက်သံမြေမှလည်းကောင်း၊ သံတံတိုင်းလေးခုမှလည်းကောင်း ထွက်ရှိနေတဲ့ မီးတောက်မီးလျှံတွေဟာ အတွင်းသို့လည်းကောင်း၊ အပသို့လည်းကောင်း ယူဇနာတစ်ရာစီ အမြဲပျံ့နှံ့လျက်ရှိနေကြပါတယ်။ အရှေ့အနောက်မှာ ယူဇနာသုံးရာ တစ်ဆယ့်ရှစ်အားဖြင့် ယူဇနာကိုးရာငါးဆယ့်လေးရှိတဲ့အရပ်အတွင်းမှာ မီးတောက်မီးလျှံမရှိသော နေရာဌာနဟူ၍ လက်တစ်သစ်မျှ ကွက်သစ်အကြား အလပ်မရှိဖြစ်နေပါတယ်။

တံတိုင်းလေးခုတို့ရဲ့အတွင်း ဆင်းရဲခံနေကြရတဲ့ သတ္တဝါတို့ဟာ သံသေတ္တာကြီးအတွင်းမှာ မုန်ညင်းစေ့တို့ကို သိပ်နှက်ထားဘိသကဲ့သို့ အမြဲပြည့်လျက် ရှိနေပါတယ်။ ထိုသတ္တဝါတို့ရဲ့ အတွင်းအပ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ထိုငရဲကျရောက်သော ခဏမှစ၍ အနှစ်တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ အနှစ်အသင်္ချေ အသက်ရှည်နေသမျှကာလ အတွင်းမှာ အလွန်ပြင်းထန်လှတဲ့ ဒုက္ခဒေါမနဿတို့မှ လစ်လပ်တဲ့အခွင့်ဆိုတာ မျက်တောင်တစ်ခတ်မျှ မရှိပါဘူး။ ကံအစွမ်း၊ ဉပဟတ်ခန္ဓာတို့ရဲ့ အစွမ်းဖြစ်တာကြောင့်လည်း နေ့စဉ်နေ့တိုင်း ထိုမျှလောက်မက ကျရောက်၍နေကြရသော်လည်း မဆုံဆိုတာ မဟာအဝီစိငရဲကြီးမှာ မရှိပါဘူး။

## ငရဲကြီးရှစ်ထပ်တို့ရဲ့ အသက်တမ်း

လူ့တို့ အနှစ်ကိုးသန်း(၉၀၀၀၀၀၀)ဟာ သိဉ္ဇိုးငရဲကြီးမှာ တစ်ရက်ဖြစ်ပါတယ်။ ၎င်းအနှစ်ကိုးသန်းကို လေးဆတက်သည်ရှိသော် သုံးကုဋေခြောက်သန်း (၃၆၀၀၀၀၀၀) ဖြစ်ပါတယ်။ ၎င်းနှစ်ပေါင်း သုံးကုဋေခြောက်သန်းဟာ ကာဠသုတ်ငရဲကြီးမှာ တစ်ရက်ဖြစ်ပါတယ်။ (ဤနည်းတူ အစဉ်အတိုင်း လေးဆတက် တာပနငရဲကြီးတိုင်အောင် ငရဲကြီး၌ တစ်ရက်အရေအတွက်ကို သိနိုင်ပါတယ်။)

မိမိတို့ရက်ဖြင့် အရက် ၃၀ သည် မိမိတို့လဖြစ်ပြီး၊ မိမိတို့လဖြင့် ၁၂ လသည် တစ်နှစ်ဖြစ်ပါသည်။ မိမိတို့နှစ်ဖြင့် အနှစ်ငါးရာ ၅၀၀ သည် သိဉ္ဇိုးငရဲရဲ့ သက်တမ်းဖြစ်ပါတယ်။

အနှစ် ၁၀၀၀ သည် ကာဠသုတ်ငရဲရဲ့ အသက်တမ်းဖြစ်ပါတယ်။

အနှစ် ၂၀၀၀ သည် သံဃာတငရဲရဲ့ အသက်တမ်းဖြစ်ပါတယ်။

အနှစ် ၄၀၀၀ သည် ရောရုဝငရဲရဲ့ အသက်တမ်းဖြစ်ပါတယ်။

အနှစ် ၈၀၀၀ သည် မဟာရောရုဝငရဲရဲ့ အသက်တမ်းဖြစ်ပါတယ်။

အနှစ် ၁၆၀၀၀ သည် တာပနငရဲရဲ့ အသက်တမ်း ဖြစ်ပါတယ်။

အန္တရကပ်ထက်ဝက်သည် မဟာတာပနရဲ့ အသက်တမ်းဖြစ်ပါတယ်။

အန္တရကပ်တစ်ကပ်သည် အဝီစိငရဲရဲ့ အသက်တမ်း ဖြစ်ပါတယ်။

အန္တရကပ်တစ်ကပ်ရဲ့ ပမာဏဟာ မဟာပထဝီမြေကြီးသည် အထက်သို့ တစ်ယူဇနာခန့်တာနဲ့အမျှ ကြာမြင့်ပါတယ်။ အဲဒီလို ငရဲကြီးရှစ်ထပ်တို့ရဲ့ အသက်တမ်းကို "ဒီနာလင်္ကာရ"စသော ကျမ်းဂန်တို့မှာ လာရှိပါတယ်။ အပါယ်လေးဘုံမှာ အသက်တမ်းဟူ၍မရှိပါ။ ကံဟာ ပမာဏဖြစ်ပါတယ်။ သိဉ္ဇိုး၌ ငါးရာဆိုသော်လည်း ကံမကုန်ခဲ့လျှင် တစ်ထောင်လည်း နေရပါတယ်။ နှစ်ထောင်လည်း နေရပါတယ်။ သုံးလေးထောင်လည်း နေရပါတယ်။ အထက်ဖြစ်သောတမ်းတို့နှင့်လည်း ကူးယှက်ပါတယ်။ ဒါကြောင့် အပါယ်လေးဘုံတို့၌ အသက်တမ်းဟူ၍ မရှိပါဟု အဘိဓမ္မာကျမ်းဂန်မှာ လာရှိပါတယ်။

ဗုဒ္ဓစာပေများမှလာရှိသော ငရဲကြီးရှစ်ထပ်အား အကျဉ်းမျှပြဆိုခြင်းဖြစ်ပါတယ်။ လွန်စွာလွန်စွာ ကြောက်စရာငရဲနှင့်(အပါယ်လေးဘုံ) လွဲအောင်လို့ မကောင်းမှုကို ရှောင်၊ ကောင်းမှုကို ဆောင်လို့၊ စိတ်ကိုဖြူအောင်ထားနိုင်ဖို့ပါပဲ။

■ ကိုမောင်သန်းငင်း

www.burmeseclassic.com

# အယူမသီးတတ်သော်လည်း

မောင်မောင်စန်းထွေး

ယခုလို သိပ္ပံပညာထွန်းကားသော ခေတ်ကာလနှင့် ဆန်းသစ်တီထွင်သည့်အခါသမယမျိုးတွင် အမေရိကန်လူမျိုး ခန့်မှန်းခြေ သန်း ၂၀ ခန့်သည် ကံကောင်းစေရန်အတွက် ဗေဒင်များတွက်ချက်လျက် ယတြာချေမှုများ ပြုလုပ်လျက်ရှိနေသည်ဟု ဆိုသည်။ ထုံးတမ်းစဉ်လာအရ အမေရိကန်ရေတပ်သည် သောကြာနေ့တွင် သင်္ဘောအသစ်ကို ရေချခြင်း မလုပ်သလို လတစ်လတွင် ကျရောက်သော ၁၃ ရက် နေ့တွင်လည်း အထက်ဖော်ပြပါ လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်သည်ဆို၏။

အမေရိကန်နိုင်ငံတွင် ဗေဒင်ပညာဖြင့် ဝင်ငွေဒေါ်လာ သန်း ၅၀ အထိ ရရှိသည်ဟု ဆိုပါသည်။ လူတစ်ယောက်၏ အယူသီးမှုသည် စောစောပိုင်းအချိန် လူ့ယဉ်ကျေးမှု စတင်ပေါ်ပေါက်ချိန်ကတည်းက ရှိခဲ့သည်ဟု ကမ္ဘာကျော် မနုဿဗေဒင် ပညာရှင် မာဂရက်မိတ်က ဆိုပါသည်။ အမေရိကန်ပြည်ထောင်စု၊ အဲဘတ်အင်စတင်းဆေးတက္ကသိုလ် စိတ်ပညာဌာနမှ လက်ထောက်ပါမောက္ခ ဒေါက်တာအက်ဒွတ်ပောနစ်က ဘာသာရေးနှင့်သက်ဆိုင်သော အရာများသည် လူတိုင်း၏ အခန်းကဏ္ဍတစ်ခုအဖြစ် လိုအပ်ကြောင်း ပြောကြားသည်။ လူတစ်ယောက်၏ သံသယစိတ်၊ စိုးရိမ်ပူပန်စိတ်တွေကို သံသယကင်းစေရန် အကူအညီပေးခြင်းဖြင့် အယူသီးမှုသည် ထိုသူ၏ဘဝကို ခိုင်မာစေသည်ဟုဆိုသည်။ ထိုကဲ့သို့ ယုံကြည်မှုများကိုလည်း အလားတူ ဘာသာရေးယုံကြည်မှုများတွင် အယူသီးမှုများ တွေ့ရသည်ဆို၏။ အချို့သော ခရစ်ယာန်အသင်းတော်များတွင် ဘာသာရေးဆိုင်ရာ ဆွဲကြိုးများကို ဆွဲထားကြသလို မင်္ဂလာဆောင်အခမ်းအနားကျင်းပရာ၌ ဆန်ကြဲခြင်းများ ပြုလုပ်ကြသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် မင်္ဂလာဆောင် သတို့သားနှင့် သတို့သမီးတို့တွင် သားသမီးထွန်းကားစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်ဆို၏။ အချို့ခရစ်ယာန်များကမူ သူတော်စင်ရုပ်တုရှေ့တွင် ဖယောင်းတိုင်မီးထွန်းလျက် လိုရာဆုပန်ကြသည်ဆို၏။

ဤသို့ဆိုလျှင် အယူသီးမှုပေါင်း ဘယ်လောက်များများ ရှိနေသလဲဟု မေးလျှင် အယူသီးမှုနှင့်ပတ်သက်သော ဂျာမန်စွယ်စုံကျမ်း ၁၀ စောင်တွင် ဖော်ပြထားခြင်းရှိသည်ဆို၏။ အမေရိကန်ပြည်ထောင်စု လော့စ်အင်ဂျလိစ်ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ ညွှန်ကြားရေးမှူး ဝေလန်းဒီဟန်းက "Dictionary of American popular belief and superstitious" စာအုပ်ကို ပြုစုလျက် အယူသီးမှုနှင့် ပတ်သက်သည့် ဥပမာ လေးသိန်းကျော်ကို ပြုစုထားသည်ဆို၏။ ၎င်းက သူစုဆောင်းထားသော ဥပမာများသည် သူစုဆောင်းထားသည်ထက် အရေအတွက် ပို၍ရှိနေဦးမည်ဟု ဆိုသည်။

အယူသီးမှုသည် အားကစားလောကနှင့်လည်း မကင်းပေ။ ဘေ့စ်ဘောကစားသမားများသည် ဘက်တံကို ကျော်မသွားရ၊ ကစားကွင်းအနီး လမ်းလျှောက်သွားရာတွင် အဖြူ ပေးလိုင်းကို ကျော်မသွားရ၊ တက်နင်းခြင်းလည်း မလုပ်ရဟု ဆိုသည်။ အားကစားသမားများ တံတွေးထွေးခြင်းသည် အားကစားသမားအားလုံးလိုလိုကိုပင် ကံကောင်းစေသည်ဟု ဆိုသည်။ ဤအယူသီးမှုများသည် နတ်ဘုရားများကို ကိုးကွယ်သည့်ဓလေ့ ထွန်းကားခဲ့စဉ်က တံတွေးထွေးခြင်းဖြင့် ခွန်အား၏ အလယ်ဗဟိုဖြစ်ပြီး အစွမ်းထက်သော ပဉ္စလက်က အကာအကွယ်ပေးသည်ဟု ဆိုသည်။

တစ်ဖန် ဇာတ်သဘင်လောကသားများသည်လည်း အယူသီးမှုနှင့် မကင်းဟုဆိုသည်။ ကပြဖျော်ဖြေမှု ခေတ္တရပ်နားချိန်တွင် ကချေသည်အချင်းချင်း တစ်ဦးကိုတစ်ဦး အောင်မြင်ပါစေဟု ပြောရသည်။ ထိုသို့ပြောဆိုခြင်းကြောင့် မကော



www.burmeseclassic.com

www.burmeseclassic.com

ဆိုရှာ မိစ္ဆာနတ်ဆိုးများ ဝင်မပူးနိုင်၊ ဇာတ်မင်းသားများက ဗုဒ်းနည်းကို အဝတ်အစားလဲခန်းတွင် ပြောဆိုခြင်းဖြင့် ကံ ကောင်းစေရန်ဖြစ်သည်ဆို၏။ အယူသီးမှုသည် ကျမ်းစာများ (Bibles) ထွန်းကားခဲ့ချိန်ကလည်းရှိကြောင်း၊ မိန်းမများသည် နေရာတစ်ခုစီတွင် မတ်တတ်ရပ်နေကြပြီး ဂျစ်ပစီတို့က ခရစ် တော်အသတ်ခံရသည့် လက်ဝါးကားတိုင်မှ သံမှိုကို အတုလုပ် ရန် အားထုတ်နေသည်ကို လေချွန်သံပေးကာ ဟန့်တားခဲ့ သည်ဆို၏။

စကြဝဠာတစ်ခုလုံးတွင် အယူသီးမှုသည် အမြောက် အများရှိသည် ဆို၏။ နံပါတ် ၃ ဂဏန်းသည် ထူးခြားဆန်း ကြယ်သော အရေးပါမှုနှင့် စွမ်းပကားရှိသည်ဟု ကမ္ဘာမြေ ကြီးနှစဉ်ကတည်းက တည်ရှိခဲ့သည်ဆို၏။ လူတစ် ယောက် မွေးဖွားရန်အတွက် လူသုံးယောက်လိုကြောင်း၊ ၎င်းတို့မှာ မိခင်၊ ဖခင်နှင့် ကလေးဖြစ်သည်။ သို့မှသာ သူ့အလို အလျောက် အသက်ဝင်လာသည်ဆို၏။ နံပါတ် ၃ ဂဏန်း သည် ဘာသာရေးတွင်လည်း ယုံကြည်မှုရှိရာ ပုဂ္ဂိုလ်သုံးပါး ဆိုသည့် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ် တော်တို့ပေါင်းမှ ဘုရားတစ်ဆူဖြစ်သည်ဟု ကက်သလစ် ခရစ်ယာန်ဘာသာဝင်တို့က ယုံကြည်လျက်ရှိသည်။ သို့ရာ တွင် နတ်ကိုးကွယ်သူတို့ကမူ နံပါတ် ၃ ဂဏန်းသည် မြေ ကြီး၊ ပင်လယ်၊ သမုဒ္ဒရာနှင့် မိုးကောင်းကင်တို့ဖြစ်သည်ဟု ဆိုသည်။ သို့ပင်ဖြစ်သော်လည်း နေရာအတော်များများတွင် နံပါတ် ၃ ဂဏန်းသည် ကံမကောင်းသောဂဏန်းဟု ဆို သည်။ ၃ ဂဏန်းကြောင့် ဝေသည် ကျိန်စာသင့်ခဲ့သလို ပီတာသည်လည်း ကြက်သုံးကြိမ်မတွန်မီ ခရစ်တော်ကို ငြင်း ဆယ်ခဲ့သည်။

လူတို့ အယူသည်းဆုံးနံပါတ်မှာ ၁၃ ဂဏန်းဖြစ် သည်။ မကြာသေးမီအချိန်အထိ ဟိုတယ်အခန်းများ သို့ တည်းမဟုတ် ရုံးခန်းများတွင် ၁၃ လွှာ မထားသကဲ့သို့ လေကြောင်းလိုင်းများတွင်လည်း ခရီးစဉ်နံပါတ် ၁၃ ကို စီး၍ ခရီးမသွားလိုကြသည့်ပြင် လေယာဉ်ပေါ်တွင် ထိုင်ခုံနံပါတ် ၁၃ တွင်လည်း မထိုင်လိုကြဟုဆိုသည်။

အယူသည်းမှုသည် လူတစ်ဦးနှင့်တစ်ဦး မတူကြဘဲ အမျိုးမျိုးကွဲပြားခြားနားသည်ဟု ဆိုသည်။ အယူသီးမှု တစ်ဒါဇင်ခန့်မှ မြစ်ဖျားခံသည်ဟုလည်း ဆိုသည်။ လူတွေ နံပါတ် ၁၃ ကိုကြောက်လန့်ခြင်းမှာ ရှေးနော်ဒစ်တို့၏ ဒဏ္ဍာရီ ပုံပြင်တစ်ခုတွင် လိုကီ (Loki) ဆိုသူသည် လူ ၁၂ ယောက် ပါဝင်သည့် စားပွဲတစ်ခုကျင်းပရာ နေအိမ်သို့ တံခါးကို ရိုက် ချိုးဖျက်ဆီးလျက် ၎င်းသည် နံပါတ် ၁၃ အဖြစ် ပါဝင်နေရာ ယူခဲ့သည်။ ၎င်း၏ယုတ်မာမှုကြောင့် စားပွဲအပြီးတွင် ထင်ရှား ကျော်ကြားဆုံးသော နတ်ဘုရားဘာဒူး(Baldur) သေဆုံးမှု တွင် တာဝန်အရှိဆုံး ဖြစ်သည်ဆို၏။

အလားတူပင် ခရစ်တော် ယေရှုကို သစ္စာဖောက်သူ ယုဒ(Judas)သည် ခရစ်တော်၏ နောက်ဆုံးညစာစားပွဲသို့ နောက်ဆုံးမှရောက်လာသူ နံပါတ် ၁၃ ဖြစ်သည်ဟု ဆိုလေ သည်။ အယူသီးမှုမြစ်ဖျားခံရာ ထရစ်စကိုင်းဒေကာဖိုဘီးယား ဖြစ်သည်ဆို၏။ ၎င်းသည် ၁၃ ဂဏန်းကို အလွန်ကြောက် ရွံ့သူဟု ဆိုလေသည်။

ကံဆိုးမှုကြောင့်လည်း ပြဿနာအကြီးအကျယ် ဖြစ် ပွားခဲ့သည်ဆို၏။ သောကြာနေ့သည် ၁၃ ဂဏန်း ထပ်ဆင့် ဖြစ်လာခဲ့လျှင် ကံဆိုးမိုးမှောင်ကျမှုဖြစ်ကြောင်း ခရစ်ယာဉ် ကျမ်းစာထဲတွင် တွေ့ရလေသည်။ ကံဆိုးမှုနှင့် ဆက်စပ် လျက် ဖြစ်ပွားခဲ့မှုတွင် ရှေးဓမ္မဟောင်းကျမ်းစာ၌ ရှေးဦး လူသားဖြစ်သည်ဆိုသော ဝေသည် ဘုရားသခင်တားမြစ်ထား သော သစ်သီးကို သောကြာနေ့တွင် စားခဲ့သည့်အတွက် သူမနှင့်အတူ အာဒမ်ကိုပါ ဒေင်ဥယျာဉ်မှ သောကြာနေ့တွင် နှင်ထုတ်ခံခဲ့ရသည်ဆို၏။ ထို့ပြင် ကိန(Cain) သည် သူ့ညီ အာဗေလ (Abel)ကို သောကြာနေ့တွင် သတ်ပစ်ခဲ့သည် ဆို၏။ အလားတူ ကမ္ဘာတွင် ရေမရေလွှမ်းမိုးမှု ရက်ပေါင်း ၄၀ ဖြစ်ခဲ့သည်မှာလည်း သောကြာနေ့တွင် ဖြစ်ခဲ့ကြောင်း ကျမ်းစာပညာရှင်အချို့က သီတင်းပတ်၏ ပဉ္စမနေ့ဟု ဖော်ပြ ခဲ့ကြသည်။ ထို့အတူ ခရစ်ယေရှုလက်ဝါးကပ်တိုင်တွင် အသတ်ခံရသည့်နေ့မှာလည်း သောကြာနေ့ပင်ဖြစ်လေသည်။

ဗြိတိသျှရေတပ်သည် သောကြာနေ့အား ကံမကောင်း သည့်နေ့ဖြစ်နေခြင်းကို ချေဖျက်ပစ်ရန်အတွက် စစ်သင်္ဘော အသစ်ကို တည်ဆောက်လျက် သင်္ဘော၏ ရော(Keal)ငြံ

www.burmeseclassic.com

သောကြာနေ့တွင် စတင်တည်ဆောက်ခဲ့သလို သင်္ဘောကို သောကြာနေ့တွင် ရေချခဲ့သည်။

ထို့နောက် ၎င်းသင်္ဘောကို သောကြာနေ့သား မာလိန်မှူးအား ဦးစီးစေပြီး သောကြာနေ့တွင် ပင်လယ်ပြင်သို့ ထွက်သွားစေခဲ့ရာ သင်္ဘောနှင့် သင်္ဘောသားများ ပင်လယ်ပြင်တွင် ပျောက်ဆုံးခဲ့ပြီး ၎င်းသတင်းကို လုံးဝမကြားရတော့ဟု ဆိုသည်။ သို့ရာတွင် ၁၉၃၇ ခုနှစ်အတွင်း အမေရိကပျက်ကျခဲ့သော လေယာဉ်ပျံ ၉၀ အနက် လေယာဉ်ပျက်ကျမှု ၁၄ ခုသည်သာ သောကြာနေ့တွင် ဖြစ်ပွားခဲ့ပြီး လေယာဉ်အချို့ ပျက်ကျမှုတွင် လတစ်လ၏ ၁၃ ရက်နေ့တွင် ပျက်ကျခဲ့ကြောင်း သုံးသပ်ထားလေသည်။

လူအတော်များများသည် လှေကားအောက်မှ လမ်းလျှောက်မသွားကြဟုဆိုသည်။ ယုတ္တိတန်သော အကြောင်းပြချက်မှာ အပေါ်တွင် အလုပ်လုပ်သည့် ဆေးသုတ်သမား၏ ဆေးပုံး၊ သို့မဟုတ် အလုပ်သမား၏ လေးလံသော တူ၊ သို့မဟုတ် အခြားပစ္စည်းကိရိယာတစ်ခုခု ခေါင်းပေါ်သို့ကျသွားနိုင်သည်ဆို၏။ အခြားဖြစ်နိုင်သည့် ကံဆိုးမှုတစ်ခုမှာ လှေကားကို နံရံတွင် ထောင်ထားခြင်းကြောင့် တြိဂံပုံသဏ္ဍာန်ဖြစ်သွားသည်ဆို၏။ ရှေးခေတ် ခရစ်ယာန်ပုံကို မြင်ကြသည်ဆို၏။ ထို့ကြောင့် ၎င်းသည် ထာဝရဘုရား၏ နေရာဖြစ်သွားသဖြင့် ထိုနေရာကို ဖြတ်သန်းသွားလာခြင်းသည် မြင့်မြတ်သောနေရာကို ကျူးကျော်ခြင်း၊ မြင့်မြတ်သော စွမ်းအားကို အတိအလင်း မလေးမစားပြုလုပ်ခြင်းကို ကျူးလွန်ရာရောက်သဖြင့် ကံဆိုးမိုးမှောင်ကျရောက်တတ်သည်ဟု ယုံကြည်ခဲ့ကြသည်ဆို၏။

လူသိများသည့် အခြားအယူသီးမှုတစ်ခုမှာ လူနှစ်ယောက်က ကြက်ညှပ်ရိုးကိုလုကြရာ တစ်ယောက်က ပိုကြီးသောအပိုင်းရသည့်အတွက် ကံကောင်းသည်ဟုဆိုသည်။ ရှေးခေတ်ဗေဒင်ဆရာများသည် ကြက်တွန်သံကို နားထောင်၍ ထိုနေ့ဖြစ်လာမည့် အဖြစ်အပျက် လျှို့ဝှက်ချက်ကို ဖော်ပြခဲ့သည် ဆို၏။ ကြက်ဖအသတ်ခံရလျှင် ၎င်း၏ညှပ်ရိုးကို မြင့်မြတ်သည်ဟု ယုံကြည်ကြသဖြင့် ခြောက်သွေ့အောင် နေပူလှန်း၍ လူနှစ်ယောက်က ၎င်းတို့သိလိုသည့် အဝထူးကိစ္စကို မေးမြန်းအဖြေရှာရာတွင် အသုံးပြုလျက်ရှိသည်ဆို၏။

ဂျပန်နိုင်ငံတွင် ဆားယိုဖိတ်သည်ကို ကံကောင်းသည်ဟု သတ်မှတ်ကြသည်။ ကျန်ကမ္ဘာ့နိုင်ငံအားလုံးလိုလိုကမူ ဆားယိုဖိတ်မှုကို အထူးသတိထားရသည်ဟုဆိုသည်။ ရှေးခေတ်အခါက လူများသည် ဆားကို ရေရှည်ခံအောင် သိုသိပ်ထားရာတွင် အသုံးပြုသည်။ ထို့ပြင် ဆားသည် လူတစ်ယောက်အဖို့ အခွေခင်ပွန်း ရေရှည်တည်တံ့နိုင်မြဲသလို မသေမပျောက်နိုင်ဟုလည်း ယုံကြည်ခဲ့ကြသည်ဆို၏။ ဆားကို အလဟဿ ဖြုန်းတီးခြင်းသည် မိတ်သဟာယဖြစ်မှုကို ဆုံးရှုံးစေသည်၊ သို့မဟုတ် မိမိ၏အသက်ကိုပါ ထိပါးစေသည်ဆို၏။ ထို့ပြင် ဆားသည် ရှားပါး၍ တန်ဖိုးရှိသော ကုန်ပစ္စည်းတစ်မျိုးဖြစ်ခြင်းကြောင့် ဆားယိုဖိတ်မှုသည် ဘေးအန္တရာယ်ရောက်စေမည့် ထင်သာမြင်သာသော ကံဆိုးမှုကျရောက်သည်ဟု ယုံ ကြည်ကြသည်။

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ရှေးအယူသီးမှုများကို စိတ်ဖြင့်လည်းကောင်း၊ တွေးခေါ်မြော်မြင်ခြင်းဖြင့်လည်းကောင်း၊ ပြုမူလုပ်ဆောင်ခြင်းဖြင့်လည်းကောင်း ထုတ်ဖော်လျက်ရှိနေကြသည်။ ဥပမာ - သင့်နှာခေါင်းကိုပွတ်သပ်လျက် မည်သူက ခေါ်လေမလဲ၊ ဒင်္ဂါးပြားကို ခေါင်းပန်းလှန်၍ ရှုံးမည်လား၊ နိုင်မည်လားဆိုသည်ကို လုပ်ကြသည်။ အယူသီးမှု မေးမှိန်သွားရန် အလွန်ခဲယဉ်းသည်။ မနုဿဗေဒပညာရှင်ကြီး ဒေါက်တာမာဂရက်မိတ်က လူတစ်ယောက်၏ သက်တမ်းတစ်ဝက်သည် ကမ္ဘာလောက၏ နေဝင်ဆည်းဆာအချိန်တွင် ကျွန်ုပ်တို့ မချင့်မရဲဖြစ်မှုသည် တစ်ပိုင်းတစ်စအနေဖြင့် မယုံကြည်မှုနှင့် မျက်လှည့်ကမ္ဘာကြီးလို ပြုမူနေကြပါသည်ဟု ဆိုသည်။

**မောင်မောင်စန်းထွေး**

***James H. Winchester* ၏ *"I'm not Superstitious, But ....* ကို မှီငြမ်းပါသည်။**



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်သတ္တဝါများမှ လူသားတို့အားအကျိုးပြုပုံများ

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဘောင်တင်ဆွေ)

## ခြင်္သေ့

ခြင်္သေ့များသည် အကောင်ကြီး၍ ကိုယ်လုံးထွားကျိုင်းကြ၏။ အလျား ၉ ပေကျော်ရှည်ပြီး အမြင့် ၄ ပေခန့်မြင့်၏။ ခြင်္သေ့ကြီးများသည် ကိုယ်အလေးချိန် ပေါင် ၄၅၀ ကျော် ၅၀၀ ထိ ရှိကြ၏။ ခြင်္သေ့၏ခွန်အားသည် အလွန်ကြီးမားသောကြောင့် ၎င်း၏လက်ဖြင့် ပုတ်လိုက်ပါက နွား၏ဦးခေါင်းပင် ကွဲသွား၏။ နွားပေါက်ကလေးများ ချီ၍သွားနိုင်၏။ ခြင်္သေ့များသည် ပေါ့ပါးဖျတ်လတ်လျင်မြန်ကြ၏။ ခြင်္သေ့၏ကိုယ်ခန္ဓာအရှေ့ပိုင်း ရင်အုံသည် ကြီးမား၍ ကိုယ်နောက်ပိုင်းမှာ သေး၏။ သားကောင်များအား မိမိ၏ ကိုယ်အလေးဖြင့် ဆွဲလှဲပြီး ကိုက်ချီနိုင်သည်။

ခြင်္သေ့ဟူသော ဝေါဟာရသည် ကေသရီဟူသော ပါဠိမှ ကြေသရီ၊ ၎င်း ကြေသရီမှ ကြသေ့၊ ကြင်သေ့မှ ခြင်္သေ့ဟူ၍ ဆင်းသက်လာကြောင်း လေ့လာတွေ့ရှိရ၏။ မာဂဓအဘိဓာန်တွင် မိဂိန္ဒော=ခြင်္သေ့၊ ကေသရီ=ခြင်္သေ့၊ သီဟော=ခြင်္သေ့ဟူ၍ သုံးပုဒ်ပြထားသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် ကေသရာဇခြင်္သေ့ဟု ရေးသားသည်ကို တွေ့ရှိရ၏။

ခြင်္သေ့တို့သည် ကုန်းတွင်းပေါက်ဖွား ကုန်းတွင်း၌ ကျက်စားသော ကုန်းနေသတ္တဝါများ ဖြစ်ကြ၏။ ခြင်္သေ့အမျိုးအစားကို အင်္ဂုတ္တရအဋ္ဌကထာ၌ ငါးမျိုးခွဲခြားပြထားသည်ကို တွေ့ရှိရ၏။

အင်္ဂုတ္တရ အဋ္ဌကထာတွင် ဖော်ပြထားသော ခြင်္သေ့ ငါးမျိုးမှာ-


၁။ တိဏသီဟ = ပြောက်ကျားသော ကိုယ်ရေအဆင်းရှိသော နွားမနှင့်တူသည့် မြက်စားသော ခြင်္သေ့။

၂။ ပဏ္ဍုသီဟ = သစ်ရွက်လျှော်ကဲ့သို့ အဆင်းရှိသော အသားစားသော ခြင်္သေ့။

၃။ ကာလသီဟ = မည်းနက်သောအဆင်းရှိပြီး မြက်နှင့်သားကောင်များစားသော ခြင်္သေ့။

၄။ ကေသရသီဟ = နီသောနှုတ်သီးဖျား၊ အမြီးဖျားနှင့် နီမြန်းသော အစင်းသုံးစင်းတို့သည် ဦးခေါင်းမှ ကျောက်ကုန်းအလယ်သို့ရောက်အောင် ဆင်းသွားလျက် ချက်တွင် လက်ျာရစ်ပတ်ကာ တည်ရှိနေ၏။ ၎င်း၏ လည်ဆံမွေးများသည် ရွှေကွန်ယက်ကဲ့သို့ ဖြန့်ကျက်လျက် ကြွင်းသော အစိတ်အပိုင်းတို့၌ ဖြူစင်သော ခရုသင်းကဲ့သို့ ရှိကြ၏။ သားကောင်အရှင်များကိုသာ ဖမ်းယူစားသောက်လေ့ရှိ၏။

၅။ မနုသသီဟခေါ် နရသီဟသည် ခြင်္သေ့မျက်နှာနှင့်



ကေသရာဇခြင်္သေ့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ မနုဿသီဟ

လူပုံသဏ္ဍာန် ကိုယ်ဟန်ရှိပြီး အဝတ်တန်ဆာ ဆင်မြန်းထားသော ခြင်္သေ့ဖြစ်သည်။ အခါခပ်သိမ်း ရှိနေသည်မဟုတ်ဘဲ မြတ်စွာဘုရားပွင့်တော်မူစဉ် တန်ခိုးရှင်တို့ဖန်ဆင်းသော အခါမှသာ ရှိသည်ဟု သိရှိရ၏။

ခြင်္သေ့များကို ရှေးခေတ်က အာဖရိကတိုက်၊ အာရှတိုက်တောင်ပိုင်း ဥရောပတိုက် အရှေ့တောင်ပိုင်းများတွင် တွေ့ရသော်လည်း ယခုအခါ အာဖရိကတိုက်နှင့် အာရှတိုက်များပါ အနည်းငယ်တွေ့ရှိရပေသည်။ ခြင်္သေ့များသည် ပေ ၃၀ ခန့်အမြင့်ထိ ခုန်နိုင်ကြပြီး အပြေးလည်း လျင်မြန်သည်။ ခြင်္သေ့အရောင်သည် နီကြန့်ကြန့်အရောင်ရှိ၍ ခပ်လှမ်းလှမ်းမှ ရုတ်တရက် မမြင်ရပေ။

ခြင်္သေ့များသည် အလွန်ဆာလောင်မှသာလျှင် အစာရှာထွက်ပြီး ကျန်အချိန်တွင် အိပ်နေလေ့ရှိသည်။ အိပ်လျှင် မျက်လုံးတစ်ဖက်ဖွင့်ပြီး အိပ်သဖြင့် ၎င်းအားဖမ်းရန် အလွန်ခက်သည်။ ခြင်္သေ့များသည် ညနေအစာရှာထွက်လျှင် ရေအိုင်သို့သွားပြီး ရေသောက်ပြီးလျှင် ပတ်ဝန်းကျင် သားကောင်များရှိမရှိ အနံ့ခံ၍ ကြည့်ကြသည်။ ၎င်းနောက် ရေအိုင်အနီးရှိ ခြုံပုတ်တွင်း ပုန်းကွယ်ကာ ရေသောက်ဆင်းလာမည့် သားကောင်များကိုစောင့်၍ ချောင်းနေတတ်သည်။ အတန်ကြာသည့်တိုင် သားကောင်များပေါ်မလာပါက ကျယ်လောင်သောအသံဖြင့် ဟောက်ပြည်တတ်သည်။ ခြင်္သေ့များ သားကောင်လိုက်၍ရလျှင် အကောင်သေးပါက ကိုက်ချီ၍ မိမိဂူအထိချီသွားပြီးမှ စားသည်။ သားကောင်ကြီးပါက ဆွဲ၍သွားပြီးသိပ်ကြီးသော သားကောင်ကြီးများအား ကိုက်ဖဲ့၍ ချီသွားတတ်ကြသည်။ ခြင်္သေ့မသည်လည်း ခြင်္သေ့ထီးကဲ့သို့ အားခွန်ဗလကြီးသည်။ ခြင်္သေ့များသည် တစ်ကောင်ချင်း သားကောင်လိုက်ဖမ်းရသည်ကို နှစ်သက်ကြသည်။ သားပေါက်ကလေးများ အရွယ်ရောက်လာပါက မိသားစုလိုက် သားကောင်ကိုလိုက်၍ဖမ်းကြသည်။ ခြင်္သေ့ကလေးများသည် ၇ နှစ် ၈ နှစ်ကြာမှ အရွယ်ရောက်လာပြီး သားကောင်ဖမ်းသည့်အတတ်ကို လက်ထပ်သင်ကြသည်။

ခြင်္သေ့သည် သားသတ္တဝါတို့၏ အထွတ်အမြတ် အကြီးအမှူးဘုရင်ကား ခြင်္သေ့ပင်ဖြစ်သည်။ မြတ်စွာဘုရားလက်ထက်မှစပြီး ရှေးခေတ်အဆက်ဆက် ခြင်္သေ့ကို ပဓာနထား၍ ဦးစားပေးသုံးစွဲခဲ့ကြသည်။ ရှေးခေတ်ဘုရင်များအဆက်ဆက် အသုံးပြုခဲ့သော ပလ္လင်ရှစ်ခန်းတွင် သီဟာသနပလ္လင် (ခြင်္သေ့ရုပ်ခံသောပလ္လင်)သည် ရှေ့ဆုံးမှပါဝင်ခဲ့သည်။ ကမ္ဘာပေါ်တွင် အလွန်ထင်ရှားခဲ့သော သီရိဓမ္မာသောကမင်းကြီးသည် ခြင်္သေ့ကို စေ့ငစွာ ထောင့်စေ့အောင် သုံးစွဲခဲ့သည်။ သာသနာရေး လောကရေးနှင့် သက်ဆိုင်သော ကျောက်တိုင်များစိုက်ထူခဲ့ရာ ကျောက်တိုင်တိုင်း၏ ထိပ်တွင် ခြင်္သေ့ရုပ်များကိုသာ အသုံးပြုခဲ့သည်။ ယနေ့ထက်တိုင် တည်ရှိနေသည်ကို ဗုဒ္ဓဂါယာဘုရားဖူးသွားစဉ် တွေ့ရှိခဲ့ရပေသည်။ သာသနာရေးအတွက် စစ်တိုက်ထွက်ရာတွင်လည်း ခြင်္သေ့ရုပ်ကို ရှေ့မှထားပြီး ရဲသွေးရဲမာန် ထက်သန်စေရန်နှင့် ခြင်္သေ့၏စွမ်းပကားကဲ့သို့ ယောက်ျားပီသစေရန် စီမံဆောင်ရွက်ပေးခဲ့လေသည်။

ခြင်္သေ့၏ မြင့်မြတ်ထူးခြားပုံကို တင်စားသောအနေဖြင့် ရှေးဟောင်းရာ ဇဝင်အဆက်ဆက် ထင်ရှားသော ဘုရင်များနှင့် စစ်သူကြီးတို့သည် မိမိတို့၏ ဘွဲ့အမည်ကို သီဟသူ၊ သီဟသူရ၊ သီဟပတိ(သီဟပတေ့)ဟူ၍လည်းကောင်း၊ မဟာသီဟသူရ(မဟာသီဟသူ)ဟူ၍လည်းကောင်း ခြင်္သေ့အမည်

www.burmeseclassic.com

များ ထည့်သွင်းကာ မှည့်ခေါ်သတ်မှတ်ခဲ့ကြပေသည်။

မြန်မာလ တစ်ဆယ့်နှစ်ရာသီတွင် သီဟ(သိဟ်)ရာသီဟု ပါရှိ၏။ သီဟ(သိဟ်) (သိန်း)ဟု အသံထွက်သောကြောင့် နရသီဟကို (နရသိန်) မဟာသီဟ(မဟာသိန်)ဟုလည်း သုံးစွဲခေါ်တွင်ကြသေး၏။ ယခုအခါ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ပန်ဂျာဗီလူမျိုးတို့သည် ၎င်းတို့၏အမည်ရှေ့၌ သီဟ(သိန်) သိန်မှ (ဆိန်)ဆိန်မှ ဆင်းဟု အသံထွက်ကြ၏။ ဥပမာ ဂျက်ကြီးဆိန်ကို ဂျက်ကြီးဆင်းဟုလည်းကောင်း၊ ပါရဆိန်ကို ပါရဆင်းဟုလည်းကောင်း ခေါ်ဆိုကြပေသည်။ မန္တလေး ကျွန်းတော် ၁၀ တန်းဖြေသောနှစ်တွင် တစ်တန်းတည်းနေခဲ့သော ဂျက်ကြီးဆင်းသည် ၁၀ တန်းအောင်ပြီးနောက် ရန်ကုန်တက္ကသိုလ်သွားတက်သဖြင့် မတွေ့ရတော့ပါ။

ခြင်္သေ့များသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ မဆုတ်နစ်ခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်းတို့ကြောင့် သီဟဘွဲ့ကို ခံယူကြခြင်းဖြစ်ပေမည်။ သီဟဘွဲ့ပါသော ပုဒ်များကို ဖော်ပြရသော်-

၁။ သီဟစာရီ = မြတ်သောအကျင့်နှင့် ရဲရင့်သူ၊

၂။ သီဟတိ = ပြည့်ရှင်မင်း (အသခ်ယာစောယွမ်းသမီး စိုးမင်းကိုယ်တော်ကြီး၊ စိုးမင်းကျော်စွာထင် တမိသားချင်း မင်းသုံးဆက်တို့ နတ်ရွာလားပြီး သီဟပတိမည်သော ဆင်ဖြူသခင် မြောက်သားမင်းကြီး)ဟု ရေးထိုးထားပေသည်။

၃။ အာဏာသီဟ = ယောက်ျားမြတ်၊ အာဏာပုရိသပုဗ်ရင်း။



ဖင် (ခေါ်) အီဂျစ်မနုသီဟ

တရုတ်ယဉ်ကျေးမှု ခြင်္သေ့ရုပ်တု



၄။ မင်းရဲသီဟရာဇ် = ဟာကို သပြုပြီး သီဟရာဇ်လည်းရှိ၏။

၅။ မင်းရဲသီဟသူ=ဘုရင့်နောင် ခမည်းတော်၏ဘွဲ့။

၆။ သီဟပတေ့=သိဟ်မတေ့လည်းရှိ၏။

၇။ မဟာသီဟသူရ= အနော်ရထာ၊ နွတ်သညာနှင့် မဟာသီဟ၊ သူရရင်နှစ်၊ မင်းညွှန့်ဖြစ်သောဟု တံတားဦးတည်မော်ကွန်းတွင် တွေ့ရ၏။

၈။ သီဟသူ= သီဟသူရမည်မှတ်၊ ဝစနက်ကား လျှောက်ပတ်ညီအောင်၊ ရဲရင့်ဆောင်သား၊ သုံးထောင်တောစီး ခြင်္သေ့မျိုးသို့၊ မိုးကြိုးသံပြင်း၊ နားရင်းထစ်ထစ်၊ ပစ်သည့်ရှိလည်း၊ မသိန်းနား၊ မကြားကျိုးကျွန် နေအံ့မှန်သား၊ အလွန်နိုင်ကြည်၊ သဘောတည်လျက်ဟု တံတားဦးသံပိုင်းတွင် တွေ့ရပြန်၏။

၉။ သီဟယာတ- = ရဲရင့်သော သူရဲကောင်း။

၁၀။ နရသီဟပတေ့ = ပုဂံပြည် မင်းခွေးချေးဘွဲ့။



www.burmeseclassic.com

www.burmeseclassic.com

၁၁။ သီရိမဟာ= သီဟသူရဓမ္မရာဇာဘွဲ့ = ညောင်ရမ်းမင်းဆက် စနေမင်း၏ဘွဲ့။

၁၂။ တစီးရှင်သီဟသူ =ပင်းယမြို့ ပထမတည်သော ဆင်ဖြူတစ်စီးရှင်ဘွဲ့။

၁၃။ နေမျိုးသီဟပတေ့ = ကုန်းဘောင်မင်းဆက် တတိယမြောက်ဆင်ဖြူရှင်က ဗိုလ်ချုပ်ကြီးအားပေးသောဘွဲ့။

၁၄။ မဟာသီဟသူရ = တတိယမြောက် ဆင်ဖြူရှင်က စစ်ဗိုလ်ဝန်ကြီးအား ပေးသောဘွဲ့။

၁၅။ နေမျိုးသီဟသူရ = တတိယမြောက် ဆင်ဖြူရှင်က ဗိုလ်မှူးအမြောက်ဝန်ကို ပေးသောဘွဲ့။

၁၆။ သီရိမဟာ သီဟသူရဓမ္မရာဇာ = ပုဂံမင်းက ညီတော်မင်းတုန်းမင်းသားအား ပေးသောဘွဲ့။

ခြင်္သေ့ကြီးက မလှုပ်မယှက် အိပ်မြဲအိပ်လျက် ရှိနေသည်ဟု သိရ၏။ နောက်ဆုံး တတိယအကြိမ် ပို၍ကျယ်လောင်စွာ တီးမှုတ်ချောက်လှန့်သောအခါ ခြင်္သေ့ကြီးက မတ်တတ်ရပ်ပြီး ကျယ်လောင်စွာ ပြန်၍မြည်သည်ဟု သိရှိရ၏။ ထိုအခါမှ ဘုရင်ကြီးက "သြော် . . . ခြင်္သေ့များဟာ သတ္တိကောင်း၍ ကြောက်ရွံ့စိတ်မရှိပါလား"ဟု မျက်မြင်ကိုယ်တွေ့ သိရှိရသည်ဟူ၏။

ခြင်္သေ့နှင့်ပတ်သက်၍ ဖော်ပြရန် အကြောင်းအရာများစွာရှိ၏။ ခြင်္သေ့များသည် စည်းကမ်းထားပုံ၊ သနားတတ်ပုံ၊ ပြိုင်သင့်မှပြိုင်ပုံ၊ ကျေးဇူးသိတတ်ပုံ၊ ခြင်္သေ့ကို တုပြိုင်၍မရပုံ၊ ခြင်္သေ့အရေခြုံထားသော်လည်း ခြင်္သေ့မဖြစ်နိုင်ပုံ၊ ခြင်္သေ့နိုင်ငံနှင့် ခြင်္သေ့အလံ ထားရှိခဲ့ပုံ၊ ခြင်္သေ့၏သားတော် သီဟဗာဟုမင်းကြီး ထင်ရှားရှိခဲ့ပုံ စသည်ဖြင့် နိပါတ်တော်ဇာတ်တော်များ ရှိသော်လည်း ကျယ်မည်စိုး၍ ဖော်မပြတော့ပါ။ ခြင်္သေ့နှင့်ပတ်သက်၍ ရှေးမင်းအဆက်ဆက်တို့ ဂုဏ်တူးဘွဲ့ထူးများ ပေးသကဲ့သို့ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနေ့ အခါကြီးရက်ကြီးများတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တော်များပေးအပ်သကဲ့သို့ မြန်မာ့တပ်မတော်မှလည်း အရာရှိ အရာခံ၊ အကြပ်တပ်သားတို့အား တိုင်းပြည်အတွက် သက်စွန့်ဆံဖျားထမ်းဆောင်ခဲ့သူများအား သီဟဘွဲ့၊ သီဟသူရဘွဲ့ စသည်တို့ ပေးအပ်ချီးမြှင့်လျက်ရှိနေပေသည်။



ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအနေ ဖြင့် ခြင်္သေ့ပန်းချီ ပန်းပုလက်ရာများ၊ လူသုံးပစ္စည်း ကွမ်းအစ် ရွှေလင်ပန်း၊ ငွေလင်ပန်း၊ ရွှေဖလား၊ ငွေဖလား၊ ကြေးဖလား စသည်တို့ တွင်လည်း ခြင်္သေ့ရုပ်များ ပါရှိလျက်ရှိနေပေသည်။

ခြင်္သေ့နှင့်ပတ်သက်၍ အသုံးဝင်ပုံ၊ အကျိုးပြုပုံများ ဖော်ပြရမည်ဆိုပါလျှင် ဆုံးအံ့မထင်ပါသဖြင့် ဤမျှနှင့်ပင် နိဂုံး ချုပ်လိုက်ပါသည်။

သမားတော်ကြီးဒေါက်တာသက်ဆွေ (ရှေ့ဆောင်တင်ဆွေ
09-7305715

*Ref:*

ရှင်နာဂသိန်
ပုံပြအဘိဓာန်နှင့် ဇာတ်နိပါတ်တော်များ။



www.burmeseclassic.com

www.burmeseclassic.com

# မြေတစ်ရာ၊ သစ်ဝါးတစ်ရာ ပန်းမျိုးစုံနှစ်ရာ ပိုင်မှ လေဖြတ်ရောဂါ ပျောက်ကင်းမည်

■ ကျော်အောဟိန်း(နံ့သာ)

တိုင်းရင်းဆေးပညာအရ အာပေါ၊ ပထဝီများပြီး၊ ဝါယောဓာတ် ယုတ်လျော့နည်းပါးလာ၍ အသားများပတ်၊ အအေးဓာတ်ထပ်၍ ပတ်ဖွဲ့မိသောကြောင့် ကိုယ်ငွေ့အားနည်းလာခြင်းသည် လေဖြတ်ရခြင်းအကြောင်းရင်း ဖြစ်လေသည်။

ကိုယ်ငွေ့သည် လူသားတို့အတွက် အရေးကြီးဆုံးဖြစ်သော၊ ဝမ်းမီးမရှိမဖြစ်သော အနိုးအငွေ့တစ်မျိုးဖြစ်လေသည်။ ၎င်းကို ကိုယ်စောင့်ဓာတ်ဟုလည်း ခေါ်ကြသည်။ ကြေချက်ထုတ်လုပ်သော ဝမ်းမီးကို "ပါစကတေဇော"ဟုခေါ်၍ ထုတ်လုပ်ပြီးသော ဓာတ်(၇)ပါးတို့ကို ရောဂါနှင့်အနာမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားသော ဓာတ်မီးကို ဥသာတေဇောဟုခေါ်သည်။ ၎င်းသည် အတွေ့ဖြင့်သိကောင်းသော နေရာမှန်သမျှအတွင်းအပြင် တစ်ကိုယ်လုံးနေရာမလပ် စောင့်ကြပ်၍နေ၏။ အချမ်းကိုကာကွယ်၏။ အပူကို ထုတ်ပစ်၏။ အညစ်အကြေးမထင်အောင် စောင့်ရှောက်၏။

ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးဆွေးမြည့်စရာမှန်သမျှတို့ကို တွန်းလှန်ပေ၏။

ကိုယ်ငွေ့ခေါ် ဝမ်းမီးပါစက ကောင်းနေသော်လည်း အနေအထိုင်၊ အစားအသောက်၊ ရာသီဥတုများကြောင့် ဝမ်းမီးပါစကည့်ကာ ဝါယောလေဓာတ်ယုတ်လျော့နည်းပါးလာသောအခါ လေဖြတ်ခြင်း ဝေဒနာခံစားရလေတော့သည်။

လေရောဂါဖြစ်မှန်း သိလျှင်တော့ အနာသိကဆေးရှိပါသည်။ စာရေးသူ၏ ဦးလေးတွင် လေဖြတ်ရောဂါဖြစ်ပွားရာ လက်တွေ့ပျောက်ကင်းအောင် ကုသပေးနိုင်သော အစွမ်းထက်သည့် မြန်မာတိုင်းရင်းဆေးကို ဖော်ပြလိုက်ပါသည်။

ဦးလေး ဦးမောင်ကြွယ်သည် တစ်နေ့တွင် လေဖြတ်ရောဂါဝေဒနာခံ စားရသဖြင့် အိပ်ရာထဲတွင် ဗုန်းဗုန်းလဲနေပါသည်။ သားသမီးများနှင့် သူ့မိန်းမက ဆေးခန်းသို့ ဆိုက်ကားငှားပြီး လာခဲ့ရပါသည်။

ဆေးခန်းသို့ရောက်သောအခါ ဆရာဝန်က သေချာစွာ စစ်ဆေးပြီး ဆေးနှစ်လုံးထိုးပေးလိုက်သည့်အပြင် သောက်ဆေးများကိုလည်း ပေးလိုက်ပါသည်။ နောက်ထပ်တစ်ပတ် ဆေးဆက်ထိုးရန် ဆရာဝန်ကမှာကြားလိုက်ပါသည်။

ဦးမောင်ကြွယ်ထံသို့ အနီးအနားမှ အသိမိတ်ဆွေဆွေမျိုးများက သတင်းလာမေးကြပါသည်။

၎င်းအထဲတွင် ခေါင်းရင်းအိမ်မှ အသက် ၁၀၃ နှစ်ရှိသော "ဒေါ်မငယ်"သည်လည်း ပါသည်။

ဒေါ်မငယ်က…

"မောင်ကြွယ်…လေဖြတ်တဲ့ရောဂါကို ငါကုပေးမယ်ကွာ။ သုံးရက်အတွင်း မင်းသိသာသက်သာစေရမယ်။ ၁၀ ရက်အတွင်းမှာ ရှင်းရှင်းပျောက်စေရမယ်။ မင်းအင်္ဂလိပ်ဆေးကို ဆက်မထိုးနဲ့တော့။ ငါပေးတဲ့ဆေးကို သုံးရက်သောက်လို့မှ မသက်သာဘူးဆိုရင် မင်းကုချင်တဲ့ဆရာနဲ့ ကုတော့" ဟုဆိုပြီး ဒေါ်မငယ်က လေဖြတ်နေသော ဦးမောင်ကြွယ်ကို တစ်နေ့လျှင် ဆေးသုံးကြိမ်လာတိုက်ပါသည်။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဖြစ်ပါသည်။

သုံးရက်မြောက်သောနေ့တွင် ဦးမောင်ကြွယ်ခံစားနေရသော လေဖြတ်ရောဂါမှာ သက်သာစပြုလာပါသည်။ ဤသို့ဖြင့် ဆေးကိုဆက်လက်သောက်လာခဲ့ရာ ၁၀ ရက်ခန့်အမှုအကြာတွင် ဦးမောင်ကြွယ် လမ်းလျှောက်လာနိုင်ပါသည်။

တစ်လခန့်အကြာတွင် ဦးမောင်ကြွယ်ခံစားနေရသော လေဖြတ်ဝေဒနာမှာ ရှင်းရှင်းပျောက်ကင်းသွား[illegible]သည်။ ခေတ်ပေါ် နိုင်ငံခြား ဆေးဝါးများမသုံးစွဲဘဲ၊ ဆေး[illegible]ကို[illegible]

www.burmeseclassic.com

မသောက်ရဘဲနှင့် တစ်လအတွင်း ရှင်းရှင်းပျောက်ကင်းသွားသော အစွမ်းထက်သည့်ဆေးနည်းကို ကာယကံရှင် ဦးမောင်ကြွယ် သိလိုလာသည်။

ထို့ကြောင့် တစ်နေ့တွင် မိမိခံစားခဲ့ရသော လေဖြတ်ရောဂါဝေဒနာကို ပျောက်အောင်ကုသပေးခဲ့သောအသက် ၁၀၃ နှစ်ရှိ ဒေါ်မယ်ယ်အား ငွေနှစ်ထောင်ကန်တော့ပြီး ဆေးနည်းများလည်းပြောပြပါရန် အသနားခံလေသည်။

အလားတူ လေဖြတ်ရောဂါဖြစ်နေသူတွေ့လျှင် ကုသိုလ်အဖြစ် ကုသရန်ဖြစ်ကြောင်း ပြောပြလေသည်။

ဒေါ်မယ်ယ်က ကန်တော့ငွေများကို လုံးဝလက်မခံဘဲ

"မင်းကို ကုသလို့ပျောက်သွားတယ်ဆိုတာနဲ့ပဲ အဒေါ် ကုသိုလ်ရပါပြီ။ နောက်အလားတူ လေဖြတ်ရောဂါသည်တွေ တွေ့ရင် ကုသိုလ်ဖြစ်ကုသပေးပါ။ ဆေးနည်းကတော့ မြေတစ်ရာ၊ သစ်ဝါးတစ်ရာ၊ ပန်းမျိုးစုံနှစ်ရာပိုင်မှ လေဖြတ်၊ လေပြန်၊ လေရောဂါမှန်သမျှ အကုန်ပျောက်တယ်။ မှတ်ထားပါ။ ဒီလိုပြောလိုက်ရုံနဲ့ မင်းဆေးနည်းကို သိနိုင်ပါ့မလား"

ဦးမောင်ကြွယ်က -

"ကျွန်တော်မသိပါဘူးအဒေါ်၊ ကျွန်တော့်ကို ရှင်းအောင်ပြောပြပါ"

ဒေါ်မယ်ယ်က . . .

"အေး . . . အေး သေသေချာချာ မှတ်ထားပေတော့။ မြေတစ်ရာကတော့ (နဂါး)အိမ်ဖြစ်ပါတယ်။ နဂါးကောင်လေးတွေက သူတို့အိမ်ဆောက်ဖို့ မြေကြီးကို အခေါက်ခေါက်အခါခါ သယ်ယူပြီး သူတို့ပါးစပ်ကအဆိပ်တစ်မျိုးနဲ့ပေါင်းစပ်ဖွဲ့စည်းပြီး အိမ်ဆောက်တယ်။ အဲဒီ အကောင်လေးတွေ ပေါက်လာပြီး အိမ်ကိုစွန့်ခွာသွားတဲ့အခါ အဲဒီအိမ်ကို အသုံးပြုရတာပါ။ အဲဒီအိမ်ကို မြေတစ်ရာလို့ ခေါ်တယ်လေ"

"သစ်ဝါးတစ်ရာကတော့ ကျပ်ခိုးဖြစ်ပါတယ်။ ကျပ်ခိုးဟာ မီးဖိုကျပ်ခိုးစင်ပေါ်က ရရှိတဲ့အရာဖြစ်ပါတယ်။ ထမင်းအိုး၊ ဟင်းအိုးနဲ့ အခြားတည်လိုတဲ့ အိုးတွေအတွက် သစ်၊ ဝါးနဲ့ မီးလောင်စာအဖြစ် ထင်းဆိုက်ရတဲ့အခါ မီးခိုးတက်ပြီး ကြာလာတော့ ကျပ်ခိုးဖြစ်ပေါ်လာပါတယ်။ အဲဒီကျပ်ခိုးကို သစ်ဝါးတစ်ရာလို့ ခေါ်ဆိုပါတယ်"

"ပန်းမျိုးစုံနှစ်ရာကတော့ ပန်းမျိုးစုံရဲ့ ဝတ်ရည်ကို များများစုပ်ယူစုဆောင်းထားတဲ့ ပျားအိမ်ကရရှိတဲ့ ပျားရည်ကို ပန်းမျိုးစုံလို့ဆိုလိုခြင်း ဖြစ်ပါတယ်"

အထက်ပါဆေးအမယ်များကို စပေါင်းပြီး ဆေးစပ်ရန်နည်းမှာ . . .

မြေတစ်ရာခေါ် နဂါးအိမ်မြေ တစ်ဆ (လက်ဖက်ရည်တစ်ဇွန်းခန့်)

သစ်ဝါးတစ်ရာခေါ် ကျပ်ခိုးတစ်ဆ (လက်ဖက်ရည်တစ်ဇွန်းခန့်)

ပန်းမျိုးစုံနှစ်ရာခေါ် ပျားရည်နှစ်ဆ (လက်ဖက်ရည်နှစ်ဇွန်းခန့်)

အဲဒီဆေးတွေကို စပေါင်းဖော်ပြီး လက်ခလယ်နှင့်မွှေနံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပေးရင် လေဖြတ်လေပြန်ရောဂါမှန်သမျှ သက်သာပျောက်ကင်းတယ်လို့ မှတ်ထားပေတော့ မောင်ကြွယ်ရေ"ဟု အသေးစိတ်ရှင်းပြပါသည်။

### ဆေးနည်းများ၏ အဓိပ္ပာယ်ရှင်းလင်းချက်

မြေတစ်ရာ၊ သစ်ဝါးတစ်ရာ၊ ပန်းမျိုးစုံနှစ်ရာ(ပိုင်မှ) ဆိုလိုရင်းမှာ အထက်ပါဆေးအမယ်များကို စပေါင်းဖော်ပြထားသည့် အမျိုးအစားအတိုင်း သောက်ပြီး မိမိဝမ်းထဲရောက်သောကြောင့် (ပိုင်)ခြင်းဟုဆိုလိုခြင်း ဖြစ်ပါသည်။

ပျားရည်နှစ်ဆထည့်ရခြင်းမှာ မြေတစ်ရာအတွက် ပျားရည်ကို တစ်ဆထည့်ရပါသည်။ သစ်ဝါးတစ်ရာအတွက် ပျားရည်ကို တစ်ဆထည့်ရပါသည်။

ထို့ကြောင့် ပျားရည်(တစ်ဆ) နှစ်ခါထည့်ရသောကြောင့် ပျားရည်နှစ်ဆ ထည့်ရခြင်းဖြစ်ပါသည်။ လေဖြတ်ရောဂါခံစားနေရသူအနေဖြင့် ၎င်းဆေးကိုသောက်၍ လမ်းလျှောက်နိုင်သောအခါ တစ်နေ့ နှစ်ကြိမ်သောက်ရပါမည်။

သိသာစွာ သက်သာလာလျှင် တစ်နေ့လျှင်တစ်ကြိမ်သာ သောက်ရပါမည်။

(လေဖြတ်၊ လေပြန်ရောဂါအတွက် အစွမ်းထက်သောဆေးတစ်လက်အဖြစ် တင်ပြလိုက်ပါသည်။)

ကျော်ဇေယျဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် အသီးအနှံများ

■ သုတေသီဆရာငြိမ်း

### ဆေးစွမ်းထက်သည့် မာလကာ

မိုးဦးကျရာသီ ရောက်ပြီဆိုသည်နှင့် တလှိုင်လှိုင်ထွက်ရှိသော သစ်သီးတစ်မျိုးမှာ မာလကာသီးဖြစ်၏။ ရန်ကုန်တိုင်းအတွင်းရှိ တွံတေးမြို့နယ်သည် မာလကာသီး အလျှံပယ်ထွက်ရှိသည့် နယ်မြေဒေသဖြစ်ပေသည်။ မာလကာသီးတွင် အူဖြူသီး၊ အူနီသီးဟူ၍ရှိရာ နှစ်မျိုးစလုံးပင် သွားရေစာအဖြစ် စားသုံးလေ့ရှိကြသည်။ မာလကာသီးကိုစားလျှင် အစေ့ကို သတိထားသင့်သည်။ အစေ့သည် အူလမ်းကြောင်းအတွင်း ရောက်ရှိသွားပါက အူအတက်ရောင်ဝေဒနာ ဖြစ်ပေါ်ကာ အသက်အန္တရာယ်ပေးတတ်ပေသည်။

မာလကာသီးတွင် ပရိုတိန်း၊ အဆီ၊ တွင်းထွက်ဓာတ်၊ ကာဗိုဟိုက်ဒရိတ်၊ ကန့်ဓာတ်၊ ဗီတာမင်ဘီ၊ ဘီတာ မင်စီနှင့် ဗီတာမင်အေဓာတ်တို့ ပါဝင်ကြသည်။ မာလကာသီးကို စားသုံးခြင်းအားဖြင့် နှလုံးအားနည်းခြင်းကို အားပြည့်စေရုံမက အဆုတ်ကိုလည်း အားရှိစေ၏။ မာလကာသီးကို စားသုံးမည်ဆိုပါက ချိုသောအသီး၊ ပွသောအသီးကိုသာ စားသင့်၏။ အမှည့်လွန်နေပါက မစားသုံးသင့်ပါပေ။ စိမ်းရင့်နေသည့် အနေအထားတွင်လည်း မစားသင့်ပေ။ မာလကာသီးကို စားသုံးသဖြင့် အစာကိုကြေကျက်စေ၏။ ထမင်းစားပြီး တစ်နာရီခန့်ကြာမှ ဆား၊ သံပရာနှင့် ငရုတ်ကောင်းတို့ထည့်၍ စားပါက ဝမ်းကိုပျော့ပျော့သွားစေတတ်၏။ (သတိပြုရန်မှာ အများကြီးမစားရ။ ၁၅ ကျပ်၊ ၁၈ ပဲသားဝန်းကျင်ခန့်သာ စားသင့်ပါသည်။ များများစားခဲ့ပါက ဗိုက်နာတတ်ပါသည်။)


အမှည့်လွန်သော မာလကာသီးကို စားမိပါက၊ သို့မဟုတ် မာလကာသီးစားပြီး ရေများများသောက်မိပါက ဝမ်းသွား (ဝမ်းပျက်)တတ်ခြင်း၊ စိုးရိမ်ပူပန်မှုဖြစ်ရကာ ဝမ်းဗိုက်နာကျင်ခြင်း၊ အောင့်ခြင်းများ ခံစားရတတ်ပါသည်။

**၁။ အဆစ်အမြစ်များ ရောင်ရမ်းကိုက်ခဲနေလျှင်**

မာလကာရွက်ကို ထုထောင်း၍ အပြားပါးပါးပြုလုပ်ကာ ကိုက်ခဲနေသော အဆစ်အမြစ်များပေါ်သို့ အုံပေးကပ်ပေးပါ။ ဖောရောင်ခြင်း၊ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၂။ မူးဝေခြင်း၊ သွေးတက်ခြင်းများဖြစ်လျှင်**


မာလကာသီးကို ရှာလပတ်ရည်ပြုလုပ်၍ သုံးဆောင်





www.burmeseclassic.com

www.burmeseclassic.com



ပေးပါက မူးဝေခြင်းနှင့် သွေးတက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၃။ သွားများ နာကျင်နေလျှင်

မာလကာရွက်ကိုဝါး၍ အရည်ကို ခဏတာမျှ မကြာမကြာငုံထားပြီး ထွေးပစ်ပါ။ သွားများနာကျင်နေမှု သက်သာသွားပါလိမ့်မည်။

## ၄။ ဝမ်းတွေပျက်နေလျှင်

မာလကာအရွက်နှင့် အမြစ်၏ အခေါက်ကို ကျို၍ သောက်ပေးပါက ကလေးများ၌ဖြစ်တတ်သော နာတာရှည် သူငယ်နာဝမ်းပျက်ရောဂါများ သက်သာပျောက်ကင်းပါလိမ့်မည်။

## ၅။ လိပ်ခေါင်းရောဂါ ခံစားနေရလျှင်

မာလကာသီးအမှည့် (အမှည့်လွန်သောအသီး မဟုတ်) တစ်လုံးကိုယူပြီး ထက်ခြမ်းခွဲပါ။ အောက်ဖက်မှ အခြမ်းကို စမုန်ဖြူအား အမှုန့်ကြိတ်၍ ဖြူးပေးပါ။ ထို့နောက် အထက်ပိုင်း မာ ပကာသီး အခြမ်းကိုယူ၍ ယခင် အောက်ပိုင်း မာလကာသီး (စမုန်ဖြူဖြူးထားသော)အခြမ်းနှင့် မျက်နှာချင်းဆိုင်တေ့၍ အုပ်လိုက်ပါ။

~ိ ့စ်ခြမ်းပေါင်းစပ်ထားသော မာလကာသီးကို ရွှံ့အစို့ ၍ထားပြီး တစ်ညဥ့်လုံး အပြင်မှာ အအေးခံထားပါ။ ထိုမာလကာသီးမှာ ဩဇာဓာတ်အပြည့်အဝ ရှိလာပါလိမ့်မည်။ နံနက်ပိုင်းတွင် ထိုဩဇာဓာတ်ရှိသော မာလကာသီးကိုယူ၍ အပြင်၌ပတ်ထားသော ရွှံ့(မြေစို)တို့ကို ခွာပစ်ပြီးလျှင် အဆိုပါ မာလကာသီးကိုစားပါ။ တစ်ပတ်ဆက်စားပေးပါက လိပ်ခေါင်းရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၆။ ဝမ်းတွေသွားနေ၊ ပျို့အန်နေလျှင်

မာလကာရွက်ကိုပြုတ်၍ သောက်ပေးပါက ဝမ်းသွားပြီး ပျို့အန်သောရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၇။ သူငယ်နာဝမ်းပျက်ခြင်း နာတာရှည်ခဲ့လျှင်

မာလကာအရွက်နှင့် အမြစ်၏အခေါက်ကို ကျို၍ သောက်ပေးပါက ကလေးများ၌ဖြစ်တတ်သော နာတာရှည် သူငယ်နာ ဝမ်းပျက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၈။ ဦးခေါင်းတစ်ခြမ်း ကိုက်နေလျှင်

နံနက်စောစော(နေမထွက်မီ) အိပ်ရာမထ၍ စိမ်းစိုသော မာလကာရွက်ကိုခူးပြီးလျှင် ကျောက်ပျဉ်၌ အိလာအောင်ကြိတ်ပါ။ ထို့နောက် ဦးနှောက်တည်ရှိရာ အထက်မှ လိမ်းပေးပါ။ လိမ်းပြီးမှ အကိုက်အခဲမပျောက်သေးလျှင် နှစ်



www.burmeseclassic.com

www.burmeseclassic.com

ရက်ဆက်တိုက် လိမ်းပေးရပါမည်။ ဦးခေါင်းတစ်ခြမ်း ကိုက်ခြင်းများ သက်သာပျောက်ကင်းပါလိမ့်မည်။

**၉။ စအိုမှ ဖင်နီတာထွက်လျှင်**

အကြောင်းအမျိုးမျိုးကြောင့် ကလေးငယ်၏စအိုမှ ဖင်နီတာထွက်ခြင်း၊ အသက်အရွယ်ကြီးသောအခါ ဝမ်းသွားရခက်ခဲခြင်း၊ ဝမ်းချုပ်ခြင်းကြောင့် စအိုအပြင်ဝသို့ ထွက်ခြင်းများကို ဂံစနိကလာဟု ခေါ်၏။ ထိုရောဂါကို လက်ချောင်းကလေးနှင့် မတင်ပြီးလျှင် အတွင်းသို့ပြန်သွင်းကာ မာလကာရွက်ကို ကြိပ်ထုပ်ပြု၍ ဖင်နီတာကို ကပ်ပေးပါက ရက်အနည်းငယ်အတွင်းမှာပင် သက်သာပျောက်ကင်းပါလိမ့်မည်။

**၁၀။ အနာခွေး အနာအိုများရှိလျှင်**

သွေးသားမကောင်း၍ သွေးများ ဖောက်ပြန်ပျက်စီးပါက ခန္ဓာကိုယ်နေရာအနှံ့ အနာများပေါက်ခြင်း၊ ယားယံခြင်း၊ ပျောက်နိုင်ခဲသော အနာအို၊ အနာခွေးများ ဖြစ်တတ်သည်။ ထိုသို့ဖြစ်ပါက မာလကာသီးတစ်လုံးကို အမြဲတစေ နေ့လယ် ၂၀၀ နာရီ၌ စားပေးပါ။ သုံးရက်မြောက်သောနေ့၌ အစာအိမ်နှင့်အူများ အထူးသန့်ရှင်းသွားပါလိမ့်မည်။

အူအတွင်း၌ ကြာမြင့်စွာ ခိုအောင်းနေသော အပူများလည်း ချုပ်ငြိမ်းသွားပါလိမ့်မည်။ ထိုအတူ သွေးများမှာလည်း သန့်ရှင်းစင်ကြယ်သွားကာ ခန္ဓာကိုယ်၌စွဲကပ်နေသော ပြည်တည်နာ၊ ဖက်ခွက်နာနှင့် ပွေးဝဲယားနာများ အနာခွေး အနာအိုများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၁။ စိတ်ရောဂါရှိနေလျှင်**

လွန်စွာချိုမြသော မာလကာသီးကို ရက်ပေါင်း ၄၀ တိတိ တစ်ဆက်တည်းကျွေးရပါမည်။ နေ့ဘက် ထမင်းစားပြီး ၁၂ ကျပ်၊ ၈ ပဲ၊ ညနေ ၄ နာရီ အချိန်တွင် ၁၂ ကျပ် ၈ ပဲသားကျွေးပါ။ ထိုမာလကာသီးထဲသို့ ဆား၊ ငရုတ်ကောင်း၊ သံပရာ သင့်ရုံထည့်ပါ။ ရက်ပေါင်း ၄၀ ကျွေးပြီးပါက ဦးနှောက်နှင့်သက်ဆိုင်သော ကြွက်သားများအား အင်ပြည့်လာပါလိမ့်မည်။ ဦးနှောက်တွင် စုနေသော အခိုးပူငွေ့များ ထွက်လာပါလိမ့်မည်။ စိတ်ရောဂါလည်း ပျောက်ကင်းသွားပါလိမ့်မည်။

ချိုမြိန်သော မာလကာသီးကို စားပေးပါက စိုးရိမ်ပူဆွေးနေမှုများ လျော့ပါးပျောက်ကွယ် သွားပါလိမ့်မည်။

**ဆေးစွမ်းထက်သည့် ဆီမီးတောက်ပင်**


ဆီမီးတောက်ပင်သည် တစ်နှစ်ခံ ပင်ပျော့နွယ်ပင်ဖြစ်၏။ ၎င်း၏အရွက်ကို လေ့လာကြည့်လျှင် အပင်၏အောက်ပိုင်း၌ ရွက်ဆိုင်ထွက်၍ အပေါ်ပိုင်းတွင် ရွက်လွှဲထွက်၏။ ၄ လက်မမှ ၆ လက်မကျော်ခန့်အထိ ရှည်၏။ ရွက်ဖျားချွန်၏။ အပွင့်ပွင့်ပြီဆိုလျှင် အပွင့်ကြီး၍ ပွင့်ဖတ်ခြောက်ခုရှိသည်။ အနီရင့်ရောင်နှင့် ရွှေဝါရောင်ရောနေသည်။ အပွင့်မှာ ထီးတည်းဖြစ်၍ ပွင့်ဖတ်တွင် အဖုအထစ်များရှိ၏။ မီးတောက်၊ မီးနွယ်မီးညွှန့်နှင့်တူသဖြင့် ဆီမီးတောက်ဟု အမည်ပေးခဲ့လေသလားမသိ။ ပွင့်ညှာရှည်၍ အလုံးကြီး၏။ ဝါဆို၊ ဝါခေါင်လများ၌ ပွင့်လေ့ရှိ၏။ အပွင့်တို့ ရင့်သည်ကို လိုက်၍ အစိမ်း၊ အဝါ၊ အနီတို့ ဖြစ်ကုန်၏။

အသီးမှာ ရှည်လျားသေးသွယ်သော သီးတောင့်ဖြစ်၍ နှစ်လက်မခန့် ရှည်၏။ အမြစ်ဥတွင် အမဥနှင့် အဖိုဥဟူ၍ နှစ်မျိုးရှိ၏။ ဥ၌ အမဥသည် လုံးပြီး အဖိုဥမှာမူ ရှည်၏။ အသားထူပြီး လက်မဝက်မှ တစ်လက်မအထိရှည်၏။ အာလူးသီးကဲ့သို့ဖြစ်၏။ ဆီမီးတောက်ဥသည် မြေကြီး၌ ထွန်သကဲ့သို့ ကောက်ကွေ့သွား၏။ ဆီမီးတောက်ဥသည် ဖြူသော အဆင်းရှိ၍ အမျှင်တို့ထူကြသည်။

ဆီမီးတောက်ပင်သည် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ပေါက်ရောက်ရှင်သန်လေ့ရှိပြီး သဘာဝပေါက်ပင် အမျိုးအစားထဲ၌ ပါဝင်၏။ အထူးသဖြင့် သမပိုင်းရာသီဥတု၌ ပို၍ ရှင်သန်ပေါက်ရောက်တတ်ကြ၏။ ဆီမီးတောက်၏ အရသာမှာ ဖန်၏။ စပ်၏။ ခါး၏။ ပူ၏။ အရွက်၊ အမြစ်၊ ဥနှင့် အပွင့်တို့ကို ဆေးအဖြစ် အသုံးများပြီး ဆီမီးတောက်ဥ၌ ပြင်းထန်သော အဆိပ်ပါရှိသည့်အတွက် တိုင်းရင်းဆေးသမားတော်ကြီးများ၏ ညွှန်ကြားချက်ဖြင့်သာ သုံးစွဲသင့်ပေသည်။

ဆီမီးတောက်မြစ်ဥသည် မြွေနှင့် ကင်းကိုက်ခြင်းတို့၌ ဆေးဖက်ဝင်၏။ ဆီမီးတောက်ဥသည် အဆိပ်များကိုနိုင်သည့်အပြင် အားတိုးဆေးတွင်လည်း အသုံးပြုလေ့ရှိသဖြင့်

www.burmeseclassic.com



လွန်စွာထူးခြားသောအပင်ဟု ဆိုရပေမည်။ ဂုဏ်သတ္တိ နှင့် စွမ်းရည်တို့ကား ကြေလွယ်၏။ ထက်မြက်၏။ သည်းခြေကို ဖြစ်စေ၏။ လေသလိပ်ကိုနိုင်၏. ဆီးကိုရှင်စေ၏။ အနာပေါက်ခြင်း။ ဆီးအိမ်နာကျင်ကိုက်ခဲခြင်း။ အဆိပ်၊ ကိုယ်ရေပြားရောဂါ၊ ဖောရောင်ခြင်း။ မြင်းသရိုက်၊ အဆုတ်နာ၊ ထိုးအောင့်ခြင်းတို့အတွက် လွန်စွာအစွမ်းထက်ပေသည်။

၁။ ခန္ဓာကိုယ် တစ်နေရာရာ၌ ထိခိုက်ရောင်ရမ်းနေလျှင်

ဆီမီးတောက်ဥကို သွေး၍ ဝေဒနာဖြစ်ပေါ်ခံစားနေရသော နေရာပေါ်သို့ လိမ်းကျံပေးပါက ထိခိုက်ရောင်ရမ်းနေမှုများ လျော့ပါးသက်သာသွားပါလိမ့်မည်။

၂။ ကိုယ်ဝန်ဆောင်များ လွယ်ကူစွာ သားဖွားနိုင်ဖို့

ဆီမီးတောက်မြစ်ဥကို စင်ကြယ်စွာ ဆေးကြောပြီး ရေနှင့်ကြိတ်ပါ။ ကြိတ်ဖတ်များရလာလျှင် ကိုယ်ဝန်ဆောင်၏ ချက်နှင့်သားအိမ်ပေါ်သို့ လိမ်းပေးအုံပေးပါက လျင်မြန်စွာ မွေးဖွားပါလိမ့်မည်။

၃။ ညောင်းကျရောဂါဖြစ်နေလျှင်

ဆီမီးတောက် အမြစ်ဥကို ထောင်း၍ ရေနှင့်စိမ်ပြီး သောက်ပေးပါက ညောင်းကျရောဂါများ သက်သာပျောက်ကင်းပါလိမ့်မည်။

၄။ ကျွတ်တီးနာ ဒုက္ခပေးနေလျှင်

ဆီမီးတောက် အရွက်နှင့် ကြောင်ပန်းရွက် သတ္တုရည်ကို ချက်၍ရသောဆီအား ရှူပေးပါက ခံစားနေရသော ကျွတ်တီးနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၅။ ကိုယ်ရေဝါရောဂါ ဖြစ်နေလျှင်

ဆီမီးတောက် အရွက်ကို အမှုန့်ပြု၍ ဒိန်ချဉ်နှင့် ရောစပ်သောက်သုံးပေးပါက ကိုယ်ရေဝါရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၆။ နားကိုက် နားနာ ဖြစ်နေလျှင်

ဆီမီးတောက်အရွက်ကို အမှုန့် ပြု၍ သံပရာရည်နှင့် နားကြွတ်ပေးပါက နားကိုက်ခြင်း။ နားနာခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၇။ အနာများ ပျောက်ကင်းလိုလျှင်

ဆီမီးတောက်ရွက်ကို အမှုန့်ပြု၍ အနာများပေါ်သို့ ဖြူးပေးပါ။ အနာတွင်ရှိနေသောပိုးများ သေကျေပျက်စီး၍ အနာများ လျင်မြန်စွာ ပျောက်ကင်းသွားပါလိမ့်မည်။

၈။ သန်ကောင်၊ တုတ်ကောင်များ ကျလိုလျှင်

ဆီမီးတောက်အရွက်ကို မှုန့်နေအောင်ထောင်းပါ။ အမှုန့်များရလာလျှင် ထန်းလျက်နှင့်ရော၍ စားပေးပါက အစာအိမ်တွင်း၌ ဒုက္ခပေးနေသော သန်ကောင်၊ တုတ်ကောင်များ ကျဆင်းသွားပါလိမ့်မည်။

■ သုတေသီဆရာငြိမ်း

(09-250174878)



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော ဆေးခါးကြီး

အောင်ဘုန်းမြင့်(ကချင်မြေ)

ဆေးစွမ်းထက်သော ဆေးခါးကြီး HERBAL MEDICINE ခေါ် သဘာဝအပင်ဆေးများထဲတွင် အလွန်ဆေးစွမ်းထက်မြက်၍ ထင်ရှားကျော်ကြားသော မြန်မာ့ဆေးပင်တစ်မျိုးကို ဖော်ပြပါဟုဆိုလျှင် ဆေးခါးကြီး ဆေးပင်ကိုသာ တင်ပြရမည်ဖြစ်၏။ ဆေးခါးကြီးသည် ရောဂါပေါင်းမြောက်မြားစွာကို ကုသပျောက်ကင်းစေနိုင်သော သဘာဝဆေးပင်မျိုးဖြစ်ပြီး အချို့ကျမ်းများက ငရုတ်ခါးဟုလည်း ခေါ်ကြ၏။ ဆေးခါးကြီးပင်၏ မူရင်းဒေသသည် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ ဖြစ်သည်ဟူ၏။ အိန္ဒိယနိုင်ငံသည် မူလ မိခင်နိုင်ငံဖြစ်ဖွယ်ရာ ရှိသည်။

ဆေးခါးပင်သည် တစ်နှစ်ခံအပင်ပျော့ အပင်ငယ်မျိုးဖြစ်သည်။ ရွက်ဆိုင်ထွက်၍ ရွက်ထိပ်ချွန် ရွက်ရင်းသွယ်ကာ လုံးသွားပုံသဏ္ဌာန်ရှိ၏။ အပွင့်မှာ အဖြူရောင်ပွင့်ခံပေါ် ခရမ်းနုရောင်နှင့် ပန်းခရမ်းရောင် အစက်အပြောက်ကလေးများပါရှိ၍ အဝကျယ်ပြီး အရင်းပိုင်းရှူးသွားသော ခေါင်းလောင်းပုံမျိုးဖြစ်သည်။ တပေါင်းလနှင့် တန်ခူးလများတွင် လှိုင်လှိုင်ပွင့်အားသန်တတ်၏။ အသီးသည် သီးရှည်မျိုးဖြစ်ပြီး သဘာဝပေါက်ပင်မျိုး ဖြစ်လေသည်။

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် အမြောက်အများတွေ့ရတတ်ပြီး အချို့က အသုံးပြုဆေးပင်အဖြစ် စိုက်ပျိုးထားတတ်ကြ၏။ ဆေးခါး၏ ပဥ္စငါးပါး အပင်တစ်ပင်လုံး ဆေးဘက်ဝင်သည်ချည်းဖြစ်၏။ ဆေးခါးကြီးနှင့် ပတ်သက်၍ မှုကွဲအနည်းငယ်ရှိသည်။ ယင်းတို့မှာ ၁။ ရှမ်းဆေးခါးကြီး၊ ၂။ ဆေးခါးကြီးငရုတ်ခါး၊ ၃။ သဘော်ာဆေးခါးကြီး (ခေါ်) ဆေးခါးငယ်၊ ၄။ လယ်ဆေးခါးကြီး ဟူ၍ လေးမျိုးရှိပြီး ရှမ်းဆေးခါးကြီးသည် အထက်ဆုံးဖြစ်သည်။

ယင်းဆေးခါးကြီး လေးပါးတွင် ခါးသောအာနိသင်ချင်းတူသဖြင့် စုပေါင်းခေါ်ဆိုခြင်းဖြစ်သော်လည်း ဆေးပင်တစ်မျိုးနှင့်တစ်မျိုး ကြောင်းတူမျိုးကွဲများဖြစ်ပြီး မတူကွဲပြားခြားနားမှု အနည်းအကျဉ်းရှိသည်ဟု ဆိုသည်။

## ဆေးအာနိသင်

ဆေးခါးကြီးသည် အေးသောဂုဏ်သတ္တိရှိ၏။ ပဥ္စငါးပါးစလုံး ခါးသောအရသာရှိ၏။ ရှမ်းဆေးခါးကြီးနှင့် သဘော်ာဆေးခါးကြီးနှစ်မျိုး၌ ပင်ကို ခါးသော အရသာတွင် စပ်သော အရသာပါဝင်နေတတ်၏။ လယ်ဆေးခါးကြီးမှအစကျန်ဆေးခါးကြီးသုံးမျိုး စလုံးဝမ်းမီးကို တောက်စေနိုင်၏။ အစာကို ကြေလွယ်စေ၏။ ဝဖြိုးစေတတ်၏။ သလိပ်နှင့် အပူသည်းခြေကိုနိုင်၏။ ငှက်ဖျား၊ တုပ်ကွေးဖျားနှင့် အဖျားအမျိုးမျိုးကို ကုသနိုင်၏။ ဆေးခါးကြီးရည်တွင် ဆီးဖြူ ဖန်ခါး သစ်ဆိမ့်အမှုန့် ထည့်သောက်ပါက နူနာရောဂါ သက်သာပျောက်ကင်းနိုင်၏။

မြန်မာတိုင်းရင်းဆေးကျမ်းများ အလိုအရ ဆေးခါးကြီးသည် မြောက်မြားစွာသော ရောဂါများကို ကုသပျောက်ကင်း ချမ်းသာရစေနိုင်သည်ဟု ဆိုသည်။ ပဥ္စငါးပါးကို အဖျားကျဆေး၊ အားတိုးဆေး၊ သွေးတိုးကျဆေး၊ လေဝမ်းဆေး၊ အဆိပ်ဖြေဆေးအဖြစ် အသုံးများကြ၏။ ဆေးခါးကြီးကို အရွယ်အလိုက် ရောဂါအလိုက် ခံနိုင်ရည်အားအလိုက် တိုက်ကျွေးရ၏။

## မြွေဆိပ်ကျနည်း

ရှမ်းဆေးခါးကြီး၏ ပဥ္စငါးပါး



www.burmeseclassic.com

www.burmeseclassic.com

အခြောက်မှုန့် ထမင်းစားဇွန်းနှင့် တစ်ဇွန်းစာကို မတ်ခွက်တစ်လုံးတွင် ခပ်ပြီး ရေနွေးပူပူနှင့် ဖျော်ထားပြီး မြွေကိုက်ခံရသူကို လက်ဖက်အကြမ်းပန်းကန်လုံးနှင့် သုံးခွက်ဆက်တိုက်ရမည်။ အနာပတ်လည်တွင် ရှမ်းဆေးခါးကြီးမှုန့်နှင့် နမ်းဆီရောထွေးလုံးနိုင်ရုံ အနေတော်နယ်၍ အုံထားပေးပြီး အဝတ်ပါးပါးလေးနှင့် စည်းထားပေးရမည်။ သုံးရက်အတွင်း သက်သာလာပါလိမ့်မည်။

ဆေးခါးကြီး ပဥ္စငါးပါးအမှုန့်မရလျှင် ရှမ်းဆေးခါးကြီးပင်စိမ်းလက်တစ်ဆုပ်စာခန့်ကို ရေသုံးပုလင်းနှင့် ထက်ဝက်ကျအောင် ကျိုချက်၍တိုက်ပေးလျှင် မြွေဆိပ်ကျစေနိုင်သည်။ မြွေကိုက်ခံရသူများသည် ရေအလွန်ဆာတတ်သဖြင့် ရေကျက်အေး အဆင်သင့်ဆောင်ထားရမည်။ ရေဆာ၍ ရေတောင်းသည့်အခါ ကျိုချက်ထားသောဆေးခါးရည် တစ်ဇွန်းတိုက်ပြီးမှ ရေကျက်အေးဆက်တိုက်ရမည်။ အနာကျက်၍ သက်သာလာပါလိမ့်မည်။

မည်သို့ဆိုစေကာမူ ခေတ်ဆေးပညာရပ်အရ မည်သည့်မြွေမျိုး ကိုက်ခံရသည်ဖြစ်စေ အနီးစပ်ဆုံး ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ကုသပေးခြင်းသာလျှင် အကောင်းဆုံးဖြစ်သည်ဟုဆိုသည်။

## ဝဲယားနာလိမ်းဆေး

ဆေးခါးကြီးအရွက်ကို မီးပြာချ၍ အုန်းဆီနှင့် ရောနယ်လိမ်းကျံပေးနိုင်ပါသည်။ ဝဲစို၊ ဝဲခြောက်၊ ယားနာပျောက်ကင်းနိုင်သည်။ နေ့စဉ် ရေမိုးချိုးပြီးတိုင်း လိမ်းပေးရမည်။

## အကြောအားနည်းလျှင်

ဆေးခါးကြီး ပဥ္စငါးပါး အခြောက်မှုန့်ကို ပျားရည်စစ်စစ်နှင့် နေ့စဉ် တေစားပေးပါက ထုံကျင်ကိုက်ခဲနာ၊ အကြောအားနည်း သောရောဂါ၊ အမျိုးသားများ ပန်းသေပန်းညှိုးရောဂါ၊ ဆီးချုပ်ဝမ်းချုပ်ရောဂါ၊ လေနာရောဂါ၊ အစာအိမ်ရောဂါ၊ အူလမ်းကြောင်းတစ်လျှောက်၌ ဖြစ်တတ်သောရောဂါ၊ အူမပိုင်း၌ဖြစ်တတ်သော ရောဂါများကို သက်သာပျောက်ကင်းစေနိုင်သည်။

## လိပ်ခေါင်းရောဂါ

ဆေးခါးကြီး၏ အမြစ်၊ အပင်၊ အခက်၊ အရွက်၊ အပွင့် ပဥ္စငါးပါးကို ထန်းလျက်နှင့်ပြုတ်တိုက်ပေးပါက လိပ်ခေါင်းရောဂါနှင့် သွေးဝမ်းရောဂါကို ပျောက်ကင်းစေနိုင်သည်။ အခြား ဝမ်းနှင့်ပတ်သက်သော ရောဂါအမျိုးမျိုးကိုလည်း စုပေါင်းကောင်းစေနိုင်သည်။

## ခေါင်းကိုက်ပျောက်ဆေး

ဆေးခါးကြီးပင်၏ ပဥ္စငါးပါးကို အရည်ကျို၍ လက်ဖက်အကြမ်းရေသောက်သကဲ့သို့ နေ့စဉ်သောက်သုံးပေးလျှင် ခေါင်းကိုက်၊ ခေါင်းမူးဝေဒနာပျောက်ကင်းစေနိုင်၏။ ထို့ပြင် အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှော ဝမ်းသက်ခြင်း၊ လေထိုးခြင်းကို ပျောက်စေနိုင်၏။

## ဆေးခါးကြီးပြုတ်ဆေး

ဆေးခါးကြီး ပဥ္စငါးပါးကို ရေသုံးခွက်တစ်ခွက်တင်ဖြစ်စေ၊ ထက်ဝက်ဖြစ်စေ ပြုတ်၍ သောက်သုံးပေးခြင်းဖြင့် ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်နာ၊ လည်ပင်းကြီးရောဂါ၊ ကလေးသန်ကောင်ရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ နှုတ်မမြိန် အစာမစားချင်သော ရောဂါနှင့် အစာအိမ်ရောဂါများကို ပျောက်ကင်းစေနိုင်သည်။

ယင်း ဆေးခါးကြီးပြုတ်ရေသည် အသည်းရောင်အသားဝါရောဂါကို သက်သာစေနိုင်ပြီး သည်းခြေကို အားကောင်းစေနိုင်သည်။ အသည်းရောဂါနှင့် သရက်ရွက်ရောဂါကို ကာကွယ်တားဆီးပေးသည်။ ပန်းနာရင်ကျပ်၊ ပသိကျိတ်နာ၊ အာသီးရောင်နာ၊ နာစေးချောင်းဆိုးဝေဒနာ၊ အဆုတ်ရောဂါ၊ ဆီးကျိတ်ရောဂါ၊ ကျောက်ကပ်ရောဂါများကို သက်သာပျောက်ကင်းစေနိုင်သည်။

ပြုတ်ရည်ဖြစ်စေ ဆေးမှုန့်ဖြစ်စေ သောက်သုံးမှီဝဲပေးခြင်းဖြင့် အခါးဓာတ်ကြောင့် သွေးအတွင်း သကြားဓာတ်လျော့နည်းလာစေနိုင်သဖြင့် ဆီးချိုသွေးချိုကို ကာကွယ်တားဆီးပေးနိုင်သည်။

## ဆေးခါးကြီး အခြောက်မှုန့်

ဆေးခါးကြီးပင်၏ ပဥ္စငါးပါးကို



www.burmeseclassic.com

www.burmeseclassic.com

နေရိပ်တွင် အခြောက်ဖြစ်စေပြီး အမှုန့်ဖြစ်အောင် ကြိတ်ယူထားသော ဆေးခါးကြီး ပွင့်ပါး အခြောက်မှုန့်ကို ရေနွေးရေအေးသင့်ရာဖြင့် သောက်သုံးမှိုဝဲပေးလျှင်(သို့) ပျားရည်ဖြင့် ဖော်စားပေးလျှင် ခန္ဓာကိုယ်သွေးသွား လည်ပတ်မှုကို ကောင်းစေနိုင်သည်။ သွေးဖြူဥထုတ်လုပ်မှုကို ကောင်းစေပြီး ရောဂါဘယများကို ခုခံတိုက်ထုတ်ပေးနိုင်သည်။ နှလုံးကို ကျန်းမာစေပြီး နှလုံးသွေးကြော သွေးခဲခြင်း၊ ကျဉ်းမြောင်းခြင်း၊ လေဖြတ်ခြင်းတို့မှ ကာကွယ်ပေးသည်။ ကိုလက်စထရောဓာတ်ကျစေ၍ သွေးတိုးရောဂါကို ကျဆင်းကောင်းစေနိုင်ပါသည်။

ဆေးခါးကြီးသည် ကိုယ်ခန္ဓာ ဓာတ်တိုး ဆန့်ကျင်ပေးနိုင်သော ANTI OXIDANT တစ်မျိုးဖြစ်သောကြောင့် HIV ရောဂါပိုးကို ဆန့်ကျင်နိုင်စွမ်းရှိ၏။ ထို့ကြောင့် AIDS ရောဂါခံစားနေရသူများအတွက် ရောဂါပိုးများ မပြန့်ပွားအောင် ကာကွယ်ပေးနိုင်သည်။ ခံဆေးသဘောဖြစ်သောကြောင့် ကာကွယ်တားဆီးပေးနိုင်သည်။

ဆေးခါးကြီးတွင် ANDROGRAPHOLIDE ဓာတ်ပေါင်းပါဝင်သဖြင့် ကင်ဆာအကျိတ်မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် အရိုးကင်ဆာ၊ ရင်သားကင်ဆာ၊ အရေပြားကင်ဆာ၊ ဆီးကျိတ်ကင်ဆာများအတွက် အားထားရသည်။ ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်သော ရောဂါများကို ကာကွယ်ပေးနိုင်ပြီး အဆိပ်အတောက်များကို ကျစေနိုင်သည်။ မိုကြောင့်ဖြစ်သော ရောဂါများကို ကာကွယ်ပေးသည်။ ကိုယ်ခံစွမ်းကို တိုးတက်မြင့်မားစေနိုင်သော ဆေးဖြစ်သောကြောင့် အစာအိမ်၊ ဆီးအိမ်၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ သရက်ရွက်၊ နှလုံး၊ သည်းခြေများ၏ လုပ်ဆောင်မှုများကို ကောင်းစေပြီး ကျန်းမာအသက်ရှည်စေသည်။ ဆေးခါးကြီးကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ မသုံးစွဲသင့်ဟု ဆိုသည်။

## ဆေးခါးကြီး လက်ဖက်ခြောက်

ဆေးခါးကြီး၏ ပွင့်ပါးကို အခြောက်လှန်း၍ လက်ဖက်အကြမ်းရည်သောက်သုံးသကဲ့သို့ ရေနွေးပူပူတွင် နေ့စဉ်ခပ်သောက်ပေးခြင်းဖြင့် ရောဂါဘယကင်းဝေးပြီး ကျန်းမာအသက်ရှည်စေနိုင်၏။ စွဲကြိခံစားနေရသော ရောဂါများကို တန့်စေ၍ မဖြစ်သောရောဂါအပေါင်းတို့မှ ကာကွယ်တိုက်ထုတ်ပေးနိုင်သည်။ သွေးကြောကျဉ်းခြင်းမှ ကာကွယ်ပေးသဖြင့် သွေးလေသွားလာမှု ကောင်းစေ၏။ ဓာတ်လေးပါးကို မှန်စေနိုင်ပါသည်။

## အဖျားအမျိုးမျိုး

ဆေးခါးကြီးသည် ငှက်ဖျား၊ တုပ်ကွေးဖျား၊ တက်ဖျားကျဖျား၊ အပူဖျား၊ အအေးဖျားများကို ကုသပျောက်ကင်းနိုင်သော ဆေးကောင်းတစ်လက် ဖြစ်သည်။ အလွယ်ဆုံးဆေးနည်းများကို တင်ပြရမည်ဆိုလျှင်…

ဆေးခါးကြီးပင်၏ ပွင့်ပါးတစ်ပင်လုံးကို လတ်လတ်ဆတ်ဆတ်နှုတ်ယူပြီး ရေစင်ကြယ်အောင် ဆေးကြောသန့်စင်ရမည်။ ယင်းဆေးခါးပင်ကြီးကို ရေသုံးခွက်တစ်ခွက်တင်ကျို၍ ဆေးမီ ဆားအနည်းငယ်ခပ်ကာ ပူပူလေး သောက်ပေးလျှင် အဖျားမှန်သမျှ ကျစေ၊ ပျောက်ကင်းချမ်းသာစေနိုင်သည်။ နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်သုံးပေးပြီး နွေးနွေးထွေးထွေး နေပေးပါက အဖျားအမျိုးမျိုးကို သက်သာပျောက်ကင်းရှင်းစေနိုင်သည်။ အမြစ်ပြတ်သည်ထိ ဆက်သောက်သုံးသွားပါက ငှက်ဖျားအမြစ်ပြတ်စေနိုင်ပါသည်။

ဆေးခါးကြီးသည် ငှက်ဖျား၊ တုပ်ကွေးဖျားနှင့် အဖျားအမျိုးမျိုး၊ ချောင်းဆိုးရင်ကျပ်အမျိုးမျိုးကို အထူးနိုင်သော ဆေးကောင်းဖြစ်သောကြောင့် နေ့စဉ်သောက်သုံးပေးလျှင် ရောဂါဘယအမျိုးမျိုးတို့မှ ဝေးရာမထိ ကင်းရှင်းကျန်းမာလာစေနိုင်ပါလိမ့်မည်။

*ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ..*

**အောင်ဘုန်းမြင့်(ကချင်မြေ)**





www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြီးရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလျှာ

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္တားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလျှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ . . . .

**ဆရာမဒေါက်တာစောယုနွယ်**

အမှတ်-၂၀၅(က)၊ ဝိတောက်(၅)လမ်း၊ မြို့သစ်(၈)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၄၁၀၈၈

www.burmeseclassic.com

www.burmeseclassic.com



# ရေအငွေ့ မာတ်ပုံ၏ အစွမ်း

■ ကျော်ဇောဟိန်း(နုံသာ)

စာရေးသူသည် ပဲပြုတ်ကို အရူးလွန် ကြိုက်နှစ်သက်သည်။ နံနက်မိုးလင်းသည်နှင့် အိမ်ရှင်မက ပဲပြုတ်နှင့်ထမင်းကြော်ထားလေသည်။ တစ်ခါတလေလည်း ပဲပြုတ်နှင့် ထမင်းကို ဆီဆမ်း၍ နယ်ထားလေသည်။ ပဲပြုတ်နှင့် ထမင်းကြော်၊ ပဲပြုတ်နှင့် ထမင်းဆီဆမ်း၊ ပဲပြုတ်နှင့် နံပြား စသည်များမှာ စာရေးသူအလုပ်မသွားခင် အလုည့်ကျ စားသောက်လေ့ရှိသော အစားအစာများပင် ဖြစ်သည်။ နံနက်စောစော ရောင်းလေ့ရှိသော ပဲပြုတ်သည်များစွာအနက် ကစ်နေ့တစ်သည် နောက်တစ်နေ့တစ်သည် စသည့် အသည်အမျိုးမျိုးထံမှ ဝယ်ယူစားသုံးနေခြင်း ဖြစ်လေသည်။ အချို့ပဲပြုတ်သည်များ၏ ပဲသည် မနပ်၊ တချို့ပဲပြုတ်သည်များ၏ ပဲသည် ဆတ်တောက်တောက်၊ အချို့ပဲပြုတ်သည်များ၏ပဲသည် ဆော်ဒါအနံ့နံနေသည်။

ပဲပြုတ်များကို နေ့စဉ်ဝယ်စားနေရသော်လည်း ပဲပြုတ်



www.burmeseclassic.com

www.burmeseclassic.com

# အဒေါ်ကြီး နွေ၊ မိုး၊ ဆောင်း ပဲပြုတ်ရောင်းနေတာ နေမကောင်းတဲ့နေ့၊ ပဲပြုတ်မထွက်နိုင်တဲ့နေ့ဆိုတာ မရှိသလောက်ပဲ။ ဘာဆေးတွေများ မှီဝဲနေသလဲ။ ကျွန်တော့်ကို ပြောပြနိုင်မယ်ဆိုရင် ပြောပြပေးပါလား

ကြိုက်သော စာရေးသူသည် စားနေရသော ပဲပြုတ်များကို စိတ်တိုင်းမကျဖြစ်နေလေသည်။ တစ်နေ့တွင် အသက် ၆၀ ခန့်ရှိသော ပဲပြုတ်သည်အဒေါ်ကြီးတစ်ယောက်၏ ပဲပြုတ်ကို ဝယ်၍စားမိသည်။ ပဲပြုတ်က စား၍ကောင်း၏။ အိုပြီးစိမ့်နေသဖြင့် ၎င်းအဒေါ်ကြီး၏ပဲပြုတ်ကို တစ်ပတ်ကြာမျှဝယ်၍ စားသုံးဖြစ်သည်။ လက်ရာမပြောင်း။ ကောင်း၏။ စာရေးသူ စိတ်တိုင်းကျစားရသောကြောင့် ၎င်းပဲပြုတ်သည် အဒေါ်ကြီးကို နံနက် ၄ နာရီခွဲနှင့် ၅ နာရီအချိန်တွင် အိမ်သို့ အမြဲလာပို့ရန် မှာကြားထားရသည်။ ပဲပြုတ်သည် အဒေါ်ကြီးသည် စာရေးသူ၏ နေအိမ်သို့နေ့စဉ် ပဲပြုတ်လာပို့ရ၏။ ဤသို့ဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီတွေပြောင်းလာပေမယ့် နွေရာသီမှာ ပဲပြုတ်လာပို့ရန် မပျက်ကွက်။ မိုးရာသီတွင် မိုးတွေရွာနေချိန်မှာလည်း ပဲပြုတ်လာပို့တာ မလစ်ဟင်း။ ဆောင်းရာသီ ရောက်ပြန်တော့လည်း အနွေးထည်ဝတ်၍ နှင်းမှုန်ထဲတွင် ပဲပြုတ်လာပို့သည်။ ဝတ္တရားမပျက်။ ပဲပြုတ်သည်အဒေါ်ကြီးကား သန်မြန်၍ပေါ့ပါးသွက်လက်နေ၏။ ကျန်းမာရေးကောင်း၏။ စာရေးသူသတိထားမိသလောက် ပဲပြုတ်သည်အဒေါ်ကြီး၏ ပဲပြုတ်ကိုအမြဲဝယ်ယူဖြစ်နေသည်မှာ ၁၀ နှစ်ကျော်ခန့် ရှိမည်ထင်သည်။ နေမကောင်း၍၊ ကျန်းမာရေးမကောင်း၍ ပဲပြုတ်မရောင်းနိုင်ဆိုသော ရက်များမရှိ။ နွေ၊ မိုး၊ ဆောင်း ကျန်းမာရေးကောင်း၏။ တစ်ခါတလေ စာရေးသူနေမကောင်းသဖြင့် အနွေးထည်ဝတ်၍ ပဲပြုတ်ဝယ်သောအချိန်များတွင် ပဲပြုတ်သည် အဒေါ်ကြီးက သတင်းမေး၏။ ကောင်းနိုးရာရာဆေးများကို ဝယ်သောက်ဖို့ပြောသွား၏။

တစ်နေ့တွင် စာရေးသူသည် ပဲပြုတ်သည်အဒေါ်ကြီးအား ကျန်းမာရေးနှင့်ပတ်သက်၍ မေးခွန်းထုတ်မေးဖြစ်သည်။

"အဒေါ်ကြီး နွေ၊ မိုး၊ ဆောင်း ပဲပြုတ်ရောင်းနေတာ နေမကောင်းတဲ့နေ့၊ ပဲပြုတ်မထွက်နိုင်တဲ့နေ့ဆိုတာ မရှိသလောက်ပဲ။ ဘာဆေးတွေများ မှီဝဲနေသလဲ။ ကျွန်တော့်ကို ပြောပြနိုင်မယ်ဆိုရင် ပြောပြပေးပါလား"

"ပြောပြနိုင်ပါတယ်။ သိပ်တော့မခက်ပါဘူး။ ထမင်းအိုး ဆူနေတဲ့အချိန်၊ ထမင်းအိုးနပ်ထားတဲ့အချိန်တွေမှာ အဖုံးအတွင်းမှာကပ်နေတဲ့ ရေငွေ့ကလေးတွေကို အသာကလေး ယူပြီး အဲဒါကို လက်ဖက်ရည်ပန်းကန်၊ ဒါမှမဟုတ် သန့်ရှင်းတဲ့ပန်းကန်တစ်ခုခုထဲကို လက်ညှိုးကလေးနဲ့ အသာကလေးသပ်ချ။ အဲဒီကရတဲ့အရည်ကို အမြဲသောက်နေလို့ အခုလို နွေ၊ မိုး၊ ဆောင်း ကျန်းမာနေတာပါ မောင်ရင်"

"အဲဒီ အိုးဖုံးအတွင်းမှာ ကပ်နေတဲ့ ရေငွေ့(ခေါ်) ချွေးတွေက ဘယ်လောက်ရမှာမို့လို့လဲ အဒေါ်"

"ရသရွေ့ပေါ့ကွယ်။ နံနက်ထမင်းတည်ပြီး တစ်ခါ၊ ညနေ ထမင်းအိုးတည်ပြီးတစ်ခါ ရအောင်သောက်ပေးတယ်။ အဲဒီလို သောက်ထားလိုက်ရင် နွေ၊ မိုး၊ ဆောင်း ရာသီဒဏ်ကိုလည်း ခံနိုင်တယ်။ အဲဒီလိုခံနိုင်တာကြောင့် နွေ၊ မိုး၊ ဆောင်း ပဲပြုတ်ရောင်းတယ်။ ရလာတဲ့အမြတ်က အိမ်အတွက် ဈေးဖိုးရတယ်။ သားသမီးသုံးယောက်ကို ကျောင်းထားပေးနိုင်တယ်။ အခုဆိုရင် သားအကြီးဆုံးက တက္ကသိုလ်တောင် ရောက်နေပြီ။ ကဲ. . .ငါလည်း မောင်ရင်နဲ့ စကားပြောကောင်းနေလိုက်တာ အချိန်ရှိတုန်း ရပ်ကွက်ထဲ လည်ရောင်းလိုက်ဦးမယ်"

ဟုဆိုကာ ထွက်ခွာသွားလေတော့သည်။

ရေငွေ့ပျံ့(ချွေး)သည် လူတို့အတွက် အသုံးချတတ်လျှင် ကျန်းမာသက်ရှည်သော ဆေးတစ်ပါးဖြစ်ပါသည်။

ကျော်ဇေယျဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာနှိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



ဘကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို ိကာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ဖုံ:ကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ာင်ငြိုး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ဉ်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ ဘ်ဂါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း ိတ်ဂျုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း ာ်ခုလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ ်းရောင်စုံ အစုံအင်နဲ့ သင့်ဘဝအပြည့်အစုံကို ြင်ချင်တယ်ဆိုရင်ဖြင့် ....


■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မိမိနေအိမ်ကို ပြင်ဆင်မွမ်းမံရခြင်း၊ အိမ်နေရာ ပြောင်းရွှေ့ရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်အသစ်ဆောက်လျှင်လည်း အကျိုးပေးသော အိမ်မျိုးဖြစ်တတ်တယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီး လက်ရှိအလုပ်အပြင် အဆက်အသွယ်သစ်များ ပေါ်လာတတ်တယ်။ လုပ်ငန်းအသစ်များလည်း ပေါ်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင် လုပ်ငန်းတွေ တိုးချဲ့လုပ်ရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ရတာမျိုး ကြုံရတတ်တယ်။ အိမ်ထောင်မရှိသေးသူများအဖို့ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ ဘုရားဆင်းတုတော်၊ ဓာတ်တော်၊ ရှင်သီဝလိရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်တယ်။ အလုပ်အကိုင်ကောင်းတယ်ဆိုပေမယ့် အတိုက်အခံ ရှိတယ်။ မိမိအထက်လူကြီး သို့မဟုတ် မိမိဖခင်မှ အထင်အမြင် လွဲမှားတတ်တယ်။ အိုးပိုင်အိမ်ပိုင် ရနိုင်သောကာလဖြစ်သောကြောင့် မိမိနေထိုင်ရာ အိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံမထားပါနှင့်။ မိတ်ဆွေရင်းက အထင်လွဲမှားတတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ကိုယ်ခန္ဓာမှာ အနာလေးတွေပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ဖြုတ်ရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၅၊ ၆၄၊ ၄၆၊ ၄၃

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာမျိုး ကြုံတွေ့ရလျှင် သင့်အတွက် ညံ့တတ်ပါတယ်။ ထိုသို့ ကြုံတွေ့ရပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မကြာခဏ မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အလှူအတန်းတွေ မုချပြုလုပ်ရပါလိမ့်မယ်။ အလှူသေးသေးလေး လုပ်မယ်ဆိုပေမယ့် မမျှော်လင့်ဘဲ အလှူကြီး ဖြစ်သွားတတ်တယ်။ ရုတ်တရက် ငွေတွေ ဝင်လာတတ်တယ်။ အလုပ်ကြောင့်လည်း ရတတ်တယ်။ ကံတရားကြောင့်လည်း ရတတ်ပါတယ်။ သာမန်အခြေအနေမျိုးကနေပြီး စီးပွားတက်ကာ ကိုယ်ပိုင်လုပ်ငန်း၊ ကုမ္ပဏီများ ထူထောင်နိုင်တဲ့အထိ ဖြစ်တတ်တယ်။ မိမိလုပ်ငန်းကို အင်နှင့်အားနှင့် ကိုးချဲ့လုပ်ကိုင်သင့်သော်လည်း ငွေအလွယ်ရနိုင်တဲ့ ဖြတ်လမ်းနည်းဖြင့် ငွေရှာခြင်းမျိုး မပြုလုပ်သင့်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ပတ်သက်တဲ့ကိစ္စများ အထူးအကျိုးပေးတဲ့ကာလဖြစ်တယ်။ ခရီးထွက်မယ်ဆိုရင် ဒီကာလမှာ ထွက်ဖြစ်အောင် ထွက်လိုက်ပါ။ အတိုက်အခံတွေ ပေါ်နေတတ်တယ်။ ဝန်ထမ်းဆိုရင် အလုပ်မှ ထွက်ချင်စိတ် ပြောင်းချင်စိတ် ပေါ်လာလိမ့်မယ်။ စာရွက်စာတမ်းကိစ္စ၊ စာချုပ်ကိစ္စတွေအတွက် လက်မှတ်ရေးထိုးမယ်ဆိုရင် ညံ့သွားတတ်တယ်။ ဆီးရောဂါ၊ မျက်စိရောဂါနှင့် ပတ်သက်ပြီး ဒုက္ခပေးတတ်တယ်။ ယခုကာလတွင် ဘာပဲကြုံကြုံ ဘာပဲဖြစ်ဖြစ် တစ်ခါတည်းနဲ့ မပြီးဘဲ နှစ်ခါ နှစ်ခါ ထပ်ပြီးဖြစ်တတ်ပါတယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း၊ ဝမ်းဗိုက်တို့တွင် ဒုက္ခပေးတတ်တယ်။ ရုတ်တရက် အရိုးကျိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကနက္ကဒါန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၂၊ ၄၄၊ ၂၄၊ ၄၂

### အထူးသတိပြုရန်

မျက်နှာချင်းဆိုင်အိမ်၊ ခေါင်းရင်းအိမ်တို့တွင် မင်္ဂလာဆောင်၊ အလှူရှိရင်သော်လည်းကောင်း၊ မိမိအိမ်ကို ကိုယ်ဝန်ဆောင်သည်လာရောက်ပြီး မီးဖွားသော ဒီမိတ်တွေ့ရှင်သော်လည်းကောင်း ငွေများ အစုလိုက် အပုံလိုက် ရလာတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နန်းကထိုင်မုန့် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် လက်ရှိအလုပ်ကနေ တခြားကို ပြောင်းချင်စိတ်တွေ ပေါ်လာတတ်တယ်။ မပြောင်းပါနှင့်။ နောက်ပြောင်းတဲ့အလုပ်က အကျိုးမပေးပါဘူး။ မထင်မှတ်တဲ့ခရီးတွေ၊ မရည်ရွယ်တဲ့ခရီးတွေ သွားရတတ်တယ်။ သူတစ်ပါးကိစ္စကြောင့် သွားရတာ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေတဲ့သူအဖို့ အလုပ်မှာ ပျက်စီးဆုံးရှုံးမှုတွေ များနေတတ်ပါတယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ဖြေရှင်းရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲတွေ ပြုလုပ်ဖို့ ကြံရွယ်ထားရင် အထစ်အငေါ့ ကြုံရတတ်တယ်။ ရက်ရွှေ့ပြီးမှ ပြုလုပ်ရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ပညာရပ်တစ်ခု ထူးထူးခြားခြား သင်ကြားရတတ်တယ်။ ထီထိုးရင် ကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ယခုကာလတွင် အိမ်ပြင်၊ အိမ်ဆောက်ခြင်း၊ အိမ်ပေါင်ခြင်း၊ အရောင်းအဝယ်လုပ်ခြင်း လုံးဝမလုပ်ပါနှင့်။ အဆင်မပြေတတ်ပါ။ အပျော်ခရီး လုံးဝမသွားပါနှင့်။ အသွားအလာ ဆင်ခြင်မှသာ ကံကောင်းပါမယ်။ ကျန်းမာရေးလည်း နည်းနည်းညံ့တတ်တယ်။ ခြေထောက်၊ ကျောတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ သွားတစ်ချောင်းကလည်း ဒုက္ခပေးပါလိမ့်မယ်။ အိမ်မှာနေရတာ မပျော်ဘဲ အကြောင်းအမျိုးမျိုးနဲ့ စိတ်တိုင်းမကျဘူး ဖြစ်နေတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၆၊ ၅၇၊ ၅၈၊ ၅၄

### အထူးသတိပြုရန်

မိမိအိမ်အနီးအနား၌ အလှူမင်္ဂလာပျက်သွားခြင်း၊ အလှူမင်္ဂလာတွင် ခိုက်ရန်ဒေါသဖြစ်ခြင်းမျိုး ကြုံပါက သင့်အတွက် ကျန်းမာရေးညံ့ခြင်း၊ အိမ်ထောင်ဖက် ကျန်းမာရေးညံ့ခြင်းများ ဖြစ်နိုင်သဖြင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မဟာမြတ်မုနိဘုရားကို ရည်စူးပြီး ထောပတ်ထမင်း လှူဒါန်းပေးပါ။ ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်သမျှလုပ်ငန်းတွေ အခက်အခဲနဲ့ တွေ့ရပြီး အဆင်မပြေမှုလေးတွေ ကြုံရတတ်ပါတယ်။ ယခုကာလတွင် အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီး ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနာလိုသူတွေက ပြစ်တင်ပြောဆိုခြင်းမျိုး ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါရင်တော့ ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင် ငွေကြေးဝင်တာ ညံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကောင်းခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင်ရှင်များအဖို့ သားသမီးရတနာ ထွန်းကားတတ်ပါတယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ပြုလုပ်ပါ။ ပြည်ပနဲ့ အဆက်အသွယ်ကောင်း ရရှိမယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီးတော့ ငွေဝင်ကိန်း ရှိပါတယ်။ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း လက်သည်း ပုပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၇၊ ၃၅၊ ၃၄၊ ၅၂

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေငွေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံလုပ်ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မဟာမြတ်မုနိဘုရားကို ရည်မှန်းပြီး ထောပတ်ထမင်း လှူဒါန်းပေးပါ။ ပဋ္ဌာန်းဒေသနာတော်ကို မကြာခဏ ရွတ်ဖတ်သရဇ္ဈာယ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးလေးတွေ ခံစားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ဖို့အတွက် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ရတတ်တယ်။ လုပ်သလောက်တော့ အမြတ်အစွန်း မရနိုင်သေးပါဘူး။ အလုပ်တွေ ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွားတတ်တယ်။ လုပ်ငန်းတစ်ခုကို ငွေများစွာ ရင်းနှီးပြီး မလုပ်ပါနှင့်ဦး။ စပ်တူလုပ်ရမယ့်ကိစ္စတွေ ပေါ်လာတတ်တယ်။ စက်ပစ္စည်းများ ဝင်လာလိမ့်မယ်။ စက်ရုံတည်ဆောက်ဖို့ ကိစ္စတစ်ခုလည်း ပေါ်ပေါက်လာတတ်တယ်။ မသွားချင်တဲ့ခရီးတွေ၊ သူတစ်ပါး အတွက် သွားရတဲ့ခရီးတွေ ပေါ်လာတတ်တယ်။ စန်းပွင့်တဲ့ကာလ ဖြစ်သောကြောင့် အပျို၊ လူပျိုတွေ ဂရုစိုက်ပါ။ ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနှင့် ကဆုန်လများ ပါဝင်နေရင် ငွေဝင်ပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းမှာ ထိခိုက် ဒဏ်ရာရခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွှန့်(၁၅)ညွှန့်၊ အုန်းညွှန့်(၁)ညွှန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၃၁၊ ၁၆

### အထူးသတိပြုရန်

ယခုကာလတွင် ငွေဝင်လာလျှင် မြေဝယ်ခြင်း၊ အိမ်ကြီးကြီးကျယ်ကျယ် ဆောက်ခြင်းမျိုး မပြုလုပ်ပါနှင့်။

အိမ်အနီးတွင် ဆိုင်သစ်တစ်ခုဖွင့်သော နိမိတ်တွေ့ပါက အကြံအစည်များ အောင်မြင်ပါလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အုန်းဆွမ်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးတွေ ခံစားရမှာ ဖြစ်ပါတယ်။ မိမိအိမ်၊ မိမိရဲ့ ပတ်ဝန်းကျင် မြောက်အရပ်၊ တောင်အရပ်တို့မှ လာဘ်လာဘများ ဝင်လာလိမ့်မယ်။ ကျောက်မျက်ရတနာတွေ ဝယ်ယူခြင်း၊ တူးဖော်ခြင်း၊ ပြည်ပခရီးဝေးသွားဖို့ အခွင့်အရေးတွေ ရနိုင်တဲ့ကာလဖြစ်ပါတယ်။ အတတ်ပညာနဲ့ ပတ်သက်ပြီး သင်တန်းကောင်း တက်ရခြင်း၊ ပညာကောင်း ရခြင်းမျိုး ဖြစ်တတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အတိုက်အခံလေးတွေတော့ အနည်းငယ် ရှိပါတယ်။ စပ်တူရှယ်ယာလုပ်ငန်းလည်း ပေါ်လာတတ်တယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်သလောက် ငွေဝင်ငွေထွက် ကြမ်းနေတတ်ပါတယ်။ ဆွေမျိုးသားချင်းထဲမှ ကျန်းမာရေးမကောင်းတဲ့သတင်း ကြားရတတ်ပါတယ်။ ဘာအခက်အခဲပဲရှိရှိ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေနဲ့ ပတ်သက်ပြီး ရပိုင်ခွင့်တွေ ရှိနေမယ့်ကာလဖြစ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကန္တကဒါန်ထီး(၁၅)ခုတို့ကို လှူပေးပါ။ အညစ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၆၊ ၅၃၊ ၃၄၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် အသုဘပို့ခြင်း မပြုရ၊ သချိုင်းမြေ လုံးဝမနင်းရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကိတ်မုန့် ၂ ချပ်နှင့် နွားနို့ ၇ ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့တတ်ပါတယ်။ လုပ်သမျှအလုပ်တွေ အလွဲလွဲအချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ ကိုယ့်အပူတင် မဟုတ်ဘဲ မိသားစုအပူ၊ ပတ်ဝန်းကျင်အပူတွေ ကပါ ကိုယ့်ကို ဟပ်စေပါတယ်။ မိသားစုဝင်တွေလည်း ကျန်းမာရေးညှံ့လို့ ဆေးခန်းတွေ မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးက သက်ကြီးရွယ်အိုတွေ ဆေးဝါးကုသဖို့ မိမိအိမ်ကို လာတည်းလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညှံ့ပြီး ဆုံးပါးသွားတတ်ပါတယ်။ ခရီးတွေ မကြာခဏ သွားရတတ်တယ်။ ခရီးကောင်းတွေ ဖြစ်ပါတယ်။ ယခုကာလတွင် ကူးသန်းရောင်းဝယ် သွားလာခြင်းမျိုးတော့ မပြုလုပ်သင့်ပါ။ ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လ များ ပါဝင်နေရင် ဇနီးမယားနှင့် စကားအခြေအတင် ပြောရခြင်း၊ အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခြင်းမျိုး ကြုံတွေ့ရပါတတ်တယ်။ ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ လုပ်ရတတ်တယ်။ ငွေဒလဟောထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းမျိုး ဖြစ်တတ်တယ်။ သင်သည် စနေနေ့ညတွင် အင်္ကျီဟောင်း၊ လုံချည်ဟောင်းကိုဝတ်ပြီး အမျိုးသားဆိုလျှင် ဘုန်းကြီးကျောင်း၊ အမျိုးသမီးဆိုလျှင် မယ်သီလရှင်ကျောင်းကို သွားပြီး တစ်ည အိပ်လိုက်ပါ။ နောက်တစ်နေ့တွင် ညက ဝတ်ထားတဲ့အင်္ကျီတွေကို လမ်းဆုံလမ်းခွမှာ သွားစွန့်ပစ်လိုက်ပါ။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် မိမိကိုယ်ပေါ် အတောင်ရှိသော သတ္တဝါ အညစ်အကြေး စွန့်ခြင်းမျိုး ကြုံပါက အစစအရာရာ အဆင်ပြေပါလိမ့်မယ်။ မိမိပတ်ဝန်းကျင်တွင် အဆိပ်သင့်ခြင်း၊ ဆေးထိုးမှားခြင်းမျိုး ကြုံရပါက ငွေကုန်ကြေးကျ များတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းသီးစိတ်များ၊ အုန်းဆွမ်းများကို မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဖြတ်သန်းရမယ့်ကာလ ဖြစ်ပါတယ်။ ပြိုင်ပွဲတွေ ဝင်ပြိုင်ရင်လည်း ဆုတံဆိပ်တွေ ရပါလိမ့်မယ်။ လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်တယ်။ ထိုလုပ်ငန်းများသည် အကျိုးပေးသော လုပ်ငန်းများ ဖြစ်နေတတ်တယ်။ အလှူအတန်းပြုလုပ်ခြင်း၊ မင်္ဂလာပွဲ စီစဉ်ရခြင်းမျိုး ပြုလုပ်ရတတ်တယ်။ ငွေရှာရ လွယ်ကူသလောက် စုဆောင်း၍ မရ ဖြစ်နေတတ်တယ်။ ငွေဝင်လျှင် လက်ထဲမှာ မထားဘဲ ရွှေဝယ်ထားလိုက်ပါ။ ယခုကာလတွင် စနေနံ ပစ္စည်းများ ဝင်လာပါက ခိုက်တတ်ပါတယ်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မြေနှင့်ပတ်သက်သောကိစ္စ၊ အမွေနှင့်ပတ်သက်သောကိစ္စ ကြုံတွေ့ရတတ်တယ်။ သင်၏အိမ်သို့ ဘုန်းကြီးတစ်ပါး ကြွလာသော နိမိတ်တွေ့ပါကလည်းကောင်း၊ ပန်းချီကားတစ်ချပ် ရောက်လာသော နိမိတ်တွေ့ပါကလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း၊ ဆေးမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉:၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

သောကြာ၊ အင်္ဂါ

**ကံကောင်းသောနံပါတ်**

၄၂၊ ၄၉၊ ၂၅

**အထူးသတိပြုရန်**

ယခုကာလတွင် အမှုအခင်းဖြစ်နေသူကို ငွေချေးခြင်း၊ အာမခံပေးခြင်းမျိုး မပြုလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကော်ရည်ခေါက်ဆွဲ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၆-ခုနှစ်၊ စက်တင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

---

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်သစ်ပေါ်လာပြီး ၎င်းအလုပ်ကို ပြောင်းလဲလုပ်ရလိမ့်မည်။ သူ့ခိုးခိုးခံရတတ်သည်။ သတိပြုပါ။ ပြည်တွင်းပြည်ပ ခရီးသွားရတတ်သည်။ အလုပ်ကောင်းသော်လည်း ရန်ပေါ်တတ်သည်။ သတိပြုပါ။

**ယတြာ**

သရက်သီးဖျော်ရည်တစ်ဘူး အသက်ကြီးသူတစ်ဦးအား လှူပါ။

---

## တနင်္လာသားသမီးများအတွက်

ငွေများ အစုလိုက် အပုံလိုက် ဝင်လိမ့်မည်။ အလုပ်ပြောင်းလိုစိတ်ပေါ်မည်။ အလုပ်၌ စိတ်မဝင်စားသကဲ့သို့ ဖြစ်နေမည်။ ဆီးရောဂါ ဖြစ်တတ်သည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးကိစ္စ သတိပြုပါ။

**ယတြာ**

မိတ်ဆွေများအား ကျောက်ကျောဝယ်ကျွေးလိုက်ပါ။

---



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

သူတစ်ပါးအား ပစ္စည်းများ မငှားပါနှင့်။ ငွေမချေးပါနှင့်။ အမှုဖြစ်နေသူကို အာမခံ မလိုက်ပါနှင့်။ အလုပ်အတွင်း၌ လက်အောက်ငယ်သား ထွက်ပြေးသောကြောင့် ပြဿနာ ဖြေရှင်းရတတ်သည်။ ငွေကျပျောက်တတ်သည်။

**ယတြာ**

ထောပတ်ဘူးပေါ်တွင် မီးမီးခတ်ပုံတင်ပြီး ဘီရိုပေါ် တင်ထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

ဝင်ငွေနှင့် ထွက်ငွေ မမျှဘဲ ဖြစ်နေတတ်သည်။ အစွပ်အစွဲ ခံရတတ်သည်။ အလုပ်အတွင်း အဆင်မပြေမှုများ ဖြစ်ပေါ်နေသော်လည်း အင်္ဂါနှင့် တနင်္ဂနွေသားသမီးများက ကူညီမည်။ ထိပေါက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားကြော် ဝယ်ကျွေးပါ။

## ကြာသပတေးသားသမီးများအတွက်

အလုပ်သစ်၊ နေရာသစ် ပြောင်းလိုစိတ်များ ပေါ်ပေါက်မည်။ မပြောင်းပါနှင့်။ ယခုနေရာသည် ကိုယ့်အတွက် စိတ်ညစ်နေရသော်လည်း နောက်နေရာသည် ပိုဆိုးလိမ့်မည်။ ငွေလိမ်ခံရတတ်သည်။ သတိထားပါ။ ချစ်သူကြောင့် ဒုက္ခရောက်တတ်သည်။

**ယတြာ**

ဘာသာရေးနှင့်ဆိုင်သော စာအုပ်တစ်အုပ်ကို ခင်မင်သူတစ်ဦးအား လက်ဆောင်ပေးလိုက်ပါ။

## သောကြာသားသမီးများအတွက်

ခရီးထွက်ရတတ်သည်။ အလုပ်နှင့်ပတ်သက်ပြီး ရာထူးတက်မည်။ သင်တန်းတက်ရန် အဆင်ပြေလိမ့်မည်။ မိတ်ဆွေကောင်းများနှင့်တွေ့မည်။ လက်ရှိအလုပ်ထက်ကောင်းသော အလုပ်သို့ပြောင်းရန် အခွင့်အလမ်းပေါ်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပက်(ပ်)စီ ဝယ်တိုက်လိုက်ပါ။

## စနေသားသမီးများအတွက်

အလုပ်အတွင်း ထိခိုက်ဒဏ်ရာ ရတတ်သည်။ သတိပြုပါ။ မောတ်လိုက်ခြင်း၊ အပူလောင်ခြင်း ကြုံရတတ်သည်။ အစွပ်အစွဲခံရတတ်သည်။ မိမိအလုပ်မှအပ အပြင်သို့ ထွက်ခြင်းကို ရှောင်ပါ။ အစစ်အဆေး ခံရတတ်သည်။

**ယတြာ**

မိမိအိမ်က အိမ်သာကို မကြာခဏ ဆေးပေးပါ။

## ရာဟုသားသမီးများအတွက်

အလုပ်ပြောင်းလုပ်ရခြင်း၊ နေအိမ်ပြောင်းနေရခြင်းနှင့် ကြုံမည်။ စီးပွားရေး အဆင်ပြေမည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ဖက်နှင့် ကတောက်ကဆဖြစ်တတ်သည်။ ပျော်ရွှင်ပွဲများနှင့် ပတ်သက်ပြီး ဖိတ်ကြားမှုများခံရမည်။ မင်္ဂလာသတင်းများ ကြားရမည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက်တစ်ခု ဝယ်ကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## မဟာစည် သာသနာ့ရိပ်သာကြီး (၁၀၅)ကြိမ်မြောက် ထာဝရဆွမ်းပဒေသာပင် အပင်(၁၀၀၀၀)ပြည့် ရေစက်ချ လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်းရှိ မဟာစည် သာသနာ့ရိပ်သာကြီး၏ "မဟာစည် ဓမ္မဗိမာန်တော်ကြီး" တွင် (၁၃-၆-၂၀၁၆) နံနက် ၉ နာရီက "ဆွမ်းပဒေသာပင် အပင်(၁၀၀၀၀)ပြည့်" ရေစက်ချလှူဒါန်းပွဲ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မဟာစည် သာသနာ့ရိပ်သာနာယအဖွဲ့ ဥက္ကဋ္ဌ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ ဣန္ဒာသက္က ငါးသိုင်းချောင်းဆရာတော်နှင့် သံဃာတော်များ၊ မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တို့မှ အမှုဆောင်များ၊ ယောဂီများ၊ အလှူရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ တင့်စိုးလင်း ကိုယ်စား ဒု-ဥက္ကဋ္ဌ ဦးသန်းအောင်က လှူဒါန်းမှုအတွက် လျှောက်ထားခြင်း၊ အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးကြည်က ကျေးဇူးတင်စကားပြောကြားခြင်း၊ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်ကြခြင်း၊ ဆရာတော်ကြီးထံမှ ရေစက်ချတရား နာကြားကြခြင်းတို့ ပြုလုပ်ပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။

တက္ကသိုလ်စိုးယဉ်

---

## ပါရမီရှင် ဂျာနယ်တိုက် ဖွင့်ပွဲနှင့် မိတ်ဆက်ဂုဏ်ပြုပွဲ အခမ်းအနား

နယ်လှည့်သာသနာပြု ဆရာမကြီး ယောဂီနန္ဒမာလာ ဦးဆောင်စီစဉ်ထုတ်ဝေသော "ပါရမီရှင် မဟာဂန္ထိရ" ဂျာနယ်ကို ၂၀၁၆-ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ထုတ်ဝေခဲ့ပြီ ဖြစ်ပါသည်။

"ပါရမီရှင် မဟာဂန္ထိရ" ဂျာနယ်တွင် ပါဝင်ရေးသား အားပေးချီးမြှင့်လျက်ရှိသော ပညာရှင်များ၊ စာရေးဆရာများ၊ ဖြန့်ချိရေးကိုယ်စားလှယ်တော်ကြီးများ၊ ဓမ္မမိတ်ဆွေများအားလုံးကို ဖိတ်ကြား၍ ၂၀၁၆-ခုနှစ်၊ ဇွန်လ ၂၆ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီတွင် အမှတ်(R5-B)၊ ပန်းခရေလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ ၂ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၌ နံနက်စာဖြင့် ဧည့်ခံကျွေးမွေး၍ မိတ်ဆက်ဂုဏ်ပြုပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

## (၁၀၆)ကြိမ်မြောက် သွေးလှူဒါန်း


ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်အရှေ့ပိုင်း ဆေးရုံ ဒု-လ/ထ ကြီးကြပ်ရေးမှူး၊ ရွှေဘုန်းပွင့်စေတီ စနေသန့်ရှင်းရေးအသင်းဥက္ကဋ္ဌ၊ ဗိုလ်တထောင်ရောင်တော်ဖွင့်အသင်းနှင့် မေတ္တာဗျူဟာအဖွဲ့ အမှုဆောင်၊ သာသနာ့နုဂ္ဂဟအသင်းအဖွဲ့ဝင်၊ မူးယစ်ဆန့်ကျင်ရေးအသင်း အသင်းဝင်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး ဗဟိုအမှုဆောင်၊ အင်္ဂပူမြို့နယ်အသင်း တွဲမှူး(၂)နှင့် လူမှုထူးချွန် ပ-ဆင့်၊ ဒု-ဆင့်၊ တ-ဆင့် ရရှိပြီးသူ ဦးမြင့်စိုး(အင်္ဂပူ)သည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ (၁၀၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

ဒေါက်တာသက်ဝေ

www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေထီးတော်နှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်း နောင်တော်ကြီးစေတီ အရံစေတီတော်များနှင့် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေဆေးသင်္ကန်း ဆက်ကပ်လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး ကျိုက်ပါဒကြီး ဆံတော်ရှင် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်ပွဲ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် နောင်တော်ကြီးစေတီ အရံစေတီတော်များနှင့် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချ အခမ်းအနားကို (၂၅-၆-၂၀၁၆) စနေနေ့ နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

BURMESE CLASSIC

## မြောက်ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ အမှိုက်ပုံးများ လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ နာရေးကူညီမှု အသင်း(ရန်ကုန်)မှ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျောင်းပတ်ဝန်းကျင် သာယာလှပရေးအတွက် (၂၃-၆-၂၀၁၆)ကြာသပတေးနေ့ နံနက်ပိုင်းတွင် အမှိုက်ပုံးများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

စာသင်ကျောင်းများအတွက် အမှိုက်ပုံးများ လိုအပ်ပါက နာရေးကူညီမှုအသင်း(ရန်ကုန်) အမှတ် (၁၃/က)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဖုန်း - ၀၉-၄၂၀၀၃၂၃၄၇ သို့ အကူအညီ တောင်းခံနိုင်ကြောင်း သိရှိရသည်။


### သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ညဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ညဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂၂၃၃၁)


www.burmeseclassic.com

www.burmeseclassic.com



## ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက် သားသမီးများ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲ



နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆရာမ ဒေါက်တာ စောယုနွယ်နှင့် ခုနစ်ရက် သားသမီးများ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဣန္ဒာသယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ပူဇော်ပွဲကို (၁၆-၇-၂၀၁၆) စနေနေ့ နံနက် ၈ နာရီမှ နေ့လယ် ၁၁ နာရီအထိ ဆရာမ ဒေါက်တာစောယုနွယ်၏ နေအိမ်ဖြစ်သော အမှတ်(၂၀၅-က)၊ ပိတောက် ၅ လမ်း၊ ဘုရင့်နောင် ရိပ်သာ၊ အင်းစိန်မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း

---

## ကမ္ဘောဇ အနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း မိသားစု၏ စုပေါင်းသွေးလှူဒါန်းပွဲ

၂၀၁၆-ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျရောက်သော "World Blood Donor Day" အထိမ်းအမှတ် BFM ၏ သွေးလှူဒါန်းမှုကို ရန်ကုန်မြို့ အပါအဝင် မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ စစ်တွေ၊ မွန်ပြည်နယ်၊ ထားဝယ်၊ မကွေး၊ ဘားအံ၊ ပုသိမ်နှင့် ပဲခူးမြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများတွင် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ကမ္ဘောဇ အနာဂတ် အလင်းတန်း မြန်မာ ဖောင်ဒေးရှင်း BFM စုပေါင်းသွေးလှူဒါန်းမှုအနေဖြင့် ကမ္ဘောဇအုပ်စုကုမ္ပဏီများမှ ဝန်ထမ်းပေါင်း ၃၀၀ ကျော်သည် (၂၄-၆-၂၀၁၆) သောကြာနေ့တွင် သုံးရက်မြောက်နေ့အဖြစ် ရန်ကုန်အမျိုးသားသွေးလှူဌာနတွင် လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

ZN

www.burmeseclassic.com

www.burmeseclassic.com

## ရှင်ပြု-နားသ အလှူတော် မင်္ဂလာပွဲ



နှစ်ဖက်မိဘများအား အမှူးထား၍ အလှူ့ဒါယကာ ကိုဇော်မင်းအေး + အလှူ့ဒါယိကာမ မအေးမာအောင်တို့၏ သားလှရတနာ "မောင်စစ်ထူးတင်" ကို ရှင်ပြုမင်္ဂလာနှင့် သမီးလှရတနာ "မကြည်နူးခင်" ကို နားသမင်္ဂလာ ပြုလုပ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ ကုန်းမြင့်သာ ဇေယျာသီရိဗိမာန်၌ (၂၆-၆-၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။



BURMESE CLASSIC .com

ထိုအလှူတော် မင်္ဂလာအခမ်းအနားတွင် မင်္ဂလာ ဩဘာသဘင်ကို မန္တလေး သိန်းဇော် မှ ဆောင်ရွက်ခဲ့ ကြောင်း သိရှိရသည်။

ZN


## ကေသီပန်မိသားစု၏ အလှူ



ဖခင်ကြီး ဦးလှမြင့်(ကေသီပန်)၏ အသက် (၈၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် သား/သမက် ဦးကြည်စိုး + သမီး ဒေါ်ငွေ ငွေးရီ မိသားစု(ကေသီပန် ဆေးဝါးထုတ် လုပ်ရေး) မှ US $ 15000 တန်ဖိုးရှိ ကျောက်ကပ်ဆေးစက် တစ်လုံးကို (၂၄- ၆- ၂၀၁၆) သောကြာနေ့တွင် နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com




မားဆိုတာ အမျိုးမျိုး ရှိပါတယ်။

အသားငါးခုတ်တဲ့ဓား။ သစ်ပင်ခုတ်တဲ့ဓား။ နုတ်ဆက်တဲ့ဓား ဆိုပြီး ရှိပါတယ်။

ပတ္တမြားကျောက်စီထားတဲ့ နုတ်ဆက်တဲ့ဓားကို မီးဖိုခန်းထဲမှာ ထားရင် သဘာဝမကျသလို၊ သားငါးခုတ်တဲ့ ဓားကိုလည်း ဧည့်ခန်းမှာ အလှထားရင်လည်း သဘာဝမကျသလို၊ သစ်ပင်ခုတ်တဲ့ ဓားကိုလည်း မီးဖိုထဲ ထားလို့ မဖြစ်ပါဘူး။

ဒီလိုပါပဲ။ ဘာပဲလုပ်လုပ် သဘာဝကျကျနဲ့ သူ့နေရာသူ လုပ်တတ်၊ ထားတတ်၊ ဆက်ဆံတတ်ဖို့ လိုပါတယ်။

သဘာဝမကျဘဲ ကိုယ်နဲ့ မသင့်လျော်တဲ့ နေရာမှာ နေရင်တော့ . . .

www.burmeseclassic.com